လူမျိုးများကို လွှတ်မြောက်စေခြင်း

# vrsK;rsm;u vwajrmuapjci;

သမ္မာကျမ်းစာနှင့်စပ်ဆိုင်သော
အုပ်ချုပ်ရေး၊ ပညာရေး၊
စီးပွားရေးနှင့် နိုင်ငံရေး၏အခြေခံမှုများ

စတီဖင် မက်ဒေါ်ဝဲလ်နှင့်
မာခ်ဘီလိုင်းစ်၊

လူမျိုးများကို လွှတ်မြောက်စေခြင်း

# လူမျိုးများကို လွတ်မြောက်စေခြင်း

သမ္မာကျမ်းစာနှင့်စပ်ဆိုင်သော
အုပ်ချုပ်ရေး၊ ပညာရေး၊
စီးပွားရေးနှင့် နိုင်ငံရေးတို့၏
အခြေခံမှုများ

စတီဖင် မက်ဒေါ်ဝဲလ် နှင့်
မာခ်ဘီလိုင်းစ်

ပရိုဗီဒင်း(စ်) ဖေါင်ဒေးရှင်း၊
ချာလိုတက်(စ်) ဗီးလ်၊ ဗာဂျီးနီးယား၊

**လူမျိုးများကို လွတ်မြောက်စေခြင်း**
သမ္မာကျမ်းစာနှင့်စပ်ဆိုင်သော အုပ်ချုပ်ရေး၊ ပညာရေး၊ စီးပွားရေးနှင့် နိုင်ငံရေး တို့၏ အခြေခံမှုများ။

မူပိုင်ခွင့် (c) ၁၉၉၅ ခုနှစ်၊ စတီဖင်ကေ မက်ဒေါ်ဝဲလ်နှင့် မာခ်အေ ဘီလိုင်းစ် ကောင်းပြီသည့် စာအုပ်၏ မည်သည့်အစိတ်အပိုင်းကိုမှု ပုံနှိပ်ထုပ်ဝေးသူ၏ ခွင့်ပြုချက် မရရှိဘဲ ပြန်လည်ထုတ်လုပ်ခြင်းမပြုလုပ်ရပါ။ ရေးသားထားသော စာသားနှင့် ရှုဒေါင့်များကို အကိုးအကားအဖြစ် အသုံးပြုချင်ပါက အနည်းအကျဉ်းမျှသာ ပြန်ကူးယူလို့ရပါတယ်။

ပုံနှိပ်ထုတ်ဝေရေးဌာန၊
ပရိုဗီးဒင်းစ် ဖေါင်ဒေးရှင်း
စာတိုက်သေတ္တာအမှတ် – ၆၇၅၉
ချားလိုတက်(စ်) ဗီးလ်၊ ဗာဂျီးနီးယား ၂၂၉၀၆
ယယယ – ပရိုဗီးဒင်းစ် ဖေါင်ဒေးရှင် .com
၄၃၄-၉၇၈-၄၅၃၅
email: info@providence foundation.com

ပထမပုံနှိပ်ခြင်း ၁၉၉၅ ခုနှစ်။

သည် ပရိုဗီးဒင်းစ်ဖေါင်ဒေးရှင်းဟာ ခရစ်ယာန်ဘာသာဝင်တစ်ဦးတစ်ယောက်ကို ပညာရေးနှင့် ပတ်သက်သောစည်းရုံးမှုများကို ပြုလုပ်ခြင်းဖြစ်ပြီး သူတို့၏ အဓိက ရည်ရွယ်ချက်မှာ ၎င်းခရစ်ယာန်က ဘာသာဝင်တစ်ယောက်တို့၏ လွတ်လပ်ရေးကို တိုးတက်စေခြင်း၊ တရားမျှတခြင်း၊ ကြီးပွားချမ်းသာခြင်းကို ခံစားစေခြင်းငှာ ၎င်းဒေသ အတွင်း၌ လူပဂ္ဂိုလ်ကို စေလွှတ်ပြီး သင်ကြားပေးခြင်းဖြင့် ထင်မြင်တွေးတောတတ်သော အသက်တာကို ရရှိစေဘို့ ဖြစ်ပါသည်။ ဤဖေါင်ဒေးရှင်းရဲ့ သင်ကြားပို့ချတဲ့အဓိက အချက်မှာ အုပ်ချုပ်ရေး၊ နိုင်ငံရေးနှင့် စီးပွားရေးစသော ခရစ်ယာန် အခြေခံမှုများ ဖြစ်ပါသည်။ ဝိဇ္ဇာ နှင့် သိပ္ပံအတတ်ပညာများနှင့် မိသားစုအသက်တာဘဝ တိုးတက်ရေးကိုလည်း သမိုင်းနှင့်စပ်ဆိုင်သော အတုယူစရာ ကောင်းတဲ့ ပုံစံများကို ပါသင်ကြားပို့ချခဲ့ပါသည်။

အမေရိကန်ပြည်ထောင်စုတွင်ပုံနှိပ်ထုတ်ဝေသည်။
ISBNI-887456-01-5

လူမျိုးများကို လွတ်မြောက်စေခြင်း

vrl;rsm;u vwajrmuapjci;

**မာတိကာ**


အခန်း ခေါင်းစဉ် စာမျက်နှာ

မိတ်ဆက်ခြင်း (စာကားချီး)

လူမျိုးများလွတ်မြောက်စေခြင်းအတွက် ဘုရားသခင်၏
အကြံအစည်နှင့် အခြေခံမူများ
၁။ ခရစ်ယာန်များ၏အဓိကကျသော အခြေခံမူများ
၂။ လူမျိုးများအတွက် ဘုရားသခင်၏ အကြံစည်တော်
၃။ အုပ်ချုပ်ရေးနှင့် လွတ်လပ်ရေး၏ မူရင်း ဇစ်မြစ်နှင့်တိုးတက်ဖွံ့ဖြိုးမှု
၄။ ဥရောပတိုက်တွင် ပရိုတက်စ်တင့်ရိုင်းများပြုပြင်ပြောင်းလဲခြင်း
၅။ ယခုခေတ် အမေရိကန်ပြည်ထောင်စုနှင့်လွတ်လပ်ရေး
၆။ လူထုနှင့်ဆိုင်သော အရေးကိစ္စအပေါ် ခရစ်တော်၏ သွန်သင်ဆုံးမတော်ခြင်း
ခရစ်ယာန်လူမျိုးများ၏ အရေးကြီးသော အုတ်မြစ်ချခြင်းနှင့် ဖွဲ့စည်းပုံ။
၇။ သမ္မာကျမ်းစာနှင့် စပ်ဆိုင်သောကမ္ဘာ့ရှုဒေါင့်အားဖြင့် နိုင်ငံသားများ၏ ပညာရေး
တိုးတက်ဖွံ့ဖြိုးမှုကို ချဉ်းကပ်ခြင်း
၈။ အိမ်နှင့်ကျောင်း
၉။ အသင်းတော်
၁၀။ အနုပညာများ၊ ရေဒီယို၊ သတင်းစာ၊ ရုပ်သံလိုင်းများနှင့် စာနယ်ဇင်းများ
၁၁။ ဘုရားသခင်အလိုတော်အတိုင်း အုပ်ချုပ်ရေးနှင့်ဖွဲ့စည်းမှု
၁၂။ ခရစ်ယာန် စီးပွားရေးလုပ်ငန်းများ၏ အခြေခံမူများ
၁၃။ သမ္မာကျမ်းစာနှင့်စပ်ဆိုင်သော စစ်ပွဲနှင့် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေး၏
အခြေခံမူများ
၁၄။ နိုင်ငံသားများကို နောက်လိုက်တပည့်ကောင်းများဖြစ်စေဘို့ လက်တွေ့ကျသော
အစီစဉ်များပြုလုပ်ခြင်း (foot note) စာမျက်နှာ အောက်ခြေတွင်ထည့်ထားသော
ရှင်းလင်းချက် (Bibliography) ကျမ်းကိုးစာရင်း
ပရိုဗီဒင်စ်ဖေါင်ဒေးရှင်း၏အသိပေးအကြောင်းကြားခြင်း

**စကားချီး (သို့မဟုတ်) (မိတ်ဆက်ခြင်း)**

ဤစာအုပ်ကို သမ္မာကျမ်းစာနှင့်စပ်ဆိုင်သော အုပ်ချုပ်ရေး၊ ပညာရေး၊ စီးပွားရေးနှင့် နိုင်ငံရေးတို့ကို အခြေခံ၍ ''လူမျိုးများကို လွတ်မြောက်စေခြင်း'' ဟူ၍ခေါင်းစဉ်တပ်ထားပါ သည်။ ဤခေါင်းစဉ်ကို ဖတ်ရှုသောအခါ မေးခွန်းအတော်များများကို ထွက်ပေါ်လာ စေလိမ့်မည်။ ဤသို့အားဖြင့် ''ပျက်စီးနေသော လူများနှင့် အပြစ်ဒုစရိုက်အတွင်း နစ်မွန်းနေသော ဤကမ္ဘာကြီးကို လွတ်မြောက်စေနိုင်ပါ့မလာ။ ထိုသို့ဖြစ်လျှင် လွတ်မြောက်ရေးဟာ ဘယ်လိုလုပ်ပြီး လူမျိုးများဆီကို ရောက်ရှိနိုင်မှာလဲ? လူထုအသက်တာမှာ အသုံးပြုဘို့အတွက် အခြေခံမှုဟူ၍ ကျမ်းစာထဲမှာ ပါသလား? ထိုသို့ဖြစ်လျှင် ဤသမ္မာကျမ်းစာနှင့် စပ်ဆိုင်တဲ့ အခြေခံမှုများက ၄င်းတို့ကို ပြုခြင်းဖြင့် ဘာသာတရားကို ကိုင်းရှိုင်းသော လူမျိုးများအဖြစ် ပြောင်းလဲစေနိုင်သလား။

ကျွန်ုပ်တို့သည် ဤစာအုပ်၏ ခေါင်းစဉ်တပ်ခြင်းကို စဉ်းစားခဲ့ပြီးပါပြီ။ ခရစ်ယာန်လူမျိုး များတည်ဆောက်ရေးအတွက် အခြေခံကျသော စာအုပ်ဖြစ်သည်။ ဤလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် အများအယွင်းကင်းစွာ ဖေါ်ပြထားပါသည်။ ဤခေါင်းစဉ်သည် မေးခွန်းအတော်များများကို ထွက်ပေါ်စေသည်။ ကြီးကျယ်သော မေးခွန်းတစ်ခု ကတော့ ''ခရစ်ယာန်လူမျိုးတစ်ယောက်အနေနဲ့ ဤသို့သော အရာဟာ ဖြစ်နိုင်သလား။ အဲလိုဆိုရင် ခရစ်ယာန်လူမျိုးတစ်ယောက်ဆိုတာ ဘာလဲ၊ ဘယ်လို တည်ဆောက်သလဲ၊ ဘယ်လို တည်ဆောက်သလဲ၊ ဤမေးခွန်းများနှင့် ထိုထက်မကသော မေးခွန်းများကိုပါ ဤစာအုပ်ထဲ တွင် ဖြေထားပါသည်။ ဟိန္ဒူဘာသာဝင်များနှင့် မူစလင်ဘာသာဝင်များရှိသကဲ့သို့ ယုံကြည်ခြင်းကို အဓိက လက်ခံယူထားသော ထင်ရှားသောခရစ်ယာန်ဘာသာဝင်များရှိကြ၏။ စင်စစ်အားဖြင့် လူမျိုးတိုင်းသည်၊ ဘာသာရေးသို့မဟုတ် ဘဝအတွေးအခေါ်ပေါ်မူတည်၍ မိမိတို့၏ နိုင်ငံကို တည်ဆောက်ထားကြ၏။ ဤအချက်များပေါ်တွင် မူတည်၍ လူသားများနှင့် ဆိုင်သော ဘာသာရေးကိုလည်း တွေ့ရှိနိုင်ပါသည်။ ဤဘာသာဝင်များသည် လူကို ဘုရားသခင်ဟု အသိအမှတ်ပြုကြ၏။ ဤလူသည် သာလျှင် နောက်ဆုံးဇစ်မြစ်ဖြစ်၍ အမှားအမှန်ကို ဆုံးဖြတ်ပိုင်ခွင့်ရှိသည်။ ဤအယူအဆကို အချို့သောအဖွဲ့အစည်းများဆီသို့ ရောင်ပြန်ဟပ် လာပါသည်။ မည်သို့ပင်ဖြစ်စေ၊

ခရစ်ယာန်နိုင်ငံဆိုတဲ့ နေရာမှာ ခရစ်ယာန် ဘာသာဝင် များတဲ့ နိုင်ငံကိုမဆိုလိုပါ။ ပြီးတော့အသင်းတော် (သို့) အသင်းတော်နှင့်ဆိုင်သော အသိုင်းဝိုင်းများက ဖွဲ့စည်းအုပ်ချုပ်တဲ့နိုင်ငံကိုလည်းမဆိုလိုပါ။ အလယ်ခေတ်ကာလတွင် ဥရောပတိုက်၌ ရိုမန်ကက်သလစ်ဘာသာဝင်များဖြားသည့် ခရစ်ယာန်လူမျိုး တစ်ယောက်ဟာ ခရစ်ယာန် အခြေခံမူပေါ်မှာ ပိုပြီးဖွဲ့စည်းတည်ထောင် သင့်ပါသည်။ ရိုမန်ကက်သလစ် ဘာသာဝင်များ၏ ဥပဒေများနှင့် ဖွဲ့စည်းပုံများသည် ခရစ်ယာန် ကမ္ဘာ့ရှုဒေါင့်ကို ဂုဏ်သိက္ခာ ထိခိုက်စေပါသည်။ သမ္မာကျမ်းစာက သင်ကြားပေးသည်။ သမိုင်းကလည်း အတည်ပြုတဲ့ အချက်ကတော့ ၎င်းလူမျိုးများ၏ ကြီးပွားတိုးတက်ခြင်း၊ လွတ်လပ်ခြင်းနှင့် တရားမျှတစွာ ပြုစုနေထိုင်နိုင်ခြင်း တို့သည် အခြေခံမူဖြစ်သော သမ္မာကျမ်းစာကို သူတို့၏ အသက်တာ တစ်ခုလုံး၌ အသုံးပြုသွားသောကြောင့် ဖြစ်ကြောင်း တိုင်းတာသိရှိနိုင်သည်။ ဘုရားသခင်၏ ဝိညာဉ်တော်ရှိသော နေရာတွင် လွတ်လပ်မှုရှိ၏။ ဒါဟာ လူသားနှင့် လူမျိုးများအတွက် မှန်ကန်ပါသည်။ သတင်းကောင်း တည်းဟူသော နှုတ်ကပတ်တော်သည် လူသား၏ စိတ်နှလုံးထဲ၌ ဝင်လာသောအခါ လူသည် ပြောင်းလဲ၏။ ထိုနည်းတူ သတင်းကောင်းကို လူသား၏ ဘဝထဲ၌ လောင်းထည့် လိုက်သောအခါ လူသားသည် ပြောင်းလဲလာခဲ့သည်။ ဘုရားသခင်သည် လူမျိုးများကို ပြောင်းလဲစေသောအခါ၌ အတွင်းဘက်မှ အပြင်ဘက်သို့ ပြောင်းလဲစေ ခဲ့သည်။ ထို့ကြောင့် လူမျိုးကို လွတ်မြောက်စေရန် ကျွန်ုပ်တို့သည် ရှေးဦးစွာ ၎င်းနိုင်ငံအတွင်းရှိ လူများကို ပြောင်းလဲစေရပါမည်။ သတင်းကောင်းကို ဝေငှသောအခါ ယေရှုက မိန့်မှာတော်မူသည့်အတိုင်း ယုံကြည်သူများသည် မိမိတို့၏ နေ့စဉ်အသက်တာ၌ ကျမ်းစာက သင်ကြားပေးသည့်အတိုင်း အသက်ရှင်နေထိုင်သွားဘို့ဖြစ်ပါသည်။ (ရာဇဝင်ချုပ် ဒုတိယစောင် ၇း၁၄) တွင် ဖေါ်ပြထားသည့်အတိုင်း နောင်တရခြင်းနှင့် ဆုတောင်းပဌနာ ပြုခြင်းသည် လူမျိုးများပြောင်းလဲဖို့ အလို့ငှာ အရေးကြီးသော အချက်ပင်ဖြစ်သည်။ ဘာသာတရားကို ရှိုင်းသောသူသည် ပြောင်းလဲခြင်းကို စတင်ရမည်ဖြစ်သည်။ ဤခေါင်းစဉ်များ အားဖြင့် များပြားသော အကြောင်းအရာများကို စာဖြင့် ရေးသားပေးပို့ခြင်း သင်ကြားပေးခြင်းများကို ပြုလုပ်ခဲ့ပြီး နောက်ပိုင်းသူတို့နှင့် အဆက်အသွယ် များများမလုပ်ခဲ့ပါ။ နိုင်ငံတစ်နိုင်ငံ၏ လူများတွင် ဖြစ်ပျက်နေသော ပြောင်းလဲခြင်းသည် ရှေးဦးစွာ စိတ်နှလုံးထဲ၌ ပြောင်းလဲခြင်းမရှိပါက တည်မြဲသော

ပြောင်းလဲခြင်း မဟုတ်ကြောင်း ကျွန်ုပ်တို့နားလည် သဘောပေါက်ပါသည်။ ဤစာအုပ်သည် ဧဝံဂေလိလုပ်ငန်းနှင့် ဆုတောင်းပဌနာပြုခြင်းအားဖြင့် လူများနှင့် လူမျိုးများကို ပြောင်းလဲစေနိုင်ဘို့ အသုံးပြုနိုင်သော ပစ္စည်းကောင်းများကို ဖြည့်စွက်ပေး နေသော စာအုပ်ဖြစ်သည်။ ဘုရားသခင်သည် လူကို ပြောင်းလဲစေသည့် နောက်ပိုင်းမှာ ဘာဖြစ်လာမလဲ။ လူတွေပြောင်းလဲလာတဲ့အခါမှာ သူတို့၏ မိသားစုများ၊ စီးပွားရေး၊ ကျောင်း၊ အသင်းတော်၊ အိမ်နီးနားချင်းများ၊ မြို့များ၊ မြို့ကြီးများ၊ ပြည်နယ်များနှင့် လူမျိုးများပါ လိုက်၍ ပြောင်းလဲလာကြသည်။ အခြေခံမူဖြစ်သော ကျမ်းစာအားဖြင့် လူ၏အသက်တာတစ်ခုလုံးကို ပြောင်းလဲစေပါသည်။ ၎င်းတို့ထဲမှာ မိသားစု ပညာရေး၊ အသင်းတော်များ၊ လူထုဆက်သွယ်ရေးများ၊ အုပ်ချုပ်ရေး၊ စီးပွားရေးနှင့် အခြား လုပ်ငန်းများသည်လည်း ပါဝင်၍ ပြောင်းလဲလာကြသည်။ လူမျိုးများကို လွတ်မြောက်စေခြင်း ခေါင်းစဉ်အားဖြင့် သမ္မာကျမ်းစာမှလာသော အခြေခံများကို လူမျိုးများဆီသို့ ပေးကမ်းထောက်ပံ့ဘို့ အလို့ငှာ ကျွန်တော်တို့ကြိုးစား နေကြပါသည်။ ကျွန်ုပ်တို့၏ ရည်မှန်းချက် ပန်းတိုင်မှာ မိမိတို့၏ ခွန်အားများ ကုန်သွားသည်အထိ သုံးရမည်ဟူ၍ မဆိုလိုပါ။ လူမျိုးများ၏ လူသားများဆီသို့ အဓိက လမ်းကြောင်းအားဖြင့် မိတ်ဆက်ပေးရုံသာဖြစ်ပါသည်။ ဤသို့မိတ်ဆက်ပေးရာတွင် သမ္မာကျမ်းစာနှင့်ဆိုင်သော ရှုထောင့်နှင့်အညီ ထူထောင်လျက်နေသော အဖွဲ့အစည်းများသို့ မိတ်ဆက်ပေး ဆက်သွယ်ရန် ဖြစ်ပါသည်။

ကျွန်ုပ်တို့၏ စာအုပ်နှင့် အကျွမ်းဝင်သော စာအုပ်မှာ America's Providential History လို့ခေါ်တဲ့ ''ဘုရားသခင်မစတော်မူသော အမေရိက သမိုင်း'' ဖြစ်ပါသည်။ ဤစာအုပ်နှင့် (Liberating the Nations) ''လူမျိုးများကို လွတ်မြောက်စေခြင်း'' ဟူသော စာအုပ်ကြားမှာ တူညီသောအချက်အလက်များစွာ ပါရှိသည်ကို အသိမှတ်ပြုပါသည်။ အထူးသဖြင့်တူညီသော အချက်များမှာ – စီးပွားရေး၊ ပညာရေး၊ အသင်းတော်နှင့် လွတ်မြောက်ရေးသံကြိုးဆိုသည့် အခန်းကဏ္ဍများဖြစ်သည်။ အကြောင်းက ဘာလဲဆိုတော့ ကျွန်ုပ်တို့ဖြစ်စေချင်တာကတော့ ဘုရားသခင် မစတော်မူသော အမေရိကသမိုင်းနှင့်အညီ အမေရိက အတွင်း၌ ပြည့်စုံစေချင်ပါသည်။ အလားတူစွာ ကျွန်ုပ်တို့ဖြစ်စေချင်တာက လူမျိုးများကို လွတ်မြောက်စေခြင်း'' ဆိုတဲ့ ခေါင်းစဉ်နှင့်အညီ လူမျိုးများအားလုံးကိုလည်း ပြည့်စုံစေချင်ပါသည်။ မည်သို့ပင်ဖြစ်စေ၊

ဤစာအုပ်နှစ်ခုစလုံးသည် သုတေသနပေါင်း မြောက်များစွာပြုလုပ်ထားသော စာအုပ်ဖြစ်၍ "America's Providential History" ဆိုတဲ့ စာအုပ်ထဲမှာ ဤလုပ်ငန်းများမပါဝင်ခဲ့ပါ။ သို့သော် အမေရိကန်သမိုင်းစာအုပ်ထက် ပို၍အရေးပါပါသည်။ ကျွန်ုပ်တို့၏ ဆန္ဒမှာ တစ်ဦးချင်းစီအတွက်ဖြစ်ပြီး ဖတ်ရရုံသာမဟုတ်ဘဲ၊ စာသင်ခန်းထဲတွင် ပုံနှိပ်စာအုပ်များကို အသုံးပြုသကဲ့သို့ အသုံးချဘို့ရန်နှင့် အုပ်စုလိုက်ဆွေးနွေးမှုများကို အသင်းတော်များ၊ ကျောင်းများနှင့် အဖွဲ့စည်းများတွင် အသုံးပြုဘို့ဖြစ်ပါသည်။ နိုင်ငံတွင်းမှာရှိသော လူပေါင်းမြောက်များစွာသည် စောစောပိုင်းက ထုတ်ဝေခဲ့သော ဤစာအုပ်ကို အသုံးပြုခဲ့ကြပါပြီ။ ဤစာအုပ်ကို ထုတ်ဝေခြင်းကြောင့် လူတော်တော်များများ ပြောင်းလဲလာကြသည်။ ထို့အပြင် အနာဂတ်ကာလအတွက် ပိုမိုများပြားသော ပုံနှိပ်ထုတ်ဝေခြင်းကို လိုအပ်ကောင်းလိုအပ်ပါ လိမ့်မည်။ ကျွန်တော်တို့ဆက်ဆက်ပြီး လေ့လာသည့်အနေနဲ့ မည်ကဲ့သို့ ဘုရားသခင်၏ လူသားများလွတ်မြောက်စေရေး အခြေခံမှုများကို လူမျိုးများအတွက် အသုံးပြုပြီး၊ အဓိက ကျသော လူထုနှင့်မည်ကဲ့သို့ အကောင်းဆုံးဆက်သွယ်နိုင်ရန်နှင့် အောင်မြင်မှု ရရှိရေးကို မည်သို့ ဆက်လက်ဆောင်ရွက် သွားမည်ကို အဓိကထားဆောင်ရွက် နေကြပါသည်။ ကျွန်ုပ်တို့၏ လုပ်ငန်းပိုပြီးကောင်းမွန်စွာ ဆောင်ရွက်နိုင်ရန် စာဖတ်သူများကို အပြုသဘောဆောင်သော အကူညီများပေးကြပါရန် တောင်းပန်ပါသည်။ အနာဂတ်ကာလအတွက် သက်ဆိုင်သောစာအုပ်နှင့် ပိုပြီး နားလည်သဘောပေါက် လွယ်သော စာများကိုလည်း ပေးကမ်းကြရန် မေတ္တာရပ်ခံပါသည်။ ဤစာအုပ်ကို ဘာသာပြန်ဆိုရန် တောင်းခံသူဟူသမျှကိုလည်း ကြိုဆိုပါ၏။ ဒေသခံတိုင်းရင်းသားများ၏ သမိုင်းရေးရာနှင့် စာရင်းအင်းများကိုပါ ထည့်ပေးကြရန်ကြိုဆိုပါ၏။

ဤစာအုပ်သည် ခရစ်တော်မိန့်မှာတော်မူသည့်အတိုင်း ကမ္ဘာအရပ်ရပ်ရှိ လူသားများဆီသို့ သွား၍ခရစ်တော်နောက်လိုက်ကောင်းများဖြစ်စေဘို့အလို့ငှာ ကျွန်ုပ်တို့၏ ကြိုးစားမှုကို သေးငယ်သောနည်းလမ်းအားဖြင့် ကိုယ်စားပြုသော စာအုပ်ဖြစ်သည်။ (ရှင်မဿဲ ၂၈း၁၉) ဆုတောင်းခြင်းအားဖြင့်ပေးခဲ့သည်မှာ – ဤလောကီနိုင်ငံနှင့်အထဲမှာရှိသမျှသော အရာအားလုံးတို့သည် ကျွန်ုပ်တို့၏ ဘုရားသခင်နိုင်ငံတော်ကို အသိအမှတ်ပြုလာလိမ့်မည်။

လူမျိုးများကို  လွှတ်မြောက်စေခြင်း

# tyi; (1)

## vrsK;rsm;vwajrmuapjci;twu
## b&m;oci\ tBupnawmEi
## tajccrrsm;

လူမျိုးများကို  လွတ်မြောက်စေခြင်း

# tce; 1

## c&p ,nevrsK;rsm;\ tajccusaompn;rs0;pn;ur;rsm;

ယနေ့ကမ္ဘာကြီးသည် လျန်မြန်စွာ ပြောင်းလဲနေပါသည်။ လူမျိုးများသည် လွတ်မြောက်မှုကို ရရှိရေးအတွက် အော်နေကြပြီး မိမိတို့နိုင်ငံတိုးတက်ချမ်းသာရေးကို နည်းလမ်း မျိုးစုံဖြင့် ရှာကြံနေကြပါသည်။ ကျွန်ုပ်တို့သည် ကွန်မြူနစ်အုပ်ချုပ်ရေး စနစ်ကျဆုံးခြင်းကို တွေ့မြင်နေရပြီး ဆက်လက်၍ အကောင်းဘက်က ပြောင်းလဲခြင်း သည် ကမ္ဘာကို နေရာယူနိုင်သည်ကို တွေ့မြင်ရတဲ့အချိန်မှာ အခြားသောလူမျိုးများ အပေါ်၌ မကောင်းတဲ့ဘက်ကပြောင်းလဲမှုသည် ကြီးမားစွာရှိနေသည်ကို တွေ့ရ ပါသည်။ ကမ္ဘာပေါ်ရှိ လူဦးရေအများဆုံးသည်ကြီးမားသော ပြဿနာနှင့် ရင်ဆိုင်နေကြပါသည်။ တစ်ဦးချင်းပြဿနာအတွင်း ပြဿနာလုပ်ငန်းခွင်ပြဿနာနှင့် လူမျိုးပြဿနာများသည် ကြောက်စရာကောင်းလောက် အောင်ပျက်စီးခြင်းသို့ ရောက်ကြ၏။ ဖိနှိပ်ချုပ်ချယ်ခြင်းသည် လူ့အဖွဲ့စည်းများအပေါ်၌ ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် တက်နေပါသည်။ ထိုကဲ့သို့သော ဖိနှိပ်မှုဒဏ်ကို ကျွန်ုပ်တို့ ဘယ်လို ကိုင်တွယ်မလဲ၊ ကျွန်ုပ်တို့ရင်ဆိုင်နေရသော အခက်ခဲနှင့် ပြဿနာများဖြေရှင်းရန် ဘယ်မှာ အဖြေရှာ မလဲ။ ကမ္ဘာကရှာနေသော အဖြေများကို သမ္မာကျမ်းစာက အဖြေပေးပါသည်။ သမ္မာကျမ်းစာထဲ၌ အမှန်တရား ပါရှိပါသည်။ အမှန်တရားကလူသားများ၏ လွတ်လပ်မှုကို ပေးပြီး ဖိနှိပ်ချုပ်ခြယ်ခြင်း ခံနေရသော လူသားများထံသို့ တစ်ဦးချင်း ဖြစ်စေ၊ တစ်မျိုးသားလုံး အတွက်ဖြစ်စေ စစ်မှန်သောလွတ်လပ်မှုကို ယူဆောင်လာ ပါသည်။ (ယောဟန် ၈း၃၂) နိုင်ငံ တစ်နိုင်ငံ၏ လွတ်လပ်ရေး၊ တိုးတက်ကြီးပွားရေး ရရှိခြင်းကို တိုင်းတာနိုင်ရန်မှာ ၄င်းနိုင်ငံအတွင်း ရှိလူအဖွဲ့အစည်းများအတွင်းသို့ ပုံစံအမျိုးမျိုးဖြင့် ရောက်ရှိလာသော ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အသုံးချ သောကြောင့်ဖြစ်သည်ဟု ကျမ်းစာက ဖော်ပြ၍ သမိုင်းကလည်း အတည်ပြုသည်ကို တွေ့ရှိနိုင်ပါသည်။

အခြေခံမူများသည် သမ္မာကျမ်းစာထဲမှာ ပါဝင်ပါသည်။ သမ္မာကျမ်းစာက အသက်တာတစ်ခုလုံးကို ဝန်းရံရစ်ပတ်ထားသည်။ ၎င်းအခြေခံမူထဲတွင် ဘုရားနှင့် ဆိုင်သော အကြောင်းများ၊ ဘုရားသခင်နှင့် လူသားများ အကြောင်းလဲပါဝင် ပေသည်။ လူမှုရေးနှင့် ပြည်သူလူထုအရေးများလည်း ပါဝင်သည်။ ဤသို့အားဖြင့် သမ္မာတရား သည် လူများကို မိမိတို့ကျမ်းစာအပေါ် ယုံကြည်တဲ့အတိုင်းအတာအရ လွတ်မြောက် စေပါလိမ့်မည်။ သို့ဖြစ်လျှင် လူမျိုးများကို ကျမ်းစာကို အားကိုးလာခဲ့လျှင် လွတ်မြောက် စေနိုင်ပါမလား။

ယေရှုက လူမျိုးအားလုံးဆီသို့ ဘုရားသခင်၏ နှုတ်ကပတ်တော်တည်းဟူသော သတင်းကောင်းကို ယူဆောင်သွားဘို့ရန် သူ့နောက်လိုက်တပည့်များကို ညွှန်ကြား တော်မူခဲ့သည်။ အခုခေတ်ကာလတွင် အသင်းတော် အတော်များများသည် လူပုဂ္ဂိုလ် တစ်ဦးတစ်ယောက်ဆီသို့ သတင်းကောင်းဝေငှခြင်းကို ဘောင်ကန့်သတ်ပြီး ဆောင်ရွက်ကြပါသည်။ သမ္မာကျမ်းစာက ဖေါ်ပြသည်မှာ သတင်းကောင်းက လူ၏ဘဝ အသက်တာ တစ်ခုလုံးကို ဝန်းရံပတ်ရစ်ထားသည်ဟုဖေါ်ပြသည်။ သတင်းကောင်းက ဖြစ်ပေါ်စေသော ရေိယာနယ်ပယ်များကို အတိုချုံး၍ အောက်ပါအတိုင်းဖော်ပြနိုင် ပါသည်။

**၁။ တစ်ဦးချင်းပြောင်းလဲမှု**

**၂။ ဘုရားနှင့်ဆိုင်သော အဖွဲ့အစည်းများ၊ ၎င်းတို့ထဲတွင်**

(က) မိသားစု

(ခ) အသင်းတော်

(ဂ) လူထုအစိုးရစသည်တို့ပါဝင်ပြီး။

**(၃) ဝိညာဉ်တိုက်ပွဲ စသည်တို့ကိုတွေ့နိုင်ပါသည်။**

ကြီးမားသော အမှုတော်ဆောင်လုပ်ငန်းကို အသင်းတော်က ဆောင်ရွက်ရာတွင် ဤလုပ်ငန်းက လူတိုင်းကို ဤနယ်ပယ်များအားဖြင့် အကျိုးသက်ရောက်စေပါလိမ့်မည်။ အသင်းတော်သည် ကြီးမာသော ခရစ်တော်စေခိုင်းသော ဧဝံဂေလိလုပ်ငန်းများကို ဆောင်ရွက်ခြင်းကြောင့် လူတိုင်း၏နယ်ပယ်အသီးသီးတွင် အကျိုသက်ရောက်မှုကို ဖြစ်ပေါ်စေပါသည်။ ဤနယ်ပယ်များတွင် လူ့အဖွဲ့စည်းထဲ၌ အဓိကပါဝင်သော တစ်ဦးချင်း၊ မိသားစု၊ အသင်းတော်၊ စေတနာဝန်ထမ်းအသင်းအဖွဲ့များနှင့် လူထုအစိုးရ စသည်တို့လည်း ပါဝင်သည်။

**လူမျိုးတစ်မျိုး၏ အခြေခံအုတ်မြစ်ဟာ ဖိအားအောက်မှာ ကျရောက်သောအခါ အားကောင်းစွာဖြင့် ရင်ဆိုင်နိုင်သော အခြေခံအုတ်မြစ်ဖြစ်ရမည်။**

နိုင်ငံတစ်နိုင်ငံ (သို့) လူ့အဖွဲ့အစည်းတစ်ခုအတွက် ဖိအားအောက်မှာ ရပ်တည်နေနိုင်ရန် အားကောင်းသော အခြေခံအုတ်မြစ်ရှိရမည်။ ဆိုလိုသည်မှာ လူ့အဖွဲ့စည်းထဲမှာ ပါဝင်သော အရာအားလုံးသည် အားကောင်းသော အခြေခံအုတ်မြစ်ရှိရမည်။ ဖရန့်စစ်စကောဖါ (Francis Schacffer) ပြောခဲ့သည်မှာ တစ်ဦးချင်းဖြစ်စေ မိသားစု၊ အသင်းတော်၊ အသင်းအဖွဲ့စည်း (သို့) အစိုးရဖြစ် အခြေခံအားဖြင့် အားနည်းသော်လည်း ဖိအားများ အောက်မှာ ရပ်တည်နေနိုင်ပါသည်ဟု ပြောခဲ့ပါသည်။ လူနှင့် ယဉ်ကျေးမှုဆက်စပ်ပုံကို ရောမ တံတားနှင့် ခိုင်းနှိုင်း၍ ရပ်ပုံများဖြင့် သရုပ်ပြခြင်းကို ပြုလုပ်သည်။

*ရောမလူမျိုးများသည် ဥရောပတိုက်ရှိ မြစ်များအပေါ်တွင် တောင်ကုန်းကဲ့သို့ မောက်သောတံတာများကို ဆောက်ထားကြ၏။ ၎င်းတံတားများပေါ်တွင် လူများနှင့်လှည်းများလွတ်လပ်စွာ သွားလာနေကြသည်မှာ ရာစုနှစ်အတော် များများ ကြခဲ့ပါသည်။ နှစ်ပေါင်းနှစ်ထောင်ကြာ အသုံးပြုခဲ့ကြပါသည်။ သို့သော် ယနေ့ လူများသည် လေးလံသောပစ္စည်းများကို တင်ဆောင်သောကုန်တင် ကားကြီးများကို ၎င်းတံတားများပေါ်တွင် မောင်းနှင်ခဲ့ပါက တံတားသည် ပြိုကျ သွားပါလိမ့်မည်။ ဆိုလိုသည်မှာ ယဉ်ကျေးမှုနှင့် လူတစ်ဦးချင်း၏ အကြားမှ တန်ဖိုးရှိသော အသက်တာနှင့် နည်းစနစ်ကို မတည်ဆောက်နိုင်သောအခါ ကိုယ်တိုင် ကန့်သတ်ချက်နှင့် အဆုံးသတ်နိုင်မှုမရှိနိုင်ပါ။ ကြီးမားသော ဖိအား မခံစားလျှင် ရပ်တည်နေနိုင်ပြီး၊ ဖိအားမျးတက်လာလျှင် လုံလောက်သော အခြေခံမရှိသောကြောင့် ဘီးခြောက်လုံးတပ်ဆင်ထားသော ကုန်တင် ကားကြီး၏ အလေးချိန်ကြောင့် ရောမတံတား ကျိုးပျက်သကဲ့သို့ ပျက်စီးခြင်းသို့ ရောက်၏။ ယဉ်ကျေးမှုနှင့် လူတို့၏ လွတ်လပ်ရေးသည် အလွယ်တကူ ပျက်စီး တတ်သောအရာများ ဖြစ်ကြ၏။ လုံလောက်သော အခြေခံအုတ်မြစ်မရှိခဲ့လျှင် ဤသို့သော် ဖိအားများနှင့် ရင်ဆိုင်လာသောအခါ ပျက်စီးခြင်းသို့ ရောက်ရှိ လာပါ၏။* [၁]

ယနေ့ လူများနှင့် လူမျိုးများရင်ဆိုင်နေရသော ဖိအားများသည် အလွန်ကြီးမားသောကြောင့် တောင့်တင်းခံနိုင်သော အခြေခံအုတ်မြစ်ချမှတ်ခြင်းမရှိဘဲ ပေးကမ်း

ထောက်ပံ့ခြင်းလည်း မရှိလျှင် လျှန်မြန်စွာ ပျက်စီးကြရလိမ့်မည်။ ၎င်းအခြေခံအုတ်မြစ်ကို ကျမ်းစာထဲမှာ တွေ့ရသော အခြေခံမှုဖြင့် ဖွဲ့စည်းထားသည်။ ပုံစံ (၁) တွင် လူ့အဖွဲ့စည်း ထဲတွင်ပါဝင်သော အစိတ်အပိုင်းများကို အခြေခံအုတ်မြစ်နှင့်တကွ လေ့ကားထစ်သဖွယ် ဖော်ပြပြီး လိုအပ်သောလွတ်လပ်ရေး၊ တရားမျှတရေး၊ ကြီးပွားတိုးတက်ရေးနှင့် လူမျိုးကြာရှည် တည်တံ့ခိုင်မြဲနိုင်ရေး အတွက် ထောက်ပံ့ပေးမှုကို ပုံများဖြင့် ရှင်းပြ ထားသည်။




*ပုံစံ ၁။ ခရစ်တော်လူမျိုးများကို ထောက်ပံ့သော အခြေခံမှုများ*

ကျွန်ုပ်တို့သည် လူမျိုးမျာဆီသို့ ပြုပြင်ပြောင်းလဲမှုကိုပြုလုပ်ရန် ဆောင်ရွက်ရာ၌ ကျွန်ုပ်တို့ သိတားဘို့က ပြည်တွင်းပြောင်းလဲရေးကို စတင်ပြုလုပ်ရပါမည်။ လူများသည် ကွန်မြူနစ်စီးပွားရေးစနစ်မှ လွတ်လပ်သော ဈေးကွက်သို့ပြောင်းရွှေ့ရန် ရှာဖွေနေကြ သည်။ သို့မဟုတ် ဖိနှိပ်ချုပ်ချယ်တတ်သော အစိုးရလက်အောက်မှ ကိုယ်တိုင်

အုပ်ချုပ်ရေးသို့ ရောက်ရှိလာချင်ကြသည်။ သူတို့အသိမှတ်ပြုရမျှားကတော့ လူများသည်သင့်တော် အခြေခံအုတ်မြစ်ကို အကျင့်စာရိတ္တနှင့် အတွေးခေါ်ထဲမှာ အခြေခံမထားလျှင် သူတို့၏ ပန်းတိုင်ကို ဘယ်တော့မှရောက်နိုင်လိမ့်မည်မဟုတ်ပါ။ အပိုတည်ဆောက်ရေးလုပ်ငန်း လုပ်ကိုင်ရာတွင် အခြားလူမျိုးများထဲတွင် အလုပ်လုပ်ကိုင်သည်ဖြစ်စေ၊ အကောင်းဆုံးနှင့် အလွတ်လပ်ဆုံးသော အစိုးရ လက်ထက်တွင်ဖြစ်စေ လုံလောက်စွာလုပ်ကိုင်နိုင်လိမ့်မည် မဟုတ်ပါ။ ကျွန်ုပ်တို့ သိထားဖို့ရန်ကောင်းသော တည်ဆောက်မှုကို ဘယ်တော့မှ ပြည့်ပြည့်စုံစုံ လုပ်ကိုင် နိုင်လိမ့်မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် အကောင်းဆုံးအစိုးရလက်ထဲမှာပင် အလုပ်လုပ်သည်ဖြစ်စေ၊ မကောင်းသောလက်များပါရှိရင် ကြီးကြီးမားမားနှင့် ကောင်းကောင်းမွန်မွန် လုပ်ကိုင်နိုင်မည်မဟုတ်ပါ။ တစ်ဦးချင်းဖြစ်စေ၊ မိသားစုအတွင်း၊ အသင်းတော်၊ အသင်းအဖွဲ့စည်းများနှင့် အစိုးရအတွင်းတွင်ဖြစ်စေ ၎င်းအဖွဲ့စည်း အသီးသီးထဲတွင် ရှိသော ပစ္စည်းများကို အသုံးပြုရန် ခွင့်ပြုခြင်းဖြင့် မည်သည့် ဖိအားအောက်တွင် မဆိုမားမားမတ်မတ် ရပ်တည်နေနိုင်ရန် အောက်ပါအခြေခံ အုတ်မြစ်က ထောက်ပံ့ပေးသွားမှာဖြစ်ပါသည်။ ဤအခြေခံမှုများသည် မည်သည့်နိုင်ငံ၏ လူများမဆို အသက်တာအတွက် လိုအပ်သော လွတ်လပ်ရေးနှင့် ကြီးပွား တိုးတက်ရေး တို့အတွက် အစိတ်အပိုင်းပင်ဖြစ်သည်။ လူများသည် အစိုးရကို တည်မြဲနိုင်ခောင် ကူညီသောသူများဖြစ်ကြ၏။

လူများသည် အစိုးရအပေါ်တွင် မှီခိုသည်ထက် အစိုးရက ပြည်သူလူထုအပေါ်တွင် မှီခိုခြင်းသည် ပို၍ကောင်း၏။ ပြည်သူလူထုကောင်းလျှင် အစိုးရမဆိုးနိုင်ပါ။ ဤအခြေခံမှုများက ခရစ်ယာန်လူမျိုးများ၏ အခြေခံကို ဖွဲ့စည်းသည်။ ခရစ်ယာန် လူမျိုးများတည်ဆောက်ရေးအကြောင်းကို ဆွေးနွေးသောအခါ ဆိုလိုသည်မှာ လူမျိုးများကို ဖွဲ့စည်းသည်ဆိုရာ၌ ကျမ်းစာအားဖြင့် အခြေခံသောမှုများဖြင့် ဖွဲ့စည်းကို ဆိုလိုပါသည်။ ကျမ်းစာဖြင့် အခြေခံသောမှုများဖြစ်လျှင် ၎င်းမှုများက လူမျိုးများ၏ အခြေခံဥပဒေနှင့် လူ့အဖွဲ့စည်းတို့ကို ထင်ရှားပေါ်လွင်စေလိမ့်မည်။ အောက်ပါ အခြေခံအုတ်မြစ်ကို စစ်ဆေးကြည့်သောအခါ အများဆုံးအသုံးပြုသူများမှာ နိုင်ငံတွင် ရှိလူများဖြစ်ကြ၏။ ကျွန်ုပ်တို့ဆုံးဖြတ်နိုင်သည်မှာ ဤအခြေခံမှုများကို မိသားစုအတွင်း၊ တစ်ဦးချင်းအသက်တာအတွင်း၊ လုပ်ငန်းခွင်များနှင့် အသင်းတော်အတွင်း အသုံးပြု သည်ကို တွေ့ရှိရပါသည်။

## 1/ u,u,u tycsyjci; (Self-Government)

***
internal &
external

လူများသည် အစိုးရဟူသော စကားလုံးကိုကြားသည်နှင့်အမျှ လူမျိုးများကို အုပ်ချုပ်သော လူထုအစိုးရဟု ထင်မှတ်ကြသည်။ အများအာရုံထဲမှာ အစိုးရဟူသော စကား၏ ဆိုလိုရင်းမှ လမ်းညွှန်ချက် (direction) စည်းမျဉ်း (regulation)၊ ထိန်းချုပ်ခြင်း (control) တားမြစ်ခြင်း (restraint) စသည်တို့ဖြစ်သည်။ အစိုးရဟာ များစွာသောနယ်ပယ်ရှိသည်။ ၎င်းနယ်ပယ်များမှာ လမ်းညွှန်ချက်ပေးခြင်း၊ စည်းမျဉ်းများ ရေးဆွဲခြင်း၊ ထိန်းချုပ်ခြင်းနှင့် တားမြစ်ခြင်း၊ တရားစီရင်ပိုင်သော နယ်ပယ်များရှိသည်။ ဤအစိုးရပိုင်နယ်ပယ်များကို ပြည်တွင်းရေးနှင့်ဆိုင်အစိုးရနှင့် ပညာရေးနှင့်ဆိုင်သော အစိုးရဟူ၍ နှစ်ပိုင်းခွဲခြားနိုင်သည်။ ပြည်တွင်းရေးနှင့်ဆိုင်သော အစိုးရကို ကိုယ်ပိုင် အစိုးရဟူ၍ ခေါ်ဆိုသည်။ အုပ်ချုပ်ရေးအားလုံးသည် လူတစ်ယောက်၏ အုပ်စိုးနိုင်သော အရည်အချင်းပေါ်မူတည်၍ သူ့၏အသိစိတ်၊ စိတ်ဆန္ဒ၊ ကျင့်စာရိတ္တ၊ အတွေးအခေါ်၊ အယူအဆ၊ စေ့ဆော်မှု၊ ယုံကြည်မှု၊ စိတ်နေသဘောထားနှင့် အလိုဆန္ဒစသည်ဖြင့် အတွင်းပိုင်းမှ စတင်လာသည်။ လူတစ်ယောက်သည် အတွင်းပိုင်မှစ၍ သူ့ကိုယ်သူ မည်ကဲ့သို့ အုပ်ချုပ်နိုင်မှုက သူ့၏ ပြင်ပအပြုအမူ၊ အပြောအဆို၊ လမ်းညွှန်မှု၊ ပစ္စည်းများကို သုံးစွဲမှု၊ စသည်တို့ကို သက်ရောက်စေသည်။ ၎င်းပြင်ပနှင့်ဆိုင်သော သူ့ကိုယ်သူ အုပ်ချုပ်နိုင်သော အပြုအမူ အရာအားလုံးသည် အတွင်းပိုင်းနယ်ပယ်မှ အရောင်ပြန်ဟပ်လာခြင်းဖြစ်သည်။ အခြားနည်းနှင့် ပြောမည်ဆိုရင် အတွင်းပိုင်းမှ လာသောအရာများသည် အပြင်ဘက်ပိုင်းတွင် ဖြစ်ပျက်ခဲ့သောအရာများကို ဖြစ်ပေါ် စေသည်။ အုပ်ချုပ်ရေးအမျိုးစားတွင် ပါဝင်သောမိသားစု၊ အသင်းတော်များ၊ ကျောင်းများ၊ လုပ်ငန်းခွင်များ၊ အသင်းအဖွဲ့များ၊ သို့မဟုတ် နိုင်ငံတွင် လူထုအုပ်ချုပ်ရေး နယ်ပယ်များသည် နိုင်ငံသားအတွင်းရှိ လူတစ်ဦးချင်းစီ၏ ကိုယ့်ကိုယ်ကို အုပ်ချုပ်နိုင်မှုမှ ရောင်ပြန်ဟပ်လာခြင်း ဖြစ်၏။

၁၇ ရာစုနှစ်တွင် ဒါချ် လူမျိုးပညာရှင်တစ်ဦးဖြစ်သူ ရိုဂရိုနီယပ်ဆိုသည် လူမျိုးများ၏ တရားဥပဒေဟူသော ဘာသာရပ်ကို စနစ်တကျ လေ့လာပြီး ကိုယ်ပိုင်အုပ်ချုပ်ရေး၏ အခြေခံမူကို အတိုချုံး၍အောက်ပါအတိုင်း ဖော်ပြပါသည်။

ပြည်နယ်တစ်ခုကို မအုပ်ချုပ်၊ မကိုင်စွဲနိုင်သောသူသည် နိုင်ငံတော်ကိုမည်သို့ အုပ်ချုပ်နိုင်မည်နည်း။ မြို့တော်ကို မအုပ်ချုပ်နိုင်ပါက ပြည်နယ်ကိုမည်သို့

အုပ်ချုပ်နိုင်မည်နည်း။ ကျေးရွာကို စနစ်တကျ ဖြစ်အောင် မအုပ်ချုပ်နိုင်ပါက မြို့တော်ကို မည်သို့အုပ်ချုပ်နိုင်မည်နည်း။ မိသားစုကို လမ်း မပြနိုင်သော သူသည် ကျေးရွာကို မည်သို့ အုပ်နိုင်မည်နည်း၊ ကိုယ့်ကိုယ်ကိုတောင် မအုပ်ချုပ်နိုင်သောသူသည် မိသားစုကို မအုပ်ချုပ်နိုင်မည်နည်း။ ဘုရားသခင်ကို သူ့အကြောင်းရင်းအမြစ်မထားသော သူသည် ချစ်ကြောက်ရိုသေမှု မရှိသောသူသည် မိမိကိုယ်ကို မည်သို့အုပ်ချုပ်နိုင်မည်နည်း၊ ဘုရားသခင်ကို ရှိသေခြင်းမရှိသောဘုရားက သူမကို မအုပ်ချုပ်သောသူသည် မည်သို့ သူ့ကျွန်နိုင်ငံကို ကောင်းမွန်စွာ အုပ်ချုပ်နိုင်မည်နည်း၊ သူမသိနိုင်ပါဟု ရေးသားခဲ့၏။ တခြားနည်းလမ်းဖြင့် ပြောရလျှင် အခြားသူများကို အုပ်ချုပ်နိုင်ရန် ကိုယ့်ကိုယ်ကို အရင်အုပ်ချုပ်နိုင်ရမည်။ သမ္မာကျမ်းစာက သွန်သင်ခဲ့သည်မှာ အုပ်ချုပ်သူများသည် သူတို့ကို သူတို့ချုပ်တီးနိုင်ရမည်။ အသင်းတော်ခေါင်းဆောင်ကောင်း တစ်ယောက်၏ ရှိရမည့်အရည်အချင်းမှာ သူ့မိသားစုကို ကောင်းမွန်စွာ အုပ်ချုပ်နိုင်ရမည် သူ့သားသမီး များကို သိက္ခာရှိရှိ အုပ်ထိန်းနိုင်ရမည်။ သို့သော် သူ့မိသားစုကို မည်သို့ အုပ်ချုပ်ရမည်ကို မသိသောသူသည် အသင်းတော်ကို မည်ကဲ့သို့ အုပ်ချုပ်နိုင်မည်နည်း။ ဘုရားသခင်၏ အသင်းတော်ကို မည်သို့ကြည့်ရှုနိုင်မည်နည်း။ ၂

(၁ တိမောသေ ၃း၄–၅) ကို ဖတ်ရန် – ယခုခေတ်တွင် မိမိတို့အသက်တာများ သို့မဟုတ် မိသားစုများကို မထိန်းနိုင်တဲ့အပြင် အကျိုးသက်ရောက်မှုရှိသော လမ်းညွှန်မှု မပေးနိုင်သော လူထုကို မဦးဆောင်နိုင်သော အစိုးရခေါင်းဆောင်များစွာရှိကြ၏။ ဤခေါင်းဆောင်များဖြစ်ကြသောအမျိုးသားနှင့် အမျိုးသမီးများကို မိမိတို့၏ အသက်တာများကို ချုပ်တီးအုပ်စိုး နိုင်သောသူများဖြင့် အစားထိုးသင်ပါသည်။ ကိုယ့်ကိုယ်ကို အုပ်ချုပ်နိုင်သောသူများသည် ကျမ်းစာအရ စစ်မှန်သောတန်ခိုး ပါဝါ ရှိသောသူများဖြစ်ကြ၏။ စိတ်မာနဟုန်ကို ချုပ်တီးနိုင်သောသူသည် စွမ်းအားကြီးမား သောသူထက် ပို၍ ကောင်း၏။ ဝိညာဉ်အလိုတော်အတိုင်း မိမိကိုယ်ကို အုပ်ချုပ်နိုင်သောသုညည်မြို့တော်ကို သိမ်းပိုက်နိုင်သော စစ်ဗိုလ်ချုပ်ကြီးထက်သာ၍ အားကောင်း၏။

ဂရိတီယပ်စ် ပြောဆိုချက်များက ဖော်ပြသည်မှာ နိုင်ငံအတွင်းရှိသောလူစုဆီသို့ အတွင်းဘက်ပိုင်းမှ အပြင်ဘက်သို့ မည်ကဲ့သို့သော နည်းအားဖြင့် တန်ခိုးပါဝါမှာ

ဖြစ်ဖေါ် သက်ရောက်လာသည်ကိုဖေါ်ပြသည်။ သူ့ပြောပြချက်အရ အစိုးရနှင့်ဆိုင်သော အာဏာခွဲမှုစနစ်ကို အသုံးပြုရာ၌ ၄င်းအာဏာကိုနည်းနည်းအသုံးပြုလေလေ လူထုအတွင်းရှိ တစ်ဦးချင်း စီအတွက် ပို၍ အကျိုးနည်းလေလေဖြစ်၏။

သူ့အယူဆကိုအောက်ပါအတိုင်း အကျဉ်းချုံး၍ဖေါ်ပြပါသည်။

**အုပ်ချုပ်ရေးနယ်ပယ်များ**

နိုင်ငံတော်
ပြည်နယ်
မြို့ကြီး
ကျေးရွာ
မိသားစု
— ပြင်ပအုပ်ချုပ်ရေး

ကိုယ်တိုင်
အကြောင်းတရား၊ ဆန္ဒ
ဘုရားသခင်
— အတွင်းပိုင်းအုပ်ချုပ်ရေး

↑ အာဏာသက်ရောက်မှု

အကျိုးသက်ရောက်မှုရှိသော အုပ်ချုပ်ရေးသည် လူတစ်ဦးတစ်ယောက် ကိုယ့်ကိုယ်ကို အုပ်ချုပ်နိုင်ဘို့သိရှိနားလည်ခြင်းမှစတင်သည်။ လူတစ်ယောက် ကိုယ်ပိုင်အတွင်း အုပ်ချုပ်ရေး ပိုင်ဆိုင်မှုများလေလေ၊ သူလိုအပ်သော အပြစ်ဘက် အုပ်ချုပ်ရေးနည်း လေလေဖြစ်၏။ အကျိုးဆက်အားဖြင့် လူများကို မှန်ကန်စွာပြုမူဆောင်ရွက်ရန် စည်းမျဉ်းဥပဒေများသည် ကိုယ့်ကိုယ်ကို အုပ်ချုပ်နိုင်ရေးပမာထား၏။

အားနည်းသောဖော်ပြချက်တစ်ခုဖြစ်သည်။ သမိုင်းက သင်ကြားပေးသည်မှာ လူသည် သူ့ကိုယ်သူ ထိန်းချုပ်နိုင်သည်။ သို့သော် အတိုင်းအတာတစ်ခုအားဖြင့်သာ ကန့်သတ်သည်။ အပြင်ဘက်ပိုင်းအားဖြင့် ကိုယ်ပိုင်အုပ်ချုပ်မှုသြဇာ သက်ရောက်နိုင်ခြင်းမရှိကတည်းက လူသည် စည်းကမ်းဘောင်အတွင်း ကန့်သတ်သကဲ့သို့ အတွင်းဘက်ပိုင်းကို ထိန်းချုပ်နိုင်ရေးအတွက် အခြားသော ဇစ်မြစ်လိုအပ်လာသည်။ ဂရိုယပ်စ်က ဖေါ်ပြခဲ့သည်မှာ လူဟာ သူ့ကိုသူ သေချာပေါက်အုပ်ချုပ်နိုင်ဘို့ ရန်သူ၏အရေးကိစ္စ၊ သူ့အလိုဆန္ဒနှင့် လုပ်ဆောင်လိုသော စိတ်ကို ဘုရားသခင်က အုပ်ချုပ်မှသာလျှင်

ရနိုင်သည်။ သမ္မာကျမ်းစာထဲမှာပါရှိသည့်အတိုင်း ဖန်ဆင်းရှင်နှင့် သူ့ရဲ့လမ်းပြမှုကို နာခံခြင်းသည် ကိုယ့်ကိုယ်ကို အုပ်ချုပ်နိုင်ခြင်း၏ အခြေခံ ဖြစ်သည်။ အမေရိကန်နိုင်ငံ၏ စတုတ္ထမြောက်သမ္မတလည်းဖြစ် ဆောက်လုပ်ရေး၏ ပိသုကာ ဆရာကြီးလည်းဖြစ်သူ ဂျိမ်းစ်မတ်ဒီဆင်၏ ပြောပြချက်အရ ကျွန်ုပ်တို့သည် နောင်လာမည့် အမေရိကန် ယဉ်ကျေးမှုတစ်ခုလုံးကို တည်ဆောက်ကြပါသည်။ ၎င်းကို တည်ဆောက်ရာတွင် အစိုးရအာဏာအပေါ်တွင် တည်ဆောက်ခြင်းမဟုတ်ပါ။ ကျွန်ုပ်တို့သည် အနာဂတ် နိုင်ငံရေး အဖွဲ့စည်းများကို တည်ဆောက်ရာ၌ လူသားများ၏ ကိုယ်ပိုင်အုပ်ချုပ်ရေး အဝင်အဆံ့ပေါ်မူ တည်၍ ဖွဲ့ကြရ၏။ ကျွန်ုပ်တို့အားလုံး၏ ကိုယ်ပိုင်အုပ်ချုပ်နိုင်ရေး အဝင်အဆံ့ပေါ်မူတည်၍ ကျွန်ုပ်တို့ကို ကျွန်တော်တို့ အုပ်ချုပ်နိုင်ရန်၊ ကျွန်ုပ်တို့ကိုယ်တိုင် ထိန်းချုပ်ကြရန်နှင့် ကျွန်ုပ်တို့အချင်းချင်း ပံ့ပိုးကူညီကြရန်ဟူသော အချက်ကို ဘုရားသခင်၏ ပညာတ်တော် ဆယ်ပါးအတိုင်း ဖွဲ့စည်းကြရ၏။ နိုင်ငံတစ်နိုင်ငံ အတွင်းရှိ လူများသည် ကိုယ့်ကိုယ်ကို အုပ်ချုပ်နိုင်မည့်နည်းလာပြီးအုပ်ချုပ်နိုင်တဲ့ တန်ခိုးကို လက်လျှော့လိုက်လျှင် ပြည်သူလူထု အထူးသဖြင့် နိုင်ငံတော်အစိုးရဥပဒေများပို၍ ပြဌာန်းလာပြီး အုပ်ချုပ်ရေးအာဏာများကို ပြည်တွင်းဘောင်ကျော် လာသည့်အထိ သုံးစွဲလာကြပြီး နိုင်ငံတော်ဘဏ္ဍာငွေသုံးစွဲလာမှုက ပို၍ပို၍ ကြီးထွားလာ၏။ ကိုယ့်ကိုယ်ကို ထိန်းချုပ်နိုင်ခြင်းမရှိခြင်း၏ အဖြေသည် တစ်ဦးချင်း လွတ်လပ်မှုကို ဆုံးရှုံးစေ၍ အပြင်ပိုင်းအုပ်ချုပ်ရေး၏ အလယ်ဗဟိုသို့ပို့ဆောင်သည်။

## 2/ pn;v;nnwjci; ]0g} yVnmO

လွတ်လပ်သောနိုင်ငံ၏ လူများသည် ကိုယ့်ကိုယ်ကို အုပ်ချုပ်နိုင်သည်သာမက တစ်ဦးနှင့်တစ်ဦး ပူးပေါင်းဆောင်ရွက်မှုရှိပြီး နိုင်ငံတစ်ခုလုံးအတွက် အကျိုးပြုသော စေတနာ့ ဝန်ထမ်းလုပ်ငန်းများကိုလည်း လုပ်လာကြ၏။ သမိုင်းစာအုပ်အားလုံးလိုလိုက ဖေါ်ပြကြသည်မှာ စည်းလုံးညီညွတ်မှုရှိသောနိုင်ငံ၏ အဖြေရလဒ်မှာ အလယ်ဗဟိုစနစ် ဖြစ်သော နိုင်ငံရေးအင်အား၊ စစ်တပ်အင်အားများကိုကျော်ဖြတ်၍ စေတနာ့ဝန်ထမ်း လုပ်ငန်းကို ပို၍ သဘောကျကြ၏။ လူအများစည်းလုံးခြင်း၏ အခြေခံများကို ခရစ်ယာန် ဘာသာက ထောက်ပံ့ပေးခဲ့သည်။ ဤသို့ထောက်ပံ့ပေးရာတွင် အပြင်ပိုင်းစာချုပ် အားဖြင့် မဟုတ်ဘဲ အရေးကြီးသောကွဲပြားခြားနားသောအခြေခံမှုများကို အသုံးပြုခြင်း

ဖြင့် စည်းလုံးမှုပြုလုပ်ကြ သည်။ လူနှင့်လူပဋိညာဉ်ပြုလုပ်ခြင်းကို အင်္ဂလိပ် လူမျိုးဘုရားဖူးသွားသူများက ''မေဖလာဝါ စာချုပ်'' ကို ရေးဆွဲခဲ့ကြသောအချိန် သက္ကရာဇ် ၁၆၂၀ ခုနှစ် အမေရိကန်ပြည်ထောင်စုတွင် စတင်ပြုလုပ်ခဲ့သည်။ လူများသည် အဖွဲ့စည်းထဲတွင် ပဋိညာဉ်အတိုင်း အတူတကွ နေထိုင်ခဲ့ကြသည်။ အဘယ့်ကြောင့်ဆိုသော် အစောပိုင်းနှစ်များတွင် အတူတကွ စုပေါင်း ဘုရားကျောင်းဝင်း ထဲတွင် နေထိုင်ကြရန် ပဋိညာဉ်ကို ပြုလုပ်ခဲ့ပြီးဖြစ်သည်။ အမှန်စင်စစ် အမေရိကန် ဖွဲ့စည်းပုံကို ကျမ်းစာအယူအဆနှင့် ကိုက်ညီသော ပဋိညာဉ်က အားကောင်းသော အိမ်ထောင်ပြုခြင်းကို ထိန်းထားသည်။ အားကောင်းသော အိမ်ထောင်မိသားစု မတည်ဆောက်နိုင်ခဲ့လျှင်မည်သည့်နိုင်ငံကိုမဆို ကြာရှည်ခံနိုင်လိမ့်မည်မဟုတ်ပေ။ အပြစ်ပိုင်းအားဖြင့် စည်းလုံးသော လူများ၏ အဖြေရလဒ်မှာ လူများ၏ စိတ်နှလုံးထဲတွင် အယူအဆနှင့် အခြေခံမှုများကိန်းအောင်းနေခြင်းစသော အတွင်းပိုင်းစည်းလုံးရေးမှ ဖြစ်ပေါ်လာသည်။ အပြင်ပိုင်းမှလာသော အင်အားသုံးခြင်း၊ ကြောက်ရွံ့ခြင်း စသည် တို့က ဩဇာသက်ရောက်စေသော မဖြစ်မနေရှိရမည့် စည်းလုံးညီညွတ်ရေး မျိုးဟာ ဘယ်တော့မှ တာရှည်ခံနိုင်လိမ့်မည်မဟုတ်ချေ။ စည်းလုံးညီညွတ်ခြင်းကို အပြစ် မှဖြစ်သောအရာအားဖြင့် အတင်းမလုပ်နိုင်ပါ။ သို့သော်အတွင်းဘက်ပိုင်း စည်းလုံးရေး အားဖြင့်သာဖြစ်ပေါ်လာသည်။ ကျွန်ုပ်တို့သိရှိနားလည် သဘောပေါက် ရတဲ့အချက် တစ်ခုမှာ လွတ်လပ်သော အစိုးရ၏ အခြေခံအုတ်မြစ်နှင့် ဖွဲ့စည်းမှု ဘောင်က နိုင်ငံတစ်နိုင်ငံအတွင်းရှိ လူအားလုံးကို စည်းလုံးညီညွတ်ခြင်းအောက်မှာ ဆက်လက်၍ အတူတကွ နေထိုင်သွားကြရန် စိတ်နှလုံးထဲတွင် စွဲမြဲစေသည်။ ဒေသခံပြည်သူလူထု အကြားတွင် တပြေးညီဖြစ်စေရေး အတွက် နိုင်ငံရေးစည်းလုံး ညီညွတ်မှု၏ အခြေခံသည် ပဋိညာဉ် သို့မဟုတ် စာချုပ်ပင်ဖြစ်၏။ အတူတကွ ပူးပေါင်းနေထိုင်ကြရန် ကတိဝန်ခံစာချုပ်ချုပ်ဆိုကြသော လူများသည် အများက လက်ခံယုံကြည်သော ရည်ရွယ်ချက်များ၊ အယူအဆများနှင့် ယုံကြည်ခြင်းများကို ဝေမျှကြရလိမ့်မည်။

ပြည်သူလူထု၏ ရည်ရွယ်ချက်အောင်မြင်ရေးအတွက် အတူတကွ ပူးပေါင်း ဆောင်ရွက် ခြင်းသည် မိသားစုအတွင်း အသင်းတော်များ၊ ကျောင်းများ၊ အသင်းများနှင့် အဖွဲ့စည်း အမျိုးမျိုး လွတ်လပ်ရေးရရှိရေးအတွက် အတူတကွ ပဋိညာဉ် စာချုပ်ချုပ်ဆိုခြင်းဖြင့် စတင်သည်။ စည်းလုံးညီညွတ်ရေးကို ကုန်သွယ်ရေး နယ်ပယ်ဖြစ်သော အစုစပ်လုပ်ငန်းများထဲတွင်လည်း တွေ့ရှိနိုင်ပါသည်။

လွတ်လပ်ရေးနှင့် ကုန်သွယ်ရေး ပူးပေါင်းဆောင်ရွက်ခြင်းသည် ပါဝင်သော လူများများကို အကျိုးဖြစ်စေသည်သာမက ပြည်သူပြည်သားများကိုပါ အကျိုးဖြစ်ထွန်းစေ သည်။ လွတ်လပ်ရေးနှင့် ကုန်သွယ်ရေးလုပ်ငန်းအဆင့်များတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ရေးအတွက် စည်းလုံးမှုမရှိပါက နိုင်ငံရေး စည်းလုံးညီညွတ်ရေးသည် လုံးဝ မရရှိနိုင်ပါ။ မိမိတို့အဆင့်တန်းနှင့်အညီ ဖွဲ့စည်းထားသော အစိုးရ အမျိုးမျိုး အတွင်း၌ စည်းလုံးညီညွတ်ခြင်းဟူသော အခြေခံမှုကို အသုံးပြုခြင်းဖြင့် အားလုံးအတွက် အကျိုးဖြစ်သော လုပ်ငန်းများကို အတူတကွဆောင်ရွက်ခြင်းကို ခွင့်ပြုလိမ့်မည်။ ဤစည်းလုံးရေးအခြေခံမှုသည် ကိုယ့်ကိုယ်ကို အုပ်ချုပ်ခြင်း အတွင်း၌ရှိနေသော လူများကို တစ်ဦးချင်းစီ၏ အခွင့်အရေးများ ဆက်လက် တည်မြဲရေးကို အာမခံသည်။ ကိုယ်တိုင်အုပ်ချုပ်ရေး၏ အခြေခံမှုနှင့် စည်းလုံး ညီညွတ်ခြင်းတို့သည် တူညီကြသည်ဟု မှတ်ယူလိမ့်မည်။ စည်းလုံးညီညွတ်ခြင်း အကြောင်းကို အလွန်အကျွံပြောဆိုခြင်းသည် အလယ်ဗဟိုလမ်းစဉ်ကို ဖြစ်ပေါ်စေပြီး၊ ကိုယ်တိုင်အုပ်ချုပ်ရေးအကြောင်းကို အလွန်အကျွံ ရှင်းပြခြင်းသည် နိုင်ငံပြိုကွဲခြင်းကို ဖြစ်ပေါ် စေသည်။

## 3/ ]]o;jcm;&ywnr}}

တစ်သီးတခြားစီဖြစ်ခြင်း၏ အခြေခံမှုက ဖော်ပြသည်မှာ ဘုရားသခင်သည် လူအသီးသီးကို အတုမရှိကွဲပြားခြားနားစွာ ဖန်ဆင်းခဲ့ကြ၏။ ဤအသီးသီးသော လူသားများ သည် မတူညီသောပင်ကို စွမ်းရည်၊ အထူးဖြစ်သောရည်ရွယ်ချက်နှင့် ကိုက်ညီစေရန် အရည်အချင်းများနှင့် အသက်ရရှိ ပုံများကို ရှင်းပြရန် အချက်အလက်များ ရှိကြ၏။ လူသားအားလုံးသည် နည်းလမ်းများစွာအားဖြင့် တူညီသော အချက်များရှိကြ၏။ (လူသားများ အကြားမှာစည်းလုံးရေးရှိခြင်းကို ဆိုလိုသည်) လူတစ်ယောက်သည် ကိုယ်ကာယနှင့်ဆိုင်သော အင်္ဂါရပ်များရှိ၏။ ဤအင်္ဂါရပ်တွင် သူများ မတုနိုင်သောအချက်များ ရှိ၏။ ၎င်းတို့မှာ လက်ဗွေပုံစံများ၊ လူ့မျက်နှာ ဘေးတိုက်ပုံ၊ ဘေးစောင်းပုံ၊ စကားပြောသံ၊ သူ့အနံ့၊ မျက်စိအာရုံကြော ထဲမှာ လှုပ်ရှားသောသူ့ဟန်ပန် စသည်တို့ဖြစ်သည်။ သူဟာ လူများနှင့် မတူသောအတွင်းပိုင်း အင်္ဂါရပ်များလည်းရှိသည်။ ၎င်းတို့မှာ အတွေးအခေါ်၊ အကြံအစည် စိတ်လှုပ်ရှားမှုနှင့် စိတ်နေသဘောထားများဖြစ်ကြ၏။ လူသည် စည်းလုံးရေးတစ်ခုဖြစ်သော တစ်ဆူတည်း

သောဘုရားဖြစ်သော ဖန်ဆင်းရှင်၏ ရုပ်ပုံကို ပြန်လည်ထင်ဟပ်သူဖြစ်သည်။(ဘုရား) သည် ကွဲပြားသောတစ်ဆူတည်းသော ဘုရားလည်းဖြစ်သေးသည်။ ဘုရားသခင်သည် အရာအာလုံးကို ဖန်ဆင်းရာတွင် ကာဗွန် မိတ္တူဖြင့် ဖန်ဆင်းသည်မဟုတ်ပါ။ လူသားများ၊ တိရစ္ဆာန်များ၊ သစ်ပင်များ၊ ဓာတ်သတ္တုများ၊ တောင်များ၊ မြတ်များ၊ ဂြိုလ်များနှင့် ကြယ်များသည် ဖန်ဆင်းထားသော အရာများဖြစ်ကြ၏။ ဘုရားသခင် ဖန်ဆင်းထားသော အရာအားလုံးသည် မတုပနိုင်သော ကွဲပြားသောအရာများဖြစ်ကြ၏။ ၄င်းဘုရားသခင် ဖန်ဆင်းထားသော အရာများအကြားတွင် စည်းလုံးမှုရှိကြသည်။

လူတိုင်းလူတိုင်းသည် သူ့ရဲ့အပြစ်ဘက်ပိုင်းနှင့် အတွင်းဘက်ပိုင်းပုံသဏ္ဍာန် သို့မဟုတ် တစ်သီးတခြားစီဖြစ်ခြင်းများကို ကိုယ်စီရှိကြ၏။ လူတိုင်း၌ သူ၏ ရွေးချယ်မှုနှင့်လုပ်ဆောင်မှု များအတွက် အကျိုးအကြောင်းများရှင်းပြနိုင်ဘို့အတွက် လုပ်ပိုင်ခွင့်တာဝန်များရှိကြ၏။ လွတ်လပ်သော အစိုးရဖြစ်လာဘို့ရန်အတွက် ပြည်သူပြည်သားသည် မိမိတို့ကျရာ တာဝန်များကို ဆက်လက်ဆောင်ရွက် ရမည်ဖြစ် သည်။ အသက်ရခြင်း၌ အများနှင့်မတူအောင် ဘုရားသခင်ဖန်ဆင်း တော်မူသော လူသားသည် တန်ဖိုးရှိသော လွတ်လပ်ရေးကို ပိုင်ဆိုင်၏။ သူရရှိသော လွတ်လပ်ရေး၏ တန်ဖိုးသည် နိုင်ငံအတွက် သူလုပ်ဆောင်နိုင်မှုအရည်အချင်းပေါ် မှီခိုသည်မဟုတ်ပေ။ လူသည် တန်ဖိုးအရှိဆုံးသတ္တဝါဖြစ်၏။ လူသည် တိုင်းပြည်အတွက် အလုပ်လုပ် သည်ထက် တိုင်းပြည်သည် လူအတွက် အသက်ရှင်နေရမည်ဖြစ်သည်။ ထို့ကြောင့် လူသည် နိုင်ငံအတွက် အကောင်းဆုံးဖြစ်သည်။ အစိုးရသည် နိုင်ငံတော်ကိုသာလွှန် ကောင်းမွန်စွာ အုပ်ချုပ်နိုင်ရန် ရှုမြင်သုံးသပ်သောအခါ၌ တစ်ဦးချင်း၏ အသက်တာများ၊ လွတ်လပ်ရေးနှင့် ပိုင်ဆိုင်သော ပစ္စည်းများမဆုံးရှုံးရလေအောင် အတူတကွ ပူးပေါင်း ဆောင်ရွက်မှု သို့မဟုတ် နိုင်ငံတော်အတွက် ပေးလှူရန် စသည်တို့ကို ဆောင်ရွက်ရန် ဖြစ်သည်။ တစ်သီးတခြားစီဖြစ်ခြင်း၏ အခြေခံမှုက ပို၍နက်နဲအောင် ဖေါ်ပြရာ၌ လူသားအားလုံးသည် တူညီကြသည်။ မည်သို့ပင်ဖြစ်စေ လူများသည် သူတို့၏ ပင်ကိုယ် စွမ်းရည်နှင့် အရည်းအချင်းများမတူညီကြပေမဲ့ ဘဝအသက်တာ အခွင့်ရေး အတွက် လွတ်လပ်ရေးနှင့် လိုအပ်သည့်ပစ္စည်းဥစ္စာများရရှိရေး၏ လိုက်လာမှု၌ တူညီကြ၏။ အစိုးရ၏။ တူညီရေးဟူသောမှု၏ မှားသောအယူအဆကို ရုပ်လုံးဖေါ်သူတစ်ဦးက ပြောခဲ့သည်မှာ လူများသည် ကုန်ပစ္စည်းများပိုင်ဆိုင်မှုနှင့် ကုန်ပစ္စည်းများပြန့်ဝေမှု၌တူညီသော အခွင့်အရေး ရကြ၏။ လူအားလုံးသည်

တရားဥပဒေရှေ့၌ တူညီသော အခွင့်အရေးများရှိ ကြ၏။ ၎င်းအခွင့်အရေးများကို လုံခြုံမှုရှိအောင် အစိုးရက တာဝန်ယူရမည်ဖြစ်သည်။ လွတ်လပ်သော အစိုးရသည် စည်းလုံးရေး၏ ချိန်ခွင့်လျှာကို ပြိုကွဲခြင်း ချိန်ခွင်လျှာနှင့် ကိုက်ညီအောင် ထိန်းရန်လိုသည်။ ပြိုကွဲခြင်းအကြောင်းကို အလွန်အကျွံပြောဆိုမှုသည် နိုင်ငံကို မင်းမဲ့ဘဝသို့မဟုတ် လွတ်လပ်မှုကို ပြင်းထန်စွာ ပျက်စီးစေသည်။ ဤကဲ့သို့သော နိုင်ငံများတွင် လူသည် ကိုယ့်ကိုယ်ကိုသာ အဓိကထားပြီး တရားဥပဒေမဲ့ခြင်း၊ အမိန့်အာဏာများ နှင့် လက်ရှိနိုင်ငံရေး ဝါဒများကို လက်မခံဘဲ ပစ်ပယ်သော သြဇာလွှမ်းမိုးမှု ဖြစ်ပေါ်လာသည်။ အစိုးရ၏ဖွဲ့စည်းမှုပုံစံသည် မင်းမဲ့ဘဝနှင့် သန့်ရှင်းသော ဒီမိုကရေစီစနစ်သို့ ရောက်ရှိလာရန် လုပ်ရမည်ဖြစ်သည်။ စည်းလုံးရေးပေါ် အလွန်အကျွံ ပြောဆိုမှုများကို မတရားအုပ်ချုပ်သူများက ပြုလုပ်ကြ၏။ အုပ်ချုပ်သူများသည် သူတို့သည်သာ အဓိကဖြစ်သည်ဟု သဘောထားပြီး သူတို့၏ အကျိုးအမြတ်ရရှိရေးအတွက် ကြိုက်သလို လုပ်လာ ကြ၏။ သို့မဟုတ် အားလုံးထဲမှာ ဘာအကျိုးအမြတ်ကိုရရှိမလဲ စသည်တို့ကိုသာ စဉ်းစားလာကြ၏။ အဖြေရလာဒ်မှာ ဗဟိုမှ အာဏာကို အသုံးပြုပြီး လူများကို ကျွန်အဖြစ် ရောက်ရှိစေသည့် အစိုးရဖွဲ့စည်းပုံ ဗျူရိုတရီစီခေါ် အရာရှိဆိုးစနစ်မှ အာဏာရှင်စနစ်သို့ ရောက်ရှိစေခြင်းဖြစ်သည်။

ဒီနေရာမှာ – ဗဟိုအစိုးရသည် ပြည်သူလူထု၏ လွတ်လပ်ရေးနှင့် အခွင့်အရေးများ ပေးရေးကို ဆုံးဖြတ်ခဲ့သည်။ စည်းလုံးရေးနှင့် ပြိုကွဲရေး၏ ချိန်ခွင်လျှာကို ချင့်ချိန်ခြင်းက အစိုးရအတွင်ဖြစ်စေ၊ အဖွဲ့စည်းအတွင်း၌ဖြစ်စေ အုပ်ချုပ်ခံသူများ၏ သဘောတူညီချက်ဖြင့် အမိန့်အာဏာကို အသုံးပြုရာမှ ထွက်ပေါ်လာသော လွတ်လပ်ရေးကို ရရှိလာစေသည်။ အုပ်ချုပ်ရေးဖွဲ့စည်းပုံ၏ ရလာဒ်မှာ အစိုးရသည် ဗဟိုမှအာဏာများကို ခွဲဝေပေးသည့် ဒီမိုကရေစီခေါ် ပြည်သူ့ သမ္မတနိုင်ငံဖွဲ့စည်းရေးပင်ဖြစ်သည်။

## 4/ ypn; olr[w topw";w

နောင်ပိုင်း၌ ကြားရမည့် အခန်းတွင် လွတ်လပ်သော စီးပွားရေးဈေးကွက်သည် တရားမျှတ၍ လွတ်လပ်မှုရှိသော အစိုးရဖွဲ့စည်းမှုဘောင်၏ ရုပ်သွင်တစ်ခုဖြစ်သည်။ လွတ်လပ်သော စီးပွားရေးဈေးကွက်တွင်ပါဝင်သော အရာများမှာ မူများ၏ အသက်တာထဲတွင် စီးဝင်လာသောပစ္စည်းများ ပိုင်ဆိုင်ခွင့်၏ အခြေခံမူဖြစ်သော

ပစ္စည်းများကို တစ်ဦးချင်း ပိုင်ဆိုင်ခွင့်၊ တစ်ဦးချင်းစီ၏ စီးပွားရေးလုပ်ငန်းနှင့် လွတ်လပ်သော ဈေးကွက်များဖြစ်၏။ လူတစ်ယောက်သည် သူ့ပစ္စည်းများကို အများနှင့် မရောနှောဘဲ ကိုယ်တိုင် ပိုင်ဆိုင်ခွင့်နှင့် ထိန်းချုပ်ခွင့်ရှိသည်။ ပိုင်ဆိုင်ပစ္စည်းများသည် ဦးစွာ ပထမအတွင်းပိုင်းမှဖြစ်သည်။ လူတစ်ယောက်၏ အသိစိတ်ဓာတ်ခေါ် အကောင်း အဆိုးကို ခွဲခြားသိတတ်သော စိတ်ဟာ သူရဲ့အဖိုးတန်သောပစ္စည်း ပိုင်ဆိုင်မှု၏ ရုပ်သွင်တစ်ခုဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ၄င်းသိတတ်သော စိတ်ကသူ လုပ်ငန်းတွင် ဤအရာက မှန်၍ ဤသည် ကမှားသည်ဟု ပြောပြ သောကြောင့်ဖြစ်၏။ လွတ်လပ်သော အစိုးရလက်ထက်တွင် နေထိုင်ကြသော လူအသီးသီးသည် သူတို့၏ အသိစိတ်ဓါတ်ဖြင့် မိမိတို့ တာဝန်များကို ထင်ရှားစွာ ကြည့်ရှုစောင့်ရှောက်ကြရလိမ့်မည်။ ဤသို့ပြုလုပ်ခြင်းအားဖြင့် သူသည် အမှားအမှန်ကို သိပြီးသူ၏ဘဝအသက်တာ၌ ကောင်းသောအပြုအမူဖြင့် အသက်ရှင် နေနိုင်လိမ့်မည် ဖြစ်၏။ တမန်တော် ရှင်ပေါလုက ''ထို့ကြောင့် ဘုရားသခင်ကို ပြစ်မှားပြီ လူတို့ကို ပြစ်မှားပြီဟု ကိုယ်စိတ်နှလုံးသည် ကိုယ်၌ အပြစ်တင်ခွင့်နှင့် အစဉ် ကင်းလွတ်မည့် အကြောင်း အကျွန်ုပ်သည် ကြိုးစားအားထုတ်ပါ၏ (တမန်တော်ဝတ္ထု ၂၄း၁၆) မည်ကဲ့သို့ လူတစ်ယောက်၏ အတွင်းပိုင်းမှ ဖြစ်သော ကိုယ်ပိုင်ပစ္စည်းသည် ထိုသူ၏ အပြင်ဘက် ပိုင်းမှ ဖြစ်သော ကိုယ်ပိုင်ပစ္စည်းကို အဆုံးဖြတ်ပေးနိုင်မည်နည်း။

အောက်ပါမြေပုံသည် အတွင်းဘက်ပိုင်းနှင့်အပြင်ဘက်ပိုင်းမှဖြစ်သော ပစ္စည်းများ၏ ပုံစံ အမျိုးမျိုးကို ဖော်ပြ၏။

| အတွင်းဘက်ပိုင်းမှဖြစ်သောပစ္စည်း | အပြင်ဘက်ပိုင်းမှဖြစ်သောပစ္စည်း |
|---|---|
| အတွေးအခေါ်များ | မြေကွက်/အိမ်ယာမြေ |
| ထင်မြင်ချက်များ | ငွေကြေး |
| ပင်ကိုယ်စွမ်းရည်များ | လွတ်လပ်စွာပြောဆိုခွင့် |
| အသိစိတ် | ကိုယ်ခန္ဓာကျန်းမာရေး |
| အယူအဆများ | ပိုင်ဆိုင်မှုများ |
| စိတ်နှလုံး | လူထုလွတ်လပ်ရေး |
| ချစ်ခင်မြတ်နိုးမှု | |

အစိုးရသည် ပိုင်ဆိုင်ပစ္စည်းများကို အကာအကွယ်ပေးသည်။ အရေးကြီးဆုံးအချက်ကတော့ အသိစိတ်ဓါတ်လွတ်လပ်ရေးဖြစ်၏။ မတရားသော အုပ်စိုးမှုများက စိတ်လွတ်လပ်မှုကို ကျူးကျော်သည့်နည်းတူ ပြင်ပမှာဖြစ်သော ပစ္စည်းပိုင်ဆိုင်မှုအခွင့်အရေးများကိုလည်း ကျူးကျော်သည်။ စိတ်၏ လွတ်လပ်မှုကို ကျူးကျော်နိုင်သော တန်ခိုးသည် လူထုလွတ်လပ်မှုကိုလည်း အဓမ္မသိမ်းယူနိုင်သည်။ အတွင်းဘက်ပိုင်းမှဖြစ်သော ပစ္စည်းပိုင်ဆိုင်မှု အခွင့်အရေးများကို အကုန်အကျများစွာသုံး၍ ကာကွယ်စောင့်ရှောက်ရမည်။ အဘယ့်ကြောင့်ဆိုင်သော် နိုင်ငံခြားမှလာရောက်နေထိုင်သော သူများ၏ အခွင့်အရေးများကို လျော့နည်းစေပြီး အန္တရာယ်ကျရောက်စေမှာဖြစ်သောကြောင့်ဖြစ်၏။ နာမည်ကျော်ကြားသော ဗြိတိသျှနိုင်ငံရေးသိပ္ပံပညာရှင် ဂျွန်လောခ် ရေးသားထားသော လူထုအုပ်ချုပ်ရေး ကျမ်းထဲမှာ လူသည် အခြားသူကို တန်ခိုးနှင့် ပြည့်စုံစေခြင်းငှာ ကျွမ်းကျင်သော အလုပ်သမားဖြစ်ပြီး အဆုံးအစမရှိသော အသိပညာကြွယ်ဝအောင်ပြုလုပ်သူဖြစ်၏။ အတိုင်းမသိ တန်ခိုးအာဏာကြီးသော ဘုရားသခင်သည် အစေခံလူသားများကို သူ့လုပ်ငန်းအတွက် ဤကမ္ဘာပေါ်သို့စေလွှတ်ခဲ့သည်။ သူတို့သည် ဘုရားသခင်ပိုင် ပစ္စည်းများဖြစ်ကြ၏။ သူ၏ ကျွမ်းကျင်သော အလုပ်သမားများဖြစ်ကြ၏။ သူ၏နိုင်ငံတော်ကို တည်တံ့ခိုင်မြဲစေသူများ ဖြစ်ကြ၏။ သူတို့အချင်းချင်း ပျော်ရွှင်မှုပေးကြရန် စေလွှတ်တော်မမူခဲ့ပါ။ ဂျွန်လောခ်က ဆက်လက်ပြောခဲ့သည်မှာ ကျွန်ုပ်တို့သည် ဘုရားသခင်၏ မူပိုင်ပစ္စည်းများဖြစ်သည်နှင့်အမျှ ဘုရားသခင်သည် ကျွန်ုပ်တို့လူသားများကို ကောင်းမွန်စွာပြုစုစောင့်ရှောက်ရန် တာဝန်များကို ပေးတော်မူခဲ့၏။ လောခ့်ကရေးခဲ့သည်မှာ လူတိုင်းမှာရှိကြတဲ့ ကိုယ့်ပစ္စည်းများကို ကိုယ်တိုင် ပိုင်ဆိုင်ခွင့်ရှိသည်။ ဤအချက်က လိုက်လာသည်မှာ ကျွန်ုပ်တို့ လူများ၏ အတွင်းဘက်ပိုင်းနှင့် အပြင်ဘက်ပိုင်းမှဖြစ်ပေါ်လာသော ပိုင်ဆိုင်ပစ္စည်းများကို ထိန်းသိမ်းပေးရန် အရာတိုင်းတွင် ဘုရားသခင်က ကျွန်ုပ်တို့ကို အခွင့်အရေးပေးတော်မူ၏။ အခြားနည်းအားဖြင့် ပြောမည်ဆိုလျှင် ဘုရားသခင်သည် ကျွန်ုပ်တို့ အပါအဝင် အရာအားလုံးကို ဖန်ဆင်းတော်မူပြီး အတွင်းဘက်နှင့် အပြင်ဘက်ပိုင်းမှဖြစ်ပေါ်လာသော ပစ္စည်းများကို ပိုင်ဆိုင်ခွင့်ပေးတော်မူ၏။

ဘုရားသခင်သည် ကျွန်ုပ်တို့လက်ထဲတွင် ထားခဲ့သောအရာတိုင်းတွင် ကောင်းသော တာဝန်မှူး တစ်ယောက် ဖြစ်ဘို့ရန် ခိုင်းတော်မူ၏။ ဘုရားသခင်ပေးတော်မူသော အရာတိုင်းတွင် အိမ်များ၊ ကုန်းမြေများ၊ ပိုက်ဆံများ သို့မဟုတ် ပင်ကိုစွမ်းရည်များ၊ အရည်အချင်းများနှင့် ဗဟုသုတများလည်းပါဝင် သည်။ ပစ္စည်းထိန်း၏ အယူအဆမှာ ပိုင်ဆိုင်သောပစ္စည်း၏ အခြေခံမူကို ရုပ်လုံးဖေါ်ခြင်းဖြစ်၏။ မည်သည့်ပစ္စည်းကိုမျှ ကျွန်ုပ်တို့ထံမှယူမသွားခင်မှာ ကျွန်တော်တို့သည် သဘောတူ ကျေနပ်မှုရှိ ပါလိမ့်မည်။ ကျွန်ုပ်တို့သဘောတူညီမှုမရှိဘဲ ပစ္စည်းများကို ယူသွားလျှင် အမှန်တကယ် ကျွန်ုပ်တို့မှာ ဘာပစ္စည်းများကိုမျှမရှိတော့ချေ။ ဒါဟာ ဘာကြောင့်လဲဆိုတော့ မည်သည့် အခွန်ငွေမဆိုပြည်သူလူထုထံမှ ကောက်ခံရာတွင် ပြည်သူလူထုက ရွေးချယ်ထားသော ကိုယ်စားလှယ်များထံမှတဆင့် ပေးဆောင်ရမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် ပစ္စည်းများ ပိုင်ဆိုင်ခွင့် အခွင့်အရေးများကို အကျိုးပြုသော အခွန်ကောက်ခံခြင်း၊ ဥပဒေပြဌာန်းခြင်း များကို ကျွန်ုပ်တို့၏ ကိုယ်စားလှယ်များမှတဆင့်ပေးဆောင်ရန် သဘောတူကြသည်။ အကယ်၍ ပြည်သူ့ကိုယ်စားလှယ်က ကိုယ်စားမပြုခဲ့လျှင် ဥပဒေအရ အခြား လူတစ်ဦးကို သူ့နေရာအတွက် အစားထိုးခန့်အပ်ရမည်ဖြစ်သည်။ ပစ္စည်းပိုင်ဆိုင်မှု အခြေခံမူပေါ်တွင် တည်မှီနေသောလူတစ်ယောက်သည် တစ်စုံတစ်ယောက်သောသူ၏ ကိုယ်ပိုင်ပစ္စည်းများကို သူ၏ခွင့်ပြုချက်မရရှိဘဲ သို့မဟုတ် တစ်စုံတစ်ယောက်သောသူ၏ အခွင့်အရေးများနှင့် အသိစိတ်ဓာတ်ကို ချိုးဖောက်ခြင်းပြုလုပ်ပါက အစိုးရနှင့် အခြားနိုင်ငံသားများကို တာမြစ် အရေးယူမှုပြုလုပ်ရမည်ဖြစ်၏။ နိုင်ငံသားများ အသက်တာတွင် ဤပစ္စည်းပိုင်ဆိုင်ခွင့် အခြေခံမူကို ပျက်ကွက်မှုရှိပါက မတရား အခွန်ကောက်ခြင်း၊ အစိုးရက ထိန်းချုပ်ထားသော စီးပွားရေးလုပ်ငန်း၊ အတွင်းပိုင်းနှင့် အပြင်ပိုင်း နှစ်ခုလုံးမှဖြစ်သော ကိုယ်ပိုင်ပစ္စည်းများနှင့် အခွင့်အရေးများကို မတရားသိမ်းပိုက်ခြင်းများဖြစ်ပေါ်စေပါသည်။

## ၅။ ပညာရေး မျိုးကြဲခြင်းနှင့် ရိတ်သိမ်းခြင်း။

အသိဉာဏ်ခေါင်းပါးသော လူတစ်ယောက်သည် မကြာခင်အတွင်း လူတစ်ယောက်၏ ကျွန်ဖြစ်လိမ့်မည်။ ကောင်းမွန်စွာ သင်ကြားထားသော နိုင်ငံသားများ သာလျှင် တည်မြဲသော လွတ်လပ်မှုကို ရရှိနိုင်သည်။ နိုင်ငံတစ်နိုင်ငံအတွင်းရှိ လွတ်လပ်မှုကို ထိန်းသိမ်းခြင်းသည် လွတ်လပ်သော အစိုးရကိုမည်သည့်

အခြေခံမှုပေါ်တွင် တည်ဆောက်ခဲ့သည်ကို ပြည်သူပြည်သားများ နားလည်သဘောပေါက်ပြီး ခေါင်းဆောင်များကို သူတို့၏ ဖွဲ့စည်းပုံ အခြေခံနှင့်ပတ်သက်သောအခွင့်အရေးနှင့် ကာကွယ်ရေးကို တိုက်စားခြင်းမှ ကာကွယ်နိုင်ရမည် ဖြစ်သည်။ ပညာရေးဆိုသည်မှာ မျိုးကြဲခြင်းနှင့် ရိတ်သိမ်းခြင်း၏ လုပ်နည်းအစဉ်ဖြစ်သည်။ ပညာရေးသည် မျိုးစေ့နှင့်တူ၏။ သမ္မာကျမ်းစာက မျိုးစေ့၏ အခြေခံကို မကြာခဏပြောပြခဲ့၏။ မျိုးကြဲသူနှင့် မြေဆီလွှာဥပမာပေးထားသည့်ကို နားလည်သဘောပေါက်ရန် အလွန်အရေးကြီး ပါ၏။ (မာကု ၄) ဘုရားသခင်နိုင်ငံသည် မျိုးစေ့နှင့်တူ၏။ သို့သော် ကျွန်ုပ်တို့သည် နောင်တရပြီး ခရစ်တော်ထံသို့ ကိုယ့်ကိုယ်ကို အပ်နှံသည်နှင့် တပြိုင်နက် ချက်ချင်းပြောင်းလဲ ကြ၏။ ဘုရားသခင် အကျင့်စာရိတ္တထူထောင်ခြင်းနှင့် နိုင်ငံတော် တည်ထောင်ခြင်းတို့သည် ကျွန်ုပ်တို့အထဲ၌ရှိနေခဲ့လျှင် တဖြေးဖြေးတိုးတက်ပြောင်းလဲ လာလိမ့်မည်။ ပျိုးပင်တစ်ပင်သို့မဟုတ် သစ်ပင်တစ်ပင်ကြီးထွားလာသကဲ့သို့ အကျင့်စာရိတ္တ အစားထိုးဝင်လာသောအခါ လူသည်လည်း ကြီးထွားလိမ့်မည်။ မျိုးစေ့ကို စိုက်၍နေရောင်ခြည်ရရှိစေခြင်း၊ မြေသြဇာကျွေးခြင်း၊ ဂရုစိုက်ပြုစုခြင်းဖြင့် ပျိုးပင်လေးသည် ကြီးထွားလာပြီး အသီးသီးလာ၏။ (ပေါင်းရှင်းခြင်း၊ နွယ်ပင်၊ ချုံပင်များရှင်းပေးခြင်းတို့ကိုလည်း သတိရရန်လိုသည်)။ ဤတူညီသော အခြေခံမှုသည် ဘုရားသခင်၏ ကမ္ဘာ့နိုင်ငံများအတွင်း၌ အမှန်တရားထူထောင်ခြင်ကို အသုံးပြုခြင်းဖြစ်သည်။ ဒါဟာ တဖြေးဖြေးလုပ်နည်းအစဉ်ဖြစ်ပြီး ခရစ်ယာန်ပညာရေး နည်းလမ်းတစ်ခုတည်းဖြစ်သော ဖြစ်ပျက်သည်။ အတွေးအခေါ် အယူအဆများကို လူများထဲတွင် ကြဲလိုက်သောအခါ လူသည် နှစ်အတန်ကြာလာသောအခါ၌ လူများသည် ကြီးထွားလာပြီး အသီးပွင့်များသီးလာကြပြီး ဘဝအသက်တာ၏ ပုံစံအသီးသီးဖြစ်ကြသော လူကိုယ်တိုင်၊ လူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးစသည်တို့ကို ဖြစ်ပေါ်တိုးတက်စေ၏။ ဒဿနိက ဗေဒပညာသင်ကြားပေးသော ကျောင်းများတွင် အတွေးအခေါ် အယူအဆများကို သင်ကြားပေးခြင်းဖြင့် တွေးခေါ်တတ်သောလူငယ်မျိုးဆက်များဖြင့် ဖွဲ့စည်းထားသော အစိုးရဖြစ်ပေါ်လာလိမ့်မည်။ နိုင်ငံတစ်နိုင်ငံ၏ ပညာရေးနှင့်ဆိုင်သော အဖွဲ့စည်းများက သင်ကြားပေးခဲ့သည်မှာ အယူအဆများဝေမျှခြင်းပေါ်မူတည်ပြီး လွတ်လပ်မှု 'ဝါ'

ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက် အခြေခံအုတ်မြစ်ကို ချမှတ်သွားကြသည်။ ပညာရေးသည် အစိုးရနှင့်ဆိုင်သော တွေးခေါ်ရေးအတတ်ပညာမျိုးပွားခြင်းကို ရည်ရွယ်ထားပါသည်။ မကြာသေးသောနှစ်များတွင် မာခ့်ဝါဒီများက သူတို့လုပ်ဆောင်မှုများထဲမှ ပထမဆုံးသော ဆောင်ရွက်မှုတစ်ခုဖြစ်သော ပညာရေးစနစ်ကို ဆက်လက်ထိန်းသိမ်းရေးနှင့် မျိုးပွားစေရေး စသောသူတို့၏ အယူအဆများကို နိုင်ငံအတော်များများသို့ ယူဆောင်ဖြန့်ဝေကြ၏။ ဖွဲ့စည်းပုံအသီးသီးရှိသော အစိုးရသည် သူပိုင် ဒဿနိက ပညာရေးရှိ၏။ လူထုပညာရေးနှင့်ဆိုင်သော အဖွဲ့စည်းများသည် အစိုးရပြည်နယ်၏ အတွေးခေါ်ပညာရေးကို အမြဲတမ်းသင်ကြားပေး၏။ ဘာကြောင့် ပညာရေးဌာနအတော်များများကို တစ်သီးပုဂ္ဂလိက လက်ထဲသို့ ထားကြသနည်းဆိုတာဟာ ပြဿနာတစ်ခုဖြစ်ပါသည်။ မည်သည့်အစိုးရသို့မဟုတ် လူထုနှင့် ဆိုင်သော ကျောင်းများမဆိုဒေသအဆင့်နှင့်အညီ ဗဟိုမှ အာဏာခွဲဝေပေးခြင်းနှင့် ထိန်းချုပ်မှုကို ပြုလုပ်သင့်ပါသည်။ နိုင်ငံတစ်နိုင်ငံ၏ ပညာရေးနှင့်ဆိုင်သော အတတ်ပညာသည် ပြောင်းလဲလာခဲ့လျှင် အစိုးရနှင့်ဆိုင်သော အတတ်ပညာများလည်း အနာဂတ်ကာလတွင် ပြောင်းလဲလာလိမ့်မည်။ လွတ်လပ်သော အစိုးရအနေနဲ့ သူတို့ကူညီပံ့ပိုးခဲ့သော ပြည်သူများသည် လွတ်လပ်သောအစိုးရ၏ လုပ်ငန်းများနှင့် တည်ဆောက်ရေးကို သဘောပေါက် နားလည်မှုရရှိမည်။ ပြည်သူပြည်သားများသည် သူတို့ကို မျက်စိပွင့်လင်းစေခဲ့သောသူတို့၏ ခေါင်းဆောင်များအပေါ် သစ္စာရှိကြပါသည်။ မည်သို့ပင်ဖြစ်စေ ပညာရေးသည် သင်ကြားရေးအချက်လက်များ သို့မဟုတ် ဗဟုသုတရရှိရေးအတွက် လိုအပ်သည်ထက် ပိုမို၍ ပါဝင်အလုပ်လုပ်နေပါသည်။ ပညာရေးတွင် ကိုယ်ကျင့်တရားနှင့် အခြေခံမှုများသည် ပို၍ အရေးကြီးကြ၏။ လွတ်လပ်မှုနှင့် တိုးတတ်ရေးကို လိုလားသော နိုင်ငံသားများသည် ဖွဲ့စည်းပုံ အခြေခံမှုကို လိုက်နာရပါသည်။ ဘာသာအတွင်း၌ ပညာရေးနှင့် ကိုယ်ကျင့်တရားသည် ပထမအရေးကြီးဆုံးဖြစ်သည်။ ဤသို့သော ပညာရေးသည် ကိုယ်ကျင့်တရားနှင့်ဆိုင်သော ဗဟုသုတများဝေမျှရုံမက အမှန်တကယ် လိုအပ်သော ကိုယ်ကျင့်တရားကောင်းမြတ်ခြင်းတရားရှိရန် လုပ်ပေးသည်။ ကျမ်းစာထဲ၌ အမြစ်များ စိုက်ထူသောအဖွဲ့အစည်းများအတွက် အဓိက အခြေခံကျသည်ဟု

အများကလက်ခံထားသော ဘုရားကိုင်းရှိုင်းသောသူ၏ အင်္ဂရုပ်များနှင့်အညီရှိကြရန်လိုသည်။ ဤအကျင့်ထဲတွင် ရိုးသားမှု၊ သစ္စာရှိမှု၊ အခြားသူများအရေးကို ရှေ့ရှုမှု၊ လုံ့လဝီရိယရခြင်းနှင့် သည်ထက်များပြား ပါဝင်သေးသည်။ မှန်ကန်သော ပညာရေးသည် အနာဂတ်မျိုးဆက်သစ်များ မျိုးပွားရေးနှင့် လွတ်လပ်သောအစိုးရဖွဲ့စည်းရေးအတွက် ရည်ရွယ်ခြင်းဖြစ်သည်။ မှန်ကန်သော ပညာရေးမထူထောင်လျှင် မတရားသော အုပ်စိုးမှုကိုခံရလိမ့်မည်ဖြစ်သည်။

## ၆။ အကျင့်သိက္ခာ သို့မဟုတ် ခရစ်ယာန်အကျင့်စာရိတ္တ

မည်သည့်နိုင်ငံမဆို လူများထဲတွင် ကောင်းမြတ်ခြင်းတရားသို့မဟုတ် အကျင့်သိက္ခမရှိလျှင် ကြာရှည်ခံနိုင်ခြင်းမရှိပါ။ ပြုလုပ်ပုံများနှင့် အခြေခံမှုများဆုံးရှုံးခြင်းသည် လွတ်လပ်သောပြည်သူများကို အကြီးဆုံးခြိမ်းခြောက်သောအရာဖြစ်၍ နိုင်ငံတော်ကို ကျဆင်းစေပြီး နိုင်ငံခြားမှရန်သူများထက်ပို၍ဆိုး၏။ အမေရိကန်တော်လှန်ရေး၏ ဖခင်ကြီးဖြစ်သူ ဆင်မြူရယ် အာဒမ်စ်က ထုတ်ပြောသည်မှာ နိုင်ငံတွင်းရှိ လူများ သီလသမာဓိနှင့် ပြည့်စုံနေသရွေ့ ရန်သူများက မနိုင်နိုင်ပါ။ သို့ဖြစ်၍ ကောင်းမြတ်သော စိတ်တစ်ကြိမ်တစ်ခါ ဆုံးရှုံးလိုက်လျှင် သူတို့သည် အတွင်းသို့မဟုတ် အပြင်ဘက်မှ ကျူးကျော်သူများရန်ကြောင့် မိမိတို့၏ လွတ်လပ်မှုကို လက်လျော့အရှုံးခံဘို့ရန်အဆင်သင့်သာ နေလိုက်ပါတော့ဟုပြောခဲ့ဘူး၏။ သူက ဆက်လက်ပြောကြားခဲ့သည်မှာ နိုင်ငံတစ်နိုင်ငံ အတွင်းရှိ လူများကျွန်ဘဝသို့ရောက်ခြင်းမှ ကာကွယ်နိုင်ရန် အကြီးမားဆုံးသောလုံခြုံရေးသည် လူများကြားတွင် မြင့်မြတ်သော စိတ်ထားရှိခြင်းနှင့် အကျင့်သိက္ခာဆောက်တည်ခြင်းပင်ဖြစ်၏။

လူတိုင်း၏ အဓိကကျသောအခြေခံအခွင့်အရေးများကို ခြိမ်းခြောက်သောအရာသည် လူထုအတွင်း၌ အကျင့်သိက္ခာပျက်စီးခြင်းပင်ဖြစ်၏။ အကျင့်စာရိတ္တရှိသော လူများသည် ဥပဒေလေ့လာခြင်းကို အလိုရှိကြ၍ အခြားသူများ၏ အသက်တာ၊ လွတ်လပ်မှု သို့မဟုတ် ပစ္စည်းဥစ္စာများကို

ခေါင်းမာစွာယူသွားလိမ့်မည်မဟုတ်ချေ။ အကျိုးဆက်များအနေဖြင့် အခြားသော နိုင်ငံသားများက ကြောက်နေအောင်လည်း နေထိုင်ကြမှာမဟုတ်ပေ။ ထပ်ခါ၍ ပြောမည်ဆိုရင် အားနည်းသောအစိုးရသည် သစ္စာသမာဓိနှင့် ပြည့်စုံသောနိုင်ငံတစ်နိုင်ငံ ဖြစ်ဖို့ လိုအပ်ပါလိမ့်မည်။ နည်းသောလူစုက တရားဥပဒေကို ချိုးဖောက်လာလျှင် တောင်မှကြီးမားသော ပြည်သူ့ရဲ့တပ်ဖွဲ့နှင့် တရားရုံးတော်နှင့်ဆိုင်သော စနစ်များလိုမည် မဟုတ်ပါ။ တရားဥပဒေလိုက်နာမှုသည်သာ အားနည်းလာလိမ့်မည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် တားမြစ်ရေးဥပဒေသည် အားအနည်းဆုံးပမာဏသို့ရောက်ရှိပြီး နိုင်ငံသားများသည် သူတို့ကို သူတို့ အတင်းခိုင်းစေကြလိမ့်မည်။ သီလသမာဓိနှင့်ပြည့်စုံသော နိုင်ငံတွင် အုပ်ချုပ်သူများသည် အကျင့်စာရိတ္တကောင်းမွန်သောသူများဖြစ်ကြ၏။ ဤအကျင့် သီလကောင်းမွန်းက ပိုမိုကောင်းမွန်သော လွတ်လပ်မှုကို ထုတ်လုပ်လာသည်။ အကြောင်းမှာ နိုင်ငံအုပ်ချုပ်သူများသည် တစ်ဦးချင်း၏ အခွင့်အရေးများ၊ ဆိုးသောတရားဥပဒေပြဋ္ဌာန်းခြင်းဖြင့် အတင်းအဓမ္မသိမ်းယူခြင်းများကို မပြုလုပ်ကြပေ။ သူတို့သည် ပြည်သူများထံမှ အမိန့်ပြန်တမ်းထုတ်ပြီး ပိုက်ဆံ၊ ခိုးယူခြင်း၊ အခွန်များကို သတ်မှတ်ထားသည်ထက် ပို၍ ကောက်ခံခြင်းများကိုလည်း မပြုလုပ်ကြပါ။ အကျိုးဆက်အားဖြင့် လူများသည် ကြောက်ရွံ့ခြင်း ကင်းစွာအစိုးရလက်အောက်တွင် နေထိုင်ကြသည်။ ကောင်းမြတ်ခြင်းတရားသို့မဟုတ် အကျင့် စာရိတ္တဆိုသည်မှာဘာလဲ? ကောင်းမြတ်ခြင်းတရားအကြောင်းကို အခွင့်အရေး၏ အဆင့်အတန်းနှင့် ကိုက်ညီအောင်နှင့် အမှန်တရားကို ကိုယ့်စိတ်ဓာတ်နှင့် ကိုယ်နာခံခြင်း စသည်တို့နှင့် ပတ်သက်၍ ရှင်းပြပြီးခဲ့ပါပြီ။ အကျင့်စာရိတ္တဆိုသည်မှာ – အားကောင်းသော ယုံကြည်ချက်ဖြစ်ပြီး မပြောင်းလဲသော အပြုအမူဖြစ်သည်ဟုဆိုလိုသည်။ အကျင့်စာရိတ္တကို လုံးစေ့ပတ်စေ့လေ့လာလျှင် ဖိအားများမှတဆင့်စာတမ်းတံဆိပ်နှိပ်ခြင်းကိုဆိုလိုသည်။ ဤစာတမ်းက အချုပ်ဖေါ်ပြလိုသည်မှာ ဘုရားသခင်သည် ကျွန်ုပ်တို့၏ အသက်တာ၌ ဘာလုပ်ရသည်ကို ဖေါ်ပြခြင်းဖြစ်သည်။ ဘုရားသခင်၏ အကြံစည်သည် လူအသီးသီးကို သူကဲ့သို့ ဖြစ်စေတော်မူလိုသည်။ (ရောမ ၈း၂၉) က ဖော်ပြခဲ့သည်မှာ ဘုရားသခင်၏ သားတော်သည် အများသောညီတို့တွင်

သားဦးဖြစ်တော်မူမည့် အကြောင်း၊ ဘုရားသခင်သည် ရှေ့မဆွကသိတော်မူသောသူတို့ကို သားတော်၏ ပုံသဏ္ဍာန်နှင့် တစ်ညီတည်းဖြစ်စေခြင်းငှာ ရှေ့မဆွကခွဲခန့်မှတ်သားတော်မူသည်။ ဘုရားသခင်သည် သူ့အကျင့်စာရိတ္တကို ငါတို့ထဲ၌ ဆောက်တော်မူ၏။ သို့မဟုတ်သူ၏ ပုံသဏ္ဍာန်ကို ငါတို့အပေါ်၌ စာတမ်းထိုး၍တံဆိပ်ခတ် တော်မူသည်ဟုပြောနိုင်သည်။ ဤသို့ပြုလုပ်ခြင်းကြောင့် ငါတို့သည် ဤလောကတွင် သူ၏ ဥပမာများဖြစ်ကြသည့်နည်းတူ ငါတို့အသက်တာများအတွက် သူ၏ ရည်ရွယ်ချက်ကို ပြည့်စုံစေရန် တတ်စွမ်းနိုင်မည်ဖြစ်၏။ သမိုင်းကဖော်ပြခဲ့သည်မှာ လူများတွင် ကောင်းမြတ်ခြင်းနှင့် အကျင့်စာရိတ္တကောင်းများရှိစေဘို့ရန်ဖြစ်ပြီး ဖွဲ့စည်းတစ်ခုအတွင်း ပျော်ရွှင်မှုနှင့် တိုင်းပြည်၏ လိုအပ်သော လွတ်လပ်မှုကြာရှည်တည်တံ့ခိုင်မြဲရေးကို ဖြစ်ပေါ် စေသည်။ လူ့သဘာဝသည် အကျင့်ပျက်စီးခဲ့လျှင် လွတ်လပ်ခြင်း၏ အခြေခံအုတ်မြစ် သည်လည်း လွယ်ကူစွာ ပျက်စီးကြရ၏။

အောက်ပါဖော်ပြချက်များသည် သီလသမာဓိနှင့် ပြည်စုံသောနိုင်ငံသားများ၏ အချိုးသော ဂုဏ်အင်္ဂါရပ်များဖြစ်ကြ၏။

၁။ သူတို့သည် အများကောင်းကျိုးကိုရှေ့ရှုပြီး သူတို့နှစ်သက်သော အလုပ်ထက်ပို၍ ဦးစားပေးကြ၏။

၂။ သူတို့သည် ဒေသအတွင်း၊ နယ်ပယ်အတွင်းနှင့်နိုင်ငံတွင် အုပ်ချုပ်ရေး၌ စိတ်အား ထက်သန်စွာ ပါဝင်ဆောင်ရွက်ကြသည်။ လူထုအရာရှိများ၏ လွဲမှားစွာ လမ်းပြမှုများပြုပြင်ရန် နည်းလမ်းရှာကြံကြ၏။

၃။ သူတို့သည် နိုင်ငံ၏ ကံကြမ္မာနှင့် ဂုဏ်အတွက် လိုအပ်လာလျှင် မိမိတို့အသက်များ ကိုပင် စွန့်စားလိမ့်မည်ဖြစ်၏။

၄။ တစ်သီးပုဂ္ဂလိကနှင့် လူထုအတွင်း မှန်ကန်သော လမ်းပြမှုရှိစေရန် သူတို့တာဝန်များကို ပြသခဲ့သည်။ လွတ်လပ်သော စီးပွားရေးဈေးကွက်သည် သီလသမာဓိနှင့် ပြည့်စုံသော ပုဂ္ဂိုလ်များအပေါ်တွင် တည်မှီနေသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းပုဂ္ဂိုလ်များသည်။

၁။ သူတို့၏ အလုပ်ရှင် သို့မဟုတ် အခြားသူများထံမှ ခိုးယူမှုမပြုလုပ်ကြပါ။ ၄င်းခိုးယူခြင်းမျိုးသည် ကုန်ပစ္စည်းဈေးနှုန်းများကိုတိုးမြင့်စေသည်။

၂။ သူတို့သည် လူမှုကျင့်ဝတ်လုပ်ငန်းများကို စွမ်းစွမ်းထပ်မံဆောင်ရွက်ပြီး အကျိုးဖြစ်ထွန်း စေ၏။ ဤသို့ကြိုးကြိုးစားစားဆောင်ရွက်ခြင်းဖြင့် တိုင်းပြည်၏ စီးပွားရေးကို တိုးတက်စေ၏။

၃။ သူတို့သည် သဘောတူညီသည့် စာချုပ်ကိုလေးစားကြ၏။

၄။ သူတို့သည် အမြတ်အစွန်းများရရှိနိုင်ရန် ငွေရင်းများကို မြှုပ်နှံကြသည်။

၅။ သူတို့သည် သားစဉ်မြေးဆက်များအတွက် သက်ဆိုင်မှုရှိသည်။ အခက်အခဲများ ကျော်လွှားနိုင်ဘို့ရန် ရှာကြံကြ၏။ သားစဉ်မြေးဆက်များကို သူတို့ပိုင်ဆိုင်သည်ထက် ပိုမို၍ ပိုင်ဆိုင်စေလိုကြ၏။

၆။ ပြည်သူလူထုပိုင်ပစ္စည်းများကို မဖြုံးတီးကြသည့်အပြင် ပတ်ဝန်းကျင်၏ စေခံမှုုကောင်းများဖြစ်ဘို့ရန် ကြိုးစားကြ၏။

ထို့ကြောင့် ပြည်သူလူထုအကြား အကျင့်စာရိတ္တပျက်ပြားမှုများရှိပါက အောက်ပါအကျိုး ဆက်များဖြစ်ပေါ်စေနိုင်သည်။ ပြည်သူလူထုအကြားတွင် အကျင့်စာရိတ္တပျက်ပြားမှုရှိပါက ရေမစီးဆင်ခြင်း၊ ရေဝပ်ခြင်းနှင့်တူသော စီးပွားရေးကျဆင်းမှု၊ တရားဥပဒေပျက်စီးမှု၊ နိုင်ငံရေးခေါင်းဆောင်တစ်ဦးနောက်တစ်ဦးရွေးချယ် အပြောင်းလဲလုပ်ရာတွင် ချောမွေ့ ပြေပြစ်မှုမရှိခြင်းတို့ကိုဖြစ်ပေါ်စေသည်။ အုပ်ချုပ်ရေးတာဝန်ကို ထိန်းချုပ်နိုင်သော အကျင့်ပျက်ပြားသော စစ်တပ်၏ အာဏာပိုမိုသုံးစွဲပြဿနာများဖြေရှင်းရန် ကြိုးစားခြင်းဟူသော ပြဿနာများကိုဖြစ်ပေါ်စေသည်။ သီလသမာဓိနှင့် ပြည့်စုံသောသူများသည် လွတ်လပ်သော နိုင်ငံတစ်နိုင်ငံဖြစ်လာရန်နှင့် ဆက်လက်တည်မြဲနိုင်ဘို့ရန် အလုပ်လုပ်ကိုင်ရာ၌ နိုးကြားထကြွသော သူများဖြစ်ကြ၏။ အမြဲတန်းနိုးကြားထကြွမှုသည် လွတ်လပ်မှုဆက်လက် တည်မြဲရေး၏ အဖိုးအခပင်ဖြစ်သည်။ အကျင့်စာရိတ္တနှင့် ပြည့်စုံသောသူသည် သူတို့၏ လုံခြုံရေးနှင့် အစိုးရအာဏာ အကန့်သတ်အားဖြင့် ဆက်လက်တည်မြဲနိုင်ရန် အမြဲတမ်းနိုးကြားထကြွမှုရှိကြလိမ့်မည်။

## ၇။ ဘုရားသခင်နှင့် သူ၏နှုတ်ကပတ်တော်၌ ယုံကြည်မှုရှိခြင်း

လွတ်လပ်သောလူမှုအဖွဲ့စည်း၏ အခြေခံအုတ်မြစ်ဖြစ်သော အခြေခံမူများသည် လူများ၏ ဘာသာရေး (သို့မဟုတ်) ယုံကြည်ခြင်းများဆီသို့ တိုက်ရိုက်အားဖြင့်သော်လည်းကောင်း၊ သွယ်ဝိုက်အားဖြင့်သော်လည်းကောင်း၊ စီးဆင်းသွားသည်။ ကျွန်ုပ်တို့လေ့လာစမ်းသပ်သော အခြေခံမူများသည် သမ္မာကျမ်းစာမှလာသောမူများဖြစ်ကြသည်။ ဤတစ်ဦးစီဖြစ်သော အခြေခံမူများသည် လူများ၏ ဘဝအသက်တာ အစိတ်အပိုင်းတစ်ခုဖြစ်သော လွတ်လပ်သော နိုင်ငံထူထောင်ဖို့ရန်နှင့် ဆက်လက်တည်မြဲနိုင်ရန်မရှိမဖြစ်လိုအပ်သော ဘုရားသခင်၏ ထောက်ပံ့ရေးပင်ဖြစ်သည်။ တစ်ခုချင်းစီဖြစ်ခြင်း၏ အခြေခံမူအရ ဘုရားသခင်ဖန်ရှင်းတော် မူခဲ့သော လူသားသည် တန်ဖိုးရှိ၍ မတုပနိုင်သောသူများဖြစ်သည်ကို တွေ့ရှိခဲ့ပါသည်။ လူသည် ဘုရားသခင်နှင့် အမှန်တရားက အုပ်ချုပ်သောသူဖြစ်သည်နှင့်အမျှ ကိုယ့်ကိုယ်ကို အုပ်ချုပ်နိုင်သူဖြစ်သည်။ အကျင့်သိက္ခာသည် ဘာသာရေးနှင့် ခွဲခြား၍ မတည်ရှိနိုင်ပါ။ ဘုရားသခင်၏ လူ့စိတ်ထဲတွင်ထားခဲ့သော အမှားအမှန်ကို ခွဲခြားတုံ့ပြန်နိုင်သော အသိစိတ်သည် လူ၏ အဖိုးတန်ဆုံးပိုင်ဆိုင်မှုဖြစ်သည်။ လူထုအကြားတွင် စည်းလုံးညီညွတ် ရေးကို ယူဆောင်လာနိုင်ရန် အားအကောင်းဆုံးမှာ အများနှင့်ဆိုင်သော ယုံကြည်မှုဖြစ်သည်။ လွတ်လပ်မှုကို မျိုးပွားစေသော ပညာရေးသည် အမှန်တရား၏ မျိုးစေ့မျာကို ကြဲသည်။ အမှန်တရားအားလုံးသည် ဘုရားသခင်မှ အစပြုသည်။ အဓိက အခြေခံကျသော လူ၏ အခွင့်အရေးများကို အစိုးရထံမှ လုံခြုံမှုရရှိရန် ဘုရားသခင်က ပေးထားသော အခွင့်အရေးများ ဖြစ်သည်ဟု လူများက အသိမှတ်ပြုကြပါလိမ့်မည်။ အစိုးရက ပေးသည်မဟုတ်ပါ။

လူ့အခွင့်အရေးများကို အစိုးရသို့မဟုတ် လူကသာပေးသည်ဟု ထင်မှတ်လျှင် ၎င်းအခွင့်အရေးများကို အစိုးရက သိမ်းယူနိုင်သည်။ သို့သော် ဘုရားက လူကို ပေးသော အခွင့်ရေးဟု ထင်မှတ်ပါက မပြောင်းလဲနိုင်သော အခွင့်ရေးပင်ဖြစ်သည်။ လူသားများအတွက် လွတ်လပ်မှုကိုလုံခြုံအောင် ထိန်းသိမ်းခြင်းသည်အောက်ဖော်ပြပါမေးခွန်း၏ အဖြေကို သိရှိနားလည်သူဖြစ်လိမ့်မည်။ လူ့အဖွဲ့အစည်းထဲ၌ရှိသော ဥပဒေ၏ ဇစ်မြစ်သည် မည်သနည်း။

အမှန်ကန်ပြောမည်ဆိုလျှင် လူ့အဖွဲ့အစည်း၏ ဥပဒေဇစ်မြစ်သည် ၄င်းအဖွဲ့စည်း၏ နတ်ဘုရားဖြစ်၏။ လူသည် နောက်ဆုံးဥပဒေ၏ ဇစ်မြစ်ဖြစ်ခဲ့လျှင် လူ့အယူအဆနှင့် နားလည်မှု ပြောင်းလဲတိုင်းဥပဒေသည်လည်း အစဉ်မပြတ်ပြောင်းလဲနေလိမ့်မည်ဖြစ်၏။ ဘုရားသခင်သည် မှန်ကန်သော ဥပဒေ၏ဇစ်မြစ်ဖြစ်၍ သူ၏ ဥပဒေသည် အကြွင်းမဲ့မှန်ကန်ပြည့်စုံ၏။ တရားဥပဒေကို လေ့လာလိုက်စားသူ အင်္ဂလိပ်လူမျိုး ဝီလ်လျန်ဘလက်စတုန်း၏ အဆိုအရ လူသားက ဖွဲ့စည်းထားသော မည်သည့်ဥပဒေမဆိုတရားဝင်ခြင်းမရှိပါ။ ဘုရားသခင်၏ ပို၍ အဆင့်တန်းမြင့်သောဥပဒေကိုသာ ဆန့်ကျင်၏။ လူထုလွတ်လပ်မှုနှင့် တစ်ဦးချင်း လွတ်လပ်မှု တိုးတက်ရေးကိုလေ့လာရာတွင် ထင်ရှားစွာတွေ့မြင်နိုင်သည်မှာ ခရစ်ယာန်များ၏ ယုံကြည်ခြင်းသည် သမိုင်းတွင် အကြီးမားဆုံးဖြစ်သော လွတ်မြောက်ရေးနှင့် ကြီးဖွားတိုးတက်ခြင်းကိုဖြစ်စေသော ဥပဒေများကို ထောက်ပံ့ကူညီခဲ့သည်။ လူများထဲတွင် လိုအပ်သော လွတ်လပ်မှုရှိစေရန် ခရစ်ယာန်ဘာသာက အာဏာ သို့မဟုတ် အခြေခံမှုများကို ထုတ်လုပ်ခဲ့သည်။ ဘလက်စတုန်းရေးသားထားသော သဘာဝ၏ ဥပဒေများ စာအုပ်ထဲတွင် လူသားအားလုံးအတွက် လွတ်လပ်မှု၏ ဥပဒေများကို ထင်ရှားသော ရုပ်သွင်များဖြင့် ဖော်ပြထားခဲ့သည်။ မည်သို့ပင်ဖြစ်စေ ဘုရားသခင်က လူများသို့ သူ့ဥပဒေများကို ဖော်ပြခဲ့ရာတွင် အခြေခံကျသောနည်းလမ်းမှာ ဘုရားသခင်၏ နှုတ်ကပတ်တော်များကို ရေးသားထားသော သမ္မာကျမ်းစာပင်ဖြစ်သည်။ လူမျိုးများသည် အခြေခံမှုဖြစ်သော သမ္မာကျမ်းစာကို လက်တွေ့အသုံးပြု/မပြုကို တိုင်းတာသိရှိနိုင်ရန် ၄င်းလူမျိုးများ၏ ကြီးပွားတိုးတက်ခြင်းနှင့် လွတ်လပ်မှုရရှိခြင်းကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါသည်။ The first exhaustive dictionary ကို ပြုလုပ်သူ Noah Webster က ပြောခဲ့သည်မှာ ယခုကမ္ဘာက လက်ခံနှစ်သက်သော လူထုလွတ်လပ်ရေးအားလုံး နီးပါးသည် ခရစ်ယာန် ဘာသာရေး၏ အခြေခံမှုမှစတင်သည်။ လူထုလွတ်လပ်ရေးအကြောင်းကို မိတ်ဆက်ပေး နေသော ဘာသာရေးသည် ခရစ်တော်နှင့် သူနောက်လိုက်တပည့်တော်များ၏ ဘာသာရေးပင် ဖြစ်သည်။ ဤဘာသာရေးသည် နှိမ့်ချသော စိတ်နှလုံးရှိခြင်း၊ ဘာသာတရား ကိုင်းရှိုင်းခြင်းနှင့် ကောင်းသော အမှုများကို ပြုလုပ်လို စိတ်ရှိအောင် တိုက်တွန်းထား၏။ လူတိုင်းတွင်

တစ်ယောက်နှင့်တစ်ယောက်သည် ညီကိုမောင်နှမများဖြစ် ကြကြောင်း၊ နိုင်ငံသားတိုင်းသည် တူညီသောအခွင့်အရေးများရှိကြကြောင်းကိုသိစေသည်။ ဒါဟာစစ်မှန်သော ခရစ်ယာန် ဘာသာရေးဖြစ်၏။ ဤသို့ဖြစ်သောကြောင့် ငါတို့သည် လွတ်လပ်သောအစိုးရ၏ ဖွဲ့စည်းပုံအခြေခံမူကို ဖွံ့ရန်တာဝန်ရှိသည်။ လူမျိုးတိုင်း၏ လွတ်လပ်မှုသည် အချို့သော ဘာသာရေးများအပေါ်တွင် မူတည်၍ အခြေခံသည်။ သို့သော် ခရစ်ယာန်ဘာသာရေးသည် လူတစ်ဦးချင်းစီအတွက်သာမဟုတ်ဘဲ ပြည်သူလူထုအားလုံး အတွက်ပါ လွတ်လပ်မှုကို ယူဆောင်လာသည်။

**လွတ်လပ်သောအစိုးရ၏အာဏာနှင့်ဖွဲ့စည်းပုံ**

အပြင်ဘက်ပိုင်းဖွဲ့စည်းပုံသည် အမြဲတမ်းအတွင်းဘက်ပိုင်း တန်ခိုးအာဏာကြောင့် ဖြစ်ပေါ်လာသည်။ ဒါဟာ လူထုအစိုးရ၊ အသင်းတော်များ၊ မိသားစုများ၊ လုပ်ငန်းများ သို့မဟုတ် အဖွဲ့အစည်းများအတွက် မှန်ကန်သော အချက်ဖြစ်သည်။ အတွင်းဘက်ပိုင်းရှိ တန်ခိုးသည် အပြင်ဘက်ပိုးရှိတန်ခိုးအာဏာကို ကြိုတင်ဖွဲ့စည်းသည်။ မည်သည့်အရာမဆို သင့်လျော်စွာ ဆောင်ရွက်နိုင်ရန် အမိန့်အာဏာနှင့် ဖွဲ့စည်းပုံနှစ်ခုစလုံးလိုအပ်၏။ ဤအတွင်းပိုင်းမှဖြစ်သော အာဏာသည် ဘဝအသက်တာသို့မဟုတ် စွမ်းအားဖြစ်၍ လုပ်ငန်း ဆောင်ရွက်ရာတွင် ဖွဲ့စည်းထားသော မည်သည့်အဖွဲ့အစည်းအတွက်မဆို အရေးကြီးသော အချက်ဖြစ်၏။ ဤဖွဲ့စည်းပုံသည် လူထုဆီသို့ အမိန့်အာဏာများ သင့်လျော်စွာ ဝင်ရောက်ရှိနိုင်ရန် ဉသုညီအရေးကြီး၏။ ကျွန်ုပ်တို့သည် အာဏာနှင့် ဖွဲ့စည်းပုံကိုသာ လိုအပ်သည်မဟုတ် အလေးချိန်မျှမျှတတ သုံးစွဲတတ်နိုင်ဘို့လည်းလိုအပ်၏။ ဖွဲ့စည်းပုံများလွန်းခြင်းသည် လူထုခြောက်သွေ့မှုကို ဖြစ်ပေါ်စေသည်။ ပြင်းထန်သောအာဏာ သုံးခြင်းသည်လည်း လူထုကို လွင့်ထွက်သွားစေသည်။ ဉပမာအားဖြင့် ကွန်မြူနစ်အုပ်ချုပ်ရေး လမ်းစဉ်ကို ကြည့်လျှင် လူထုအစိုးရဖွဲ့စည်းပုံသည် လူတိုင်းကို ထိန်းသိမ်းနိုင်ရန် လိုင်းတစ်ခုတည်းအတွင်း၌ ထားသောအပြင်ဘက်ပိုင်းမှဖြစ်သော ဖိအားအပေါ်တွင် အားလုံးနီးပါးမှီခိုနေသည်။ တစ်ဦးချင်းစီ၏ အတွင်းပိုင်းမှဖြစ်သော ဖန်တီးနိုင်စွမ်းရှိခြင်း၊ အသက်တာနှင့်စေ့စော်ခြင်းတို့ကို အပြင်ဘက်ပိုင်းမှဖြစ်သော ခိုင်းစေခြင်းများက ချေမှုန်းပြီး မကြာခဏခြောက်သွေ့မှုကိုဖြစ်ပေါ်စေသည်။ အမိန့်အာဏာအကြောင်းကို

အလွန်အကျွံ ပြောဆိုခြင်းသည် တိုင်းပြည်ကိုမင်းမဲ့ဖြစ်ခြင်းနှင့်နောက်ဆုံးတွင် ကျွန်ဘဝရောက်ခြင်းကို ဖြစ်စေ၏။ အမိန့်အာဏာကို လိုအပ်သည်ထက် အလွန်အကျွံ အသုံးပြုပါက ပြည်တွင်း တော်လှန်ရေးများကို ဖြစ်ပေါ်စေသည်။ ပြင်သစ်ပြည်တွင်းစစ်က အကောင်းဆုံး ဥပမာပေး ခဲ့ပါသည်။ နောက်ပိုင်းအခန်းများတွင် လွတ်လပ်သောအစိုးရ၊ လွတ်လပ်သော စီးပွားရေးနှင့် အခြားအပြင်ဘက်ပိုင်းမှဖြစ်သော လူမျိုးများ၏ လွတ်လပ်မှုရုပ်သွင်အမျိုးမျိုးကို လေ့လာစမ်းစစ်သွားပါလိမ့်မည်။ လွတ်လပ်သော အစိုးရ၏ဖွဲ့စည်းပုံ၊ လွတ်လပ်သော စီးပွားရေးလုပ်ငန်း စသည်တို့ဖြစ်ပေါ်လာနိုင်ရန်နှင့် ဆက်လက်တည့်တံ့ခိုင်မြဲနိုင်ရန်မှာ လူတစ်ဦးသည် သူရရှိသောအခွင့်အာဏာကို လက်ဝယ်ပိုင်ဆိုင်အသုံးပြုနိုင်ရသည်။

ဤအခြေခံအုတ်မြစ်မရှိပါက လွတ်လပ်သောအစိုးရကို ဘယ်တော့မှထူထောင်နိုင်မည် မဟုတ်ပါ။ အချုပ်ပြင်ပမှဖြစ်သော အစိုးရဖွဲ့စည်းပုံကို ကူးရုံမျှဖြင့် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်မှုကို လုံခြုံအောင် ထိန်းသိမ်းနိုင်ရန် မလုံလောက်ပါ။ ၎င်းပြင်ပမှဖြစ်သော ဖွဲ့စည်းပုံသည် လူများ၏ စိတ်နှလုံးထဲတွင်ရှိသော လွတ်လပ်ရေး၏ အခြေခံမှုများမှဆင်းသက်လာသည်။ လူမျိုးတစ်မျိုး အတွင်း လွတ်လပ်မှုရရှိစေရန် နည်းလမ်းမှာ အတွင်းဘက်ပိုင်းမှအပြင်ဘက်ပိုင်းသို့ ထွက်လာသော ဖွဲ့စည်းပုံကြောင့်ဖြစ်သည်။ ဤအခြေခံမှုများသည် မည်သည့် ဖိအားမဆို ရင်ဆိုင်နိုင်သော၊ လွတ်လပ်သော၊ တရားမျှတမှုရှိသော၊ ကြီးပွားတိုးတက်သော၊ ငြိမ်းချမ်းရေး၊ ကြာရှည်ခံနိုင်သော လူ့အဖွဲ့စည်းကို တည်ဆောက်ပြီး သင့်လျော်သော ကူညီထောက်ပံ့မှု များကို တစ်ဦးချင်းဖြစ်စေ၊ မိသားစုများဖြစ်စေ၊ အသင်းတော်များ၊ အသင်းအဖွဲ့များနှင့် အစိုးရများသို့ဖြစ်စေ ကူညီထောက်ပံ့နိုင်ရန် အားကောင်းသော အခြေခံအုတ်မြစ်ချခြင်းကို ပြုလုပ်ခဲ့သည်။

အခန်း ၂

## လူမျိုးများအတွက် ဘုရားသခင်၏ အကြံစည်တော်

သမိုင်းတလျှောက်လုံးတွင် ခရစ်ယာန်များနှင့် ခရစ်ယာန်မဟုတ်သောသူများ

နှစ်ဖက်စလုံးက အသိမှတ်ပြုခဲ့သည်။ လွတ်လပ်သော တိုင်းပြည်ဖြစ်ဘို့ရန် လိုအပ်သော အခြေခံအုတ်မြစ်ကို ခရစ်ယာန်ဘာသာရေးကထောက်ပံ့အကူညီပေးသည်ဟု အသိမှတ်ပြုကြ သည်။ ဘင်ဂျာမင် ဖရင့်ကလင်ကပြောခဲ့သည်မှာ – ပြည်သူလူထုအတွင်းသို့ မိတ်ဆက်ပေး လိမ့်မည်ဖြစ်သော ရှေးကျသော ခရစ်ယာန်ဘာသာရေး၏ အခြေခံမူသည် ကမ္ဘာကြီးကို ပြောင်းလဲလာစေလိမ့်မည်။ ဤစာအုပ်၏ ပန်းတိုင်တစ်ခုမှာ – ခရစ်ယာန်များကို သမ္မာကျမ်းစာနှင့် စပ်ဆိုင်သော အခြေခံမူများလူထုအရေးကိစ္စအတွင်းသို့ မိတ်ဆက်ပေးနိုင်ရန် တပ်ဆင်ပေးရန်ဖြစ်သည်။ ထိုကဲ့သို့ပြုလုပ်ခြင်းအားဖြင့် ဘာသာတရားကိုင်းရှိုင်းသောလူများ ပေါ်ထွန်းလာပြီး ကမ္ဘာကြီးကို ပြောင်းလဲလာစေရန်ဖြစ်သည်။ သမ္မာကျမ်းစာနှင့်စပ်ဆိုင်သော အခြေခံမူပေါ်တွင်တည်၍ လူမျိုးများကို ခွဲစိတ်ကုသရန်လေ့လာသည်နှင့်အမျှ ကမ္ဘာ့လူသားများ ဆီသို့ လွတ်လပ်မှုကို ယူဆောင်ပေးကြရန် ပါဝင်ကြရလိမ့်မည်ဖြစ်ပြီး ဤအကြောင်းကြောင့် ဘုရားသခင်၏ လူမျိုးများအတွက် အကြံစည်တော်ကို ပြည့်စုံစေခြင်းငှာ ကူညီရိုင်းပြင်မှုများကို ပြုလုပ်ရပါလိမ့်မည်။

## **ကမ္ဘာ့ပြန်လည်ဖွဲ့စည်းရေးအတွက် လိုအပ်သောအချက်များ**

ဤလောကသည်လွတ်လပ်မှုကို အလွန်တောင့်တလျက်နေ၏။ (ရောမ ၈း၁၉–၂၁) မှာ ဖေါ်ပြသည့်အတိုင်း ဤလောကသည် ဘုရားသခင်သားတို့၏ ပေါ်ထွန်းခြင်းအရာကို အလွန်တောင့်တမျှော်လင့်လျက်နေ၏။ အဘယ့်ကြောင့်ဆိုသော ဖန်းဆင်းခြင်းကိုယ်တိုင်လည်း ဘဲအကျင့်ပျက်စီးခြင်း၏ ကျွန်ဘဝမှလွတ်မြောက်ပြီး ဘုရားသခင်သားများ၏ ဂုဏ်ကျက်သရေရှိသော လွတ်လပ်ရေးကိုရရှိလိမ့်မည်။ အောက်ပါစာရင်းအင်းများသည် အခြေအနေဆိုးသော ကမ္ဘာ့ပြဿနာများကို ဖြေရှင်းရန်အတွက် စစ်မှန်သော လိုအပ်ချက် များကို ဖေါ်ပြထားသည်။

၁။ ကြီးမားသောဆင်းရဲချို့တဲ့ခြင်း။ ကမ္ဘာ့လူဦးရေ သန်းပေါင်း ၂၁၀၀ ကမ္ဘာ့လူဦးရေ၏ ၄၆ ရာခိုင်နှုန်းသည် ဆင်းရဲချို့တဲ့သူများဖြစ်ကြ၏။ ၄င်းတို့အထဲတွင် သန်းပေါင်း ၈၀၀ သော လူဦးရေသည် အလွန်ဆင်းရဲချို့တဲ့သူများဖြစ်ကြ၏ ကမ္ဘာ့လူဦးရေ၏ သန်းပေါင်း ၁၁၀၀ သည် လုံလောက်သောတည်းခိုရာ အိမ်မရှိကြပေ။

လူဦးရေသန်းပေါင်း ၂၁၀၀ သည် လုံလောက်သော ရေပေးရေးမရရှိကြချေ။ လူဦးရေသန်းပေါင်း ၃၀၀၀ ကျော်သည် မလုံခြုံသောရေနှင့် ကျန်းမာရေးနှင့်ညီညွတ်သော အစီစဉ်ရေးဆွဲပေးရန် လိုအပ်သော သူများဖြစ်ကြ၏။ သန်းပေါင်း ၈၅၀ ဖြစ်သော လူဦးရေသည် ကျောင်းမတက်နိုင်ကြချေ။ လူဦးရေ သန်းပေါင် ၈၀၀ သည် လူကြီးများနှင့် စာမတတ်သော သူများဖြစ်ကြ၏။ ကမ္ဘာ့လူဦးရေ၏ သန်းပေါင်း ၁၅၀၀ သည် ဆေးဘက်ပြုစုမှုမခံစားရသော သူများဖြစ်ကြ၏။ သန်း ၅၀၀ သည် အငတ်ဘေးနှင့် ရင်ဆိုင်နေကြ၏။ တစ်နှစ်လျှင် ကမ္ဘာ့လူဦးရေ၏ သန်းပေါင်း ၂၀ သည် အစာရေစာငတ်မွတ်မှုနှင့်ဆက်နွယ်၍ သေဆုံးကြ၏။ လူဦးရေသန်း ၁၅၀၀ ကျော်သည် အဆာငတ်ခြင်းနှင့် အဟာရချို့တဲ့ခြင်းဘေးအန္တရာယ်နှင့် ရင်ဆိုင်ကြရ၏။

၂။ ကိုယ်ဝန်ဖျက်ခြင်း။ တရားဝင်အတည်ပြုသော ကမ္ဘာ့လူဦးရေ၏ ၇၅ ရာခိုင်နှုန်းရှိသော ကိုယ်ဝန်ဖျက်သောနိုင်ငံများတွင် ကိုယ်ဝန်ဖျက်လူသတ်မှု ၂၅ ရာခိုင်နှုန်းကို ခရစ်ယာန်ဘာသာဝင်များက ပြုလုပ်ကြသည်။ ထွက်ပေါ်သောအဖြေမှာ တစ်နှစ်လျှင် ကိုယ်ဝန်ဖျက်သူ စုစုပေါင်း ၆၅ သန်းရှိသည့်အနက် ၃၈ ရာခိုင်နှုန်းသည် တရားမဝင် ကိုယ်ဝန်ဖျက်ကြ၏။

၃။ စစ်တပ်က အာဏာသိမ်းခြင်း။ ကမ္ဘာ့နိုင်ငံများ၏ ၅၀ ရာခိုင်နှုန်းကျော် နိုင်ငံများသည် စစ်တပ်၏ အာဏာသိမ်ခြင်းကိုခံကြရ၏။

၄။ ကြွေးမြီတင်ခြင်း။ တတိယကမ္ဘာသည် ပထမကမ္ဘာထက် အမေရိကန်ဒေါ်လာ ဝမ်းထရီလျှန်အကြွေးတင်သည်။ အတူတကွဖူးပေါင်းဆောင်ရွက်ခြင်းလုပ်ငန်းမှ ဒေါ်လာ ၁.၅ ထရီလျံကျော် အကြွေးတင်သည်။ ကြီးမားသော ကမ္ဘာ့ပြုစလဲခြင်းကိုဖြစ်စေနိုင်သည်။

၅။ လူ့အခွင့်အရေး။ ပျက်စီးလွယ်သောလူ့အခွင့်အရေးများတွင် အချို့သော ကမ္ဘာ့နိုင်ငံ အစိုးရများသည် နှိပ်စက်ညှင်းပန်းခြင်းများကျယ်ပြန့်စွာပြုလုပ်လာကြ၏။ ၁၉၈၀ ခုနှစ်တွင် နိုင်ငံ ၉၈ မှ ၁၁၀ နိုင်ငံအထိ ညှင်းပန်းနှိပ်စက်ခြင်းလုပ်ငန်းကို ပိုမိုပြင်းထန်စွာ ပြုလုပ်လာကြ သည်။ အထူးသဖြင့် တောင်အမေရိကတိုက်ရှိ ကိုလံဘီယာ၊ ပီရူးနိုင်ငံ၊ ပါရာဂွေးနှင့် ချီလီနိုင်ငံ များ၊ အာဖရိကတိုက်နှင့် အာရှတိုက်ရှိ ဆီးရီးယား၊ ပါကစ္စတန်၊ အီရန် စသောနိုင်ငံများဖြစ် ကြသည်။

၆။ ခိုလှုံသူဒုက္ခသည်များ။ ကမ္ဘာ့ကုန်စျေးနှုန်းအထက်အကျလွယ်ကူသောနိုင်ငံ အသီးသီးမှ ရောက်ရှိလာကြသော ခိုလှုံရာမဲ့ဒုက္ခသည်များမှာ ၁၉၆၅–၁၉၈၇ ခုနှစ် အတွင်း သန်းပေါင်း ၂၀ ကျော်ရှိသည်။

၇။ ကြီးမားသောရာဇဝတ်မှု။ အပြည်ပြည်ဆိုင်ရာ ရာဇဝတ်ကျူးလွန်မှုမှ ကုန်ကျငွေ ပမာဏသည် တစ်နှစ်လျှင် ဒေါ်လာ ဘီလီယံ ၄၀၀ ကုန်ကျ၏။ ကြီးမားသော လိမ်ညာမှုနှင့် ကွန်ပျူတာခိုးမှုမှ ကုန်ကျငွေမှာ ဒေါ်လာ ၄၄ ဘီလီယံ၊ တရားမဝင် မူးယစ်ဆေးဝါးထုတ်လုပ် မှုနှင့် ယာဉ်မတော်တဆတိုက်မှုမှ ဒေါ်လာ ၁၁၀ ဘီလီယံ၊ ရာဇဝတ်မှုတွင်ပါဝင်ရန် စည်းရုံးရေး၏ ၃၈ ရာခိုင်နှုန်းနှင့် ကိုကင်းသုံးစွဲသူဦးရေ ၂၅ သန်း (အပါအဝင်) အတွက် ဒေါ်လာ ၂၅ ဘီလီယံကုန်ကျခဲ့သည်။

၈။ တစ်ပါတီစနစ်ဖြင့် အုပ်ချုပ်သောအစိုးရ။ ကမ္ဘာ့လူဦးရေ လူဦးရေစုစုပေါင်း သန်း ၁၃၀ သည် ၁၉၀၀ ခုနှစ်အတွင်း အသတ်ခံခဲ့ကြရ၏။ ၁၉၁၈–၁၉၅၃ ခုနှစ်အတွင်းတွင် ယူနီယအောဖ် ဆိုဗီယက်ဆိုရှယ်လစ် ရုရှားနိုင်ငံသားပေါင်းသန်း ၄၀ ကိုင်း၊ မော်စီတုန်းလက်ထက်တွင် နိုင်ငံသားပေါင်း ၄၅ သန်းကိုင်း ၁၉၇၅–၇၉ ခုနှစ်တွင် ကမ်ဘောဒီးယားနိုင်ငံ၌ လူပေါင်း ၂သန်းကိုင်း သတ်ဖြစ်ခဲ့ကြသည်။ သက္ကရာဇ် ၁၉၀၀ ခုနှစ်အတွင်းတွင် စစ်ကြောင့် လူပေါင်းသန်းပေါင်း ၃၆ အသက်ဆုံးရှုံးကြသည်။

## အဖြေများကို ကျမ်းစာထဲတွင် တွေ့မြင်နိုင်သည်

ကျွန်ုပ်တို့သည် အခန်း ၁ တွင် ဖော်ပြခဲ့ရသည်မှာ သမ္မာကျမ်းစာ၏ အမှန်တရားက ထောက်ပံ့သော လွတ်လပ်မှု၏ အခြေခံမှုများသည် ဖိနှိပ်ချုပ်ချယ်ခြင်းခံရသော လူတစ်ဦးချင်းဖြစ်စေ လူမျိုးများအတွက်ဖြစ်စေ၊ စစ်မှန်သော လွတ်လပ်ခြင်းကို ယူဆောင်လာ၏။ ဘုရားသခင်သည် မြေကြီးကို ဖန်ဆင်းခဲ့သည့် အချိန်မှစ၍ လူသားကို သူ့ဖန်းဆင်းထားသော အရာများပေါ်တွင် အုပ်ချုပ်ရန် တာဝန်ပေးတော်မူ၏ (ကမ္ဘာဦးကျမ်း ၁း၂၈) တွင် ဖော်ပြခဲ့သည်မှာ အချင်းတို့ များပြားစွာမွေးဖွားကြလော့။ မြေကြီးကို ပြည့်စေ၍ နိုင်ကြလော့၊ ပင်လယ်ငါးတို့ကိုင်း၊ မိုးယံကောင်းကင်ငှက်တို့ကိုင်း အသက်ရှင်၍ မြေပေါ်မှာ လှုပ်ရှားတတ်သော

တိရစ္ဆာန်အပေါင်းတို့ကို၄င်း၊ အုပ်စိုးကြလော့ဟု မိန့်တော်မူ၍ သူတို့ကို ကောင်းကြီးပေးတော်မူ၏။ လူသည် ဘုရားသခင်၏ ဥပဒေကို ငြင်းဆန်သောအခါ သူ့ကိုယ်သူ အုပ်ချုပ်နိုင်မှုနှင့်အဖွဲ့စည်းအပေါ် အုပ်ချုပ်နိုင်မှုကိုလည်း ဆုံးရှုံးခဲ့ပြီး၊ လူကို ဖိနှိပ်ချုပ်ချယ်မှုနှင့် မတရားအုပ်ချုပ်ခြင်းက စိုးမိုးလာ၏။ ခရစ်တော် ယေရှု၏ အသေခံခြင်းနှင့် အမှုတော်ဆောင်ခြင်းမှတဆင့် ကိုယ့်ကိုယ်ကို အုပ်ချုပ်နိုင်မှုနှင့် လူထုအုပ်ချုပ်ရေးအတွက် အာဏာများကို ပြန်လည်ရရှိလာကြ၏။ သို့သော် အတွင်းဘက်ပိုင်းမှဖြစ်သော လွတ်လပ်မှုသည် ယေရှုခရစ်၏ အခြေခံကျသော ရှုဒေါင့်ဖြစ်သည်။ သူ၏ လုပ်ငန်း စတင်ခြင်းနှင့် သွားခါနီးနှုတ်ဆက်စကားနှစ်ခုစလုံးသည် အပြင်ဘက်ပိုင်းမှဖြစ်သော လူထုလွတ်လပ်မှုအကြောင်းကို လေးနက်စေသော ဆုံးမစကားဖြစ်သည်ကို မျက်စိလျှံစရာ မဟုတ်ပေ။ (ရှင်လုကာ ၄း၁၈) တွင် ခရစ်တော် မိန့်တော်မူသည်ကား ''အကြောင်းမူကား ဆင်းရဲသားတို့အား ဝမ်းမြောက်စရာသတင်းကို ကြားပြောစေခြင်းငှာ ငါ့ကို ဘိသိက်ပေးတော်မူပြီ။ ကြေမွသောသူတို့၏ အနာကိုပျောက်စေခြင်းငှာ၊ ဖမ်းချုပ်ထားသော သူတို့အား လွှတ်ခြင်းအကြောင်းနှင့် မျက်စိကန်းသောသူတို့အား မျက်စိမြင်ပြန်ခြင်း အကြောင်းကို ပြစေခြင်းငှာ၄င်း၊ ညှဉ်းဆဲခံရသော သူတို့ကို ကယ်မစေခြင်းငှာ၄င်း၊ ငါ့ကိုစေလွှတ်တော်မူပြီဟုလာသတည်း၊'' ဘုရားသခင်၏ စိတ်နှလုံးတော်ထဲတွင် ဆင်းရဲခြင်း၊ ကျွန်ဖြစ်ခြင်း၊ မတရားအုပ်ချုပ်ခြင်းနှင့် တရားမျှတမှုမရှိခြင်းတို့သည် ရှိနိုင်ပါ့မလားဆိုသည်ကို စဉ်းစားသင့်ပါသည်။ ခရစ်တော်ဟောတော်မူသော နောက်ဆုံးဩဝါဒ ဆုံးမစကားထဲတွင် သူသည် သူနောက်လိုက်တော်များကို တာဝန်လွှဲခဲ့သည်မှာ – သင်တို့သွား၍ လူမျိုးတကာ တို့ကို ငါ့တပည့်ဖြစ်စေလျှက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံကို ပေးကြလော့ (မဿဲ ၂၈း၁၉) နာမည်ကျော်ကျမ်းစာဝေဖန်ရေး ဆရာ မဿဲ ဟင်နရီက ရှင်းပြရာတွင် ဤလုပ်ငန်း၏အဓိက ရည်ရွယ်ချက်မှာ ရှင်းပါသည်။ ဒါဟာ လူမျိုးများကို ခရစ်ယာန်လူမျိုးများဖြစ်လာအောင် အစွမ်းကုန်ကြိုးပမ်းရမည်ဖြစ်သည်။ ဒါဟာ ဘုရားသခင်၏ လူမျိုးများအတွက် အကြံစည်ပင်ဖြစ်သည်။ တမန်တော်ရှင်ပေါလုသည် ဤစီမံကိန်းကို ကောင်းစွာ နားလည်သဘောပေါက်၍ ပထမရာစုနှစ်အတွင်းရှိ

ခရစ်ယာန်များနှင့် ဘုရားသခင်၏ အကြံစည်ဆက်သွယ်မှုရှိရန် နည်းလမ်းများရှာခဲ့သည်။ (၁ကော ၆း၂) တွင် ရှင်ပေါလုက အရေးကြီးသော မေးခွန်းကိုမေးသည်။ သန့်ရှင်းသောသူတို့သည် လောကီနိုင်ငံကို တရားစီရင်လိမ့်မည်ဟု မသိကြသလော၊ ဒါဟာ မှန်ကန်မှုရှိလျှင် လူထုကို ဦးဆောင်သည့်နေရာမှာ လုပ်ရည်ကိုင်ရည်ရှိသူဖြစ်ပြီး ဂရိနိုင်ငံအတွင်း၌ အသုံးပြုသော တရားစီရင်နည်းကို ကိုင်စွဲသင့်သည်ဟု ရှင်ပေါလုကပြောခဲ့သည်။

ကောရိန္တုမြို့မှရှိသော ခရစ်ယာန်များနည်းတူ ယနေ့ကမ္ဘာပေါ်ရှိ ခရစ်ယာန်များသည် တမန်တော် ရှင်ပေါလု၏ ပြောဆိုချက်ကိုမှားယွင်းစွာ အဓိပ္ပာယ်ကောက်သူများကို ရှင်ပေါလုက ရှင်းပြသည်တွင် ခရစ်တော် ဒုတိယအကြိမ်ကြွလာတော်မူသည့်နောက်ပိုင်း နောက်တစ်ခေတ်တွင်မှ ကျွန်ုပ်တို့သည် ကမ္ဘာကို အုပ်ချုပ်လိမ့်မည်ဟုဆိုသည်။ နောက် ရှင်ပေါလု၏ မေးခွန်းနှင့် အဖြေ၏ ဆိုလိုချက်မှာ ငါတို့သည် ကောင်းကင်တမန်တို့ကို တရားစီရင်လိမ့်မည်ဟု မသိကြသလော (၁ကော ၆း၃) ကျွန်ုပ်တို့၏ ဘဝအသက်တာဟာ သူတို့ဘဝအသက်တာထက် ဘယ်လောက်သာသလဲ၊ ထို့အပြင် ရှင်ပေါလုက ခရစ်ယာန်များကို ဘုရားသခင်ပေးသောလုပ်ငန်း၌ စိတ်မပါခြင်း၊ မလုပ်ကိုင်ခြင်းတို့သည် မယုံကြည်သူများသည် သူတို့အပေါ်ထိန်းချုပ်မှုပြုလုပ်နိုင်ရန် ခွင့်ပြုရာရောက်သည်ဟု ပြင်းထန်စွာ အပြစ်တင်လိုက်သည်။ ထို့ကြောင့် သင်တို့သည် လောကီအမှုကို စီရင်စရာရှိလျှင် အသင်းတော်၌ အသရေးနည်းသော သူတို့ကို တရားသူကြီးအရာ၌ ခန့်ထားကြလော့။ ထိုသို့ဆိုသော သင်တို့ရှက်စေခြင်းငှာ ပြောဆို၏။ (၁ကော ၆း၄–၅) ဤကဲ့သို့ ရှက်ဖွယ်ကောင်းသော စကားကို ပြောဆိုခြင်းကြောင့် ယနေ့ကမ္ဘာလူမျိုးများကြားတွင် စစ်မှန်သောတရားများပေါ်ပေါက်လာ၏။ ဘုရားသခင်၏ မြေကြီးအတွက် စစ်တိုက်သောအခါ စစ်ရှုံးရခြင်း၏ အဓိကအချက်မှာ ခရစ်ယာန်များသည် ဤအရာများကို ဘုရားသခင်က တကယ်ဂရုမစိုက်ပါဘူးဟု ထင်မှတ်ကြသောကြောင့်ဖြစ်၏။ သူတို့သည် ခရစ်တော်၏ သင်ကြားပေးခဲ့သော ဆုတောင်းချက်ကို မျှော်လင့်ရန်၊ ကောင်းကင်နိုင်ငံအတွက် မဟုတ်ဘဲ မြေကြီးပေါ်တွင်သူ၏ နိုင်ငံတော်ကိုတည်ထောင်ရမည့်အကြောင်းပေးသည်ကို မသိနားမလည် နိုင်သောကြောင့်ဖြစ်၏။ (မဿဲ ၆း၉–၁၀) ထို့ကြောင့်

သင်တို့ဆုတောင်းရမည်မှာ ကောင်းကင်ဘုံ၌ရှိတော်မူသော အကျွန်ုပ်တို့အဘ၊ ကိုယ်တော်၏ နာမတော်အား ရိုသေလေးမြတ်ခြင်းရှိပါစေသော၊ နိုင်ငံတော်တည်ထောင်ပါစေသော၊ အလိုတော်သည် ကောင်းကင်ဘုံ၌ ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါစေသော ဤသို့မသိနားမလည်ခြင်း၊ မိမိတို့တာဝန်များကို လစ်လျူရှုခြင်းသည် ၂၀ ရာစု၏ ကြီးမားသော တန်ဖိုးဆုံးရှုံးခြင်းဖြစ်၏။ ကမ္ဘာနိုင်ငံအတော်များများတွင် သမ္မာကျမ်းစာနှင့် ပတ်သက်သောမှန်ကန်သော လွတ်လပ်ရေးရရှိစေရန် ဘာသာရေးကို လေ့လာသော အတတ်ပညာ စာအုပ်ပေးပို့ခြင်း မရှိကြချေ။ ဤကြားထဲတွင် စာတန်မာန၏ အတုပြုလုပ်သည် ဒဿနိက အတတ်ပညာရှင်များက လူများကို လိမ်လည်လှည့်ဖြားမှုများလည်း တိုးတက်လာ၏။ ဤလိမ်လည်မှုများအနက် တစ်ချက်ကတော့ လွတ်မြောက်ခြင်း၏ (% )သခင်အကြောင်း လေ့လာသော၊ အတတ်ပညာဟူသော စာအုပ်ကိုအသုံးပြုပြီး ၄င်းတို့သည် မမှန်ကန်စွာ သက်သေအထောက်ထားများပြ၍ လူထုထဲတွင် မကောင်းသော အမြစ်များတွယ်စေခြင်း၊ လူမှုရေးသိပ္ပံနှင့်ဆိုင်သော ပန်ဝန်းကျင်လူမှုစီးပွားရေးသည် အဓိက ဖြစ်ကြောင်းနှင့် လွတ်မြောက်ရေးသည် ပြင်းထန်သော တော်လှန်ရေးမှတဆင့် ရောက်လာသည်ဟု တင်ပြပြောဆို၏။ ဤအဆိုကို လိုက်လာသောအချက်မှာ လူများသည် မိမိတို့ ယုံကြည်သော အစိုးရအပေါ်တွင် မှီခိုခြင်းများပြုလုပ်လာကြ၏။ ခရစ်တော်က နှိုင်းယှဉ်ခြင်း ဥပမာဖြင့် မိန့်တော်မူသည်မှာ ယုတ်မာသော အမြစ်သည် လူ၏ စိတ်မှဖြစ်ပေါ်လာသည်။ ထို့ကြောင့် အပြင်ဘက်ပိုင်းမှဖြစ်သော လွတ်လပ်မှုသည် အတွင်းပိုင်းမှ အပြင်ဘက်ပိုင်းသို့ စီးဝင်လာသော အချိန်၌သာဖြစ်နိုင်၏။ ဘာသာရေးထကြွ နိုးကြားလာခြင်းသည် ဘာသာရေးပြန်လည် ဖွဲ့စည်းခြင်း၏ ရှေ့၌ရှိ၏။ ထို့ကြောင့် ခရစ်တော် မိန့်တော်မူသည်ကား မကောင်းသောအသီးကိုသီးသောအပင်ကား ကောင်းသော အပင်မဟုတ်။ ကောင်းသော အသီးကို သီးသောအပင်ကား မကောင်းသောအပင်မဟုတ် အသီးကိုထောက်၍ အပင်သဘောကို သိရ၏။ ဆူးပင်၌သဘော်သဖန်းသီးကို မဆွတ်တတ် တောချုံ၌စပျစ်သီးကို မဆွတ်တတ်။ ကောင်းသောသူသည် ကောင်းသော မိမိစိတ်နှလုံး ဘဏ္ဍာတိုက်ထဲက ကောင်းသောအရာကို ထုတ်ဖော်တတ်၏။ မကောင်းသောသူသည် မကောင်းသော

မိမိစိတ်နှလုံး ဘဏ္ဍာတိုက်ထဲက မကောင်းသောအရာကို ထုတ်ဖော်တတ်၏။ အကြောင်းမူကား စိတ်နှလုံးအပြည့်ရှိသည်အတိုင်း နှုတ်ခွတ်တတ်၏။ (လုကာ ၆း၄၃–၄၅) အကျိုးသက်ရောက်မှုရှိတိုင်းအကြောင်းရှိ၏။ အသီးကို အမြစ်ကဆုံးဖြတ်သည်။ လူ၏ အပြုအမူကို လူ၏စိတ်နှလုံးကဆုံးဖြတ်သည်။ အပြင်ဘက်ပိုင်းမှဖြစ်သောအရာကို အတွင်းဘက်ပိုင်းမှဖြစ်သောအရာက ဆုံးဖြတ်သည်။ အပြင်ဘက်ပိုင်းမှဖြစ်သောအဖွဲ့စည်းများ သို့မဟုတ်တည်ဆောက်ပုံအားလုံးသည် အတွင်းဘက်ပိုင်းမှဖြစ်သောတန်ဖိုးပါဝါ အချို့မှဖြစ်ပေါ်လာသည်။ ဒါဟာ ဩဇာအာဏာနှင့်ဖွဲ့စည်းပုံ၏ အခြေခံမှုဖြစ်သည် အခန်း ၁ တွင် ဖော်ပြခဲ့ပြီးပါပြီ။ ခရစ်ယာန်ဘာသာသည် လွတ်လပ်၍ မျှတမှုရှိသော အစိုးရကို ဖွဲ့စည်းရန်နှင့် ထိန်းသိမ်းရန် အရေးကြီးလိုအပ်သောဘာသာဖြစ်သည်။

**ဘုရားသခင်စောင့်မတော်မူခြင်းအောက်တွင်ရှိသောလူ၏ စိတ်နှလုံးက သမိုင်းကို ပုံဖေါ်သည်။**

ပြင်ပမှဖြစ်သော လူမျိုးတစ်မျိုး၏ အရေးကိစ္စများသည် လူများတွင်ရှိသော စိတ်နှလုံး၏ အခြေအနေကို ထင်ဟပ်ဖေါ်ပြခြင်းဖြစ်သည်။ ပြင်သစ်လူမျိုးသမိုင်းဆရာကြီး ချာလ်စ် ရိုလင်သည် ၁၈ ရာစုနှစ်အတွင်းရှိ စာရေးဆရာများ၏ ဘုရားသခင်သည် သမိုင်း၏ အထက်၌ ဩဇာအာဏာလွှမ်းမိုးသည်ဟူသော အယူအဆကို ပေါ်လွင်စေသည်။ သို့သော် လူမျိုးများကို သူတို့၏ စိတ်နှလုံးနှင့် အပြုအမူပေါ်မူတည်၍ ဆက်ဆံကြသည့် ချာလ်စ် ရိုလင် ရေးသားခဲ့သောစာတွင် ဘုရားသခင်သည် အာဏာအမြင့်ဆုံးသော အရှင်သခင်ဖြစ်သည့် နည်းတူ အဖြစ်အပျက်အားလုံးကို အဆုံးသတ်စေနိုင်ပါသည်။ သူသည် သာလျှင် ရှင်ဘုရင်များ၏ ကံကြမ္မာနှင့် အင်ပိုင်ယာကို မည်မျှကြာ အုပ်ချုပ်ရမည်ကို ဆုံးဖြတ်နိုင်သည်။ သူသည် ဘုရင့်နိုင်ငံများကို လူမျိုးတစ်မျိုးမှ အခြားသော လူမျိုးများဆီသို့ ပြောင်းရွှေ့တော်မူ၏။ အဘယ့်ကြောင့်ဆိုသော် ထိုနိုင်ငံများသည် မရိုးသားသော ဆက်ဆံရေးများနှင့် ယုတ်မာသော အပြုအမူများကို ကျူးလွန်ကြသောကြောင့်ဖြစ်၏။ ဘုရားသခင်၏ မစတော်မူခြင်းအကြောင်းကို နားလည်သဘောပေါက်မှုမရှိလျှင် သမိုင်းအကြောင်းကို နားလည်သဘောပေါက်နိုင်မည်

မဟုတ်ပါ။ ၁၉ ရာစုနှစ်အတွင်း၌ နာမည်ကျော်ကြားသော အမေရိကန် သမိုင်းဆရာကြီး ဂျော့ချ် ဘင်ခရိုတ်က ပြောခဲ့သည်တွင် ဘုရားသခင်၏ စောင့်မတော်မူခြင်းသည် သမိုင်း၏ အလင်းရောက်ဖြစ်၍ ကမ္ဘာ့၏အသက်လည်း ဖြစ်၏။ ဘုရားသခင်သည် သမိုင်းထဲ၌ရှိတော်မူ၍ သမိုင်းအားလုံးသည် စည်းလုံးညီညွတ်ခြင်းရှိကြ၏။ ဘုရားသခင်စောင့်မသောသမိုင်းသည် မှန်ကန်သော သမိုင်း ဖြစ်၏။ ခေတ်မှီပညာတတ်အတော်များများသည် ဘုရားသခင်သည် သမိုင်းကို မ,စသည်ဟူသော အယူဆကို ငြင်းပယ်ကြပြီး ဘုရားသခင်၏ မြှင့်တင်တော်မူသော အရာများထဲမှ တစ်ခုခုကို တွေ့မြင်ပြီး ကျွန်ုပ်တို့ကို ယုံကြည်စေရမှာပေါ့။ လောကအမြင်အားဖြင့် သမိုင်းကို သုံးသပ်မည်ဆိုလျှင် ဤကဲ့သို့ အဓိပ္ပါယ်မရှိသော အချက်အလက်များကို လွယ်ကူစွာ ပြန်ပြောနိုင်ပါလိမ့်မည်ဟူ၍ ပြောဆိုကြ၏။ သူတို့သည် တပည့်များကို လွဲမှားစွာ သင်ကြားပေးခဲ့ကြသည်မှာ – သူတို့လူဖြစ်ရခြင်း အကြောင်းနှင့်ပတ်သက်သော ကိုတင်ယူဆချက်များနှင့် ဘာသာရေးအခြေခံမှုများက သူတို့ရွေးချယ်ထားသောလူများ၊ နေရာများ၊ အခြေမှုများနှင့် အဖြစ်အပျက်များကို ဆုံးဖြတ်သည်ဟု တင်ပြကြ၏။ ဆက်သွယ်ရေးဆိုင်ရာတွင်လည်း သူတို့၏ ယူဆချက်များမှားယွင်းနေသည်။ ကြားနေရေးသည် သမိုင်းသင်ကြားမှုတွင် လုံးဝမဖြစ်နိုင်ပါ။ အဘယ့်ကြောင့်ဆိုသော် သမိုင်းဆရာ၏ ကမ္ဘာ့မြင်ကွင်းက သူ၏ ရှုမြင်သုံးသပ်ချက်များကို အုပ်ချုပ်ရလိမ့်မည်ဖြစ်သောကြောင့်ဖြစ်၏။ သမ္မာကျမ်းစာကို ဘာသာပြန်ခြင်းများများ မရှိရင်တော်မှ သမိုင်းကလည်း သင်ကြားပေးခြင်းမရှိရရင်လည်း စစ်မှန်၍ မှန်ကန်သော သုံးသပ်ချက်တစ်ခုရှိပါသည်။ ၄င်းသည် စာရေးဆရာ၏ဘာသာပြန်ခြင်းနှင့် ရှုမြင်သုံးသပ်ခြင်းဖြစ်၏။ ဘုရားသခင်သည် ကျမ်းစာနှင့် သမိုင်းတို့ကို ရေးသားသူဖြစ်သည်။ သိက္ခာတော်ရဆရာကြီး အက်စ် ဒပ်လျူဖိုလ်ဂျမ်ဘီသည် ၁၈၇၆ ခုနှစ်တွင် သမိုင်းကို သူ့ကိုယ်ရေး အတ္ထုပတ္တိအနေနဲ့ ဤသို့ရှင်းပြခဲ့၏။ (ဖေက် ၁း၁၁) မိမိစေတနာ၏အလိုတော် သို့လိုက်၍ အလုံးစုံတို့ကို စီရင်ပြုပြင်တော်မူတတ်သောသူ၏ ကြံစည်ခြင်းရှိသည့်အတိုင်း၊ ရှေးမဆွကခွဲခန့်မှတ်သားတော်မူသည်နှင့်အညီ၊ ငါတို့သည် ထိုခရစ်တော်အားဖြင့် အမွေခံဖြစ်ကြ၏။ ဒါဟာ သူ၏ အတ္ထုပတ္တိဖြစ်ပါသည်။ သမ္မာကျမ်းစာသည် ဤအမှန်တရားကို လွှမ်းမိုးစွာ အတည်ပြုသည်။ ကျမ်းစာအနည်းငယ်ကို

စစ်ဆေးလေ့လာကြပါစို့။ (တမန် ၁၇း၂၄–၂၆) လောကဓာတ်မှစ၍ လောကဓာတ်၌ရှိလေသမျှသောအရာတို့ကို ဖန်ဆင်းတော်မူသော ဘုရားသခင်သည် ကောင်းကင်နှင့်မြေကြီးကို အစိုးရတော်မူသော အရှင်ဖြစ်၍ လူတို့လက်ဖြင့် လုပ်သော ဗိမာန်၌ ကျိန်းဝပ်တော်မူသည်မဟုတ်။ ဘုရားသခင်သည် ခပ်သိမ်းသောသူတို့အား ဇီဝအသက်နှင့်တကွ ထွက်သက်ဝင်သက်မှစ၍ ခပ်သိမ်းသောအရာတို့ကို ပေးတော်မူသောအရှင်ဖြစ်၍ တစုံတခုကို အလိုတော်ရှိသကဲ့သို့ လူတို့လက်ဖြင့် ကျွေးမွေးခြင်းကို ခံတော်မူသည်မဟုတ်၊ ဘုရားသခင်သည် မြေတပြင်လုံး၌နေသောလူ အမျိုးမျိုးတို့ကို တသွေးတည်းနှင့် ဖန်ဆင်းတော်မူ၍ သူတို့အား ခွဲဝေစီမံသော အချိန်ကာလကိုင်း၊ သူတို့၏ နေရာအပိုင်းအခြားကိုင်း၊ မှတ်သားတော်မူ၏။ (၁တိ ၆း၁၅–၁၆) မရဏာနှင့် ကင်းလွတ်သောသူတပါးတည်းဖြစ်တော်မူထသော အဘယ်သူမျှ မချဉ်းကပ်နိုင်သောအလင်းထဲ၌နေတော်မူထသော အဘယ်သူမျှမမြင်ဘူးရာ၊ မမြင်နိုင်ရာ ဖြစ်တော်မူထသော၊ မင်္ဂလာရှိသော၊ တပါးတည်းသော အရှင်ဖြစ်တော်မူထသော၊ ဘုရင့်တကာတို့၏ ဘုရင်၊ သခင့်တကာတို့၏သခင်သည်၊ ကာလအချိန်ရောက်သောအခါ သခင်ယေရှု၏ ထင်ရှားပေါ်ထွန်းခြင်းကို ပြတော်မူလိမ့်မည်၊ ထိုဘုရားသခင်သည် ထာဝရဂုဏ်သရေ အစွမ်းသတ္တိရှိတော်မူစေသတည်း အာမင် (သုတ္တံ ၁၆း၉–၁၀) လူသည် မိမိသွားရာလမ်းကို စိတ်ထဲမှကြံစည်း၏။ သို့သော်လည်း သူ၏ ခြေရာတို့ကို ထာဝရဘုရားစီရင်တော်မူ၏။ ရှင်ဘုရင်၏နှုတ်ခမ်းတို့၌ ဗျာဒိတ်တော်ရှိသည်ဖြစ်၍ တရားဆုံးဖြတ်ရာအမှု၌နှုတ်တော်သည် မမှားစေနှင့် (ယောဘဝတ္တု ၁၂း၂၃)။ တိုင်းနိုင်ငံတို့ကို ချီးမြှောက်၍ တဖန်ဖျက်စီးတော်မူ၏။ တိုင်းနိုင်ငံတို့ကို ကျယ်စေခြင်းငှာငင်း၊ ကျဉ်းစေခြင်းငှာငင်း ပြုတော်မူ၏ (ဆာလံ ၂၂း၂၈)။ အကြောင်းမူကား ထာဝရဘုရားသည် စိုးစံတော်မူ၏ လူမျိုးစုံတို့ကို မင်းပြုတော်မူ၏။ (ဒံယေလ ၂း၂၁) ကာလအချိန်ဥတုများကို ပြောင်းလဲ စေတော်မူ၏။ ရှင်ဘုရင်တို့ကိုလည်း ပြောင်းလဲစေတော်မူ၏။ ပညာရှိတို့အား ပညာကိုပေးတော်မူ၏။ ဉာဏ်ရှိသူတို့သည် ကျေးဇူးတော်အားဖြင့် ထိုးထွင်းနားလည်တတ် ကြ၏။ (ဒံယေလ ၄း၁၇,၂၇) အကြောင်းမူကား၊ အမြင့်ဆုံးသော ဘုရားသည် လောကီနိုင်ငံကို အုပ်စိုးတော်မူသည်ကိုငင်း၊ ပေးလိုသောသူတို့အား ပေးတော်မူသည်ကိုငင်း၊

ယုတ်မာသောသူတို့ကို ချီးမြောက်၍ နိုင်ငံကို အပ်ပေးတော်မူသည်ကို ၄င်း၊ သတ္တဝါတို့ သိနားလည်ရသောအခွင့်ရှိစေခြင်းငှာ၊ သစ်ပင်စောင့်တို့သည် ဤသို့စီရင်ကြသည်။ သန့်ရှင်းသူတို့သည် အမိန့်တော်ကို ပေးကြပြီဟု ဟစ်ကြော်လေ၏။ လူမျိုးများလွတ်မြောက် စေခြင်းအကြောင်းကို စတင်၍ ရေးသားရခြင်း၏ အကြောင်းရင်းမှာ ဘုရားသခင်၏ လူမျိုးများအပေါ် အတိတ်၊ ပစ္စုပ္ပန်၊ အနာဂတ်ကာလသုံးပါ အတွင်းကြည့်ရှုစောင့်မ တော်မူခြင်းကို လူများသိရှိလာကြပြီး အသိအမှတ်ပြုကြရန်အတွက် ရေးသားခြင်းဖြစ်၏။ ၁၈၂၈ ခုနှစ်တွင် ပထမဆုံး ပုံနှိပ်ထုတ်ဝေခဲ့သော အဘိဓာန် စာအုပ်ထဲတွင် စာရေးဆရာ နောခ ဝိဗ်စတားသည် ဘုရားသခင်မစတော်မူခြင်းအကြောင်းကို ရေးသားခဲ့ရာ ဘုရားသခင်သည် သူဖန်ဆင်းတော်မူခဲ့သော အရာအားလုံးအပေါ်တွင် ကြည့်ရှုစောင့်ရှောက် စီမံအုပ်ချုပ်တော်မူသည်ကိုဖော်ပြထား၏။ လူမျိုးတစ်မျိုးသည် ဘုရားသခင်၏ စောင့်မတော်မူသောသမိုင်းအကြောင်းကို လေ့လာသိရှိရန် အရေးကြီး၏။ သိက္ခာတော်ရ ဆရာကြီး အေဒပ်လျူဖိုဂျမ်ဘီက သတိပေးခဲ့သည်မှာ လူမျိုးတစ်မျိုးသည် သူ၏ သမိုင်းကို သေချာစွာ လေ့လာခဲ့လျှင် သူတို့အပေါ် ဘုရားသခင်၏ အုပ်ချုပ်ခြင်းကို ပို၍ တိကျစွာ အသိအမှတ်ပြုလာကြပြီး ဘာသာတရားကိုင်းရှိုင်းသူများဖြစ်လာကြလိမ့်မည်။ သူ့သမိုင်းကို အပေါ်ယံမျှသာလေ့လာသိရှိပါက နိုင်ငံ၏ ဒုတိယတန်းစားမျှသာဖြစ်သောလူ့အဖြစ်အပျက် များကိုသာသိရှိကြပြီး ဘာသာရေးကို မကိုင်းရှိုင်းသောလူမျိုးများဖြစ်လာလိမ့်မည်။ ဘုရားသခင် မစတော်မူသောသမိုင်း၏ ပညာရေးကို ချို့တဲ့သော၊ မရှိသော အထူးသဖြင့် ဘုရားသခင်သည် သမိုင်း၏ အစဖြစ်တော်မူသည်ကို မသိနားမလည်သောသူသည် လောကီရေး သက်သက်ကိုသာ အခြေခံသော ပေးကမ်းမှုကိုသာပြုလုပ်သောနိုင်ငံ ဖြစ်လာလိမ့်မည်။

### ''ဘုရားသခင်စောင်မတော်မူသောပထဝီဝင်''

ဘုရားသခင်သည် မြေတပြင်လုံး၌နေရသော လူအမျိုးမျိုးတို့ကို တသွေးတည်းနှင့် ဖန်ဆင်းတော်မူ၍၊ သူတို့အား ခွဲဝေစီမံသော အချိန်ကာလကို၄င်း၊ သူတို့၏ နေရာအပိုင်းအခြားကို၄င်း မှတ်သားတော်မူ၏ (တမန်တော် ၁၇း၂၆)။ ဘုရားသခင်သည်

လူမျိုးများ၏သမိုင်းနှင့်ဆိုင်သော တိုးတတ်မှုအပေါ်တွင်သာ တန်ခိုးသြဇာကြီးမားသည်မဟုတ်။ သူသည် လူမျိုးတိုင်းကို ဖန်ဆင်းတော်မူ၍ မည်သည့်အရပ်ဒေသတွင် နေထိုင်ကြမည်ကိုလည်း နယ်မြေပိုင်းခြားသတ်မှတ်ပေးတော်မူ၏။ ဘုရားသခင်၏ လူမျိုးများအတွက် အကြံအစည်တော်သည် တိကျသော ပထဝီဝင်ဆိုင်လမ်းညွှန်မှုထဲတွင် ဖွင့်ထားလျက်ရှိနေပါ၏။ ဤပထဝီဝင်ဆိုင်ရာ ရှေ့သို့ချီတက်နေသော သမိုင်းကို ခရစ်ယာန်ဘာသာရေး၏ သံကြိုးသို့မဟုတ် လွတ်လပ်မှု၏ သံကြိုးဟုခေါ်သည်။ အခြားနည်းအားဖြင့် ပြောရရင် လွတ်လပ်မှုသံကြိုးဆိုသည်မှာ လူနှင့်လူမျိုးများ၏ ဘဝအသက်တာအတွင်း နောက်ဆက်တွဲ အဖြစ်အပျက်များကို ဆက်စပ်ပြီး တစ်ဦးချင်းနှင့် လူထုလွတ်လပ်မှုနှစ်ခုစလုံးကို အတွင်းဘက်ပိုင်းနှင့် အပြင်ဘက်ပိုင်းအားဖြင့် ယူဆောင်ပေးလာသည်။ ဤပထဝီဝင်ဆိုင်ရာ သတင်းကောင်း၏ ချီတက်ပျံ့နှံ့ပုံကို သမ္မာကျမ်းစာက မှန်ကန်သည်ဟု ဖော်ပြ၏။ ဖြုဂိပြည်၊ ဂလာတိပြည်ကိုရောက်ပြီးမှ အာရှိပြည်၌ နှုတ်ကပတ်တော်တရားတော်ကို မဟောစေခြင်းငှာ သန့်ရှင်းသောဝိညာဉ်တော်သည် တားမြစ်တော်မူသဖြင့်၊ မုသိပြည်သို့ရောက်၏။ ဗိသုန်ပြည်သို့ သွားမည်ပြုကြစဉ်၊ ဝိညာဉ်တော်သည် အခွင့်ပေးတော်မူသောကြောင့် မုသိပြည်အနားမှာ ရှောက်၍တရောမြို့သို့ရောက်ကြ၏။ ညာဉ်အခါ ပေါလုသည် ဗျာဒိတ်ရူပါရုံကိုမြင်ရ၍၊ မာကေဒေါနိလူတစ်ယောက်က မာကေဒေါနိပြည်သို့ကူးပါ။ ငါတို့ကို မစပါဟု ရပ်လျှောက် တောင်းပန်၏။ ထိုဗျာဒိတ်ရူပါရုံကို မြင်ရလျှင် မာကေဒေါနိပြည်၌ ဧဝံဂေလိတရားကို ဟောစေခြင်းငှာ သခင်ဘုရားသည် ငါတို့ကို ခေါ်တော်မူသည်။ ငါတို့သဘောကျသဖြင့် ထိုပြည်သို့သွားခြင်းငှာ ချက်ချင်းရှာကြံကြ၏။ ဘုရားသခင်သည် အာရှတိုက်တွင် နှုတ်ကပတ်တော်ကို မဟောကြားရန် အဘယ့်ကြောင့် ရှင်ပေါလုအား တားမြစ်တော်မူသနည်း။ အကြောင်းမူကား သတင်းကောင်းပျံ့နှံ့စေရန် အခြားသော အကြံစည်တော်ရှိသောကြောင့် ဖြစ်၏။ ရှင်ပေါလုနှင့် သူ့လူများသည် ဗိသီးနီးယားမြို့ (မေရှာမြို့ အရှေ့မြောက်) သို့သွား၍ နှုတ်ကပတ်တော်ကို ဟောကြားရန် ပြင်ဆင်ကြသော်လည်း ဘုရားသခင်သည် အနောက်ဘက်မှာရှိသော ဥရောပတိုက်သို့သွားခိုင်းတော်မူ၏။ ဒါဟာ အခွင့်ရေးရသောကြောင့် မဟုတ်ပါ။

သို့သော် ဘုရားသခင်သည် ကမ္ဘာ့ဒေသ အနှံ့သို့သတင်းကောင်းပျံ့နှံ့ရေးအတွက် အကြံစည်တော်နှင့်အညီ ရွေးချယ်တော်မူသောကြောင့် ဖြစ်၏။ ဘုရားသခင်သည် လောကတစ်ခုလုံးကို သူ၏ဂုဏ်အသရေနှင့်ပြည့်စုံစေခြင်းငှာ အစကဦးကတည်းက စည်းစနစ်ကျသော အကြံစည်တော်ရှိ၏။ ကျွန်ုပ်တို့သည် နောက်ပိုင်းတွင် ကျမ်းစာနှင့် ပတ်သက်သော ကမ္ဘာ့သမိုင်း အဖြစ်အပျက်များမှတဆင့်ခရစ်ယာန်ဘာသာရေး အနောက်ဘက်ဆီသို့ ပျံ့နှံ့ရောက်ရှိပုံကို သိရှိနားလည်ကြ၏။ ဒါဟာမှန်ကန်ပါတယ်။ ကနဦးနောက်လိုက်တပည့်တော်များသည် သတင်းကောင်းကို အာဖရိကတိုက်မြောက်ပိုင်းနှင့် အာရှတိုက်အတွင်းသို့ ယူဆောင်လာကြ၏။ သို့သော် ခရစ်ယာန်ဘာသာရေး ခိုင်ခန့်စွာ အမြစ်တွယ်နေသော ဥရောပတိုက်တွင်လည်း အဖွဲ့စည်းအားလုံးကို အကျိုးသက်ရောက်မှု ရရှိစေ၏။ ကျွန်ုပ်တို့တွေ့မြင်နေသကဲ့သို့ ခရစ်ယာန် ဘာသာရေးသည် အတွင်းဘက်ပိုင်းနှင့် အပြင်ဘက်ပိုင်းမှဖြစ်သော လွတ်လပ်မှုကို အနောက်ဘက်ဆီသို့ ပျံ့နှံ့သွားစေသည်။

ဒါဟာ ကျွန်ုပ်တို့ပြောပြနေသော ခရစ်ယာန်ဘာသာရေး သံကြိုးအနောက်ဘက်ဆီသို့ ရွေ့လျားရောက်ရှိနေသည့်အကြောင်းဖြစ်၏။ ဤကဲ့သို့ တိုက်ကြီးများအသီးသီးသည် မတူညီသော ပထဝီဝင်အနေအထားရှိသကဲ့သို့ ဤဒေသအသီးသီးရှိ လူများသည်လည်း မတူညီသော ပန်းတိုင်းသို့မဟုတ် မတူညီသော ရည်ရွယ်ချက်များရှိကြ၏။ လူမျိုးများ သို့မဟုတ် တိုက်ကြီးများ အသီးသီး၏ ပထဝီဝင်ဆိုင်ရာ အချက်အလက်များကို လေ့လာရာတွင် တည်ရှိပုံမတူညီမှု၊ အခြားတိုက်ကြီးများနှင့် ဆက်စပ်၍မတူညီသော ပထဝီဝင် အနေအထား၊ ကမ်းရိုးတန်းများနှင့် ရာသီဥတု၊ မတူညီသောလူအုပ်စု၊ သူတို့၏ ဖြစ်ပျက်ပုံသမိုင်း၊ စသည်တို့သည် သူတို့အားလုံးအပေါ်တွင် တန်ခိုးသြဇာအာဏာကြီးမားသော ဘုရားသခင်ရှိသည်ကို ဖော်ပြခဲ့၏။

### ''တိုက်ကြီးများ၏သီးခြားရပ်တည်မှု''

ဥရောပတိုက်ကဲ့သို့ ဘုရားသခင်သည် တိုက်ကြီးများအားလုံးကို တိကျသော

ရည်ရွယ်ချက်ဖြင့် ပြင်ဆင်ခဲ့၏။ တိုက်ကြီးများ သို့မဟုတ် လူမျိုးများအတွက် ပြင်ဆင်ထားသော ရည်ရွယ်ချက်ထဲတွင် တိုက်ကြီးသို့မဟုတ် လူမျိုးအကြောင်းကို သိရှိနိုင်ရန် သူတို့၏ ပထဝီဝင် အနေအထားကို လေ့လာခြင်းဖြင့်သိရှိနိုင်ပါသည်။ ပထဝီဝင်ဆိုတာဘာလဲ ပထဝီဝင်ဆိုသည့် စကားလုံးသည် ဂရိစကားနှစ်လုံးဖြစ်သော မြေကြီးနှင့် ရေးရန် ဟူသော စကားလုံးမှ ဆင်းသက်လာသည်။ ကျွန်ုပ်တို့သည် တင်စား၍ သုံးစွဲနိုင်သည့် ပထဝီဝင်သည် ဘုရားသခင်၏ မြေကြီးပေါ်တွင် လက်ဖြင့် ရေးသားတော်မူသော လက်ရေးဖြစ်သည်။ ဘုရားသခင်သည် သာလျှင်မြေကြီးတစ်ခုလုံးပေါ်တွင် ရေးသားနိုင်အောင် လုံလောက်သောကြီးမားသော လက်ရှိ၏။ ''ခရစ်ယာန်'' ပထဝီဝင်သည် ကမ္ဘာ့မြေကြီးအစအဆုံးသတ်ခြင်း ရည်ရွယ်ချက်များ နှင့် သွင်ပြင်အနေအထားများဖြစ်သော ရပ်ပိုင်းဖွဲ့စည်းတည်ဆောက်ပုံ၊ ရာသီဥတု၊ အပင်များနှင့် တိရစ္ဆာန်များ စသည်တို့သည် ခရစ်တော် ဂုဏ်ကျက်သရေ တင့်နိုင်ဘို့ရန် ရှုမြင်သုံးသပ်ခြင်းဖြစ်သည်။ ကမ္ဘာကျော်စာရေးဆရာကြီး ရိုတ်စပီးယား သည် ခရစ်ယာန်ပထဝီဝင်သည် တကမ္ဘာလုံး၏ စင်မြင့်တစ်ခုဖြစ်သည်ဟု ရေးသားခဲ့သည်။ ဘုရားသခင်သည် ထောက်များ၊ တောင်တန်းများတည်ထားခြင်း၊ သမုဒ္ဒရာများ၊ မြစ်များ၊ ပင်လယ်များ၊ သဲကန္တာရများ၊ ကျွန်းများနှင့် တိုက်ကြီးများကို မြေကြီးပေါ်ရှိ လူသားများအတွက် သူ၏ အကြံစည်ပြည့်စုံစေခြင်းငှာ အကူညီပေးကြရန် ဖန်ဆင်းတော်မူ၏။

## ''ဘုရားသခင်၏ သီးခြားရပ်တည်မှုအခြေခံမှု''

အခန်း ၁ တွင် သင်ကြားခဲ့သော သီးခြားရပ်တည်းမှု၏ အခြေခံမှုအကြောင်းကို စမ်းစစ်ခဲ့ရာတွင် တွေ့မြင်ခဲ့ရသည်မှာ ဘုရားသခင်၏ ဖန်ဆင်းခြင်းအရာအားလုံးသည် သူ၏ အစအဆုံးမရှိခြင်း၊ ကွဲပြားခြားနားခြင်းနှင့် သီးခြားရပ်တည်မှုတို့ကို ရောင်ပြန်ဟပ်ခြင်းဖြစ် သည်။ ဘုရားသခင်သည် လူကို ဖန်ဆင်းသောအခါ ကာဗွန် – ကော်ပီဖြင့် ဖန်ဆင်းတော်မူသည်မဟုတ်။ တမူကွဲပြား၍ အတုမရှိသော သီးခြားရပ်တည်မှုဖြင့် ဖန်ဆင်းတော်မူသည်။ တိရစ္ဆာန်များ၊ အပင်များ၊ လူသားများ၊ ဂြိုလ်များ၊ ကြယ်များ စသည်ဖြင့် ကွဲပြားခြားနားစွာ ဖန်ဆင်းခဲ့သည်။ ဘုရားသခင် ဖန်ဆင်းတော်မူခဲ့သော အရာအားလုံး စည်းလုံးညီညွတ်စွာ တည်ရှိနေကြတဲ့အချိန်မှာ

ကြီးမားသော ခွဲခြားမှုရှိ၏။ ဘုရားသခင်ကိုယ်တော်တိုင်း သုံးပါးဖြင့်ခွဲ၍ တဆူတည်းသောဘုရားဖြစ်၏။ ဘုရားသခင်သည် သီးခြားရပ်တည်မှု၏ အခြေခံမှုကိုပြသ၍ ဖန်ဆင်းခြင်းကလည်းပြသ၏။

## ''သီးခြားရပ်တည်မှု၏ အခြေခံမှုကို လူများက ခင်းကျင်းပြသကြသည်''

လူသားအားလုံးတွင် ထင်ရှားသော စည်းလုံးညီညွတ်ရေး ဘက်ဆိုင်ရာ အင်္ဂါရပ်များနှင့် ကွဲပြားခြားနားမှုဆိုင်ရာ အင်္ဂါရပ်များရှိကြ၏။ ၄င်းလူများအသီးသီးသည် မတူညီသော ဘုရားသခင်ထံမှ ခေါ်ခြင်းနှင့် မတူညီသော ရည်ရွယ်ချက်များရှိကြ၏။ ဤလူများ အသီးသီးသည် မတူညီသော ဂုဏ်အင်္ဂါရပ်များအတွင်းပိုင်းနှင့် အပြင်ဘက်ပိုင်းမှဖြစ်သော အင်္ဂါရပ်နှစ်ခုစလုံးရှိကြ၏။ အပြင်ဘက်ပိုင်းမှဖြစ်သော တစ်ခုသောဂုဏ်အင်္ဂါရပ်မှာ မည်သူမျှမပိုင်ဆိုင်သော ခင်ဗျား၏လက်ညှိုးလက်ဗွေဖြစ်၏။ ယနေ့ကမ္ဘာလူဦးရေ ၆ ဘီလျံရှိတဲ့ ထဲမှာ လူနှစ်ယောက်တောင်မှလက်ညှိုးလက်ဗွေတူညီကြမည်မဟုတ်ပါ။ ခင်ဗျားတို့လည်းဘဲ မတူညီတဲ့ကိုယ်ရေးအတ္တုပတ္တိရှိကြရမှာဘဲ။ အသံမတူခြင်း၊ မျက်စိကြောရိုးမတူညီခြင်းများရှိ ကြလိမ့်မည်။ အတွင်းဘက်ပိုင်းမှဖြစ်သော အင်္ဂါရပ်မတူညီခြင်းတွင် ခင်ဗျာ၏အယူအဆ၊ စိတ်နေသဘောထားနှင့် စိတ်လှုပ်ရှားမှုများသည်ပင်တူညီကြမည်မဟုတ်ပါ။ ဒါဟာ ခင်ဗျားပိုင်ဆိုင်သော အင်္ဂါရပ်များဖြစ်ကြ၍ ဘုရားသခင်က ခင်ဗျားတစ်ယောက်ထဲကိုသာ ဤမတူညီသော အင်္ဂါရပ်ကို ပိုင်ဆိုင်ခွင့်ပေးသည်ကို ဖော်ပြခဲ့သည်။ ဘုရားသခင်သည် ထင်ရှားသော အတွင်းပိုင်းနှင့်အပြင်ဘက်ပိုင်းမှဖြစ်သော အင်္ဂါရပ်များကို ပေးတော်မူသည့် အကြောင်းမှာ သူပေးထားသော ရည်ရွယ်ချက်နှင့် ခေါ်ခြင်းတို့ကို ပြည့်စုံစေဖို့ အလို့ငှာ ဖြစ်၏။ ဉပမာတစ်ခုပြောမည်ဆိုလျှင် ဘုရားသခင်သည် အဲရစ်လစ်ဒဲလ်ကို ပြိုင်ပွဲတွင် အနိုင်ရရှိပြီး သူ၏ဂုဏ်ကျက်သရေကို ယူဆောင်လာဘို့ရန် အပြေးလျင်မြန်မှုကိုပေးတော်မူ၏။

## ဘုရားသခင်၏သီးခြားရပ်တည်မှုအခြေခံမှုကို လူများကပြသကြသည်

တစ်ဦးချင်းစီကဲ့သို့ လူမျိုးများသည်လည်း မတူညီသောရည်ရွယ်ချက်များရှိကြ၏။ ဥပမာ အားဖြင့် ပြောမည်ဆိုလျှင် ဘုရားသခင်သည် အစ္စရေးလူမျိုးများအပေါ်တွင် တရားစီရင်ခြင်း ပြုလုပ်မည့်အစား ဘေဘီလိုးနီးယား လူမျိုးများကို အသုံးပြုကာ စစ်သုံ့ပန်းများအဖြစ် ခေါ်ဆောင်သွားခြင်းဖြစ်၏။ ဘုရားသခင်သည် သူ့ရည်ရွယ်ချက်ပြည့်မြောက်စေဖို့ရန် အလို့ငှာ ကမ္ဘာ့လူသားများကို ချီးမြှောက်ခြင်းနှင့် အောက်ချခြင်းများ ပြုလုပ်သည်ကို ဤစာအုပ်အားဖြင့် သိရှိရသည်။ လူမျိုးများသည်လည်းမတူညီသော အင်္ဂါရပ်များရှိကြ၏။ ၎င်းအင်္ဂါရပ်များမှာ သူတို့နိုင်ငံ၏ သမိုင်းတည်ရှိပုံ၊ သူတို့၏အာဏာအသုံးချပုံ၊ သူတို့နိုင်ငံသားများ၏ စိတ်ဓာတ်၊ ပထဝီဝင်ဆိုင်ရာတည်နေရာ၊ နယ်နိမိတ်များနှင့် တည်ဆောက်ပုံများဖြစ်ကြသည်။ လူမျိုးများနှင့်အတူ ဘုရားသခင်သည် လူမျိုးများတွင်မတူညီသော ဂုဏ်အင်္ဂါရပ်များကို သူတို့နှတ်ဘုရားရည်ရွယ်ချက်ပြည့်စုံစေခြင်းငှာ သမိုင်းထဲတွင် ပေးတော်မူ၏။

အခန်း ၃

## အုပ်ချုပ်ရေးနှင့် လွတ်လပ်မှုတိုးတက်ခြင်း၏ အခြေခံဖစ်မြစ်များ

### ကိုယ်တိုင်အုပ်ချုပ်ရေးနှင့် မိသားစုအတွင်း အုပ်ချုပ်ရေး

အုပ်ချုပ်ရေး၏ သမိုင်းနှင့် လူထုလွတ်မြောက်ရေး၏ သမိုင်းသည် ဒေင်ဥယျဉ်ထဲ၌ ပထမဆုံးလူသားများမှစတင်သည်။ ဘုရားသခင်သည် လူသားများကို ဒေင်ဥယျာဉ်အတွင်း၌ နေရာချထားပြီး သူဖန်ဆင်းထားတော်မူသော အရာအားလုံးအပေါ်တွင် အုပ်ချုပ်ရန် အမိန့်အာဏာကိုပေးပြီး ကိုယ်တိုင်အုပ်ချုပ်ခြင်းကိုလည်းပေးတော်မူ၏။ အုပ်ချုပ်ရေး အားလုံးသည် တစ်ဦးချင်းစီအုပ်ချုပ်ခြင်းမှ စတင်သည်။ အုပ်ချုပ်ရေးအာဏာသည် လူတစ်ဦးချင်းစီမှ အခြားသောလူများ၏ ဘဝအသက်တာနယ်ပယ်ထဲသို့ စီးဝင်လာသည်။ လူသား၏

အစအဦးတွင် မည်သည့်ထိန်းချုပ်မှုမျိုးမျှမရှိဘဲ တားမြစ်ထားသော သစ်ပင်၏ အသီးကို မစားဘို့ရန် ကိုယ့်ကိုယ်ကို အုပ်ချုပ်နိုင်သော အရည်အချင်းရှိမရှိကို စမ်းသပ်ခြင်းပြုလုပ်သည်။ ထာဝရအရှင် ဘုရားသခင်ကလည်း ကောင်းမကောင်းကိုသိကျွမ်းရာ အပင်မှတပါး ထိုဥယျာဉ်၌ရှိသမျှသော အပင်တို့၏ အသီးကိုသင်သည် စားရသောအခွင့်ရှိ၏။ ထိုအပင်၏အသီးကို ကားမစားရ၊ စားသောနေ့တွင် ကေန်အမှန်သေရလိမ့်မည်ဟု လူကို ပညတ်ထားတော်မူ၏။ (ကမ္ဘာဦးကျမ်း ၂း၁၆–၁၇)

''ဖန်ဆင်းခြင်းဥပဒေကို'' သဘာဝ၏ ဥပဒေဟူ၍ခေါ်ဆိုနိုင်၏။ (ရောမ ၂း၁၄–၁၅) သဘာဝ၏ ဥပဒေကို နောက်ဆက်တွဲဖြည့်ဆွက်ချက်အနေဖြင့် သဘာဝဘုရားသခင်၏ ဥပဒေဟူ၍ ၄င်းခေါ်ဆို၏။ ၄င်းကို ဘုရားသခင်၏ ဥပဒေဖြစ်သောကျမ်းစာထဲတွင် ဖော်ပြခဲ့၏။ သဘာဝ၏ဥပဒေကို ''ရွှေအုပ်ချုပ်ရေး'' (golden rule) ခေတ်တွင် လိုရင်းကို အကျဉ်းချုံး၍ ဖေါ်ပြခဲ့ပြီး (မဿဲ ၇း၁၂) ကိုယ်နှင့်စပ်ဆိုင်သောသူကို ကိုယ်နှင့်အမျှချစ်လော့ (ဂလာတိ ၅း၁၄) ကိုယ်ကျင့်တရား သို့မဟုတ် (ဖန်ဆင်းခြင်းဥပဒေ) သဘာဝအားဖြင့် လူအားလုံးက သိသော အခမ်းနားဥပဒေ၊ နိုင်ငံရေးဥပဒေနှင့် မတူကွဲပြားခြားနားသောဥပဒေဖြစ်၍ မောရှေ၏ ပညတ်တော်မှ ဝေမျှခဲ့သည်။ နိုင်ငံရေးဥပဒေနှင့် ပွဲလမ်းသဘင်ဥပဒေတို့ကို လူမျှားနားလည် သဘောပေါက်စေခြင်းငှာ ဟောပြောသင်ကြားပေးကြလိမ့်မည်။ (ရောမ ၁း၁၆) (ရောမ ၁၀း၁၄–၁၇) အာဒံ၏ ကိုယ့်ကိုယ်ကို မအုပ်ချုပ်နိုင်ခြင်းမှတဆင့် လောကထဲတွင် 'အပြစ်' ဝင်လာသောအခါ လူအားလုံးတို့ကို ကိုယ့်ကိုယ်ကို အုပ်ချုပ်နိုင်ဘို့ရန် ခက်ခဲစေ၏။ ၄င်းအချိန်တွင် မည်သည့် လူထုအုပ်ချုပ်ရေးကိုမျှ မထူထောင်နိုင်ပါ။ ဘုရားသခင်သည် အုပ်ချုပ်ရေး အမိန့်အာဏာကို အာဒံသို့ပေးတော်မူခဲ့သည်။ အစတွင် အခြားသောလူများ အပေါ်၌ အမိန့်အာဏာဖြင့် အုပ်ချုပ်ခြင်း အခွင့်အာဏာကိုပေးတော်မမူခဲ့ပေ။ ထို့ကြောင့် ကာဣန်သည် သူ့ရဲ့ဒေသစိတ်နှင့် မနာလိုမှုစိတ်ကို မထိန်းနိုင်သောအခါ သူ့ညီလေးကို သတ်ဖြတ်လေ၏။ တရားမျှတခြင်းရှိ၍ လူများကို ဘေးရန်မှကာကွယ်စောင့်ရှောက်ပေးသော သူသည် ဘယ်သူလဲ ဘုရားသခင်ကိုယ်တိုင်ဘဲ ဖြစ်ပါသည်။ (ကမ္ဘာဦးကျမ်း ၄း၁–၆) ဘုရားသခင်သည်

အစကနဦးတွင် မိသားစုအတွင်း အုပ်ချုပ်ရေးကို ပြုလုပ်တော်မူ၏။ ကျမ်းစာက ဖော်ပြသည်မှာ – ရှေးခေတ်လူများ၏ တစ်ဦးချင်းစီလုပ်ငန်းအသီးသီးအကြောင်းကို ဖော်ပြခဲ့၏။ ဤလုပ်ငန်းများတွင် ဘုရားရှိခိုးခြင်း၊ အလုပ်လုပ်ကိုင်ခြင်းနှင့် ဆင်းရဲသားများ အတွက် အလှူဒါနပြုခြင်းများပါဝင်သည်။ မိသားစုအတွင်း လုပ်ငန်းများတွင် ပြန်လည် ထုတ်လုပ်ခြင်း၊ ပညာရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးနှင့် အမွေပြောင်းလဲဆက်ခံ ခြင်းတို့ပါဝင်သည်။

## ကာကွယ်ရေးအတွက် လူထုအုပ်ချုပ်ရေးဖွဲ့စည်းခြင်း

အချိန်ကာလအတန်ကြာသောအခါ လူတွေရဲ့ ကိုယ့်ကိုယ်ကို အုပ်ချုပ်နိုင်မှုမရှိခြင်း၊ အပြစ်ဒုစရိုက်များကို ကမ္ဘာအနှံ့ကျူးလွန်ခြင်းတို့ကြောင့် ဘုရားရှင်၏ အမျက်တော်သင့်ခြင်းကို ခံရ၍ နောက်ဆုံးရလဒ်အနေဖြင့် လူသားအားလုံးကို ဖျက်ဆီးပစ်ရန် အမိန့်တော်ရှိတော်မူ၏။ (ကမ္ဘာဦးကျမ်း ၆း၅–၁၃) ထို့ကြောင့် ဘုရားသခင်သည် အပြစ်ပေးသည့်အနေဖြင့် ရေလွှမ်းမိုးခြင်းဒဏ်ကို လူများအပေါ်တွင် ကျရောက်စေတော်မူ၏။ သို့သော် ဖြောင့်မတ်သော မိသားစုတစ်ခုတော့ရှိပါ၏။ ဘုရားသခင်သည် နောဧ မိသားစုကို ရေလွှမ်းမိုးခြင်းဒဏ်မှ ကယ်နှုတ်တော်မူပြီး အသစ်ဖြစ်သော မြေကြီးသို့ ဆင်းသက်စေတော်မူ၍ ပြန်လည် ထူထောင်ရေးကို ပြုလုပ်ခဲ့၏။ သို့သော် လူနှင့်ဆက်ဆံရေးကို ဘုရားသခင်သည် ပြောင်းလဲ၍ ပြုလုပ်လာခဲ့၏။ ဘုရားသခင်သည် လူများကို ကိုယ်စားလှယ်စေလွှတ်ခြင်းဖြင့် ဆက်ဆံတော်မူ၍ အခြားလူများကို အပြစ်သားများ၏ ဘေးအန္တရာယ်များမှ ကာကွယ်ရန် ဖြစ်သော တာဝန်များကို အုပ်ချုပ်ရန် ကိုယ်စားလှယ်အားဖြင့်သာ ဆက်ဆံတော်မူ၏။ ဤသို့ဖြင့် ဘုရားသခင်သည် လူများပေါ်တွင်သေစေသော အပြစ်ဒဏ်ကိုကျရောက် စေတော်မူ၏။ လူထုအုပ်ချုပ်ရေးသည် ဘုရားသခင်တည်ထောင်တော်မူသော မိသားစုနှင့် အသင်းတော်အတွင်း ဖွဲ့စည်းထားသော အုပ်ချုပ်ပုံနှင့် အသွင်တူလာ၏။ လူသည် အပြစ်သားများဖြစ်ကြသော်လည်း မိမိတို့၏ အသက်တာသည် အထွက်အထိပ်ဖြစ်၍ တန်ဖိုးရှိကြောင်းသိစေခြင်းငှာ ဘုရားသခင်သည် စကားပလ္လင်ခံရင်း

ထူထောင်တော်မူခဲ့သည်။ ဘုရားသခင်သည် ဤလူထုအုပ်ချုပ်ရေးစနစ်ကို ထင်ရှားသော လုပ်ဆောင်ချက်၏ အခြေခံမူနှင့် ရည်ရွယ်ချက်များဖြင့် ထူထောင်တော်မူခဲ့သည်ကိုကျမ်းစာထဲတွင် ဖေါ်ပြခဲ့သည်။ ဒီမှာ လူထုအုပ်ချုပ်ရေး၏ ရည်ရွယ်ချက်ကို ရှင်းပြသောကျမ်းစာတချို့ကိုဖော်ပြပါသည်။ သခင်ဘုရား၏ မျက်နှာတော်ကို ထောက်လျက်၊ အထွက်အမြတ်တည်းဟူသော ရှင်ဘုရင်ဖြစ်စေ၊ ဆိုးတို့ကိုဒါဏ်စီရင်စေခြင်းငှါ၄င်း၊ ရှင်ဘုရင်ခန့်ထားသော ဝန်မင်းဖြစ်စေ၊ လူတို့တွင်စီရင်ခန့်ထားသမျှသောမင်း၏ အုပ်စိုးခြင်းကို ဝန်ခံကြလော့။ (၁ပေတရ ၂း၁၃–၁၄) အစိုးရသော မင်းအာဏာစက်၏အုပ်စိုးခြင်းကို လူတိုင်းဝန်ခံစေ၊ အကြောင်းမူကား ဘုရားသခင်၏ အခွင့်မရှိလျှင် မင်းအာဏာမရှိ၊ အာဏာစက်ရှိသမျှသည် ဘုရားသခင် ခန့်ထားတော်မူရာဖြစ်သတည်း။ မင်းမူကားကောင်းသောအကျင့်ကိုကျင့်သောသူ ကြောက်ဘို့ဖြစ်သည်မဟုတ်၊ မကောင်းသောအကျင့်ကိုကျင့်သောသူက ကြောက်ဘို့ဖြစ်၏။ မင်းသည်ကားသင်၏အကျိုးအလို့ငှာ ဘုရားသခင်၏ အစေခံဖြစ်၏။ မကောင်းသော အကျင့်ကို ကျင့်လျှင် ကြောက်ခြင်းရှိစေလော့ အကြောင်းမူကား မင်းသည် အချည်းနှီးထားကို စောင်သည်မဟုတ်၊ မကောင်းသောအကျင့်ကိုကျင့်သောသူတို့ကို အပြစ်တရား စီရင်ရာရာဇဝတ်ပေးပိုင်သောသူတည်းဟူသော ဘုရားသခင်၏ အစေခံဖြစ်သတည်း (ရောမ ၁၃း၁,၃,၄) လူထုအုပ်ချုပ်ရေး၏ ရည်ရွယ်ချက်မှာ မကောင်းမှုကိုပြုလုပ်သူများနှင့် အားပေးခြင်းမရှိသောသူများကို အပြစ်ဒဏ်ပေးခြင်း၊ လူတစ်ဦးချင်းစီ၏ ဘဝအသက်တာ၊ လွတ်လပ်မှုနှင့် ပစ္စည်းပိုင်ဆိုင်မှုများကို ကာကွယ်ပေးရန်စသည်တို့ဖြစ်သည်။ ဤအုပ်ချုပ်ရေး စနစ်သည် နိုင်ငံအတွင်း၌ အေးချမ်းစွာ နေထိုင်နိုင်ရေး၊ လွတ်လပ်မှုကို လုံခြုံစေရေးနှင့် လူများကို အကာအကွယ်ပေးရေးအတွက်ဖြစ်သည်။ (၁တိမောသဲ ၂း၁–၂)

အုပ်ချုပ်သူများသည် လူထုကို ကာကွယ်မှုမပေးနိုင်သောအခါ သူတို့ကိုယ်တိုင်က ဘုရားသခင်၏ အမိန့်ပြန်တမ်းများကို ခုခံဆန့်ကျင်၍ တရားမဝင် အာဏာများကို ဆုပ်ကိုင်လျှင် ထုတ်ပယ်၍ အသစ်ဖြင့် အစားထိုးရန်ဖြစ်သည်။ မိသားစု၊ အသင်းတော်နှင့် လူထုအစိုးရ၏ အဓိကလုပ်ငန်းမှာ အတိုချုပ်အားဖြင့်မျိုးဆက်သစ်များပေါ်ထွန်းစေခြင်း၊ မျိုးပျံ့ပွားစေခြင်းနှင့်

ကာကွယ်ရေးလုပ်ငန်းများကို အသီးသီးဆောင်ရွက်ပေးရန်ဖြစ်သည်။ ယနေ့ ခရစ်ယာန်အများစုသည် ပထမဘာသာရေးနှင့်ပတ်သက်သော အဖွဲ့စည်းနှစ်ခု အကြောင်းကို များများသိကြပါလိမ့်မည်။ ဤသို့မကြာသေးမီကဖြစ်သောအကြောင်းကို သိရှိသူနည်းပါးပါသည်။ လူတစ်ယောက်သည် ခရစ်ယာန်စာအုပ်ဆိုင်မှတဆင့် ထွက်လာသော်လည်း ဤဘာသာရပ်အကြောင်းလုံလောက်စွာ ရေးသားထားသော သမ္မာကျမ်းစာကို မဖတ်ခြင်းသည် ဤအားနည်းချက်ကိုဖြစ်စေသည်ကိုပြသသည်။ ရှေးခေတ်မျိုးနွယ်စု အုပ်ချုပ်ရေးခေတ်တွင်လည်း ကြည်ညိုလေးစားထိုက်သော လူပုဂ္ဂိုလ်က ဤလူထုအုပ်ချုပ်ရေးစနစ်ဖြင့် အုပ်စိုးခဲ့၏။ နောသည် ပထမဦးဆုံးသော လူမျိုးနွယ်စု၏ လူထုအုပ်ချုပ်သူဖြစ်၍ ပဋိညာဉ်ဆက်သွယ်ရေးဖြင့် အုပ်ချုပ်ခဲ့၏။ ဤလူမျိုးနွယ်စုအုပ်ချုပ်သော ခေတ်တွင် လူကြီးများ။ အသက်ကြီးလွှတ်တော်အမတ်များက လူမျိုးနွယ်စုကို အမျိုးနွယ်အလိုက် အသီးသီးခေါင်းဆောင်အုပ်ချုပ်ခဲ့ကြ၏။ ''ဤသူတို့သည် လူအမျိုးမျိုး၊ တကျွန်းတနိုင်ငံနယ်မြေတို့ကို ဘာသာအသီးသီး၊ အမျိုးအနွယ်အသီးသီးရှိသည့်အတိုင်း အချင်းချင်းခွဲဝေကြ၏။'' (ကမ္ဘာဦး ၁၀း၅) သင်၌အသက်ကြီးသူတရားသူကြီးတို့သည် ထွက်၍ ပတ်ဝန်းကျင်မြို့ရွာများတိုင်အောင်တိုင်းထွာရကြမည်။ အသေကောင်နှင့် အဦးဆုံးသောမြို့၌ အသက်ကြီးသူတို့သည် ထမ်းပိုးတင်ခြင်း၊ စေခိုင်းခြင်းတို့ကို မပြုဘူးသေးသော နွားသငယ်ကို ယူ၍ လယ်မလုပ် မျိုးစေ့မကြဲနိုင်အောင်ရေမပြတ်သောချောင်းသို့ဆောင်သွား၍ နွားလည်ပင်းကို ဖြတ်ပြီးမှ သင်၏ ထာဝရဘုရားသခင်အမှုတော်ကို ဆောင်ရွက်စေခြင်းငှာ၄င်း၊ ထာဝရဘုရားအခွင့်နှင့် ကောင်းကြီးပေးစေခြင်းငှာ၄င်း၊ ရွေးချယ်တော်မူသော လေဝိသား ယဇ်ပုရောဟိတ်တို့သည် ချဉ်း၍တရားတွေ့ခြင်းအမှု၊ ရိုက်ပုတ်ခြင်းအမှုရှိသမျှတို့ကို စီရင်ဆုံးဖြတ် ရကြမည် (တရားဟော ၂၁း၂–၆)။

## ရှေးခေတ်အာရှလူမျိုးများနှင့်အာဖရိကလူမျိုးများ၏ယဉ်ကျေးမှု

(ကမ္ဘာဦးကျမ်း ၁၀း၄,၂၀,၃၁,၃၂) မှာ လူမျိုးများ နိုးကြားထကြွခြင်းသည် မိသားစုအုပ်စု များမှ ဖြစ်ပေါ်လာသည်ကို မထမကျမ်းကိုးကားအဖြစ် တွေ့နိုင်သည်။

ဤလူမျိုးများထဲတွင် လူထုအစိုးရအသွင်ဆောင်သော ဘာသာတရားများကို မယုံကြည်သော ရှင်ဘုရင်နိုင်ငံ များလည်း နိုးကြားလာကြသည်ကိုလည်းတွေ့ရပါသည်။ ဘာသာတရားကို မယုံကြည်သော လူများသည် ဗဟိုအုပ်ချုပ်ရေးစနစ်ကိုကျင့်သုံးကြပြီး ပထမဆုံးသောနိုင်ငံမြို့ကြီးများ ပေါ်ထွန်းလာကြ၏။ ''ထိုပြည်မှ အာရှုရိပြည်သို့သွား၍ နိနေဝေမြို့၊ ရဟောဘုတ်မြို့၊ ကာလမြို့ကိုလည်းကောင်း၊ နိနေဝေမြို့နှင့် ကာလမြို့စပ်ကြားမှာ ကြီးစွာသော မြို့တည်းဟူသော ရေသင်မြို့ကိုငှင်း တည်ဆောက်လေ၏။ (ကမ္ဘာဦးကျမ်း ၁၀း၁၁)

နောဧ၏ကြီးကျယ်ခန်းနားသောမြေးနိမ်ရောဒ်နိနေဝေမြို့ကို တည်ထောင်သူသည် အလွန်အင်အားကြီးမားသော ပထမဦးဆုံးကမ္ဘာကို အုပ်ချုပ်သူအာဏာရှင်ဖြစ်လာ၏။ (ဆာဂွန်ရှင်ဘုရင်ဟုလည်းခေါ်၏) ဘီစီ ၃၀၀၀ ခန့်တွင် ပထမဦးဆုံးအုပ်ချုပ်သည့် ဆူမေရီယံလူမျိုးများ အုပ်စိုးချိန်တွင် မက်ဆိုပိုတေးမီးယားယဉ်ကျေးမှု၊ ၄င်းနောက် ဘေဘီးလိုးနီးယန်း ယဉ်ကျေးမှုနှင့် အာဆီးရီးယန် ယဉ်ကျေးမှု၊ ဘီစီ ၃၂၀၀ ခန့်တွင် အီဂျစ် ယဉ်ကျေးမှု၊ ဘာသာတရားကို မယုံကြည်သောတိုင်းနိုင်ငံများမှ ကိုးပါးသော ရှင်ဘုရင်များကိုလည်း ဖော်ပြ၏။ ထိုရောအခါ ရှိနာမင်းကြီး အရံဖေလ၊ လောသောမင်းအာဂုတ်၊ လေံမင်းကြီးစေဒေါရလောမာ၊ ဂေါအိမ်မင်းကြီးထိဒလတို့သည် သောဒုံမင်းကြီးဗေရာ ဂေါမောရမင်းကြီး ဗိရရှ၊ အာဓမာမင်းကြီး ရှိနယ်၊ ဇေဘိုင်မင်းကြီး ရှေမဘာ၊ ဗေလာမင်းကြီးတို့နှင့် စစ်တိုက်ကြ၏။ ဗေလပြည်ကာ ဇောရအမည်လည်း ရှိသတည်း။ (ကမ္ဘာဦးကျမ်း ၁၄း၁–၂) ၄င်းအပြင် ရှေးကျသော ခရစ်ယဉ်ကျေးမှု၊ အိန္ဒိယယဉ်ကျေးမှု၊ တရုတ်ယဉ်ကျေးမှုနှင့် အင်းဒီးယန်းယဉ်ကျေးမှုများလည်း ပေါ်ထွန်းလာခဲ့၏။ ကျမ်းစာထဲတွင် မတွေ့ရသောလူထုအပ်ချုပ်ရေးနှင့် ပတ်သက်၍ ဖော်ပြသည်ကား ဗဟိုအုပ်ချုပ်ရေးအာဏာကိုသုံးပြီး လူများအတွက် ထောက်ပံ့သူ သို့မဟုတ် ကယ်တင်သူဖြစ် ဘို့ရန် တာဝန်ယူမှုကိုပြုလုပ်သည့်တိုင်အောင် လူများသည် သူတို့၏ ပန်းတိုင်းသို့ရောက်ရှိပြီး ကမ္ဘာကိုနှံ၍ မြေကြီးတပြင်လုံးပြည့်လျှံဘို့ရန် အလို့ငှာ ဘာဘဲလ်အရပ်၌အတူတကွ စုရုံးကာနေထိုင်ကြ၏။ သူတို့သည် သူတို့ကိုယ်တိုင်အတွက် နာမည်မှည့်ပြီး မေရှိယအတုကဲ့သို့ နိုင်ငံတော်မှတဆင့် သူတို့ကိုယ်သူတို့ ကယ်တင်ချင်ကြ သည်။ ဒါဟာ ပထမဆုံးသော လူသား၏ဖြစ်စဉ်ကိုဖော်ပြခြင်းဖြစ်ပြီး တန်ခိုးဩဇာအာဏာကို ဘုရားသခင်ထက်လူသား

သို့မဟုတ် လူစုအပေါ်တွင် ပိုမို၍ ထားလာကြ၏။ သူတို့သည် မြေကြီးတပြင်လုံးတွင် အမိုးရတစ်ခုတည်းဖြင့် အုပ်ချုပ်ရသော ဗဟိုအုပ်ချုပ်ရေးစနစ်ကို ကာကွယ်ကြရန် ကြိုးပမ်းလာကြသောအခါ ဘုရားသခင်သည် သူတို့၏ ဘာသာစကားကို ကွဲပြားစေပြီး မြေကြီးတပြင်လုံး၌ ပျံ့နှံ့သွားစေ၏။ လူသားအားလုံးသည် ဘုရားသခင် ဖန်ဆင်းတော်မူသော သတ္တဝါများဖြစ်သည့်အကြောင်းကို ရှေးခေတ်ကာလတွင် သာမက သမိုင်းတစ်လျှောက်လုံး တွင်လည်း သိရှိနိုင်ပါသည်။ (တမန်တော် ၁၇း၂၆) တွင် ရှင်ပေါလု ပြောခဲ့သည်ကား ဘုရားသခင်သည် မြေတပြင်လုံး၌နေသော လူအမျိုးမျိုးတို့ကို တသွေးတည်းဖြင့် ဖန်ဆင်းတော်မူ၍ သူတို့အားခွဲဝေစီမံသော အချိန်ကာလကိုငှင်း၊ သူတို့၏ နေရာအပိုင်ခြား ကိုငှင်း မှတ်သားတော်မူ၏။

## ကျမ်းစာနှင့်စပ်ဆိုင်သောဥပဒေများနှင့် ဟေဗြဲသမ္မတနိုင်ငံ

ဘီစီ (၂၁၆၆–၁၉၉၁) ဗဟိုအုပ်ချုပ်သော ဆော်ကာလ၏ အလယ်ခန့်တွင် ဘုရားသခင်နှင့် စပ်ဆိုင်သော ဖွဲ့စည်းအုပ်ချုပ်မှု အကျင့်စာရိတ္တပျက်ပြားချိန်တွင် ဘုရားသခင်သည် မြို့ပြနိုင်ငံတွင်ရှိ (Ur) ဥရ အမည်တွင်သော မြို့မှ (ထိုမြို့ကသည် ဘာဘယ်မြို့၊ နီနေဝေမြို့နှင့် အက်ကတ်မြို့များနှင့် မဟာမိတ်ဖွဲ့ကြ၏) အာဗြဟံအမည်ရှိသော လူတစ်ယောက်ကို ဘာသာတရားကို မယုံကြည်ကြသောလူမျိုးများအကြားတွင် အနိုင်းမရမတုပနိုင်သော လူမျိုးတစ်မျိုး၏ နိုင်ငံကိုတည်ထောင်ရန် ခေါ်တော်မူ၏။ (ကမ္ဘာဦးကျမ်း ၁၁း၃၁၊ ၁၂း၁–၃၊ ၁၇း၆,၁၀၊ ၁၈း၁၉,၂၂း၁၈)။ အဗြဟံသည် ဘာသာတရားကိုင်းရှိုင်းသောသူဖြစ်ပြီး (ကမ္ဘာဦးကျမ်း ၂၃း၆) အစွရေးနိုင်ငံကို အုပ်ချုပ်သူလည်း ဖြစ်၏။ ဘုရားသခင်သည် အဗြဟံကို သင်ကြားပေးခဲ့သည်မှာ (၁) ကမ္ဘာကြီးကို တစ်ဆူတည်းသော ဘုရားသခင်၏ သတ်မှတ်ထားသော ဥပဒေများက အုပ်ချုပ်သည်။ အခုတစ်မျိုးတော်ကြာ တစ်မျိုးလုပ်၍ လူကို ထိခိုက်အောင်နောက်ပြောင်တတ်သော နတ်ဘုရားများက အုပ်ချုပ်သည်မဟုတ်ပါ။ (၂) လွတ်လပ်ရေးနှင့် အစီစဉ်၏ အခြေခံဖြစ်သော နောမေ့ စတင်သော ပဋိညာဉ်နှင့်စပ်ဆိုင်သော အယူအဆများပေါ်တွင် အခြေခံ၍ မိသားစုအတွင်း အုပ်ချုပ်ရေးပေါ်ပေါက်လာခြင်းကို သင်ကြားပေးခဲ့သည်။ အာဗြဟံသည် သူ့အားဖြင့် လူမျိုးများကောင်းကြီးမင်္ဂလာခံကြရန်နှင့် နိုင်ငံတစ်နိုင်ငံတည်ထောင်ရန်

ကြိုးစားသည့်အနေဖြင့် ဖါရောဘုရင်၊ သောဒုံမင်း၊ ရှာလင်မင်းကြီး၊ ဂေရာမင်းတို့နှင့် စေ့စပ်ခြင်းနှင့် စစ်တိုက်ခြင်းတို့ကို ပြုလုပ်ခဲ့သည်။ ယောသပ်ခေါင်းဆောင်မှုအောက်တွင် ဟေဗြဲလူမျိုးများသည် အစာရေစာခေါင်းပါးမှုဘေးအန္တရာယ်မှလွတ်မြောက်ရန် အဲဂုတ္တုပြည်သို့ ပြောင်းရွှေ့ကြပြီး အဆုံးတွင် အီဂျစ် ကျွန်များဖြစ်လာကြ၏။ ၎င်းနောက်၊ (ဘီစီ ၁၅၂၆-၁၄၀၆) တွင် ဘုရားသခင်သည် သူ့လူများကျွန်အဖြစ်မှလွတ်မြောက်စေရန် အဲဂုတ္တု ဘုရင် မိသားစုမှ ကြီးလာသူဟေဗြဲလူမျိုးမောရှေ အမည်ရှိသောလူမှ တစ်ယောက်ကို ရွေးချယ်တင်မြှောက်ခဲ့သည်။ ဟေဗြဲလူမျိုးများသည် ကျွန်ဘဝမှလွတ်မြောက်လာကြသောအခါ ဘုရားသခင်သည် မောရှေကိုခေါ်၍ အစိုးရဖွဲ့စည်းရန်နှင့် ဥပဒေများရေးဆွဲရန် စည်းရုံးမှုပြုလုပ်ရမည့်အကြောင်း မိန့်တော်မူ၏။ (ထွက်မြောက် ၄း၂၉) (ဆာလံ ၁၀၅း၃၁) ဤသို့အားဖြင့် ပထမဦးဆုံး ကိုယ်စားပြုသော သမ္မတနိုင်ငံကို ထူထောင်ခဲ့ကြ၏။ မောရှေ၏ ပညတ်တော် (ဥပဒေ) များသည် ရှေးကျသော သမိုင်း၏ ဥပဒေများထက် မတုပနိုင်အောင် ပို၍ထူးခြား၏။ မောရှေ၏ ဥပဒေများထက် အနှစ် ၂၀၀ ခန့် ရှေးကျသော ဘောဘီလိုးနီးယား ဘုရင် ဟာမူရာဘီ၏ ဥပဒေများနှင့်လည်း လုံးလုံးလျားလျားခြားနား၏။ ဤမောရှေ၏ ဥပဒေသများသည် သနားကြင်နာသော၊ တရားမျှတမှုရှိသော ဥပဒေသများဖြစ်၍ အထူးသဖြင့် အမျိုးသမီးများနှင့် ကျွန်များကို အခွင့်ရေးပေးသော ဥပဒေဖြစ်ပါသည်။ မောရှေ၏ ပညတ်တော် ၁၀ပါးကို ပဋိညာဉ်စာအုပ်ဖြစ်သော (ထွက်မြောက် ၂၀း၂-၁၇) တွင် ထင်ရှားစွာ ဖေါ်ပြထား၏။ မှုခင်း ဥပဒေများကို (ကမ္ဘာဦး ၂၁း၁-၂၂) တွင်၎င်း၊ အထွေထွေအမှုအတွက် ဥပဒေများကို (ကမ္ဘာဦး ၂၂-၁၈-၂၃,၃၃) တွင်း၎င်း ရေးသားဖေါ်ပြထား၏။ ပထမလေးခုမြောက်သော ပညတ်တော်များကို ပို၍ဝေးကွာသောသန့်ရှင်းသော ကိုစဥပဒေစာအုပ်ဖြစ်သော (ဝတ်ပြုရာကျမ်း ၁၇း၂၇) တွင် ထင်ရှားစွာဖေါ်ပြထား၏။ နောက်ဆုံးပညာတ်တော် ၆ ပါးကိုမူကား (တရားဟော ၁၂း၂၆) တွင် နက်နဲစွာဖေါ်ပြထား၏။ ဤပညတ်တော် ဆယ်ပါးသည် တန်ဖိုးကြီးသော အရာဆယ်ခုကို အကာကွယ်ပေးသည်။ ထိုအရာ ၁၀ ခုသည် အခွင့်အရေးများကို ဆိုလိုသည်။ အခွင့်ရေးတစ်ခုဆိုသည်မှာ ဘုရားသခင်၏ အမိန့်တော်ကို ထင်ရှားစေရန် တရားသောတောင်းဆိုမှုပင်ဖြစ်၏။

ပညတ်တော် ၁၀ပါး၏ တားမြစ်သောအရာများ
၁။ ဘုရားများစွာကိုးကွယ်သည့်ဝါဒ
၂။ ရုပ်တုကိုးကွယ်ခြင်း
၃။ ဘုရားတရားကို မထီမဲ့မြင်ပြုခြင်း
၄။ ဥပုသ်နေ့တွင် အလုပ်လုပ်ခြင်း
၅။ မိဘများကို မရိုသေမှု
၆။ လူသတ်မှုကျူးလွန်ခြင်း
၇။ သူတပါး၏မယားနှင့်ဖေါက်ပြန်ခြင်း
၈။ ခိုးမှုကျူးလွန်ခြင်း
၉။ လိမ်လည်ထွက်ဆိုခြင်း
၁၀။ တပ်မက်သောစိတ်

အထွက်အမြတ်ထားရှိခြင်းကိုအခိုင်အမာပြောဆိုသည့် (၀ါ) အခွင့်အရေး
– အထွက်အမြတ်ဖြစ်ခြင်းကို အတည်ပြုသည်
– ဘုရားသခင် (တန်ခိုးအာဏာအလွန်ကြီးမားသော)
– ရှိခိုးခြင်း
– စကားပြောဆိုခြင်း (သစ္စာပြုခြင်း)
– အချိန် (နားနေခြင်း)
– အမိန့်အာဏာ (မိသားစု)
– ဘ၀အသက်တာ (တစ်ဦးချင်း)
– ချစ်ခြင်း (ပဋိညာဉ်စာချုပ်)
– ပိုင်ဆိုင်သောပစ္စည်း
– အမှန်တရား (ဂုဏ်သိတင်း)
– အသိစိတ်

အစကနဦးမှစ၍ ဘုရားသခင်၏ ရည်ရွယ်ချက်သည် အစ္စရေးလူမျိုးများပေါ်တွင်

ကန့်သတ်ချက်မရှိခဲ့ပါ။ သို့သော် ဘုရားသခင်သည် ဤဥပဒေသများနှင့် ကောင်းကြီးများ ခံစားရန် ဘုရားသခင်၏ လူထုအုပ်ချုပ်ရေးအကြံအစီကို အမှားသုံး၍ ဗဟိုအာဏာဖြင့် မတရားအုပ်ချုပ်သော ဘာသာတရားကို မယုံကြည်သောသူများထံသို့ ပို့ဆောင်သွားကြရန် အလိုရှိတော်မူ၏။

လွတ်လပ်သော အုပ်ချုပ်ရေးအတွက် အရေးကြီး အခြေခံကျသော အချက်ခုနစ်ချက်ကို ဘုရားသခင်သည် အစ္စရေးနိုင်ငံတွင် ထူထောင်ခဲ့သည်။

၁။ အမျိုးသားဥပဒေပြုအထက်လွှတ်တော်နှင့် အောက်လွှတ်တော်နှစ်ရပ်စလုံး ပါဝင်သောဥပဒေပြုအဖွဲ့တစ်ဖွဲ့ကို လူဦးရေအခြေခံပေါ်မူတည်၍ ဖွဲ့စည်းပြီး ဉာဏ်ပညာနှင့် ပြည့်စုံ၍ အသရေရှိသောသူတို့ကို တရားသူကြီးများအဖြစ် ရွေးချယ်၍ လူတစ်ထောင်အုပ်၊ တစ်ရာအုပ်၊ ငါးဆယ်အုပ်၊ တစ်ဆယ်အုပ် စသည်ဖြင့် ခန့်ထားခဲ့၏ (တရားဟော ၁း၁၃–၁၇) (ထွက်မြောက်ရာ ၁၈း၁၂–၂၆)။

၂။ ဒုတိယအိမ် (အောက်လွှတ်တော်) တွင် မျိုးရိုးအလိုက် အတွေ့ကြုံရင့်သော လူကြီးနှစ်ယောက်ကို လူမျိုးစု ဆယ့်တစ်မျိုးထဲမှ ရွေးချယ်ပြီး လေဝိ အမျိုးထဲမှ ယဇ်ပရောဟိတ် ၂၄ ပါး၊ ကျမ်းတတ် ပုဂ္ဂိုလ်နှစ်ဦးကို လူမျိုးစု ၁၂ ခုစလုံးမှ ရွေးချယ်၍ အားလုံးပေါင်း ၇၀ ဦးပါဝင်သော ဆန်ဟေဒရင် အဖွဲ့ကို ဖွဲ့စည်းကြ၏။ (ထွက်မြောက်ရာ ၂၄း၁) (တောလည်ရာ ၁၁း၁၆–၁၇)

၃။ စီမံဆောင်ရွက်ရေး၏ အကြီးအကဲ (တရားသူကြီး) အဖွဲ့တစ်ဖွဲ့ကို ရွေးချယ်ရာ၌ ပြည်သူလူထု၏ သဘောတူညီချက်ဖြင့် ရွေးချယ်ခဲ့သော်လည်း ပဋိညာဉ်ထဲသို့ ဝင်ရောက်ခြင်း မရှိပါက အုပ်ချုပ်ရေးနှင့်တရားစီရင်ခြင်းအာဏာမရှိပါ (တရား ၁၇း၁၄–၂၀)

၄။ ဖွဲ့စည်းအုပ်ချုပ်ပုံ၏ အမိန့် (ပဋိညာဉ်)။ ထို့ကြောင့် ယခုတွင် သင်တို့သည် ငါ့စကားကို အမှန်နားထောင်၍ ငါ့ပဋိညာဉ်ကို စောင့်ရှောက်လျှင် အခြားသောလူမျိုးတကာတို့ထက် သင်တို့သည် ငါပိုင်ထိုက်သော ဘဏ္ဍာတော်ဖြစ်ရကြလိမ့်မည်။ မြေကြီးရှိသမျှတို့သည် ငါ၏ ဥစ္စာဖြစ်၏။ သင်တို့သည်လည်း မင်းစည်းစိမ်ရှိသော ယဇ်ပရောဟိတ်မျိုး၊ သန့်ရှင်းသော လူမျိုးဖြစ်ကြလိမ့်မည်ဟူသော အမိန့်တော်ကို ဣသရေလ အမျိုးသားတို့အား

ဆင့်ဆိုလော့ဟုမိန့်တော်မူ၏။ သူတို့အားလုံး၏ လူထုဥပဒေများသည် ဘုရားသခင်၏ ပို၍မြင့်အောင် သတ်မှတ်ထားသော ဥပဒေပေါ်တွင် အခြေခံသည်။ အများစုက သတ်မှတ်ထားသော ဥပဒေမဟုတ်ပေ။ ဤအရာသည် သမ္မတနိုင်ငံကို ဖြစ်ပေါ်စေသည်။ ဒီမိုကရေစီစနစ်မဟုတ်ပါ။

၅။ အရပ်သားပြည်သူ့စစ်နှင့် ရဲတစ်ဖွဲ့။ (တရားဟောရာကျမ်း ၂၀း၉,၁၀) တွင် ကိုယ့်ကိုယ်ကို ကာကွယ်ရန်အတွက် အခွင့်အရေးရှိကြောင်းကို အခိုင်အမာပြောဆို၏။ ဗိုလ်တို့သည် လူများတို့အား ထိုသို့ပြောပြီးမှ တပ်မှူးတို့သည် လူများကို စစ်ချီစေရကြလိမ့်မည်။ သင်သည် မြို့တမြို့ကို တိုက်ခြင်းငှာ ချဉ်းသောအခါ စစ်ပြေငြိမ်းမည့်အကြောင်းကို ဟစ်ကြော်ရမည်။ (တရား ၂၀း၉–၁၀)

၆။ (၁) လွတ်လပ်သောတရားသူကြီးများနှင့် တရားမျှတသော အမှုစစ်ဆေးခြင်း။

လူတစ်ယောက်သည် အပြစ်ရှိကြောင်းသက်သေမပြနိုင်မချင်း အပြစ်ကင်းသောသူ ဖြစ်ကြောင်းကို (ရာဇဝင်ချုပ် ဒု–စောင် ၁၉း၅–၁၀) (ထွက် ၂၃း၁–၃) (တရား၁၇း၆)။ (ဝတ်ပြု ၂၀) တရား ၁၉း၁၅–၁၉) တွင် အခိုင်အမာပြောဆို၏။

(၂) ဥပဒေ၏လုပ်တုံးလုပ်နည်းအရပေးရန်ရှိသော အခွင့်အရေးနှင့် (၃) လူတစ်ယောက် ကို အခြားလူတစ်ယောက်၏ မကောင်းကြောင်း သေခံရန် အတင်းမခိုင်းရန်၊ (၄) စွပ်စွဲသူများက သူတို့ကိုယ်တိုင် သင့်ကိုရင်ဆိုင်ရမည်။ (၅) ဤသို့အားဖြင့် တရားစီရင်ခြင်းသည် မျက်နှာမလိုက်သော တရားစီရင်ရာရောက်လိမ့်မည်။

၇။ အကိုင်းသုံးကိုင်းကွဲသောအုပ်ချုပ်ရေး

အစ္စရေးနိုင်ငံသည် စီမံဆောင်ရွက်ရေး၊ ပြည်သူ့တရားသူကြီးနှင့် ပြည်သူ့ဥပဒေပြုအဖွဲ့ ဟူ၍ ကွဲပြားသောအဖွဲ့စည်းသုံးရပ်ရှိ၏။ ဤအုပ်ချုပ်ရေးအဖွဲ့စည်းများအပြင် အစ္စရေး လူမျိုးများမှာ သင့်တော်သော အုပ်ချုပ်ရေးနယ်ပယ်အောက်တွင် တစ်ဦးချင်း မိသားစုနှင့် အသင်းတော်၏ တရားစီရင်ပိုင်ခွင့်များကို ထိန်းသိမ်းထားခဲ့ကြ၏။ ဘာသာရေး၊ ဈေး၊ ပုံနှိပ်စက်နှင့် ကျောင်းများကို နိုင်ငံတော်က ထိန်းချုပ်ခြင်းမပြုလုပ်ခဲ့ပေ။ ယဇ်ပရောဟိတ် များနှင့် လေဝိများသည် ခရစ်ယာန် ဂိုဏ်းဘုန်းတော်ကြီးများဖြစ်၍ တရားသူကြီးများသည် အုပ်ချုပ်သူမင်းများဖြစ်ကြ၏။ ဒါဟာ သတိမူဘို့ အရေးကြီးပါတယ်။ ဘာကြောင့်လဲ

ဆိုတော့ ပရောဖက်များသည် အဓိကအားဖြင့် လူမှုရေး ပြန်လည်ဖွဲ့စည်းသူများနှင့် နိုင်ငံရေးခေါင်းဆောင်များဖြစ်ကြ၍ ခရစ်ယာန်ဘုန်းတော်ကြီးများနှင့် ခရစ်ယာန်ဘုန်းတော်ကြီးမဟုတ်သူများလည်း ပါဝင်ကြသည်။ အသင်းတော်နှင့် နိုင်ငံတော်၏ ခွဲခွာခြင်းသည် ယဇ်ပရောဟိတ်နှင့် လေဝီများကို လူထုနှင့်ဆိုင်သော ရုံးများသို့မဟုတ် ကိုယ်ပိုင်နိုင်ငံသားကဲ့သို့ နိုင်ငံရေး လွှမ်းမိုးချုပ်ကိုင်သည်ကို မတားမြစ်ခဲ့ပါ။

မြေပြင်လူမျိုးများကို ယောရှုသေဆုံးပြီးသည့်နောက်တွင် ဆောင်ရွက်စီမံရေးတွင် အကြီးအကဲမရှိဘဲ နိုင်ငံရေးတွင် အတွေ့အကြုံ ရင့်ကျက်သောသူများက ဆက်ခံအုပ်ချုပ် ခဲ့ကြသည်။ ယောရှု ၂၄း၃၁) ၄င်းအချိန်တွင် လူများသည် ဘုရားသခင်အပေါ် မှီခိုအားထားခြင်း ကိုပြုလုပ်ကြ၏။ ဤကဲ့သို့ယေဖသသည်လည်း အမ္မုန် အမျိုးသားများနှင့် စစ်တိုက်သောအခါ အောင်မြင်နိုင်ဘို့အလို့ငှာ ဘုရားသခင်ကို လှိုက်လှိုက်လှဲလှဲ တောင်းပန်သည်။ မည်သို့ပင် ဖြစ်စေကာမူ သူတို့ဘဝအသက်တာ၏ အတတ်ပညာနှင့် အကျင့်စာရိတ္တကို ကောင်းမွန်အောင် ပြုလုပ်ပေးသောအရာများကို လစ်လျူရှုလာခဲ့ကြသည်။ ထို့ကြောင့် ဘာသာတရားကိုင်းရှိုင်းသော အုပ်ချုပ်ရေးကို ထူထောင်ရန် မောရှေ၏ ပညာတ်တော်အောက်တွင် ထောက်ပံ့ပေးရန် အရေးကြီးလိုအပ်လာ၏။ ဘီစီ ၁၁၂၀ တွင် မိသားစုနှင့် အသင်းတော်အခြေအနေသည် တဖြေးဖြေးဆိုးရွားလာစေခဲ့ပြီး ၄င်းသည် အစ္စရေးအုပ်ချုပ်ရေး၏ အကျင့်ပျက်စီးမှုကိုဖြစ်ပေါ်လာစေသည်။ အုပ်ချုပ်သူလူသစ်များသည် အာဏာကိုသုံး၍ ရယ်စရာကောင်းသောလူ့ကျင့်ဝတ်များကို ပြုလုပ်လာကြသဖြင့် လူများသည် ပြောင်းလဲရေးကို တောင်းဆိုလာကြ၏။ ကံမကောင်းစွာသူတို့ရွေးချယ်ထားသော အစိုးရအတွင်း ဖွဲ့စည်းအုပ်ချုပ်ပုံများပြောင်းလဲပေးရေးကို အသိအမှတ်ပြုရမည့်အစားပြဿနာ တစ်ခုပေါ်လာ၏။ ၄င်းမှာ ဥပဒေအမိန့်စာထက် သူတို့၏ စိတ်နှလုံးနှင့် အကျင့်စာရိတ္တများ ပြောင်းလဲရေးပင်ဖြစ်၏။ လူများသည် ရှင်ဘုရင်တစ်ပါးကို တောင်းဆိုလာကြ၏။ ဒါဟာ လူထုနှင့်ဆိုင်သော ဗဟိုမှ အာဏာကို ကိုင်စွဲ၍ ကိုယ်တိုင်အုပ်ချုပ်သော စနစ်မှဖွဲ့စည်းပုံနှင့် ဆိုင်သော ဘုရင်အုပ်ချုပ်ရေး စနစ်သို့ ပြောင်းလဲခြင်းဖြစ်၏။ ဤကဲ့သို့ ရှင်ဘုရင်အုပ်ချုပ်ရေးကို လိုလားခြင်းသည် သူတို့ပတ်လည်တွင်ရှိသော (ဘာသာတရားမရှိသူလူမျိုးများကဲ့သို့

နေထိုင်လိုကြခြင်းကြောင့် ဖြစ်ပြီး ဘာသာရေးမရှိသောလူမျိုးသည် အခြေခံဖွဲ့စည်းအုပ်ချုပ်ပုံမရှိ) ပရောဖက်ရှမွေလက ဖြစ်တင်သော်လည်း နားမထောင်ကြပေ။ ဘာသာတရားမရှိသော သက်ဦးဆံပိုင်ဘုရင်အုပ်ချုပ်ရေးစနစ်သည် လူများအမိန့်အာဏာလိုက်နာမှုကို အကျိုးသက်ရောက်စေသော်လည်း ဖိနှိပ်ချုပ်ချယ်မှုမြင့်မားလာစေခြင်း၊ အခွန်တိုးကောက်ခံခြင်းနှင့် လူထုလွတ်လပ်မှုစသည်တို့ကို ဆုံးရှုံးစေသည်။ (၁ရှမွေလ ၈း၁၀–၂၀)။ စိုးမိုးအုပ်ချုပ်ပိုင်ခွင့်အာဏာမှ လွမ်းမိုးချုပ်ကိုင်ခြင်းသို့ ဦးလှည့်သော ဘာသာတရားမရှိသောလူမျိုးများ၏ ဖွဲ့စည်းပုံနှင့်အညီ အစ္စရေးလူမျိုးတို့သည် ကိုက်ညီအောင် နေထိုင်ကြသည်။ ဗဟိုအုပ်ချုပ်မှုအာဏာသည် ရုတ်တရက်ဖြစ်ပေါ်တသော ပြဿနာကို ဖြေရှင်းနိုင်ဖွယ်ရာရှိသော်လည်း ထိုထက်မကများပြားသော ပြဿနာများကို ဖြစ်ပေါ်စေ၏။ (ဓမ္မရာဇဝင်ပထမစောင် ၈း၁–၂၂) ဤအချက်ကစပြီး အမေရိကကို ထူထောင်ခြင်းမပြုခင် လွန်ခဲ့သောနှစ်ပေါင်း ၃၀၀၀ ခန့်တွင် တကမ္ဘာလုံးသည် လူတစ်ဦးချင်းအတွက် ပြည့်စုံသော လွတ်လပ်မှုကိုလုံးဝသိရှိသဘောပေါက်ခြင်းမရှိကြချေ။

## ''ဂရိနှင့်ရောမအုပ်ချုပ်ရေး''

သမိုင်းတွင်တွေ့ရသော ဒုတိယအဓိကဖြစ်သော ဒီမိုကရေစီအုပ်ချုပ်ရေးနစ်ကို ဂရိမြို့တော် နိုင်ငံတွင် ဖွဲ့စည်းခဲ့သည်။ အစ္စရေးလူမျိုးများသည် ဗဟိုမှ အုပ်ချုပ်သော ဘုရင်အုပ်ချုပ်ရေး စနစ်ကို ကျင့်သုံးပြီးနောက်မှခြောက်ဆယ်အကြာတွင် အေသင်သည် ရှေးကျသော ဒီမိုကရေစီစနစ်နှင့် ဥပဒေများကို ယုံကြည်လက်ခံကျင့်သုံးခဲ့ကြ၏။

ထိုနောက် ဘီစီ ၈၈၄ တွင် စပါတာမြို့တော်နိုင်ငံက ဆိုင်ကာဂပ်စ် ဥပဒေများကို ထူထောင်ခဲ့သည်။ သို့သော် စစ်မှန်သော ဒီမိုကရေစီစနစ်ဖြင့် အုပ်ချုပ်သောကာလ ဘီစီ ၅၉၈ တွင် အေသင်မြို့သားရှေ့နေဆိုလွန်ဆိုသူသည် သူတို့၏ ဥပဒေကို သူတို့ကိုယ်တိုင် ပြုလုပ်ခွင့်ပေးသော တရားဝင်သောစနစ်ကိုရေးဆွဲခဲ့သည်။ ပလေတိုနှင့် အရစ္စတိုတယ်လ် တို့သည် အများ၏ကောင်းကျိုးအတွက် လူတိုင်းတွင် လွတ်လပ်စွာ လှုပ်ရှားသွားလာရေးကို ခွင့်ပြုသော တရားမျှတသော အဖွဲ့အစည်းကို ဖွဲ့စည်းရန်

လေးနက်စွာ ပြောကြားခဲ့ကြ၏။ ဘီစီ ၄၀၅ တွင် ဂရိဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်သည် ပြိုကွဲလာ၏။ သို့သော် သူတို့၏ ယူဆချက်များကို ခရစ်တော်မပေါ်မီ ဒုတိယ ရာစုနှစ်တွင် ရောမနိုင်ငံ ခေါင်းဆောင်စီစေရိုနှင့် စီနီကာတို့က လက်ခံကျင့်သုံးခဲ့ကြသည်။ သူတို့သည် သဘာဝဥပဒေပေါ်တွင် အခြေခံ၍ မျက်နှာလိုက်မှုမရှိသော စီစေရိုပြောခဲ့သည့်အတိုင်း မည်သည့် နိုင်ငံမျှမထူထောင်မီအချိန်တွင် စတင်ခဲ့သော ဘုရားသခင်ထံမှလာသော စနစ်ကို အဆိုပြုတင်ပြခဲ့ကြသည်။ ဂရိနှင့် ရောမလူမျိုးတို့၏ ယူဆချက်များသည် ဟေဗြဲလူမျိုးတို့၏ ဒီမိုကရေစီယူဆချက်နှင့် မည်သည့်အခါတွင် မျှမတူညီကြချေ။ အဘယ့်ကြောင့်ဆိုသော် သူတို့၏ ယုံကြည်ချက်ချင်း မတူညီကြသောကြောင့်ဖြစ်၏။ ဒီမိုကရေစီနှင့် လွတ်လပ်ခြင်း၏ အယူအဆများသည် အခြားသော လူအားလုံး၏ ငြင်းဆိုသော အခြေခံအခွင့်အရေးများကို အမျိုးစားသေချာစေရန် တိုးချဲ့ခဲ့သည့်စနစ်ဖြစ်သည်။ ဤကဲ့သို့ မတရားအုပ်ချုပ်ရေးသည် နောက်ဆုံးတွင် အဖွဲ့စည်းအတွင်း မသင့်မတင့်ဖြစ်ခြင်း၊ စနစ်မကျခြင်းနှင့် တိုင်းပြည်အုပ်ချုပ်ရေး ကမောက်ကမဖြစ်ခြင်းကိုဖြစ်ပေါ်စေ၏။ သူတို့သည် စီစေရိုကို သတ်၍ တပါတီအုပ်ချုပ်ရေး စနစ်အာဏာပြန်လည်ရရှိလာအောင်ပြန်လွှဲပြောင်းပေးသည်။ ဂရိနှင့် ရောမလူမျိုးများ လက်ခံကျင့်သုံးသော ဒီမိုကရေစီစနစ်၏ အယူအဆများသည် အမှန်တကယ် ထက်ပို၍ သဘောတရားရေးရာဆိုင်သည်။ သို့သော် ဤအယူအဆများသည် သူတို့၏ မှားယွင်းမှုများကို လေ့လာနေသော မျိုးဆက်သစ်များအတွက် အကူညီပေးသော အယူအဆများဖြစ်သည်။ ဂရိနှင့် ရောမလူမျိုးများသည် ဒီမိုကရေစီရရှိရေးအတွက် ကြိုးပမ်းရာ၌ အဓိကကျသော အပြစ်အနာဆာများမှာ သူတို့၏ ယုံကြည်ချက်ပေါ်တွင် အမြစ်တွယ်လျက် ရှိပြီး လူဟာသဘာဝအားဖြင့် မညီမျှကြဘဲ လူတစ်ယောက်သာလျှင် သို့မဟုတ် အခွင့်အရေး အနည်းငယ်သာရရှိသော လူသည်သာလျှင် အခြားသောသူကို အုပ်ချုပ်ရန် ဆောင်ရွက်နိုင်စွမ်း ရှိ၏။ ဘာသာတရားမရှိသောသူများနှင့် ခရစ်ယာန် ဘာသာဝင်များတွင် လူနှင့်အုပ်ချုပ်ရေး အယူအဆများကွဲပြားခြားနားသည်ကို အမေရိကန်သမိုင်း ငါရဂူ ရစ်ချာစ် ဖရီတင်ဂမ်က ဤသို့ရေးထားခဲ့၏။ သူရေးသားခဲ့သည်မှာ ၄င်းအချိန်လူမှုရေးနှင့်ဆိုင်သော အာဏာများသည် လူများ၏

သဘာဝအားဖြင့် မတူညီသော ထင်မြင်ယူဆချက်ပေါ်တွင်တည်မှီနေသည်။ နိုင်ငံရေးတည်ဆောက်ပုံ၏ အစိတ်အပိုင်းဖွဲ့စည်းမှုအပေါ်တွင်မူတည်၍ လူတစ်ဦးချင်း၏ တန်ဖိုးကိုလေ့လာသုံးသပ်ပြီး တိုင်းပြည်အတွက် ထောက်ပံ့ပေးကမ်းနိုင်သောသူ ဖြစ်သည်နှင့်အညီ တိုင်းပြည်၏ပစ္စည်း ဥစ္စာအာဏာကို ကြီးထွားလာစေသည်။

ဒါဟာ ဘာသာတရားမရှိသောသူ၏ အယူအဆဖြစ်သည်။ ရှေးခေတ်ဟောင်းပညာရှင် များသည်ပင်လျှင် ဤဘာသာတရားမရှိသော အယူအဆများကို မကျော်လွှားနိုင်ခဲ့ပေ။ ၎င်းအယူအဆသည် ဘာသာတရားမရှိသူများ၏ ကမ္ဘာကိုလွှမ်းမိုးခဲ့၏။ အထူးသဖြင့် လူတစ်ယောက်အထဲ၌ ဘုရားသခင်နှင့်ပတ်သက်သော အခွင့်အရေးသို့မဟုတ် အခွင့်ထူးခံစားရသောလူနည်းစုအတွေးအခေါ် ခေတ်မှီလာရန်နှင့် လူတို့၏ လုပ်ရပ်များကို ထိန်းထားဘို့ရန် လူတွေ၏ပြုလုပ်ထားသောနိုင်ငံရေးအယူဆဖြစ်၏။ ဘာသာတရားကို မသိကြသော လူများ၏ ယဉ်ကျေးမှုသည် ကျွန်ဘဝကို ခွင့်လွှတ်ခဲ့သော်လည်း နိမ့်ကျသိမ်ငယ်စိတ်ရှိသောသူများကို ရက်ရက်စက်စက် ဆက်ဆံပြီး သူဆင်းရဲများနှင့် ဝေဒနာခံစားရသောသူများပေါ် သနားကြင်နာမှုထားရှိခြင်းကိုတားမြစ်ခဲ့ကြ၏။

## ခရစ်တော်ယေရှုသည် လူနှင့်အုပ်ချုပ်ရေး၏ခရစ်ယာန်အယူအဆကို မိတ်ဆက်ပေးသည်။ (အေဒီ – ၃၀)

ခရစ်တော်ကြွလာတော်မူသည်နှင့်တကွ လူသားများ၏ အပြစ်များအတွက် လက်ဝါးကားတိုင်ပေါ်သို့ အသေခံခြင်းကြောင့် အတွင်းပိုင်းကျသော ကိုယ့်ကိုယ်ကို အုပ်ချုပ်နိုင်မှု အရည်အချင်းသည် ပြန်လည်၍ နဂိုအခြေအနေသို့ရောက်ရှိလာ၏။ ဆက်လက်၍ပြောမည်ဆိုရင် ဤအတွင်းဘက်ပိုင်းမှဖြစ်ပေါ်လာသော လွတ်လပ်ရေးမှ အပြင်ဘက်ပိုင်းမှ ဖြစ်ပေါ်လာသော လူထုလွတ်လပ်ရေးရရှိရေးအတွက် အခြေခံမူကို တင်ပြတောင်းဆိုလာ၏။ ခရစ်တော်မိန့်တော်မူသည်မှာ လူတစ်ယောက်သည် သူရရှိမည့်အခွင့်ရေးများကို ကာကွယ်ရန်နှင့် လူထုအကြားတွင်ရှိသော မကောင်းမှုများမှ ကာကွယ်ရန် အစဉ်အပြတ်နိုးကြားမှုရှိမည့်အကြောင်းပွင့်ပွင့်လင်းလင်း မိန့်မှာတော်မူ၏ (လုကာ ၁၈–၁–၈)။ အဆိုးအားဖြင့် အရှုံးမခံနှင့် အကောင်းအားဖြင့် အဆိုးကိုနိုင်လော့

(ရောမ ၁၂း၂) ဆင်းရဲသူများ ကျွန်ဘဝရောက်သူများနှင့် ဖိနှိပ်ချုပ်ချယ်ခြင်းကို ခံရသူများလွတ်မြောက်ဘို့ရန်နှင့် ကောင်းသော အမှုကို ပြုခြင်းဖြင့် မကောင်းသောအမှုကို အောင်မြင်နိုင်ဘို့ရန် ကျွန်ုပ်တို့ဆုတောင်းရမည့်အကြောင်းကို ပို၍လေးနက်စေတော်မူ၏။ (လုကာ ၄း၁၇–၁၈) ယေရှုသည် လူတိုင်း၏ ပင်ကိုယ်ဗီဇသည်တန်ဖိုးရှိကြောင်းနှင့် တစ်ဦးချင်း၏ လိုအပ်ချက်များကို ဖြည့်စွက်ပေးရန် အုပ်ချုပ်ရေးအတွက် တူညီသော အခွင့်ရေးရရှိရန် မှန်ကန်သော အခြေခံမှုအပ်ကြောင်းကို လေးနက်စေတော်မူ၏ ယေရှုသည် ကန့်သတ်ချက်ရှိသော အုပ်ချုပ်ရေးအကြောင်းကိုလည်း သင်ကြားပေးတော်မူ၏။ မှန်ကန်သော တရားစီရင်ခြင်းနယ်ပယ်သည် လူမှုရေးနှင့်ပတ်သက်သောတဖြေးဖြေးပြောင်းလဲမှုကို ဖြစ်ပေါ်စေ၍ မောရှေ၏ လူထုပညတ်တော်များကို တရားဝင်စေသည်။ ဤအခြေခံမှုများကို အခန်း ၆ တွင် အသေးစိတ်ဖော်ပြပါသည်။ အသင်းတော်သည် ဤအခြေခံမှုများအားဖြင့် ဘာသာရေးမသိသော ကမ္ဘာ့နိုင်ငံများသို့ မျိုးပျံ့ပွားစေသည်နှင့်အမျှ လူနှင့်အုပ်ချုပ်ရေး၏ ခရစ်ယာန်အယူအဆသည် ပို၍ရှင်းလာစေ၏။ ဖရိုတင်ဂမ်ပြောပြခဲ့သည်မှာ ခရစ်ယာန်ဘာသာဝင်သည် ဗဟိုမှဖြစ်သော မူဝါဒအားဖြင့် ပေါ်ပေါက်လာပြီး သူတို့၏ အယူဝါဒမှာ လူသည် ဘုရားသခင်နှင့် သဏ္ဍာန်တူအောင် ဖန်တီးထားသော သတ္တဝါဖြစ်၍ ထာဝရရှင်သန်ရမည့်အကြောင်းနှင့် လူများသည် ဘုရားသခင်၏ မျက်စိတော်အောက်တွင် အားလုံးအတူတူပင်ဖြစ်သည်။ ဤအယူဝါဒသည် လူတစ်ဦးချင်းတွင်ရှိသော လွတ်လပ်ရေး၏ တန်ဖိုးကို အခိုင်အမာဖော်ပြခဲ့၏။ ၄င်းသည် ကောက်ချက်ချရန် အကြောင်းဖန်လာသည်မှာ လူသည် နိုင်ငံအတွက် သာလွန်ကောင်းမွန်ပြီးသူ အသုံးပြုအရာများသည် ခေတ်မှီသော အရာများဖြစ်သင့်သည်။ နိုင်ငံတော်သည် လူများအတွက်တည်ရှိသင့်သည်။ တရားရေး၊ ကာကွယ်ရေးနှင့် အများပြည်သူကောင်းစားရေးအားလုံးသည် အစိုးရ၏ရှိသင့်သော ရည်ရွယ်ချက်ဖြစ်သည်။ အမေရိကန်ပြည်ထောင်စုသည် သက္ကရာဇ် ၁၇၇၆ ခုနှစ်တွင် လွတ်လပ်ရေးကြေညာချက်တွင် ဤနည်းအားဖြင့် ခရစ်ယာန်ဘာသာဝင်များ၏ အယူအဆများကို ကြေညာထား၏။ ကျွန်ုပ်တို့သည် ကိုယ်တိုင်သက်သေအတွက် ဤအမှန်တရားများကို ကျင့်သုံးသည်။ ဘုရားသခင်သည် လူသားအားလုံးကို တူညီစွာ

ဖန်တီးခဲ့တော်မူ၍ လုယူ၍မရသော အခွင့်အရေးများကို ပေးတော်မူ၏။ ၎င်းအခွင့်အရေးများထဲတွင် ဘဝအသက်တာ လွတ်လပ်ရေးနှင့် ပျော်ရွှင်ဝမ်းမြောက်ခြင်းကို ရရှိအောင်လိုက်လံဖမ်းဆီးခြင်း၊ လူများက ဖွဲ့စည်းတည်ထောင်သော အုပ်ချုပ်ရေးနှင့် အခွင့်အရေးများကို လုံခြုံအောင်စောင့်ရှောက်ခြင်းစသည်တို့ကို မိမိတို့ ရရှိသော အာဏာဖြင့် ဆောင်ရွက်ရန်ဖြစ်၏။ အနည်းငယ်သော လူမျိုးများသည် လူနှင့်အုပ်ချုပ်ရေး၏ ခရစ်ယာန် အယူအဆပေါ်တွင် အခြေခံ၍ ဖွဲ့စည်းထားသောသူတို့၏ အုပ်ချုပ်ရေးကို စစ်ဆေးကြပြီး ဘာသာတရားမသိသောလူများ၏ အုပ်ချုပ်ရေးစနစ်ကို တဖြေးဖြေးပို၍ ဆန့်ကျင်လာကြ၏။

## ရောမအင်ပိုင်ယာအတွင်းရှိ ရှေးကျသော အသင်းတော်များ (အေဒီ ၃၀–အေဒီ ၄၀၀)

ရှေးကျသော အသင်းတော်သည် ခရစ်တော် ယေရှုသင်ကြားပေးတော်မူခဲ့သော လူကိုယ်တိုင်နှင့် နိုင်ငံရေးအခြေခံမှုများကို အသုံးပြုသည်နှင့် လူများ၏ ဘဝအသက်တာများကို ပြောင်းလဲစေသည်သာမက ကမ္ဘာကြီးတစ်ခုလုံးကို ဖောက်ထိုးလှန်ခဲ့သည်။ ခရစ်ယာန် ဘာသာဝင်များ လျင်မြန်စွာ ပျံ့နှံ့လာမှုကြောင့် ဘာသာတရားမရှိသောလူများကို ဥရောပ မြေတလျှောက်လုံးမှ ဖြုတ်ချသည်။ အေဒီ – ၅၀၀ ခန့်တွင် ကမ္ဘာ့လူဦးရေ ၂၅ ရာခိုင်နှုန်းသည် ခရစ်ယာန်များဖြစ်ကြ၍ ၄၀ ရာခိုင်နှုန်း ကျော်သည် ဧဝံဂေလိလုပ်ငန်းများ လုပ်ကြသည်။ အခန်း ၆ တွင် ကျွန်ုပ်တို့မြင်တွေ့ရမည့် ဓမ္မသစ်ကျမ်းမှ ဥပမာသာဓကများတွင် တမန်တော်များသည် မတရားအုပ်ချုပ်သူများကို လူထုကာကွယ်ရေးနှင့် တရားဝင် ဆောင်ရွက်ခြင်း နည်းမျိုးစုံဖြင့် ခုခံခဲ့ကြသည်ကို တွေ့မြင်ကြရပါလိမ့်မည်။ (တမန်တော် ၁၃,၁၆,၂၄,၂၅,၂၆) ဤစာအုပ်၏ ဒုတိယအခန်းတွင် ဖော်ပြခဲ့သည်မှာ တမန်တော် ရှင်ပေါလုက ဂရိနိုင်ငံအတွင်းရှိ ခရစ်ယာန်များကို သူတို့၏ နိုင်ငံရေးတွင် ခရစ်ယာန်မဟုတ် သူများကို အုပ်ချုပ်သူအဖြစ် အခွင့်ရေးပေးသည်ကို တားဆီးထိန်းချုပ်ရန် စိတ်မပါခြင်းနှင့် မိမိတို့လုပ်ငန်းကို မလုပ်ကိုင်ခြင်းတို့ကြောင့် ပြစ်တင်ခဲ့သည်။ (၁ကော ၆း၂–၅) ရှင်ပေါလု သည် ကောရိန္သုမြို့တွင်

ပြည်သူလူထုနှင့်ဆိုင်သော ဒေသခံတရားရုံးဖွင့်လှစ်ရန် တောင်းဆို ခဲ့သည်။ ခရစ်ယာန်များသည် ရောမအုပ်ချုပ်ရေးစနစ်အောက်တွင် နှိပ်စက်ထိပါးခြင်း ဒုက္ခများခံရသောအချိန်တွင် သူတို့၏ အလှည့်ကျတရားရုံးများကို ပဋိညာဉ်သဘော တူညီချက်အရ မိမိဆန္ဒအလျောက် အကျိုးသက်ရောက်မှုကို လက်ခံသော သူများအပေါ်တွင် မူတည်၍ဖွဲ့စည်းခဲ့ကြသည်။ အချိန်ကြာမြင့်လာသောအခါ ဘာသာတရားမရှိသောလူများသည် ကျိုးကြောင်းဆင်ခြင်မှုမရှိဘဲ စိတ်ထင်ရာလုပ်တတ်သော ရောမစနစ်ကို ဆန့်ကျင်လာကာ တရားမျှတမှုရှိ၍ စစ်မှန်သော ခရစ်ယာန်တရားရုံးများကို လက်ခံအသုံးပြုလာကြ၏။ အေဒီ ၃၀၀ ပတ်ဝန်းကျင် ကွန်စတန်တင် အုပ်စိုးသော အချိန်တွင် အင်ပိုင်ယာအတွင်းရှိ လူဦးရေ ထက်ဝက်ခန့်သည် ပြောင်းလဲလာ၍ ခရစ်ယာန်ဘာသာဝင်များ ဖြစ်လာကြပြီး နောက်ဆုံးတွင် ခရစ်ယာန်တရားရုံးစနစ်သို့ ပါဝင်လာကြသည်။ ဤသို့အားဖြင့် ကွန်စတန်တင်သည် ခရစ်ယာန် ဘာသာရေးကို ပြုလုပ်လာပြီး အင်ပိုင်ယာ တစ်ခုလုံး၏ ဘာသာရေးအဖြစ် ထူထောင်ခဲ့၏။ ခရစ်ယာန်တရားသူကြီးများကို နဂိုအခြေအနေအတိုင်း တရားဝင်အဖြစ် ဆက်လက်ခန့်ထား၏။ ထို့ကြောင့် တရားသူကြီးလုပ်သောသူများသည် အသိမှတ်ပြုသော ဝတ်ရုံအနက်ကို ဝတ်ဆင်လာကြ၏။ ခေတ်မီပင်မလိုင်း ဘာသာရေး ဂိုဏ်းခွဲအမည်အတွက် ခရစ်ယာန် ဂိုဏ်းချုပ်ဘုန်းတော်ကြီးများသည် ဘုရားရှိခိုးကျောင်းရှိ တရားဟောစင်မြင့်ဝတ်ရုံကို ဝတ်ဆင်ကြသည်။ အဘယ့်ကြောင့်ဆိုသော် ခရစ်ယာန် တရားသူကြီးများသည် ဂိုဏ်းချုပ်ဘုန်းတော်ကြီးများဖြစ်ကြသောကြောင့်ဖြစ်၏။ တရားဟောစင် တွင် ဝတ်ရသောဝတ်ရုံမှာ ရှေးကျသော အသင်းတော်များသည် နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မှု ရှိသည်ကို လူများအမှတ်ရစေရန်အတွက် သက်သေခံခြင်းဖြစ်သည်။ ရှင်ပေါလုသည် ကောရိန္တုမြို့ရှိ ယုံကြည်သူများကို တိုက်တွန်းသောအခါ ပြင်းထန်လွန်းသဖြင့် သူ၏ အမှုထမ်းတစ်ယောက် အီရပ်စတတ်စ် အမည်ရှိသူသည် နောက်ဆုံးတွင် ဇေဝေလီ အမှုတော်ဆောင်အဖြစ်မှ လူထုဝန်းကြီးတစ်ဦးအဖြစ်သို့ ပြောင်းလဲလာ၏။ အုပ်ချုပ်သူများသည် ဘုရားသခင်၏ အစေခံများဖြစ်ကြ၏။ ဘုရားသခင်၏ အစေခံများသည် ပြည်သူများအတွက် ကောင်းကျိုးကိုပေးရပါ၏။ အီရာစတတ်စ်သည် တိမောတိကဲ့သို့ အချိန်ပြည့် အမှုတော်ကိုဆောင်ရွက်ပြီး

ရှင်ပေါလုက ဂရိနိုင်ငံသို့ ပို့ခဲ့သည့်တိုင်အောင် ရှင်ပေါလုကို ကူညီခဲ့သူဖြစ်သည်။ ဂရိနိုင်ငံရှိ အသင်းတော်များ၌ အမှုတော်ကို ထမ်းဆောင်နေချိန်တွင် ဘုရားသခင်၏ နိုင်ငံရေးရုံးတွင် အလုပ်လုပ်ရန် ခေါ်တော်မူခြင်းကိုခံရ၏။ ရှင်ပေါလုက သူဘာဖြစ်ပျက်ခဲ့သလဲဆိုသည်ကို ကျွန်ုပ်တို့ကို ပြောခဲ့သည်မှာ – သူပေးပို့ခဲ့သည့် နောက်ဆုံးစာထဲတွင် (ရောမ ၁၆း၂၃) ရေတုသည် မြို့စာရေးဖြစ်၍ သင်တို့ကို နှုတ်ဆက်၏ဟု ဖော်ပြခဲ့၏။ ရှေးဟောင်းသုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပထမရာစုနှစ်တွင် သူ၏ မှတ်တမ်းများကို ကောရိန္တုမြို့တွင် တွေ့ရှိခဲ့သည်။ ရေတု အစိုးရဌာန၏ ထိပ်တန်းအရာရှိတဦးသည် ကျောက်ပြားခင်းထားသော လူသားလမ်းကို သူကိုယ်တိုင် အကုန်ကျခံ၍ ခင်းပေးခဲ့သည်။ ဒါဟာ ယုံရလောက်သော ကျမ်းစာပါအချက်ဖြစ်သည်။ တစ်ချိန်က အုပ်ချုပ်ရေးအာဏာပိုင်တစ်ဦးဖြစ်သော်လည်း ခရစ်တော်၏ အမိန့်ကို နာခံသောလူထုအစေခံနောက်လိုက် တပည့်တော်များနှင့်အတူ အမှုတော်ကို ထမ်းဆောင် ခဲ့ရခြင်းသည် စိတ်လှုပ်ရှားစရာ လွန်ကောင်းပါ၏။ ဒီမှာ ရေတုသည် ဘာသာတရားမရှိသော ရောမ အုပ်ချုပ်ရေးတွင် မကြုံခဲ့ဖူးသော စီမံကိန်းလုပ်ငန်းအတွက် အစိုးရက အခွန်တိုး၍ ကောက်ခံမည့်အစား ရေတုက သူကိုယ်တိုင်က အကုန်အကျအားလုံးကို ခံ၍ ဂုဏ်ပြုစာတမ်း ကဗ္ဗည်းထိုးခဲ့ကြသည်။ ဤနေရာတွင် ကျွန်ုပ်တို့သည် ဓမ္မသစ်ကျမ်းထဲ၌ ဥပမာတစ်ခုကို ရရှိခဲ့ကြပါသည်။ ၎င်းဥပမာအရ၊ ဆိုးသော အစိုးရကို အကာအကွယ်ပေးရုံတင် မဟုတ်ဘဲ လူထုနှင့်ပတ်သက်သောရုံးကို ဖွင့်လှစ်ခြင်းဖြင့် ကောင်းသော အစိုးရကို ဖွဲ့စည်းနိုင်ရန် ရှေ့ဆောင်မှုကိုလည်း ပြုလုပ်ရပါလိမ့်မည်။ ဤရှေ့ဆောင်မှုလုပ်ငန်းကို အားလုံးထဲမှ အကြီးဆုံးသော တမန်တော်က ဦးဆောင်မှုပြုလုပ်ရပါမည်။ ဒီဟာတွေ အားလုံးအပြင် ရွေးကျသော အသင်းတော်များသည် သူတို့၏ လူများအတွင်း၌ ကိုယ်တိုင်စည်းလုံးညီညွတ်စွာ အုပ်ချုပ်ရေးပုံစံကို အသင့်ပြင်ဆင်ခဲ့ကြသည်။ သို့သော် အသင်းတော်၏ ဒေသခံအဆင့် အုပ်ချုပ်ရေးသည် ကိုယ်ပိုင်အုပ်ချုပ်ခြင်းကို လွှမ်းမိုး၍ အာဏာများကို ယေရှုရှလင် အသင်းတော်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြသော တမန်တော်များနှင့် အသင်းတော်လူကြီးများ လက်ထဲတွင်ရှိပြီး အမှုတော်ဆောင်လုပ်ငန်းအထူးသဖြင့် ဆင်းရဲသားများအတွက် ရန်ပုံငွေ ရှာဖွေခြင်းကို

ထောက်ခံသဘောတူကြသည်။ ဤလုပ်ငန်း အတွက် ယေရုရှလင်း အသင်းတော်နှင့် မပတ်သက်ခဲ့ပါ။

ယေရုရှလင်မြို့မှာရှိသော မိခင်အသင်းတော်နှင့် အခြားသော အသင်းတော်သစ်များ အကြားဆက်သွယ်ရေးသည် သီးခြားလွတ်လပ်သောပြည်နယ်အုပ်ချုပ်ရေး စနစ်၏ ပထမဆုံးသော ဥပမာပင်ဖြစ်၏ သို့မဟုတ် ဒေသခံနှင့် နိုင်ငံတော်အတွင်း တရားစီရင်ခြင်းကို နှစ်ခွဖြစ်အောင်ချက်ချင်း ဆောင်ရွက်သော အုပ်ချုပ်ရေးဖြစ်၏။ ဤအသင်းတော်များသည် တန်းတူညီတူ အခွင့်ရေးရရှိခြင်း၊ ထမ်းဆောင်ခြင်း၊ တလင်တမယားစနစ်၊ သနားကြင်နာခြင်း စသည်တို့ရှိဘို့ရန် အတုယူထိုက်သော အသင်းတော်များဖြစ်ကြ၍ ပုဂ္ဂလိကပစ္စည်းများကို ဆင်းရဲသားများအတွက် အသုံးပြုကြသော အသင်းတော်များဖြစ်သည်။ ခရစ်ယာန် ဘာသာရေး၏ အခြေခံမှုသည် ကမ္ဘာ့ဒေသအနှံ့၌ ပျံ့နှံ့နေသော ယဉ်ကျေးမှု ထိန်းမတစ်ယောက် ထက်ပိုယူသော အလေ့အထ၊ လူကို အသုံးပြု၍ ယဇ်ပူဇော်ခြင်း အမျိုးသမီးများကို နှိမ့်ချခြင်း၊ ကျွန်ဘဝ၊ လူမျိုးရေးဝါဒ၊ တစ်ပါတီစနစ်နှင့် ဆိုရှယ်လစ်လမ်းစဉ် စသော မတရားသော ဖွဲ့စည်းပုံများတဖြေးဖြေးအဆုံးသတ်ရေး၏ သာဓကများဖြစ်ကြသည်။ မည်သို့ဖြစ်စေ ရာစုနှစ်များ ကြာမြင့်လာသည်နှင့်အမျှ အသင်းတော်သည် ကောင်းမြတ်ခြင်း တရားနှင့် ကျမ်းစာဖတ်ခြင်းအကျင့်များပျောက်ဆုံးလာ၍ ဘာသာတရားမရှိသောတပါးသူ၏ အတတ်ပညာ၊ အုပ်ချုပ်ရေးနှင့် ပညာရေးကို ဦးစားပေးလာကြသည်။ ဤအချက်များက ခရစ်ယာန်ဘုန်းတော်ကြီးကို စဉ်းစားလာစေခဲ့သည်မှာ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုသာ သိရှိနားလည်၍ ဘုရားသခင်က ဘာလုပ်စေချင်သည်ကို သဘောပေါက်နားလည်နိုင်ရန် ဟောပြောဘို့ကို စဉ်းစားစေသည်။ လူများ၏ စိတ်နှလုံးထဲတွင် အမှန်တရားကို ကြဲခြင်းနှင့် မရှောင်လွှဲနိုင်သော အသီးကို စိုက်ပျိုးရန် ခွင့်ပြုသည့်အစား ခရစ်ယာန်ဘုန်းတော်ကြီးများသည် ပြည်သူလူထုကို ဘုရားသခင်က ဘာအမိန့်ပေးသလဲဆိုသည်ကို လူထု၏ ယူဆချက် အပေါ်တွင် အာဏာဖြင့် အုပ်ချုပ်ရန် ကြိုးစားလာခဲ့သည်။

အေဒီ ၂၉၅ တွင် အာမေးနီးယား ဘုရင်တပါးသည် ပြောင်းလဲလာခဲ့၍ ပထမဦးဆုံးသော သာတရားမရှိသောလူမျိုးများအနက် ပြောင်းလဲလာခဲ့သူဖြစ်၏။

၄င်းရှင်ဘုရင်သည် နိုင်ငံတော်တစ်ခုလုံးကို ခရစ်ယာန်ဘာသာကို ကိုးကွယ်ရန် ကြေညာခဲ့သည်။ သို့သော် မအောင်မြင်ခဲ့ချေ။ ထို့ကြောင့် ဘာသာတရားမရှိသော လူမျိုးများ၏ သက်ဦးဆံပိုင် ဘုရင်ချုပ်ရေးစနစ်အဖြစ်နဲ့ ဆက်လက်၍တည်ရှိနေပါသည်။ ကွန်စတန်တင် ဘုရင်ကြီးက လည်း သက်ဦးဆိုင်ပိုင်နည်းစနစ်ဖြင့် ဘုရားသခင်၏ အလိုတော်ကို ပြည့်စုံစေဘို့ရန် ကြိုးပမ်းခဲ့၏။ သို့သော် အေဒီ ၃၁၂ ခန့်တွင် ကွန်စတန်တင် ဘုရင်ကြီးပြောင်းလဲ လာခဲ့ပြီးနောက်တွင် သူ့အင်ပိုင်ယာ နိုင်ငံတော်ကြီးကို ခရစ်ယာန်နိုင်ငံအဖြစ် ပြောင်းလဲ စေချင်သည်။ သူသည် ဘုရားသခင်၏ တဖြေးဖြေးချင်း ဖြစ်သော လမ်းစဉ်ကို နားလည်သဘောပေါက်ခြင်းမရှိဘဲ အပေါ်ယံအားဖြင့် အသင်းတော်နှင့် နိုင်ငံတော်ကို စည်းရုံးပြီး နိုင်ငံတော်အတွင်းရှိ လူအားလုံးတို့သည် ခရစ်ယာန်ဘာသာဝင် ဖြစ်ရမည်ဟု ကြေညာခဲ့သည်။ သူသည် သူ့ကြေညာချက်ကို ပြည့်စုံစေရန် ကြိုးပမ်းခဲ့သော်လည်း ရာစုနှစ်များအတွင်း ဘုရားသခင်၏ အမှုတော်ဆောင်လုပ်ငန်းအတွက် အဟန့်အတားဖြစ်စေခဲ့သည်။ ၄င်းခေတ်ကာလကို ''အမှောင်ခေတ်'' ဟုခေါ်သည်။ ဤ အမှောင်ခေတ်ကာလသည် ရောမ အင်ပိုင်ယာကျဆုံးချိန် အေဒီ ၄၁၀ တွင် စတင်ခဲ့သည်။

## ဥရောပတိုက်တွင်ဆဲလ်တစ်နှင့် ကက်သလစ်ခရစ်ယာန်ဘာသာထွန်းကားလာခြင်း (A.D ၄၀၀-၁၀၆၆)

ပထမရာစုနှစ်တွင် ဗြိတိန်နိုင်ငံ၌ အရှီးမေးသီးယား လူမျိုး ဂျိုးဇက်၏ မိတ်ဆက်ပေးခြင်း ကြောင့် ခရစ်ယာန် ဘာသာဝင်လာခဲ့၏။ ရှေးခေတ်အင်္ဂလိပ် လူမျိုးများဖြစ်သော ဆဲလ်တစ် များသည် ပြောင်းလဲလာခဲ့ကြသည်နှင့်အမျှ ဗဟိုအာဏာဖြင့် ကြိုးကိုင်သော အသင်းတော်များကို ထူထောင်ခဲ့ကြသည်။ ၄င်းအသင်းတော်များသည် ရောမအင်ပိုင်ယာနှင့် ဘိုင်ဇင်တိုင်း အင်ပိုင်ယာအတွင်းရှိ အသင်းတော်များနှင့်မတူကြပေ။ ဒါဟာ အဓိကအားဖြင့် သူတို့သည် ရောမအင်ပိုင်ယာ၏ အာဏာစက်ဝိုင်းတွင်းမှာ မနေရဘဲ သူတို့ကိုသူတို့ အုပ်ချုပ်နိုင်ရန် အာဏာများလည်းရှိကြ၏။ အေဒီ ၁၅၀ တွင် ဆဲလ်တစ်အသင်းတော်မှ ခရစ်ယာန် ဘုန်းတော်ကြီးများသည် အများသုံးဘာသာစကားများဖြင့် ခက်ဆစ်အနက်ဖွင့်ကာ

တရားဟောပြောခဲ့ကြ၏။ ၄င်းတို့အထဲတွင် အထင်ရှားဆုံးသော ဘုန်းတော်ကြီးမှာ – ပက်ထရစ်ဖြစ်၍ အင်္ဂလန်မှ ထွက်ခွာပြီး အိုင်ယာလန်သို့ရောက်ရှိလာကာ ပဥ္စမရာစုနှစ်၏ အစပိုင်းတွင် ဧဝံဂေလိတရားဟောလုပ်ငန်းကို စတင်ခဲ့သည်။ သူဟောပြောခြင်းကြောင့် ရှင်ဘုရင်လိုဟိုင်းယားသည် ပြောင်းလဲလာပြီး ပက်ထရစ်ကို အကြံပေးအရာရှိခန့်၏။ သူသည် ပြောဆိုပိုင်ခွင့်အတိုင်း အာဏာအရ လူထုဆီသို့ကျမ်းစာနှင့် စပ်ဆိုင်သောဥပဒေများကို ဟောပြော၍ မိတ်ဆက်ပေးခဲ့၏။ ပက်ထရစ်သည် လီဗာအက်စ်လေဂျီမွိုင်စီခေါ် မောရှေ၏ ပညတ်တော်စာအုပ်ကို ရေးသားခဲ့၏။ ၄င်းစာအုပ်ကို အိုင်ယာလန်နိုင်ငံတစ်လျှောက်လုံး စော်ဘွားများသို့မဟုတ် ရှင်ဘုရင်များက အသုံးပြုလာကြသည်။ ဒါဟာ နိုင်ငံရေးစည်းရုံးမှု အတွက် မဟုတ်ဘဲ ဘာသာရေးစည်းလုံးညီညွတ်ဘို့ရန်ဖြစ်၏။ ဤစာအုပ်သည် ဥပဒေ၏ အုပ်စိုးမှုနှင့် ကိုယ့်ကိုယ်ကို အုပ်ချုပ်ရေးကို အထူးလေးနက်စေသည်။

အေဒီ ၄၂၈ ခန့်တွင် အင်္ဂလိပ်နှင့် ဂျာမန်ကပြားများသည် ဗြိတိန်နိုင်ငံသို့ ပထမဆုံး ရောက်ရှိလာကြသည်။ ဤသို့ရောက်ရှိလာခြင်းသည် ကင့်ဘုရင်က ရန်သူများကို တိုက်ခိုက်ပေးရန် ဟိန်းဂျစ်နှင့် ဟောဆာညီကို နှစ်ယောက်ကို ဖိတ်ခေါ်ရာမှစတင်ရောက်ရှိ လာခြင်းဖြစ်သည်။ ၄င်းညီကိုနှစ်ယောက်သည် ဗြိတိန်နိုင်ငံတွင် တည်းခို၍ အချိန်ကြာမြင့်လာသောအခါ နောက်ဆုံးတွင် ကျွန်းနိုင်ငံတစ်ခုလုံးကို သိမ်းပိုက်၍ အင်္ဂလိပ်ပိုင်မြေ သို့မဟုတ် အဲန်ဂျဲလ်–လဲင်းဟု သမုတ်၍ ယခုအင်္ဂလန်နိုင်ငံဟု ခေါ်တွင်သည်။ အစပိုင်းတွင် အင်္ဂလို ဆက်ဆုန်များသည် ဆဲလ်တစ်လူမျိုးများဘက်သို့ လှည့်ကာ လူတော်တော်များများကို သတ်ဖြတ်ခဲ့ကြသည်။ တစ်ချိန်တည်းတွင် ဆုတောင်းနေသော ခရစ်ယာန်ဘုန်းတော်ကြီးအပါး ၁၂၀၀ ကို သတ်ဖြတ်ခဲ့ကြသည်။ ဂျာမန်လူမျိုးဆက်ဆုန်များသည် စစ်တပ်အားဖြင့် ဆဲလ်တစ်များကို အနိုင်ယူသော်လည်း ဝိညာဉ်ရေးရာ၌ ဆဲလ်တစ်များက အနိုင်ယူခဲ့ကြသည်။ ဤနည်းအားဖြင့် ဆက်ဆုန်များသည် တဖြေးဖြေး ဆဲလ်တစ်ခရစ်ယာန်ဘာသာရေးသို့ပြောင်းလဲလာကြ၏။ ရိုမန်ကက်သလစ် ဘာသာဝင်များသည် အေဒီ ၅၉၇ မတိုင်မီ အချိန်တွင် ဗြိတိန်နိုင်ငံတွင် မရောက်ရှိခဲ့ကြချေ။ ဗြိတိန်နိုင်ငံ အသင်းတော်များကို ဆဲလ်တစ်လူမျိုးများက လွှမ်းမိုးလာခဲ့ကြပြီး ကျမ်းစာသည် ပုပ်ရဟန်းမင်းကြီးအထက်၌ရှိသည်ကို

အလေးအနက်ပြောခဲ့ကြသည်။ အေဒီ ၅၆၅ ဝန်းကျင်တွင် ပက်ထရစ်နောက်လိုက်ဖြစ်သော ကိုလန်ဗာသည် အိုင်ယာလန်နိုင်ငံမှ ထွက်ခွာ၍ ယနေ့စကော့တမန်နိုင်ငံသို့ ရောက်ရှိခဲ့ပြီး ပိခ်ဘုရင်ထံသို့ ဝေံဂေလိလုပ်ငန်းကို လုပ်ခဲ့၏။ ကိုလံဗာသည် လီဗာခေါ် မောရှေ၏ ပညတ်တော်စာအုပ်ကို စကော့တန်ဘာသာဖြင့် ဘာသာပြန်သည်။

## အာလ်ဖရင်ဘုရင် (King Alfred)

ဆက်ဆုန်လူမျိုး အာလ်ဖရက် ဘုရင်ကြီးသည် အင်္ဂလန်နိုင်ငံရှိ နယ်ပယ်အားလုံးကို နိုင်ငံတစ်နိုင်ငံအဖြစ် တည်ရှိနိုင်ရန် စည်းရုံးနိုင်သော ကြည်ညိုလေးစားထိုက်သောဘုရင်တစ် ပါးဖြစ်သည်။ သူသည် အင်္ဂလန်နိုင်ငံကို အေဒီ ၈၇၁–၈၉၉ အထိ အုပ်ချုပ်ခဲ့သည်။ အာလ်ဖရက်သည် အင်္ဂလန်နိုင်ငံ၏ ဘုရင်မဖြစ်ခင် အချိန်တွင် အင်္ဂလန်နိုင်ငံအားလုံးနည်းပါးကို ဒိန်းမတ်နိုင်ငံမှတဆင့် ပင်လယ်ဓားပြများက လာရောက်တိုက်ခိုက် သိမ်းပိုက်ခဲ့သည်။ အင်္ဂလိန်နိုင်ငံ အနောက်တောင်ဘက်ပိုင်းရှိ ဝေဆက်စ်ဒေသသာလျှင် ဘုရင်အာလ်ဖရက် အတွက် ကျန်ရှိပါတော့သည်။ နှစ်အတန်ကြာလာသောအခါ အာလ်ဖရက်ဘုရင်သည် ဒိန်းမတ်နှင့် ပြင်းထန်သော တိုက်ပွဲကို ဆင်နွှဲခဲ့ပါသည်။ ဒါဝိဒ် ချီတန်သည် ဤစစ်ပွဲအကြောင်းကို ဤကဲ့သို့ရေးသားခဲ့၏။ သက္ကရာဇ် ၈၇၆ ခုတွင် ဒိန်းမတ်စော်ဘွား ဂတ်ထရမ်သည် စစ်တပ်အလုံးအရင်းဖြင့် ချီတက်လာ၍ ဝေဆက်စ်ကို တိုက်လေ၏။ စော်ဘွားကြီး၏ ရည်ရွယ်ချက်မှာ ဘုရင်အာလ်ဖရက်နယ်မြေဖြစ်လာ၍ ဝေဆက်စ်ကို တိုက်လေ၏။ စော်ဘွားကြီး၏ ရည်ရွယ်ချက်မှာ – ဘုရင် အာလ်ဖရပ်နယ်မြေဖြစ်သော ဝေဆက်စ်ကို သိမ်းယူ၍ ဒိန်းမတ်အောက်သို့ အမြဲတမ်းသိမ်းသွင်းလိုသောကြောင့်ဖြစ်၏။ ဒိန်းမတ်စစ်တပ်က အနိုင်ရရှိသည်။ သက္ကရာဇ် ၈၇၈ အစောပိုင်းဆောင်းရာသီတွင် ဂတ်ထရမ်သည် ဘုရင်အာလ်ဖရက်နှင့် နောက်လိုက်များကို ရွံ့ညွှန်သော အတဲလ်နီကျွန်းသို့ မောင်းထုတ်ခဲ့၏။ သမိုင်း ဆရာများသည် ဤကာလကို အာလ်ဖရက်၏ ပန်းဘဲဖိုတောင်ကြား လမ်းအစမ်းသပ်ခံရချိန်ဟုခေါ်ကြသည်။ ၎င်းဒေသတွင် အာလ်ဖရက်သည် အချိန်ကောင်းကို စောင့်လျက်နေသည်။ အင်္ဂလန်နိုင်ငံတစ်ခုလုံးကို ရန်သူများက သိမ်းပိုက်၍ ဘုရားရှိခိုးကျောင်းများနှင့်

ဘုန်းတော်ကြီးကျောင်းများကို လုယက်ဖျက်စီးခဲ့ကြပြီး ကျန်ရှိနေသော ခရစ်ယာန်များကို လိုက်ခံဖျက်စီးခဲ့ကြသည်။ ဒဏ္ဍာရီဆန်ဆန်ပြောခဲ့သည်မှာ ရဲရင့်ခြင်းနှင့် ပြည့်စုံသော အာလ်ဖရက်သည် ကိုယ်ယောင်ဖျောက်၍ ပင်လယ်ဓားပြများ၏ စခန်းတွင်းသို့ ဝင်လာကာ သူတို့၏ အကြံစည်းနှင့် နည်းဗျူဟာပြင်ဆင်မှုများကို နားထောင်ခွင့်ရခဲ့သည်။ နွေဦးပေါက်ရာသီရောက်သောအခါ ဘုရင် အာလ်ဖရက်သည် အင်္ဂလိပ်စစ်ကို ပြန်လည် စုစည်းကာ ကျူးကျော်သူများကို နောက်ဆုံးအကြိမ်တွန်းလှန်တိုက်ခိုက်ကာ အောင်မြင်ခဲ့၍ အင်္ဂလိုဆက်ဆုန်ရာဇဝင်အဖြစ် အပျက်ကို မှတ်တမ်းတင်ခဲ့သည်။ ရန်သူအားလုံးကို တိုက်ခိုက်ချေမှုန်းခဲ့ပြီး ရန်သူများထံမှ မည်သည့်အချိန်အခါမျှ ဝေဆက်စ်ကို လာရောက် တိုက်ခိုက် မည်မဟုတ်ကြောင်း သဘောတူညီချက်ကို ရရှိခဲ့၏။ ရန်သူတို့သည် အာလ်ဖရက် ဘုရင်ကို အလျှော့ပေး၍ သြဇာခံလာကြသည်။ ဘုရင်အာလ်ရက်သည် ဂတ်ထရုမ်နှင့် သူ့လူများကို ပြည်နှင့် ဒဏ်မပေးခဲ့ချေ။ သေဒဏ်လည်းမပေးခဲ့ချေ။ ရန်သူများ၏ ပြဿနာကို ဖြေရှင်းပေးသောအခါ ရန်သူများပင် မယုံသင်္ကာရှိကြသော်လည်း လုပ်ပေးခဲ့သည်။ ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုရာ၌ အာလ်ဖရက်သည် နောင်ရေးအတွက် ကြိုတင်ပြင်ဆင်မှု အနေဖြင့် ဂတ်ထရုမ်နှင့် ဂုဏ်ပြုထိုက်သောသူ့လူအယောက် (၃၀) ကို ခရစ်ယာန်များဖြစ် လာလိမ့်မည်ဟု အတင်းအကျပ်ပြုလုပ်သည်။ ဂတ်ထရုမ်သည် သဘောတူလက်ခံ၍ ခရစ်ယာန် ဘာသာကို ယုံကြည်ကာ နှစ်ခြင်းခံခဲ့၏။ အာလ်ဖရက်သည် သူ့ရန်သူဖြစ်သော ဂတ်ထရုမ်၏ ဘုရားသခင်ကဲ့သို့ ဖြစ်လာ၏။

အခမ်းအနားအပြီးတွင် အာလ်ဖရက်သည် ပြောင်းလဲလာသော သူ့ညီကို ဂတ်ထရုမ်ကို ပွေ့ဖက်၍ သူနှင့် သူ့လူများအတွက် (၁၂) ရက်ကြာပျော်ပွဲကို စီစဉ်ကျင်းပပေး၏။ အဲဒါနှင့် မလုံလောက်သေးပါဘူး။ အာလ်ဖရက်သည် ထူးဆန်းသော နိုင်ငံရေးလှုပ်ရှားမှုကို ပြုလုပ်ခဲ့သည်။ ဂတ်ထရုမ်ကို ဤသို့ပြောခဲ့သည်ကား ငါ့ညီ ဤနယ်ပယ်တစ်ခုလုံးသည် အလွန်ချုပ်ရန် ကျယ်ပြန့်သည်ဖြစ်၍ ငါတယောက်တည်းအုပ်ချုပ်ရန် မလွယ်ကူပါ။ ဤနိုင်ငံ သည် ခရစ်ယာန် အင်္ဂလန်နိုင်ငံဖြစ်သည်။ ထို့ကြောင့် ဒိန်းမတ်ကို မပြန်ပါနဲ့တော့။ ဒီမှာနေ၍ မင်းနှင့် ငါတွဲ၍ သခင်ယေရှုခရစ်၏ အမိန့်တော်အောက်တွင် အုပ်ချုပ်ကြပါစို့လား။

ဂုတ်ထရမ်သည် သဘောတူလက်ခံခဲ့သည်။ အမှန်စင်စစ် နောက်ပိုင်းတွင် ဒိန်းမတ်အုပ်စုသည် အင်္ဂလန်နိုင်ငံကို သိမ်းပိုက်ရန် ကြိုးစားခဲ့ကြပြီး ကျူးကျော်တိုက်ခိုက်လာကြသည်။ သို့သော် ဂုတ်ထရမ်နှင့် အာလ်ဖရက်တို့သည် ခရစ်ယာန် ဘုရင်များဖြစ်ကြသည်နှင့်အညီ ခရစ်ယာန် နိုင်ငံကို အတူတကွ ကာကွယ်ခဲ့ကြသည်။ ပင်လယ်ဓားပြခေါင်းဆောင် ဂုတ်ထရမ်သည် ပထမဆုံးသော ခရစ်ယာန် ဘာသာဝင်တစ်ဦးဖြစ်၍ အင်္ဂလန်လူမျိုးအားလုံးပြောင်းလဲခြင်းနှင့် ခရစ်ယာန် ဘာသာဝင်များ၏ ယဉ်ကျေးမှုကို အတူတကွ ပူးပေါင်းဆောင်ရွက်ခြင်းကို ကြိုတင်၍ အရိပ်ပြခဲ့သည်။ နိုင်ငံတော်ငြိမ်သက်လာသည်နှင့်အမျှ ဘုရင်အာလ်ဖရက်သည် ခရစ်ယာန်များကို နေရာအနှံ့ပြန်လည်ဖွဲ့စည်းခြင်းနှင့် လူထုကိုကာကွယ်ပေးသော အစိုးရကို ထူထောင်ခဲ့သည်။ အာလ်ဖရက်ဘုရင်ကို စာဖတ်တတ်အောင် ဆဲလ်တစ်ခရစ်ယာန် ပညာရှင် တစ်ဦးဖြစ်သော အာဆာက သင်ကြားပေးသည်။ သူသည် ပက်ထရစ်ရေးသားထားသော မောရှေ၏ ပညတ်တော် ၁၀ပါးကို လေ့လာပြီး အခြေခံဥပဒေအတွက် ပညတ်တော် (၁၀) ပါးကို ထူထောင်ပြီး အုပ်ချုပ်ရေးအတွက် နမူနာပုံစံများကို ဟေဗြဲသမ္မတနိုင်ငံမှ ယူလာသည်။ နိုင်ငံတွင်းရှိ လူများသည် စည်းလုံးလာကြပြီး အတိုင်းအတာအားဖြင့် ဆယ်ယောက်၊ အယောက် ငါးဆယ်၊ အယောက်တစ်ရာနှင့် အယောက်တစ်ထောင်အုပ် စသည်ဖြင့် ကိုယ်စားလှယ်များစည်းလုံးဖွဲ့စည်းကြပြီး ''ဝိတင်'' ခေါ်ပြည်သူလွှတ်တော်ကို ဖွဲ့စည်းကြသည်။ ဤကိုယ်စားလှယ်များကို မိသားစုဆယ်စုက အခွန်တော်ပေးသော ဆယ်ဘို့တစ်ဘို့စား၊ မိသားစုငါးဆယ်က အခွန်စည်းကြပ်သော ဆယ်ဘို့တစ်ဘို့စား၊ မိသားစုတစ်ရာက အခန်းပေးဆောင်သော ဆယ်ဘို့တစ်ဘို့နှင့် စော်ဘွားများ စသည်ဖြင့် ခေါ်ဝေါ်ကြသည်။ စော်ဘွား၏ စောင့်ရှောက်ကြပ်မက်သော နယ်မြေကို ''ခရိုင်'' ဟုခေါ်၍ သူ့လက်ထောက်က အုပ်ချုပ်သော နယ်မြေကို ရှိုင်းယား ရိဗ်ဟုခေါ်သည်။ ယခုခေတ်တွင် ရှိရိဗ်ဟုခေါ်သည်။ ပြည်သူ့လွှတ်တော်တွင် ရွေးချယ်ခြင်းမပြုသော လွှတ်တော် မြင့်မြတ်သောလူကြီးများသာ ပါဝင်နိုင်သည်။

သို့သော် မျိုးရိုးအလိုက် ဆက်ခံသော ရှင်ဘုရင်မဟုတ်ပါ။ သူတို့ဥပဒေများကို သူတို့ သဘောတူသည့်အတိုင်း ဖွဲ့စည်းကြသည်။ သက္ကရာဇ် ၈၉၀ ခုတွင် အာလ်ဖရက် ဖွဲ့စည်းထားသော ဥပဒေသည် အများနှင့်ဆိုင်သော ဥပဒေ၏ ဇစ်မြစ်ဖြစ်၍ ရုံးတော်မှ

ဂျူရီ လူကြီးများက တရားစီရင်ခြင်းကို ပြုလုပ်ကြသည်။ အာလ်ဖရက်၏ ကိုစဥပဒေသည် မောရှေပညတ်တော်နှင့် ယေရှုခရစ်တော်၏ ရွှေအုပ်ချုပ်ရေးမှလာသည်။ သောမတ်ဂျက်ဖါဆင် ပြောခဲ့သည်မှာ အင်္ဂလို ဆက်ဆုန် ဥပဒေများသည် အတွေ့အကြုံ အသိပညာကြွယ်ဝ၍ လူ၏ ကြံစည်ဖြတ်ထိုးဉာဏ်နှင့် ပြည့်စုံသော ရှစ်ရာခုနှစ် မတိုင်မီတွင် ပေါ်ပေါက်သော ဥပဒေဖြစ်သည်ဟုပြောခဲ့သည်။ သက္ကရာဇ် ၁၇၇၆ တွင်သောမတ် ဂျက်ဖါဆင်သည် နိုင်ငံတော် တံဆိပ်တွင်တဖက်၌ အစ္စရေးလူမျိုးများသဲကန္တာရတွင် နေ့အချိန်၌ ဘုရားသခင်သည် မိုးတမ်၊ ညအချိန်တွင် မီးတိုင်ဖြင့် လမ်းပြတော်မူသည့်ပုံနှင့် အခြားတဖက်တွင်း ဆက်ဆုန်ခေါင်းဆောင် နှစ်ဦးဖြစ်သော ဟိန်းဂျစ်နှင့် ဟောဆာတို့၏ ပုံကို အသုံးပြုရန် အဆိုတင်ပြခဲ့သည်။ ဒါဟာ မှန်ကန်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ဆက်ဆုန်များသည် ဗြိတိသျှနွယ်ဖွား ဆဲလ်တစ် ခရစ်ယာန်များနှင့် အဆက်အသွယ်ရှိသောကြောင့်ဖြစ်သည်။ ဂျာမဏီ နိုင်ငံတွင်းရှိ ဆက်ဆုန် လူမျိုးများ၏ ယဉ်ကျေးမှုသည် ဘယ်နေရာကစတင်ခဲ့သည်ကို အထောက်အထားမရှိပါ။ ဗြိတိန်နိုင်ငံရှိ ဆဲလ်တစ်ခရစ်ယာန်များသည် မစ်ရှင်နာရီ (သာသနာပြုသူများ) အဖြစ်တိုက်ကြီးများသို့ရောက်ကာ သူတိုက၏ သမိုင်းကို ပုံဖေါ်ဘို့ရန် အကူအညီပေးခဲ့ကြ၏။ အချို့ဆဲလ်တစ်သာသနာပြုဆရာများသည် ၅ ရာစုနှစ်တွင် ချက်ကိုဆလိုဗေးကီးယားနှင့် ဂျာမဏီနိုင်ငံများသို့သွားရောက်ကာ နောက်ပိုင်းတွင် ကျွန်ုပ်တို့တွေ့မြင်နေရသော အသီးအပွင့် များအတွက် မျိုးစေများကြဲခဲ့ကြသည်။ ဗြိတိသျှ ခရစ်ယာန် ဘာတာဝင်များ အပေါ် ဩဇာလွှမ်းမိုးသော ဆဲလ်တစ်လူမျိုး အာလ်ကွန်ဆိုသူသည် ခရစ်သက္ကရာဇ် ၈၀၀ ခန့်တွင် ဖရင့်ခ် လူမျိုးများ၏ ဘုရင်လည်းဖြစ်၊ သန့်ရှင်းမွန်မြတ်သော ရောမအင်ပိုင်ရာ၏ ခေါင်းဆောင်လည်းဖြစ်သူကြီးမြတ်သော ချာလ်ဘုရင်၏ ဆရာလည်းဖြစ် အကြံပေးအရာရှိလည်းဖြစ်ပြီး ဥရောပတိုက်တစ်လျှောက်လုံး အနုပညာရပ်များလေ့လာရေးကို အားပေးခဲ့သည်။ အရှေ့ပိုင်းဥရောပတိုက်တွင်ရှိသောချက်ကို ဆလိုဗေးကီးယားစသော နိုင်ငံများတွင် သိတင်းကောင်းသည် ဖိသိပ်ခင်း၊ ထိခိုက်ခြင်းစတင်ခဲ့၏။ သက္ကရာဇ် ၉၂၉ တွင် ဝင်စီလစ်မင်းသားသည် အနောက်ပိုင်းခရစ်ယာန် ဘာသာကိုလက်ခံယုံကြည်ခဲ့သဖြင့် အသက်ဆုံးရှုံးခြင်းကိုခံရ၏။ ရုရှားနိုင်ငံတွင် သက္ကရာဇ် ၉၈၇ တွင်ငှင်း၊ စကင်ဒီနီးဗီယန်း

ကျွန်းရှိ ဆွီဒင် နော်ဝေးနှင့် ဒိန်းမတ်နိုင်ငံတွင်ငှင်း ဘာသာရေးကြောင့် အသက်ဆုံးရှုံးသူများ လည်းရှိကြ၏။ ထင်ရှားသော နော်မန်အမျိုးသား လေဗ်အေရစ်ဆင် ဒိန်းမတ်ရှင် ဘုရင် အဲရစ်၏ သားသည် ခရစ်ယာန် ဘာသာဝင်တစ်ယောက်ဖြစ်လာခဲ့၏။ လေဗ်သည် သက္ကရာဇ် ၁၀၀၀ တွင် ပထမဦးဆုံး အမေရိကတိုက်ကို တွေ့ရှိခဲ့၏။ လေဗ်သည် သက္ကရာဇ် ၁၀၁၆ တွင်လည်း အိုက်ဆလန်ကျွန်းကို ရောက်ရှိလာပြီး ခရစ်ယာန်နိုင်ငံတစ်နိုင်ငံဖြစ်စေခဲ့၏။

## ကျမ်းစာကို လွတ်လပ်စွာလေ့လာရေးပြန်လည်ရှင်သန်လာခြင်း (အေဒီ ၁၂၀၀–၁၅၀၀)

အေဒီ ၅၀၀–၁၂၀၀ အတွင်းတွင် ဗြိတိန်နိုင်ငံနှင့် အချို့သီးခြားတည်ရှိသော ဒေသများမှအပ လူမျိုးအများအပြားသည် တက်ကြွမှုမရှိဘဲ ငြိမ်သက်စွာနေထိုင်ကြသည်။ လူထုလွတ်လပ်ရေး၊ သိပ္ပံပညာနှင့်ဆိုင်သောတွေ့ရှိချက်၊ စက်မှုလုပ်ငန်းစသည်တို့တွင် အနည်းငယ်သာတိုးတက်မှုရှိသည်။ ဤသို့တိုးတက်မှုချို့ယွင်းခြင်းသည် အခြေခံအားဖြင့် လူများထံမှ နှုတ်ကပတ်တော်၏ အလင်းရောင်ကို ဖုံးကွယ်ထားသောကြောင်းဖြစ်၏။ ပထမရာစုနှစ်တွင် တမန်တော်များသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ပြည့်စုံစေကြပြီး ရာစုနှစ်အနည်းငယ်ကြာလာသောအခါ အသင်းတော်အတွင်း လိုက်နာရမည့် ဥပဒေများကို ပြဋ္ဌာန်းခဲ့ကြ၏။ ဤကာလသည် အသင်းတော် ကောင်းမွန်နေရာမှ ပြန်၍ လျော့ကျသွားသော အချိန်ဖြစ်ပြီး လူများသည် နှုတ်ကပတ်တော်နှင့် ကင်းဝေးနေချိန်ဖြစ်ပါသည်။ သို့ဖြစ်သော် ငြားလည်းလွတ်လပ်ရေးအကြောင်းရေးထားသော စာအုပ်ကို လက်ရေးဖြင့် ကျမ်းစာကို ကူးခြင်းဖြင့် မိမိတို့ ဘဝသက်တာလုံးအချိန်ဖြုန်းခဲ့ကြသော ကျမ်းပြုဆရာနှင့် ဘုန်းတော်ကြီး များက လုံခြုံစွာ ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြ၏။ အမှောင်ခေတ်ကာလများတွင် လူများသည် အမှန်တရားဖြစ်သော သမ္မာကျမ်းစာကို လစ်လျူရှုခဲ့ကြသည်။ မိုဟာမိတ်သည် အာရပ်ယဉ်ကျေးမှု အပေါ်တွင် ကြီးမားစွာ ဩဇာအာဏာသက်ရောက်ချိန် အလယ်ခေတ် ကာလများတွင်

ကမ္ဘာ့အရှေ့အလယ်ပိုင်းနှင့် အာဖရိက တိုက်မြောက်ပိုင်းဒေသများတွင် လေ့လာရေးနှင့် အနုပညာရပ်များတိုးတက်မှု အချို့ရှိသည်။ အစ္စလမ်ဘာသာရေး ယုံကြည်ချက်သည် ဘုရားတစ်ဆူထက်ပို၍ ကိုးကွယ်သည့် ဘာသာနှင့် ရုပ်တုကိုးကွယ်ခြင်း စသည် နယ်ပယ်များကို ချိုးဖျက်ခဲ့သည်။ မိုဟာမိတ် ဆက်ခံသူများကို အစ္စလမ်ဘာသာ၏ စော်ဘွားဘွဲ့ ပေးကြသည်။ ''ကာလိဗ်ဖိတ်'' ဘွဲ့ကို ပေးခဲ့ကြသည်။ သူတို့အားပေးခဲ့မှုကြောင့် သက္ကရာဇ် (၆၃၀–၁၂၀၀) ကြားတွင် ကျမ်းစာသည် ပြင်သစ်နိုင်ငံအထိရောက်ရှိခဲ့သည်။ သူတို့သည် ကံမကောင်းစွာ ကရူးဆိတ်စစ်ပွဲကို သက္ကရာဇ် ၁၁၀၀–၁၃၀၀ အကြားတွင် ဖြစ်စေခဲ့သူ သဘောထားသေးသိမ်သော မွန်ဂိုလ်များ၏ တိုက်ခိုက်ခြင်းကို ခံရ၏။ သူတို့သည် မွန်မြတ်သန့်ရှင်းသောနိုင်ငံ (ရောမမြို့) သို့ ဘုရားဖူးအသွားတွင် တိုက်ခိုက်ခံရခြင်းဖြစ်၏။ ဤကရူးဆိတ် စစ်ပွဲတွင် အစ္စလမ် ဘာသာဝင်များအနက် ဆာလာဒင်သည် ပညာအရှိဆုံးနှင့် အကျင့်သိက္ခာဖြောင့်မတ်သော မင်းသားတစ်ပါးဖြစ်၏။ မင်းသား ဆာလာဒင်သည် သက္ကရာဇ် ၁၁၉၂ ခုနှစ်တွင် အုပ်ချုပ်ရေးစတင်ခဲ့၏။ သို့သော် သူသည် ကံမကောင်းစွာ မွန်ဂိုခေါင်းဆောင် ဂင်ဂျစ်ခန်နှင့် သူ၏ စစ်တပ်၏ တိုက်ခိုက်ချေးမှုန်းခြင်းကိုခံရ၏။ ဤဘာသာရေး စစ်ပွဲ (crusade) သည် ကျမ်းစာနှင့် မစပ်ဆိုင်သော စစ်ပွဲဖြစ်၍ အလယ်ပိုင်းဒေသတွင် အစ္စလမ် ဘာသာဝင်များ၏ ယုံကြည်ချက်ကို ခရစ်ယာန် ဘာသာရေးက နေရာမလုယူရန်မှ ကာကွယ် ထိန်းသိမ်းရန် တိုက်ခိုက်သော နည်းစနစ်ဖြစ်သည်။ ခရူးဆိတ်စစ်ပွဲတွင် အရေးနိမ့်ခဲ့သော်လည်း ဥရောပတိုက်အတွင်း၌ခရစ်ယာန် ဘာသာရေးသည် အစ္စလမ်ဘာသာရေးကို နက်ရှိုင်းစွာ အသာရခြင်းမှ ထိန်းသိမ်းနိုင်ခဲ့သည်။ ထပ်၍ ပြောရမည်ဆိုလျှင် ခရူးဆိတ်စစ်ပွဲတွင် ပါဝင်သော ဥရောပလူမျိုးများသည် အရှေ့အလယ်ပိုင်းတွင်ရှိသော တက္ကသိုလ်များကို တွေ့မြင်ရခြင်းကြောင့် ဥပရောပတိုက်တွင် ကျောင်းသစ်များတည်ဆောက်ရန် စိတ်ဓာတ် လှုံ့ဆော်ခဲ့သည်။

သက္ကရာဇ် ၁၁၇၀ ခုနှစ်တွင် ကျောင်းမှတဆင့် တက္ကသိုလ်သို့ခုန်၍ တက်လာခဲ့သည်။ ထို့ကြောင့် အီတလီနိုင်ငံရှိ ဘိုလောခ်နာမြို့၊ ပြင်သစ်နိုင်ငံရှိ ပဲရစ်တက္ကသိုလ်နှင့် အင်္ဂလန်နိုင်ငံရှိ အောက်ဖိုဒ်တက္ကသိုလ်များပေါ်ပေါက်လာကြ၏။ ဤသို့ဖြင့် လူများသည် လေ့လာရေးကို ငတ်ကြ၏။ သို့သော်

အသင်းအဖွဲ့စည်းငယ်များကိုသာ သတ်မှတ်ထားကြ၍ အထူးသဖြင့် ကျမ်းစာပေါ်တွင်မူတည်သည်။ အီတလီနိုင်ငံ၏ မြို့များဖြစ်ကြသော ဗင်နစ်ပစ်ဆာ၊ ဂျီနိုဝါ၊ ရာဗင်နာနှင့် ဦးဆောင်မီလန်မြို့စသည်တို့သည် လွတ်လပ်ရေးကို ကျေညာခဲ့ကြပြီး သက္ကရာဇ် ၁၀၅၄ ခုတွင် သူတို့ ရွေးချယ်ထားသော တရားသူကြီးများကို ခန့်ထားကြ၏။ သက္ကရာဇ် ၁၁၆၂ ခုနှစ်တွင် ကေရာဇ်ဘုရင်ကြီးသည် မြို့ကြီးများကို သိမ်းပိုက်ခဲ့၏။ သို့သော် သက္ကရာဇ် ၁၁၀၀ ဝန်းကျင်တွင် ပုပ်ရဟန်းမင်းကြီး ဂရီဂိုရီ 'ရ' သည် ဘုရင်ကေရာဇ်၏ အာဏာကို လျှော့ချနိုင်ရန် ၁၀၅၆ ခုနှစ်တွင် မဲင်းဂိုလ် အမည်ရှိသော ပညာရှင်တစ်ဦး၏ သင်ကြားရေးကို အသုံးပြု၍ အထူးသဖြင့် ကြားဝင်ဖြန်ဖြေရေးနှင့်ပတ်သက်သော ယူဆချက်ဖြစ်၍ ပို၍ အဆင့်နိမ့်သော တရားသူကြီးသည် မိမိထက်ရာထူးကြီးသော တရားသူကြီးက ဘုရားသခင်၏ ဥပဒေကို ငြင်းဆန်နေခဲ့လျှင် သူ့အမိန့်ကို မနာခံရန်နှင့် ပြန်လည်ခုခံနိုင်ရန် အခွင့်ရေးရှိ၏။ သက္ကရာဇ် ၁၂၀၀ ဝန်းကျင်တွင် ကက်သလစ် ဘုန်းတော်ကြီး ဒိုမီနစ်သည် နိုင်ငံတော် အဆင့်မှီပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော အစိုးရကို ပထမဦးဆုံး အင်္ဂလန်နိုင်ငံတွင် ဘုန်းတော်ကြီးများ၏ အမိန့်ဖြင့် ဖွဲ့စည်းခဲ့၏။ ဒါဟာ ဗရင်ဂျီ အယူဝါဒ၏ ကြီးမားသော နှိုင်းယှဉ်ချက်တစ်ခုဖြစ်၏။ ဤကိုယ်စားလှယ်များ အုပ်ချုပ်သော အခြေခံမူသည် သက္ကရာဇ် ၁၂၆၂ တွင် အင်္ဂလိပ် ပါလီမန်ကို ဖွဲ့စည်းသောအခါ လူထုနယ်ပယ်အတွင်း၌ ရောင်ပြန်ဟပ်ခဲ့သည်။ အင်္ဂလန် နိုင်ငံတွင် ၁၀၆၆ ခုနှစ်၌ စတင်ခဲ့သော စီလျံ ဘုရင်၏ နော်မန် အုပ်ချုပ်ရေးစနစ်သည် ပြည်သူလူထု၏ အခွင့်အရေးများကို ဖယ်ရှားပစ်ခဲ့၏။ နောက်ဆက်တွဲအနေနှင့် ရှင်ဘုရင်များသည် မှူးမတ်များကို သာမန် လူတစ်ယောက်ကဲ့သို့ ဆဲရေးတိုင်းထွာပြုခြင်းနှင့် ပြည်သူလူထုကို မတရားပြုလုပ်လာခဲ့သည်။ ဤသို့ဖြင့် ရှင်ဘုရင်နှင့် လူထုအကြားတွင် အခြေအနေများ ဆိုးရွားလာကာ ဂျွန်ဘုရင် လက်ထက်တွင် အထွက်အထိပ်သို့ရောက် ရှိလာခဲ့သည်။ ထိုအခါ အင်္ဂလိပ်မှူးမတ်များသည် စာချုပ်ကို ရေးဆွဲ၍ ကျမ်းစာထဲမှာ ပါရှိသည့် အတိုင်းမှူးမတ်များကို အခွင့်အရေးပေးရမည့်အကြောင်း ရေးသားပေးပို့ခဲ့ကြ၏။ ဂျွန်ဘုရင်သည် ရုံပုံငွေအတွက် ပိုက်စံတိုး၍ ကောက်ခံလိုသောကြောင့် မှူးမတ်များကို

အကူညီတောင်းကာ မူးမတ်များက စိတ်မပါစွာ ၁၂၁၅ ခုနှစ်တွင် မက်နာချာတာ စာချုပ်ကို လက်မှတ်ရေးထိုးခဲ့ကြ၏။ (မက်နာချာတာဆိုသည်မှာ အင်္ဂလန်လူမျိုးများက ဂျွန်ဘုရင်ထံမှ လွတ်လပ်ရေးရရှိသောစာဖြစ်၏) သတိပြုမှတ်ထားဘို့ကောင်းတာက ကက်သလစ် ဘုန်းတော်ကြီး စတီဗင် လင်တန်သည် စာချုပ်စာတမ်းအရ ပီသုကာ ဆရာကြီးတပါးဖြစ် ဟန်တူသည်။ ပုပ်ရဟန်းမင်းကြီးပြောခဲ့သည်မှာ ဤအဆိုဟာ တရားဝင်မဟုတ်ပါ။ သို့သော် အင်္ဂလိပ် ကက်သလစ်အသင်းတော်ရှိ ဆဲလ်တစ်များထံမှ ဇစ်မြစ်ရယူခြင်းဖြစ်ပါသည်။ သူသည် (စတီဗင်လင်တန်)သည် ပုပ်ရဟန်းမင်းကြီးကို အရေးမထားသူဖြစ်ပြီး စာချုပ်စာတမ်းကို ထိန်းသိမ်းစောင့်ရှောက်သူဖြစ်ကြောင်း ကွက်ကွက်ကွင်းကွင်း ဖော်ပြခဲ့သည်။ အခြေခံမှုကို မက်နာချာတာက ပုံဖော်ခဲ့ရာတွင် နှစ်ဦးစလုံးသည် တန်ခိုးအာဏာရှိကြပြီး၊ လူများသည် ဥပဒေအောက်တွင် နေကြ၍ ၄င်းဥပဒေ၏ စိုးမိုးခြင်းကိုခံရ၏။ နောက်ပိုင်းတွင် အင်္ဂလိပ်လူမျိုးများနှင့် အမေရိကန် ကိုလိုနီလက်အောက်ခံများက မက်ကနာချာတာကို သူတို့လွတ်လပ်ရေး၏ ဇစ်မြစ်အဖြစ် ကိုးကားဖော်ပြသည်။ သက္ကရာဇ် ၁၂၂၅–၁၂၇၄ အတွင်း ပြင်သစ်နိုင်ငံ၌ ကက်သလစ် ပညာရှင် သောမတ်စ် အကွီနာစ်နှင့် စပိန်လူမျိုး ဒိုမီနီဂန်တို့သည် ပြင်သစ်လူမျိုးအကြောင်းနှင့်ပတ်သက်၍ သဘောတူညီမှုမရရှိကြဘဲ၊ လုယူ၍ မရသောလူတစ်ဦး၏ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် သဘာဝဥပဒေ၏ အများနှင့်ဆိုင်သော မူဝါဒနှင့် တစ်ဦးချင်း၏ အခွင့်အရေးများကို အတည်ပြုကြသည်။ ဒါဟာ လောခ်ကကဒ် တူညီသော အယူအဆကို မရေးခင်နှစ်ပေါင်း ၅၀၀ နီးပါးတုန်းက အဖြစ်အပျက်ဖြစ်သည်။ သက္ကရာဇ် ၁၂၈၈ တွင် ပထမဦးဆုံးဖြစ်သော အမျိုးသားညီလာခံကို ဖိလစ်ဘုရင်က ပြင်သစ်နိုင်ငံတွင် အစည်းအဝေးခေါ် ကျင်းပကာ ပုပ်ရဟန်းမင်းကြီးအပေါ်တွင် သြဇာအာဏာသက်ရောက် ကြောင်းကို အတည်ပြုခဲ့သည်။ သက္ကရာဇ် ၁၃၀၈ တွင် ဆွစ်ဇလန် လူမျိုးဝီလျံတဲလ်သည် ဘုရင်ခံကို အရိုအသေပြုရာဦးထုပ်ချွတ်ပြီး ဒူးမထောက်ဘဲ အလေးပြုခြင်းကို လက်မခံပယ်ချခဲ့ပြီး ဤသို့ပြုလုပ်သူများကို မြို့တော်၏ လေးဘက်လေးတန်လမ်းဆုံ၌ တိုင်ပေါ်တွင် ဆွဲတင်၍ သတ်ဖြတ်ခဲ့သည်။ နောက်ဆက်တွဲအနေဖြင့် တဲလ်ကိုပစ်သတ်၍ သူ့သား၏ ခေါင်းကိုဖြတ်ခဲ့ကြသည်။ သူသည် အောင်မြင်သော်လည်း ဘယ်နည်းနဲ့ဘဲဖြစ်ဖြစ် ဖမ်းချုပ်ထားခြင်းကိုခံရ၏။ သြစတြား ဘုရင်ခံသည် ဆွစ်ဇာလန်နိုင်ငံရှိ ယူရီပြည်နယ်၊

စခိုစ် ပြည်နယ်နှင့် အန်ဒါဝေါလ်ပြည်နယ်များ ပါဝင်သော အင်ပိုင်ယာနိုင်ငံတော်ကြီးကို ပုန်ကန်ရန် မတရားသဖြင့် သွေးဆောင်ခဲ့သည်။ မစ်တာက်၊ စတတ်ဖါချာ နှင့် ဆွစ်တို့၏ ဦးဆောင်မှုဖြင့် သွေးထွက်သံယိုမှုမရှိဘဲ ပူးပေါင်းဖွဲ့စည်းထားသော ဆွစ်ဇာလန်နိုင်ငံကို အောင်မြင်စွာ ထူထောင်နိုင်ခဲ့၏။ လွတ်လပ်ရေးကို လိုချင်သောစိတ်သည် ပျံ့နှံ့လာ၍ လွတ်လပ်စွာ စုံစမ်း မေးမြန်းခြင်းနှင့် လေ့လာခြင်းများကို အရင်ပြုလုပ်သည်။ ချက်ကိုဆလိုဗေးကီးယားနိုင်ငံမြို့တော် ပရပ်စ်တွင် နေထိုင်သော ကေရာဇ် ဘုရင်စတုတ္ထမြောက် ချားလ်ဘုရင်တောင်မှ အသက်၏ လွတ်လပ်ရေးလိုချင်သောစိတ်က လွှမ်းမိုးလာခဲ့၏။ သက္ကရာဇ် ၁၃၅၅ တွင် ချားလ် '၄' ဘုရင်သည် ကိုးလ်နှင့်ဆူးခေါ်စာတမ်းကို ထုတ်ပြန်ကာ အင်ပိုင်ယာနိုင်ငံအတွက် အလုပ်လုပ်ရန် ရွေးချယ်ထားသူ '၇' ဦးကို နံပတ်သတ်မှတ်ပြီး ဖွဲ့စည်းထူထောင်ခဲ့သည်။ သက္ကရာဇ် ၁၃၄၈– ခုနှစ်တွင် ချားလ်ဘုရင်သည် ပရပ်ခ်မြို့တွင်လည်း တက္ကသိုလ်ကိုတည်ဆောက်ခဲ့သည်။

## အင်္ဂလန်ဘုန်းတော်ကြီး ဂျွန်ဝိုင်ခလိဖ် (၁၃၈၂)

အောက်ပိုဒ်တက္ကသိုလ်တွင် အင်္ဂလိပ်စသင်ပြနေသူ ရိုမန်ကက်သလစ် ဘုန်းတော်ကြီး ဂျွန်ဝိုင်ခလိဖ်၏ ပြောပြချက်အရ ကျမ်းစာသည် လူများအားလုံးနှင့်ဆိုင်သော ပစ္စည်းဖြစ် လာလိမ့်မည်။ ၄င်းကျမ်းစာသည် လူများအားဖြင့် လူများ၏ အုပ်ချုပ်ရေးအတွက် အသုံးပြုသော စာအုပ်ဖြစ်လာလိမ့်မည်။ ၄င်းကျမ်းစာကို ယနေ့ခေတ်တိုင်အောင် ပညာရှိတတ်သော လူနည်းစုကသာလျှင် ဖတ်နိုင်ခဲ့၏။ အဘယ့်ကြောင့်ဆိုသော် လတ်တင်ဘာသာ ''ဝါ''ဂရိဘာသာနှင့် ဟေဗြဲဘာသာအားဖြင့်သာ ရရှိနိုင်သောကြောင့်ဖြစ်၏။ ထို့ကြောင့် ဘုန်းတော်ကြီး ဝိုင်ခလစ်သည် အားလုံးနှင့် သက်ဆိုင်ပြန်လည်ဖွဲ့စည်းရေး ပြည့်စုံစေခြင်းငှာ သမ္မာကျမ်းစာအားလုံးကို လတ်တင်ဘာမှ အင်္ဂလိပ်ဘာသာသို့ ဘာသာပြန်ခဲ့၏။ ဤလုပ်ငန်းသည် ပရိုတက်စတင့်ဘာသာရေးပြန်လည် မဖွဲ့စည်းမီ နှစ်ပေါင်း ၁၅၀ အကြာ အေဒီ ၁၃၈၂ ခုနှစ်တွင် ပြီးပြည့်စုံခဲ့၏။ သူသည် ကျမ်းစာအုပ်ကို ဘာသာပြန်ရုံတင်မက လူများ၏ စိတ်နှလုံးထဲတွင် မှန်ကန်သော သမ္မာကျမ်းစာကို အမြစ်တွယ်စေရန် ရှင်းလင်းတင်ပြခဲ့သည်။ ဤလုပ်ငန်းကို ကျမ်းစာကို ဖြန့်ဖြူးခြင်းနှင့်

အင်္ဂလန်နိုင်ငံတစ်လျှောက် လုံး ယာဉ်များ၊ ရထားများ၊ လူများဖြင့် ဖြန့်ဝေခဲ့ခြင်းကြောင့် ပြည့်စုံစေခဲ့သည်။ လိုးလာရ်ဒ်ခေါ် ဘုန်းတော်ကြီး၏ နောက်လိုက်များသည် မြို့ကြီးများနှင့် ကျေးရွာများသို့ ခရီးသွား၍ ကျမ်းစာအုပ်များကို လက်ဆင်ကမ်းသယ်ဆောင်သွားကြပြီး တရားစောပြောခြင်း လမ်းထောင့်များ၊ ဘုရားရှိခိုးကျောင်းများ၊ ဥယျာဉ်များ၊ လူထုခန်းမဆောင်များနှင့် နေရာတိုင်းတွင် သင်ကြားပေးရန် အခွင့်အရေးများရရှိကြ၏။ လူများအားလုံးနီးပါးသည် စာမတတ်သူများဖြစ်သည်နှင့်အညီ လိုးလာရ်ဒ်များသည် စာဖတ်သင်ပေးကြသည်။ မြင့်မြတ်သော သူများလည်းပါဝင်ကြ၏။ ပါမောက္ခ ဂျီဗွီလစ်ချ်လာပြောခဲ့သည့်အတိုင်း လိုးလာရ်ချ်များဟာ အရာအားလုံး၏ အထက်မှာရှိ၍ ကြိုးစားမှုနှင့်မြင့်မြတ်ခြင်းရှိ၍ ကျမ်းစာနှင့် ပတ်သက်သော အမှန်တရားကို ပျံ့နှံ့ဘို့ရန် အလွန်စိတ်အားထက်သန်သူများဖြစ်ကြ၏။ သူတို့သည် အသင်းတော်ပြန်လည်ဖွဲ့စည်းရေး အတွက် နေရာအနှံ့အပြား၌ရှိသော အယူအဆအမှားများကို အမြစ်မကျန်တွန်းလှန် ပစ်ရန်ကြိုးစား ကြ၏။ သာမန်ပြည်သူများ တောင်မှ သူတို့အကြားတွင် ယုံကြည်သူများရှိကြ၍ သူတို့ပတ်ဝန်းကျင်ရှိသူများ၏ ပြစ်ဒဏ်စီရင်ခြင်းရောဂါမှ လွတ်မြောက်နိုင်ရန် ကြိုးစားဆက်သွယ်မှုများရှိကြ၏။ ဤနည်းအားဖြင့် သူတို့သည် စွမ်းအားကြီးမားသော ကျမ်းစာသည် ရာစုနှစ်အဆုံးပိုင်းတွင် တန်ခိုးပါဝါရှိသော စာအုပ်ဖြစ်သည်ကို ပြိုင်ဘက်ဖြစ်သူများ၏ သက်သေခံခြင်းဖြင့် သိရှိနိုင်သည်။ ထက်ဝက်ထက်မနဲသော လူဦးရေသည် လိုးလာရ်ဒ်များ ဘက်သို့လိုက်ကြ သည်။ ပျံ့နှံ့နေသော အမှားများအသင်းတော်၌ ရောက်လာသောအခါ အသင်းတော်သည် အာရုံစူးစိုက်လုပ်ဆောင်လာခဲ့သည်။ အသင်းတော် လူကြီးများသည် သူတို့ဝမ်းမြောက်ခြင်းကို အများနှင့်တူသော အယူအဆရှိသူများ၏ လှုပ်ရှားမှုကို အမြစ်မကျန် တွန်းလှန်ပစ်ရန် ကြိုးစားခြင်းဖြင့်ပြသခဲ့ကြ၏။ အသင်းတော် များသည် ဆယ်နှစ် ကုန်ဆုံးချိန်တွင် ဘုန်းတော်ကြီး ရိုင်စလစ်ချ်၏ လုပ်ငန်းနှင့် သူ့နောက်လိုက်များ၏ မြေအောက်လှုပ်ရှားမှုများကို မောင်းထုတ်ပစ်ခဲ့ကြသည်။ သို့သော် အမှန်တရား၏ အစေ့များသည် ပေါက်ပွားလာ၍ နောက်ပိုင်းတွင် အရှိန်နှင့် လှုပ်ရှားလာပြီး ပြန်လည်ဖွဲ့စည်းခြင်းကိုဖြစ်ပေါ်လာစေပြီး မည်သူမျှမတားဆီးနိုင်ပါ။ သက္ကရာဇ် ၁၄၂၅

ခုနှစ်တွင် ဘုန်းတော်ကြီး ဝိုင်ခလစ်ချ်၏ ခြေရာများ၊ သစ္စာဖောက်မှုများကို တွန်းလှန်ခဲ့ပြီး အသင်းတော်သည် ဘုန်းတော်ကြီး ဝိုင်ခလစ်ချ်၏ အရိုးများကို ပြန်လည်ဖော်ယူပြီး သူရေးသားထားသော စာအုပ် ၂၀၀ နှင့်အတူ မီးရှို့ခဲ့ကြသည်။ သူ၏ အရိုးပြာများကို ရေစီးမြန်သောမြစ်ထဲသို့ ပစ်ချခဲ့ကြသည်။ သေးငယ်သော မြစ်က ဝိုင်ခလစ်ချ်၏ ကြွင်းကျန်သော အရိုးပြာကို အာဗွန်မြစ်ထဲသို့ သယ်ဆောင်လာသည်။ အာဗွန်မြစ်က ဆာဗင်မြစ်ထဲသို့ ပို့ဆောင်သည်။ ဆာဗင်မြစ်က ကျဉ်းမြောင်းသော ပင်လယ်ထဲသို့ပို့ချသည်။ ထိုမှတဆင့် ပင်လယ်ကျယ်ထဲသို့ ပို့ဆောင်သည်။ ဤနည်းအားဖြင့် ဝိုင်ခလစ်ချ်၏ အရိုးပြာများသည် သူ့မူဝါဒ၏ သင်္ကေတအမှတ်အသားဖြစ်ပြီး ယနေ့ ကမ္ဘာတဝှမ်းလုံးသို့ ပျံ့နှံ့ရောက်နေပါသည်။

## ချက်ကိုဆလိုဗေးကီးယားနိုင်ငံရောက် ဂျင်ဟတ်စ်နှင့် ဂျေရုမ်း (၁၄၁၅)

ချက်ကိုဆလိုဗေးကီးယားနိုင်ငံတွင် ဝိုင်ခလစ်ချ်၏ မူဝါဒ ပျံ့နှံ့ရောက်ရှိလာခဲ့ခြင်းသည် အဓိကအားဖြင့် အင်္ဂလန် ဘုရင်မ အန်နာ၏ အားပေးမှုကြောင့်ဖြစ်၏။ ဘုရင်မသည် ဘုန်းတော်ကြီး ဝိုင်ခလစ်ချ်၏ သွန်သင်ချက်ကို နှစ်သက်သဘောကျပြီး၊ သူ့စကားကို နားထောင်ရန် ပြင်သစ်၊ ဂျာမနီ၊ ဟောလန်နှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ ရောက်ရှိလာကြသော ကျောင်းသား ၃၀၀၀၀ နှင့်အတူ သဘောကျသူဖြစ်၏။ မြင့်မြတ်သောသူများနှင့် ပညတ်တော်များသည် ဘုရင်မ အန်နာနှင့်အတူ ချက်ကိုဆလိုဗေးကီးယားနိုင်ငံမှ ရောက်လာကြပြီး ဝိုင်ခလစ်၏ နောက်လိုက်များဖြစ်ကြ၍ သူ့စာအုပ်နှင့်အတူ မိမိတို့နိုင်ငံသို့ ပြန်သွားကြ၏။ ၎င်းတို့အထဲတွင် တယောက်သောသူဟာ ပါမောက္ခ ဖုလ်ဖါဒ်ဖြစ်၍ ပရပ်စ်တက္ကသိုလ်တွင် စာသင်ပေးသူဖြစ်၏။ သူသည် ဂျေရုမ်နှင့် ဝန်ကြီးတစ်ဦးဖြစ်သူ ဂျင်ဟတ်စ် အပေါ်တွင် ဩဇာ လွှမ်းမိုးခဲ့သည်။ ဂျင်ဟတ်စ်သည် ပရပ်စ်တက္ကသိုလ်တွင် ပါမောက္ခချုပ်ဖြစ်၍ ပရပ်ခ်မြို့ရှိ ဗက်လင်ဘုရားကျောင်းတွင် တရားဟောဆရာတစ်ဦးဖြစ်သည်။ သူသည် လူများကို အရေးကြီးသော ကျမ်းစာနှင့်စပ်ဆိုင်သော ဥပဒေနှင့် တစ်ဦးချင်း၏ အသိဉာဏ်အကြောင်းကို သင်ကြားပေးခဲ့၏။ ဟတ်စ်၏ မကြာခဏကိုးကားခဲ့သော ဝါကျမှာ ဘုရားသခင်ကို နာခံခြင်းသည် လူကို နာခံခြင်းထက် သာ၍ ကောင်း၏ဟု ရေးသားထားသော စာတမ်းကို

သူသေသွားသောအခါ ခေါင်းပေါ်တွင် ချိပ်ထား၏။ ဟတ်စ်နှင့် ဂျေရုမ်းနှစ်ယောက် စလုံးသည် သက္ကရာဇ် ၁၄၁၅ နှင့် ၁၄၁၆ ခုနှစ်များတွင် သူတို့၏ ယုံကြည်ခြင်းကြောင့် ကေန်ရာဇ် ဘုရင်စီဂစ်မန်က ငုတ်တိုင်ပေါ်တွင် တင်၍ မီးရှို့ခဲ့ကြ၏။ သို့သော် ၁၆ ရာစုနှစ်တွင် ပရိုတက်စတင့်ဘာသာကို ပြန်လည်ဖွဲ့စည်းခြင်း၏ မျိုးစေ့များသည် ရှင်သန်ပေါက်ဖွားလာခဲ့၏။

အခန်း ၄

## ဥရောပတိုက်တွင် ပရိုတက်စတင့်ဘာသာပြန်လည်ဖွဲ့စည်းခြင်း ထီထွင်မှုနှင့် စတင်တွေ့ရှိခြင်း ခေတ်ကာက (၁၃၄၀–၁၅၁၆)

ပြန်လည်ဖွဲ့စည်းခြင်း၏ ''မောနင်းစတား'' ဟုခေါ်သော ဝှါန်ဝိုင်ခလစ်ချ်ကြောင့် ပထမဆုံးသော ဘုရားသခင်၏ နှုတ်ကပတ်တော် အလင်းရောင်ခြည်သည် မှောင်မိုက်ထဲတွင် ထွန်းလင်းရန် စတင်ခဲ့ပါပြီ။ သူ၏ လွှမ်းမိုးမှုက တီထွင်မှုနှင့် စတင်တွေ့ရှိလိုခြင်းစိတ်ဓာတ်ကို ဆွပေးခဲ့သည်။ သူထုတ်လုပ်ပေးသော နှုတ်ကပတ်တော်၏ အလင်းရောင်သည် ဘယ်တော့မှ ပြည်သူလူထု သို့မဟုတ် ခရစ်ယာန် ဘုန်းတော်ကြီးနှင့် စပ်ဆိုင်သော အရာက ငြိမ်းနိုင်မည် မဟုတ်ပါ။ တစ်ခုသော အဖြစ်အပျက်တစ်ခုမှာ ၁၄၅၅ ခုနှစ်တွင် ဂျွန်ဂူတင်ဘာခ်က ပုံနှိပ်စက်ကို တီထွင်ခြင်းဖြစ်သည်။ ဂူတင်ဘာခ် ပုံနှိပ်ထုတ်ဝေသော ပထမဆုံးစာအုပ်မှာ သမ္မာကျမ်း စာအုပ်ဖြစ်သည်။ ဤအချိန်မတိုင်မီ မှတ်တမ်းမှတ်ရာများပြုလုပ်သောအခါ လက်ရေးဖြင့်သာ မှတ်တမ်းတင်ခဲ့ကြသည်။ ကျမ်းစာအုပ်တစ်အုပ်ကို ကျမ်းပြုဆရာက တနှစ်ကျော်ကြာ အချိန်ယူလက်ရေးဖြင့် ပြုလုပ်ခဲ့သည်။ ထို့ကြောင့် ကျမ်းစာအုပ်သည် ရှားပါး၍ တန်ဖိုးကြီးသည်ကို အံ့သြစရာမဟုတ်ပါ။ နောက်ရာစုနှစ်များအတွင်းတွင်

ပြန်လည်ဖွဲ့စည်းရေး လုပ်ငန်းပျက်စီးလာသည်နှင့်အမျှ ပုံနှိပ်ထုတ်ဝေရေးကို အသုံးပြုခြင်းသည် လွတ်လပ်ရေး၏ အတွေ့အကြုံကို ကျယ်ပြန့်စေခဲ့သည်။ ဆယ်စုနှစ်အတါင်းတွင် ပုံနှိပ်တိုက်တီထွင်မှု တိုးတက်လာခဲ့သဖြင့် စာအုပ်များ ထုတ်လုပ်ရေးသည် အုပ်ရေ ၅၀၀၀၀ မှ ဆယ်သန်းအထိ ထုတ်လုပ်လာခဲ့ကြ၏။ ချားလ်ကိုဖင်ရေးခဲ့သည်မှာ ပုံနှိပ်ထုတ်ဝေရေးကို အားပေးခဲ့ပြီး လွှမ်းမိုးသဖြင့် ကေရာဇ် ဘုရင်းများ၊ ရှင်ဘုရင်များနှင့် သက်ဦးဆံပိုင်များသည် တဖြေးဖြေး သြဇာအာဏာကျဆင်းလာကာ လူများသည်ပင်လျှင် သူတို့၏ သခင်များဖြစ်လာကြ၏။

## ''ခရစ္စတိုဖွကိုလံဘတ်စ်''

အခြားသော ကမ္ဘာပြောင်းလဲမှုအဖြတ်အပျက်တစ်ခုကတော့ ကိုလံဘတ်စ်၏ ရေကြောင်းခရီးဖြင့် အမေရိကတိုက်သို့ နယ်မြေသစ်ရှာဖွေရေး ခရီးစဉ်ဖြစ်သည်။ ကိုလံဘတ်သည် အီတလီနိုင်ငံဂျီနိုဝါမြို့တွင် ကြီးပြင်းလာသူဖြစ်သည်။ လွတ်လပ်သော အီတလီမြောက်ပိုင်းရှိ မြို့ကြီးတစ်မြို့ဖြစ်ပြီး သူ (ကိုလံဘတ်စ်) အရှေ့ဖျားဒေသသို့ သွားရောက်ပြီး လေ့လာလိုစိတ်ဆန္ဒ ပြင်းပြလာခြင်းသည် သက္ကရာဇ် ၁၃၀၀ ဝန်းကျင်တွင် အခြားဂျီနိုဝါမြို့သား မာကိုပိုလိုရေးသားထားသော ခရီးသွားမှတ်တမ်းစာအုပ်ကို ဖတ်ရှုခဲ့ခြင်းကြောင်းဖြစ်၏။ မာကိုပိုလိုရေးသားထားသောစာသည် ကိုလံဘတ်စ်၏ ဗိတ်ကို နှိုးဆွပေး၍ ကက်သလစ်ဘာသာဝင် စပိန်ဘုရင်ထံသို့သွား၍ အရှေ့ပိုင်းဒေသသို့ ရောက်ရှိနိုင်ရန် အနောက်ဘက်မှစတင်၍ခရီးနှင့် ရမည်ဖြစ်ကြောင်းကို နားလည်သဘောပေါက် စေခဲ့၏။ သက္ကရာဇ် ၁၄၉၂ ခုနှစ်တွင် ခရစ္စတိုဖါကိုလံဘတ်စ်သည် ခရစ်ယာန် ယဉ်ကျေးမှုအရ ကမ္ဘာ့အနောက်ဘက်ခြမ်းမှ ခရီးစဖွင့်၍ ရွက်လွှင့်လေ၏။ ကျွန်ုပ်တို့အားလုံးသည် ဤအဖြစ်ပျက်ကို သိကြသော်လည်း ကိုလံဘတ်စ်ကို ဤကဲ့သို့ အားသွန်ခွန်စိုက်လုပ်ရမည့် အလုပ်၊ ကြောက်စရာကောင်းလှသော ခရီးကိုနှင်ဘို့ရန်မည်သည့် အရာက နှိုးဆွပေးခဲ့သနည်းဆိုသည်ကို သိကြသလား။ အောက်ဖော်ပြပါ သူ၏ နိမိတ်ဖတ်ခြင်းစာအုပ်မှ ဤသို့ဆို၏။

ကျွန်ုပ်စိတ်ထဲမှာ ဤဆန္ဒကိုဖြစ်ပေါ်စေသူကတော့ ဘုရားသခင်ဖြစ်ပါတယ်။

သူ့လက်တော်ကို ကျွန်ုပ်အပေါ်တွင် တင်ထားတော်မူသည်ဟု ကျွန်ုပ်ခံစားမိပါသည်။ ကျွန်ုပ်ခံစားချက်ကတော့ ဤနေရာမှ ရှက်လွင့်လျှင် အင်းဒီးစ်ကျွန်းစုသို့ရောက်ရှိနိုင်လိမ့်မည်ဟု ထင်ပါသည်။ ကျွန်ုပ်လုပ်ရမည့်လုပ်ငန်းကို ရှင်းပြသောအခါ ကြားရသော သူတိုင်းငြင်းပယ်၍ ရယ်မောကြသည်။ လှောင်ပြောင်ခဲ့ကြသည်။ ကျွန်ုပ်ကို ပင်လယ်ခရီးထွက်ဘို့ရန် လှုံ့ဆော်သော အရာသည် သန့်ရှင်းသော ဝိညာဉ်တော်ထံမှဖြစ်သည်ကို မေးစရာအကြောင်း မရှိပါ။ အဘယ့်ကြောင့်ဆိုသော် ဘုရားသခင်သည် ကျွန်ုပ်ကိုကြီးမားသော ကျမ်းစာ၏ ရောက်ခြည်တန်းဖြင့် နှစ်သိမ့်တော်မူခဲ့သည်။ ကျွန်ုပ်သည် အင်းဒီးစ်သို့ ခရီးသွားရန် ပြင်ဆင်သောအခါ အသိဉာဏ်ပညာ၊ ဂဏန်းသင်္ချာ သို့မဟုတ် မြေပုံများကို အားကိုး၍ အသုံးမပြုခဲ့ပါ။ ယေရှာယ၏ ဟောကိန်းထုတ်သည်ကို ပြည့်စုံစေခြင်းငှာ ဤကဲ့သို့ ရိုးရိုးသားသား နမိတ်ဖတ်ခဲ့၏။ ဘုရားသခင်၏ အမှုတော်ဆောင်လုပ်ငန်းအတွက် သန့်ရှင်းသော ရည်ရွယ်ချက်ရှိ၍ တရားမျှတမှုရှိခဲ့လျှင် ကျွန်ုပ်တို့ကယ်တင်ရှင်၏ နာမတော်အားဖြင့် အလုပ်တစ်ခုကိုလုပ်ရန်မည်သူမျှ ကြောက်ကြလိမ့်မည်မဟုတ်ပါ။ အဘယ်ကြောင့်ဆိုသော် သတင်းကောင်းကို နေရာဒေသအများအပြားတွင် တိုတောင်းသော အချိန်၌ ဟောပြောရမည်ဖြစ်သောကြောင့်ဖြစ်၏။ ဤအချက်က ကျွန်ုပ်ကို နားလည်သဘောပေါက်စေ သည်ဟုဆို၏။ ကိုလံဘက်စ်သည် ကမ္ဘာသစ်ကိုတွေ့ရှိသောအခါ နရိကတည်းကပါဝင် ပူးပေါင်းပြီးဖြစ်သော နယ်မြေဒေသများကို ကိုလိုနီနယ်ပြုရန် ဘုရားသခင်က ခွင့်ပြုတော်မမူခဲ့ပေ။ ၁၄၇၈ ခုနှစ်တွင် စပိန်နိုင်ငံတွင် ပရိုတက်စတင့် ဂိုဏ်းဝင် များကို (ဂျူးနှင့်မိုးလူမျိုးများအပါအဝင်) အမှန်တကယ် မည်သည့်အတွက်ကြောင့် နင်းနိုင်ငံတွင် သုတ်သင်ရှင်းလင်းခဲ့သည်ကို ရိုမန်ကက်သလစ် ဘုန်းတော်ကြီးပါ ပါစီက ၁၅၅၈ ခုနှစ်တွင် စုံစမ်းစစ်ဆေးခြင်းပြုလုပ်ခဲ့သည်။ ထို့ကြောင့် ပရိုတက်စတင့်ဂိုဏ်းဝင်များသည် စပိန်ယဉ်ကျေးမှုကို ကြီးမားစွာ ဘယ်တော့မှ မလွှမ်းမိုးခဲ့ချေ။ ဤအချက်က ကမ္ဘာသစ်တွင် ရှိသော စပိန်ကိုလိုနီနယ်မြေများ၏ တိုးတက်ဖွံ့ဖြိုးမှုကို အပျက်အစီးအထိအခိုက်ဖြစ်စေခဲ့၏။ ကိုလံဘတ်စ်နှင့် အခြားသော သွားရောက်စူးစမ်းလေ့လာသူများကို ယုံကြည်စိတ်ချရသော ခရစ်ယာန်များ၏ ဆက်ကပ်အပ်နှံခြင်းက ခရီးထွက်ရန် စေ့ဆော်ခဲ့သော်လည်း ဘာသာရေး

ကိုင်းရှိုင်းသူများနှင့် လူထုကို မတရားအုပ်ချုပ်သူများ၏ မျိုးစေ့များကို တပါးတည်းယူဆောင် သွားခဲ့ကြ၏။ သူတို့သည် ဘာသာတရားမရှိသော သူများ၏ အုပ်ချုပ်ရေးကို ပြောင်းစိုက်၍ ၄င်းအချိန်တွင် ဥရောပသားများ၏ စိတ်ထဲတွင် ယိမ်းယိုင်စွာ စွဲကိုင်ထားနေသေး၏။ ဘုရားသခင်သည် အမေရိကန်ပြည်ထောင်စုအတွက် အများနှင့်မတူ ခြားနားသော မျိုးစေ့ များကို စိုက်ပျိုးရန် အကြံစည်တော်ရှိ၏။ ၄င်းကို သမိုင်းဆရာ ဒေနီယာလ်ဒေါ်ချက်စတာက ဤသို့ရေးသားခဲ့၏။ ရွှေကို တပ်မက်ခြင်း၊ ပြင်းပြသော တဏှာရမ္မက်ရှိခြင်း၊ ရဲရင့်သော စွန့်စားခြင်းကို နှစ်သက်ခြင်း စသည်တို့သည် ပုပ်ရဟန်းမင်းကြီးနှင့်ပတ်သက်သော ဥရောပတိုက် ကမ္ဘာသစ်ကြီးကို ဘုရားသခင်၏ ဂရုဏာတော်နှင့်စပ်ဆိုင်သော ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်နိုင်ရန်နှင့် ရိုမန်ကက်သလစ်ကိုလိုနီ နယ်ပယ်များအချို့ဒေသများတွင် အောင်မြင်စွာ ထူထောင်နိုင်ရေးကို ဆောင်ရွက်ပေးခဲ့သည်။ အစကနဦးတွင် နယ်မြေများ ပူးပေါင်း ပါဝင်ဖွဲ့စည်းထားသော အမေရိကန်ပြည်ထောင်စုကို လှို့ဝှက်စွာ ကာကွယ်စောင့်ရှောက်ကာ ပြင်ဆင်ထားသော လူများအတွက် သီးသန့်နယ်မြေ အဖြစ်ထား၏။ သက္ကရာဇ် ၁၄၉၇ တွင် ဂျွန်ကေဘတ်သည် စိန့်လောရင့်မြစ်အနားတွင် ဆိုက်ရောက်ကာ အမေရိကကို အင်္ဂလန် ကိုလိုနီနယ်မြေအတွက် တောင်းဆိုခဲ့သည်။ ၄င်းအချိန်တွင် အင်္ဂလန်နိုင်ငံအပါအဝင် ဥရောပတိုက်သားအားလုံးသည် လူထုနှင့် ဘာသာရေးအပေါ်တွင် မတရားအုပ်ချုပ်သူများ၏ လက်အောက်တွင် နေထိုင်ခဲ့ကြသည့်တိုင် ဘုရားသခင်သည် ၁၆ ရာစုနှစ်တွင် အလုပ်လုပ်တော်မူမည့်အကြောင်း အာမခံရန်အတွက် ဤသို့ပြောင်းလဲခြင်းဖြစ်သည်။ အမေရိကန်သမိုင်းဆရာကြီးတစ်ဦးဖြစ်သူ ဘီအက်စ်မိုရစ် ရေးသားထားရာ၌ ဘုရားသခင်၏ ကြည့်ရှုစောင်မတော်မူသောလက်တော်သည် ဤခေတ်ကာလတွင် အလုပ်အကိုင်၌ သက်ရောက်မှုရှိ၏။ မည်သည့် သမိုင်းတွင်မှ မြောက်အမေရိကတိုက်တွင် ခရစ်ယာန်များ၏ ကိုလိုနီနယ်ပယ်ချဲ့ထွင်ရေးနှင့် လေ့လာတွေ့ရှိခြင်းအကြောင်းထက် ပို၍ ထူးခြားစွာနှင့် ခမ်းနားစွာ မှတ်တမ်းတင်ခဲ့သော ခေတ်ကာလမရှိခဲ့ပါ။ နယ်ပယ်ချဲ့ထွင်ခြင်းရာစုနှစ်သည် လူများ အရှိသေပေးသော ကမ္ဘာ့အရေးကြီးဆုံးသောအချိန်ကာလဖြစ်သည်။ အမှန်စင်စစ် ယခုခေတ်မှီကာလတွင်

အရေးကြီးဆုံးဖြစ်သည်။ ပို၍ ထင်ရှားပြတ်သားသော ပြောင်းလဲမှုများရှိသည်။ အရင်ကျသော ရာစုနှစ်များတွင် ဖြစ်ပျက်ခဲ့သော အချိန်များထက် သိပ္ပံပညာ၊ ဘာသာရေးနှင့် လွတ်လပ်မှု ပို၍ဖြစ်ပေါ်ခဲ့ပြီး ဤပြောင်းလဲမှုများသည် ၄င်းနိုင်ငံအတွင်းရှိ ခရစ်ယာန်များ၏ အကျင့်စာရိတ္တများကို ဤကဲ့သို့ ဆုံးဖြတ်ရန် အခြေအနေဖြစ်ပေါ်စေ၏။ ဤအတောအတွင်း ဘုရားသခင်သည် လူထုနှင့် ဘာသာရေးကိုင်းရှိုင်းသူများလွတ်လပ်မှု၏ မျက်နှာသာပေးခြင်းကို စမ်းသပ်မှုပြုလုပ်ရန် ဤမျှကျယ်ဝန်းသော ကွင်းပြင်ကြီးကို နောင်အတွက် အသုံးပြုရန် ထိန်းသိမ်းလျာထားတော်မူခဲ့၏။ ဘုရားသခင်သည် ဥရောပတိုက်သားများကို စိတ်လှုပ်ရှား စေသောပြောင်းလဲမှုများ မတိုင်းမီ ဘာသာရေးလွတ်လပ်မှုကို စပိန်လူမျိုး 'ဝါ' ပေါ်တူဂီ လူမျိုးများ 'ဝါ' ပြင်သစ် လူမျိုးများ 'ဝါ' အင်္ဂလိပ်လူမျိုးများက ခြယ်ချယ်ခြင်းကို ခွင့်ပြုတော်မူသည်မဟုတ်ဘဲ ၄င်းပြောင်းလဲမှုများသည် အမြဲတမ်းလွတ်လပ်သော ဘာသာရေးနယ်မြေဖြစ်လာဘို့ရန် သေချာစေခဲ့သည်။

## ဂျာမဏီနိုင်ငံရောက်မတင်လူသာ (၁၄၈၂–၁၅၄၆)

မာတင်လူသာသည်သူ၏ ဝေဖန်တတ်သော အသိစိတ်နိုးပေးသော ဘုရားသခင်၏ ကရိယာတန်ဆာပလာဖြစ်၏။ သူပြုလုပ်ထားသောစာတမ်း (၉၅) ခုကို ၁၅၁၇ ခုနှစ်တွင် ဝစ်တင်ဘာခ် ဘုရားရှိခိုးကျောင်း၏ တံခါးပေါ်တွင် ချိတ်ထားပြီး ၄င်းစာတမ်းသည် ပရိုတစ်စတင့် ဘာသာပြန်လည်ဖွဲ့စည်းရေး၏ အခြေခံအချက်ကို စတင်စေခဲ့၏။ ဤပြန်လည်ဖွဲ့စည်းရေးကို မပြုလုပ်မီ နှစ်ပေါင်းများစွာကပင် ပျိုးထောင်ခဲ့ပြီးဖြစ်ပါ၏။ ဤပြန်လည် ဖွဲ့စည်းရေးမတိုင်မီ နှစ်ပေါင်းတရာကြာခန့်တွင် ဂျင်ဟတ်စ်ကို တိုင်ပေါ်တင် မီးရှို့ခဲ့သည်။ ၄င်းက လေးနက်စေခဲ့သည်မှာ အကျင့်ပျက်ပြားနေသော ပုပ်ရဟန်းမင်းကြီး၏ သြဇာအာဏာအစား သမ္မာကျမ်းစာ၏ သြဇာအာဏာကို လေးနက်စေခြင်းဖြစ်သည်။ သူ့ကို ဘုန်းတော်ကြီး ဝိုင်ခလစ်၏ လုပ်ဆောင်ချက်များက တိုက်ရိုက်အားဖြင့် လွှမ်းမိုးခဲ့သည်။ ဂျင်ဟတ်စ်၏ ဖြစ်ပျက်ပုံများက မတင်လူသာကို လွှမ်းမိုးခဲ့၏။ သက္ကရာဇ် ၁၅၂၁ ခုနှစ်တွင် ဝုန်းလွှတ်တော်၌ လူသာ၏ ကာကွယ်ချေပချက်က သူ့ဘဝထူခြားမှုကို ဖော်ပြခဲ့သည်။ ကျွန်ုပ်သည် လူသားမျှသာဖြစ်၏။ ဘုရားမဟုတ်ပါ။ ထို့ကြောင့် ခရစ်ကဲ့သို့ ကျွန်ုပ်ကို

ကျွန်ုပ်ကာကွယ်ပါသည်။ ခရစ်တော် မိန့်တော်မူသည်ကား ငါသည် ယုတ်မာသော စကားကို ပြောလျှင် မကောင်းသော အသီးအပွင့်ကို ရိတ်ရလိမ့်မည်။ ဤအကြောင်းကြောင့်၊ ဘုရားသခင်၏ သနားညှာတာမှုကြောင့် အလွန်တည်ကြည်သော ရှင်ဘုရင်နှင့် အလွန်နာမည်ကျော်ကြားသော လွှတ်တော်အမတ်များ၊ မင်းသားများ၊ ဘွဲ့ရလူကြီးများကို မြင်ယောင်စေ၍ ကျွန်ုပ်ဖြစ်မှားခဲ့သော ပရောဖက်များနှင့် နောက်လိုက်တပည့်တော်များ၏ ရေးသားထားသော ကျမ်းစာများကို သက်သေပြခဲ့၏။

ကျွန်ုပ်ဒီအကြောင်းကို နားလည်သဘောပေါက်သည်နှင့် ချက်ချင်းငါ့အမှားများကို ပြန်ရုပ်သိမ့်မည်ဖြစ်ပြီး ငါသည် ငါ့စာအုပ်ကို ပထမဆုံးစွဲကိုင်သူဖြစ်ရမည်။ နောက်မီးပုံထဲသို့ ပစ်ချလိမ့်မည်။ သို့သော် ကျွန်ုပ်၏ ယုံကြည်ခြင်းကိုတော့ ပုပ်ရဟန်းမင်းကြီးရှေ့မှာဘဲဖြစ်ဖြစ်၊ ကောင်စီများ၏ ရှေ့မှာဘဲဖြစ်ဖြစ် အလျှော့ပေးနိုင်လိမ့်မည်မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော်
ဒါဟာ ရှင်းနေလို့ပါဘဲ။ သူတို့သည် အကြိမ်ကြိမ်လာရောက်ပြီး ကျွန်ုပ်ကို အပြစ်တင်ကာ အချင်းချင်း ငြင်းခုန်ခဲ့ကြသည်။ ထိုသို့ဖြစ်သောကြောင့် ကျွန်ုပ်သည် ကျမ်းစာ၏ သက်သေခံချက် ‘ဝါ’ တိကျသော အကြောင်းပြချက်များဖြင့် သဘောပေါက်နားလည်စေသည်။ ငါကိုးကားခဲ့သော စာပိုဒ်၏ ဆိုလိုချက်ဖြင့် သူတို့ကို မဆွဲဆောင်နိုင်ခဲ့လျှင် ‘ဝါ’ ကျွန်ုပ်၏ ဝေဖန်ဆုံးဖြတ်တတ်သော အသိစိတ်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်၌ မချည်နှောင်ခဲ့လျှင် ကျွန်ုပ်၏ အဆိုကို ရုပ်သိမ်းနိုင်လိမ့်မည်မဟုတ်ပါ။ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် မလုံခြုံသောကြောင့် တစ်ယောက်သောသူ၏ ကိုယ်တိုင် အသိစိတ်ကို အနာတရဖြစ်စေမည်ဖြစ်သောကြောင့်ဖြစ်၏။ ဒီမှာ ကျွန်ုပ်ရပ်တည်နေပါတယ်။ သို့သော် ကျွန်ုပ်သည် အခြားသူများကို ဘာမှမလုပ်ပေးနိုင်ပါ။ ဘုရားသခင်က ကျွန်ုပ်ကို ကူညီပါစေ အာမင်ဟု မာတင်လူသာရေးသားခဲ့၏။ မာတင်လူသာ၏ ဘဝအသက်တာနှင့် ပရိုတက်စတင့် ဘာသာရေးကို ပြန်လည်ဖွဲ့စည်းကြသူများကို လက်တင်ဘာသာစကားစုဖြင့် အကျဉ်းချုံး၍ ဖော်ပြနိုင်သည်။ ၎င်းကို ‘‘ဆိုလာစခရိပ်ကျူလာ’’ ဟု အမိပ္ပါယ်ရ၏။ မာတင်လူသာသည် ပထမဆုံးသော ဂျာမန်ကျမ်းစာကို ၁၅၃၄ ခုနှစ်တွင် ဘာသာပြန်ခဲ့၏။ ၎င်းသည်

ပြန်လည်ဖွဲ့စည်းသူများ၏ အယူအဆနှင့် လုပ်ရပ်များ၏ အခြေခံကျသော စာအုပ်ဖြစ်၍ ပုပ်ရဟန်းမင်းကြီး ‘ဝါ’ ရှင်ဘုရင်၏ အမိန့်ဒီဂရီထက်သာ၍ အခြေခံကျ၏။ မာတင်လူသာသည် ကျမ်းစာကို ဂျာမန်ဘာသာသို့ပြန်ဆိုသူဖြစ်၍ ဤစာအုပ်အားဖြင့် လူများကို အမှောင်ထဲမှာ အမှန်တရားတည်းဟူသော အလင်းထဲသို့ ပို့ဆောင်လာကာ ကျွန်ုပ်တို့သည် ယုံကြည်ခြင်း အားဖြင့် မှန်ကန်ထင်ရှားသိသာစေသောသူများဖြစ်ကြ၏။ သက္ကရာဇ် ၁၅၄၀ ခုနှစ်တွင် ဒိန်းမတ်၊ နော်ဝေးနှင့် ဆွီဒင်နိုင်ငံများသည် မာတင်လူသာ၏ နောက်လိုက်နိုင်ငံများ ဖြစ်လာကြ၏။

## ဂျွန်ကာလ်ဗင်နှင့် ဖွန်လီ (၁၅၀၉–၁၅၆၄)

သက္ကရာဇ် ၁၅၃၄ ခုနှစ်တွင် ပြင်စသ်နိုင်ငံသား၊ ပရိုတက်စတင့် ဂိုဏ်းဝင် ဂျွန်ကာလ်ဗင်သည် အသက် ၂၅ နှစ်ပြည့်ပြီဖြစ်၏။ သူသည် ကျမ်းစာကို ဘာသာပြန်သူနှစ်ဦး ဖြစ်သော သူ့ဆွေမျိုးတော်စပ်သူရောဘတ်အိုလိဗ်ထန်နှင့် လီးဖါးတို့နှင့် တွေ့ဆုံကြပြီး ပြင်သစ်နိုင်ငံ နိုယွမ်မြို့ရှိ ရောမဘုရားကျောင်းတော်ကို စွန့်ခွာပြီး ခဏဖြုတ်ထောင်ထဲတွင် ရောက်ခဲ့၏။ သူ့ကို အကျဉ်းထောင်ထဲမှ လွှတ်ပြီးနောက် ပဲရစ်မြို့တွင် ကိုယ်ယောင်ဖျောက်၍ (password) လျှို့ဝှက်စကားလုံးများကို သုံးကာ အိမ်များနှင့် တောအရပ်တို့တွင် လျှို့ဝှက်စွာ ဘုရားဝတ်ပြုခဲ့၏။ သို့သော် မကြာမီ ၄င်းနှစ်အတွင်းတွင် ဂျာမဏီနိုင်ငံသို့ထွက်ပြေး၍ ၄င်းနောက် လီမန်ရေအိုင်အနီးရှိ ဂျီနီဗာမြို့တွင် ရွှေ့ပြောင်း၏။ ဤမြို့သည် ပရိုတက်စတင့် ဂိုဏ်းကို လိုလားအားပေးကြသောမြို့ဖြစ်၍ သာသနာပြုဆရာကြီး အာလ်ရစ်ချ် ဖွန်လီဖူးရစ် မြို့ကို ပြန်လည်ဖွဲ့စည်းသူ၏ သာသနာမျိုးစေ့ကို ကြဲသော မြို့ဖြစ်၏။ ဖွန်လီသည် ၁၅၃၁ ခုနှစ်တွင် ဆွစ်နိုင်ငံတပ်မတော် ဘုရားကျောင်း၌ ဘုန်းတော်ကြီးလုပ်နေစဉ်တွင် တိုက်ပွဲဖြစ်ကာ အသတ်ခံရ၏။ ဂျွန်ကာလ်ဗင်သည် ၁၅၃၆ တွင် သူ၏ နာမည်ကျော်ကြားသော ခရစ်ယာန် ဘာသာသိပ္ပံကျောင်းအကြောင်းကို ရေးသားမှတ်တမ်းတင်ခဲ့၏။ သက္ကရာဇ် ၁၅၃၈ ခုနှစ်တွင် ဂျီနီဗာမြို့တော် ကောင်စီက ကာလ်ဗင်သည် တရားဥပဒေကို နားမထောင်နာမခံသောကြောင့် သူ့အပေါ် တစ်စုံတစ်ခုကို ပြုလုပ်ရန်

အမိန့်ထုတ်ပြန်ခဲ့၏။ ထို့ကြောင့် လီနိုဗာမြို့မှာ ပြည်နှင်ဒဏ်ပေးခြင်းကိုခံရသဖြင့် စထရက်စ်ဘောခ်မြို့သို့ ရောက်လာကာ ပြင်သစ်နိုင်ငံ၏ နိုင်ငံရေး ခိုလှုံသူများအတွက် သုံးနှစ်ပါစတာ (pastor) လုပ်ငန်းကို လုပ်ကိုင်ရင်းပြင်သစ် တွင် နိုင်ငငံရေးခိုလှုံသူ အိုင်ဒီလက်တီနှင့် အိမ်ထောင်ပြုခဲ့၏။ သက္ကရာဇ် ၁၅၄၁ ခုနှစ်တွင် ဂျီနိုဗာကောင်စီသည် ကာလ်ဗင်ကို ပြန်ခေါ်ခဲ့သည်။ သူသည် ဂျီနိုဗာတွင် နေ့စဉ် ခရစ်ယာန် ဘာသာနှင့်ပတ်သက်သော ထုတ်ပြန်ချက်များကို ရေးသားပြီး ၎င်းထဲတွင် အကျဉ်းထောင်နှင့် ပတ်သက်သည့် နိုင်ငံရေးများ၊ ပညာရေး၊ ကိုယ်ခန္ဓာကျန်းမာရေးနှင့် နိုင်ငံသားများလုံခြုံရေး စသောကျန်းမာရေး ညီညွတ်စေသော လိုအပ်ချက်များကိုပါ ထည့်သွင်းရေးသားခဲ့၏။ ဂျွန်ကာလ်ဗင်ရေးသားခဲ့သော စာအုပ်သည် ယနေ့ကမ္ဘာ့ဆော်မိုစာအုပ်များ (ကျမ်းစာအုပ်မှ လွဲ၍) အပေါ်တွင် ပို၍ ဩဇာသက်ရောက်မှုရှိကောင်းရှိနိုင်ပါသည်။ ပြန်လည်ဖွဲ့စည်းရေး (ရီဖိုမေးရှန်း) ကာလတွင် ရေးသားထားသော စာအုပ်များအနက် ဂျွန်ကာလ်ဗင် ရေးသားထားသော စာအုပ်ထက် ရိုမန်ကက်သလစ် ဘာသာဝင်များ ကြောက်လန့်၍ ရန်လိုခြင်း စိတ်အားထက်သန်စွာတိုက်ခိုက်ကာ လိုက်လံဖျက်စီးခြင်းများပြုလုပ်သော စာအုပ်မရှိပါ။ သူ၏ ပြန်လည်ဖွဲ့စည်းရေးစာအုပ်ထဲတွင် ‘ဒီဩဘိခ်နီ’ က ဤသို့ရေးသား ထား၏။ ဂျွန်ကာလ်ဗင်၏ အဓိကရေးသားဖော်ပြခဲ့သောခေါင်းစဉ်မှာ လူတစ်ဦးချင်း၊ အသင်းတော်နှင့် လူမျိုးများ၏ ပြန်လည်ပြုပြင်ခြင်းအကြောင်းဖြစ်သည်။ ၁၆ ရာစုနှစ်၏ ပြန်လည်ဖွဲ့စည်းရေးသည်အလယ်ခေတ်တွင် သူတို့ထံမှ ခိုးယူသွားသော လူသားများ၏ အဖွဲ့အစည်းများကို နဂိုမူလအခြေအနေသို့ရောက်ရှိစေသည်။ ၎င်းပြန်လည် ဖွဲ့စည်းရေးသည် သူတို့ကို ပုပ်ရဟန်းမင်းကြီး၏ ဓလေ့ထုံးစံများ ဥပဒေများနှင့် မတရားအုပ်ချုပ်မှုမှ ကယ်တင်ခဲ့သည်။ ပုပ်ရဟန်းမင်ကြီး၏ လူသားများကို အသေးအမွှားအထိ အုပ်ထိန်းသူကဲ့သို့ အုပ်ချုပ်ခြင်းကို အဆုံးသတ်စေသည်။ ၎င်းဖွဲ့စည်းရေးသည် လူကို ယဇ်ပရောဟိတ်မင်းကြီး၏ ပြောစကားများပေါ်တွင် မဟုတ်ဘဲ မမှားနိုင်သော ဘုရားသခင်၏ နှုတ်ကပတ်တော်ပေါ်တွင် သူ၏ ယုံကြည်ခြင်းကို ထူထောင်ရန် တောင်းဆိုလာပြီး သားတော် ယေရှုခရစ်မှတဆင့် ခမည်းတော်ထဲ့သို့ လွတ်လပ်စွာ ရောက်ရှိရာလမ်းသို့ရောက်ရန် အသစ်သော ကယ်တင်ခြင်းနည်းလမ်းကို ကြေညာခြင်းအားဖြင့် ခရစ်ယာန်လူသားများ၏ အချိန်နာရီ

အကြောင်းကို ထုတ်ပြန်ကျေညာ၍ ယူဆောင်လာခဲ့၏။ မည်သို့ပင်ဖြစ်စေ ရှင်းပြခြင်းသည် လိုအပ်သောအရာဖြစ်၏။ ယခုခေတ်ကာလတွင် ပညာရှင်အများအပြားပေါ်ထွန်းလာကြ၍ သူတို့သည် ခရစ်တော်ကို နိုင်ငံရေးနှင့်ဆိုင်သော လွတ်လပ်ရေး၏ တမန်တော်အဖြစ်သာ မှတ်ယူကြ၏။ ဤလူများသည် အပေါ်ယံပိုင်းဖြစ်သော လွတ်လပ်ရေးကို လိုချင်ကြလျှင် ပထမဦးစွာ အတွင်းပိုင်းလွတ်လပ်ရေးကို ပိုင်ဆိုင်ရမည်ဖြစ် ကြောင်း လေ့လာသင့်သည်။ ဒါဟာ သံသယဖြစ်စရာအကြောင်းမရှိပါ။ စိတ်ထင်ရာလုပ်၍ အာဏာသုံးသော အရှင်သခင်များလက်အောက်တွင် စိတ်မသာညည်းတွားနေသော သူများ၊ အထူးသဖြင့် ခရစ်ယာန်ဘာသာရေး၏ အလင်းရောင်မထွန်းလင်းသေး၍ လူထုလွတ်လပ်မှုမရှိသော နိုင်ငံများအတွက်ဆိုလိုခြင်းဖြစ်သည်။ သို့သော် အပေါ်ယံပိုင်း လွတ်လပ်မှုဖြစ်ပေါ်လာရန် အတွင်းဘက်ပိုင်းလွတ်လပ်မှုကို အရင်ရရှိထားသူဖြစ်ရပါမည်။

အမှန်တရားကယူဆောင်လာသော လွတ်လပ်မှုသည် တစ်ဦးချင်းအတွက်သာမဟုတ်ဘဲ အသင်းအဖွဲ့အားလုံးအတွက် အကျိုးသက်ရောက်မှုဖြစ်ပေါ်စေသည်။ ကာလ်ဗင်၏ သီးသန့်လုပ်ငန်းဖြစ်သော ပြန်လည်ပြုပြင်ရေးလုပ်ငန်းသည် သံသယကင်း၍ အားလုံးအနက် ပထမဆုံးဖြစ်သော အတွင်းကျသောလုပ်ငန်းဖြစ်ပြီး နောက်ဆုံးတွင် ပန်းတိုင်သို့ရောက်ရန် လူမျိုးများအပေါ်ကြီးမားစွာ လွှမ်းမိုးလာသည်။ ကာလ်ဗင်သည် ဂျီနီဗာမြို့ကို ကျမ်းစာနှင့် စပ်ဆိုင်သော စံပြအုပ်ချုပ်ရေးမြို့ဖြစ်ရန် ကြိုးစားခဲ့၏။ ဂျွန်ကာလ်ဗင်သည် ဂျီနီဗာမြို့တွင် ပထမဆုံးသမိုင်းထွင်သော ပရိုတက်စတင့်ဂျီနီဗာ အကယ်ဒမီတက္ကသိုလ်ကို ထူထောင်ခဲ့၍ ပါမောက္ခချုပ်အဖြစ် သီအိုဒိုဘေဇာကို ခန့်အပ်ခဲ့သည်။ ဂျီနီဗာမြို့သည် ပြုပြင်ပြောင်းလဲရေး အချက်အချာမြို့ဖြစ်၍ မာတ်ရိုနောခ် ဘာသာဝင်များအတွက်သာမဟုတ်ဘဲ ဥရောပတိုက် တခုလုံးမှ ရောက်လာကြသော ပရိုတက်စတင့်နိုင်ငံရေး ခိုလှုံသူများအတွက်ပါ အရေးကြီးသော မြို့ဖြစ်သည်။ အင်္ဂလန်နိုင်ငံ၏ စာရိတ္တနှင့် ဘာသာရေးတွင်စည်းကမ်းကြီးသူ ခေါင်းဆောင်များနှင့် စကော့တလန်လူမျိုး ဂျွန်နောခ်တို့သည် ဂျီနီဗာမြို့ရှိ ကာလ်ဗင် လက်အောက်တွင် လေ့လာရေး များပြုလုပ်ကြသည်။ ဒီအော်ဘိခ်နီ၏လေ့လာရေးသားချက်အရ ဂျွန်ကာလ်ဗင်သည် အမေရိကန်လူမျိုးအပေါ်တွင်လည်းများစွာ လွှမ်းမိုးခဲ့၏။

နောက်ဆုံးတွင် ကာလ်ဗင်သည် အကြီးမားဆုံးသော သမ္မတနိုင်ငံတည်ထောင်သူဖြစ်၏။ ပထမ ဂျိမ်းဘုရင်လက်ထက်တွင် နိုင်ငံကို စွန့်ခွာ၍ ဘုရားဖူးသွားသူများသည် သစ်ပင်မြက်ပင်များ မပေါက်သော နယူးအင်္ဂလန်ကမ်းခြေများတွင် ရပ်နား၍ လူဦးရေများပြားသော ကိုလိုနီနယ်မြေ များကို တည်ထောင်ကာ သူ့သားများကို အုပ်ချုပ်စေ၍ ကျွန်ုပ်တို့တွေ့မြင်နေရသောလျှင်မြန်စွာ တိုးတက်လာသော အမေရိကန်တိုင်းရင်းသားများဖြစ်လာကြကာ စကားပြောဆိုရာ၌ ဝါကြွားကြပြီး၊ လီမန်ကမ်းခြေဒေသတွင် ပြန်လည်ပြုပြင်ရေးပြုလုပ်သူ၊ စိတ်နှလုံး နှိမ့်ချသောသူတို့ ဖခင်ကဲ့သို့နိုင်ငံကိုအုပ်ချုပ်ကြ၏။

## ၁၆ ရာစုနှစ်နှင့် ၁၇ ရာစုနှစ်အတွင်း ပြင်သစ်ပရိုတက်စတင့် ခရစ်ယာန်ဘာသာဝင်များ ၁၅၂၃–၁၅၉၈)

မာတင်လူသာ၏ ဓမ္မသစ်ကျမ်းစာကို ဂျာမန် ဘာသာဖြင့် ဘာသာပြန်ဆိုပြီးနောက် တင်ဒဲလ်၏ အင်္ဂလိပ်ဘာသာ ပြန်ခြင်းအရင် (၂) နှစ်ကြာ ၁၅၂၃ ခုနှစ်တွင် ဂျက်လီဖါရိဒီ အေတယ်ပဲလ်သည် ဓမ္မသစ်ကျမ်းကို ပြင်သစ် ဘာသာဖြင့် ဘာသာပြန်၍ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ကျမ်းစာအားလုံးကို ဘာသာပြန်ခြင်းပြီးမြောက်ကာ ၁၅၃၀ ခုနှစ်တွင် အသုံးပြုနိုင်ပြီး ၎င်းစာအုပ်ကို အင်တွတ်ပ် ကျမ်းစာဟု နာမည်ပေးခဲ့၏။ အခြားသော ပီယာရောဘတ်အိုလိဗ်တန် ဘာသာပြန်ခဲ့သော စာအုပ်ကို ၁၅၃၅ တွင် ပုံနှိပ်ထုတ်ဝေခဲ့၏။ ဤစာအုပ်သည် ဆက်လက်ရှင်သန်လာခဲ့ရာ ၁၅၅၇ ခုနှစ်တွင် ဂျီနိုဗာ ကျမ်းစာဟု နာမည်တွင်ခဲ့၏။ အိုလိဗ်တန်၏ ဆွေမျိုးတော်သူကာလ်ဗင်သည် ပြင်သစ်နိုင်ငံမှ ထွက်ပြေး၍ ပရိုတက်စတင့်ဘာသာဝင်များအတွက် သူထူထောင်ဖွင့်လှစ်ထားသော ဂျီနိုဗာကျမ်းစာ သင်တန်းကျောင်းသို့ ရောက်လာခဲ့၏။ ဤပရိုတက်စတင့်ဘာသာဝင်များကို ဟတ်ရိုနော့ဒ် ဟုခေါ်၏။ ''ဤဟတ်ရိုနော့ဒ်'' စကားလုံးသည် ဂျာမန်စကားလုံးဖြစ်၍ ''ပူးပေါင်းပါဝင်ခြင်း'' ဟု အဓိပ္ပါယ်ရ၏။ ဤပရိုတက်စတင့် ဘာသာဝင်များကို ပြင်းထန်စွာ အရေးယူနှိပ်စက် ခဲ့သော်လည်း ဟတ်ရိုးနော့ဒ်များသည် ဆုတ်ယုတ်မှုမရှိဘဲ တိုးတက်ပျံ့နှံ့လာကာ ၁၅၅၃ ခုနှစ်တွင် လူငါးယောက်တို့ကို လူထုရှေ့၌ တိုင်ပေါ်တင်၍ မီးတင်ရှို့ခဲ့ကြ၏။ ဤအဖြစ်အပျက်များကြောင့် ဟတ်ရိုနော့ဒ်တို့၏ လှုပ်ရှားမှုများကို

ငြိမ်းသတ်စေသည့်အနေဖြင့် မီးရှို့ခြင်းများကို ပြုလုပ်ကာ နောက်လေးနှစ်အကြာတွင် ပြင်သစ် လူမျိုးအားလုံး၏ သုံးပုံတစ်ပုံ (၃၀၀၀၀၀) သည် ပရိုတက်စတင့် ဘာသာဝင်များဖြစ်လာကြ၏။

လွန်ခဲ့သောနှစ်နှစ်က ပဲရစ်မြို့တွင် အမျိုးသားဘာသာရေးခေါင်းဆောင်များ အစည်းအဝေးကို ခေါ်ကာ မှတ်တမ်းတင်ခဲ့သည်မှာ ပြုပြင်ပြောင်းလဲခဲ့ကြသော အသင်းတော် များ၏ ယုံကြည်ခြင်းကို ဝန်ခံခြင်းဟူ၍ မှတ်တမ်းတင်ခဲ့၏။ ဤမှတ်တမ်းတင်ဆုံးဖြတ်ချက် များအပေါ် ပုပ်ရဟန်းမင်းကြီးက ဤသို့ တုံ့ပြန်၍ ပြောဆိုခဲ့သည်ကား ပရိုတက်စတင့် ဘာသာဝင်များသည် ကျမ်းစာကို လွဲမှားစွာ အဓိပ္ပါယ်ကောက်ယူ၍ ဖတ်ခြင်းကြောင့် ဤကဲ့သို့သော ယုံကြည်ခြင်းကို ရရှိထားခြင်းဖြစ်သည်ဟု ဝန်ခံကြပါရန်ပြန်လည်၍ ပြောဆိုခဲ့၏။ သုံးနှစ်ကြာကျော်လွန် လာသောအခါ ၁၅၆၂ ခုနှစ်တွင် အသင်းတော်များသည် ၃၀၀ မှ ၂၀၀၀ အထိ နိုင်ငံတစ်လျှောက်လုံးတိုးတက်လာခဲ့သည်။ အဘယ့်ကြောင့်ဆိုသော် သူတို့၏ ဘာသာရေးလွတ်လပ်မှုကိုပြင်းထန်စွာ ချုပ်ချယ်လာခြင်းကြောင့်ဖြစ်ပြီး ဤဖိနှိပ်ချုပ်ချယ်မှုများမှ ကာကွယ်ရန် နိုင်ငံရေးနှင့်ဆိုင်သော မဟာမိတ်များကို ဖွဲ့စည်းလာကြ၏။ ဤအကြောင်းများ သည် လူမျိုးအတွင်း၌ ပရိုတက်စတင့်နှင့် ရိုမန်ကက်သလစ် ဘာသာဝင်များအကြားတွင် စစ်ပွဲများဖြစ်ပေါ်လာစေသည်။ ဤစစ်ပွဲသည် ဘာသာရေးအယူဝါဒကွဲပြားခြင်းကို သည်းခံခြင်းနှင့် နိုင်ငံ၏ အစိတ်အပိုင်းဖြစ်သော နယ်မြေများတွင် ဘာသာရေးနှင့်နိုင်ငံရေး လွတ်လပ်မှုကို အာမခံပေးမည်ဟု ပုပ်ရဟန်းမင်းကြီး၏ အမိန့်ထုတ်ပြန်မှုမရှိသည့် ၁၅၉၈ ခုနှစ်တိုင် စစ်ပြေငြိမ်းခြင်းမရှိခဲ့ပါ။ ၁၅၇၂ ခုနှစ်တွင် ပရိုတက်စတင့်ဘာသာဝင်များသည် စိန့်ဘာသာလာမှုအောက်မေ့ဘွယ် ဝတ်ပြုခြင်းပြုလုပ်နေစဉ် လူသတ်သမားများ၏ ရက်စက်စွာ သတ်ဖြတ်မှုကြောင့်လူပေါင်း ၃၀၀၀၀ တို့သည် အသက်ဆုံးရှုံးကြ၏။ ၁၅၇၉ ခုနှစ်သို့ ရောက်သောအခါ ဟတ်ရိုနောဒ်များသည် သူတို့၏ ဗင်ဒီစီယာကွန်ထရာတိုင်ရင်း နှိုစ်ခေါ် မတရားအုပ်ချုပ်သူများ ထံမှ မိမိတို့လွတ်လပ်ရေးကို ကာကွယ်ရန်နှင့် ကျမ်းစာနှင့်ပတ်သတ်သော အကျိုးအကြောင်းများကို ရှင်းလင်းပီပြင်စွာ ပြောဆိုတတ်သူများနှင့် သူတို့ကိုယ်တိုင် ကာကွယ်နိုင်ရန် စစ်တပ်ကိုဖွဲ့စည်းရန်လိုအပ်ကြောင်း သဘောပေါက်လာကြ၏။

ဤမှတ်တမ်းကို ဖလစ်ပီဒူပလေစစ်မော်နီးကဠန်ကာလ်ဗင် ရေးသားထားသော စာအုပ်မှ ကောက်ယူ၍ မူကြီးရေးဆွဲကာ ၄င်းကို ဖတ်ရှုခြင်းအားဖြင့် ရှေးဦးစွာ အမေရိကန်ကိုလိုနီနယ်ပယ်များက သူတို့၏ တော်လှန်ရေးကို ၁၇၇၆ ခုနှစ်တွင် ဆင်နွှဲခဲ့ကြ၏။ ရှေးဟောင်း ဟတ်ရီနောဒ်များ၏ သီချင်းတွင်သူတို့ကို အသက်ရှင်စေသော ဝိညာဉ်သည် သူတို့၏ ကလေးများကို နှိုး၍ သူတို့၏ နောက်သို့လိုက်ရန် သူတို့၏ ကလေးများကို ကုသစေပါလိမ့်မည်ဟု ရေးသားထား၏။

## အင်္ဂလန်နိုင်ငံရှိ ဘာသာရေးစည်းကမ်းကြီးသူများနှင့် ဂုဏ်းခွဲဝါဒီများ (၁၆၂၃–၁၆၈၈)

ဘုရားသခင်သည် လူများကို သမိုင်းကို ပုံဖော်ရန်သာ ပြင်ဆင်ထားသည်မဟုတ်ဘဲ သူကလည်းဘဲ လူများကို ပြင်ဆင်ပို့ရန် သမိုင်းကို ပုံဖော်တော်မူ၏။ ထို့ကြောင့် လူတို့သည် သူတို့၏ ရည်မှန်းချက်နှင့် ဘုရားသခင်၏ ရည်ရွယ်ချက်များကို ဤလောကတွင် ပြည့်စုံစေရန် ဖြစ်ပါသည်။ နောက်ပိုင်း ပြင်ဆင်မှု၏ ဘုရားသခင်အခြေခံမှု၏ ရုပ်သွင်သည် ၁၆ ရာစုနှစ်၏ အင်္ဂလိပ်သမိုင်းတွင် သက်သေခံအဖြစ်တွေ့မြင်နိုင်ပါသည်။

## အဋ္ဌမမြောက် ဟင်နရီဘုရင်

လူများသည် အဋ္ဌမမြောက်ဟင်နရီ ဘုရင်၏ မိဖုရားမြောက်များစွာ ယူသည်ကို ကြားရသောအခါ စဉ်းစားလာကြ၏။ သူ၏ ပထမဆုံးသော မိဖုရားသည် အာရာဂွန်မြို့သူ ကယ်သရင်းဖြစ်၍ သားသမီးထွန်းကားခြင်းမရှိခဲ့ပါ။ ထို့ကြောင့် သူသည် အခြားသူတစ်ဦး ဖြစ်သော အန်ဘိုလင်ကို ချစ်ကြိုက်၍ ကက်သရင်းကိုပြတ်စဲရန်စဉ်းစားလာခဲ့၏။ ဤလုပ်ရပ်များ အတွက် ပုပ်ရဟန်းမင်းကြီးထံမှ ခွင့်ပြုချက်ရယူရန်လိုလာ၏။ ထိုကြောင့် ဟင်နရီသည် ကွာရှင်းခွင့်ရရန်နှင့် ထောက်ခံမှုပေးရန် အသနားခံစာကို ရေး၍ပုပ်ရဟန်းမင်းကြီးထံ စာရေးခဲ့၏။ ပုပ်ရဟန်းမင်းကြီးထံမှ ငြင်းပယ်ခြင်းခံရသောအခါ ဟင်နရီဘုရင်သည် ဒေါသထွက်လာကာ အရှုံးပေးခြင်းမရှိဘဲ ကက်သရင်းကို ကွာရှင်းရုံသာမကဘဲ

ပုပ်ရဟန်းမင်းကြီးကိုပါ ဖြုတ်ချရန် ဆုံးဖြတ်ခဲ့၏။ ဤသို့ဟင်နရီနှင့် အင်္ဂလန်သည် အေဒီ ၁၅၃၄ ခုနှစ်တွင် ရိုမန်ကက်သလစ် ဂိုဏ်းကို ဖျက်စီး၍ ၎င်းနေရာတွင် (Church of England) ချာစ်အောဖ် အင်္ဂလန် အသင်းတော်ကို ထူထောင်ခဲ့သည်။ ၎င်းအချိန်တွင် နှစ်မျိုးထဲတွင် ကွဲပြားခြားနားမှု တစ်ခုကတော့ ရောမနိုင်ငံတစ်ခုလုံးတွင် ပုပ်ရဟန်းမင်းကြီးသည် အထွက်အထိပ်ဖြစ်သကဲ့သို့ ဟင်နရီသည်လည်း ချားစ်အောဖ် အင်္ဂလန် (Church of England) အပေါ်တွင် အထွက်အထိပ်ဖြစ်လာ၏။ မည်သို့ပင်ဖြစ်စေ ဤအဖြစ်အပျက်များကြောင့် အင်္ဂလန်နိုင်ငံနှင့် ကမ္ဘာတစ္စမ်းလုံးသို့ ဘာသာရေးနှင့် လူထုလွတ်လပ်ရေး ရရှိရေးအတွက် အကျိုးသက်ရောက်မှု ဖြစ်စေခဲ့ပါသည်။ ဘုရားသခင်သည် သူ့ရည်ရွယ်ချက်ပြည့်စုံစေခြင်းငှာ ဘာသာတရားကိုင်းရှိုင်းမှုမရှိသော ဟင်နရီဘုရင်ကို အသုံးပြုတော်မူခဲ့သည်။ ဟင်းနရီ၏ အသင်းတော်ပြုပြင်ပြောင်းလဲသူများ အပေါ် ဖိနှိပ်ချုပ်ချယ်မှုများပြုလုပ်ခဲ့ခြင်းက ဖေါ်ပြသည်မှာ ရိုမန်ကက်သလစ်ဘာသာဝင်များကို ဖျက်သိမ်းခြင်းသည် သူ့အလိုဆန္ဒဖြစ်မြောက်ရေး အတွက်သာဖြစ်၍ ဘုရားသခင်၏ အလိုတော်အရ ပြုပြင်ပြောင်းလဲခြင်းမဟုတ်သော်လည်း လူများ၏ အမှုကိစ္စအားလုံးကို သိတော်မူ၍ အုပ်ချုပ်တော်မူသော ဘုရားသခင်သည် သူ့အလိုဆန္ဒပြည့်စေခြင်းငှာ ဤသမိုင်းအဖြစ်အပျက်များကို အသုံးပြုတော်မူခြင်းဖြစ်၏။ ဟင်နရီသည် ရိုမန်ကက်သလစ် ဘာသာရေးကို ဖျက်သိမ်းခဲ့သော်လည်း တစ်ဦးချင်းစီ၏ လွတ်လပ်စွာ ကိုးကွယ်ခွင့်မရှိသေးချေ။

## ဝီလျံတင်ဒဲလ် (၁၄၉၄–၁၅၃၆

အင်္ဂလန်နိုင်ငံ၏ ဘာသာရေးပြုပြင်ပြောင်းလဲရေးအတွက် ဘုရား၏ အကြီးဆုံး ယူဆောင်လာခဲ့သော ကရိယာတန်ဆာပလာသည် ဝီလျံတင်ဒဲလ်ပင်ဖြစ်၏။ တင်ဒဲလ်သူ မြင်ခဲ့သော ရူပါရုံကို ပြည့်စုံစေဖို့ရန် သူ့ဘဝတစ်ခုလုံးကို အသုံးပြုခဲ့၏။ ဘုရားသခင်သည် ငါ့ဘဝအသက်တာကို ကာကွယ်စောင့်ရှောက်တော်မူခဲ့လျှင် လူငယ်တစ်ယောက်ကို ပုပ်ရဟန်းမင်းကြီးထက် ကျမ်းစာကို ပိုမိုသိရှိနားလည်နိုင်အောင် မောင်းအားပေး၍ တင်မြောက်စေရမည်ဟု ပြောခဲ့ဖူး၏။ ဝီလျံတင်ဒဲလ်၏ အိပ်မက်သည်

ပြည့်စုံခဲ့သော်လည်း ကြီးမားသော အကုန်အကျများသာ အဖတ်တင်၏။ သူသည် သူ့ဇာတိမြေဖြစ်သော သူ့နိုင်ငံမှ ပြည်နှင်ဒဏ်ပေးခြင်းခံရသဖြင့် နိုင်ငံခြားသို့ ထွက်ပြေးကာ ၁၂ နှစ်ကျော်သွားရောက် နေထိုင်ခဲ့၏။ သူ့ကို ဖမ်းဆီးသတ်ဖြတ်ရန် တချိန်လုံးရင်ဆိုင်နေရ၏။ ဤအချိန် အတောအတွင်းကျမ်းစာအုပ်ကို မူရင်းဘာသာမှ လူများဖတ်ရှု၍ အသုံးပြုနိုင်ရန် ဘာသာပြန်ခဲ့၏။

သူဘာသာပြန်ရေးသားထားသော ဓမ္မသစ်ကျမ်းကို ၁၅၂၅ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေခဲ့၏။ ထိုကြောင့်ပညာရှိပီသသော တင်ဒဲလ်၏ လုပ်ငန်းများကြောင့် ယနေ့ကျွန်ုပ်တို့အသုံးပြု နေကြသော အင်္ဂလိပ်ကျမ်းစာသည် ခန့်မှန်းခြေအားဖြင့် ဓမ္မဟောင်းထဲရှိသောသူ၏ မူရင်းလုပ်ငန်း၏ ၈၀ ရာခိုင်နှုန်းနှင့် ဓမ္မသစ်ထဲတွင်ရှိသော ၉၀ ရာခိုင်နှုန်းကို ကာကွယ်ထိန်းသိမ်း သိုမှီးခဲ့၏။ ၁၅၃၆ ခုနှစ် ဝီလျံတင်ဒဲလ်ကို အများလက်ခံထားသည်နှင့် မတူကွဲပြားသော အယူအဆရှိသူဟု စွပ်စွဲ၍ ဖမ်းဆီးပြီး သတ်ဖြတ်ခဲ့ကြ၏။ သူအသတ်ခံရသော နေ့တွင် တင်ဒဲလ်သည် အေးဆေးစွာ စကားပြောခဲ့သည်ကား ''ငါသည် ဘယ်တော့မှ နှုတ်ကပတ်တော် အကြောင်းပြောခဲ့သမျှစကားလုံးတစ်လုံးတလေကိုမျှ ပြောင်းလဲ၍ ဆန့်ကျင်သွားမည်မဟုတ်ကြောင်းကို မှတ်တော်မူပေးပါရန် ဘုရားသခင်ကို ခေါ်ပါ၏ဟူ၍ ပြောခဲ့ဘူး၏။'' ဒီနေ့ငါ၏ ယုံကြည်ခြင်းကို ဝမ်းမြောက်စရာအရာ အားလုံးက သော်လည်းကောင်း၊ ဂုဏ်ပြုခြင်းများနှင့် ဤလောက၏ ချမ်းသာခြင်းများကသော်၎င်း၊ ပြောင်းလဲစေနိုင်မည်မဟုတ်ပါဟု ထွက်ဆိုသွား၏။ ဝီလျံတစ်ဒဲလ်ကိုလည်း မျိုညစ်၍ မသတ်ခင်နှင့် မီးမရှို့ခင်တွင် တင်ဒဲလ်သည် ပြုပြင်ရေးသမားများကို ညှင်းဆဲ၍ သတ်ဖြတ်ခဲ့ပြီး သူ့ (တင်ဒဲလ်) ကိုလည်း ပြည်နှင်ဒဏ်ပေးခဲ့သော ဟင်နရီဘုရင်အတွက် ဆုတောင်းပေးခဲ့၏။ သူကိုတိုင်တွယ်ချည်နှောင် နေစဉ်တွင် နောက်ဆုံးဤစကားလုံးများကို ဆိုခဲ့၏။ ဘုရားသခင် အင်္ဂလန်ရှင်ဘုရင်၏ မျက်စိကို ပွင့်လင်းစေတော်မူပါ။ တင်ဒဲလ်သည် အသက်ဆုံးရှုံး ခဲ့သော်လည်း ဘာသာရေးလွတ်လပ်ရေး၏ မီးတောက်မီးလျှံသည် ယခင်ကထက်ပိုမို၍ တောက်မလာပြီး ဘုရားသခင်၏ နှုတ်ကပတ်တော်သည် အင်္ဂလန်နိုင်ငံတစ်ခုလုံးသို့ ပျံ့နှံ့သွားခဲ့၏။ ဝီလျံတင်ဒဲလ်အသက်ရှင်စဉ် တွင် ဓမ္မသစ်ကျမ်းစာအုပ်ရေပေါင်းများစွာကို အင်္ဂလန်နိုင်ငံတလျှောက်လုံးသို့ လက်ဆင့်ကမ်း

ပို့ပေးခဲ့သည်။ သို့သော် အချို့သော အုပ်ရေများကို ဘုရင်၏ ဖုံးကွယ်မှုအောက်တွင် ထား၍ ပိတ်ပင်ခဲ့၏။ တင်ဒဲလ်ကွယ်လွန် သွားသော မကြာမီအချိန်တွင် ဟင်နရီဘုရင်သည် တင်ဒဲလ်ကျမ်းစာအုပ်များကို အင်္ဂလန်နိုင်ငံတဝှမ်းတွင် ရောင်းချခြင်းနှင့် ဖတ်ခွင့်ရသည့်အကြောင်း အမိန့်ထုတ်ပြန်ခဲ့၏။ အဘယ့်ကြောင့်ဆိုသော် အင်္ဂလန်နိုင်ငံကို ရိုမန်ကက်သလစ် ဘာသာဝင်များ၏ အုပ်ချုပ်မှုမှ လွတ်မြောက်စေလို၍ သန့်ရှင်းသောကျမ်းစာသည် ပုပ်ရဟန်းမင်းကြီး၏ အုပ်ချုပ်ရေးကို ဖျက်ဆီးပစ်ရန် အရေးကြီးဆုံးသော တန်ခိုးပါဝါရှိသည်ကို သဘောပေါက်သိမြင်လာ စေရန်ဖြစ်သည်သကဲ့သို့ မာကြောသော စိတ်ဓါတ်ရှိသူရှင်ဘုရင်သည် စစ်မှန်သော တင်ဒဲလ်၏ လုပ်ငန်းအောက်တွင် နာမည်ရလာသော ရှင်မဿဲကျမ်းစာကို နှစ်သက်၏။ ၁၅၃၉ ခုနှစ်တွင် ဤမဿဲကျမ်းစာအုပ်ကို ပြန်လည်စစ်ဆေးကာ ကြီးမြတ်သော ကျမ်းစာဟုခေါ်၍ တနိုင်ငံလုံးသို့ ပျံ့နှံ့သွားသည်နှင့်အမျှ လူပေါင်းများစွာသည် တင်ဒဲလ်နာမည်ဖြင့် ကြွေးကြော်၍ ဤနှုတ်ကပတ်တော်သည် ဘုရားသခင်ထံတော်မှ လာသည်ကို ကျွန်ုပ်တို့သိနားလည်ကြပါ၏။ နှုတ်ကပတ်တော်က ကျွန်ုပ်တို့ကို လောင်ကျွမ်းသည်ကို မည်သူတစ်စုံတစ်ယောက်ကမျှ လာပြော၍မဟုတ်ပါ။ သို့သော် ဘုရားသခင်၏ မီးက ကျွန်ုပ်တို့၏ စိတ်နှလုံးကို လောင်းကျွမ်းခဲ့၏။ သမိုင်းတွင် ဘုရားသခင်၏ လက်တော်ကို ခြေရာခံ၍ လိုက်မည်ဆိုလျှင် ခရစ်ယန်ဘာသာရေး၏ သံကြိုးကွင်းဆက်တွင် ဘုရားသခင်၏ လက်တော်သည် အမျိုးမျိုးဖြင့် ချိပ်ဆက်နေသည်ကို တွေ့မြင်ရပါလိမ့်မည်။ ကျွန်ုပ်တို့သည် အကျဉ်းထောင်ကြိုးစင်နှင့် တိုင်များကို ဘယ်တော့မှ မေ့ပျောက်၍မရပါ။ အဘယ့်ကြောင့်ဆိုသော် ဤအဆင့် ဤလမ်းသည် လူထုနှင့် ဘာသာရေး လွတ်လပ်ရေးရရှိရန် ဖြတ်သန်းရမည့်ခရီးလမ်းကြမ်း ဖြစ်ရာ ယနေ့ရရှိတော့မည့် လွတ်လပ်ရေး အတွက် ကျွန်ုပ်တို့ဘိုးဘွားများဖြတ်သန်းခဲ့ကြသောလမ်းကြမ်းဖြစ်သောကြောင့်ဖြစ်၏။

## ဘာသာရေးတွင်စည်းကမ်းကြီးသူများ၏ လှုပ်ရှားမှုစတင်ခြင်း

အဌမမြောက်ဟင်နရီကွယ်လွန်သွားပြီးသည့်နောက် သူသားတော်ဆဌမမြောက် အက်ဒွတ်သည် အင်္ဂလန်နိုင်ငံ၏ ထီးနန်းကို စိုးစံ၍ အုပ်ချုပ်ခဲ့၏။ သူတို့သည်

အင်္ဂလန်အသင်းတော် (Church of England) ပြုပြင်ပြောင်းလဲရေးလိုချင်သောသူများကို ပို၍ မျက်နှာသာပေးခဲ့ကြ၏။ အက်ဒွတ်ဘုရင်လက်ထက်တွင် ပြူရီတန် (Puritan) လှုပ်ရှားမှုစတင်ခဲ့၏။ ဤလူများသည် အသင်းတော်၏ အမှားများနှင့် ဘာသာတရားကိုင်းရှိုင်းမှု မရှိသူများကို သန့်ရှင်းစေရန် လိုချင်သော သူများဖြစ်ကြ၏။ ၎င်းတို့ကို သန့်စင်စေသူများ 'ဝါ' ဘာသာရေးစည်းကမ်းထိန်းသိမ်းသူများဟုခေါ်ကြ၏။ ဤပြုပြင်ပြောင်းလဲရေးသမားများသည် အက်ဒွတ်ဘုရင်လက်အောက်တွင် အလွန်ဝမ်းမြောက်ဝမ်းသာဖြစ်ကြ၏ သူတို့သည် သူတို့လိုချင်သောပြုပြင်ပြောင်းလဲရေး လုပ်ငန်းများကို လွတ်လပ်စွာဆောင်ရွက်နိုင်သောကြောင့် ဝမ်းမြောက်ခြင်းဖြစ်၏။ သူတို့ အယူအဆတွင် ဖြောင့်မတ်သော အုပ်ချုပ်သူလူတစ်ဦးတည်းဖြင့် နိုင်ငံတစ်နိုင်ငံအတွင်း ပြုပြင်ပြောင်းလဲရေးလုပ်ငန်းအတွက် အာမခံရန် မလုံလောက်နိုင်ပါ။ အက်ဒွတ်ဘုရင်သည် ၁၅၅၃ ခုနှစ်တွင် ကွယ်လွန်သွားခဲ့သည်။ သူသည် အင်္ဂလန်နိုင်ငံကို ၆ နှစ်မျှသာ အုပ်ချုပ်ခဲ့၏။ သူ၏ တဝမ်းကွဲညီမနှင့် ဟင်နရီ၏ သမီးတော် မေရီသည် ထီးနန်းကို ဆက်ခံ၏။ သူမသည် သွေးစွန်းသော မေရီဟူသော ဘွဲ့ကိုရရှိခဲ့၏။ အဘယ့်ကြောင့်ဆိုသော် ပူရီတန်ခေါင်းဆောင် ဂျွန်ဟူးပါး အပါအဝင်ပြုပြင်ရေးသမား တစ်ရာကျော်ကို သုတ်သင်သတ်ဖြတ်ခဲ့သောကြောင့်ဖြစ်၏။ ဟူးပါးသည် ၁၅၅၃ ခုနှစ်တွင် နိုင်ငံ၏ အခွင့်အရေးကို ဘာသာရေးအားဖြင့် ဝင်ရောက်နှောက်ယှက်ရန် ပထမဆုံးငြင်းပယ်ခဲ့သောကြောင့် အသတ်ခံရခြင်းဖြစ်၏။ မေရီဘုရင်ကြီးသည် အက်ဒွတ်ဘုရင် လက်ထက်က ဖြစ်ပျက်ခဲ့သော အသင်းတော်ပြုပြင်ပြောင်းလဲရေးများကို လွန်စွာ မုန်းတီးခဲ့သည်သာမက သူမ၏ ခမည်းတော်အက်ဒွတ်ဘုရင်က ကက်သလစ်ဘာသာဝင်များ ဖြုတ်ချခဲ့သည်ကို အလွန်မုန်းတီးခဲ့သည်။ သူမသည် ပုပ်ရဟန်းမင်းကြီးနှင့် အုပ်ချုပ်ရေးပိုကောင်းအောင်ပြုလုပ်ရန် အစပျိုးကာ အင်္ဂလန်နိုင်ငံ၏ ပြူရီတန်လှုပ်ရှားမှုများကို သုတ်သင်၍ သန့်စင်စေခဲ့သည်။ သူမသည် အင်္ဂလီကန် ခေါင်းဆောင်များနှင့် သောမတစ် ခရမ်မာ၊ နီကိုလတ်စ်ရိဒ်လီနှင့် ဟတ်စ်လာတီမာ အပါအဝင် ၁၈၆ ဦးကို သတ်ဖြတ်ကာ တိုင်ပေါ်တင်၍ မီးရှို့ခဲ့၏။ ဤသို့အားဖြင့် နောက်ဆက်တွဲ အနေဖြင့် ထောင်ပေါင်းများစွာသော ပြူရီတန်ခေါင်းဆောင်များသည်

အင်္ဂလန်ကို စွန့်ခွာ၍ ဥရောပတိုက်ရှိဒေသအသီးသီးသို့ ထွက်ပြေးကြကာ ပြင်သစ်နိုင်ငံ ဂျီနီဗာမြို့စသည်တို့တွင် ခိုလှုံခဲ့ကြ၏။ အင်္ဂလိပ်ပြူရီတန်များ သည် ဂျီနီဗာမြို့တွင် သမ္မာကျမ်းစာကို ပိုမိုလေ့လာသင်ကြားခွင့်ရရှိကြကာ လူထုလွတ်လပ်ရေး အပေါ်ထားရှိသော အယူအဆအသီးသီးနှင့် သူတို့၏ လိုအပ်သော အရာများကို လေ့လာနိုင်သော အခွင့်အရေးများရရှိကြ၏။ ဘုရားသခင်သည် သေချာစွာ အလုပ်လုပ်တော်မူ ခဲ့၏။ သူ၏ ပြင်ဆင်မှုများကို နည်းလမ်းမျိုးစုံဖြင့် တပ်ဆင်တော်မူခဲ့သည်။ ဘုရားသခင်သည် သူ၏ ရည်ရွယ်ချက်ပြည့်စုံစေရန် သွေးစွန်းသော မေရီကိုတောင်အသုံး ပြုတော်မူ၏။

## ပထမအယ်လီဇဗက်နှင့် ဂိုဏ်းခွဲဝါဒီများစတင်ခြင်း

မေရီဘုရင်မကြီးသည် အင်္ဂလန်နိုင်ငံကို ငါးနှစ်အုပ်ချုပ်ခဲ့ပြီးနောက် ၁၅၅၈ ခုနှစ်တွင် ကွယ်လွန်ခဲ့သည်။ သူမနေရာကို သူ့တဝမ်းကွဲညီမ အယ်လီဇဗက်က ဆက်လက်၍ ဆက်ခံခဲ့သည်။ ဤအချိန်မှစ၍ အယ်လီဇဗက်များခေတ်ကာလ စတင်ခဲ့သည်။ အယ်လီဇဗက်သည် အင်္ဂလန်နိုင်ငံကို ရိုမန်ကက်သလစ်ဘာသာဝင်မဖြစ်စေချင်ပါ။ သို့သော် (Church of England) အင်္ဂလန်အသင်းတော်အတွင်းလိုအပ်သော ပြုပြင်ပြောင်းလဲမှု များကို တိုးမြှင့်လိုသောဆန္ဒမရှိပါ။ သူမသည် မေရီခေတ်တွင် အင်္ဂလန်နိုင်ငံမှ ထွက်ပြေးကြသော ပြူရီတန်များပြန်လာခြင်းကို ခွင့်ပြုခဲ့သည်။ ပြူရီတန်များ ပြန်လာကြသည်နှင့်အညီ လူထုဘာသာရေးလွတ်လပ်ရေးအတွက် ပိုမိုပြည့်စုံသော အယူအဆများကို ယူဆောင်လာခဲ့ကြ၏။ အပေါင်းဂျီနီဗာသမ္မာကျမ်းစာအုပ်များပါ ယူဆောင်လာကြ၏။ ဂျီနီဗာမြို့တွင် ထွက်ပြေးခိုလှုံနေစဉ်ပြုပြင်ပြောင်းလဲရေးသမားများသည် ကျမ်းစာအုပ်များကို ဘာသာပြန်၍ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဂျီနီဗာကျမ်းစာသည် လူထု၏ ကျမ်းစာဖြစ်လာခဲ့သည်။ ၄င်းစာအုပ်သည် ပထမဆုံးသော အင်္ဂလိပ်ကျမ်းစာဖြစ်ပြီး အခန်းများနှင့်စာပိုဒ်များပါရှိပြီး ဘေးဘက်တွင်ရေးထားသော မှတ်စုများပါဝင်သည်။ ၄င်းမှတ်စုများသည် လူများကို ဘုရားသခင်အကြောင်းလေ့လာသောပညာရပ်နှင့် အသင်းတော်၏ သင့်လျော်သော ထင်မြင်ယူဆချက်များပေးနိုင်ရန် လမ်းပြခဲ့သည်။

နှစ်အနည်းငယ်ကြာလာသောအခါ အယ်လီဇဗက် ဘုရင်မကြီးသည် ပြုပြင်ပြောင်းလဲရေး သမားများကို ခွင့်ပြုခဲ့သဖြင့် မိမိလိုချင်သည် ထက်ပိုမိုများပြားသောပြုပြင်ပြောင်းလဲရေးများ ပြုလုပ်လာကြသည်ကို မြင်လာခဲ့၏။ ထိုကြောင့် ၁၅၆၂ ခုနှစ်တွင် သူမ၏ ဘာသာရေးဆောင်းပါးများကို ထုတ်ပြန်၍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများသည်ထက်ပို၍ မပြုလုပ်ကြရန် တားမြစ်ခဲ့၏။ ဤသို့ဖြစ်သောကြောင့် အချို့သော ပြူရီတန်များသည် မျှော်လင့်ချက်များကို လက်လျှော့ကာ အင်္ဂလီကန် အသင်းတော်မှ ခွဲထွက်သွားကြ၏။ ဤသို့အားဖြင့် ဂိုဏ်းခွဲဝါဒီလှုပ်ရှားမှုများသည် ၁၅၈၀ ခုနှစ်ပတ်ဝန်းကျင်တွင် စတင်လာခဲ့၏။ ထိုကြောင့် ၁၆၂၀ ခုနှစ်တွင် အမေရိကတိုက်သို့ ရွက်လွှင့်၍ ဘုရားဖူးသွားကြသူများသည် အင်္ဂလိပ်ဂိုဏ်းခွဲဝါဒီများဖြစ်ကြ၏။ ဂိုဏ်းခွဲဝါဒီလှုပ်ရှားမှုသည် အယ်လီဇဗက် ဘုရင်မကြီးစိုးစံနေသော ကာလတလျှောက်လုံးတွင် ဆက်လက်တိုးတက်လာသော်လည်း အင်္ဂလန်နိုင်ငံနှင့် အခြားနိုင်ငံများတွင် တိုးတက်မှုရပ်ဆိုင်းရန် ကြိုးစားလာသဖြင့် ဆက်လက် မတိုးတက်တော့ဘဲရပ်ဆိုင်းသွားခဲ့၏။

## စပိန်အာမာဒါ ရေတပ်၏အံ့ဘွယ်စစ်ရှုံးနိမ့်ခြင်း

သက္ကရာဇ် ၁၅၈၈ ခုနှစ်တွင် စပိန်ဘုရင် ဒုတိယ ဖီးလစ်သည် အင်္ဂလန်နိုင်ငံကို ရောမ အုပ်ချုပ်ရေးအောက်တွင် ပြန်လည်ရောက်ရှိစေခြင်းငှာ စပိန်အာမာဒါရေတပ်ကို ဦးဆောင်၍ ချီတက်လာကြ၏။ ဤအကြောင်းကို သမိုင်းဆရာကြီး ရီချာဒ် ဟက်လွိုတ်က ဤသို့ရေးသားခဲ့၏။ ''ဒါဟာ အထင်ရှားဆုံးဖြစ်ပါတယ်'' ဘုရားသခင်သည် အင်္ဂလန်နိုင်ငံသား များကို အံ့ဘွယ်စောင့်ရှောက်ကာကွယ်တော်မူ၏။ အယ်လ်–အက်မိုင်ရယ်ရေးထားသော စာအုပ်တွင်း သူမ၏ကြီးကျယ်ခမ်းနားပုံနှင့် လူများအပေါ် သနားကြင်နာမှုရှိပုံ တရားစီရင်ရာ၌ အမှန်အတိုင်းတရားစီရင်ပုံများကို ရေးသားထားပြီး အင်္ဂလိပ်လူမျိုးများသည် ဤကဲ့သို့သော အင်အားမရှိပေမဲ့၊ တနည်းအားဖြင့် သူတို့သည် အံ့ဘွယ်ကောင်းသော ရဲရင့်ခြင်းမရှိဘဲ များပြားလှသော စပိန်ရေတပ်ကြီးကို ချဉ်းကပ်လာပြီး ရန်သူများကို ရှုပ်ထွေးစေသော ဘုရားသခင်ထံသို့

ကြောက်လန့်ခြင်းမရှိဘဲ အောင်မြင်ခြင်းအတွက် ဂုဏ်ပြုခြင်းကို ပြုလုပ်ခဲ့ကြ၏။ ဤအတောအတွင်း အင်းအားကြီးမားသော စပိန်ရေတပ်ကြီးသည် အင်္ဂလိပ်ကမ်းခြေတလျှောက်ချီတက်လာကြသောအချိန်တွင် အင်္ဂလန်ပြည်သူများသည် ဝပ်လျားတိုး၍ နှိမ့်ချသောဆုတောင်းခြင်းများကို ကိုယ်တော်ရှေ့မှောက်တွင် ပြုလုပ်ခဲ့ကြ၏။ ဤတွင် ဘာဖြစ်ပျက်ခဲ့သလဲဆိုတော့ စပိန်တပ်မတော်သည် အင်္ဂလန်ရေလက်ကြားအတိုင်း ချီတက်လာ ကြကာ သူတို့ထက်များစွာ စစ်သားအင်အားနည်းသော အင်္ဂလန်ရေတပ်မတော်နှင့် ရင်ဆိုင်တိုက်ခိုက်ကြရာ အင်္ဂလိပ်စစ်သားများမျှော်လင့်ချက်မရှိတော့သောအခါ အင်္ဂလန်နိုင်ငံတစ်ခုလုံးအစာရှောင်ဆုတောင်းခဲ့ကြ၏။ ချက်ချင်းလေမုန်တိုင်းတိုက်လာကာ စပိန်သင်္ဘောများသည် လေပြင်းမိကြသဖြင့် ဟော်လန်ကမ်းခြေနှင့် ထိခိုက်၍ ပင်လယ်ထဲသို့ နစ်မြုပ်သွားကြ၏။ သို့သော် သူတို့နှင့် ရင်ဆိုင်တိုက်ခိုက်နေသော အင်္ဂလိပ်စစ်သင်္ဘောမှုကား မုန်တိုင်းတိုက်ခိုက်မှုမခံရပါ။ အင်္ဂလိပ်သင်္ဘောများသည် ကျန်ရှိနေသေးသော စပိန်သင်္ဘောများကို နှိမ်နှင်း၍ မီးရှို့ဖျက်ဆီးခဲ့ကြ၏။ ခြေကုန်လက်ပန်းကျနေသော စပိန်သင်္ဘောအနည်းငယ်သာလျှင် အင်္ဂလန်မြေကို မထိဘဲ စပိန်နိုင်ငံသို့ပြန်လည် ထွက်ပြေးကြ၏။ ဘုရားသခင်သည် အင်္ဂလန်နိုင်ငံကို သူ့ရည်ရွယ်ချက်ပြည့်စုံစေမည့်နိုင်ငံ တနိုင်ငံအဖြစ် ရွေးချယ်ထားသော နိုင်ငံဖြစ်ရာသူ့လူများကိုကာကွယ်ရန်နှင့် အာမခံရန်အတွက် ရန်သူများကို ဝင်ရောက်အနှောင့်ယှက်ပေးတော်မူခဲ့၏။ ဟော်လန်နိုင်ငံတောင်မှ ဘုရင်းသခင်၏ တန်ခိုးကြီးသော လက်တော်ကို အသိမှတ်ပြုကြ၏။ ဤအဖြစ်အပျက်များကို အထမ်းအမှတ်ပြုသည့်အနေနှင့် ငွေဒင်္ဂါး သွင်းလုပ်ခဲ့သည်။ ငွေဒင်္ဂါး၏ တဖက်တွင် သင်္ဘောများနစ်မြုပ်နေပုံပါ၍ အခြားတဖက်တွင် ကမ္ဘည်းစာတမ်းနှင့်တကွ လူများဒူးထောက်၍ ဆုတောင်းနေသော ရုပ်ပုံပါ၏။ လူကရည်ရွယ်ချက်ရှိ၍ ဘုရားသခင်က ၁၅၈၈ ခုနှစ်တွင် ဖယ်ရှားပစ်တော်မူခဲ့သည်။

## ဟော်လန်နိုင်ငံတွင် ငြိမ်သက်စွာနေထိုင်သောဝီလျံဘုရင် (၁၅၇၉)

စပိန်နိုင်ငံကက်သလစ်ဘုရင်သည်လည်း ဟော်လန်နိုင်ငံရှိ ပရိုတက်စတင့်ပြုပြင်

ပြောင်းလဲရေးကို ဖျက်စီးရန်ကြိုးစားခဲ့သည်။ သို့သော်လည်း ဒါချ်လူမျိုးများနှင့် မင်းသားဝီလျံ၏ သူရဲကောင်းပီသသောခေါင်းဆောင်မှုကြောင့် မတွန်းလှန်နိုင်ခဲ့ချေ။ ၁၅၇၄ ခုနှစ်တွင် စပိန်လူမျိုးတို့သည် လေဒင်မြို့ကို ဝိုင်းရံပိတ်ဆို့ထားရာ ဒါချ်လူမျိုးများသည် သူတို့၏ ရေကာတာများကို ဖွင့်ကာလယ်မြေများနှင့် အိမ်များသည် ရေလွှမ်းမိုးမှုဖြစ်ကာ ရန်သူများကို မောင်းထုတ်ခဲ့ကြ၏။ လယ်မြေကို ရေလွှမ်းမိုခြင်းသည် နိုင်ငံကို ဆုံးရှုံးခြင်းထက်သာ၍ ကောင်း၏ ဟုသူတို့ဆိုကြ၏။ ရေလွှမ်းမိုခြင်းကို ပြန်၍နှုတ်ယူနိုင်ပါသည်ဟု ပြောကြ၏။ ဤကဲ့သို့ရေလွှမ်းမိုးခြင်းမခံရလျှင် ကျွန်ုပ်တို့သည် စပိန် လူမျိုးများကို အရှုံးပေးရမည်ဖြစ်ပြီး ကျွန်ုပ်တို့လွတ်လပ်ရေးသည် ထာဝစဉ်ဆုံးရှုံးရတော့မည်ဖြစ်၏ဟု ဒါချ်လူမျိုးက ပြောကြ၏။ စပိန်ဘုရင်ဖိလစ်သည် အများလက်ခံထားသည်နှင့်မတူ ကွဲပြားသောအယူအဆရှိသူ လူတစ်သိန်းကို သတ်ဖြတ်ခဲ့ပြီးနောက်ပြည်သူလူထုက တော်လှန်ခဲ့ရာ ဝီလျံကို သူတို့၏ ခေါင်းဆောင်အဖြစ် တင်မြှောက်ကြ၏။ ဖိလစ်သည် ဝိုင်းရံထားခြင်းခံရသော လေဒင်မြို့ကို လက်နက်ချအရှုံးခံရန် ကမ်းလှမ်းကာ လေဒင်မြို့သူမြို့သားများက လက်မခံဘဲ ပယ်ချခဲ့သည်။ လေဒင်မြို့သားများက အဖြေပေးခဲ့ကြသည်ကား လူတစ်ယောက်သာကျန်ခဲ့သည်အထိ ကျွန်ုပ်တို့၏ လွတ်လပ်ရေးနှင့် ဘာသာရေးအတွက် တိုက်ပွဲဝင်မည်ဟု ပြနလည်ဖြေကြား ခဲ့ကြ၏။ လေဒင်မြို့တွင်းရှိ လူထောင်ပေါင်းများစွာတို့သည် အစာရေစာငတ်ပြတ်မှုကြောင့် သေရတော့မည့်အခြေနေတွင်ရှိနေကြကာ ခွေးများ၊ ကြောင်းများ၊ ကြွက်များကို ဆက်လက်၍ အသက်ရှင်နိုင်ရန်သတ်စားကြတော့၏။ ထိုအခါ ဆာလောင်နေသောလူတစ်ယောက်သည် လေဒင်မြို့တော်ဝန်ကို အရှုံးပေးအညံ့ခံရန် တောင်းပန်လေ၏။ သို့သော် မြို့တော်ဝန်ပိုင်တာ ဗန်ဒဲရ်ဝဲဖ်သည် ဤသို့ဖြေကြားခဲ့၏။ ‘‘ငါသည်မြို့တော်ကို ထိန်းချုပ်ရန်ကတိပေးခဲ့ပြီးသားဖြစ်၍ ဘုရားသခင်သည် ထိုသို့လေဒင်မြို့တော်ကို ထိန်းချုပ်နိုင်ရန် ကျွန်ုပ်ကို အင်အားပေးပါစေ။ ဒီမှာ ကျွန်ုပ်၏ ဓါးကိုဆွဲထုတ်၍ကျွန်ုပ်ကိုခုတ်သတ်ပါ။ မင်းရဲ့ဆာလောင်မွတ်သိပ်ခြင်းကို ပြေစေမည်ဆိုရင် ငါ့အသားကို ပိုင်း၍ စားပါ။ မင်းလုပ်စမ်းပါ။ သို့သော် ဘုရားသခင်သည် ငါ့ကို ကူညီတော်မူလိမ့်မယ်။ ဒါကြောင့် ငါဘယ်တော့မှ အညံ့မခံနိုင်ဘူးဟု မြို့တော်ဝန်က လူကြီးတစ်ယောက်ကိုပြောခဲ့၏။ ထိုအခါ

မြို့ပြင်ဘက်မှာရှိသော စပိန်စစ်သားများက မချိမခံသာအောင် လှောင်ပြောင်၍ ''ကြွက်သားစား'' ဟုပြောင်ကြ၏။ သို့သော် လေဒင်မြို့သားများကပြန်အော်ကြ၏။ မင်းတို့သည် ငါတို့ကို ကြွက်သားစားစုခေါ်ကြ၏။ သို့သော် မင်းတို့သိထားဖို့ကနံရံ၏။ အတွင်းဘက်တွင် ခွေးဟောင်သံကြားနေသမျှ ကာလပတ်လုံးမြို့ကို ကြံ့ကြံ့ခံသွားမည်ကို သိထားကြပါ။ တခြားဘာမျှ စားစရာမရှိလျှင်လည်း ငါတို့ဘယ်ဆက်လက်ကိုစားပြီး ညာဘက်လက်နှင့် တိုက်မည်။ ငါတို့သည် ကြံ့ကြံ့မခံနိုင်၍ အရှုံးပေးရင်တောင်မှမြို့ကို မီးရှို့ပြီး ဖျက်စီးပစ်လိုက်မည်ဟု ပြောကြ၏။ ၄င်းနောက် အောက်တိုဘာလ (၁) ရပ်နေ့ညတွင် မြို့၏ နံရံသည် ကျယ်လောင်စွာ ပြိုလဲသွား၍ စပိန်စစ်သားများဝင်ရောက်သိမ်းပိုက်နိုင်ရန် ပွင့်သွား၏။ မည်သို့ပင်ဖြစ်စေ ကျယ်လောင်သော အသံကို ကြားကြရသဖြင့် စပိန်စစ်သားများသည် ကြောက်လန့်၍ ညမှောင်တွင် ဆုတ်ခွာသွားကြရာ လေဒင်မြို့သည် လွတ်လေ၏။ ဝီလျံနှင့်သူ့လူများသည် ဘုရားသခင်ကို ထောမနာပြု၍ ချီးမွမ်းကြ၏။ ဟော်လန်နိုင်ငံသည် သူတို့၏ လွတ်လပ်ရေးကို အောင်မြင်ကြပြီး အညှင်းဆဲခံခဲ့ကြသော ပရိုတက်စတင့်ဘာသာဝင်များခိုလှုံရန် သမ္မတနိုင်ငံကို ထူထောင်ခဲ့ကြ၏။ လေဒင်မြို့သည် အင်္ဂလိပ်လူမျိုးများ အမေရိကတိုက်သို့ မပြောင်းရွှေ့မီ ၁၂ နှစ်ကြာ ၁၆၂၀ ခုနှစ်တွင် အင်္ဂလန်နိုင်ငံမှ ဘုရားဖူးခရီးသွားသူများရပ်နားရာနေအိမ် ဖြစ်လာ၏။

## ဂျွန်နောစ်နှင့် ဆင်မြူရယ်ရုသာဖိုဒ် (၁၅၅၉–၁၆၄၄)

သက္ကရာဇ် ၁၄၃၃ ခုနှစ်တွင် ဘုန်းတော်ကြီး ဝိုင်ခလစ်ချ်၏ နောက်လိုက်တစ်ယောက်ဖြစ် သူပေါလ်ခရော်သည် စကော့တလန်နိုင်ငံတွင် အာဇာနည်အဖြစ် အသတ်ခံရသည်။ အခြားသော အသတ်ခံရသောသူများမှာ ပတ်ထရစ်ဟာ မီလ်တန် (၁၅၂၈) နှင့် ဂျော့ချ်ဝီရှပ် (၁၅၄၀) ခုနှစ်တို့ဖြစ်ကြသည်။ ဝီရှပ်ကို ဆက်ဆံသူ ဂျွန်နောစ်သည် စကော့တလန်နိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးကို ယူဆောင်လာခဲ့သူဖြစ်သည်။ ဂျွန်နောစ်သည် စကော့တလန်မှ ထွက်ပြေး၍ ဂျီနီဗာမြို့သို့ရောက်ရှိလာပြီး ကာလ်ဗင်လက်အောက်တွင် ကျမ်းစာကို လေ့လာခဲ့၏။ သူသည် ဂျီနီဗာမြို့တွင် ရှိနေစဉ် အတွင်းဂျီနီဗာကျမ်းစာ၏ တိုးတက်မှုနှင့်

ဩဇာလွှမ်းမိုးမှုအတွက် ကူညီခဲ့ပြီး ၁၅၅၉ ခုနှစ်တွင် စကော့တလန်သို့ပြန်လာသောအခါ ၎င်းဂျီနီဗာကျမ်းစာအုပ်ကို ယူဆောင်လာကာ စကော့တလန် ရှိမေရီဘုရင်မကို စိန်ခေါ်ရန် အသုံးပြုခဲ့သည်။ ဂ္ဂန်နောစ်သည် သူမသေခင် ၁၅၇၂ ခုနှစ်တွင် သူ့နိုင်ငံ၌ ပြုပြင်ပြောင်းလဲခြင်းကို ယူဆောင်လာပြီး (Presbyterian) အသင်းတော်ကို စတင်ထူထောင် ခဲ့သည်။ ကက်သလစ်ဘာသာရေးစနစ်ကို အောင်နိုင်သော်လည်း စကော့တလန်နိုင်ငံရှိ ပြုပြင်ပြောင်းလဲရေးသမားများသည် အင်္ဂလိကန်အသင်းတော်နှင့် သဘောထားချင်း ကွဲလွဲကြသဖြင့် လူများသည် ဒေင်ဘာရာမြို့တွင် ၁၆၃၈ ခုနှစ်တွင် အမျိုးသားပဋိညာဉ် စာချုပ်ကို လက်မှတ်ရေးထိုးကာ (Presbyteiran) ယုံကြည်ချက်ကို အားပေးထောက်ခံ လာကြ၏။ ဤလက်မှတ်ရေးထိုးသူများထဲတွင် လူတစ်ယောက်မှာ ဆင်မြူရယ်ရှုသာ ပိုဒ်ဖြစ်သည်။ သူသည် ၁၆၄၄ ခုနှစ်တွင် လက်စ်ရပ်စ် 'ဝါ' မင်းသားနှင့် ဥပဒေဟူသော စာအုပ်ကို ရေး၍ သူတို့၏ ယုံကြည်ခြင်းတိုက်ပွဲအတွက် ကာကွယ်မှုပြုနိုင်ရန် ရေးသားခဲ့၏။ ဆင်မြူရယ် ရှုသာပိုဒ်သည် ဝက်စ်မင်စတာညီလာခံတွင် ကိုယ်စားလှယ်တစ်ဦး ဖြစ်၍ သူတို့၏ ထင်ရှားသော ယုံကြည်ခြင်း ဝန်ခံချက်ကိုမူကြမ်းရေးဆွဲခဲ့၏။

## ပြင်သစ်နှင့်ချက်ကိုဆလိုဗေးကီးယားနိုင်ငံတွင် လွတ်လပ်မှုကို ဖိနှိပ်ချုပ်ချယ်ခြင်း (၁၅၇၂–၁၆၁၈)

သက္ကရာဇ် ၁၅၇၂ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၌ ပရိုတက်စတင်ဘာသာဝင်များကို ရက်စက်စွာ သတ်ဖြတ်ခြင်းစတင်ခဲ့သည်။ ပရိုတက်စတင့် ဂိုဏ်းဝင်များသည် စိန့်ဗာသလာမြူ အောက်မေ့ဘွယ် အခမ်းအနားပြုလုပ်ကျင်းပနေစဉ် လူသတ်သမားများဝင် လာကြကာ လူပေါင်း ၇၀၀၀၀ ကို ရက်ရက်စက်စက် သတ်ဖြတ်ခဲ့ကြသည်။ ထို့ကြောင့် ပရိုတက်စင့်နှင့် ကက်သလစ်ဘာသာဝင်များအကြားတွင် တိုက်ပွဲဖြစ်ပွားခဲ့၏။ ဤစစ်ပွဲသည် ပုပ်ရဟန်းမင်းကြီး ဘာသာရေးလွတ်လပ်စွာ ကိုးကွယ်နိုင်သည်ဟူသော အမိန့်ထုတ်ပြန်ခဲ့သည့် ၁၅၉၈ ခုနှစ်တိုင်အောင် တိုက်ပွဲသည် မပြီးဆုံးခဲ့ချေ။ မည်သို့ပင်ဖြစ်စေ ထောင်ပေါင်းများစွာ သော ပြင်သစ်ပရိုတက်စတင့်များ ''ဟတ်ရိုနောဒ်'' များသည် သူတို့ နိုင်ငံကို စွန့်ခွာ၍ ထွက်ပြေးကြ၏။ ပြင်သစ်နိုင်ငံရှိ

ပြုပြင်ပြောင်းလဲခြင်းသည်လည်း ဘယ်တော့မှ နဂိုအင်အားပြန်၍ မရနိုင်တော့ပေ။ ပထမဦး ချက်ကိုဆလိုဗေးကီးယားနိုင်ငံတွင် ဂျမ်ဟတ်နှင့် ဂျေရုမ်းတို့ကို ဘာသာရေး၏ အာဇာနည်အဖြစ် အသတ်ခံရခြင်းက မလိုလားအပ်သော ဆိုးကျိုးများကို ဧကရာဇ်ဘုရင်အတွက်ဖြစ်ပေါ်လာစေ၏။ အဘယ်ကြောင့်ဆိုသော် ဤသို့ ရက်စက်စွာ သတ်ဖြတ်မှုက ဟတ်ဆိုက်တော်လှန်ပုန်ကန်မှုကို ဖြစ်ပွားစေသောကြောင့် ဖြစ်၏။ ဤတော်လှန်ပုန်ကန်မှုတိုက်ပွဲတွင် မျက်စိကန်းသော ဗိုလ်ချုပ်ကြီး ဂျမ်ဇစ်ကာသည် ဟတ်စ်ဆိုက်များကို ဦးဆောင်၍ အံ့ဘွယ်အောင်မြင်ခြင်းကိုရရှိ၏။

၁၄၄၈ ခုနှစ်တွင် ဟတ်စ်ဆိုက် အမျိုးသားဂျောဂျ်သည် ချက်ကိုဆလိုဗေးကီးယားနိုင်ငံ၏ ဘုရင်ဖြစ်လာခဲ့သည်။ သူသည် စာတန်းရေးထိုးထားရာ ဘုရားသခင်၏ အမှန်တရားသည် အောင်မြင်မှုကိုပေး၏ဟု ရေးထား၏။ နောက်ပိုင် ၁၄၈၅ ခုနှစ်တွင် ကွတ်နာဟိုရာ ကျေညာကို ထုတ်ပြန်ရာတွင် ဘာသာရေး လွတ်လပ်စွာ ကိုးကွယ်ခွင့်ရရှိကြ၏။ ဥရောပတိုက်တွင် ပထမဆုံးသော ဘာသာရေးလွတ်လပ်မှုကို ကျေညာသောနိုင်ငံဖြစ်၏။ ချက်ကိုဆလို ဗေးကီးယား၏ ပြုပြင်ပြောင်းလဲရေးက Brethren Church ကို မွေးထုတ်နေခဲ့ရာ ၁၆၁၈ တွင် စတင်ခဲ့သော နှစ်သုံးဆယ်စစ်ပွဲကို အောင်မြင်စေခဲ့သည်။ ချက်ကိုဆလိုဗေးကီးယား နိုင်ငံမှာရှိသော ပရိုတက်စတင့်များက ကက်သလစ်၏ ဧကရာဇ်ဘုရင်၏ အပြင်းထန်ဆုံးသော ဒေသထခြင်းကို ဖြစ်စေခဲ့၏ ပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုများကို ချက်ကိုဆလိုဗေးကီးယား နိုင်ငံတွင် နှိမ်နင်းခဲ့၏။ ပြင်သစ်နိုင်ငံတွင် ကွဲပြားခြားနားမှုရှိခြင်း လူတစ်ဦးချင်း၏ အပေါ်တွင် အလေးပေးခြင်းနှင့် မတရားအုပ်ချုပ်ခြင်းကို ခွင့်ပြုသဖြင့် ၁၇၈၉ ခုနှစ်သို့ရောက်သောအခါ ပြင်သစ်တော်လှန်ရေးဖြစ်ပွားခဲ့၏။ သို့သော် နင်းအုပ်ချုပ်ရေးထက်ပိုဆိုးသော ကြောက်စရာကောင်းသော အုပ်ချုပ်ရေးနှင့် တိုင်းပြည် ကမောက်ကမဖြစ်ခြင်းများ ဖြစ်ပေါ်လာရာမှ တဖန်ဘာသာတရားမရှိသော ဘုရင် ဧကရာဇ် နပိုလီယံလက်အောက်သို့ ကျရောက်ခဲ့လေ၏။ ချက်လူမျိုးများသည်လည်း ၁၉၈၉ ခုနှစ် ကျမှနောက်ဆုံး ကွန်မြူနစ် ဗဟိုမှ ကြိုးကိုင်အုပ်ချုပ်သော စနစ်ကို တော်လှန်အောင်မြင် ခဲ့ကြလေသည်။ လာမည့်အခန်းများတွင် ကျွန်ုပ်တို့သည် မည်ကဲ့သို့ ဤနှိပ်စက် ညှင်းပန်းခြင်းခံရသော ခရစ်ယာန် အုပ်စုများသည် အမေရိကတိုက်သို့ ပြောင်းရွှေ့ခဲ့ကြကာ ခရစ်ယာန် အယူအဆများပေါ်တွင် အခြေခံ၍

ကိုလိုနီနယ်ပယ်များကို ထူထောင်ခဲ့ကြသည်။ ဖော်ပြမည့် ဤနိုင်ငံရှိ လူမျိုးများသည် အစစအရာရာတို့တွင် ဆုံးရှုံးမှုနှင့် ရင်ဆိုင်ခဲ့ရသော်လည်း တကမ္ဘာလုံး၏ နိုးကြားထကြွသော စံနမူနာများဖြစ်လာစေရန်နှင့် ကျမ်းစာကို အခြေခံသော လူမျိုးများဖြစ်လာစေရန် ပြုလုပ်ခဲ့ရသည်။

အခန်း ၅

## ယခုခေတ် အမေရိကန်ပြည်ထောင်စုနှင့် လွတ်လပ်ရေး

## ကျမ်းစာနှင့်စပ်ဆိုင်သော အသင်းတော်အုပ်ချုပ်ရေးမူလအခြေအနေသို့ ပြန်ရောက်ခြင်း

လူထုလက်ထဲသို့ ကျမ်းစာအုပ်များပြန့်ကျဲခြင်းနှင့် လူထုထွတ်လပ်မှု နိုးကြားလာခြင်းကို တိုက်ရိုက်ဖြစ်ပေါ်စေသော အချက်ရှိ၏။ ခရစ်တော်ခေတ်ကာလမှ ယနေ့ခေတ်ကာလအထိ လူထုအုပ်ချုပ်ရေး၏ အတိုင်းအတာကို ခြုံး၍ ဖော်ပြခဲ့လျှင် မှတ်တမ်းမှတ်ရာများ စာတမ်းများ ဥပမာအားဖြင့် မေဖလာဝါစာချုပ်၊ အင်္ဂလိပ်လူမျိုးများ၏ အခွင့်အရေးအတွက် ကမ်းကြောငြာစာ နှင့် ၁၆၂၀ ခုနှစ်တွင်ရေးဆွဲထားသော အုပ်ချုပ်ပုံအခြေခံဥပဒေများအားဖြင့် သိရှိနိုင်ပါသည်။ ကျမ်းစာနှင့် စပ်ဆိုင်သော အသင်းတော်အုပ်ချုပ်ရေး မတိုင်မီကာလတွင် ဘာသာတရား မသိသော ကေရာဇ်ဘုရင်အုပ်ချုပ်ရေးစနစ်သာရှိခဲ့၏။

ကျမ်းစာဘာသာပြန်ခြင်း

| | | | |
|---|---|---|---|
| ယေရှု | ၁၄၈၂ | ၁၆၁၁ | ယနေ့ |

လူမျိုးများကို လွှတ်မြောက်စေခြင်း

ယေရှု လူထုအုပ်ချုပ်ရေး

၁၆၂၀ ၁၇၈၉ ယနေ့

ဤပြောင်းလဲမှုများသည် အုပ်ချုပ်ရေး၏ အတွေးအခေါ်များတွင် ဘာသာကို ဖြစ်ပေါ်စေ သနည်း။ မည်သူက ဒီဟာကို ဖြေရှင်းပေးမလဲ။ ဤပြောင်းလဲမှုများအတွက် '၂' ရာစု အစောပိုင်းကာလတွင် ကျမ်းစာဘာသာပြန်ခြင်းကို စတင်၍ ဝါဒသဘောတရားများကို အများသုံးဘာသာစကားဖြင့် ဖြန့်ဝေခဲ့သည်။ ဒီဟာတွေအားလုံးသည် ၁၃၈၂ ခုနှစ်တွင် ဘုန်းတော်ကြီး ဝိုင်ခလစ်၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့သော ကျမ်းစာမှ စတင်းလာခဲ့သည်။ ဤကျမ်းစာသည် လူထုအုပ်ချုပ်ရေးအတွက် အသုံးပြုရန်ဖြစ်ပြီး လူအားဖြင့် လူများအတွက် အသုံးပြုရမည့် စာအုပ်ဖြစ်သည်။ လူတို့သည် ကျမ်းစာကို စတင်၍ ဖတ်သည်နှင့်အညီ အဖြစ်အပျက်နှစ်ခုဖြစ်ပေါ်လာ၏။ ပထမအဖြစ်အပျက်တစ်ခုမှာ အသင်းတော်သည် ကျမ်းစာနှင့် စပ်ဆိုင်သော ခရစ်ယာန် ဘာသာရေးသို့ပြန်လှည့်ခဲ့ကြ၏။ အခြားတစ်ခုမှာ အသင်းအဖွဲ့များသည် ပြုပြင်ပြောင်းလဲမှုပြုလုပ်ရန် စတင်ကြပြီး လူထုလွတ်လပ်မှုကို အရေးထားလာကြ၏။ ၁၆ ရာစုနှစ်၏ ဘာသာရေးစနစ်အတွင်းရှိ ခရစ်ယာန်များသည် အသင်းတော်အုပ်ချုပ်ရေး၏ စံနမူနာဖြစ်သော ကျမ်းစာလေ့လာ ဖတ်ရှုခြင်းကို စတင်ခဲ့ကြ၏။

## မူလအခြေအနေသို့ပြန်လည်ရောက်ရှိခြင်းနှင့် အကျင့်စာရိတ္တပျက်စီးခြင်း

အသင်းတော်အုပ်ချုပ်ရေး၏ အခြေခံဖြစ်သော ဓမ္မသစ်ကျမ်းသုံးခုမှာ အကျင့်စာရိတ္တ ပျက်ပြား၍ အချိန်ပိုအပျော်ကျူးလွန်ခြင်းကြောင့် အသင်းတော်သည် ပျက်စီခြင်းသို့ ရောက်ရှိခြင်းဖြစ်၏။ တဖြေးဖြေးနည်းနှေးနည်း၍လာသော ယုံကြည်သူများသည် ကာမဆက်ဆံခြင်းနှင့် အပျော်ကျူးလွန်ရင်း အသင်းတော်တွင် အမှုထမ်းခဲ့ကြသည်။ ဤပဋိညာဉ်အာရုံစိုက်မှုလျော့နည်းလာသည်နှင့်အမျှ အသင်းတော်၏ လုပ်ငန်းအားများထက်ပို၍ လုပ်ဆောင်လာခဲ့ကြ၏။ ယုံကြည်သူများအကြားတွင် ပျင်းရိခြင်းနှင့် ဝိညာဉ်ရေးရာ၌ ကြိုးစားမှုမရှိခြင်းသည်

၃ ရာစုနှစ်တွင် ဘုန်းတော်ကြီးနှင့် သာမန် ယုံကြည်သူများအကြား အဆင့်အတန်းခွဲခြားမှုကိုဖြစ်ပေါ်စေသည်။

အချိန်သည ရှေ့သို့သွားသကဲ့သို့ အသင်းတော်လူကြီးများပင်လျှင် စံပြဖြစ်မှုလျော့နည်း လာကြသည်။ ဩဇာအာဏာသည် နာမည်ကျော်ကြားလာသော ဝိညာဉ်ရေးရာနှင့် ပတ်သက်သော အသင်းတော်လူကြီး ''ဘီရှော့'' bishop ခေါ် ဘုန်းတော်ကြီးက ဗဟိုအုပ်ချုပ်ရေးစနစ်ဖြင့် ဩဇာအာဏာကို အသုံးပြုခဲ့သည်။ ဤကဲ့သို့ ကိုးကွယ်သည့် ဘာသာရေးကို စွန့်လွှတ်ခြင်းသည် အရည်အချင်းနည်းပါးသောနောက်လိုက်များဖြစ်စေ၍ ပုပ်ရဟန်းမင်းကြီးနှင့်ပတ်သက်သော ဗဟိုမှ ကြိုးကိုင်မှုအာဏာကို ပိုမို၍ ဖြစ်ပေါ်လာစေသည်။ ရာစုနှစ်အနည်းငယ်အကြာတွင် ဒါတွေအားလုံးဟာ ပုပ်ရဟန်းမင်းကြီး၏ ဗဟိုကြိုးကိုင်မှု လက်အောက်တွင် ကျရောက်ခဲ့၏။ ရာစုနှစ်များ ကုန်လွန်သွားခဲ့သည့်နောက်ပိုင်းတွင် ကျမ်းစာပြန့်ကျဲမှုနှင့် ပျံ့နှံ့မှုဖြစ်ပေါ်လာခြင်း ကြောင့် ဥရောပတိုက်တွင် ဘာသာရေး နိုးကြားထကြွမှုများပေါ်ပေါက်လာကာ ပုပ်ရဟန်းမင်းကြီးနှင့်ပတ်သက်သော ဗဟိုအုပ်ချုပ်ရေး အာဏာကို ဆန့်ကျင်ကန့်ကွက်လာ ကြ၏။ ကက်သလစ်ပြုပြင်ပြောင်းလဲရေးသမားများခေါ် ပရိုတက်စတင့် ဂိုဏ်းဝင်များသည် ဥရောပတိုက်တလျှောက်လုံးရှိ ကက်သလစ် အသင်းတော်များထဲတွင် ဝင်ရောက်ဖျက်စီးခဲ့ကြ၏။ ဘာသာရေးကိုင်းရှိုင်းမှုမရှိသော အဋ္ဌမမြောက် ဟင်နရီဘုရင်သည် မိဖုရားကြီးကို ကွာရှင်းလိုသော်လည်း ပုပ်ရဟန်းမင်းကြီး၏ ခွင့်ပြုချက်မရရှိခဲ့ပေ။ ထို့ကြောင့် ၁၅၃၄ ခုနှစ်တွင် ရိုမန်ကက်သလစ်ဂိုဏ်းဝင်များကို ဖျက်စီးပြီး (Church of England) ခေါ် အင်္ဂလန်းအသင်းတော်ကို စတင်ထူထောင်ခဲ့၏။ ဤဗဟိုမှ ကြိုးကိုင်၍ အုပ်ချုပ်သော အသင်းတော်၏ ဖွဲ့စည်းပုံသည် မည်သို့ပင်ဖြစ်စေ၊ ခရစ်ယာန်ဂိုဏ်းအုပ် အုပ်ချုပ်သော အသင်းတော်နှင့် အတူတူပင်ဖြစ်၏။ ၁၅၅၃ ခုနှစ်တွင် ပရိုတက်စတင့်ဂိုဏ်းဝင်များသည် အများကလက်ခံသောအသင်းတော်လူကြီးများက တာဝန်ယူသော Presbyterian ဂိုဏ်းကို ပုပ်ရဟန်းမင်းကြီးအုပ်ချုပ်သောကကက်သလစ် ဂိုဏ်းအစားပြန်လည်၍ ထူထောင်ခဲ့သည်။ ၎င်းကို cPresbyterian အသင်းတော် အုပ်ချုပ်ရေးဟုခေါ်၏။ ၁၅၇၀ ခုနှစ် ပတ်ဝန်းကျင်တွင် ပရိုတက်စတင့်ဂိုဏ်းမှ

ဂိုဏ်းခွဲဝါဒီများစတင်ပေါ်ပေါက်လာခဲ့ပြီး အသင်းတော် လုပ်ငန်းတွင် လူထုအားလုံးပါဝင်၍ တာဝန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့၏။ ဤအမှန်တရားသုံးရပ်သည် ကွဲပြားခြင်းနားမှုပေါ် လူပ်ရှားမှုသုံးရပ်ကိုဖြစ်ပေါ်စေ၏။
၁။ ၁၅၃၄ ခုနှစ်တွင် ဖွဲ့စည်းထားသော ခရစ်ယာန် ဂိုဏ်းအုပ်၊ အုပ်ချုပ်သော ကျောင်းတော်၏ အဖွဲ့ဝင်များသည် တမန်တော်လုပ်ငန်းနှင့်ပတ်သက်သော ခေါင်းဆောင်မှုလုပ်ငန်း အကြောင်းကို လေးနက်စေခြင်း။
၂။ ၁၅၅၈ ခုနှစ်တွင် ဖွဲ့စည်းထားသော Presbyterian များသည် အများက လက်ခံသော အသင်းတော်လူကြီးများအုပ်ချုပ်ရေးကိုစတင်ခြင်း။
၃။ ၁၅၇၀ ခုနှစ်တွင် ဖွဲ့စည်းခဲ့သော လူထုအစည်းအဝေးက အဖွဲ့ဝင်အားလုံးပါဝင်သော ပဋိညာဉ်စာချုပ်ကို အလေးပေးခြင်းစသည်တို့ဖြစ်ကြသည်။

## အမေရိကန်ပြည်ထောင်စုတွင် လှုပ်ရှားမှုများစတင်ခြင်း

ဤလှုပ်ရှားမှုအသီးသီးသည် ပထဝီဝင်ဆိုင်ရာ အဓိကရေယာသုံးခုအားဖြင့် အမေရိကန်ကိုလိုနီနိုင်ငံများတွင် စတင်ခဲ့သည်။ ဒါဟာ အရေးကြီးပါတယ်။ အဘယ့်ကြောင့် ဆိုသော် သူတို့ရည်မှန်းထားသော အသင်းတော်အုပ်ချုပ်ရေးတွင် ကိုလိုနီအုပ်ချုပ်ရေးပုံစံဖြင့် လူထုကို အုပ်ချုပ်ရန် ဆုံးဖြတ်ခဲ့သောကြောင့်ဖြစ်၏။ လူထုအုပ်ချုပ်ရေး အယူအဆများ၏ ရောင်ပြန်ဟပ်ခြင်း 'ဝါ' ထုတ်ကုန်တစ်ခုဖြစ်၏။ ဤဆက်သွယ်မှုများကို ကိုလိုနီနှင့်ဆိုင်သော လူထုအုပ်ချုပ်ရေးတွင် ထင်ရှားစွာ တွေ့မြင်နိုင်ပါသည်။ အမေရိကတိုက်တွင် တွေ့ရသော ပထဝီဝင်ဆိုင်ရာ အဓိက ဘာသာရေးဆိုင်ရာ လှုပ်ရှားမှုသုံးရပ်မှာ – မြောက်ပိုင်းကိုလိုနီ နိုင်ငံများကို ဘုရားဝတ်ပြုလာကြသော လူစုကသြဇာလွှမ်းမိုးခဲ့ကြသည်။ တောင်ပိုင်းကိုလိုနီနယ်များကို ခရစ်ယာန် ဂိုဏ်းအုပ်၊ ဘုန်းတော်ကြီး အုပ်ချုပ်သော ကျောင်းတော်၏ အဖွဲ့ဝင်များက အုပ်ချုပ်ခဲ့ကြ၏။ အလယ်ပိုင်းဒေသရှိ ကိုလိုနီနယ်ပယ်များကိုတော့ Presbyterian ဂိုဏ်းဝင်များက အုပ်ချုပ်ခဲ့ကြ၏။ ဤကိုလိုနီနယ်ပယ်များသည် လူထုအုပ်ချုပ် ရေးကို အသင်းတော်အုပ်ချုပ်ရေး၏ ရည်မှန်းချက်နှင့် သဘောချင်းတိုက်ဆိုင်စွာ ထူထောင်ခဲ့ကြ၏။
၁။ မြောက်ပိုင်းဒေသရှိ ကိုလိုနီနိုင်ငံများသည် ကိုယ်ပိုင်အုပ်ချုပ်ရေး (ဒီမိုကရက်တစ်)

အုပ်ချုပ်ရေးကို ကျင့်သုံးကြ၏။
၂။ အလယ်ပိုင်းဒေသရှိ ကိုလိုနီနိုင်ငံများသည် မူးမတ်များအုပ်ချုပ်သော အသင့်အတင့်ရှိ သော နယ်ပယ်များဖြစ်ကြ၏။
၃။ တောင်ပိုင်းဒေသရှိ ကိုလိုနီနိုင်ငံများသည် ဘုရင့်နယ်မြေဖြစ်၍ ကေရာဇ်ဘုရင်က အုပ်ချုပ်ခဲ့သည်။

## လူစုလူဝေး၏ မြို့ရိုးသဖွယ်ဖြစ်သော မြောက်ပိုင်းကိုလိုနီနယ်ပယ်များ မဆတ်ချူးဆက်ပြည်နယ် (၁၆၂၀)

၁၆၀၃ ခုနှစ်တွင် အင်္ဂလန်ဘုရင်ကြီး အယ်လီဇဗက်ကွယ်လွန်သွားပြီးသည့်နောက် ပထမ ဂျိမ်းစ်ဘုရင်ထီးနန်းဆက်ခံ၏။ ဂျိမ်းစ်ဘုရင်၏ ဂိုဏ်းကွဲဝါဒီများကို ညှင်းပန်းနှိပ်စက်သည့် နိုင်ငံရေးဝါဒကြောင့် ဟော်လန်နိုင်ငံသို့ လူများထွက်ပြေးခိုလှုံကြရ၏။ ဒါဟာ ဘုရားသခင်အားဖြင့် မွေးဖွားခြင်းခံရသော နိုင်ငံများကို ထူထောင်ရန်အတွက် အကူအညီ ပေးသော ခုတုံးများရရှိနိုင်ရန် ဘုရားသခင်၏ စောင်မတော်မူသောအခြားလုပ်ရပ်တခုဖြစ်သည်။ အစောပိုင်းကာလမှစ၍ အင်္ဂလန်နိုင်ငံတွင် Plymouth ကိုလိုနီ စတင်ထူထောင်ခြင်းမှတဆင့် ဘုရားဖူးသွားသူများ၏ ပြောစကားနှင့် လုပ်ရပ်များက သူတို့၏ အသက်တာတစ်ခုလုံးကို ဘုရားသခင်၏ အလိုတော်အတိုင်း အုပ်ချုပ်သည်ကိုဖော်ပြခဲ့၏။ အသက် ၃၃ နှစ်ရှိသော Plymouth ကိုလိုနီနိုင်ငံကို အုပ်ချုပ်သူ ဝီလျံဘရပ်ပိုဒ်က စေ့စပ်ခဲ့သည်မှာ အစောပိုင်းကာလများတွင် ဤလူမျိုးများသည် အင်္ဂလန်နိုင်ငံ၌ သူတို့၏ အသက်တာများ မည်ကဲ့သို့ ဘုရားသခင်၏ နှုတ်ကပတ်တော်ကြောင့် ပွင့်လင်းလာကြပြီး သူတို့၏ အပြစ်များနှင့် မသိနားမလည်မှုကို သိမြင်လာကြပြီး၊ သူတို့၏ အသက်တာများကို ကျေးဇူးတော်အားဖြင့် ပြုပြင်ပြောင်းလဲခဲ့သည်ကို ရေးသားဖော်ပြခဲ့သည်။ သို့သော် ဤအသက်တာပွင့်လင်းလာမှု ကြောင့် အင်္ဂလန်နိုင်ငံ၏ ဘာသာရေးကိုင်းရှိုင်းသူများထံမှ ညှင်းပန်းနှိပ်စက်မှုများကို ခံစား ကြရပြီး နှစ်အတန်ကြာလာသောအခါ ဘုရားဖူးခရီးသွားများသည် ခရစ်ယာန်များကို ဆန့်ကျင်သော သူများ၏ ကျွန်ပြုခြင်းကို

ပယ်ချပြီး အသင်းတော်ထဲတွင် ပူးပေါင်းပြီး အလိုတော်အတိုင်း အသက်ရှင်ခြင်းအားဖြင့် မည်သို့သော အခက်အခဲများကို ရင်ဆိုင်ရသမျှ ဘုရားရှင်က ကွယ်ကာစောင်မတော်မူ၏။ ဘုရားသခင်ကို လွတ်လပ်စွာကိုးကွယ်လိုသော ဆန္ဒသည် ဈေးကြီး၏ သို့သော် ဘုရားသခင်သည် သူတို့ကို အမြဲတမ်းကာကွယ်တော်မူ၏။ သူတို့သည် ဟော်လန်နိုင်ငံသို့ထွက်ပြေးသွားကြသောအခါ ဒုက္ခအမျိုးမျိုး၊ ဆင်းရဲခြင်းနှင့် အလုပ်များခြင်းစသောဒုက္ခများကို ရင်ဆိုင်ကြရ၏။ သို့သော် သူတို့၏ ခရစ်ယာန် အကျင့်စာရိတ္တ သည် အခက်အခဲများကို ကျော်လွှားနိုင်စေခဲ့သည်။ ဟော်လန်နိုင်ငံတွင် ၁၂ နှစ်ကြာနေထိုင်ပြီးသည့်နောက်သူတို့သည် အမေရိကနယ်မြေသစ်သို့ သင်္ဘောဖြင့် သွားရန် ဆုံးဖြတ်ခဲ့ကြ၏။ သူတို့သည် ဟော်လန်နိုင်ငံတွင် နေ့စဉ်တုန်းကထက် ဘာသာရေးကို ကိုင်းရှိုင်းသော သားသမီးများဖြစ်လာစေရန် ဘုရားသခင်ကို ပိုမိုလွတ်လပ်စွာ ကိုးကွယ်နိုင်သော နေရာကိုလိုချင်လာကြ၏။ သူတို့ကို ဘရက်ပိုဒ်ပြောထားသော ကောင်းသော အခြေခံ အုတ်မြစ် အမျိုးကို ချမှတ်ရန် ကြီးမားသော မျှော်လင့်ချက်နှင့် အတွင်းစိတ်အားထက်သန်ခြင်း ‘ဝါ’ ကမ္ဘာ့အချို့ဒေသများသို့ခရစ်တော်နိုင်ငံ၏ သိတင်းကောင်းတိုးတက်ပျံ့နှံ့စေဖို့ရန် နည်းလမ်းများ ရှာဖွေခြင်း၊ သို့သော် သူတို့သည် ကြီးမားသော အမှုတော်လုပ်ငန်းကိုပြုသရန် ခုတုံးများဖြစ်သင့်သည်။ ၁၆၂၀ ခုတွင် မေဖလာဝါ အဖွဲ့သည် ရွက်လွှင့်သောအခါ ဘုရားဖူးခရီးသွားသူ ၁၀၂ ယောက်ကို သယ်ဆောင်သွားခဲ့ကြသည်။ ဘုရားဖူးခရီးသွားရာ၌ အခြားခရီးသွားသူအုပ်စုများထက်ပိုမို၍ ယူဆောင်သွားကြပြီး ကမ္ဘာတခုလုံး၏ အအောင်မြင်ဆုံး ဖြစ်သော ဘာသာရေးနှင့် လူထုလွတ်လပ်မှုကို ပြုလုပ်ခဲ့ကြ၏။ ဤအခြေခံမှုများသည် ကြီးမားသော နိုင်ငံတနိုင်ငံ၏ ခရစ်ယာန် မျိုးစေ့အပေါ်တွင် အခြေခံခဲ့သည်။ ရက်ပေါင်း ၆၆ ရက် ကြာသောအခါ မေဖလာဝါ ဘုရားဖူးအသင်းသည် အမေရိကသို့ ရောက်ရှိလာကြ၏။ ဘုရားဖူးခရီးသွားများသည် ဗာဂျီးနီးယားကိုလိုနီပြည်နယ်၏ မြောက်ဘက်ပိုင်းတွင် အတည်တကျနေကြရန် ရည်ရွယ်ထားကြ၏။ သို့သော် ဘုရားသခင်မစတော်မူခြင်းအားဖြင့် သူတို့၏ သင်္ဘောသည် လေတိုက်ရာဘက်သို့လွင့်ပါသွားပြီး ဗာဂျီနီးယားပိုင်နက်နယ်မြေထဲသို့ ရောက်ရှိလာခဲ့ကြ၏။ ရာသီဥတုကြောင့် တောင်ဘက်ပိုင်းသို့ ရွက်မလွှင့်နိုင်သောကြောင့်

ဂုတ်အငူသို့ဆိုက်ကပ်လာကြ၏။ ဤနေရာသည် အစောပိုင်းနှစ်များတွင် ရောက်ခဲ့ပြီးသော နေရာဖြစ်၍ ဤဒေသရှိ Patuxet ခေါ် ရက်အင်းဒီးယန်းတိုင်းရင်းသားများနှင့် ရင်ဆိုင်တွေ့ရသောကြောင့် နေရာမရဖြစ်ကာ ပြန်သွားကြ၏။ ဤရက်အင်းဒီးယန်းများသည် သူတို့ကမ်းခြေသို့စိုက်ရောက်လာကြသော လူဖြူများကို ရက်ရက်စက်စက် သတ်ခဲ့ကြ၏။ သို့သော် ၁၆၁၇ ခုနှစ်တွင် ဤနေရာ (ဂုတ်အငူ) သို့ လျှို့ဝှက်ဆန်းကြယ်စွာ ပလိပ်ရောဂါ ကျရောက်ပြီး လူများသည် တန်ခိုးကြီးမား၍ သဘာဝကို လွန်ဆန်နိုင်သော ဝိညာဉ်သည် ဤဒေသရှိ လူများကို ဖျက်ဆီးပစ်ခဲ့သည်ဟု ယူဆကာ ကြောက်ရွံ့ခြင်းရှိကြသောကြောင့် ဤရောသို့မလာရဲကြပေ။ ဘုရားဖူးများသည် ဗာဂျီနီးယားပြည်နယ်အုပ်ချုပ်ရေးအောက်မှ ထွက်လာသောကြောင့် ဂိုဏ်းခွဲဝါဒီမဟုတ်သောသူများသည် သူတို့ကမ်းခြေသို့ ယူလာသော လွတ်လပ်ရေးကို မတော်မတရားပြုခြင်းနှင့် ပုန်ကန်ခြင်းများပြုလုပ်လာကြ၏။ ထို့ကြောင့် သင်္ဘောမထွက်ခွာမီ ဘုရားဖူးများသည် ၄င်းပြည်နယ်အုပ်ချုပ်ရေးနှင့်ဆိုင်သော စာချုပ်ကို ရေးဆွဲခဲ့ကြသည်။ ဘုရားသခင်၏ ဘုန်းကျက်သရေနှင့် ပြည့်စုံ၍ ခရစ်ယာန်ယုံကြည်ခြင်း တိုးတက်လာစေရန်နှင့် ကျွန်ုပ်တို့၏ ရှင်ဘုရင်နှင့်နိုင်ငံတော်ကို ဂုဏ်ပြုခြင်းတာဝန်ကို ယူထားခြင်းဖြင့် ဗာဂျီးနီးယားပြည်နယ်၏ မြောက်ပိုင်းဒေသအချို့ကို ကိုလိုနီနိုင်ငံအဖြစ် ပျိုးထောင်ရန် ယခုအချိန်မှစ၍ ပြုလုပ်ရမည်ဖြစ်ပြီး၊ ပဋိညာဉ်နှင့် ကျွန်ုပ်တို့ကိုယ်တိုင် ပူးပေါင်း၍ လူထုနှင့် စပ်ဆိုင်သော နိုင်ငံရေးကို ထူထောင်ရန်တို့ဖြစ်သည်။

ဤမေဖလာဝါစာချုပ်မှတ်တမ်းများကို ခိုင်မာသော ခရစ်ယာန်ယုံကြည်မှုအပေါ်တွင် အခြေခံ၍ ဘုရားဖူးများ၏ အုပ်ချုပ်ရေးအတွက် အသုံးပြုပြီး အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းအုပ်ချုပ်မှုအတွက် စတင်အသုံးပြုခဲ့ကြ၏။ သက္ကရာဇ် ၁၆၃၀ ခုနှစ် နွေဦးပေါက်ရာသီတွင် လူဦးရေ ၁၀၀၀ ရှိသော ပြူရီတန်များသည် အမေရိကတိုက်သို့ ရွက်လွှင့်ကာ ရောက်ရှိလာကြ၏။ ဤပြူရီတန်များကို မခတ်ချူးဆက်ပင်လယ်အော်ကို ကိုလိုနီနယ်ပယ်တွင် နှစ်ပေါင်းများစွာ အုပ်ချုပ်သူ ဂျွန်ဝင်းဒရိုဗ်က ဦးဆောင်၍ ရောက်လာခြင်းဖြစ်၏။ ပင်လယ်ပြင်ပေါ်တွင် ရွက်လွှင့်နေစဉ် ဝင်းဒရိုဗ်က

ဤသို့ရေးသားခဲ့၏။ သူ့စာ၏ ခေါင်းစဉ် သည် ''ခရစ်ယာန် ဆင်းရဲသားများကို လျှူဒါန်းခြင်း၏ စံပြ'' ဟူ၍ ဖြစ်၏။ ဤရေးသားသော စာထဲတွင် ''အသစ်သော ကိုလိုနီနယ်ပယ်များ ချဲ့ထွင်ခြင်းနှင့် သူတို့၏ လိုချင်သော ပန်းတိုင်ပြည့်စုံစေခြင်း'' ဟူသော အချက်များပါဝင်၏။ ဝင်းဒရိုဗ်သည် သူတို့၏ ဆန္ဒကို ဖွင့်ပြောခဲ့ရာတွင် ''မြို့ကို လူများမြင်ရန် တောင်ပေါ်တွင် တည်ထားသကဲ့သို့ ကမ္ဘာပေါ်ရှိ လူသားများသည် သူတို့၏ နိုင်ငံကို ''ဘုရားသခင်သည် နယူးအင်္ဂလန်ကဲ့သို့ ပြုလုပ်သည်'' ဟု ဆိုစမှတ်ပြုကြလိမ့်မည်။ သက္ကရာဇ် ၁၆၄၁ တွင် မဆာချူးဆက်ပြည်နယ်သည် လွတ်လပ်ရေး၏ ကိုယ်ထည်ကို မွေးစားလာကြ၏။ ဒါဟာ သိက္ခာတော်ရဆရာကြီး နာသန်နီယယ်လ် ဝေါ်ဒ်က ရေးသားထားခဲ့ရာ သမိုင်းတွင် ပထမဦးဆုံးသော ''အခွင့်ရေးများ၏ စာချုပ်'' ဟုခေါ်၏။

## ကွန်နက်တီကတ် (၁၆၃၆)

၁၆၃၆ ခုနှစ် ဇွန်လတွင် ပြူရီတန် ခေါင်းဆောင် သောမတ်စ်ဟူကားနှင့် နယူးတန်လူထု တစ်ရာကျော်တို့သည် ကွန်နက်တီကတ် ကိုလိုနီပြည်နယ်ကို ထူထောင်ခဲ့ကြသည်။ လူများစွာ တို့သည် လအနည်းငယ်အတွင်းသူ့နောက်မှလိုက်လာကြသည်။ ၁၆၃၇ ခုနှစ် မေလထဲတွင် လူဦးရေ ရှစ်ရာတို့သည် နယူးထောင်မြို့ပတ်ဝန်းကျင် မြေပြန့်ဒေသတါင် လာရောက် အခြေချခဲ့ကြသည်။ ၁၆၃၉ ခုနှစ် ဇနဝါရီလတွင် ကွန်နက်တီကက်၏ အခြေခံကျသော အာဏာများသည် ကွန်နက်တီကက်၏ ဖွဲ့စည်းအုပ်ချုပ်ပုံအဖြစ် မွေးစားခဲ့ ကြသည်။ သင်းအုပ်ဆရာကြီး ယူကာသည် ဤမှတ်တမ်းမှတ်ရာများကို အတိုချုံး၍ တိကျစွာ ဖော်ပြခဲ့သည်။ သမိုင်းတွင် ပေါ်လွင်ထင်ရှားသော ပထမထုတ်ပြန်ခဲ့သော ဖွဲ့စည်းအုပ်ချုပ်ပုံတွင် ကျမ်းစာနှင့်စပ်ဆိုင်သော အခွင့်အရေးများနှင့် အယူအဆများကို နိုင်ငံရေးအားဖြင့် ပေါ်လွင်စေကြောင်း ပါဝင်သည်။ ဤကျမ်းစာနှင့်ပတ်သက်သော လူ့အခွင့်အရေးနှင့် အယူအဆများသည် အမေရိကအပေါ်တွင် ကြီးမားစွာ လွှမ်းမိုးခဲ့သည်။ သမိုင်းဆရာကြီး ဂျွန်ဖီစ် ကရေးသားခဲ့သည်မှာ အမေရိကန်ပြည်ထောင်စု၏ အစိုးရအုပ်ချုပ်ရေး စနစ်တွင်အခြေခံသော ကိုလိုနီနယ်

(၁၃) ခု အုပ်ချုပ်ရေးထက် ကွန်နက်တီကက် အုပ်ချုပ်ရေးသည် မျိုးရိုးဆင်းသက်မှုအရ ပို၍ ဆက်သွယ်မှုရှိသည်။

## ရိုဒီကျွန်းနိုင်ငံ (Rhode Island) (၁၆၃၆)

သက္ကရာဇ် ၁၆၃၆ ခုနှစ်တွင်း ဘုန်းတော်ကြီး ရောဂျာဝီလျံသည် အချို့သော အနောက်အိန္ဒိယ ကျွန်းစုကို အင်းဒီးယန်း လူမျိုးများထံမှ ဝယ်ယူ၍ ဘုရားသခင် ကျေးဇူးတော်အားဖြင့် ရိုဒီကျွန်းနိုင်ငံကို ထူထောင်ခဲ့သည်။ ဝီလျံပြောခဲ့သော စကာများထဲတွင် ဒါဟာ ဘုရားသခင်၏ သိနားလည်သော ဉာဏ်ပညာကို ကျွန်ုပ်စိတ်ပျက်နေချိန်တွင် ပေးသနားတော်မူသောကြောင့်ဖြစ်၏။ သူ၏ ယုံကြည်ချက်မှာ လူထုအာဏာသည် လူ၏ အသိစိတ်ဓါတ်ပေါ်တွင် တရားစီရင်ပိုင်ခွင့်မရှိ သူသော သူ့အယူအဆသည် ဘုရားသခင်မစခြင်း ဥပဒေထဲတွင် ရောင်ပြန်ဟပ်လာပြီးနောက်ပိုင်းတွင် ရိုဒီကျွန်းနိုင်ငံအထိ ရောင်ပြန်ဟပ်လာ ခဲ့သည်။ ရိုဒီကျွန်းနိုင်ငံတွင် ဘာသာရေးပြစ်ဒဏ်စီရင်ခြင်းကြောင့် များစွာ သောလူများသည် နှိပ်စက်ညှင်းပန်းခြင်းကိုခံကြရ၏။ ရောဂျာ ဝီလျံသည် အလွန်ကောင်းမွန်သော အမှန်တရားရရှိနိုင်ရန် အကူအညီတစ်ခုပေးခဲ့သည်ကား ဘုရားသခင်ကို လွတ်လပ်စွာ ကိုးကွယ်နိုင်ရန် ဤကျမ်းစာနှင့်အညီ ဖွဲ့စည်းထားသော တစ်ဦးချင်းစီနှင့် အသင်းတော် အပေါ်တွင် မှီခိုကာလွတ်လပ်၍ ကြီးပွားတိုးတက်သော ပြည်နယ်ဖြစ်လာနိုင်ရန် ကူညီခဲ့သည်။ ဤအကြောင်းကို ၁၆၆၃ ခုနှစ်တွင် ရိုဒီကျွန်းနိုင်ငံ၏ ဘုရင့်အမိန့်ပြန်တမ်းစာတွင် ဖေါ်ပြခဲ့သည်။ ကိုလိုနီနယ်သားများကို မြင့်မြတ်သော ခရစ်ယာန် ယုံကြည်ခြင်းထဲတွင် သွတ်သွင်း၍ ငြိမ်းချမ်းရေးနှင့် သစ္စာရှိသော စိတ်နလုံးရရှိစေရန်အတွက် မိမိကိုယ်ကို ထိန်းချုပ်နိုင်ခြင်း၊ ဘာသာရေးကိုင်းရှိုင်းသူများဖြစ်လာရန်နှင့် အာရုံစူးစိုက်လာရန် ပြုပြင်ပေးခဲ့သည်။ တိုးတက်အောင်မြင်သောပြည်နယ်အဖြစ် အကောင်းဆုံးဆက်လက်၍ ရပ်တည်နိုင်ရန်နှင့် ဘာသာရေးနှင့်ပတ်သတ်သော လွတ်လပ်ရေး၏ အခွင့်အရေးများကို အပြည့်အဝ ခံစားနိုင်ရန် သိတင်းကောင်း၏ အခြေခံမှုပေါ်တွင် ဖွဲ့စည်းအခြေချရမည်ဖြစ်၏။

## ခရစ်ယာန်ဂိုဏ်းချုပ်– အုပ်ချုပ်မှုအောက်တွင်ရှိသော တောင်ပိုင်းကိုလိုနီနယ်ပယ်များ

ဂျိမ်းစ်ထောင်းမြို့သည် အင်္ဂလိပ်လူမျိုးများအမေရိကတွင် အမြဲတမ်းအတည်တကျ အခြေချနေထိုင်သော မြို့ဖြစ်သည်။ ဂျိမ်းစ်ထောင်းမြို့တွင် အတည်တကျ လာရောက်နေထိုင်သူများ၏ နောက်တွင် အခြားသော အတည်တကျနေထိုင်သူများသည် ၁၆၀၇ ခုနှစ် ဧပြီလတွင် ဗာဂျီးနီးယားပြည်နယ်သို့ရောက်ရှိလာခဲ့ကြပြီး ပထမဆုံးသော သူတို့၏ ခေါင်းဆောင် ဂျွန်စမစ်နှင့် သူ့စစ်သားများသည် ကမ်းခြေ၏ ဟင်နရီအငူတွင် သစ်သားဖြင့်ပြုလုပ်ထားသော ခရစ်တော်၏ လက်ဝါးကားတိုင်ကို စိုက်ထူခဲ့ကြ၏။ သိက္ခာတော်ရဆရာကြီး ရောဘတ်ဟန့်သည် လူ ၁၄၉ ယောက်ကို ဦးဆောင်၍ လက်ဝါးကားတိုင် ခြေတော်ရင်းတွင် ဆုတောင်းပဌနာပြုပြီး သူတို့၏ ကြောက်စရာ ကောင်းသော ခရီးမှ လုံခြုံစွာ ကာကွယ်မှုအတွက် ဘုရားရှင်ကို ကျေးဇူးတင်ခြင်း၊ ဘုရားခင်၏ အကြံအစည်နှင့် ဤကမ္ဘာသစ်အတွက် သူ့ရည်ရွယ်ချက်များအတွက် ဆက်ကပ်အပ်နှံ ခဲ့ကြကြောင်း ဆုတောင်းပဌနာပြုကြ၏။ ၁၆၀၆ ခုနှစ်တွင် ဗာဂျီးနီးယား အစိုးရ၏ ပြန်တမ်းက ဖော်ပြခဲ့သည်မှာ သူတို့တတွေ အမေရိကသို့လာရောက်ခဲ့ကြရသည့် အကြောင်းရင်းမှာ ခရစ်ယာန်ဘာသာကို မှောင်မိုက်ထဲတွင် နေကြ၍ စိတ်ပျက်နေကြသူများနှင့် မှန်ကန် ဗဟုသုတကို မသိရှိကြခြင်းနှင့် ဘုရားသခင်ကို ကိုးကွယ်စေကြရန်အတွက် ဤဒေသသို့ ရောက်လာကြခြင်းဖြစ်၏။

အမေရိကတွင် ပထမဆုံးပြောင်းလဲခဲ့သူမှာ အင်းဒီးယန်းမင်းသမီး ပေါ်ကာဟွန်တပ်စ်ဖြစ် ၏။ သူ၏ နှစ်ခြင်းခံနေစဉ် ရုပ်ပုံပန်းချီးကားကြီးကို အမေရိကန်ပြည်ထောင်စု၏ အောက်လွှတ်တော် ရိုတွန်ဒါ အဆောက်အအုံ၏ နံရံပေါ်တွင် ချိပ်ထားပါသည်။ ပထမဆုံးသော လူထုရွေးချယ်ထားသော လွှတ်တော်ကိုယ်စားလှယ်အစည်းအဝေးကို အမေရိက ရှိဂျိမ်းစ် ထောင်းဘုရားကျောင်းတွင် စတင်ကျင်းပခဲ့ကြ၏။ ၄င်းအစည်းအဝေးကို သိက္ခာတော်ရဆရာကြီး ဘတ်စ်က ဆုတောင်းခြင်းဖြင့် ဦးဆောင်၍ ဘုရားသခင်သည် သူ၏ ဘုန်းကျက်သရေ ထွန်းထောက်စေခြင်းငှာ ကောင်းသော

ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများအတွက် လမ်းပြတော်မူ၍ မြင့်မြတ်စင်ကြယ်စေဖို့ရန် အလို့ငှာ ဆုတောင်းပဋ္ဌနာပြုကြ၏။ သူတို့သည် ဥပဒေများကို ထုတ်ပြန်၍ အသင်းတော်ကို ဂရုစိုက်ပြုစုရန်နှင့် ဘုရားသခင်၏ အမှုတော်ကို လစ်လျူရှုခြင်းသည် လူများ၏ တိုးတက်ကြီးပွားရေးကို မဖြစ်လာစေဘဲ ဆုတ်ယုတ်သွားစေ သည်ဟူ၍ ထုတ်ပြန်ထား၏။ ၄င်းနှစ် ၁၆၁၉ ခုနှစ်သည် အမေရိကန်ပြည်ထောင်စု၏ ပထမဆုံးသော ဘုရားသခင်၏ ကျေးဇူးတော်ကို ပူဇော်ပသသော နေ့ဖြစ်၏ဟု လေ့လာမှတ်သားကြ၏။

## မြောက်ကယ်ရိုလိုင်းနား (၁၆၅၃)

ခရစ်ယာန် သဟာရအဖွဲ့များနှင့် အခြားဗာဂျီးနီးယားမှ အင်္ဂလန်ဂိုဏ်းခရစ်ယာန် ဝါဒကို လက်မခံသူများသည် ၄င်းဒေသတွင် ၁၆၅၃ ခုနှစ်၌ အတည်တကျနေထိုင်ခဲ့ကြသည်။ ထိုနောက် ၉ နှစ်ကြာလာသောအခါ အတည်တကျ နေထိုင်ခြင်းကို အသိအမှတ်ပြုသော အမိန့်ပြန်တမ်းစာကို ရရှိခဲ့ကြသည်။ ဤအတည်တကျ အခြေချနေထိုင်ခြင်းသည် တောင်ယာ ခုတ်ခြင်းနှင့်စိုက်ပျိုးခြင်းမပြုလုပ်ရသေးသော အမေရိက၏ တစိတ်တဒေသသို့ သိတင်းကောင်းပျံ့နှံ့သွားရန်ဖြစ်သည်ဟု အမိန့်ပြန်တမ်းထုတ်ခဲ့ခြင်းဖြစ်သည်။

## ဂျော်ဂျာပြည်နယ် (၁၇၃၁)

ဒေါက်တာ သောမတ်စ်အရေးနှင့် ဗိုလ်ချုပ်ကြီး ဂျိမ်းစ်အောခ်လီသော်ပီတို့သည် ဂျော်ဂျီယာ ကိုလိုနီပြည်နယ်ကို ၁၇၃၁ ခုနှစ်တွင် အခြေချနေထိုင်သူတစ်ရာတို့နှင့်အတူ စတင်ဝင်ရောက်လာခဲ့ကြသည်။ ဤပြည်နယ်ကို စတင်တည်ထောင်သူများနောက် ၁၇၃၆ ခုနှစ်တွင် မိုရာဗီယန်များနှင့် အခြားညှင်းပန်းနှိပ်စက်ခြင်းခံရသောသူများလိုက်လာခဲ့ကြ၏။ သူတို့ပြောဆိုချက်အရ၊ သူတို့သည် ဂျော်ဂျာပြည်နယ်၏ ကမ်းစပ်သို့ ဆိုက်ရောက်လာသော အခါ ဒူးထောက်၍ ဘုရားသခင်ကို ကျေးဇူးတင်ကြောင်း ဆုတောင်းပဋ္ဌနာပြုခဲ့ကြ၏။

''ငါတို့သည် နိုင်ငံကို စွန့်၍ ထွက်ခွာလာခြင်းသည် ငွေကြေးချမ်းသာရေးနှင့် ဂုဏ်ပြု ခြင်းကိုခံရန်လာသည်မဟုတ် သို့သော် ဘုရားသခင်၏ ဘုန်းကျက်သရေထွန်းတောက်စေ ရေးအတွက် ရောက်လာကြခြင်းဖြစ်၏'' ဟု ပြောကြ၏။ ဘာသာတရားကိုင်းရှိုင်းသော ဗိုလ်ချုပ်ကြီး အောဂ်လီသောနှင့် အခြားသူများ၏ ရည်မှန်းချက်ပန်းတိုင်သည် ဂျော်ဂျာပြည်နယ်ကို ဘာသာရေးကိုင်းရှိုင်းသော ကိုလိုနီနယ်ပယ်ဖြစ်လာဘို့ရန်နှင့် ဆဗားနား မြက်ခင်းလွင်ပြင်ကို လူများမြင်နိုင်အောင် ဘာသာရေးအခမ်းအနားများ ကျင်းပ၍ ဂျွန်ချားလ် စီစလေနှင့် သင်းအုပ်ဆရာကြီး ဂျော်ဂျာဝှိုက်ဖီးလ်တို့ကို ဖိတ်ခေါ်ပြီး ခရစ်ယာန် ဘုန်းတော်ကြီး အဖြစ်သော်၄င်း၊ အင်းဒီးယန်းလူမှုရေး ကိစ္စများကို ကြီးကြပ်သူအဖြစ်သော်၄င်း ခန့်ထားကာ မိဘမဲ့ကလေးများ ဂေဟာကို ဖွင့်ထားကြသည်။ သိက္ခာတော်ရဆရာကြီး ဝှိုက်ဖီးလ်ကွယ်လွန် သွားသောအခါ ဥပဒေပြုအဖွဲ့များသည် သူ၏ ဩဇာလွှမ်းမိုးမှုကို ဂုဏ်ပြုသောအားဖြင့် လူထုအလယ်တွင် သူ၏ ရုပ်ကလပ်ကို မြေမြှုပ်သင်္ဂြိုလ်ခဲ့ကြသည်။

## အလယ်ပိုင်းကိုလိုနီနယ်မြေများ။ Presbyterian ဂိုဏ်းဝင်များအုပ်ချုပ်သောကာလ နယူးယော့ (New York) (၁၆၂၈)

ဤကိုလိုနီးနယ်မြေကို အစကတည်းက ၁၆၂၈ ခုနှစ်တွင် ကိုလိုနီနယ်ပယ်နှစ်ခုအဖြစ် ခွဲခြားထားသည်။ ပထမကိုလိုနီနယ်မြေကို နယူးအမ်းစတား ကိုလိုနီဟုခေါ်၍ ဒုတိယ ကိုလိုနီနယ်ပယ်ကို နယူးနယ်သာလန်ကိုလိုနီဟုခေါ်၏။ ဤကိုလိုနီ နယ်ပယ်ကို နှစ်စလုံးကို သိက္ခာတော်ရဆရာကြီး ဂျိုးနာစ်မိုက်ကယ်လီယပ်နှင့် အခြားသော ဒါ်ချ်ပြုပြင်ပြောင်းလဲခဲ့သော အသင်းတော်က ခွဲဝေ၍ အုပ်ချုပ်ကြသည်။ နယူးအမ်စကာဒမ်မြို့၏ မှတ်တမ်းထဲတွင် ပထမဆုံး ရေးသွင်းထားသော မှတ်တမ်းတွင် ယနေ့ နယူးယော့မြို့ကို သိက္ခာတော်ရဆရာကြီး ဂျွန်မီဂါပိုလင်စစ်အဖွင့် ဆုတောင်းခြင်းဖြင့် ၁၆၅၃ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည်။ ကျွန်ုပ်တို့၏ နှလုံးသားများကို ကျက်သရေရှိစွာ တိမ်းညွတ်စေပါ၏။ ပြည်သူလူထု ကောင်းစားရေးနှင့် အသင်းတော် ဆက်လက်တည်တံ့နိုင်ရေးနှင့် ကောင်းမွန်စွာ ကျေးဇူးတော်ကို ချီးမွမ်းနိုင်ရန်နှင့်

ကြောက်စရာကောင်းသော ယုတ်မာသူများ၏ ဘေးအန္တရာယ်မှ လွတ်မြောက်ရန် ကိုယ်တော်ရှင်ပေးတော်မူသော တန်ခိုးပါဝါကို အသုံးချကြပါ၏ဟု ဆုတောင်းခဲ့ပါ၏။ သက္ကရာဇ် ၁၆၆၅ ခုနှစ်တွင် ဥပဒေပြုအဖွဲ့သည် လူထုနှင့်ဆိုင်သော ဘုရားရှိခိုးခြင်းကို ထောက်ခံ အတည်ပြု၍ မှန်ကန်သော ဘာသာတရားကို ကိုးကွယ်ကြရန် ညွှန်ကြားချက် ပေးခဲ့၏။

## မေရီလင်းပြည်နယ် (၁၆၃၃)

မေရီလင်းပြည်နယ်သည် ကက်သလစ်အုပ်ချုပ်သော ကိုလိုနီနယ်မြေဖြစ်သည်။ သို့သော် ဤပြည်နယ်သည် နှစ်ပေါင်း ၂၀ ကြာလာသောအခါ ပရိုတက်စတင် ဂိုဏ်းဝင်များ အုပ်စိုးသော ပြည်နယ်ဖြစ်လာသည်။ သခင် ဘာလ်တီမိုးက စေလွှတ်ခဲ့သော လေ့လာရေးခရီးကို ဦးဆောင်သော မြို့တော်ဝန်သည် ဤဒေသကို သခင်ယေရှုခရစ်အတွက် သိမ်းပိုက်၍ ခရစ်ယာန် ဘာသာရေးစနစ်ကို ထူထောင်ခဲ့သည်။ ခေါင်းဆောင်တစ်ဦး၏ ရေးသားချက်အရ ကျွန်ုပ်တို့သည် ကြီးမားသော လက်ဝါးကားတိုင်ကြီးကို ပခုံးပေါ်တွင်တင်၍ ထမ်းလာကြပြီး ကျွန်ုပ်တို့ရွေးချယ်ထားသော နေရာသို့ ရွှေ့ပြောင်းလာခဲ့ကြပြီးနောက် ဖလားကဲ့သို့သော ကျွန်ုပ်၏ ကယ်တင်ရှင်ခရစ်တော်၏ လက်ဝါးကားတိုင်ကို စိုက်ထူကာ နှိမ့်ချစွာ ဒူးထောက်၍ စိတ်နှလုံးခံစားချက်ပြင်းထန်စွာ ဘုန်းတော်ကြီး၏ တိုင်ပေးသော ဘုရားစာကို ရွတ်ဆိုခဲ့ကြ၏ ၄င်းနောက် ဖါးဒါးအင်ဒရူးဝှုဒ်၏ ရေးသားခဲ့သည်မှာ ကြည့်ပါ လယ်မြေထဲရှိသော စပါးများသည် မှည့်နေကြပြီးဖြစ်၍ ရိတ်သိမ်းပြီး အကျိုးဖြစ်ထွန်းသော အသီးအပွင့်ရရှိစေရန် သိတင်းကောင်း၏ မျိုးစေ့ကိုကြဲကြပါ။ လူပေါင်းမြောက်များစွာ၏ စိတ်နှလုံးကို ခရစ်တော်ထံသို့ ပို့ဆောင်လာကြ ဘို့ရန် ဤသို့သော ဂုဏ်ကျက်သရေရှိသော လုပ်ငန်းကို မည်သူသည် စိုးရိမ်ကြောင့်ကျခြင်း မရှိဘဲ လုပ်ဆောင်နိုင်မည်နည်း'' ဟူ၍ ရေးသားထား၏။ ၁၆၄၉ ခုနှစ်တွင် မေရီလင်းပြည်နယ်၏ သည်းခံခြင်းအက်ဥပဒေကို ပြဌာန်းခဲ့၍ မည်သူမဆို ခရစ်တော်ယေရှုကို လက်ခံ၍ ယုံကြည်လာနိုင်ရန် အမှုတော်ဆောင်လုပ်ငန်းများကို အနှောင့်အယှက်ပေးခြင်း၊ ဘာသာရေးကို ရှိသေခြင်း 'ဝါ' လွတ်လပ်စွာ

ကိုးကွယ်နိုင်ခြင်းစသည်များကို အနှောင့်အယှက် မပေးကြရန် တားမြစ်သည်ဟု ဖော်ပြခဲ့၏။

## ဒီလာဝါရ် (၁၆၃၈)

၁၆၃၈ ခုနှစ်တွင် နယူးဆွီဒင်ကို ဒီလာဝါရ်မြစ်တလျှောက်၌ ရဲရင့်သော ဂုတ်စ်တာဗတစ် အဒေါလ်ဖပ်စ်ဘုရင်၏ ''ပရိုတက်စတင့်ကမ္ဘာသစ်ကို ထူထောင်ရန်'' ဟူသော ရူပါရုံကြောင့် ထူထောင်ခဲ့ခြင်းဖြစ်သည်။ ဤဒေသတွင် အခြေချနေထိုင်နေသူများမှာ သိက္ခာတော်ရ ဆရာကြီး ကမ်ပါနီယမ်နှင့် အခြားသော ဆွီဒင်လူသာရီယန်း အသင်းတော်မှ လူများလာ ရောက်နေထိုင်ခဲ့ကြ၏။

## ပင်ဆယ်လ်ဗေးနီးယားပြည်နယ် (၁၆၈၁)

သက္ကရာဇ် ၁၆၈၁ ခုနှစ်တွင် ခုပ်ကာဝီလျံပဲင်းကို နယူးယော့နှင့် မေရီလင်းပြည်နယ် အကြားရှိ ဒေသကို အုပ်ချုပ်ရန် တာဝန်ပေးထားကြ၏။ ခုပ်ကာဝီလျံပြောပြခဲ့သည်မှာ ''ဘုရားသခင်သည် ဤဒေသရှိ လူမျိုးများ၏ မျိုးစေ့ကို ကြဲသော သူဟူသော ကောင်းကြီးကို ခံစားရပါလိမ့်မည်'' ၁၆၈၂ ခုနှစ်တွင် ပဲင်းသည် ကိုလိုနီအုပ်ချုပ်ရေးဘောင်ကို ထူထောင်ရန် ဤသို့ရေးသားခဲ့၏။ ''ဥပဒေများသည် မှန်ကန်သော ခရစ်ယာန်များနှင့် လူထုလွတ်လပ်ရေးကို ဆန့်ကျင်၍ ခရစ်ယာန် မဟုတ်သူများနှင့် မတရားပြုလုပ်သူများထံမှ ကာကွယ်စောင့်ရှောက်သော ဥပဒေဖြစ်သည်နှင့်အမျှ ထိုအရာများအားဖြင့် ဘုရားသခင် ရရန်ရှိ၍ ထီဇာဘုရင်းသည်လည်း ရရန်ရှိပြီး လူများကလည်း ရရန်ရှိကြသည်။ ပဲင်းသည်ပင် ဆီယ်လ်ဗေးနီးယား ပြည်နယ်အုပ်ချုပ်ရေး၏ (မူ) ဘောင်အကြောင်းကိုလည်း ဤသို့ရေးသားခဲ့၏။ အစိုးရသည် တိုင်ကပ်နာရီနှင့်တူ၏။ လူများ၏ လှုပ်ရှားမှုကြောင့် ရွေ့သွားကာ အစိုးရဟာ လူများကဖွဲ့စည်း၍ လူများအားဖြင့် လှုပ်ရှားခဲ့သည်၊ ထို့ကြောင့် အစိုးရသည် လူတို့အားဖြင့် ပျက်စီးခဲ့၏။ ယင်းအကြောင်းများကြောင့် အစိုးရ၏ လူများအပေါ် မှီခိုခြင်းသည် လူများသည် အစိုးရအပေါ် မှီခိုခံမှုထက်သာ၍ အကျိုးရှိ၏။

ထို့ကြောင့် လူများကောင်းလျှင် အစိုးရသည် မဆိုးနိုင်ပါ။ ပြည်သူလူထုများဒုက္ခဆင်းရဲခြင်းနှင့် ရင်ဆိုင်ရလျှင် အစိုးရက ကူညီပေးရမည်ဖြစ်၏။ နောက်ပိုင်းတွင် ဝီလျံပဲင်းသည် ရုရှားဇာဘုရင်ဖြစ်သော (Peter the Great) ကြီးမြတ်သော ပီတာ ဘုရင်ကို ဤသို့သွန်သင်ခဲ့၏။ ''သင်သည် နိုင်ငံကို ကောင်းမွန်စွာ အုပ်ချုပ်လျှင် ဘုရားသခင်အတွက် အုပ်ချုပသည်ဖြစ်၍ ဘုရားသခင်သည် သင့်ကို ကောင်းချီးပေးတော်မူလိမ့်မည်'' ဟု ပြောခဲ့ဘူး၏။

## ကျမ်းစာနှင့်စပ်ဆိုင်သော လူထုအစိုးရအုပ်ချုပ်ရေး၏ ပြုပြင်ပြောင်းလဲခြင်း

အတိုချုပ်ပြောရလျှင် ခရစ်ယာန်ဘာသာသည် အမေရိကရှိ ကိုလိုနီနယ်ပယ်များအတွက် အဓိကဗဟိုချက်ဖြစ်ပါသည်။ ဤရှေးဦးကျသော အမေရိကန်များသည် ယေရှုခရစ် အသင်းတော်ရှိသော နေရာ၌ လွတ်လပ်မှုရှိ၍ ထိုလွတ်လပ်မှုကို ရှင်သန်ကြီးထွားလာ နိုင်ရန်နှင့် ကမ္ဘာတစ်ခုလုံးထွန်းလင်းလာစေရန်အတွက် လူမျိုးတစ်မျိုးကို ထူထောင်ရန် အလိုရှိတော်မူသည်ကို သိမြင်ခဲ့ကြသည်။ ကိုလိုနီတစ်ခုစီတိုင်း၏ အခြေချနေထိုင်မှုတွင် ခရစ်ယာန်ဘာသာဝင်များ အုပ်စိုးမှုရှိ၏။ နယူးအင်္ဂလန် ကျွန်းရှိ မြောက်ပိုင်းကိုလိုနီနယ်များ သည် မဟာမိတ်ဖွဲ့၍ ၁၆၄၃ ခုနှစ်တွင် အမေရိကရှိ ကိုလိုနီ (၁၃) ခု၏ အမြင်ကို ပေါ်လွင်စေသည်။ ''ငါတို့အားလုံးသည် ဤအမေရိက အစိတ်အပိုင်းဒေသသို့ တစ်ဦးတစ်ယောက်ကဲ့သို့ စိတ်တူကိုယ်တူရည်ရွယ်ချက်တူရောက်ရှိလာကြသည်။ အမည်နာမအားဖြင့် ဤနေရာသို့ရောက်လာကြခြင်းသည် ငါတို့ခရစ်တော်ယေရှု၏ နိုင်ငံတော်တိုးတက်ကျယ်ပြန့်လာစေဘို့နှင့် သိတင်းတောင်းကို လွတ်လပ်စွာ ဟောပြော နိုင်ရန်နှင့် ငြိမ်းချမ်းစွာနေထိုင်ကြရန်ဖြစ်၏။ ဤမျှအစဖြစ်သော ကိုလိုနီနယ် အသီးသီး၏ လူမျိုးများနှင့် အယူအဆများ၏ အမျိုးအမည်ကို သိရှိနိုင်ရန် လေ့လာဆန်းစစ်သောအခါ အမေရိကန် ခရစ်ယာန် ပြည်သူလူထု၏ မျိုးစေ့များပါဝင်၍ ခရစ်ယာန် ဘာသာရေး၏ အခြေခံကျသော စည်းလုံးရေးရှိသည်ကို ဖော်ပြ၏။ သို့သော် စည်းလုံးညီညွတ်ခြင်း ရှိသော်လည်း သူတို့၏ အကြားတွင် ကြီးမားသော ကွဲပြားခြားနားမှုရှိ၏။ ဤကိုလိုနီနယ်

အသီးသီးသည် တော်လှန်ရေးကာလမတိုင်မီ၊ အမျိုးသားဖွဲ့စည်းအုပ်ချုပ်မှု အောက်တွင် အတူတကွ ရောနှောနေထိုင်စဉ်၊ သူတို့၏ အုပ်ချုပ်ရေးပုံစံ အောက်တွင် တိုးတက်မှုရှိကြ၏။ အုပ်ချုပ်ရေး၏ အရေးကြီးသော ပုံစံသုံးမျိုးကို ယနေ့ အမေရိကတိုက်တွင် တွေ့မြင်နိုင်ပါသည်။

၁။ ခရစ်ယာန် ဂိုဏ်းအုပ်၊ အုပ်ချုပ်ရေး 'ဝါ' ကေရာဇ်ဘုရင်စနစ်ဖြင့် အုပ်ချုပ်ခြင်း ၄င်းကို သမ္မတနှင့် မြို့တော်ဝန်များအုပ်ချုပ်ရေးတွင် တွေ့မြင်နိုင်သည်။

၂။ Presbyterian ဂိုဏ်းဝင်များ 'ဝါ' မျိုးရိုးကြီးမြတ်သူများအုပ်ချုပ်ရေးနှင့် သက်ဆိုင်သော စနစ်။ ၄င်းတို့ကို တရားသူကြီးများနှင့် မူလအစက အမေရိကန်ပြည်ထောင်စု၏ လွှတ်တော် အမတ်များတွင် တွေ့မြင်နိုင်သည်။

၃။ ဘာသာရေးနှင့်ပတ်သက်သော အရာ 'ဝါ' ဒီမိုကရေစီစနစ်ကို ကြိုက်နှစ်သက်သော လူထု။ ၄င်းတို့ကို အမေရိကန် U.S အစိုးရနှင့် ပြည်နယ်ကိုယ်စားလှယ်များတွင် တွေ့မြင်နိုင်သည်။ အသင်းတော်အုပ်ချုပ်ရေး ပုံစံတစ်ခုတည်းဖြင့် ဖွဲ့စည်းတည်ထောင် ခဲ့သော ကျမ်းစာနှင့်စပ်ဆိုင်သော စံပြမဟုတ်သကဲ့သို့ လူထုနှင့်ဆိုင်သော အုပ်ချုပ်ရေးပုံစံသည်လည်း ဤသုံးခုစလုံးတွင် စုပေါင်းထားသည်။ ခရစ်ယာန် ဘုန်းတော်ကြီး၏ အုပ်ချုပ်ရေး၊ Presbyterian ဂိုဏ်းဝင်များ အုပ်ချုပ်ရေးနှင့် ဘာသာရေး လူစုလူဝေးနှင့် စပ်ဆိုင်သော ပုံစံများသည် ကျမ်းစာနှင့် စပ်ဆိုင်သော အသင်းတော် အုပ်ချုပ်ရေးကို ပြုလုပ်ကြ၏။ ကေရာဇ်ဘုရင် အုပ်ချုပ်ရေး၊ မျိုးရိုးကြီးမြတ်သောသူများ၏ အုပ်ချုပ်ရေးနှင့် ဒီမိုကရေစီအုပ်ချုပ်ရေးများသည် ကျမ်းစာနှင့်စပ်ဆိုင်သော လူထုနှင့် သမ္မတနိုင်ငံအုပ်ချုပ်ရေးကို အတူတကွ ပူးပေါင်းဆောင်ရွက် ကြသည်။ ဒါဟာ အမှန်တကယ် ဘုရားသခင်၏ ကျေးဇူးတော်အားဖြင့် အမေရိကန်ပြည်ထောင်စု၏ ထူထောင်ရေးကို ပြင်ဆင်ပေးတော်မူခြင်းဖြစ်၏။

## အမေရိကန် ခရစ်ယာန်တော်လှန်ရေးနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံ

ဤအမေရိကန်တော်လှန်ရေးသည် ခရစ်ယာန် တော်လှန်ရေးပင်ဖြစ်၏။ ဒါဟာ လွယ်ကူသော အလုပ်မဟုတ်ပါ။ အကြောင်းမူကား ဤတော်လှန်ရေးသည်

ဆင်မြူရယ်အာဒမ်စ်စသော ခရစ်ယာန် ခေါင်းဆောင်ကြီးများက ဦးဆောင်၍ တိုက်ပွဲဝင်ခဲ့ခြင်း ဖြစ်လာသောကြောင့်ဖြစ်၏။ သို့သော် ကျမ်းစာနှင့် စပ်ဆိုင်သော ကမ္ဘာ့ အခြေအနေ အရပ်ရပ်ကြောင့် ကိုလိုနီနယ်သားများသည် စည်းလုံးညီညွတ်မှုရှိကြပြီး ဆန့်ကျင်တော်လှန် လိုသော စိတ်၏ စေ့ဆော်မှုရှိသောကြောင့် တိုက်ပွဲဝင်ခဲ့ခြင်းဖြစ်၏။ လွတ်လပ်ရေး ကြေညာချက်တွင် သောမတ်ဟ် ဂျက်ဖါဆင်းရေးသားခဲ့သော စာသည် ''ခုခံတွန်းလှန်ခြင်းနှင့် လွတ်ငြိမ်ရေး'' ဟူသော ခရစ်ယာန်များ၏ အယူအဆပေါ်တွင် အခြေခံ၍ ရေးသားထားခဲ့၏။ အမေရိကတိုက် တတိုက်လုံးဆိုင်ရာ ကွန်ကရက်လွှတ်တော်သည် ထပ်ခါတလဲလဲ ဘုရားသခင်၏ မျက်နှာကို ရှာ၍ ဆုတောင်းခြင်းဖြင့် သူတို့၏ ကြေညာချက်တွင် ဘုရားသခင်ကို အသိအမှတ်ပြုခြင်းနှင့် တရားဥပဒေပြဋ္ဌာန်းခြင်းတို့ကို ပြုလုပ်ကြ၏။ ပတ်ထရစ်ဟင်နရီသည် တော်လှန်ရေး၏ တတိယအဆင့်တွင် ကျမ်းစာကို လက်နက်အဖြစ် အသုံးပြုရန် တိုက်တွန်းခဲ့၏။ ဂျော်ချ်ဝါရှင်တန်သည် သူဦးဆောင်သော အမေရိကန် တပ်မတော်အတွင်း ဆုတောင်းကြရန် တိုက်တွန်း၍ သူကိုယ်တိုင်လည်း အကြိမ်ကြိမ် ဆုတောင်းခဲ့၏။ ဝါရှင်တန်သည် တပ်မတော်ကို ဦးဆောင်သော စစ်ဦးချုပ်အမိန့်အာဏာကို စွန့်လွှတ်၍ အသစ်သော ဖွဲ့စည်းအုပ်ချုပ်ပုံကို ရေးဆွဲကာ ပထမဆုံးသော အမေရိကန် သမ္မတဖြစ်လာ၏။ လူနှင့်အုပ်ချုပ်ရေး၏ ခရစ်ယာန်အယူအဆပေါ်တွင် အခြေခံ၍ လွတ်လပ်ရေး ကြေညာခြင်းကိုပြုလုပ်သည်။ အမှန်တကယ် ဤသို့သော အခြေခံ အုတ်မြစ်ချခြင်း သည် သမိုင်းတွင် ပထမဦးဆုံးသော နိုင်ငံတော် ပဋိညာဉ်ဖြစ်သည်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ ကမ္ဘာ့အမြင့်ဆုံး တရားရုံးသို့ အသနားခံခြင်းများနှင့် ဘုရားသခင်၏ ကာကွယ်မစတော်မူခြင်းအပေါ် ခိုင်မြဲသော ယုံကြည်စိတ်ချမှုရှိကြောင်း အသိအမှတ်ပြုခြင်းဖြင့် ကြေညာခြင်းကို ပြီးဆုံးစေခဲ့၏။ လွတ်လပ်ရေး ရရှိကြောင်း ကြေညာချက်လက်မှတ်ရေးထိုးပြီးသည့်နောက် အမေရိကန် တော်လှန်ရေး၏ ဖခင်ကြီးဆင်မြူရယ်အာဒမ်သည် ဤသို့ မိန့်ခွန်းပြောခဲ့၏။ ''ကျွန်ုပ်တို့သည် လူသားများက သူ့ကိုသာလျှင် နာခံရမည်ဖြစ်သော အတိုင်းမသိတန်းခိုသြဇာအာဏာကြီးမား လှသော ဘုရားသခင်ကြောင့် ဒီနေ့အောင်မြင်ခြင်းကို ပြန်လည်ရရှိခြင်းဖြစ်၏။ သူသည် ကျွန်ုပ်တို့ကို ကောင်းကင်ဘုံမှ

နေထွက်လာသည်မှနေဝင်သွားသည်အထိ အုပ်ချုပ်တော်မူပါ။ သူ့နိုင်ငံတော်တည်ထောင်ပါစေသော်'' ဟု ပြောလေ၏။ အမေရိကတိုက်ရှိ တည်ထောင်သူ (founders) များသည် သူတို့၏ လူမျိုးမွေးဖွားခြင်းက သမိုင်းတွင် ပထမဆုံးသော ခရစ်ယာန် လူမျိုးများမွေးဖွားခြင်းကို သိသာမြင်သာစေသည်ကို နားလည်သဘောပေါက်ကြ၏။ ကိုလိုနီ နယ်ပယ်တည်ထောင်သူများသည် ခရစ်ယာန်ချည်းသာမဟုတ်ကြပေမယ့်လည်း သူတို့၏ အုပ်ချုပ်ရေးစနစ်ကို ခရစ်ယာန် အခြေခံမူပေါ်တွင်မူတည်၍ အဖက်ဖက်မှပြည့်စုံစွာ တည်ထောင်ကြသည်။ ဂျေးဝင်းဂိတ်သော်ထန်က ဆဋ္ဌမမြောက်အမေရိကန် သမ္မတဂျွန်ကွင်စီအာဒမ်၏ ပြောပြခဲ့သောစကားများကို ပြန်ပြောပြခဲ့သည်မှာ အမေရိကန် တော်လှန်ရေး၏ အမြင့်ဆုံးသော ဘုန်းကျက်သရေသည် ခရစ်ယာန် ဘာသာရေး၏ အခြေခံမူများနှင့် လူထုနှင့်ဆိုင်သော အုပ်ချုပ်ရေး၏ အခြေခံမူများသည် မကွဲမပျက်စီးနိုင်သော စာချုပ်အားဖြင့် တစ်လုံးတစ်ဝတည်းဖြစ်အောင် ဆက်သွယ်ထားခြင်းဖြစ်သည်။ အမေရိကန် ပြည်ထောင်စု၏ တရားရုံးချုပ်သည် ဤစာအုပ်နှင့် အချိန်အတော်များများတွင် သဘောထားခြင်းတိုက်ဆိုင်ခဲ့ပါသည်။ ဥပမာအားဖြင့် ဖော်ပြရလျှင် ၁၈၉၂ ခုနှစ် ကျေညာချက်ထဲတွင် တွေ့မြင်နိုင်သည်။ ကျွန်ုပ်တို့၏ ဥပဒေများနှင့် ဖွဲ့စည်းပုံသည် လူသားများကို ကယ်တင်သော အရှင်၏ သွန်သင်ဆုံးမခြင်း ရုပ်လုံးပေါ်တွင် အခြေခံရန် လိုအပ်ပါလိမ့်မည်။ အမေရိကန်ဖွဲ့စည်းအုပ်ချုပ်ပုံ၏ အကြီးအကဲလည်းဖြစ် အမေရိကန် ပြည်ထောင်စု၏ စတုတ္ထမြောက် သမ္မတလည်းဖြစ်သူ ဂျိမ်းစ်မတ်ဒီဆင်သည် ဖွဲ့စည်းအုပ်ချုပ်ပုံ သည် ခရစ်ယာန် ဘာသာရေးနှင့် နိုင်ငံအတွင်းရှိ လူများ၏ အတွေးအခေါ်နှင့် အုပ်ချုပ်ပုံ၏ ထုတ်လုပ်မှုဖြစ်ကြောင်းကို ကျမ်းစာနှင့် စပ်ဆိုင်သော အစိုးရအုပ်ချုပ်ရေး၏ လုပ်ဆောင်ချက်က ဖော်ပြခဲ့သည်ဟု စကားချီတွင် ပြောခဲ့ဘူး၏။ သမ္မတကြီးမတ်ဒီဆင်ရေး သားထားသော အချက်အလက်များထဲတွင် အဓိကအချက်ငါးချက်မှာ –

၁။ တရားမျှတမှုကို ထူထောင်ရန်။ ဒါဟာ ရောမ ၁၃ နှင့် ၁ပေတရု ၂း၁၄ တို့တွင် ဖော်ပြထားသော စာပိုဒ်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်၍ မကောင်းမှုပြုလုပ်သူများကို အပြစ်ပေးခြင်းနှင့် ကောင်းမြတ်သောအလုပ်လုပ်သူများကို ကာကွယ်ရေးဖြစ်၏။

၂။ ပြည်တွင်းရေးရာနှင့်ဆိုင်သော ငြိမ်သက်ခြင်းကို အာမခံရန်။ ဤစကားစုများသည် ရှင်ပေါလုတိုက်တွန်းထားခဲ့သော (၁တိမောသီ ၂း၁-၂) တွင်ဖော်ပြထားသော အစိုးရအတွက် ဆုတောင်းပဌနာပြုခြင်း၏ အာရုံစူးစိုက်ခြင်းဟူသော စကားမှ လာခဲ့သည်။ The New American Standard Bible က ဖော်ပြသည်မှာ ဘာသာတရားကိုင်းရှိုင်းသော သူများသည် ဘဝအသက်တာတွင် ဂုဏ်သိက္ခာရှိခြင်းနှင့် ငြိမ်းချမ်းစွာ ဦးဆောင်မှုပြုလုပ်နိုင်ရန် အစိုးရအတွက် ဆုတောင်းပဌနာပြုရန်ဖြစ်၏။

၃။ **အများပြည်သူများကာကွယ်ရေးအတွက် ထောက်ပံ့ပေးခြင်း၊** မသိနားမလည်သော လူသားများ၏ အသက်တာသည် သေဒဏ်ပေးခြင်းမခံရလေအောင် ကာကွယ်ပေးရုံတင်မကဘဲ အပြင်ဘက်မှလာသော ခြိမ်းခြောက်ခြင်းကို တပ်မတော်အားဖြင့် ကာကွယ်စောင့်ရှောက်ပေးရန်ဖြစ်၏။

၄။ **ပြည်သူများ၏ သက်သာချောင်ချိရေးကိုမြှင့်တင်ပေးခြင်း။** (ရောမ ၁၃း၄) တွင် ဖော်ပြခဲ့ရာ၌ ''အုပ်ချုပ်သူများသည် လူထုကောင်းစားရေးအတွက် အစေများဖြစ်ကြ၏။ နိုင်ငံသား အမျိုးအစားအားလုံး၏ ကောင်းစားရေးနှင့်တူညီသော အခွင့်ရေးများရရှိရေး အတွက် အာမခံချက်ကို အစိုးရက မြှင့်တင်ပေးရမည်ဖြစ်၏။ အစိုးရသည် အဖွဲ့စည်းတစ်ခုကို ဦးစားပေး၍ ငွေကြေးထောက်ပံ့ခြင်းနှင့် အခြားအကူအညီများ သီးသန့်ထောက်ပံ့ခြင်းစသည်တို့ကို မပြုလုပ်သင့်ပါ။ ပြည်သူလူထုအားလုံးကို တန်းတူညီတူမြှင့်တင်ပေးရန်ဖြစ်ပြီး အခြားသော လူစုကိုသာ ဦးစားပေးမြှင့်တင်ခြင်း မျိုးကို မပြုလုပ်သင့်ပေ။

၅။ **ကောင်းကြီးခံစားရသော လွတ်လပ်ရေးကို လုံခြုံအောင်ထိန်းသိမ်းခြင်း။** ကောင်းကြီးမင်္ဂလာဆိုသည်မှာ ဘုရားသခင်၏ မှန်မြတ်သော လက်ဆောင်မွန်ဖြစ်၏။ အစိုးရကပေးကမ်းချီးမြှင့်သော အခွင့်အရေးမဟုတ်ပါ။ ဤခံစားရသော ကောင်းကြီးများထဲတွင် အသက်တာ၊ လွတ်လပ်ရေးနှင့် ပစ္စည်းဥစ္စာများပါဝင်ကြ၏။ ကျမ်းစာနှင့်စပ်ဆိုင်သော အစိုးရအုပ်ချုပ်ရေး၏ ရှုဒေါင့်မှကြည့်ခဲ့လျှင် သူသည် ဤကဲ့သို့သော ကြောင်းကြီးမင်္ဂလာများကို မပေးနိုင်ပါ။ သို့သော် လုံခြုံအောင်တော့ ထိန်းသိမ်းထားနိုင်ပါသည်။ ကျမ်းစာကို အခြေခံ၍ ဖွဲ့စည်းထားသော ဤရည်မှန်းချက်ပန်းတိုင်အားလုံးအပြင် ကျမ်းစာနှင့်စပ်ဆိုင်သော အခြေခံဖွဲ့စည်းမှု

အားလုံး၏ အုပ်ချုပ်ရေးတွင်ရှိရမည့်ဘောင်အတွင်း အမေရိကန် ပြည်ထောင်စု၏ အခြေခံအုပ်ချုပ်ရေးကို ထူထောင်ခဲ့ကြသည်။ ဤဘာသာတရားကိုင်းရှိုင်းသော အုပ်ချုပ်ရေး၏ ဖွဲ့စည်းမှုအခြေခံအကြောင်းကို အခန်း (၁၁) တွင် ပိုမိုပြည့်စုံစွာ ဖော်ပြလိမ့်မည်။ သို့သော် ပြည့်စုံမှုမရှိသော်လည်း အမေရိကန် ဖွဲ့စည်းအုပ်ချုပ်ပုံသည် ကျမ်းစာနှင့် စပ်ဆိုင်သော အယူအဆနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံကို အပြည့်စုံဆုံးထင်ရှားစွာ ဖော်ပြခဲ့၏။ ဤအကြောင်းများကြောင့် အမေရိကန် ဖွဲ့စည်းအုပ်ချုပ်ပုံသည် နှစ်ပေါင်း ၂၀၀ ကျော်ကြာရှည်ခံ၍ ကမ္ဘာ့နိုင်ငံပေါင်းမြောက်များစွာတို့က ကူးယူခဲ့ကြသည်။

## ၁၉ရာစုနှင့် ၂၀ ရာစုအတွင်း လွတ်လပ်ရေးသံကြိုး၏ တိုးတက်မှု

လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ကျော်ခန့်တွင် လွတ်လပ်ရေးသံကြိုးဆက်သည် အထူးသဖြင့် လက်တင်အမေရိက၊ အာဖရိကတိုက်နှင့် ဩစတြေးလျတိုက်တို့တွင် ပျံ့နှံ့၍ အင်အားတိုးစေခဲ့သည်။ တောင်အမေရိကတိုက်တွင် လွတ်လပ်ရေးလှုပ်ရှားမှုအတွက် ဆိုင်မွန်ဘိုလီးဗားက နိုင်ငံပေါင်းမြောက်များစွာကို ခေါင်းဆောင်၍ စပိန်အုပ်ချုပ်ရေးကို ဆန့်ကျင်တော်လှန်က အမေရိကန်ပြည်ထောင်စုနောက်မှ လိုက်၍ သူတို့၏ ဖွဲ့စည်းအုပ်ချုပ်ပုံများကို နမူနာယူပြီး ထူထောင်ရန် ကူညီခဲ့သည်။ မည်သို့ပင်ဖြစ်စေ၊ ဤလူမျိုးများ၏ အသီးအပွင့်များသည် အမေရိကန်လူမျိုးများထက် များစွာကွဲပြားခြားနားကြ၏။ အဘယ့်ကြောင့်ဆိုသော် လူများ၏ အသက်တာထဲတွင် လူမျိုးများလွတ်လပ်ရေး၊ တရားမျှတရေးနှင့် ကြီးပွားတိုးတက်ရေးအတွက် ထောက်ပံ့ရန်လိုအပ်သော အဓိကကျသော အခြေခံမှုများ ချို့ယွင်းမှုကြောင့် ဖြစ်၏။ ဤအခြေခံမှုများ၏ ချို့ယွင်းမှုသည် သမ္မာကျမ်းစာဖတ်ခြင်း ချို့ယွင်းမှုကြောင့်ဖြစ်သည်။ အမေရိကန် သမ္မတဂျိမ်းစ်မွန်းရိုးသည် သူ၏ ကျော်ကြားထင်ရှားသော မွန်ရိုးမူဝါဒကို ၁၈၂၃ ခုနှစ်တွင် ကျေညာချက်ထုတ်ပြန်က ဤတော်လှန်ရေးစစ်ပွဲများကို ထောက်ခံအားပေးခဲ့သည်။

ဥရောပတိုက်ရှိ နိုင်ငံများသည်လည်း သူတို့၏ ချုပ်ချယ်ခဲ့သူများကို တွန်းလှန်ခဲ့ကြပြီး ဖွဲ့စည်းအုပ်ချုပ်ပုံများကို ထူထောင်ရန် စတင်လေ့လာခဲ့ကြသည်။ အချို့တော်လှန်ရေးများ ဥပမာ ၁၇၈၉ ခုနှစ်တွင် ပြင်သစ်နိုင်ငံ၌ ဆင်နွှဲခဲ့သော

တော်လှန်ရေးသည် အောင်မြင်မင်ရှိဘဲ ကံမကောင်းစွာ ကျမ်းစာနှင့် စပ်ဆိုင်သော လူမှုပြောင်းလဲရေးသို့မဟုတ် ကျမ်းစာနှင့် စပ်ဆိုင်သော အတွေးအခေါ်ပညာ စသည်တို့ကို သီးခြားမတည်ထောင်နိုင်ခဲ့ပေ။ ထို့ကြောင့် နိုင်ငံ ကမောက်ကမဖြစ်လာပြီးနောက်တွင် ဘာသာတရားမရှိသော ရှင်ဘုရင်များ၏ သက်ဦးစံပိုင်စနစ်သို့ပြန်လည်ရောက်ရှိလာခဲ့ကြ၏။ အင်္ဂလန်နိုင်ငံနှင့် အမေရိကန် ပြည်ထောင်စုတို့တွင် လူသား၏ ခရစ်ယာန်အယူအဆပြည့်စုံစွာရရှိစေခြင်းငှာ နောက်ထပ်ပြုပြင်ပြောင်းလဲရေးများကို ပြုလုပ်ခဲ့ကြပြီး ၁၈၃၃–၁၈၆၅ တွင် ကျွန်စနစ်ကို အဆုံးသတ်စေခဲ့သည်။ သို့သော် ဤဘာသာရေးပြုပြင်ပြောင်းလဲမှုသည် အမေရိကန်ပြည်တွင်း စစ်ကိုဖြစ်ပေါ်စေသည်။ အဘယ့်ကြောင့်ဆိုသော် အမေရိကန်များသည် ဘုရားသခင်ထံမှ ကင်းဝေးနေကြသောကြောင့်ဖြစ်၏။ ထို့ကြောင့် အမေရိကန်နိုင်ငံတွင် ပညာတတ် လူတန်းစားများ နေထိုင်သော နေရာဒေသများတွင် လူထုအသက်တာ၏ ကျမ်းစာနှင့် စပ်ဆိုင်သော အယူအဆများကြောင့် မိမိတို့ကိုးကွယ်သည့် ဘာသာကို စွန့်လွှတ်ခြင်းများ ဖြစ်ပေါ်လာပြီး လုပ်ငန်းတာဝန်များကို အစိုးရထံသို့ ပြောင်းလဲအပ်နှံလာကာ သမ္မာကျမ်းစာနေရာတွင် လူသားများ အကျိုးနှင့်ဆိုင်သော လောကီရေးရာများနှင့် အရာအားလုံး သည် သူ့အလိုအလျောက် တစတစ တိုးတက်ပြောင်းလဲလာသည်ဟူသော တယူသန်ဝါဒများဖြင့် အစားထိုးလာခဲ့သည်။ ဥရောပတိုက်သားများနှင့် အမေရိကန်လူမျိုး နှစ်ခုစလုံးသည် ဘာသာတရားမရှိသူများနှင့်ဆိုင်သော အစိုးရ၏ အယူအဆများနှင့် အများပြည်သူများ သက်သာချောင်ချိရေးများကို လက်ခံကျင့်သုံးလာခဲ့ကြ၏။ နိုင်ငံရေးရာ ကိစ္စများတွင် အမေရိကန်ပြည်ထောင်စုသည် အခြေအနေ အရပ်ရပ်ကိုမှုမရှိဘဲ လုပ်ဆောင်လာခဲ့၏။ မည်သို့ပင်ဖြစ်စေ အမေရိကန်ပြည်ထောင်စုသည် နိုင်ငံကို လူမျိုးရေးအားဖြင့် ဦးဆောင်ဆက်ဆံ၍ လူထုအခွင့်အရေးအကြောင်းနှင့် လူ့အခွင့်အရေးများကို မြှင့်တင်ပေးခဲ့သည်။ ဤကဲ့သို့ အမေရိကန်ပြည်ထောင်စု၏ လုပ်ရပ်ကြောင့် လူမျိုးများ၏ ပြုပြင်ပြောင်းလဲရေးကို အကူအညီ ပေးခဲ့၏။ လွန်ခဲ့သော ၂ရာစု အတွင်းတွင် သိတင်းကောင်း သည် ကမ္ဘာအရပ်ရပ်သို့ အရှိန်လျင်မြန်စွာ တိုးတက်ပျံ့နှံ့လာခဲ့၏။ ဤကဲ့သို့ လျင်မြန်စွာ တိုးတက်ပျံ့နှံ့ပြောင်းလဲမှုသည် အသားမဲတိုင်းနိုင်ငံများတွင် မကြာသေးခင် ၁၀

ရာစုအတွင်း ဖြစ်ပေါ်ခဲ့၏။ ၁၉၀၀ ခုနှစ်မှစတင်၍ ယခုအချိန်ထိ အာဖရိကတိုက်တွင် ခရစ်ယာန်များ လူဦးရေသည် ၂၃၀၀ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့၏။ အနည်းဆုံး အာဖရိကတိုက် လူဦးရေ၏ ၃၅ ရာခိုင်နှုန်းသည် ခရစ်ယာန်များဖြစ်ကြ၏။ (အချို့ခန့်မှန်းချက်အရ ၅၀ ရာခိုင်နှုန်ခန့်အထိရှိ၏) ၁၉၀၀ ခုနှစ်မှစ၍ ယနေ့အထိ အာရှတိုက်တွင် ခရစ်ယာန်များ၏ လူဦးရေသည် ၁၁၀၀ ရာခိုင်နှုန်း အထိ တိုးတက်ခဲ့၏။ ယနေ့ အာရှတိုက်တွင် ခရစ်ယာန် လူဦးရေသည် တတိုက်လုံးရှိ လူဦးရေ၏ ၇ ရာခိုင်နှုန်းခန့်သာ ရှိကြသော်လည်း နောင်အရာဂတ်ကာလတွင် ပြဇာတ်တွင် ပြကွက်များပြသလိုပုံသဏ္ဍာန်သည် တိုးတက်လာလိမ့်မည်ဟု မျှော်လင့်ထားပါသည်။ နိုင်ငံအတော်များများတွင် ခရစ်ယာန် လူဦးရေကြီးမားစွာ တိုးပွားလာချိန် ၄င်းနေရာများ၌ပင် လူမှုရေးနှင့် လူထုဖွံ့စည်းရေး ပြောင်းလဲမှုသည် နှေးကွေးလာသည်ကို တွေ့ရှိရပါသည်။ ဒါဟာ ဘာကြောင့်ဘဲ၊ ဥပမာပေးထားသည်ကို ကြည့်ပါ။ အာဖရိကတိုက်၏ အခြေအနေဖြစ်ပါသည်။ ၁၉၀၀ ခုနှစ်မှစ၍ ယနေ့အထိ ခရစ်ယာန် လူဦးရေတိုးတက်မှုနှုန်းသည် ၁ရာခိုင်နှုန်မှ ၃၅ ရာခိုင်နှုန်း အထိ တိုးတက်လာခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် အဖရိကတိုက် လူဦးရေ၏ ၈၀ ရာခိုင်နှုန်း ကျော်သည် ကွန်မြူနစ်အုပ်ချုပ်မှု၊ မတ်စ်ဝါဒီ သို့မဟုတ် အာဏာရှင် အုပ်ချုပ်ရေးစနစ်နှင့် စစ်တပ်က အုပ်ချုပ်သော စနစ်အောက်တွင် နေထိုင်ခဲ့ကြ၏။ သမိုင်းကြောင်းအရ၊ ဤဒေသရှိ လူမျိုးများကို သိတင်းကောင်းက လွတ်မြောက်စေခဲ့လျှင် ဤနေရာတွင် ဘာဖြစ်ပျက်လာမလဲ။ ဤဒေသရှိ လူမျိုးများတိုးတက်မှု အချို့ရှိပါသည်။ ဤဒေသရှိ လူများသည် ပြင်ဆင်မှုမရှိခြင်းကြောင့် တိုးတက်မှုအတော်နှေးကွေးသော်လည်း လွတ်လပ်ရေး၊ တရားမျှတမှုရှိရေးနှင့် ကြီးပွားတိုးတက်ရေးရရှိရေးအတွက် အယူအဆ အတွေ့အခေါ်များ စိမ့်ဝင်စေခဲ့သည်။ အိမ်နှင့် အသင်းတော်သည် ယင်းကဲ့သို့ တပ်ဆင်ခြင်း၏ အဓိက အဖွဲ့အစည်းဖြစ်၏။ သို့သော် သူတို့ကိုယ်တိုင် ကျမ်းစာနှင့်စပ်ဆိုင်သော အကျင့်စာရိတ္တနှင့် ကမ္ဘာ့ရေးရာ ရှုဒေါင့်အတွက် ပြင်ဆင်မှုမရှိကြပေ။ အဘယ့်ကြောင့်ဆိုသော် ခရစ်ယာန် လူထု၏ တိုးပွားရေးလုပ်ငန်းအတွက် ပါဝင်ကြသော သာသနာပြုဆရာများနှင့် အသင်းတော်ခေါင်းဆောင်များသည် နှစ်ခွဖြစ်သော အများလက်ခံထားသည်နှင့်မတူကွဲပြားသော အယူအဆကို

လက်ခံထားသောကြောင့်ဖြစ်၏။ ဤအများနှင့်မတူကွဲပြားသော အယူအဆရှိသူများကို ကျမ်းစာနှင့် မစပ်ဆိုင်သော အသင်းတော်နှင့် နိုင်ငံတော်၏ ပြတ်သားစွာ ခွဲခြားခြင်း၏ ယူဆချက်များက အားကောင်းလာစေသည်။ ၎င်းယူဆချက်က ခရစ်ယာန်များကို နိုင်ငံရေးနှင့် လူထုနှင့် ပတ်သက်သော အမှုကိစ္စများတွင် ထိန်းသိမ်းထားခဲ့သည်။ ဤမှားသောမူဝါဒများကို ပိုမိုများပြားသော ခရစ်ယာန်များက ဆန့်ကျင်ကန့်ကွက်ရန် စတင်ခဲ့ကြသည်နှင့်အညီ သူတို့သည် ကျွန်ုပ်တို့မြင်နေရသော အသက်တာ၏ ပုံသဏ္ဌာန်အားလုံးတွင် ဆားနှင့် အလင်းရောင်ဖြစ်ကြပြီး လွတ်လပ်ရေးသည် ကမ္ဘာ့ဒေသအနှံ့အပြားတွင် ပျံ့နှံ့နေသည်ကို ကျွန်ုပ်တို့ဆက်လက်၍ တွေ့မြင်ကြရပါလိမ့်မည်။

အခန်း ၆

## လူထုနှင့်ပတ်သက်သော အရေးကိစ္စများအပေါ်တွင် ခရစ်တော်၏ သွန်သင်ချက်များ

## ခရစ်တော်၏ ရည်ရွယ်ချက်းအတွင်းပိုင်းနှင့် အပြင်ဘက်ပိုင်း လွတ်လပ်ရေး

ဤလောကတွင် အဘယ့်ကြောင့် ယေရှုကြွလာတော်မူသနည်း။ ဤမေးခွန်းအတွက် အဖြေပေါင်းမြောက်များစွာ ပေါ်ထွက်လာခဲ့သည်။ လူ့လောကတွင် ကြွလာတော်မူခြင်းသည် ဝိညာဉ်ပျောက်ဆုံးသောသူများကို ရှာဖွေရန်နှင့် ကယ်တင်ရန်ဖြစ်၏။ စာတန်မာရ်နတ်၏ စုံစမ်းနှောက်ယှက်ခြင်းလုပ်ငန်းများကို ဖျက်စီးပစ်ရန်နှင့် ဘုရားသခင်၏ နိုင်ငံတော် တည်ထောင်ရန်နှင့် အချို့ကို နာမည်မှည့်ရန် ကြွလာတော်မူ၏။ လူသည် ဘုရားသခင်ကို နာခံမှုမရှိသောအခါ ကိုယ့်ကိုကိုယ် ချုပ်တည်းနိုင်မှု အရည်အချင်း ဘယ်လောက်ပျောက်ဆုံး ခဲ့သည်ကို ကျွန်ုပ်တို့တွေ့မြင်ရပါ၏။ ဤကိုယ့်ကိုကိုယ် ချုပ်တည်းနိုင်မှု အရည်အချင်း မရှိခြင်းသည် အပြင်ဘက်ပိုင်းမှ ဖြစ်သော မတရားအုပ်ချုပ်မှုသို့ပို့ဆောင်ခဲ့၏။ ခရစ်တော်သည်လည်း လူများသည် ဘုရားသခင်မျက်စိတော်အောက်တွင် နဂိုအခြေအနေ အတိုင်း ကိုယ့်ကိုကိုယ် ပြန်လည်၍ အုပ်ချုပ်နိုင်ဘို့ရန် ကြွလာတော်မူခြင်းဖြစ်၏။ လူသားများသည် ကိုယ့်ကိုယ်ကို အုပ်ချုပ်ခြင်းကို စတင်ပြုလုပ်လာသည်နှင့်အညီ

၄င်းသည် အပြင်ဘက်ပိုင်းအုပ်ချုပ်ခြင်းဖြစ်သော မိမိအသက်တာကို ဆန်းစစ်လိုသော အကျိုးသက်ရောက်မှုကိုဖြစ်ပေါ်စေလိမ့်မည်။ ယေရှုသည် လူသားများကို ကယ်တင်ခြင်းပေးရန် အတွက်သာ ကြွလာသည်မဟုတ်၊ သို့သော် နိုင်ငံရေးနှင့်ဆိုင်သော လွတ်လပ်ရေးပေးရန် အတွက်ပါကြွလာခြင်းဖြစ်၏။ ယေရှုသည်သေခြင်းမှ ရှင်ပြန်ထမြောက်လာပြီးနောက် ကောင်းကင်သို့ မတက်မီ အချိန်တွင် သူတပည့်တော်များကို အတူတကွ စုဝေးစေတော်မူသည် (တမန် ၁း၆-၈)။ ထိုတမန်တော်တို့သည်လည်း စုဝေး၍ သခင်ဘုရား၊ ယခုအခါကိုယ်တော် သည် ဣသရေလအမျိုးသားတို့အား နိုင်ငံကို ပြန်ပေးတော်မူမည်လောဟု မေးလျှောက်ကြလျှင် သခင်ဘုရားက ခမည်းတော်တန်ခိုးအားဖြင့် စီရင်တော်မူသော အချိန်ကာလကို သိရသော အခွင့်သည် သင်တို့၌မရှိ။ ထိုသို့မရှိသော်လည်း သခင်တို့ အပေါ်သို့ သန့်ရှင်းသောဝိညာဉ်တော်ဆင်းသက်သောအခါ သင်တို့သည် တန်ခိုးကိုခံရ၍ ဂျေရုဆလင်မြို့မှစသော ယုဒပြည်၊ ရှမာရိပြည်၊ မြေကြီး စွန်းတိုင်အောင် ငါ၏ သက်သေဖြစ်ကြ လိမ့်မည်ဟု မိန့်တော်မူ၏ (တမန်တော် ၁း၆-၈) ယေရှုတပည့်တော်များ ပြောဆိုကြသော နိုင်ငံတော်သည် မည်ကဲ့သို့သော နိုင်ငံမျိုးဖြစ်သနည်း။ သူတို့ ပြောဆိုကြသော နိုင်ငံတော်သည် ဤလောကီနိုင်ငံတော်အကြောင်းဖြစ်ပါ၏။ လွန်ခဲ့သော ရာစုနှစ်များတွင် ဟေဗြဲ လူမျိုးများ သည် မေရှိယသည် ဤလောကသို့ကြွဆင်းလာတော်မူစဉ် နိုင်ငံတော်ကို တည်ထောင်တော်မူပြီး သူ့လူမျိုးများကို ကျွန်ဘဝမှ လွတ်မြောက်စေ လိမ့်မည်ဟူသော ကျမ်းစာ၏ ကြိုတင်နမိတ်ဖတ်ကြညာခြင်းကို ဖတ်ရှုခဲ့ကြ၏။ ယေရှုသည် ဤလောကသို့ သက်တော်ထင်ရှားစဉ်တွင် သူ့နောက်လိုက်တပည့်တော်များ သည် ယေရှုသည် တချိန်ချိန်တွင်သို့ နိုင်ငံတော်ကို တည်ထောင်လိမ့်မည်ဟု ထင်ကြ၏။ သူတို့သည် ယေရှုကို ရှင်ဘုရင်ဖြစ်ဘို့ရန် ကြိုးစားခဲ့ကြသေး၏။ သူ့တပည့်တော်များသည် သူ၏ နိုင်ငံတော်မည်ကဲ့သို့ တည်ထောင်ရမည်ကို မသိရှိကြပေ။ ယေရှုသည် ဤလောကတွင် အမှုတော်ထမ်းဆောင်နေစဉ် တွင် သူ့နိုင်ငံတော်မတည်ထောင်ခဲ့သည်ကို မြင်ရသောအခါ သေချာစွာ ယခုသူသည် သေခြင်းမှ ရှင်ပြန်ထမြောက်ပြီးဖြစ်၍ နိုင်ငံတော်ကို နဂိုအတိုင်းပြန်လည်၍ တည်ထောင်ရပါ လိမ့်မည်။ ဒါဟာ သူ့ကိုမေးခွန်းမေးရတဲ့အကြောင်း ဖြစ်ပါတယ်။ တပည့်တော်များက ဘုရားသခင်၏

နိုင်ငံတော်သည် ဤလောကတွင် တည်ထောင်လိမ့်မည်ဟု ဖော်ပြချက်ကို ငြင်းဆိုခြင်းမပြုခဲ့ချေ။ အမှန်စင်စစ် ယေရှုမိန့်တော်မူသည်ကား ကမ္ဘာဒေသအနှံ့သို့ လူမျိုးများ၏ လွတ်လပ်ရေးတိုးချဲ့ခြင်းနှင့် သူ့နိုင်ငံတော်တည်ထောင်ခြင်းအချိန်ကာလသည် နောက်မှလိုက်ပါလာမည်ဖြစ်ကြောင်း မိန့်တော်မူ၏။ အပြင်ဘက်ပိုင်း လွတ်လပ်ရေး တည်ထောင်ရန်အတွက် လိုအပ်သော တန်ခိုးအာဏာသည် ဘုရားသခင်၏ ဝိညာဉ်တော်ဖြစ်၏။ ထို့ကြောင့် ယေရှုသည် ဤတန်ဦးအာဏာရရှိခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်ရရှိခြင်းမှတဆင့်ဖြစ်သည်ဟု လေးနက်စေတော်မူ၏။ ယေရှုသည် အတွင်းပိုင်း လွတ်လပ်ရေးသည် အပြင်ဘက်ပိုင်း လွတ်လပ်ရေးဖြစ်လာလိမ့်မည်ဟူသော ရှောင်လွှဲ၍ မရသော အဖြေရလာဒ်ကိုသိတော်မူ၏။

## ယေရှုသွန်သင်တော်မူခဲ့သော နိုင်ငံရေးဆိုင်ရာ အခြေခံမှု ၇ ချက်

ယေရှုသည် ဘာသာတရားကိုင်းရှိုင်းသော လူထုအုပ်ချုပ်ရေးစနစ်ကို တည်ထောင်ရန် အတွက် အပြင်ဘက်ပိုင်း အကြံအစည်ကို တိကျပြတ်သားစွာ ပြင်ဆင်မှုမရှိခဲ့ပေ။ ယေရှုသည် ထင်ရှားသော အခြေခံမှုများကို ပေးခြင်းအားဖြင့် ဝိညာဉ်တော် ‘ဝါ’ တန်ခိုးအားဏာသည် ပို၍ အရေးကြီးကြောင်း ဖော်ပြခဲ့သည်။ သူသည် ဘာသာတရားကိုင်းရှိုင်းသော ဖွဲ့စည်းပုံသည် နောက်မှလိုက်လာလိမ့်မည်ဖြစ်ကြောင်းကို သိတော်မူခဲ့၏။ ယေရှုသည်အတွင်းဘက်ပိုင်း လွတ်လပ်ရေးသည် အပြင်ဘက်ပိုင်းလွတ်လပ်ရေးအဖြစ် ရောက်ရှိလာမည်ကိုသိလျက်နှင့် လူထုအုပ်ချုပ်ရေး၏ အခြေခံမှုများနှင့် လမ်းညွှန်မှု အချို့ကိုပေးတော်မူ၏။ ပါဝင်သော အချက်များမှာ –

### ၁။ ဒီမိုကရေစီစနစ်သို့တဖြည်းဖြည်းပြောင်းလဲလာခြင်း အတွင်းဘက်ပိုင်းမှအပြင်ဘက်ပိုင်းသို့ပြောင်းလဲလာခြင်း

လွတ်လပ်ရေးရရှိဘို့ရန် ဘုရားသခင်၏ လမ်းကြောင်းသည် အတွင်းပိုင်းလွတ်လပ်ရေးမှ အပြင်ဘက်ပိုင်းလွတ်လပ်ရေးဖြစ်၏။ ဘုရားသခင်သည်

ကျွန်ုပ်တို့ကို ဤလောကတွင် သူ၏ နိုင်ငံတော်တည်ထောင်ဘို့ရန် အလုပ်လုပ်စေလို၏။ နိုင်ငံတော်တည်ထောင်ပါစေသော် အလိုတော်သည် ကောင်းကင်ဘုံ၌ပြည့်စုံသကဲ့သို့ မြေကြီးပေါ်မှာ ပြည့်စုံပါစေသော်။ (ရှင်မဿဲ ၆း၁၀) ဤနိုင်ငံတော်သည် လူ၏ စိတ်နှလုံးထဲတွင် ပထမဦးစွာ စတင်ရပါမည်။ ၎င်းနောက် အသင်းအဖွဲ့များ၏ ရုပ်သွင်အားလုံးသည် ပြင်ပ၌ သူ့သဘာဝအလျောက်ဖော်ပြပါလိမ့်မည်။ ကျမ်းစာက ဖော်ပြသည်မှာ ဘုရားသခင်၏ ဝိညာဉ်တော်သည် လူ၏ စိတ်နှလုံးထဲတွင် ရှိတော်မူသောအခါ ၎င်းလူသားသည် လွတ်မြောက်လာ၏။ ထိုနည်းတူ လူမျိုးများထဲတွင် ဘုရားသခင်၏ ဝိညာဉ်တော်ရောက်ရှိလာသောအခါ၌ ၎င်းလူမျိုးသည် လွတ်လပ်မှုကို ရရှိကြ၏။ ဤနိုင်ငံအတွင်းရှိ လူများ၊ ဥပဒေများနှင့် အဖွဲ့စည်းများစသော အသင်းအဖွဲ့ များထဲတွင် ဘုရားသခင်၏ ဝိညာဉ်တော်ကိန်းဝပ်တော်မူ၍ ဖြည့်စွက်ပေးတော်မူခြင်း ရှိသည်ကို တိုင်းတာသိရှိနိုင်ရန် ၎င်းနိုင်ငံရှိ အသင်းအဖွဲ့များဖြစ်ကြသောလူထု၊ ဘာသာရေး၊ စီးပွားရေး စသည့်နယ်ပယ်များတွင် လူများသည် လွတ်လပ်ရေး၏ အရသာကို ကောင်းစွာခံစားရမည် ဖြစ်၏။

ကျွန်ုပ်တို့ကို လွတ်လပ်မှုရရှိစေရန် ခရစ်တော်ဆင်းသက်တော်မူ၏။ (ဂလာတိ ၅း၁–၃) ဝိညာဉ်ရေးဆိုင်ရာ လွတ်လပ်ရေး သို့မဟုတ် လွတ်လပ်မှုသည် နောက်ဆုံးတွင် နိုင်ငံရေး ဆိုင်ရာ လွတ်လပ်ခြင်းကို ရရှိစေ၏။ အပြင်ဘက်ပိုင်းဖြစ်သော နိုင်ငံရေးဆိုင်ရာ ကျွန်ဘဝ ရောက်ရှိခြင်းသည် အတွင်းဘက်ပိုင်းဖြစ်သော ဝိညာဉ်ရေးဆိုင်ရာ ကျွန်ပြုခြင်းကို ပေါ်လွင်စေ ၏။ (ရှင်မဿဲ ၁၂း၁၈–၂၁) တွင် ဖော်ပြခဲ့သည်မှာ ယေရှုသည် တပါးအမျိုးသားများထံသို့ တရားမျှတမှုရရှိရေးနှင့် ဤလောကတွင် တရားမျှတမှုကို တည်ထောင်ကြရန် ကြေညာဘို့ရန် အတွက် ကြွလာတော်မူခဲ့၏။ (ဟေရှာယ ၄၂း၄) သူသည် အကောင်းဖြင့် အဆိုးကို နိုင်ဘို့ရန် ကူညီသည့် အနေဖြင့် သူများနှင့် ရန်မဖြစ်၊ အော်ဟစ်ခြင်း၊ ကြွေးကြော်ခြင်းကို မပြုမူ၍ လမ်းခရီး၌ သူ၏ အသံကို အဘယ်သူမျှ မကြားစေရဟု ဖော်ပြထား၏။ ယေရှုသည် ဖိနှိပ်စက်ခြင်းခံရသော သူများကို လွတ်မြောက်စေရေးနှင့် ကျွန်ဘဝသို့ရောက်ရှိနေကြသော သူများနှင့် ဆင်းရဲသားများကို ကူညီရန် ရည်ရွယ်သော်လည်း သူ၏ အခြေခံဖြစ်သော ပြောင်းလဲခြင်း နည်းစနစ်သည်တစ်ဦးချင်းအတွက်သော်၎င်း၊ လူမျိုးများအတွက်သော်၎င်း

ပြောင်းလဲခြင်းမရှိဘဲ အတူတူပင်ဖြစ်သည်။ ကျွန်ုပ်တို့၏ အသက်တာများတွင် သူ့နှုတ်ကပတ်တော်ကို အသုံးချခြင်းဖြင့် ကျွန်ုပ်တို့သည် တဖြေးဖြေးပြောင်းလဲလာခဲ့ကြ၏။ ဒေါက်တာဩဂတ်စတတ်စ်နင်းဒါးသည် သူ ၁၈၅၁ ခုနှစ်တွင် ရေးသားခဲ့သော ''ခရစ်ယာန် ဘာသာရေး၏ သမိုင်း'' စာအုပ်တွင် ဖော်ပြခဲ့သည်မှာ သမိုင်းအရ ခရစ်ယာန် ဘာသာရေးသည် ကမ္ဘာ့နိုင်ငံအသီးသီး လူမျိုးများဆီသို့ မည်ကဲ့သို့ ပြောင်းလဲခြင်းများ ယူဆောင်လာခဲ့သည်ကို ရေးသားခဲ့၏။ တဖန်ခရစ်ယာန် ဘာသာရေးသည် ဘာသာတရား ကိုင်းရှိုင်းမှုမရှိသော သူများကို သူ့သဘာဝအားဖြင့် ဆန့်ကျင်၍ အပြစ်ဒဏ်ချမှတ်ခြင်းကို ကြေညာထုတ်ပြန်ခဲ့သည်။ သို့သော် တချိန်ထဲမှာ သူတို့ကို သုတ်သင်ရှင်းလင်းခြင်း ပြုလုပ်ရမည့်အစား သင့်တော်သော ဆက်သွယ်မှုရွေးချယ်တင်မြောက် ခြင်းနှင့် သူကောင်းပြုမှုတို့ကို ပြုလုပ်ရပါမည်။ ၄င်းဘာသာရေးသည် ပြင်းထန်၍ တုန်လှုပ်စေသော ပြောင်းလဲခြင်းမပြုလုပ်ဘဲ ပြုပြင်ပြောင်းလဲမှုများကိုသာ ပြုလုပ်ပေး၍ အများနှင့်မတူသော သူ၏ အကျင့်စာရိတ္တကို ပြုပြင်စေ၍ ငြင်းဆန်မှုထက် အထောက်အကူ ပြုခြင်း တိုကကို ပြုလုပ်ရမည်။ သူတို့ရှိနေကျနေရာမှ ဖယ်ထုတ်ရန်နှင့် ဖျက်ဆီးရန် မြန်မြန်ဆန်ဆန်မလုပ်ဘဲ တဖြေးဖြေးပို၍ ကောင်းအောင် အစားထိုးခြင်းများပြုလုပ်ရပါမည်။ နိုင်ငံတနိုင်ငံအတွင်း ခရစ်ယာန်ပြုပြင်ပြောင်းလဲရေးသည် အပြင်ဘက်ပိုင်းဖြစ်သော 'ဝါ' ပြင်းထန်သော ကွန်မြူနစ်ဝါဒ၊ မတ်စ်ဝါဒနှင့် နှိုင်းယှဉ်ခြင်းဖြင့် မစတင်သင့်ပါ။ ယနေ့လူမျိုးများထဲတွင် ကျမ်းစာနှင့် မသက်ဆိုင်သော အနေအထားအားဖြင့် ဆက်ဆံခဲ့လျှင် ထိုသို့မပြုလုပ်ဘဲ ကျွန်ုပ်တို့သည် ၄င်းနိုင်ငံတွင် ပြုပြင်ပြောင်းလဲခြင်းဖြင့်သာ စတင်ရမည်ဖြစ်ကြောင်း သတိပြုရမည်ဖြစ်ပြီး ကျွန်ုပ်တို့ဖယ်ရှားပစ်သည်နှင့်အမျှ ၄င်းလူမျိုးများ၏ ယဉ်ကျေးမှုကို မနစ်နာစေသော အထောက်အကူပြုသော အရာအားဖြင့် ချက်ချင်းအစားထိုးရပါလိမ့်မည်။ အစိုးရက ထိန်းချုပ်ထားသော သက်သာချောင်ချိရေးအတွက် ရန်ပုံငွေရှာခြင်းစနစ်သည် ကျမ်းစာနှင့်မသက်ဆိုင်သော စနစ်ဖြစ်သည်။ သို့သော် အစိုးရ၏ ဆင်းရဲသားများထောက်ပံ့ခြင်း ဥပဒေကို ကျော်လွှား၍ ချက်ချင်း ဖယ်ထုတ်ခြင်းကို မပြုလုပ်သင့်ပေ။ တစ်ဦးချင်းစီနှင့် အသင်းတော်များသည် ကျွန်ုပ်တို့လူထုအစိုးရ၏ အခန်းကဏ္ဍာများကို ဖယ်ရှားပစ်ရန်

ကြိုးစားသည်နှင့်အညီ၊ ဘုရားသခင်ပေးထားသော တာဝန်များကို ပြီးမြောက်စေရန် စတင်ကြရပါလိမ့်မည်။ နင်းဒါက ဆက်လက်ပြောကြားခဲ့သည်မှာ ခရစ်ယာန်ဘာသာရေးသည် အပြင်ဘက်ပိုင်းဖြစ်သော တော်လှန်ရေးနှင့် ပြောင်းလဲမှုများကို မည်သည့်နေရာတွင် မပြုလုပ်သည့်တိုင်အောင် ခရစ်ယာန် ဘာသာရေးက မွေးဖွားခဲ့သော အသစ်သော ဖန်ဆင်းခြင်းများသည် အတွင်းဘက်ပိုင်းမှ အပြင်ဘက်ပိုင်းသို့ အကျိုးသက်ရောက်မှုဖြေးဖြေးနှင့် သေချာစွာဖြစ်ပေါ်စေသည်။ အပြင်ဘက်ပိုင်းဖြစ်သော လွတ်လပ်ရေးသည် ချက်ချင်းမဟုတ်ဘဲ၊ တဖြေးဖြေးနှင့် လာပါလိမ့်မည်။ ဒါဟာ လူထုချက်ချင်း ပြောင်းလဲရေး၏ စိတ်ပြင်းပြမှုဖြစ်ပြီး ခရစ်တော် ရှုတော်မူခဲ့သော ပြောင်းလဲရေးဖြစ်ပြီး (ရှင်လုကာ ၁၉း၁၁–၁၇) တွင်တွေ့ရသည်။ ''ထိုအခါ ဂျေရုဆလင်မြို့အနီးသို့ရောက်တော်မူ၍ ဘုရားသခင်၏ နိုင်ငံတော်သည် ချက်ချင်းပေါ်ထွန်းမည်ဟု လူများထင်မှတ်သောကြောင့် ပရိသတ်အလယ်နှင့် မိန့်တော်မူသော ဥပမာကား အမတ်တစ်ယောက်သည် မင်းကြီးအရာကိုခံလို၍ မိမိပြည်သို့ ပြန်လာမည်ဟု အကြံရှိလျက်ဝေးသော ပြည်သို့သွား၏။ မသွားမီ မိမိငယ်သားတကျိပ်ကိုခေါ်၍၊ ငွေတပိဿစီအပ်ပေးလျက်၊ ငါပြန်၍ မလာမီတိုင်အောင် ကုန်သွယ်ခြင်းအမှုကို ပြုကြလော့ဟု မှာထားလေ၏။'' ယုံကြည်စိတ်ချရသော ငယ်သား၏ ဆုသည် မြို့ကြီးများကို အုပ်ချုပ်ရသောအခွင့်အရေးရရှိခြင်းပင်ဖြစ်၏။ အခြားစကားလုံးအားဖြင့် ပြောရမည်ဆိုလျှင် ယေရှုသည် လူထုအစိုးရအုပ်ချုပ်ရေးတွင် ဩဇာအာဏာမည်ကဲ့သို့ လွှမ်းမိုးနိုင်ရန်အတွက် သဲလွန်စကိုပေးတော်မူခဲ့သည်။ ဒါဟာ လူများအပေါ်တွင် ကျမ်းစာနှင့် စပ်ဆိုင်သော ဥပဒေများကို လိုက်နာရန်အတင်းအကြပ်ပြုလုပ်ရန် မဟုတ်ပါ။ သို့သော် ကျွန်ုပ်တို့ ပတ်ဝန်းကျင်ရှိ အသင်းအဖွဲ့များ၏ လိုအပ်ချက်များကို သိရှိနိုင်ရန် ကြိုးစားကြရပါမည်။ ဤသို့ပြုလုပ်ခြင်းအားဖြင့် ကျွန်ုပ်တို့ပတ်ဝန်းကျင်မှာရှိသော မယုံကြည်သူများကို ကျမ်းစာ၏ အထူးကောင်းမွန်သော အယူအဆများနှင့် အဖြေရလဒ်များကို သဘောပေါက်နားလည် စေရမည်။ ဒါဟာ ဒီမိုကရေတစ်လုပ်ထုံးလုပ်နည်းမှလာခြင်းဖြစ်၍ အတင်းအကျပ်ပြုလုပ်စေရန် မဟုတ်ပါ။ ခရစ်တော်မှတဆင့် ဘုရားသခင်သည် လွတ်လပ်ရေးဥပဒေကို သန့်ရှင်းစင်ကြယ်သောသူ၏ စိတ်နှလုံးမှတဆင့် အသင်းအဖွဲ့များထဲသို့

လွတ်လိုက်သည်။ ၎င်းသည် ဓမ္မဟောင်းကျမ်း၏ ဥပဒေများကို ဖျက်သိမ်းသွားပြီဟု ဆိုလိုခြင်းမဟုတ်ပါ။ သို့သော် ဘုရားသခင်၏ လုပ်ပိုင်ခွင့် အာဏာအပ်နှင့်မှုကြောင့် ၎င်းလူသားသည် ယခုအချိန်တွင် ဥပဒေများကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်သည်။ လူမျိုးတစ်မျိုးသည် ဘုရားသခင်၏ ဥပဒေကို အသုံးချနိုင်လေလေ၊ ၎င်းလူမျိုးသည် ကြီးပွားတိုးတက်လေလေဖြစ်၍ လွတ်လပ်ရေးသည်လည်း လာလေဖြစ်၏။ လူများ၏ ကိုယ်တိုင်ကိုယ်ကျ ဘုရားသခင်၏ ဥပဒေကို အသုံးချမှုအဆင့်အတန်းသည် သူတို့၏ အစိုးရအုပ်ချုပ်ရေးနှင့်ဆိုင်သော အဖွဲ့အစည်းများမှတဆင့် ရောင်ပြန်ဟပ်လာလိမ့်မည်။ အဘယ့်ကြောင့်ဆိုသော် ဥပဒေသည် လူများ၏ စိတ်နှလုံးထဲမှ လူမျိုးများဆီသို့ စီးဝင်၍ ရောက်ရှိလာသောကြောင့်ဖြစ်၏။ အသင်းတော်သည် လူများကို သွန်သင်ခြင်းအားဖြင့် လူမျိုးတကာတို့ကို နောက်လိုက်များ ဖြစ်စေသည်။ အသင်းတော်သည် လူများကို ဒီမိုကရေစီ လုပ်ထုံးလုပ်နည်း အရ အောက်ခြေမှ အထက်သို့၎င်း၊ အတွင်းဘက်ပိုင်းမှ အပြင်ဘက်ပိုင်းသို့၎င်း ပြောင်းလဲလာစေရန် အပြုသဘောအားဖြင့် အကူအညီပေးခဲ့သည်။

## ၂။ လူထုအစိုးရသည် ဘုရားသခင်ပညတ်တော်မူသော အဖွဲ့အစည်းဖြစ်သည်။

ပိလတ်မင်း၏ အမေးကို ယေရှုကဖြေကြားတော်မူသည်ကား ''အထက်အရပ်မှ အခွင့်ကို မရလျှင် မင်းကြီးသည် ငါ့ကို အဘယ်သို့မျှမပြုပိုင်'' ဟု မိန့်တော်မူ၏။ (ယောဟန် ၁၉း၁၁) ဤနေရာတွင် ဘုရားသခင်သည် လူထုအာဏာကို ချုပ်ကိုင်ထားတော်မူသည်ကို ယေရှုက အခိုင်အမာပြောခဲ့၏။ ဤအချက်ကို ရှင်ပေါလုက (ရောမ ၁၃း၁) တွင် ဤသို့ဆို၏။ ''အစိုးရသော မင်းအာဏာစက်၏ အုပ်စိုးခြင်းကို လူတိုင်းဝန်ခံစေ။ အကြောင်းမူကား ဘုရားသခင်၏ အခွင့်မရှိလျှင်၊ မင်းအာဏာစက်မရှိ၊ အာဏာစက်ရှိသမျှသည် ဘုရားသခင် ခန့်ထားတော်မူရာဖြစ်သည်'' ဟူ၍ဖြစ်၏။ ဤအချက်ကဆိုလိုသည်မှာ ဘုရားသခင်သည် လူသားများ သမိုင်းနှင့် အုပ်ချုပ်ရေးတွင် အလွန်တန်ခိုးသြဇာအာဏာကြီးမားကြောင်းကို ဖော်ပြခြင်းဖြစ်သည်။ သူသည် လောကီရှင်ဘုရင်များအပေါ်တွင် အုပ်စိုးတော်မူသော အရှင်ဖြစ်တော်မူသည် (ဗျာဒိတ် ၁း၅) ဤအယူအဆသည် အလွန်အရေးပါသော အချက်ဖြစ်သည်။

အဘယ်ကြောင့်ဆိုသော် ယနေ့ခေတ်ကာလ ခရစ်ယန်များသည် ဝိညာဉ်ရေးရာနှင့် မသက်ဆိုင်သော လောကီရေးရာ အုပ်ချုပ်ရေးများတွင် အာရုံစူးစိုက်လာကြသောကြောင့်ဖြစ်၏။ ထို့ကြောင့် ယုံကြည်သူများအတွက် ၄င်းအုပ်ချုပ်ရေးတွင် ပါဝင်ရန် သို့မဟုတ် လေ့လာရန်မလိုအပ်ပေ။ ဝိညာဉ်ရေးရာလှုပ်ရှားမှုသည် ဘာသာရေးနှင့် ခရစ်ယာန် ဘုန်းတော်ကြီးများနှင့်ပတ်သက်သော အကြောင်းအရာများထက် ပို၍ ပါဝင်လှုပ်ရှားသင့် သည်။

## ၃။ တရားစီရင်ပိုင်သောနယ်ပယ်များကို ကန့်သတ်အုပ်ချုပ်ခြင်း

ဘုရားသခင်သည် သူပညတ်တော်မူခဲ့သော အချိန်မှစ၍ အစိုးရအုပ်ချုပ်ရေးနှင့် မခွဲခွာ နိုင်သော အချိန်တွင် ယေရှုကနိုင်ငံ၏ တရားစီရင်ခြင်း ကန့်သတ်ချက်အကြောင်းကို မိန့်တော်မူခဲ့၏။ သမ္မာကျမ်းစာထဲ၌ မိသားစုနှင့် အသင်းတော်အတွင်းတရားစီရင်ခြင်းကို ကန့်သတ်၍ ရှင်းပြခဲ့သည်။ ယေရှုက သွန်သင်ပေးတော်ခဲ့သည်မှာ ကဲသာဘုရင်၏ ဥစ္စာပစ္စည်းကို ကဲသာထံသို့ဆက်ကပ်၍ ဘုရားသခင်ဥစ္စာပစ္စည်းကို ဘုရားသခင်ထံတော်သို့ ဆက်ကပ်ကြပါဟု မိန့်တော်မူ၏။ (မဿဲ ၂၂း၁၇-၂၁) အစိုးရသည် ကျွန်ုပ်တို့ သစ္စာစောင့်သိသလောက်အခွင့်အရေးများကို တရားဝင်ပေးပိုင်ခွင့်ရှိသည်။ သို့သော် ကန့်သတ်ထားသော ဘောင်အတွင်း၌သာ ပေးပိုင်ခွင့်ရှိသည်။ နိုင်ငံတော်အစိုးရသည် တစ်ဦးချင်း 'ဝါ' အခြားသော အဖွဲ့အစည်းများနှင့် ပြည်သူပိုင်ပစ္စည်းများကို ကာကွယ်ရေးအတွက် ဓါးကို အသုံးပြုရန် မသင့်တော်ချေ။ ဆိုလိုသည်မှာ ကျွန်ုပ်တို့ကို ခိုင်းလျှင် တပ်မတော်ထဲဝင်ရန် အသင့်ဖြစ်ရမည်ဖြစ်၏။ ဘုရားသခင်သည် အသိစိတ် ချိုးဖောက်တတ်သော သူကို တပ်ထဲဝင်ရန်ခွင့်မပြုပေ။ ယေရှုက အထင်အရှား အတည်ပြု ပြောဆိုသော အခြားတရားဝင်လုပ်ဆောင်ချက်တစ်ခုမှာ (ရှင်မဿဲ ၂၂) တွင် ဖေါ်ပြထားသော အခွန်တော် ကောက်ခံခြင်း၊ ဆိုလိုသည်မှာ ပြည်သူလူထု ရွေးချယ်တင်မြှောက်ထားသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော အုပ်ချုပ်ရေးစနစ်တွင် ကျွန်ုပ်တို့သည် ဂျူရီလူကြီးများအပေါ်တွင် အမှုထမ်းဆောင်ခြင်း နိုင်ငံရေးပါတီများတွင် ပါဝင်ခြင်းနှင့် မဲပေးခြင်းများကို ပြုလုပ်ရန်ဖြစ်သည်။ နိုင်ငံတော်မဟုတ်ဘဲ၊ ဘုရားသခင်ပိုင်ဆိုင်တော်မူသော အရာများတွင် ဘုရားသခင်ကို

ကိုးကွယ်ခြင်း (ဘာသာရေး)၊ ကျွန်ုပ်တို့ကလေးများနှင့် သူတို့၏ ပညာရေး (ကျောင်းများ) ကျွန်ုပ်တို့၏ ဥစ္စာပစ္စည်းများ (လွတ်လပ်သော (ဈေးကွက်များ) ကျွန်ုပ်တို့၏ အယူအဆများ (လွတ်လပ်စွာ ပြောဆိုနိုင်ခွင့်) နှင့် လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေးခင်းစသည်တို့ပါဝင်သည်။ ဤကိစ္စများတွင် နိုင်ငံတော်သည် ဝင်ရောက်နှောင့်ယှက်ခြင်း 'ဝါ' ထိန်းချုပ်ရန် ကြိုးစားခြင်းဟူသော အာဏာမရှိပါ။ အသင်းတော်၊ ဈေး၊ သိတင်းစာ၊ ဂျာနယ်နှင့် ကျောင်းများသည် လွတ်လပ်စွာ တည်ရှိနေရမည်ဖြစ်သည်။

## ၄။ လူတစ်ဦးချင်း၏ ပင်ကိုယ်ရှိရင်းစွဲဖြစ်သောတန်ဖိုး

(ရှင်မဿဲ ၂၂) တွင် ယေရှုသည် ကဲသာ၏ ပုံတူပါသော ပိုက်ဆံကို လှဲပြောင်းပေးသော အခါ လူများကို သဘောပေါက်စေခြင်းနှင့်မတူညီသော အချက်ကို နှိုင်းယှဉ်ခြင်းများ ပြုတော်မူခဲ့သည်။ ဘုရားသခင်၏ ပုံတူပါသော အရာများသည် ကဲသာဘုရင်၏ တရားစီရင်ခြင်းအောက်၌ မရှိနိုင်ကြောင်းကို ပြတော်မူ၏။ ကျွန်ုပ်တို့သည် သူဖန်ဆင်းတော်မူခဲ့သော အချိန်မှစ၍ ဘုရားသခင်၏ ပုံတူတွင် တံဆိပ်ခတ်သော သူများဖြစ်ကြ၏။ လူတစ်ဦးချင်း အသက်တာ၏ တန်ဖိုးသည် မည်မျှအရေးကြီးကြောင်းကို ကျမ်းစာမှတဆင့် သင်ကြားပေးခဲ့၏။ နောအေားဖြင့် စတင်ခဲ့သော အစိုးရအုပ်ချုပ်ရေးကို ထူထောင်ရန်အတွက် လူ၏ အသက်တာ သန့်ရှင်းမွန်မြတ်ခြင်းသည် အခြေခံအုတ်မြစ် ဖြစ်၏။ (ကမ္ဘာဦးကျမ်း ၉း၆) အကြောင်းမူကား ဘုရားသခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကို ဖန်ဆင်းတော်မူ၏။ ဤလူသားအသီးသီးသည် မိမိတို့၏ အသက်တာများကို ပမာမပြုဘဲ နေခြင်းကို သွန်သင်ဆုံးမတော်မူ၏။ ၄င်းသည် ဘာသာတရားမရှိသော သူများ၏ အယူအဆများကို ဆန့်ကျင်ခဲ့သည်။ ဤဘာသာတရားမရှိသောသူများ၏ အယူအဆများမှာ တိုင်းပြည်အတွက် တစုံတစ်ခုကို ပေးကမ်းနိုင်မှသာလျှင် 'ဝါ' ၄င်းနိုင်ငံ၏ လူမျိုးဖြစ်မှသာလျှင် သူ၏ အသက်တာကို ဂရုစိုက်တန်ဖိုးထားကြသည်။ လူတစ်ဦးချင်းသည် နိုင်ငံတော်အတွက် သာလွန်ကောင်းမွန်သောသူဖြစ်၏။ လူတစ်ဦးချင်းစီပါဝင်မှုမရှိလျှင် တိုင်းပြည်မရပ်တည်နိုင်ပါ။ ဒါဟာ သီးခြားရပ်တည်မှု၏ အခြေခံမှုဖြစ်သည်။ ရှင်းရှင်းပြောရမည်ဆိုလျှင် ယေရှုနှင့် ရှေးကျသော

ခရစ်ယာန်များသည် လိင်ကွဲပြားခြင်း ‘ဝါ’ အသားပေးရခြင်း၊ အတန်းစားနှင့် လူမျိုးတည်းဟူသော ဘုရားသခင်ပေးထားတော်မူသော လူများ၏ တန်ဖိုးကို ပြသခဲ့ကြ၏။ (ယောဟန် ၃း၁၆)

## ၅။ အစိုးရသည် လူအားလုံးကို တူညီစွာကူညီပံ့ပိုးသော အစိုးရဖြစ်ရမည်။

လူတစ်ဦးချင်း၏ ပင်ကိုယ်ရှိရင်းစွဲဖြစ်သော တန်ဖိုးနှင့် သူ၏ နိုင်ငံတော်အတွက် စိတ်ဝင်စားမှုသာလွန်ခြင်းသည် အခြေခံမူဖြစ်သော၊ ကျွန်ုပ်တို့ ဖတ်ရှုလေ့လာနိုင်သော (ရှင်လုကာ ၂၂း၂၄–၂၅) တွင် ဖော်ပြထားသော အချက်အလက်များသို့ တိုက်ရိုက် ပို့ဆောင်လာသည်။ ဒါဟာအစိုးရအုပ်ချုပ်ရေးနှင့် နိုင်ငံရေးအကြောင်း သင်ကြားပေးသော စကားဖြစ်ကြောင်း သေချာစွာ သိရှိနိုင်ပါသည်။ ယေရှုမိန့်တော်မူသည် တစ်ပါး အမျိုးသားများ၏ ရှင်ဘုရင်များသည် လူထုအပေါ်တွင် ဗိုလ်ကျစိုးမိုးမှုများပြုလုပ် ကြကာ သူတို့အပေါ်တွင် မင်းစက်အာဏာစိုးမိုးမှုပြုကျင့်သော သူများကို ‘ကျေးဇူးရှင်’ ဟုခေါ်ကြ၏။ သင်တို့မူကား ထိုသို့မပြုကြနှင့် သင်တို့တွင် အကဲအမှူးပြုသော ကိုယ်သား ကဲ့သို့ဖြစ်စေ၊ အုပ်စိုးသော သူကိုလည်း အစေခံကဲ့သို့ ဖြစ်စေ (ရှင်လုကာ ၂၂း၂၆)။ ယေရှုသည် အခွင့်အာဏာရှိသောအုပ်ချုပ်သူများကို မိန့်တော်မူသည်ကား ‘‘သင်တို့သည် လူထု၏ အစေခံဖြစ်ရမည်။ ထို့ကြောင့် လူထုအစိုးရ၏ ရည်ရွယ်ချက်သည် လူများကို ပံ့ပိုးကူညီသူဖြစ်ရမည်ဟု မိန့်တော်မူ၏။ ဤအယူဆသစ်သည် အစွန်းရောက်ဝါဒဖြစ်ပြီး ဘာသာတရားမရှိသော အုပ်ချုပ်သူများသည် ပြည်သူလူထုကို အုပ်ချုပ်ခြင်းအယူအဆနှင့် အလွန်ခြားနားမှုရှိ၏။ ဤကဲသာဘုရင်အကြောင်းကြေညာချက်သည် ပြည်သူလူထုအပေါ် အုပ်ချုပ်သော အရှင်သခင်များအကြောင်းမဟုတ်ဘဲ နောက်ပိုင်းတွင် ယေရှုကို နိုင်ငံတော် သစ္စာဖောက်မှုဖြင့် ဆန့်ကျင်၍ စွပ်စွဲမှုအတွက် သက်သေခံခြင်းဖြစ်လာ၏။ ကျွန်ုပ်တို့မြင်နေ သကဲ့သို့ ဤအယူအဆသည် ကမ္ဘာပေါ်ရှိ လူမျိုးများ၊ အထူးသဖြင့် အမေရိကန် ပြည်ထောင်စု အပေါ်တွင် တဖြေးဖြေးတဆေးထည့်ခြင်းဖြစ်သည်။ ယနေ့ အမေရိကန်ပြည်ထောင်စုသည် သူ၏ လူထုခေါင်းဆောင်များကို ‘‘လူထုအစေခံများ’’ ဟု ခေါ်သည်။ များစွာသော လူမျိုးများသည် သူတို့၏ အဓိကခေါင်းဆောင်များကို ‘‘ဝန်းကြီးချုပ်’’ ‘ဝါ’ အခြားစကားလုံးအားဖြင့် သူတို့၏ ‘အကြီးအကဲအစေခံ’ ဟုခေါ်၏။

ဤခရစ်ယာန် အယူအဆပြောင်းလဲနေသော ကမ္ဘာကြီးသည် ခရစ်တော်ယေရှုထံသို့ ဖြောင့်တန်းစွာ ပြန်လှည့်လာပြီး အစိုးရအုပ်ချုပ်ရေးအကြောင်းဘာမှ ပြောစရာမရှိပါ။ အဘယ့်ကြောင့် ဆိုသော် လူထုအစိုးရသည် ခရစ်ယာန် ယူဆချက်အရ လူများ၏ အစေခံဖြစ်သောကြောင့်ဖြစ်၏။ အစိုးရသည် ပြည်သူလူထုအတွက် အလုပ်လုပ်ပေးရန်အတွက် သာမဟုတ်ဘဲ၊ လူများကို တန်းတူညီတူပံ့ပိုးကူညီရန်အတွက်လည်းဖြစ်သည်။ လူသားများသည် ဘုရားသခင်၏ ပုံသဏ္ဍာန်တွင် ညီတူညီမျှ ဖန်ဆင်းထားခဲ့သော သတ္တဝါများဖြစ်ကြ၏။ ၎င်းသည် လူသားအားလုံးသည် တူညီသော ရုပ်ပိုင်းဆိုင်ရာ အရည်အချင်းများ 'ဝါ' ပင်ကိုယ်စွမ်းရည်များ တူညီစွာ မွေးဖွားလာသည်ဟု မဆိုလိုပါ။ ဤအမျိုးမျိုးသောအရာများသည် အပြင်ဘက်ပိုင်းမှ လာသော အရာများဖြစ်ကြ၏။ သို့သော် လူအမျိုးသားနှင့် လူအမျိုးသမီးများသည် တူညီသော အတွင်းပိုင်းမှဖြစ်သော အခွင့်အရေးများနှင့်အတူ မွေးဖွားလာသူများဖြစ်ကြ၏။ ဤအခွင့်အရေးဆိုသည်မှာ သူသင့်တော်မည်ဟု ယူဆသည့်အတိုင်း လွတ်လပ်စွာ နေထိုင်နိုင်ရေးဝတ်ပြုခြင်း၊ စကားပြောဆိုခြင်း၊ စဉ်းစားခြင်း၊ အလုပ်လုပ်ကိုင်ခြင်းနှင့် ခရီးသွားလာခြင်းတို့ဖြစ်သည်။ မတ်စ်အယူဝါဒနှင့် ဆိုရှယ်လစ်လမ်းစဉ်တို့သည် လူတိုင်း၏ အပြင်ဘက်ပိုင်းမှဖြစ်သော တူညီရေးကို အာမခံရန်ကြိုးစားခဲ့သည်။ သို့သော် ဘုရားသခင်၏ နှုတ်ကပတ်တော်က ရိုးရိုးရှင်းရှင်းဖော်ပြခဲ့သည်မှာ လူမျိုးတိုင်း၏ ပမာမထားခြင်း၊ အမျိုးအစား၊ လိင်ကွဲပြားခြားနားခြင်း 'ဝါ' အသာပေးခြင်းစသော အတွင်းဘက်ပိုင်း၏ အခွင့်အရေးများကို အသုံးပြုရန် အခွင့်အရေးရှိသည်နှင့်အမျှ အစိုးရက ကာကွယ်ပေးသင့်ပါသည်။ ယေရှုနှင့် ရှေးကျသော အသင်းတော်များသည် အချင်းချင်း ဆက်ဆံရာ၌ ခွဲခြားမှု၊ စွဲလမ်းမှုနှင့် မျက်နှာလိုက်မှုရှိခြင်းကို ရှုတ်ချကြသည်။ (ယာကုပ် ၂း၃)

## မောရှေ၏လူထုဥပဒေများ

## အခြေခံကျသော အခွင့်အရေးများ

ဓမ္မသစ်ကျမ်းစာက တိကျစွာ ပြုပြင်ပြောင်းလဲမှုမရှိလျှင် မောရှေ၏ ပညတ်တော်များသည် လူ့ယဉ်ကျေးမှုထဲတွင် ဆက်လက်တည်တံ့စေရမည်ဟု ယေရှုက အထင်အရှားဖေါ်ပြတော် မူ၏။ ယေရှုသည် ခေတ်ကုန်သော 'ဝါ' ခေတ်မမှီတော့သော အပြစ်တရားမှလွတ်ကင်းရန် ယဇ်ပူဇော်ခြင်း အခမ်းအနားကျင်းပပုံနည်းစနစ်ကိုသာ ဖျက်စီးတော်မူခဲ့၏။ ယေရှုသည် ဥပဒေက ဆန့်ကျင်သော လူသတ်မှု၊ သူတပါး၏ သားမယားများနှင့် ဖောက်၏ ကျူးလွန်ခြင်း၊ မိဘများကို မလေးစားခြင်း၊ ခိုးခြင်းနှင့် လိမ်လည်ပြောဆိုခြင်းများမပြုလုပ်ရန် အခိုင်အမာမိန့်တော်မူခဲ့သည်။ (မဿဲ ၁၉း၁၈–၁၉) သူသည် လင်မယားကွာရှင်းခြင်း၊ ကျမ်းသစ္စာဆိုခြင်း၊ တရားမျှတသော အပြစ်ပေးခြင်းနှင့် ပိုင်ရှင်ထံသို့ ပြန်ပေးခြင်း စသော ဥပဒေများကို အတည်ပြုပြောဆိုသည်။ (ရှင်မဿဲ ၁၅း၃၃) ယေရှုသည် မရှိဆင်းရဲသောသူများ အပေါ် ဂရုဏာထားလျှက် ဥစ္စာပစ္စည်းများနှင့် လိုအပ်သော အကူညီများပေးခြင်း၊ ပုဂ္ဂလိက ပိုင်ပစ္စည်းများပိုင်ဆိုင်သည့် အခွင့်အရေးများ၊ လူများသည် အကျိုးအမြတ်များရရှိစေရန် လွတ်လပ်သော ဈေးကွက်များတွင် ဖလှယ်မှုများပြုလုပ်ခြင်းကို အခိုင်အမာအတည်ပြု ပြောဆို၏။ ၎င်းသည် ခရစ်ယာန်များ၏ အဓိက လုပ်ရမည့် အချက်ပင်ဖြစ်သည်။ မောရှေ၏ ပညတ်တော်သည် သူတပါး၏ သားမယားအပေါ် ပြစ်မှားကျူးလွန်ခြင်းကို ဆန့်ကျင်တားမြစ်၍ ပြစ်မှားကျူးလွန်မိပါက ကျောက်ခဲဖြင့် ပစ်ပေါက်၍ သတ်ပစ်ရမည်ဖြစ်၏။ မောရှ၏ ပညတ်တရားကို ယေရှုက သူတပါးမယားနှင့် ပြစ်မှားကျူးလွန်နေစဉ် ဖမ်းမိသည်ဟု စွပ်စွဲ၍ ခေါ်ဆောင်လာကြသော အမျိုးသမီးကို ကယ်တင်ခြင်းဖြင့် ဖျက်စီးတော်မူသည် မဟုတ်ပေ။ ယေရှုက မိန့်တော်မူသည်ကား ''သင်တို့သည် တရားစီရင်ရာ၌ အပြစ်ရှိမရှိကို သိရှိနိုင်ရန် အနည်းဆုံးသက်သေခံနှစ်ဦးရှိရမည်ဖြစ်ပြီး၊ တရားစီရင်သော ဂျူရီလူကြီးများသည်လည်း မျက်နှာလိုက်မှုမရှိဘဲ သင့်တင့်လျှောက်ပတ်စွာကြားနာစစ်ဆေးပြီး အယူခံနိုင်ရန် အခွင့်အရေး ပေးရမည်အကြောင်း မိန့်တော်မူ၏။ ဤအချက်များက စွပ်စွဲခြင်းခံရသော ရာဇဝတ်ကောင်ကို ကောင်းမွန်စွာ တရားစီရင်ခြင်းဖြင့် အပြစ်ရှိကြောင်း သက်သေခံချက်ပေးသည်အထိ ကာကွယ် ပေးသော ခေတ်မှီသော တရားစီရင်ရေးစနစ်၏ အခြေခံကို ဖွဲ့စည်းစေခဲ့သည်။ လူတစ်ယောက်သည်

တရားစွဲဆိုခြင်းမှ အတတ်နိုင်ဆုံး ရှောင်ရှားရန်ဟူသော ယေရှု၏ သွန်သင်ဆုံးမတော်မူသည်ကို ဂရုစိုက်သတိပြုသင့်ပါသည်။ (လုကာ ၁၂း၅၈)

## နိုင်ငံရေးကို အသုံးပြုခြင်းဆိုသည်မှာ ပြည်သူလူထု၏ တရားမျှတမှုကို ရရှိစေရန်ဖြစ်၏။

ယေရှုမိန့်တော်မူသည်ကား – လူသည် လူတစ်ယောက်၏ အခွင့်အရေးများနှင့် တရားမျှတမှုမရှိခြင်းမှ ကာကွယ်ရန် တရားဝင်နိုင်ငံရေးစနစ်ထဲသို့ ဝင်ရောက်ပါဝင်လှုပ်ရှားရန် အချိန်ရှိပါသေးသည်ဟု မိန့်တော်မူ၏ (ရှင်လုကာ ၁၈း၂–၅) တွင် ယေရှုသင်ကြားပေးတော်မူသည်မှာ အဓိကအားဖြင့် အစဉ်မပြတ်ဆုတောင်းကြဘို့ရန်ဖြစ်၏။ ခရစ်တော်က ထင်ရှားစွာ အတည်ပြုပြောဆိုတော်မူသော လူထုအပေါ် တရားမျှတမှုရှိရေးကို အခြေခံ၍ ဆုတောင်းကြရန်ဖြစ်၏။ ဒါဟာ ကျမ်းစာနှင့် မစပ်ဆိုင်သော အစိုးရအုပ်ချုပ်ရေး စနစ်မှတဆင့် လူမှုပြောင်းလဲရေးကို လိုက်လံရှာဖွေခြင်းမဟုတ်ပေ။

ဤစာအုပ်၏ အဆုံးတွင် ခရစ်ယာန်များသည် လူမှုပြုပြင်ပြောင်းလဲရေးကို ယူဆောင်လာဘို့ အသုံးပြုနိုင်ရန် နည်းလမ်းများကို ပိုမို၍လေ့လာရမည်ဖြစ်၏။ အုပ်ချုပ်သူ အစိုးရသည် မတရားအုပ်ချုပ်ခြင်းအမူအရာများဖြင့် အုပ်ချုပ်လာသောအခါ တရားမျှတမှုမရှိခြင်းကို ပပျောက်စေရန် ဆောင်ရွက်ရာ၌ ကျမ်းစာနှင့်စပ်ဆိုင်သောနည်းလမ်းများကို အာရုံစူးစိုက်ရပါမည်။ ဥပဒေနှင့် ဆန့်ကျင်သော မတရားအုပ်ချုပ်ရေးစနစ်ကို ဆန့်ကျင်ခုခံသော အချိန်ခါရောက်လာလိမ့်မည်။ ထိုသို့ဖြစ်လျှင် ကျွန်ုပ်တို့သည် ခုခံဆန့်ကျင်ခြင်း၏ နောက်ဆက်တွဲအဖြစ်အပျက်များကိုခံနိုင်ရန် ကြိုတင်ပြင်ဆင်မှုပြုလုပ်ရပါမည်။ ကျွန်ုပ်တို့အကောင်းဆုံးအောင်မြင်မှုကို ယူဆောင်လာနိုင်ရန် မတရားအုပ်ချုပ်သော စနစ်ကို ခုခံဆန့်ကျင်ရာ၌ ရှိရမည့် အဆင့်များရှိနေသည်ကို အသိအမှတ်ပြုရပါလိမ့်မည်။

## တရားမျှတမှုမရှိခြင်းကို ပပျောက်စေရန် ဆောင်ရွက်ရေးအတွက် ခရစ်တော်၏ လမ်းညွှန်ချက်များ

## ၁။ ဆန့်ကျင်ကန့်ကွက်ခြင်း 'ဝါ' တရားဝင်လုပ်ဆောင်ခြင်း

ကျွန်ုပ်တို့ပထမဦးဆုံး အားကိုးပြုခြင်း၏ ရည်ရွယ်ချက်မှာ ဆန့်ကျင်ကန့်ကွက်ခြင်း 'ဝါ' ဖြစ်နိုင်သော တရားဝင်လုပ်ဆောင်ခြင်းများကို ရယူနိုင်ရန်ဖြစ်သည်။ ယေရှုသည် သူ့တပည့်များကို သူတို့၏ ငြင်းပယ်၍ မရသော ဘာသာရေးဟောပြောပိုင်ခွင့် အခွင့်အရေး များကို မြို့တော်အရာရှိများက ငြင်းပယ်ခဲ့လျှင် ကြောက်ရွံ့ခြင်းမရှိဘဲ ပွင့်လင်းစွာ ဆန့်ကျင် ကန့်ကွက်ရန် ညွှန်ကြားတော်မူ၏။ သူတို့က သင်တို့ကို ငြင်းပယ်ကြလျှင် သင်တို့သည် မြို့လယ်ရှိ လမ်းများပေါ်သို့ ထွက်၍ ငါတို့၌ ကပ်သော သင်တို့မြို့၏ မြေမှုန့်ကို ''ငါတို့ ခါလိုက်၏။ သို့သော်လည်း ဘုရားသခင်၏ နိုင်ငံတော်သည် သင်တို့၏ အနီးသို့ရောက် ကြောင်းကို သိမှတ်ကြဟု သူတို့အားပြောကြလော'' ခြေထောက်၌ကပ်နေသော မြေမှုန့်ကို ခါချခြင်းသည် သပိတ်မှောက်ခြင်းနှင့် အဓိပ္ပယ်တူ၏။ ကမ္ဘာပေါ်ရှိ လွတ်လပ်သော နိုင်ငံများသည် ဘာသာတရားကိုင်းရှိုင်းမှုမရှိသော သူများ၏ လုပ်ဆောင်ချက်များကို ဆန့်ကျင်ကန့်ကွက်ခြင်းများကို အခြားသော လုပ်ငန်းများထက် ပိုမို၍ပြုလုပ်လာကြသည်။ ဆန့်ကျင်ကန့်ကွက်ခြင်း၏ ဥပမာများတွင်သားဖျက်ချခြင်း သပိတ်မှောက်ထားခြင်း၊ ညစ်ညမ်းသော စာအုပ် – ရုပ်ပုံများအရောင်းဆိုင်ကို သပိတ်မှောက်ခြင်းနှင့် ကျွန်ုပ်တို့၏ ကလေးများကို ဘုရားသခင်ကို ငြင်းပယ်သော ကျောင်းများမှ ရွှေ့ပြောင်းခြင်းစသည်တို့ ဖြစ်သည်။ ကျွန်ုပ်တို့၏ လွတ်လပ်သော နိုင်ငံတွင် နေထိုင်သော သူတို့သည် ဤသို့သော လုပ်ရပ်များကို မလုပ်သင့်ရုံတင်မကဘဲ ကျွန်ုပ်တို့သည် ဘုရားသခင်ထံတော်သို့ပေးရန် တာဝန်ရှိသော ကျွန်ုပ်တို့ စိတ်နှလုံးကို သန့်ရှင်းစွာ ထားရမည့်တာဝန်များကို ပြုလုပ်ရမည် ဖြစ်၏။ တရားမျှတမှုမရှိသော လုပ်ရပ်များကို ဆန့်ကျင်ကန့်ကွက်ခြင်းသည် ခရစ်ယာန်များ၏ အယူအဆဖြစ်သည်။ 'ပရိုတက်စတင့်' ဆိုသော စကားလုံးသည် ဤခေါင်းစဉ်မှရရှိခြင်း ဖြစ်၍ ဘာသာတရားကိုင်းရှိုင်းမှုမရှိသောသူများ၏ အခွင့်အာဏာနှင့် လှုပ်ရှားမှုများကို ဆန့်ကျင်မှုပြုလုပ်ခြင်းကြောင့် ဖြစ်ပေါ်လာ၏။ တမန်တော် ၁၆ တွင် ဖတ်ရှုသည့်အတိုင်း ရှင်ပေါလုနှင့် သိလတို့သည် မည်ကဲ့သို့ မတရားသောနည်းအားဖြင့် ထောင်ထဲသို့ ချထားခြင်းခံရကြောင်းကို ဖော်ပြခဲ့၏။

တရားသူကြီးချုပ်သည် ဤအမှုကို ဖုံးကွယ်ရန် ကြိုးစားလာသောအခါ ရှင်ပေါလုသည် သူ၏ လူထုလွတ်လပ်မှုအရ နစ်နာကြေးပေးရန် တောင်းဆိုခဲ့သည်။ ရှင်ပေါလုက ရောမ လူဖြစ်သော ငါတို့ကို ဓမ္မသတ်အတိုင်း မစီရင်ဘဲလျက်၊ စစ်ကဲတို့သည် ထင်ရှားစွာ ရိုက်၍ ထောင်ထဲမှာ လှောင်ထားပြီးမှ၊ တိတ်ဆိတ်စွာ နှင်ထုတ်ကြမည်လော။ ထိုသို့မပြုသင့်။ ကိုယ်တိုင်လော၍ ငါတို့ကို နုတ်ယူကြစေဟု ရုံးလုလင်တို့အား ပြောဆို၏။ (တမန်တော် ၁၆း၃၇) စစ်ကဲတို့သည် ကိုယ်တိုင်လာ၍ သူတို့ကို နှုတ်ယူကြလေ၏။ တရားမင်း၏ အုပ်ချုပ်မှုကို ဆန့်ကျင်ကန့်ကွက်ရေးအတွက် ခရစ်ယာန်ပင်မဟုတ်သော သူများက ကျမ်းစာနှင့် စပ်ဆိုင်သော နည်းလမ်းများကို အသုံးချသောအခါ အောင်မြင်မှုအတိုင်းအတာ အချို့ကို ရရှိခဲ့ကြ၏။ ဥပမာအားဖြင့် ဖော်ပြရလျှင် အိန္ဒိယနိုင်ငံမှ ဂန္ဒီပင်ဖြစ်၏။ ဆန့်ကျင်ကန့်ကွက်ရန် ကျမ်းစာနှင့်စပ်ဆိုင်သောနည်းလမ်း ၆ ခုရှိ၏။

၁။ လူတစ်ဦးတည်းတောင်းပန်ခြင်း။ ထို့ကြောင့် ရှောလုသည် ဒါဝိဒ်ကို သတ်စေခြင်းငှာ သားတော်ယောနသန်နှင့် မိမိကျွန်အပေါင်းတို့ကို မှာထားလေ၏။ သားတော် ယောနသန် သည် ဒါဝိဒ်ကို အလွန်ချစ်၍ ငါ့အဘ ရှောလုသည် သင့်ကို သတ်ခြင်းငှာ ရှာကြံ၏။သို့ဖြစ်၍ နံနက်တိုင်အောင် ကိုယ်ကိုသတိပြုသဖြင့် ဆိတ်ကွယ်ရာအရပ်၌ ပုန်းရှောင်၍ နေပါလော့။ ငါထွက်၍ သင်ရှိရာတော၌ ငါ့အဘထံခစားလျှက်သင့်အမှုန်စကားပြောမည်။ တွေ့မြင်သမျှကို သင့်အား ငါပြန်ကြားမည်ဟု ဒါဝိဒ်အား ပြောဆို၏။ ယောနသန်သည် အဘရှောလုထံ၌၊ ဒါဝိဒ်ဘက်မှာပြော၍၊ ရှင်ဘုရင် ကျွန်တော်ဒါဝိဒ်ကို မပြစ်မှားပါစေနှင့် သူသည် ကိုယ်တော်ကို မပြစ်မှားပါ။ ကိုယ်တော်၌ အလွန်ကျေးဇူးပြုပါပြီ။ မိမိအသက်ကို မနှမြောဘဲ ဖိလိတ္တိလူမျိုးကို သတ်၍ ထာဝရဘုရားသည် ဣသရေလအမျိုး တမျိုးလုံး အဘို့ ကြီးစွာသော ကယ်တင်ခြင်း ကျေးဇူးကိုပြုတော်မူ၏။ ကိုယ်တော်သည် မြင်၍ ဝမ်းမြောက်ပါ၏။ သို့ဖြစ်၍ အကြောင်းမရှိဘဲ ဒါဝိဒ်ကို သတ်သဖြင့် အဘယ့်ကြောင့် အပြစ်မရှိသော သူ၏ အသက်ကို သတ်သော အဖြစ် သင့်ရောက်စေချင်ပါသနည်းဟု အဘရှောလုအားဆိုသော်။ (ဓမ္မရာဇဝင်ပထမစောင် ၁၉း၁–၅) (သေတာ ၃း၁၁–၁၄) (၃ဓမ္မရာဇဝင် ၁၂း၁–၁၅)

၂။ ပူးပေါင်းဆောင်ရွက်ခြင်းမရှိဘဲ၊ သပိတ်မှောက်ခြင်း။ ယေရှုသည်

မြို့တော်ဝန်ကို စကားတစ်ခွန်းမှမပြောဆိုဘဲ နေခြင်းဖြင့် ဆန့်ကျင်ကန့်ကွက်ခဲ့၏ (ရှင်မဿဲ ၂၇း၁၄)။ ရှင်ပေါလုနှင့် ဗာနာဗကို အန္တိအုတ်မြို့မှ မောင်းထုတ်လိုက်သောအခါ သူတို့သည် ဆန့်ကျင်ကန့်ကွက်သည့်အနေဖြင့် သူတို့၏ ခြေထောက်တွင် ကပ်နေသော မြေမှုန့်တို့ကို ခါချကြ၏ (တမန်တော် ၁၃း၅၁)

၃။ တရားစွဲခြင်း။ (လုကာ ၁၂း၅၈) (တမန် ၂၁း၂၆)

သင်သည် တရားတွေ့ဘက်နှင့်အတူ မင်းထံသို့သွားသောအခါ အမှုပြေစေခြင်းငှာ လမ်း၌ ကြိုးစားလော့။ သို့မဟုတ် တရားတွေ့ဘက်သည်တရားသူကြီးရှေ့သို့ မည် တရားသူကြီးသည် လုလင်ခေါင်း၌ အပ်၍၊ လုလင်ခေါင်းသည် ထောင်ထဲ၌ လှောင်ထားမည်။ ရောမတရားရုံးတွင် ရှင်ပေါလုသည် ကဲသာဘုရင်ထံသို့ အယူခံခြင်း၏ အကြောင်းရင်းမှာ သူ့၏ လူအခွင့်အရေးကို ချိုးဖေါက်ခဲ့ကြသောကြောင့်ဖြစ်၏။ ရှင်ပေါလုသည် ဘုရားသခင်ပေးတော်မူသော လူ့အခွင့်အရေး၏ အစေခံမှူးကောင်းတစ်ယောက် ဖြစ်သောကြောင့်ဖြစ်၏။ ပေါလုအသက်တာတွင် ဆက်တိုက်ဖြစ်ပွားသော အရေးကိစ္စ အားလုံးသည် ပြောင်းလဲလာခဲ့၏။ အဘယ့်ကြောင့်ဆိုသော် သူသည် ရောမနိုင်ငံသား တစ်ယောက်ဖြစ်ခြင်းက သြဇာသက်ရောက်စေသောကြောင့်ဖြစ်၏။ ဤလုပ်ရပ်အားလုံးကို ကြီးမားသော လုပ်ဆောင်ချက်တရပ်အနေဖြင့် သူမြင်ခဲ့၏။

၄။ လူထုနှင့်ဆိုင်သော အတူတကွ စုရုံးခြင်း၊ ချီတက်ခြင်းနှင့်ဆန္ဒပြခြင်း။

(ရှင်လုကာ ၁၀း၁၀–၁၁) (ဟေရှယ ၂၀) (မဿဲ ၃း၁–၄) ယေရှုသည် သူ့အသက်ကို ခြိမ်းခြောက်မှုအတွက် ဟေရုဒ်ဘုရင်ကို ပွင့်လင်းစွာ အပြစ်တင်တော်မူ၏။

၅။ ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် တားမြစ်ခြင်း (ရှင်မာကု ၁၁း၁၅–၁၆)

၆။ တရားမျှတမှုမရှိသော ဥပဒေများကို မနာခံခြင်း။

တမန်တော် (၅း၁၉၊ ၁၄း၁၉၊ ၂၀။ ဒံ ၆း၁၀၊၂း၄၉။ ဧသတာ ၄း၁၀–၁၆၊ ဧဇ ၇၄း၁၇၊ ၂၁၊ ဟဂ္ဂဲ ၂း၁၊၂၊၄–၉ ပေတရုနှင့် အခြားသော တမန်တော်တို့ကလည်း လူ၏စကားထက် ဘုရားသခင်၏ စကားတော်ကို နားထောင်သင့်ပါ၏ (တမန် ၅း၂၉)

## ၂။ ထွက်ပြေးခြင်း တခြားနိုင်ငံသို့ပြောင်းရွှေ့နေထိုင်ခြင်း။

တရားမျှတမှုမရှိသော လူထုအမိန့်အာဏာများ၏ လုပ်ဆောင်ချက်များကို

အမှားပြင်ဆင်ချက်ပြုလုပ်ရန် 'ဝါ' ဆန့်ကျင်ကန့်ကွက်ရန် နည်းလမ်းများကုန်သွားခဲ့လျှင် ထွက်ပြေးပါ။ ယေရှုသည် သူ့တပည့်များကို မိန့်တော်မူသည်ကား – တမြို့၌ သင်တို့ကို ညှင်းဆဲကြလျှင် အခြားတမြို့သို့ ပြေးကြလော့ (မဿဲ ၁၀း၂၃)ဟု မိန့်တော်မူ၏။ ယေရှုသည် သူ့တပည့်များကို သတိပေးထားတော်မူသည်ကား၊ ဂျေရုဆလင်မြို့ပေါ်သို့ ပျက်စီးခြင်း ဆိုက်ရောက်လာခဲ့လျှင် ထွက်ပြေးကြလော့ဟု မိန့်မှာတော်မူ၏။ (မဿဲ ၂၄း၁၅–၁၈) ခိုလှုံရန် စိတ်ချရသော လူများအကာအကွယ်ပေးထားရာနေရာကို ရှာကြံရန် စဉ်းစားကြ ပါလော့ဟု မိန့်တော်မူ၏။ အစောပိုင်းကာလတွင် အသင်းတော်များသည် သူတို့ကို ဆန့်ကျင်၍ ညှင်းဆဲခြင်းများ ပြုလုပ်သောအခါ အခြားမြို့များသို့ထွက်ပြေးခိုလှုံကြရ၏။ (တမန် ၈း၁–၄) တခါတရံ အခြားနေရာဒေသို့ထွက်ပြေးခိုလှုံခြင်းသည် ဘုရားသခင်၏ အလိုတော်ကို ပြည့်စုံစေခြင်း၄၁ ကျွန်ုပ်တို့ကို ပိုမို၍ သေချာစေလိမ့်မည်ဖြစ်၏။ အမေရိကတိုက်သို့လာရောက် အခြေချနေထိုင်ကြသော လူများသည် ဘာသာရေးနှင့် မတရားအုပ်ချုပ်ခြင်းကို မခံမရပ်နိုင်သောကြောင့် လာရောက်ကြခြင်းဖြစ်၏။ သူတို့သည် ဆန့်ကျင်ကန့်ကွက်ခြင်းနှင့် တရားဝင်ဆောင်ရွက်ခြင်းများကို အကုန်သုံးစွဲပြီးသည့်နောက် ထွက်ပြေးခြင်းသည် ဘုရားသခင်၏ ရည်ရွယ်ချက်ပြည့်စုံရေးအတွက် အကောင်းဆုံးအချက်ဖြစ်ကြောင်း သိမြင်လာကြသည်။ ဤအခြေခံမှုသည် အခြားနေရာဒေသသို့ရွှေ့ပြောင်းနေထိုင်ခြင်း၏ အခြေခံဖြစ်သော ဖွဲ့စည်းအုပ်ချုပ်ပုံ၏ အခွင့်အရေးဖြစ်သည်။

## ကိုယ့်ကိုယ်ကိုကာကွယ်ခြင်းစွမ်းအား

မတရားအုပ်ချုပ်မှုကို ခုခံတွန်းလှန်ရာ၌ နောက်ဆုံးအားကိုးပြုသကဲ့သို့ စွမ်းအားသည် ကျမ်းစာနှင့်စပ်ဆိုင်သော တရားဝင်အရေးကြီးသောလက်နက်တစ်ခုဖြစ်၏။ ဓမ္မဟောင်းကျမ်း ထဲတွင် ဘုရားသခင်၏ လူများသည် သူတို့ကို ကာကွယ်ရန် စွမ်းအားကို အသုံးပြုသည်ကို ဥပမာများစွာဖြင့် ဖော်ပြထား၏။ ကျွန်ုပ်တို့သည် နောက်ပိုင်းသင်ခန်းစာများတွင် စစ်တိုက်ရာ၌ ကာကွယ်မှု ယူရခြင်းသည် တရားမျှတမှုရှိ၍ အပြစ်တင်စရာမရှိကြောင်းကို

လေ့လာစမ်းစစ် ရပါမည်။ သို့သော် ယခုအချိန်တွင် ကျွန်ုပ်တို့ ပြသလိုသည်မှာ ယေရှုကိုယ်တော်တိုင်က မတရားအုပ်ချုပ်မှုကိုခုခံတွန်းလှန်ရာ၌ စွမ်းအားအသုံး ပြုရေးကို တရားဝင်အတည်ပြုခဲ့သည်။ နောက်ဆုံးညစာစားပွဲ၏ အဆုံးတွင် ယေရှုသည် သူ့တပည့်ခုနှစ်ဆယ်တို့အား ဆက်လက်ညွှန်ကြားတော်မူသည်ကား သူတို့ကိုယ်တိုင် စစ်တပ်ကဲ့သို့ လက်နက်တပ်ဆင်ရန် မိန့်မှာတော်မူ၏။ ဓားမရှိသော သူသည် သူ့ဝတ်ရုံကို ရောင်း၍ ဝယ်စေဟု မိန့်တော်မူသောအခါ တပည့်တော်တို့သည် ''သခင်ဒီမှာ ကြည့်ပါ'' ဓားနှစ်လက်ရှိပါသည်ဟု ဖြေကြ၏။ ထို့နောက် ကိုယ်တော်သည် ''ဒါဟာ လုံလောက်ပါပြီ'' ဟု ပြန်လည်၍ မိန့်တော်မူ၏ (လုကာ ၂၂း၃၆–၃၈) ဒီမှာ ယေရှုသည် သေချာသော အချိန်တွင် စွမ်းအားအသုံးပြုခြင်းကို တရားဝင် အတည်ပြုတော်မူ၏။ အမေရိကန်ပြည်ထောင်စု၏ မထမဆုံးတရားသူကြီးဖြစ်သူ ဂျွန်ဂျေသည် ဤဖြစ်ရပ်နှင့် ပတ်သက်သောစာတစ်စောင်ကို ၁၈၁၈ ခုနှစ်တွင် ရေးသားခဲ့၏။ ပိလတ်မင်း၏ စကားကို ခရစ်တော်အဖြေပေးတော်မူသည်ကို တွက်ဆခြင်းဖြင့် သိတင်းကောင်းကစစ်ကို မတားဆီး နိုင်သော်လည်း စစ်ပွဲကို ခြွင်းချက်မရှိဘဲ တားမြစ်နိုင်သည်။ ''ဤလောကသည် ငါ၏ နိုင်ငံတော်ဖြစ်ခဲ့လျှင် ငါ၏ အစေခံများက တိုက်ခိုက်ကြပါလိမ့်မည်'' ဟု မိန့်တော်မူ၏။ နောက်ဆုံးညစာပွဲ၏ အဆုံးတွင် ယေရှုကသူ့တပည့်များကို ဤသို့မိန့်တော်မူ၏။ ''ဓါးမရှိသော သူသည် သူ့ဝတ်ရုံကို ရောင်း၍ ဓားကို ဝယ်စေဟု မိန့်တော်မူခဲ့ရာ သူတို့သည် သခင်ဒီမှာဓါးနှစ်လက်ရှိပါသည်ဟု ဖြေကြားကြရာ ယေရှုက ဒါဟာ လုံလောက်ပြီဟုပြန်၍ မိန့်တော်မူ၏။ ကျွန်ုပ်တို့ အရှင်သခင်သည် တကယ့်ဓားများကို ပေးကမ်းဘို့ရန် အမိန့်ပေးတော်မူသည်ဟု ထင်မှတ်ရန်မဟုတ် တစ်စုံတစ်ခု ရည်ရွယ်ချက်ရှိ၍ ဓားဟူသော လိုအပ်သောအရာများကို တောင်းဆိုခြင်းဖြစ်၏။ ယေရှုကို ဖမ်းဆီးခေါ်ဆောင်သွားရန် အရာရှိကြီးများနှင့် လူစုများသည် ဓားနှင့်တုတ်ချောင်းများကို ဆွဲကိုင်ကာ ရောက်ရှိလာသောအခါ အချို့လူများသည် ဘာဖြစ်လာမလဲဆိုသည်ကို ကြည့်ရှုရန် သူတို့နှင့်အတူ ရောက်လာကြ၏။ သူတို့သည် ယေရှုကို လျှောက်ကြ၏။ ''သခင်ရန်သူတို့ကို ဓားနှင့်ခုတ်မလား'' ဟု မေးလျှောက်ကြ၏။ (လုကာ ၂၂း၄၉) တစ်ယောက်သော သူကလွဲ၍

ကျန်ဆယ့်တစ်ယောက်သောသူ့နောက်လိုက်တပည့်များမရှိကြတော့ပါ။ ၄င်းကျန်ရစ်သော လူတစ်ယောက်သည် သူ့သခင်ကို ကာကွယ်ရန် ကြိုးစားပါသေး၏။ ၄င်းလူသည် ''ပေတရု'' ဖြစ်၍ အခြားသူများထံမှ ဓားကို ဆွဲယူ၍ ယဇ်ပရောဟိတ်မင်းကြီး၏ အစေခံတစ်ယောက်၏ ညာဘက်နားရွက်ကို ခုတ်လေ၏။ သို့သော် ယေရှုသည် ပေတရုကို သူ့ဓါးကို ဓါးအိမ်ထဲ ပန်သွင်းရန် မိန့်တော်မူပြီး ဤကိစ္စနှင့်ပတ်သက်၍ အကျိုးအကြောင်းနှစ်ခုကို ပေးတော်မူ၏။ ပထမအချက်သည် သူကိုယ်တိုင်နှင့်ပတ်သက်၍ ဤအကြောင်းနှင့်သက်ရောက်မှုရှိ၍ ဆန့်ကျင်ကန့်ကွက်ခြင်းမပြုလုပ်ခဲ့ပေ။ သူမသောက်ရလေအောင် ဘုရားသခင်ထံ တောင်းတော်မူသော ဘုရားသခင်ပေးတော်မူသော ခွက်ကို ကန့်ကွက်တော်မူခြင်းမရှိ။ ဒုတိယအချက်သည် ပေတရုနှင့်ဆိုင်သော အချက်ဖြစ်သည်။ ဓါးကို သုံးသောသူသည် ဓါးအားဖြင့် ပျက်စီးခြင်းခံရမည်။ ယုံမှားသံသယမရှိဘဲ ပေတရုကဲ့သို့ ဓါးကိုယူ၍ သုံးသောသူသည် ဥပဒေနှင့်ဆိုင်သော အာဏာမရှိဘဲ ဥပဒေ၏ အခွင့်အာဏာကို ဆန့်ကျင်ခြင်း၊ ဓါးအားဖြင့် ဘေးအန္တရာယ် သင့်စေခြင်းများဖြစ်ပေါ်စေ၏။ ဤစကားနှင့် ဆက်နွယ်ပတ်သတ်နေသော အကြောင်းအရာများဖြစ်ပေါ်လာရခြင်းသည် ပတ်ဝန်းကျင် အခြေနေကလျှင်မြန်စွာ ဖန်တီးလာခဲ့ခြင်းကြောင့်ဖြစ်သည်။ ဂွန်ဂျေးက မှတ်ချက်ချသကဲ့သို့ ခရစ်တော်၏ သာသနာရေးလုပ်ငန်းသည် ဥပမာအားဖြင့် တစ်ဦးတည်းသီးခြားစွမ်းအား အသုံးပြုခြင်းကို ကြိုတင်ကာကွယ်ခဲ့သည်။ သူ့ပင်ဖြစ်သောငြားလည်း ယေရှုသည် ကျူးကျော်သူတစ်ဦး၏ တရားမဝင်သော ဓါးအသုံးပြုခြင်းကို ထိန်းချုပ်ရန် တရားဝင်သော ဓါးအသုံးပြုရမည်ဖြစ်ကြောင်းကို သင်ကြားပေးတော်မူခဲ့၏။ ပေတရုသည် မည်သို့ပင်ဖြစ်စေ ကျူးကျော်သူထက် ကိုယ့်ကိုယ်ကို ကာကွယ်ခြင်း၏ ကိုယ်စိတ်အနေအထားကျန်ရှိ နေသေး သည်ကို သီးမခံနိုင်ဖြစ်လာ၏။ ကျမ်းစာက ဖေါ်ပြခဲ့သည်မှာ မကောင်းမှုဟူသမျှကို အပြစ်ပေးရန် 'ဝါ' ဖြောင့်မတ်သောသူကို နိုင်ငံအတွင်းရှိ ရန်သူထံမှဖြစ်စေ ပြည်ပရန်သူထံမှ ဖြစ်စေ ကာကွယ်ရန် လူထုအစိုးရက ဦးဆောင်ရာ၌ ဓါးကို အသုံးပြုရမည့် အမိန့်အာဏာနှင့် တာဝန်ရှိကြောင်းဖော်ပြခဲ့၏။ (ရောမ ၁၃း၁–၄) ဤအချက်များသည် ကျွန်ုပ်တို့၏ မိသားစုများထိခိုက်နစ်နာခြင်းမှကာကွယ်ရန် အလိုငှာ စွမ်းအားကို အသုံးပြုရန် ကျမ်းစာနှင့် စပ်ဆိုင်သော အခွင့်အရေးများကို ဆန့်ကျင်ခြင်းမရှိခဲ့ပေ။ ထိုကြောင့်

ကျွန်ုပ်တို့သည် မည်သည့် အချိန်ခါတွင်မဆို မတရားအုပ်ချုပ်မှုစနစ်ကို တွန်းလှန်သည့် နေရာတွင် လိုအပ်သော စွမ်းအားကို အသုံးပြုရမည့် အဆင့်သို့ ရောက်ရှိလာကြ၏။ ဤစွမ်းအားကို တရားဝင် အုပ်ချုပ်ရေးအရာရှိကြီးများမှတဆင့် အသုံးပြုသွားရမည်ဖြစ်၏။ အောက်လွှတ်တော် ပြည်သူ့ကိုယ်စားလှယ်သည် အထက်လွှတ်တော်၏ ဆုံးဖြတ်ချက်ချသည်ကို ဂရုမစိုက်ရန် သဘောပေါက်နားလည်စေပြီး အထက်လွှတ်တော်အုပ်ချုပ်သူများသည် ဘုရားသခင်၏ ပညတ်တော်များကို ဆန့်ကျင်၍ ပုန်ကန်ကြသည်ကို လူများသိလာစေရန် ကြေညာရမည်ဖြစ်၏။ ၎င်းသည် ကျမ်းစာအားဖြင့် အခြေခံသော ကြားဝင်ဖြန့်ဖြေရေး၏ ထင်မြင်ယူဆချက်ဖြစ်ပြီး ၁၀၈၀ ခုနှစ် ဒေါက်တာ မဲင်းဂိုလ်က အတည်ပြုခဲ့ရာ တဖန် ဥရောပတိုက်၏ ပရိုတက်စတင့် အတွင်းပြုပြင်ပြောင်းလဲရေးကလည်း အတည်ပြုခဲ့၏။ ပြင်သစ်ပရိုတက်စတင့် ဂိုဏ်းဝင်တစ်ဦးက ၁၅၇၉ ခုနှစ်တွင် ရေးသားထားသော မတရား အုပ်ချုပ်သူများကို ဆန့်ကျင်လျက် လွတ်လပ်မှုကို ကာကွယ်ခြင်းဟူသော "မတရား အုပ်ချုပ်သူများကို ဆန့်ကျင်လျက် လွတ်လပ်မှုကို ကာကွယ်ခြင်း" ဟူသော စာအုပ်သည် အကောင်းဆုံးသော ကျမ်းငြိုကာတစ်ခုဖြစ်သည်။ အမေရိကန် ခရစ်ယာန် တော်လှန်ရေးတွင် ကိုလိုနီနယ်သားများသည် ဗြိတိန်အစိုးရထံမှ လွတ်လပ်ရေးရရှိရန် ရုန်းကန်၍ ပုန်ကန်တော်လှန်ရာတွင် သမ္မာကျမ်းစာ၏ လမ်းညွှန်ချက်နှင့်အညီ မတရားအုပ်ချုပ်သူများကို ခုခံတွန်းလှန်ခြင်းဖြစ်၏။ သူတို့သည် အထက်ကဖော်ပြခဲ့သော အဆင့်သုံးဆင့်ကို လိုက်နာကြ သည်။ ကျွန်ုပ်တို့သည် ဤအချက် (အဆင့်) များကို မလိုက်နာပါက ကျွန်ုပ်တို့ကို ကျွန်ုပ်တို့မလျော်ကန်သော်ထိခိုက်နာကြင်ခြင်းပေးရာရောက်ပါစေ၊ ဘုရားသခင်၏ အပြစ်ပေးခြင်းကို ခံရပါစေ။ သို့သော် ဘုရားသခင်၏ လမ်းညွှန်မှုကို လိုက်နာ၍ ဘာသာတရားကိုင်းရှိုင်းမှုမရှိသော သူ 'ဝါ' အုပ်ချုပ်သူများ၏ အလိုသို့မိုက်နာသောသူများ သည် မိမိတို့လုပ်ဆောင်ချက်အတွက် ပြင်ဆင်ပေးသော အဖိုးအခများကို ခံစားကြရမည်ဖြစ်ပြီး ဤအချိန်တွင် အချို့သော သူများသည် ဝေဒနာခံစားရခြင်းဟူသော ဒုက္ခကို ခံစားကြရပါမည်။ ဤသို့အားဖြင့် လူ့သမိုင်း၏ အလယ်ဗဟိုချက်ဖြစ်သော ယေရှုသည်လည်း လွတ်လပ်ရေး၏ သမိုင်းထဲသို့ လူများကို ပို့ဆောင်တော်မူ၏။ သူသည် လူသာများ၏ အပြစ်အတွက် လက်ဝါးကားတိုင်ပေါ်တွင်

အသေခံခြင်းဖြင့် အတွင်းပိုင်းလွတ်လပ်ရေးကို ပေးတော်မူခဲ့၏။ သို့သော်သူသည် လူမျိုးများအကြားတွင် အပြင်ပိုင်းလွတ်လပ်မှုရရှိကြရန် ကြီးမားသော အမှုတော်ဆောင်လုပ်ငန်းကို ဆောင်ရွက်ရန်အတွက် သူ့တပည့်တော်များကို အကျယ်တဝင့် မိန့်မှာတော်မူ၏။ သင်တို့သွားကြ၍ လူမျိုးတကာတို့ကို ငါ့တပည့်ဖြစ်စေလျက် ခမည်းတော်၊ သားတော်၊ သန့်ရှင်းသောဝိညာဉ်တော်၏ နာမ၌ ဗတ္တိဇံကို ပေးကြလော့၊ ငါသည် သင်တို့အား ပေးသမျှသော ပညတ်တော်တို့ကို စောင့်ရှောက်စေခြင်းငှာ ဆုံးမဩဝါဒ ပေးကြလော့ဟု မိန့်တော်မူ၏။ (မဿဲ ၂၈း၁၉–၂၀)

အပိုင်း ၂

## ခရစ်ယာန်လူမျိုးများ၏ ဖွဲ့စည်းပုံနှင့် အရေးပါသော အခြေခံများ

အောက်ဖော်ပြပါ အခန်းများသည် ခရစ်ယာန်လူမျိုးများ၏ အရေးပါသော အခြေခံ အုတ်မြစ်များနှင့် ဖွဲ့စည်းပုံများနှင့် ဆက်သွယ်မှုရှိသည်။ လွတ်လပ်ခြင်း၊ တရားမျှတခြင်းနှင့် ကြီးပွားတိုးတက်ခြင်းကိုလိုလားသော လူမျိုးတမျိုး၏ နိုင်ငံသားများ၏ အသက်တာများတွင် အခြေခံမှုများက လော့လာစမ်းစစ်ခဲ့သော အခန်း '၁' က ဖြည့်စွမ်း ပေးလိမ့်မည်ဖြစ်ပါသည်။ အခြေခံမှုများကို ဝေငှသောနေရာထွက်ပေါက်များသည် အိမ်များ၊ ပညာရေးနှင့် ပတ်သက်သော အဖွဲ့စည်းများဖြစ်၏။ အကယ်၍ အဖွဲ့အစည်းများသည် ဘုရားသခင်ပေးထားတော်မူသော ရည်ရွယ်ချက်များနှင့် လုပ်ရန်ရှိသော တာဝန်များကို ပြီးမြောက်စေရန် ဆောင်ရွက်ခြင်းမရှိပါက နိုင်ငံသားများသည် လိုအပ်သော အကျင့်စာရိတ္တနှင့် ဘာသာတရားကိုင်းရှိုင်းသော လူမျိုးများ ဆီသို့ ထောက်ပံ့မှုပေးရန် နားလည်သဘောပေါက်ခြင်းမရှိတော့ဘဲ ကျွန်ပြုခြင်း၊ တရားမျှတမှုမရှိခြင်းနှင့် ဆင်းရဲမွဲတေခြင်းစသော အဖြေရလဒ်များကို ခံစားရမည်ဖြစ်ပါသည်။

တရားစီရင်ပိုင်ခွင့် အမိန့်အာဏာနှင့် လုပ်ရန်ရှိသောတာဝန်၏ အခြေခံနယ်ပယ်လေးခု

## လူမျိုးများကို လွှတ်မြောက်စေခြင်း

အောက်ဖော်ပြပါမြေပုံသည် ဘုရားသခင်တည်ထောင်တော်မူခဲ့သော အဖွဲ့အစည်းများနှင့် တစ်ဦးချင်းစီ၏ ရည်ရွယ်ချက်နှင့် တာဝန်ဝတ္တရားများကို အတိုချုံး၍ ဖော်ပြခဲ့ပါသည်။ ဒေအက်ပါအခန်းများသည် ဤမြေပုံ၏ အချို့သော သွင်ပြင်လက္ခဏာပုံစံကို ပို၍ အသေးစိတ် ရှင်ပြပါလိမ့်မည်။ ခရစ်ယာန်လူမျိုးတမျိုး၏ အဆောက်အဦးထဲတွင် ဆုတောင်းခြင်းနှင့် လူတစ်ဦးတစ်ယောက်နှင့်စပ်ဆိုင်သော ဆက်ကပ်ခြင်း၏ အခန်းကဏ္ဍာများကို လေ့လာဆန်းစစ်ရန် ဤစာအုပ်၏ မြင်ကွင်းထဲ၌ မရှိပေ။ ဒါဟာ ပထမဆုံးအရေးကြီးသော အချက်ဖြစ်သည်။ သို့သော် များစွာသော စာအုပ်ကောင်းများက ဤခေါင်းစဉ်များအပေါ်တွင် ရေးသားခဲ့ကြသော အကြောင်းများမှာ အသင်းတော်များနှင့် သာသနာပြုဆရာများ၏ လုပ်ငန်း အကြောင်းကို အဓိကထားရေးသားခဲ့ကြပြီး လိုအပ်သော အခြားတနေရာသို့ ပြန်ကြားခြင်းများ ပြုလုပ်နိုင်ရေးအကြောင်းများကို ရေးသားခဲ့ကြ၏။ မည်သို့ပင်ဖြစ်စေ ဤအကြောင်းများကို ထပ်ခါတလဲလဲ ပြောဆိုခြင်းကြောင့် အတွင်းဘက်ပိုင်းမှ အပြင်ဘက်ပိုင်းသို့ ပြောင်းလဲခြင်းသည် လူနှင့် လူမျိုးများ၏ စိတ်နှလုံးထဲတွင်စတင်လာခဲ့၏။

God ဘုရား

individual
တစ်ဦးချင်း

| | | |
|---|---|---|
| family | church | |
| မိသားစု | အင်းတော် | နိုင်ငံတော် |

**တစ်ဦးချင်** (individual)
**ရည်ရွယ်ချက်နှင့်လုပ်ရမည့်တာဝန်များ။**

**၁။ ဘုရားရှိခိုးခြင်း – ဘုရားသခင်ကိုချစ်ခြင်း**

သင်၏ ဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့၊ အစွမ်းသတ္တိရှိသမျှ၊ ဉာဏ်ရှိသမျှနှင့် ချစ်လော့။ (လုကာ ၁၀း၂၇)
(က) တစ်ဦးတည်းဆုတောင်းခြင်း။ ကျမ်းစာဖတ်ခြင်း၊ လေ့လာခြင်း၊ စဉ်းစားခြင်း။
(ခ) အခြားသူများနှင့် စုဝေး၍ ဆုတောင်းခြင်း
(ဂ) ဥပုသ်နေ့ကို လေ့လာစောင့်ထိန်းခြင်း။

၂။ ဆင်းရဲသားများကို ကူညီခြင်း။ အိမ်နီးနားချင်းများကို ချစ်ခြင်း (လုကာ ၁၀း၂၇) (ဝတ်ပြုရာ ၁၉း၉–၁၈) (မဿဲ ၂၅း၃၅–၃၆)

လိုက်နာအပ်သော လူ့ကျင့်ဝန်စည်းကမ်း။ င ါ ့ အ ေ ပ ါ် တ ွ င ် လုပ်စေချင်သည့်နည်းတူ သူများအပေါ်တွင် လိုက်လုပ်ပါ။
(က) မရှိဆင်းရဲသားများကို သနားကြင်နာ၍ကူညီပါ။
(ခ) အမှန်တရားကို ပြောဆိုခြင်း။ဝေဖန်ဂေဝေလုပ်ငန်း၊ တိုက်တွန်းခြင်း၊ အကျင့်စာရိတ္တ တိုးတက်ကောင်းမွန်လာစေရန်ပြုပြင်ခြင်း ပြုလုပ်ရန်
(ဂ) အသင်းအဖွဲ့များတွင်ပါဝင်လှုပ်ရှားခြင်း၊ အုပ်ချုပ်ရေး၊ အဖွဲ့အစည်းများတွင် ပါဝင်ခြင်း၊

၃။ အလုပ် – ကျွန်ုပ်တို့ကိုယ်တိုင်ချစ်ခြင်းမေတ္တာရှိခြင်း

အချင်းတို့ များပြားစွာမွေးဖွားကြလော့ မြေကြီးကို ပြည့်စေ၍ နိုင်ကြလော့။ ပင်လယ်ငါးတို့ကိုင်၄်း၊ မိုးကောင်းကင်ငှက်တို့ကိုင်၄်း၊ မြေပေါ်မှာလှုပ်ရှားတတ်သော တိရစ္ဆာန် အပေါင်းတို့ကိုင်၄်း၊ အုပ်စိုးကြလော့ဟု မိန့်တော်မူ၏။
(က) ကိုယ်တိုင်နှင့် မိသားစုအတွက် ထောက်ပံ့ခြင်း – လုပ်ငန်းများနှင့် အမှုတော်လုပ်ငန်းများကို တစ်ဦးချင်းစီကဆောင်ရွက်ရန်။

## မိသားစု

မိသားစုဆိုသည်မှာ လူယောကျ်ား၊ မိန်းမ၊ ကလေးများ 'ဝါ' မွေးစားသား/သမီးများပါဝင် သော လူစုကိုဆိုလိုပါသည်။ ယောကျ်ားနှင့် မိန်းမတို့သည် အတူတကွ ပဋိညာဉ်စံပြုလက်ထပ် မင်္ဂလာဆောင်ခြင်းကို ဘုရားသခင် အလိုတော်အတိုင်းပြုလုပ်ခြင်းဖြင့် သူတို့အတွက် မွေးဖွားသော အသီးအပွင့်ကို ရ၍ လောကကို ကောင်းကြီးပေးခြင်းငှာ မင်္ဂလာဆောင်ခြင်းကိစ္စကို ပြုလုပ်ကြ၏။ မိဘနှစ်ပါးစလုံးသည် ဘုရားသခင် ရည်ရွယ်ချက်နှင့် တာဝန်ဝတ္တရာများကို ပြည့်စုံစေရန်တာဝန်ရှိသည်။ ဤရှေ့နောက်စကားအဆက်အစပ်တွင် မိခင်များသည် သားစဉ်မျိုးဆက်မွေးဖွားပေးခြင်းလုပ်ငန်းကို ပြုလုပ်နေစဉ် ဖခင်များသည် အသင်းအဖွဲ့အစည်းများတွင် ဦးဆောင်မှုပြုလုပ်ရမည်ဖြစ်၏။ (ကမ္ဘာဦးကျမ်း ၁း၁၈၊၂၂၊၂၄)

## ရည်ရွယ်ချက်နှင့် လုပ်ရမည့်တာဝန်များ

၁။ မွေးဖွားခြင်း – (ကမ္ဘာဦးကျမ်း ၁း၂၈)
အချင်းတို့များပြားစွာ မွေးဖွားကြလော့။
(က) တိုးပွားခြင်း။ အသက်တာ၏ သန့်ရှင်းခြင်း (ကမ္ဘာဦး ၁း၂၈)
(ခ) သားသမီးများသည် ဘုရားသခင်ထံမှရရှိသော အမွေဥစ္စာများဖြစ်ကြ၏။ (ဆာလံ ၁၂၇း၃–၅)

၂။ ပညာရေး။ သင်သည်သင်၏သားသမီးများကို ဆုံးမသွန်သင်ရမည်။
(က) သင့်ကလေးများကို သူတို့၏ သီးခြားရည်ရွယ်ချက်များနှင့် တာဝန်ဝတ္တရားကို ပြည့်စုံစေခြင်းငှာ လျော်ကန်သင့်မြတ်အောင်ပြုလုပ်ပါ။ (သုတ္တံကျမ်း ၂၂း၆)
(ခ) ဘုရားသခင်ကို ရိုသေသောအကျင့်စာရိတ္တတည်ဆောက်စေပါ (ကမ္ဘာဦး ၁၈း၁၉)
(ဂ) သားသမီးများကို သမ္မာကျမ်းစာနှင့် စပ်ဆိုင်သော ကမ္ဘာ့ရှုဒေါင့်အမြင်ကို

သင်ကြားပေးရပါမည်။ (ဆာလံ ၇၈း၅)
(ဃ) သားသမီးများကို ညွှန်ကြားချက်အတိုင်း စည်းကမ်းလိုက်နာရန် သင်ကြားပေးရပါမည် (ဧဖက် ၆း၄)

၃။ ကျန်းမာရေးနှင့် သက်သာချောင်ချိရေး။
ညွှဲ့ဝတ်ကျေပွန်မှုကို လက်တွေ့လုပ်ဆောင်ခြင်း။ အထူးသဖြင့် သင့်၏ အိမ်ထောင်မိသားစုအတွက် လက်တွေ့ဆောင်ရွက်ရန်ဖြစ်၏။
(က) ကြိုတင်ကာကွယ်ရေးဆောင်ရွက်ချက်။သ င ် ့ တေ ာ် သော လေ့ကျင့်ခန်းများပြုလုပ်ခြင်၊ အားဟာရဓါတ်ကျွေးမွေးခြင်း၊ ကျန်းမာရေးညီညွတ်စေမည့် အစီအစဉ်များပြုလုပ်ပေးခြင်း၊
(ခ) လူနာများ၊ အသက်ကြီးသူများ၊ မိဘကလေးများ၊ မုဆိုးမများကို ဂရုစိုက်ပြုစုခြင်း (၁တိမေသဲ ၅း၄၊ ၈၊၁၀၊၁၆) (တရားဟော ၁၅း၂၈–၂၉)
(ဂ) ပင်စင်ယူချိန်နှင့် သားစည်မြေးဆက်များအတွက် ငွေကြေးများစုဆောင်းခြင်းနှင့် ရင်းနှီးမြှုပ်နှံခြင်း။ (ကောရိန္သုသြဝါဒ ပ–စောင် ၁၂း၁၄) (သုတ္တံကျမ်း ၁၉း၁၄)

## အသင်းတော်

အသင်းတော်သည် အသင်းအဖွဲ့များကို အုပ်ချုပ်ရန်ပြင်ဆင်ခဲ့သည်။

## ရည်ရွယ်ချက်နှင့် တာဝန်ဝတ္တရားများ

၁။ အသက်တာ၏နယ်ပယ်အသီးသီးအတွက် ကျမ်းစာနှင့် စပ်ဆိုင်သော အမှန်တရား၌ အသင်းသူအသင်းသားများကို မှန်ကန်သောညွှန်ကြားချက်ပေးရန်။
(က) အသင်းသားများကို တနင်္ဂနွေဝတ်ပြုချိန်တွင် တရားဟောခြင်းမှတဆင့်၊ သင်တန်းများကို မှန်မှန်တက်ခြင်းနှင့် အခြားပညာရေးနှင့်ပတ်သက်သော အကြောင်းအရာမျာကို သင်ကြားပေးခြင်း (မဿဲ ၂၈း၁၈–၂၀) (၂တိမော ၃း၁၆–၁၇)

(ခ) ကျောင်းများနှင့် ကောလိပ်များစတင်ဖွင့်လှစ်ခြင်းအပါအဝင်။

၂။ ခရစ်တော်၏ ညစာစားပွဲနှင့် အသင်းတော်၏ လိုက်နာရမည့် စည်းကမ်းများကို ကြီးကြပ်စီမံခြင်း။ (၁ကော ၅း၈–၁၃) (မဿဲ ၁၈း၁၅–၁၇)။
(က) စပေါင်းဘုရားရှိခိုးခြင်းနှင့်ယဇ်ပူဇော်ခြင်း (ကမ္ဘာဦးကျမ်း ၄း၃–၅၊ ၂၆)။
(ခ) နှစ်ခင်းခံခြင်းနှင့် ခရစ်တော်၏ ညစာစားပွဲ (မိတ်သဟာယဖွဲ့ခြင်း)
(ဂ) ခရစ်ယာန် သာသနာမှ ဝိုင်းပယ်ခြင်း။

၃။ နောက်လိုက်တပည့်လုပ်ခြင်း၊ တပ်ဆင်ခြင်း၊ ယုံကြည်သူများကို စည်းရုံးခြင်း (ဧဖက် ၄း၁၁း၁၂) (တီတပ် ၃း၈၊၁၄)
(က) သူတို့၏ ရည်ရွယ်ချက်များပြည့်စုံစေခြင်းငှာ အခြားသူများနှင့် စည်းလုံးညီညွတ်ခြင်း လုပ်ငန်းကို တစ်ဦးချင်းနှင့်မိသားစုအတွက် ထောက်ပံ့ရန်နှင့် ညီညွတ်မှုကို ပေးရန်။ အသင်းတော်ပါစတာများသည် သူတို့လမ်းပြမှုကဏ္ဍတွင် စံပြဖြစ်ပြီး အသင်းအဖွဲ့များတွင် သူတို့ပါဝင်ခြင်းမှတဆင့် အသင်းတော်ကို ပံ့ပိုးကူညီရန်ဖြစ်သည်။

## လူထုအစိုးရ (နိုင်ငံတော်)
## ရည်ရွယ်ချက်နှင့်တာဝန်များ

၁။ ဖြောင့်မတ်သော သူကိုကာကွယ်ရန် ဥပမာနိုင်ငံသားများအစွန့်ရှည်ကြာစွာ တည်မြဲရေး၊ (ရောမ ၁၃း၃–၄) (ရှင်ပေတရုပမထစောင် ၂း၁၃–၁၄) ပြည်တွင်းနှင့် နိုင်ငံခြားမှ ဥပဒေမျိုး ဖေါက်သူများထံမှ အသက်တာ၊ လွတ်လပ်မှုနှင့် ပစ္စည်းဥစ္စာများကို ကာကွယ်ခြင်း (အစိုးရများသည် ဘုရားသခင်ပေးထားသော ငြင်းပယ်၍မရသော အခွင့်အရေးများကို ကာကွယ်ပေးရန်ဖြစ်သည်။

| | | |
|---|---|---|
| (က) အသက်တာ | လွတ်လပ်မှု | ဥစ္စာပစ္စည်း |
| Exo.၂၀း၁၃ | Exo. ၂၁း၆ လူကိုပြန်ပေးဆွဲသူ | Exo. ၂၀း၁၅ သူ့ |

''သူအသက်ကိုမသတ်ရ''   ကိုသေဏော်ချမှတ်သည်။
ပစ္စည်းကိုမခိုးရ။
ကိုယ်တိုင်ကာကွယ်ခြင်း   လွတ်လပ်စွာပြောဆိုခြင်း
ကိုယ်ပိုင်ပစ္စည်းဥစ္စာ၊
အစိုးရကကာကွယ်ခြင်း   လွတ်လပ်စွာစုဆုံးခြင်း   တစ်ဦးခ၂င်၏
စီးပွားရေး
လွတ်လပ်စွာ ပုံနှိပ်ထုတ်ပေးခြင်း လ ု ပ် င န် း ၊
အသက်တာ၏
လွတ်လပ်စွာ ကျောင်းတက်ခြင်း လိုအပ်ချက်များကို
အစိုးရသို့အသနားခံခြင်း အခွင့်အရေး ဆည်းပူးရယူခြင်း။

(ခ) အစိုးရအုပ်ချုပ်ရေးတွင် ညီညွတ်မှုရှိရေးအတွက် ပြည်သူ့ရဲကို အမိန့်ပေးရန်နှင့် ကာကွယ်ရေးအတွက် စစ်တပ်ကိုဖွဲ့စည်းရန်။
(ဂ) ဗဟိုမှကြိုးကိုင်သော အုပ်ချုပ်ရေးမှတဆင့် အစိုးရ၏ ဆဲရေးတိုင်းတွာပြုခြင်းမှ အခွင့်အရေးများကို ကာကွယ်ပေးခြင်း။ အမိန့်အာဏာများ၏ ကွဲပြားခြားနားခြင်း။ ပြည်သူ့ကိုယ်စားလှယ်များ ရွေးချယ်တင်မြှောက်ခြင်း။

၂။ မကောင်းမှုပြုလုပ်သူများကို အပြစ်ဒဏ်ပေးခြင်း၊ ဥပမာ။ ရာဇဝတ်မှု (Exo.၂၀း၁၉၊၂၁း၁၂)
(က) တရားမျှတမှုရှိသော ဥပဒေနှင့်အညီ ဖွဲ့စည်းအုပ်ချုပ်ပုံကို တည်ဆောက်ရန်နှင့် သေဒဏ်ချမှတ်ခြင်း၊
(ခ) တရားမျှတမှုရှိ၍မျက်နှာလိုက်မှုမရှိသော တရားစီရင်ခြင်းနှင့် မှန်ကန်သော တရားဆုံးဖြတ်ခြင်းကိုတည်ထောင်ရန် စသည်တို့ဖြစ်သည်။

အခန်း ၇

## နိုင်ငံသားများပညာရေးတွင် တိုးတက်မှုရှိလာစေရန်

## ကျမ်းစာနှင့်စပ်ဆိုင်သော အခြေခံမှုက ကမ္ဘာအမြင်အားဖြင့် ချဉ်းကပ်လာခြင်း။

ခေတ်တစ်ခေတ်အတွင်းရှိ ပညာရေး၏ အတတ်ပညာသည် လာမည့်ခေတ်တခေတ် အတွင်းရှိ အစိုးရ၏ အတတ်ပညာဖြစ်လာလိမ့်မည်။ အမေရိကန်တော်လှန်ရေး၏ ဖခင်ကြီးဖြစ်သော ဆင်မြူရယ်အာဒမ်စ်သည် လူမျိုးတစ်မျိုးကို ပြန်လည်ပြုပြင်ရန် ဘယ်အရာက တာဝန်ယူမလဲ။ သူပြောဆိုခဲ့သည်မှာ – စကြဝဠာတခုလုံးရှိ လူသားများ အချင်းချင်း ကူညီစောင့်ရှောက်ခြင်းနှင့် လူငယ်များသည် ဘုရားသခင်ကို ကြောက်ချစ် ရိုသေကြရန် စိတ်နှလုံးကို သွတ်သွင်းခြင်း၊ သူတို့၏ သားသမီးများ ပညာရေးအတွက် အရေးကြီးပုံက လူများ၏ စိတ်နှလုံးကို လွှမ်းမိုးမှုတို့ကြောင့် ခေတ်ကာလတစ်ခုကို ပြန်လည်ပြင်ရန် ကျမ်းတတ်ပုဂ္ဂိုလ်များ၊ အတတ်ပညာရှင်များ၊ နိုင်ငံခေါင်းဆောင်များနှင့် မျိုးချစ်ပုဂ္ဂိုလ်ကြီးများသည် စည်းလုံး၍ ကြိုးစားဆောင်ရွက် သင့်ကြောင့် ရေးသားခဲ့၏။ ၎င်းတောက် ဤသို့ ကြီးမားသော အခြေခံမှုများကို လိုက်နာခြင်း၊ သူတို့၏ နိုင်ငံကို ချစ်ခြင်း၊ ကိုယ့်ကိုယ်ကို ညွှန်ကြားခြင်း၊ ခရစ်ယာန်နည်းစနစ်၏ မွန်မြတ် သန့်ရှင်းခြင်းကို ချီးကျူးခြင်းများကို ပြုလုပ်ရန် သင်ပေးခြင်းများပြုလုပ်ကြရန် ရေးသားခဲ့၏။ မတရားအုပ်စိုးမှု၏ အဖြေရလာဒ်သည် မသိနားမလည်ခြင်းဖြစ်၏ အမေရိကန်သမ္မတ ဘင်ဂျမင်ဖရင့်ကလင်သည် ဤသို့ပြောခဲ့ဘူး၏။ နိုင်ငံတစ်နိုင်ငံအတွင်းရှိ ကောင်းမွန်စွာ အသိပေးတော်မူသော ပညာသင်ကြားပို့ချသော ဘုရားသခင်ပေးတော်မူသော အခွင့်အရေးများကို နားလည်သဘော ပေါက်သောသူသည် ကျွန်ပြုခြင်းကို မခံရကြ။ မတရား အုပ်ချုပ်ရေးသည် မသိနားမလည်သော စိတ်ထဲမှ စတင်ခဲ့ခြင်းဖြစ်သည်။ ယခုသားစဉ် မြေးဆက်များ ခေတ်ကာလတွင် တော်တော် များများသော အနောက်ပိုင်း ခရစ်ယာန်များသည် လောကီမှုကို သက်ဝင်စေခဲ့ကြသည်။ ဤသို့ဖြစ်ရခြင်း၏ အဓိကကျသော အကြောင်းတခုကတော့ ခရစ်ယာန်များသည် ကျမ်းစာနှင့် စပ်ဆိုင်သော ကမ္ဘာ့မြင်ကွင်း အကြောင်းကို မသိရှိကြသောကြောင့်ဖြစ်၏။ သူတို့၏ အမှန်တရားမသိနားမလည်းခြင်းက အနောက်ပိုင်းယဉ်ကျေးမှု၏ ဦးတည်ရာလမ်းကြောင်းမှ ပြောင်းလဲစေခဲ့ပြီး လွတ်လပ်ရေး၊ တရားမျှတရေးနှင့်

ကြီးပွားတိုးတက်ရေး၏ လမ်းကြောင်းမှမတရားအုပ်ချုပ်မှု၊ ဖိနှိပ်ချုပ်ချယ်မှု နှင့် ဆင်းရဲခြင်းသို့ ပြောင်းလဲစေ၏။ များပြားသော လူမျိုးများသည် ဤလမ်းသို့ လိုက်သွားကြ၏။ သူတို့သည် လောကီ အယူအဆများပေါ်တွင် အခြေခံသော လူမျိုးများ၏ ရရှိမည့်နောက်ဆုံးအဖြေရလာဒ်ကို အသိမှတ်မပြုကြပေ။ လူ့သမိုင်း၏ ကျမ်းစာနှင့် စပ်ဆိုင်သော ကမ္ဘာ့မြင်ကွင်းနှင့် ဘုရားသခင် ဂရုဏာတော်နှင့် စပ်ဆိုင်သော အမြင်တို့သည် ၂၀ ရာစုနှစ်တွင် ပြုလုပ်ခဲ့သော ပြုပြင်ပြောင်းလဲရေး ပြီးဆုံးသွားသည့်နောက်မှစ၍ အသင်းတော်နှင့် အနောက်တိုင်း ကမ္ဘာ၏ ထင်မြင်ယူဆချက်များအပေါ်တွင်ဩဇာလွှမ်းမိုးခဲ့ သည်။ အမျိုးမျိုးအဖုံဖုံဖြစ်သော လူမျိုးများ၏ အဆင့်အတန်းသည် ကျမ်းစာနှင့် စပ်ဆိုင်သော ကွဲပြားခြားနားသော အမှန်တရားကို ထောက်ခံ အားပေးသည်။ သို့သော် သူတို့သည် အနည်းဆုံးမှန်ကန်သော လမ်းကြောင်းပေါ်တွင် ရပ်တည်နေကြသည်။ ယနေ့ခရစ်ယာန်များအကြား၌ ပင်လျှင် လူ့သဘာဝနှင့် လောကီရေးရာကို လေ့လာသော ကမ္ဘာ့အမြင်က ဩဇာလွှမ်းမိုးနေချိန်တွင် ခရစ်ယာန် မဟုတ်သော သမတ္တ ဖရင့်ကလင်နှင့် ဂျက်ဖါဆင်စသော ပုဂ္ဂိုလ်များ အပါအဝင် အမေရိကန်ပြည်ထောင်စုကို တည်ထောင်သူများသည် ကျမ်းစာနှင့် စပ်ဆိုင်သော ကမ္ဘာ့အမြင်ရှိကြ၏။ ဤလောကီရေးရာတွင် သက်ဝင်မှုရှိသော ကမ္ဘာတွင် ပညာရေး အခန်းကဏ္ဍသည် နေရာယူ၍ ဝင်လာခဲ့သည်။ လွတ်လပ်ရေး၏ အခြေခံမှု၊ 'ဂ' ချက်ထဲတွင် တစ်ခုသည် ခရစ်ယာန် ပညာရေး၏ အခြေခံမှုဖြစ်သည်။ ဒါဟာ ကျွန်ုပ်တို့က၏ သားသမီးများနှင့် အခြားသောသူများထံသို့ ကျမ်းစာနှင့် စပ်ဆိုင်သော အမှန်တရား လက်ဆင့်ကမ်းရောက်ရှိလာခြင်းဖြစ်သည်။

## ခရစ်ယာန်အတတ်ပညာရှင်၊ ဖွဲ့စည်းပုံနည်းစနစ်များကို စီစစ်ဝေဖန်သော ပညာရပ်နှင့် သင်ရိုးညွှန်းတမ်းများ

ခရစ်ယာန်ဆိုသည်မှာ ခရစ်တော်ကို ပိုင်ဆိုင်သော သူကို ဆိုလိုပါသည်။ ခရစ်ယာန်ဖြစ်လာဖို့ရန် ပညာပေးရေးအတွက် ပညာရေး၏ ရုပ်သွင်ပြင်အားလုံးသည် ခရစ်တော်ကို ပိုင်ဆိုင်ရပါလိမ့်မည်။ အောက်ဖော်ပြပါအချက်များသည် ခရစ်ယာန်များ ပညာရေးထဲတွင် ခရစ်တော်ကို ပိုင်ဆိုင်သူဖြစ်ရလိမ့်မည်။

(၁) ဒဿနိက ဗေဒပညာရပ် – ဘာကြောင့်လဲ၊ ဘယ်သူလဲ၊ ဘယ်အချိန်မှာလဲ၊

ဘယ်နေရာမှာလဲ။

(၂) ဖွဲ့စည်းပုံနည်းစနစ်များကို စီစစ်ဝေဖန်သောပညာရပ် – ဘယ်လိုလဲ

(၃) သင်ရိုးညွှန်းတမ်း – ဘာလဲ

များစွာသော ခရစ်ယာန်ကျောင်းများနှင့်အသင်းတော်များသည် လူသဘာဝနှင့် လောကီရေးရာများကို လေ့လာသော ဒဿနိက ဗေဒပညာရပ်၊ ဖွဲ့စည်းပုံနည်းစနစ်များကို စိစစ်ဝေဖန်သောပညာရပ်နှင့် သင်ရိုးညွှန်းတမ်းများစသော ပညာရပ်များရှိ၏။

ပညာရေးဆိုသည်မှာ အဘယ်နည်း။ ပညာရေးဆိုသည်မှာ – (ကောလောသဲ ၂း၈) တွင် ဖော်ပြခဲ့သည့်အတိုင်း လောကီပညာရေးနှင့် ပရိယာယ်သည် ဖမ်းဆီးချုပ်နှောင်ခြင်း ခံရခြင်းကို ယူဆောင်လာသည်။ ခရစ်တော်တရားကို မလိုက်၊ လူအဆက်ဆက်ခံသော နည်းဥပဒေသနှင့် လောကီတရားကိုလိုက်၍ လောကပညာနှင့် အချည်းနှီးသော ပရိယာယ်အားဖြင့် သင်တို့ကို အဘယ်သူမျှမယူမဖျက်ဆီးစေခြင်းငှာ သတိပြုကြလော့ (ကောလောသဲ ၂း၈) ယနေ့မြောက်များစွာသော လူမျိုးများသည် လောကီရေးနှင့်ဆိုင်သော ပညာရေးစနစ်ကို ဘာလေ့ခံကျင့်သုံးသဖြင့် လူတစ်ဦးချင်းစီ၏ အသက်တာထဲတွင် ကျွန်ပြုခြင်းကို ဖြစ်ပေါ်စေ၏။ လောကီရေးနှင့် ဆိုင်သော အတတ်ပညာရပ်များသည် ကျွန်ပြုခြင်းကို ယူဆောင်၍ ဖြစ်ပေါ်လာစေချိန်တွင် ခရစ်ယာန် ဘာသာရေးနှင့် အတတ်ပညာရပ်သည် လွတ်လပ်မှုကို ဖြစ်ပေါ်စေသည်ဟု ကျမ်းစာက ဖေါ်ပြထား၏။ လူမျိုးတစ်မျိုးကို လွတ်မြောက်စေရန်အတွက် ၄င်းနိုင်ငံအတွင်း ရှိလူတစ်ဦးချင်းစီကို အရင်ဆုံး လွတ်မြောက်စေရမည်။ မှန်ကန်သော ပညာရေးသည် ခရစ်ယာန် အသက်တာ၏ အတွေးအခေါ် ပညာရေးကို ဝေငှရန်အတွက် အဓိက အချက်ဖြစ်၍ ဤသို့အားဖြင့် ကျွန်ုပ်တို့၏ လွတ်လပ်မှုကို ယူဆောင်ပေးခဲ့သည်။ ကျွန်ုပ်တို့ကိုယ်တိုင် ကိုသင့်တော်သော ပညာရေးပေးရန် အလိုငှာ ဘယ်အရာသည် မှန်ကန်သော ပညာရေးဖြစ်သည်ကို ပထမဦးဆုံး နားလည်သဘောပေါက်ရမည်ဖြစ်၏။ ကျွန်ုပ်တို့သည် လူထုနှင့်ဆိုင်သော ကျောင်းများတွင် ပညာရေးကို ကျွန်ုပ်တို့၏ အတွေ့အကြုံမှ ရှင်းပြခဲ့လျှင် ခေတ်မှီသော အဘိဓာန်ထဲက ရှင်းပြခဲ့သော စကားလုံးများဖြစ်သော ပြန်ကြားရေးဆိုင်ရာ သင်ကြားပို့ချချက်များကို ကျွန်ုပ်တို့သဘောတူကောင်းတူပါလိမ့်မည်။ ပြန်ကြားချက်ကို

ဝေငှခြင်းတွင် ပညာရေး ပါဝင်လာ၏။ သို့သော် ဒါဟာ ကျမ်းစာအရ ဒုတိယအရေးကြီးသောအချက်ဖြစ်သည်။ သက္ကရာဇ် ၁၈၂၈ ခုနှစ်တွင် နောဧဝိဗ်စတားပြုလုပ်ခဲ့သော အင်္ဂလိပ်ဘာသာဖြင့် ရေးသား ခဲ့သော အမေရိကန် အဘိဓာန်စာအုပ်ထဲတွင် ပညာရေးရည်မှန်းချက် ၄ ခုကို ရေးသား ဖော်ပြထား၏။ သူရေးသားခဲ့သော စာတွင် အောက်ပါအချက်များကို ရည်ရွယ်၍ ညွှန်ကြားချက်များနှင့် စည်းကမ်းများကို အစဉ်လိုက်ရေးသားဖော်ပြထား၏။

(၁) နားလည်သဘောပေါက်ခြင်းအတွက် အသိဉာဏ်ဖွင့်ပေးခြင်း

(၂) မှန်ကန်သော စိတ်နေစိတ်ထားရှိရန်

(၃) လူငယ်များ၏ အပြုအမူနှင့် အလေ့အကျင့်များကိုဖွဲ့စည်းခြင်း

(၄) ရှေ့လာမည့် ဘဝအတွက် အသုံးဝင်သောသူမျာဖြစ်ရန် ပျိုးထောင်ရန် စသည်တို့ဖြစ် သည်။

ကျွန်ုပ်တို့ ဆရာကြီးနောဧဝိဗ်စတား၏ ရှင်းပြချက်ကနေ၍ သဘောပေါက်နားလည် သည်မှာ ပညာရေးသည် လူ၏အတွင်းပိုင်းရှိ စိတ်နှလုံးအကျင့်စာရိတ္တ ဖွဲ့စည်းခြင်းတွင် အဓိက ကျစွာ ဆက်သွယ်ခဲ့သည်။ အကျင့်စာရိတ္တဖွဲ့စည်းပုံသည် မလွဲမရှောင် သာသောအရာ ဖြစ်သည်။ မကောင်းသော အကျင့်စာရိတ္တသည် ပညာရေးထောက်ပံ့ခြင်းနှင့် လူထုကျောင်းများ၏စည်းကမ်းပျက်စီးခြင်း၏ ရလဒ်များကို ဖြစ်ပေါ်စေ၏။ ဆိုးသော အကျင့်စာရိတ္တသည် ကောင်းသော အကျင့်စာရိတ္တဖွဲ့စည်းခြင်းကို လစ်လျူရှုရုံသာမက ကျောင်းများ (ကောလိပ်များအပါအဝင်) တွင် သူတို့၏ ရှေ့လာမည့် ဘဝတိုးတက်ရေးအတွက် အသုံးဝင်မည့်ကျောင်းသူ/သားများဖြစ်လာဘို့ ပညာရေးကို လေ့လာဘို့ရန် ပျက်ကွက် စေခဲ့သည်။ ကောလိပ်ကျောင်းထွက်ကျောင်းသူရသားများသည် တီထွင်ဖန်တီး တတ်ခြင်းလည်းမရှိ စီးပွားရေးလုပ်ငန်းအတွက် ပညာရေးနှင့်ပတ်သက်သော အတတ်ပညာလည်းမရှိဘဲ သူတို့၏ ပညာကို အလဟာသ သုံးဖြုန်းကြသည်။ စစ်မှန်သော ပညာရေးသည် တစ်စုံတစ်ယောက်သောသူ၏ ပြောပြခြင်းမရှိဘဲ မိမိသင်ယူရရှိထားသော အတတ်ပညာများကို အသုံးပြုပြီး နယ်မြေသစ်များတွင် အဆင့်ဆင့်တိုးတက်အောင်မည်သို့ လုပ်ရမည်ကို သိနားလည်ကြပါသည်။

ပညာရေးစကားလုံး၏ အမြစ်သည် အဓိပ္ပါယ်နှစ်ခုရှိသည်။ ၎င်းတို့မှာ ဟဟာလောင်းထည့်ခြင်း'' နှင့် ''ရှည်အောင်လုပ်ခြင်း'' တို့ဖြစ်ကြသည်။ ဤသင်ကြားရေ နှစ်ခုဖြစ်သော လောင်းထည့်ခြင်းနှင့် ရှည်အောင်ပြုလုပ်ခြင်းတို့သည် စစ်မှန်သော ပညာရေးတွင် ပါဝင်ကြသည်။ အကြောင်းကြားခြင်းနှင့် အတတ်ပညာများကို ကလေးများစိတ်နှလုံးထဲတွင် လောင်းထည့်ခြင်းကို ပြုလုပ်သည်သာမက သင်ကြားပေးထားသောအရာများကို သိရှိနားလည်သဘောပေါက်ပြီး မည်ကဲ့သို့ လက်တွေ့ကျကျ အသုံးပြုရမည်ကိုလည်း သေချာစွာ စစ်ဆေးရမည်။ ပညာရေး ဆိုသည်မှာ ကျောင်းသူ/သားများက ထုတ်လုပ်ခြင်း မစတင်မချင်း မဖြစ်ပေါ်လာနိုင်ပါ။ ကျွန်ုပ်တို့၏ သားသမီးများကို အဘယ့်ကြောင့် ပညာသင်ကြားပေးခဲ့သလဲ ဆိုသည့် အကြောင်း အမျိုးမျိုး ရှိပါသည်။ သူတို့၏ အကျင့်စာရိတ္တကောင်းမွန် တိုးတက်ရေး အတွက်ဖြစ်ပြီး သူတို့၏ တိုးတက်ကြီးပွားမှုကို ဖြစ်ပေါ်စေ၍ ကျွန်ုပ်တို့ကို ပျက်စီးခြင်းမှ ထိန်းသိမ်းကာကွယ်သည်။ (ဟောရှေ ၄း၆) ထပ်၍ ပြောမည်ဆိုလျှင် ဘုရားသခင်သည် ကျွန်ုပ်တို့ သားသမီးများကို ပညာသင်ပေးရန် အမိန့်ပေးတော်မူ၏။ (အခန်း ၈ တွင် ကြည့်ပါ) ၎င်းနောက် ဘုရားသခင်သည် လူမျိုးများကို ပညာသင်ကြားပေးရန် အသင်းတော်ကို အမိန့်ပေးတော်မူ၏ (မဿဲ ၂၈း၁၈-၂၀) ပညာရေးသည် သိတင်းကောင်း၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်သည်။

## ကျမ်းစာနှင့်စပ်ဆိုင်သော ပညာရေးနည်းလမ်းကို စတင်တွေ့ရှိခြင်း

ကျမ်းစာနှင့်စပ်ဆိုင်သော ပညာရေးနှင့် ၎င်းသည် အရေးကြီးကြောင်းကို ကျွန်ုပ်တို့သဘောတူပြီဖြစ်သည်နှင့်အညီ အခုကျွန်ုပ်တို့ မေးခွန်းများကို ထုတ်ပါလိမ့်မည်။ ကျွန်ုပ်တို့သည် သားသမီးများကို မည်ကဲ့သို့ ပညာသင်ပေးသင့်သလဲ။ ပညာရေးသင်ပေးရာတွင် ခရစ်ယာန် နည်းလမ်းရှိသလား။ ဤမေးခွန်းများကို ဖြေဆိုရာတွင် ကျွန်ုပ်တို့သည် နည်းလမ်းများသည် ကြားနေသော (neutrac) အရာများမဟုတ်ကြောင်းကို ပထမဆုံးသော သဘောပေါက်နားလည်ရပါမည်။ ရှင်ပေါလုသည် ကောရိန္တု အသင်းတော်အတွက် သူတည်ထောင်ထားခဲ့သော အခြေခံအုတ်မြစ်အပေါ်တွင် သတိထားစွာ မည်ကဲ့သို့ပြုစု ပျိုးထောင်ရမည့်အကြောင်း

ညွှန်ကြားခဲ့၏။ (၁ကောရိန္သု ၃း၁၀) ''အခြားသောသူသည် ထပ်ဆင့်၍ တည်ဆောက်လေ၏။ သို့ရာတွင် အဘယ်သို့ထပ်ဆင့်၍ တည်ထောင်သည်ကို လူတိုင်း သတိပြုပါစေ'' (၁ကော ၃း၁၀) လူထုနှင့် ပတ်သတ်သော ကျောင်းများတွင် သင်ကြားပို့ချခဲ့သောအကြောင်းအရာများသည် လူ့သဘာဝနှင့် လောကီရေးအကြောင်းကို အသေးစိတ် တိကျစွာ သင်ကြားပေးခဲ့သဖြင့် ဘာသာရေးကိုင်းရှိုင်းသော ကျွန်ုပ်တို့ လူငယ်များ၏ အကျင့်စာရိတ္တနှင့် အယူအဆများကို ဖျက်ဆီးတတ်၏။ (ကျွန်ုပ်တို့၏ ဘာသာရေး၊ နိုင်ငံရေး လွတ်လပ်မှုနှင့် ပျော်ရွှင်မှုများကိုပါ ဖျက်စီး၏) လူထုနှင့်ဆိုင်သော ကျောင်းများတွင် လူ့သဘာဝနှင့် လောကီရေးရာ အကြောင်းကို သင်ကြားပို့ချသည် သာမက ၄င်း လူ့သဘာဝနှင့် လောကီရေးရာ အကြောင်းများ၏ အယူအဆများကိုပါ သင်ပေးရန် နည်းစနစ်ကိုအသုံးပြုကြ၏။ ဥပမာ ရုပ်မြင်သံကြားသည် လူငယ်များနှင့် ကျွန်ုပ်တို့ကိုယ်တိုင်အတွက် ဆက်သွယ်ရေးနှင့် ပြန်ကြားရေး၏ နည်းစနစ်ဖြစ်သည်။ ရုပ်မြင်သံကြား အစီစဉ်များတွင် ပါဝင်သော အကြောင်းအရာများသည် ဘာသာရေး ကိုင်းရှိုင်းမှုမရှိခြင်းဖြစ်သည်ကို အသိမှတ်ပြုရန် အနည်းငယ်သိမြင်လာစေသည်။ အကြမ်းဖက်ဖြင့်၊ အကျင့်စာရိတ္တပျက်စီးခြင်း၊ ဓလေ့ထုံးစံ၏ တန်ဖိုးကို ဆန့်ကျင်ခြင်း၊ အရှက်မရှိခြင်းနှင့် စနစ်မကျသော လူ့သဘာဝနှင့် လောကီးရေးရာ အကြောင်း လေ့လာခြင်း၏ အယူအဆများသည် လေလှိုင်းများကို အုပ်ချုပ်ခဲ့သည်။ ရုပ်မြင်သံကြား ထဲတွင်ရှိသော အကြောင်းအရာများသည် ဆိုးသွမ်းသကဲ့သို့ နည်းစနစ်သည် ပို၍ ဆိုးသွမ်းကောင်းဆိုးသွမ်းပါလိမ့်မည်။ ကလေးတစ်ယောက်သည် ရုပ်မြင်သံကြားရှေ့တွင် နေ့တိုင်း နာရီပေါင်းများစွာ ထိုင်နေသောအခါ သူဘာလုပ်နေသလဲ အဖြေသည် ဘာအကျိုးကျေးဇူးမှုမရှိ၊ သူ၏ စိတ်ကူးယဉ်ဖန်တီး တီထွင်တတ်ခြင်းနှင့် ဉာဏ်စွမ်းအား များသည် ဖွံ့ဖြိုးတိုးတက်မှုမရှိဘဲဖြစ်နေ၏။ လေ့လာကျက်မှတ်ခြင်းသည် ရုပ်မြင်သံကြား ရှေ့တွင် ထိုင်ကြည့်နေသော ကလေး၏ ကျောင်း ပညာရေးတွင် ပို၍ အားနည်း နေကြောင်းကို ဖေါ်ပြသည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်အဖြေကို ရချင်ရင် ကျမ်းစာနှင့် စပ်ဆိုင်သော သင်ကြားရေးနည်းစနစ်ကို အသုံးပြု၍ ကျွန်ုပ်တို့၏ ကလေးများကို သင်ကြားပေးခြင်းသည် အရေးကြီးသောအချက်ဖြစ်သည်။

ဒါဝိဒ်ဘုရင်သည် ကောင်းသော အယူအဆရှိသူတပါးဖြစ်သည်။ သူသည်

ရှောလုဘုရင်လက်ထက်တွင် လစ်လျူရှုခဲ့သော ဘုရားသခင်၏ သေတ္တာတော်ကို ဖိလိတ္တိလူတို့ထံမှ သွားယူဘို့ရန် အကြံရှိ၏။ ငါတို့၏ ဘုရားသခင် သေတ္တာတော်ကို တဖန်ဆောင်ခဲ့ကြကုန်အံ့၊ ရှောလု လက်ထက်၌ ထိုသေတ္တာတော်ရှေ့မှာ မေးမြန်းလေ့မရှိပါတကား။ (ရာဇဝင်ချုပ် ပစောင် ၁၃း၃)။ ဒါဝိဒ်ရှင်ဘုရင်ဖြစ်မီ အရင်နှစ် ၂၀ ခန့်တွင် ပါလက်စတိုင်းနှင့် ဣသရေလ စစ်ပွဲတွင် ပါလက်စတိုင်းတို့သည် ဘုရားသခင်၏ ပဋိန္နညဉ်သေတ္တာတော်ကို ဖမ်းဆီးယူဆောင်သွားခဲ့ကြ၏။ သို့သော် ယခုအချိန်တွင် ဒါဝိဒ် မင်ကြီးသည် ဘုရားသခင်၏ ပဋိညဉ်သေတ္တတော်ကို ဖိလိတ္တိလူတို့ထံမှ သွားယူ၍ မြို့တော်ဂျေရုဆတင်သို့ ယူဆောင်လာရန် အလိုရှိ၏။ ဤအကြံစည်သည် အကောင်းဆုံးသော အကြံစည်ဖြစ်၍ မည်ကဲ့သို့ သွားယူခဲ့သည့် အကြောင်းသည် အလွန်အရေးကြီးလှ၏။ သြဇာသည် ဤမှန်ကန်သော အကြောင်းအရာ များကို ယနေ့သူနှင့်စကားပြောနိုင်မည်ဆိုလျှင် သေချစွာ ရှင်းပြပြီး သက်သေခံ ရလိမ့်မည်ဖြစ်ပါသည်။ ဘုရားသခင်၏ ပဋိညာဉ်သေတ္တတော်ကို လှည်းပေါ်တင်၍ အဘိနဒပ်း အိမ်ထဲက ထုတ်ကြ၍ ခရီးနှင်လာသည်နှင့်အမျှ သေတ္တာတော်သည် မှောက်လုပ်မတတ်ဖြစ်နေသည်။ ထိုအခါ သြဇာသည်လာ၍ သေတ္တာတော် မကျအောင်လက်ကို ဆန့်တန်း၍ ကိုင်မိ၏။ ဒါဟာ သြဇာနောက်ဆုံးအချိန်ဖြစ်သည်။ ဘုရားသခင်သည် သြဇာကို အပြစ်ဒဏ်ပေးတော်မူသောကြောင့် သြဇာသေလေ၏။ ဒါဝိဒ်မင်းကြီးသည် ဘုရားသခင်၏ နှုတ်ကပတ်တော်မှ အမှန်တရားကို မြင်ရသောအခါ နွားလှည်းကို အသုံးပြု၍ သေတ္တတော်ကို မသယ်ဆောင်သင့်ကြောင်းကို သိမြင်လာခဲ့၏။ သို့သော် ဖိလိတ္တိ လူမျိုးတို့လုပ်ထုံးလုပ်နည်းဖြစ်သည်။ (ရာဇဝင်ချုပ် ပစောင် ၁၅း၁-၂) ဒါဝိဒ်မင်းကြီးသည် မှန်သော အရာကို မှားယွင်းစွာ အသုံးပြုမိပါက ကြောက်စရာအလွန်ကောင်းသည်ကို သိမြင်လာခဲ့၏။ ထို့ကြောင့် ကလေးများကို ကျမ်းစာနှင့်စပ်ဆိုင်သော ပညာကို သင်ကြားပေးရာ၌ ဘုရားသခင်၏ ဖြစ်စေတော်မူသည့် အတိုင်း ပြုစုပျိုးထောင်ပေးရုံသာမက ဘုရားသခင်၏ အလိုတော်အတိုင်း အသက်ရှင်နေထိုင်သွားရန် သင်ကြားပေးရမည်ဖြစ်၏။

ခရစ်ယာန် ဘာသာတစ်ဦးဟာ အခြားသော လူတစ်ယောက်ကို လိုလားစွာ ခရစ်ယာန် ဆရာဖြစ်ဘို့ရန် မခန့်ပေ၏။ လူ့သဘာဝနှင့် လောကီရေးရာ

အကြောင်းများကို လေ့လာခြင်းနည်းစနစ်အသုံးပြုနှင့် ကျမ်းစာကို အနည်းငယ်သာ ဖတ်ခြင်းနှင့် ဆုတောင်းခြင်းသည် ခရစ်ယာန် ဘာသာဝင်များကို ညွှန်ကြားချက်မပေးခဲ့ပေ။ ခရစ်ယာန် ဘာသာဝင်များ၏ အကျင့်စာရိတ္တနှင့် အယူအဆများ သကြားရေးလိမ်းထားသော သိတင်းကောင်း၏ နည်းစနစ်သည် ခရစ်ယာန် ဘာသာဝင်အမျိုးသားနှင့် အမျိုးသမီးများ ၏ အကျင့်စာရိတ္တနှင့် အယူအဆများကို တည်ဆောက်ရန် လုံလောက်မှုမပေးနိုင်ချေ။

## အခြေခံမှုသည် ပညာရေးဘက်သို့ချဉ်းကပ်ခြင်း

ခရစ်ယာန်ပညာရေးနည်းစနစ်ရှိ၍ နည်းစနစ်များသ် ကြားနေမဖြစ်ခဲ့လျှင် ၄င်းနည်းစနစ်သည် ဘာနည်းစနစ်လဲ။ ၄င်းကို အခြေခံမှုက ပညာရေးဘက်သို့ ချဉ်းကပ်ခြင်းဟုခေါ်သည်။ အတိုချုပ်အားဖြင့် ပြောမည်ဆိုလျှင် အခြေခံမှုသည် ပညာရေးဘက်သို့ ချဉ်းကပ်ခြင်းသည် တစ်ဦးချင်းစီ၏ အရည်အချင်းကို ကျမ်းစာက သင်ပေးခဲ့သည့်အတိုင်း လူတိုင်းအသက်တာ၏ ရုပ်သွင်တွင် သွတ်သွင်းခဲ့၏။ ခရစ်ယာန် ဘာသာဝင်များအနေနှင့် ဤကဲ့သို့ ပြုလုပ်ရန် သိရှိကြပါ၏။ သို့သော် တကယ်လုပ်ကြသလား။ ကျမ်းစာမှပထဝီဝင်ဘာသာ၊ နက္ခတ်တာရာအတတ်ပညာ၊ ဂဏန်းသင်္ချာ 'ဝါ' သမိုင်း ဘာသာရပ်များအကြောင်းဖေါ်ပြခဲ့သည်ကို တကယ်နားလည်သဘောပေါက်ကြသလား။ နိုင်ငံတော်ကာကွယ်ရေး၊ နိုင်ငံခြားပေါ်လစီ၊ 'ဝါ' လူထုအစိုးရ အုပ်ချုပ်ရေးအကြောင်းကို ဖေါ်ပြရန် မဟုတ်ပါ။ အခြေခံမှု ချဉ်းကပ်ခြင်းသည် ကျမ်းစာနှင့် စပ်ဆိုင်သော အကြောင်းပြချက်၏ အတတ်ပညာများကို နဂိုအနေအထားအတိုင်း ပြန်လည်၍ ရောက်ရှိစေသည်။ ယခုခေတ်ကာလ ခရစ်ယာန် မျိုးဆက်သစ်များသည် (ရောမ ၁၂း၂) ကို အောက်ပါအတိုင်း ဖတ်ရှုခဲ့ကြသည်။ ''သင်တို့သည် လောကီပုံသဏ္ဍာန်ကို မဆောင်ကြနှင့်။ ကောင်းမြတ်သောအရာ၊ နှစ်သက်ဘွယ်သော အရာ၊ စုံလင်သောအရာတည်းဟူသော ဘုရားသခင်အလိုတော်ရှိသောအရာသည် အဘယ်အရာဖြစ်သည်ကို သင်နိုင်မည့်အကြောင်း စိတ်နှလုံးကို အသစ်ပြင်ဆင်၍ ပုံသဏ္ဍာန် ပြောင်းလဲခြင်းသို့ ရောက်ကြလော့။ ကျွန်ုပ်တို့သည် စိတ်နှလုံး၏ အသစ်ပြုပြင်ခြင်းဖြင့် ပြောင်းလဲခဲ့ကြသည်ကို သိရှိကြပါ၏။ သို့သော် စိတ်နှလုံးကို ဖယ်ရှာပစ်ခြင်းဖြင့် ကျွန်ုပ်တို့ပြောင်းလဲကြသည်မဟုတ်ပါ။ ဝိညာဉ်တော်လမ်းပြ

ပို့ဆောင်တော်မူခြင်းကိုသာ လိုလားသော ခရစ်ယာန် အတော်များများသည် ဆွေစဉ်မျိုးဆက် ခေတ်ကာလ တုန်းကတည်း ထောင်ခဲ့သော ယိုယွင်းပျက်စီးနေပြီဖြစ်သော၊ အများအဖွဲ့စည်းနှင့် ဆိုင်သော အသင်းတော်အကြောင်းကို အလွန်အကျွံ ပြောဆိုခဲ့ကြ၏။ ကျွန်ုပ်တို့သည် ခရစ်ယာန်များဖြစ်သည်နှင့် အညီ ကမ္ဘာပေါ်တွင် အကြီးမားဆုံးသော စဉ်းစားတတ်သောသူများဖြစ်နိုင်ဘို့ရန် စွမ်းအားရှိသည်ကို သဘောပေါက်သိရှိနားလည်ရပါမည်။ သမိုင်းအရ ပြောမည်ဆိုလျှင် ခရစ်ယာန်များသည် အသက်တာ၏ ဧရိယာနယ်ပယ်အားလုံးနီးပါးတွင် ခေါင်းဆောင်သူများဖြစ်ကြသည်ကို အတီးအမှုတ်ပါရဂူ ယောစန် အက်စ်ဘတ်ချ်၊ သိပ္ပံပညာရှင် အိုင်ဇက်နယူတန်၊ အနုပညာရှင် ရမ်ဘရန့်၊ စီးပွားရေးပါရဂူ အာဒမ်စမစ်နှင့် လူထုအစိုးရအုပ်ချုပ်ရေးမူး လောခ်စသောပုဂ္ဂိုလ်ကြီး များ၏ ပြောပြချက်အရ သိရှိကြခြင်းဖြစ်၏။ ယနေ့ လူမျိုးများဆီသို့ လွတ်လပ်ရေး၊ တရားမျှတမှု၊ တိုးတက်မှုနှင့် ကြီးပွားချမ်းသာခြင်းကိုရရှိစေဘို့ရန် ဘဝသက်တာ၏ နယ်ပယ်အားလုံးတွင် ကျမ်းစာနှင့် စပ်ဆိုင်သော အကြောင်းပြချက်များကို သိရှိနားလည်၍ ရှင်းပြတတ်သော လူကို လိုအပ်လျက်ရှိပါ၏။ ယနေ့ လူမျိုးများကို လှုပ်ခေတ်နေသော လှုပ်ရှားမှုများအကြောင်းကို သူတို့ကို သင်ကြားပေးပါ။ စဉ်းစားစရာ မေးခွန်းမမေးပါနှင့်။ ဗွီဒီယိုဂိမ်းများတွင် နှစ်စဉ် ဒေါ်လာဘီလီယံများစွာကို အသုံးပြု၍ ထို့ထက်မကသော ဘီလီယံ ပေါင်းမြောက်များစွာကို နှစ်စဉ်ရုပ်ရှင်ကားများ၊ အားကစားများနှင့် အခြားသော အားကစားပွဲများအတွက် သုံးဖြုန်းခဲ့ကြ၏။ ''ပျော်ရွှင်မှု'' ဤစကားလုံးသည် a နှင့် muse မှ လာသော စကားလုံးဖြစ်၍ အဓိပ္ပါယ်မှာ ''မစဉ်းစားခြင်း'' ဟု ရ၏။ ဤလှုပ်ရှားမှုများ၏ သင့်လျော်သောဖေါ်ပြချက်ဖြစ်၏။ ဒီနေ့ကျမ်းစာနှင့် စပ်ဆိုင်သော ကျွန်ုပ်တို့၏ ပညာရေးဆိုင်ရာနည်းစနစ် ဖေါ်ပြချက်များ၏ အတတ်ပညာများကို မူလအခြေနေအတိုင်း ပြန်လည်ရောက်ရှိနိုင်ရန် များစွာလိုအပ်လာ၏။ နေရာဒေသများတို့တွင်ပင် အဓိက မှန်ကန်သော အချက်အလက်များ ထင်ရှားစွာ လွဲချော်နေသဖြင့် ပိုမိုမှန်ကန်သော အချက်အလက်များကို ရရှိနိုင်ရန် ကျောင်းများတွင် သင်ကြားခဲ့သည်။ ထိုအချက်အလက်များမည်ကဲ့သို့ရောက်ရှိလာမည်ကိုလည်း သင်ကြားပို့ချပါမည်။ ဤအခြေခံမှု၏ ချဉ်းကပ်ခြင်းအကြောင်းကို ပိုမိုပြည့်စုံစွာ

သိရှိနားလည်သဘောပေါက်နိုင်ရန ဤအသီးသီးသော စကားလုံးများကို သီးခြားစွာ ခွဲ၍ လေ့လာကြည့်ရှုကြပါစို့။ ၁၈၂၈ ခုနှစ်တွင် ဝေဗ်စတာရေးသားပြုလုပ်ခဲ့သော အဘိဓာန်စာအုပ်အရ (၁) အခြေခံမူတစ်ခုဟာ အရာဝတ္ထုတစ်ခုမှတစ်စုံ တစ်ခု၏ အကြောင်းရင်း၊ တစုံတစ်ခု စတင်ဖြစ်ပွားရာနေရာ 'ဝါ' မူလဇစ်မြစ် (၂) သဘာဝအင်အားစုများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲပြင်ဆင်ခွင့်အာဏာရှိသော အစိတ်အပိုင်း။ အခြေခံမူသည် ဓါတုဗေဒထဲတွင် ပါဝင်သော ဒြပ်စင်တစ်ခုနှင့်တူ၏။ ဤဒြပ်စင်တစ်ခုသည် သဘာဝအားဖြင့် တည်ရှိသော အရာဝတ္ထုများထဲတွင် အငယ်ဆုံးပုံစံဖြင့်ပါဝင်သည်။ များမကြာမီ ကွဲသွားနိုင်သော အရာဖြစ်သည်။ အခြေခံမူသည် လုံးဝဥဿုံညီအမှန်တရားဖြစ်၍ ၄င်းကို အဓိကအားဖြင့် ပုံစံသို့လျှော့ချပစ်သည်။ သမ္မာကျမ်းစာထဲ၌ အမှန်တရားပေါင်းမြောက်များစွာ ပါဝင်နေသောအချိန်တွင် ၄င်းတို့သည် အမှန်တရားများက ဖြစ်ပေါ်စေခဲ့သော အခြေခံမူများ၏ သေးငယ်သောအရေအတွက်များအဖြစ် ကွဲသွားနိုင် ပါသည်။ ဤအခြေခံမူများကို နားလည်သဘောပေါက်ပါက ၄င်းသည် အမှန်တရားတစ်ခုသည် အခြားအသစ်သော အမှန်တရားနှင့် တွေ့ဆုံသောအခါ မေ့ပျောက်ခြင်းမရှိကြောင်းကို အာမခံခြင်းနှင့် ဘဝအသက်တာကို လေ့လာသုံးသပ်ခြင်းမှတဆင့် ပြည့်စုံ၍ တမူထူးခြားသော အသွင်လက္ခဏာကို ပေးကမ်းပါလိမ့်မည်။ အခြေခံမူနှင့် မျိုးစေ့တို့သည် တူညီသော အဓိပ္ပါယ်များရှိကြ၏။ အစေ့သည် အပင်တစ်ပင်၏ သန္ဓေသားလောင်းဖြစ်၍ အပင်တစ်ခုလုံးအတွက် လိုအပ်သော အရာအားလုံးပါဝင်ပြီး ကျစ်လစ်သိပ်သည်းသော ဖွဲ့စည်းမှုအနေအထားအားဖြင့် ရှိနေပါသေး၏။ မျိုးစေ့သည် ပေါက်ဖွားလာပြီး အပင်ရလာသောအခါ ရေလောင်းခြင်းကြည့်ရှုစောင့်ရှောက်ခြင်းများပြုလုပ်ခြင်းအားဖြင့် ကြီးသောအပင်များဖြစ်ပေါ်လာကြ၏။ ထိုနည်းတူ အခြေခံမူများသည်လည်း ပထမဦးစွာ အစေ့ပုံစံဖြင့် ကလေးများစိတ်နှလုံးထဲသို့ သွင်းပေးခြင်းဖြင့် အမှန်တရားနှင့် လုံးလဝီရိယ၏ ကြီးမားသော အပင်ကြီးများဖြစ်ပေါ်လာ၏။ ဘုရားသခင်သည် အစေ့နှင့်စ၍ အပင်ဖြစ်စေတော်မူ၏။ ဒီနေ့ အမျိုးမျိုးသော မိဘများသည် သားသမီးများ၏ လည်ပင်းပေါ်သို့ အပင်များ စိုက်ရန် တွန်းအားပေးကြိုးစားကြ၏။ အခြေခံမူသည် မျိုးစေ့၏ အခြေခံမူကို သင်ကြားပေးပို့ခြင်းဖြင့် သူတို့၏ ဘာသာ အသီးသီးနှင့် ခြားနားသော အဆင့်အတန်းများကို သရုပ်ဖော်ပုံအားဖြင့် ရှင်းလင်းခြင်း၊

ဥပမာများပေးခြင်း၊ လုပ်ရန် တာဝန်များပေးခြင်း၊ ပညာရေးနှင့်ဆိုင်သော နည်းလမ်းများပေးခြင်း၊ စသည်ဖြင့် လူမျိုးများဆီသို့ ချဉ်းကပ်မှုပြုလုပ်ကြ၏။ ဤသို့ပြုလုပ်ခြင်းကြောင့် ကလေးသည် ကျမ်းစာနှင့်စပ်ဆိုင်သော အခြေခံမှုများကို သိရှိနားလည်သည်သာမက၊ သူ့အသက်တာ၏ အစိတ်အပိုင်းဖြစ်သော ကျမ်းစာအတိုင်း အသက်ရှင်နေထိုင်ခြင်းကို အာမခံသည်။ ချဉ်းကပ်ခြင်းဆိုသည်မှာ လာခြင်း 'ဝါ' အနီးသို့ သွားခြင်း၊ သူ့နေရာသို့ သွားခြင်း၊ သူ့အနားသို့ကပ်ခြင်းကိုဆိုလိုပါသည်။ ထို့ကြောင့် တစ်စုံတစ်ယောက်သော သူ၏ အခြေခံမှုများရရှိခြင်းနှင့် သူတို့အသက်တာ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပေါ်လာခြင်းသည် အခြေခံမှုချဉ်းကပ်ခြင်း၏ အကျိုးသက်ရောက်စေခြင်းကြောင့်ဖြစ်၏။ အခြေခံမှုချဉ်းကပ်ခြင်းသည် အချက်အလက်များ 'ဝါ' ထုတ်ပြန်ချက်များ 'ဝါ' အစေ့ 'ဝါ' အမြစ်မှစ၍ လေ့လာသုံးသပ်မှုတွင် ပါဝင်ပတ်သက်ခဲ့သည်။ ပညာရေးသည် အချက်အလက်များကို ကျက်မှတ်အလွတ်ရခြင်းကိုသာမပြုလုပ်သင့်ပေ။ ဒါဟာ ကျောင်းများတွင် ပညာသင်ကြားနေသော ကလေးများအတွက် မှန်ကန်သကဲ့သို့ အသင်းတော်အတွက် ထုတ်ပြန်ခဲ့သော မိန်းခွန်းများအတွက်လည်း မှန်ကန်မှုရှိပါ၏။ ဤအခြေခံမှုချဉ်းကပ်ခြင်းက ရှင်းပြခဲ့သည်မှာ ခရစ်ယာန် အတော်များများသည် ထုတ်ဝေခဲ့သော အချို့အမြင်များပေါ်တွင် အဘယ့်ကြောင့် လုံးလုံးလျားလျား ဆန့်ကျင်ခဲ့ကြသလဲ (ဥပမာ လူထုအစိုးရထဲတွင် အသင်းတော်၏ ပါဝင်လှုပ်ရှားမှုများ) ဘုရားသခင်သည် ဤအနေအထားများပေါ် တွင် အမြင်တစ်ခုတည်းသာရှိတော်မူသည့်တိုင်အောင် ဤခက်ခဲသော ပြဿနာများအတွက် အဖြေများ ပေးချင်သော ဆန္ဒရှိခဲ့လျှင် ကျွန်ုပ်တို့သည် ဤအမြင်ကို သိရှိနားလည်သဘောပေါက်ရမည်ဖြစ်၏။ ခရစ်ယာန်များသည် ဤထုတ်ဝေခြင်း၏ နှစ်ဖက်စလုံးအပေါ်တွင် သူတို့ယုံကြည်ခြင်း၏ အခြေခံအတွက် ကျမ်းစာကို အမှီသဟဲ ပြုနေခဲ့ကြလျှင် အဘယ့်ကြောင့် ဤအမြင်များကို ဆန့်ကျင်ခဲ့သလဲ။ အဘယ့်ကြောင့်ဆိုသော် သူတို့သည် ကျမ်းစာနှင့်စပ်ဆိုင်သော အခြေခံမှုများကို သုံးသပ်မှုမရှိကြသောကြောင့်ဖြစ်၏။ ဤဘာသာရပ်အပေါ်တွင် ကျမ်းစာကို အနည်းငယ်ကိုးကားပြုခြင်းနှင့် ထင်မြင်ယူဆချက်ပေးခြင်းတို့သည် လုံလောက်မှုကို မပေးနိုင်ပေ။ ကျွန်ုပ်တို့သည် အချက်အလက်များကို လေ့လာရာ၌ ကျမ်းစာအပေါ်တွင် လုံးလုံးလျားလျား

သုံးသပ်ရပါမည်။ အနည်းငယ်သော ကျမ်းပိုဒ်များအပေါ် ကိုးကား အမှန်တရားကို ထောက်ခံတန်ဆောင်နေသော အချိန်ခါတွင် ကျမ်းစာနှင့် စပ်ဆိုင်သော မည်သည့်အခြေခံမှုကိုမျှ ဆန့်ကျင်ခြင်းမပြုလုပ်ပါနှင့်၊ မည်သည့် အခြေခံမှု၏ ပြဋ္ဌာန်းထုတ်ဝေခဲ့သော အမြင်နှင့် အချက်လက်များကိုမဆို၊ ဆန့်ကျင်ကန့်ကွက်ခဲ့လျှင် ကျွန်ုပ်တို့သည် မှားယွင်းနေကြောင်းကို သိရှိနိုင်ပါသည်။ ပြောင်းပြန်အားဖြင့် ပြောမည်ဆိုလျှင် ကျွန်ုပ်တို့၏ အဆုံးသတ်ခြင်းသည် အခြေခံကျစွာ ဖွဲ့စည်းထားသော အခြေခံမှုများနှင့် သဘောတူညီမှုရှိခဲ့လျှင် ၎င်းသည် အခြေခံမှုများ မှလာသော မှန်ကန်သော ပညာဗဟုသုတ ပိုင်ဆိုင်ကြောင်းကို အာမမခံနိုင်ပေ။ ဤအခြေခံမှုများ၏ ချဉ်းကပ်ခြင်းအကြောင်းကို ပိုမို၍ နားလည်လေ၊ ဤအခြေခံမှုများကို များများပိုင်ဆိုင်လေဖြစ်ပြီး ကျွန်ုပ်တို့၏ အမြင်သည်လည်း မှန်ကန်လေဖြစ်၏။

## တစ်ခုလုံးနှင့်ဆိုင်သော နည်းစနစ်

အခြေခံမှု၏ ချဉ်းကပ်ခြင်းကို ပညာရေး၏ ပြည့်စုံသော နည်းစနစ်ဟုလည်း ခေါ်၏။ ၎င်းဆိုလိုချက်မှာ တစ်ခုလုံးမှ အစိတ်အပိုင်းများသို့ ညွှန်ကြားချက်ပေးသည်ကို ဆိုလိုပါသည်။ သမိုင်းကို ဥပမာအဖြစ် အသုံးပြုရပါလိမ့်မည်။ သမိုင်း၏ အပိုင်းအစများကို သင်ပေးမည့်အစား ကျမ်းစာနှင့်စပ်ဆိုင်သောသမိုင်းတစ်ခုံးကို ပထမဦးစွာ လေ့လာ ကြည့်ရှုပြီးနောက်တွင် အပိုင်းများခွဲ၍ ပိုမိုအသေးစိတ်ကျစွာလေ့လာပြီး၊ ၎င်းတို့ကို ဆက်သွယ်ပြီး သမုငိးတစ်ခုလုံးကို သိရှိနားလည် သဘောပေါက်ရပါမည်။ သမိုင်း၏ အဖြစ်ပျက်အားလုံးကို ကျမ်းစာနှင့် အစပ်ဆိုင်သော အတတ်ပညာအားဖြင့် ကြည့်ရှုလေ့လာနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်း၏ တိကျသော အဖြစ်အပျက်များ အားလုံးကို စည်းလုံးစေသော ရည်ရွယ်ချက်အားလုံး ပါဝင်သောကြောင့် ဖြစ်၏။ လူ့သဘာဝနှင့် လောကီရေးရာ အကြောင်းများကို လေ့လာသော အတတ်ပညာ အမြင်မှကြည့်လျှင် သမိုင်းတွင် ဘာရည်ရွယ်ချက်မှမရှိပေ။ ဒီမှာ သမိုင်း၏ အဖြစ်ပျက်များကို အတူတကွ ချဉ်နှောင်ထားသော စည်းလုံးရေးစာတမ်းခေါင်းစဉ်လည်း မရှိခဲ့ပေ။ ဤသို့သမိုင်း၏ အမြင်နှင့် ရည်ရွယ်ချက်အားလုံးကို ကျောင်းစလျှင်စခြင်း ကလေးကို သင်ကြားပေးခဲ့၏။

ကျောင်းပညာစတင်သင်ကြားသည်နှင့် တပြိုင်နက် သူ့ကို ဓါတ်ပုံအားလုံး ပေးခဲ့၏။ ထိုနောက် ပညာရေးတွင် တိုးတက်မှုရှိလာသည်နှင့် သမိုင်း၏ အပိုင်းများကို ပို၍ အသေးစိတ်ကြည့်ရှုလေ့လာနိုင်သည်။ သူသင်ယူသမျှသော ပြန်ကြားချက် အားလုံးကိုထည့်ထားရန် ဖွဲ့စည်းမှုအခြေခံဘောင်ကိုရရှိလိမ့်မည်။ သမိုင်း၏ အဖြစ်အပျက်များသည် ဘုရားသခင်နှင့်သားတော်ယေရှုခရစ်ကို ပတ်လည်ဝိုင်းရံသည် သာမက၊ မူလဇစ်မြစ်၊ ဖွံ့ဖြိုးတိုးတက်မှုနှင့် ဗဟုသုတ အခန်းကဏ္ဍများ၏ ရည်ရွယ်ချက်များသည် ဘုရားသခင်၏ လောကီအကြံစည်တော်နှင့် တိုက်ရိုက်အားဖြင့် အဆက်သွယ်ရှိခဲ့၏။ ဤအချက်အလက်ကို နားလည်သဘောပေါက်ပြီးသား ဖြစ်သည်နှင့်အညီ ပြန်ကြားချက်အားလုံးတွင် ယုတ္တိရှိရှိ ကိုက်ညီစေသော အကိုးအကားများရှိသည်။ ဒီမှာ အကြောင်းအရာတစ်ခုကို ဆည်းပူးလေ့လာရာ၌ အချက်အလက်များကို အလွတ်ကျက်မှတ်ရန် မလိုအပ်ပေ။ ပညာရေးသို့ချဉ်းကပ်သော အခါ၌ ကျမ်းစာနှင့် စပ်ဆိုင်သော မှန်ကန်သော ချဉ်းကပ်ခြင်းသည် သင်ကြားရေးနှင့် ဆိုင်သော ဘာသာရပ် အမျိုးမျိုးနှင့် သူတို့ အထဲတွင် ကျမ်းစာကို ညှစ်ပြီး သွတ်သွင်းခြင်းထက် ပိုမို၍ အကျိုးသက်ရောက်မှု ပါဝင်၏။ ကျမ်းစာနှင့်စပ်ဆိုင်သော အခြေခံသည် ပညာရေးကို ချဉ်းကပ်ရာ၌ ဘုရားသခင်နှင့် လူသားများအတွက် သူ့အကြံစည်တော်ကို ပတ်ချလည့်ပတ်နေသော ဗဟုသုတအားလုံး၏ ရည်ရွယ်ချက်၊ မူလဇစ်မြစ်နှင့် အကြောင်းရင်းများ အကြောင်းကို ဖော်ပြခဲ့၏။

## အခြေခံမှုများကို စိတ်ထဲတွင် စွဲမြဲစေရန် ကျွန်ုပ်တို့ မည်ကဲ့သို့ လုပ်ရမည်နည်း

အခြေခံမှုသည် ပညာရေး ချဉ်းကပ်ခြင်းကို အလိုရှိပါက သင်ကြားရေးနှင့် လောလာဆည်းပူးရေးအတွက် ''R'' လေးလုံးကို ပြန်လည်ရှင်သန်စေရမည်။

(၁) ပထမ R- RESEARCH - သုတေသနပြုလုပ်ခြင်း။ အခြေခံမှုများကို ထုတ်ဖော်ရန်အတွက် အခြားသော သယံဇတာပစ္စည်းများနှင့် ကျမ်းစာထဲမှ စိတ်ဝင်စားစရာကောင်းသော ခေါင်းစဉ်နှင့် ဘာသာရပ်များကို သုတေသနပြုလုပ်ရပါ လိမ့်မည်။

(၂) ဒုတိယ R-RELATE အကြောင်းပြချက်။ အကြောင်းအရာ တစ်ခုကို သုတေသနပြုလုပ်နေသည်နှင့်အမျှ ဘုရားသခင်နှင့် သူ့ရည်ရွယ်ချက်ကို ကျွန်ုပ်အတွက် ဤပြန်ကြားချက်က ဘယ်လိုဖော်ပြ၍ ဤဘာသာရပ်အတွက် ဘုရားသခင်၏ အမြင်နှင့် ရည်ရွယ်ချက်သည် ဘာလဲစသည်ဖြင့် ကျွန်ုပ်တို့ကို ကျွန်ုပ်တို့အဆက်မပြတ် မေးမြန်းကြရမည်။

(၃) စတုတ္ထ R- RECORD မှတ်တမ်းတင်ခြင်း။ အခြေခံမှုများနှင့် အမှန်တရားများကဖော်ထုတ်၍ ပြောပြချက်များကို မှတ်တမ်းတင်ခြင်း 'ဝါ' ဘုရားသခင်က သူတို့ကို အမြဲတမ်းကာကွယ်စောင့်ရှောက်တော်မူသည်ကို မှတ်တမ်းတင်ခြင်းစသည် တို့ကို ပြုလုပ်ရပါမည်။ ဤလုပ်နည်းအစဥ်ဖြစ်သော သုတေသနပြုလုပ်ခြင်း၊ သုံးသပ်ခြင်းပြောပြခြင်းနှင့် မှတ်တမ်းတင်ခြင်း (၄ R- ခြင်း) သည် ကျွန်ုပ်တို့၏ စိတ်နှလုံးထဲတွင် အမှန်တရားစွဲမြဲစေရန်အတွက် အကောင်းဆုံးသော နည်းလမ်းဖြစ်၍ လေ့လာရန်နှင့် ပညာတတ်သူဖြစ်စေရန်အတွက် အကောင်းဆုံးသော နည်းစနစ်ပြီးသည်။ ယနေ့ ကျောင်းများနှင့် အသင်းတော်များတွင် ကျောင်းသူ/သားများကို သူတို့ပညာရေးလေ့လာဆည်းပူးနေသော အချိန်တွင် သုတေသန၊ အကြောင်းပြချက်၊ ပြောပြခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ပြုလုပ်ရန် တခါတရံမျှသာလုပ်ခိုင်းကြသည်။ ဒါဟာ ဘာသာရပ်အပေါ် တွင် စာမေးပွဲများပြုလုပ်ပေးခြင်းနှင့် နေ့စဥ်ဘာသာရပ်ကို လေ့လာသောအခါ ပြုလုပ်ရမည့်မှန်ကန်သော အချက်များဖြစ်သည်။ အစမ်းစာမေးပွဲ အားလုံးနီးပါးသည် ကွက်လပ်ဖြည့်စွက်ခြင်း၊ ယှဥ်တွဲခိုင်းခြင်း 'ဝါ' မှား–မှန် ရွေးချယ်ခြင်း စသည်တို့ကိုသာ ပြုလုပ်ခိုင်းကြသည်။ ကျောင်းသူ/သားများသည် ကျောင်းပညာသင်နှစ်ကုန်ဆုံးသွားသောအခါ၊ သူတို့၏ အသက်တာအတွက် မည်ကဲ့သို့ ပြင်ဆင်၍ သုံးသပ်မှုပြုလုပ်ရမည်ကို သင်ကြားခြင်းမရှိဘဲလျက် စစ်ဆေးမေးမြန်းသော စာမေးပွဲများကို နှစ်စဥ် နှစ်တိုင်း အောင်မြင်ခဲ့ကြသည်။ အကျိုးဆက်အားဖြင့် ယနေ့များစွာသော လူတို့သည် မိမိတို့ဘဝအတွက် မည်ကဲ့သို့ သုံးသပ်၍ စဥ်းစားရမည်ကို မသိရှိကြပေ။

**ကျွန်ုပ်တို့၏ ပညာရေးနှင့်ဆိုင်သော လုပ်နည်းအစဥ်တွင် ၄ 'R' ကို အကောင်အထည်ဖော်ရန် လက်တွေ့ကျသော နည်းလမ်းများ**

**(၁) စာစီစာကုံးများ**

စာစီစာကုံးရေးသားခြင်းသည် သုတေသနပြုလုပ်ရန် ဆင်ခြင်သုံးသပ်ရန်၊ ပြန်ပြောပြရန်နှင့် မှတ်တမ်းတင်ရန် စသော အရည်အချင်းကို ကျောင်းသားများ စိတ်နှလုံးထဲတွင် စွဲမြဲစေရန်အတွက် အကောင်းဆုံးသော နည်းလမ်းဖြစ်သည်။ စာစီစာကုံး အရေးအသားများသည် ကျောင်းသားများ၏ ယုံကြည်ခြင်းနှင့် သူတို့တကယ်သိရှိ နားလည်သောအကြောင်းအရာများများကို သူတို့ကိုယ်တိုင်မှန်ကန်စွာ ဖော်ပြတတ်ခြင်းနှင့် အဆက်အသွယ်များပြုလုပ်ရန် တတ်စွမ်းနိုင်သည် တစ်စုံတစ်ယောက်သောသူသည် ပြည့်စုံမှုရှိသော ဤစာကြောင်းတွင် သူ၏ အယူအဆကို ရေးသားထားသည်နှင့်အမျှ သူကိုယ်တိုင်အတွက် စဉ်းစားရန်နှင့် သုံးသပ်ရန် သူကို ဖိအားပေးခဲ့သည်။ ဤသူကိုယ်တိုင်ရေးသားဖော်ပြချက်သည် လူတစ်ဦးချင်းစီအတွက် လွတ်လပ်မှုကို ယူဆောင်လာခဲ့သည်။ သူသည် သူကိုယ်တိုင်အတွက် အမှန်တရားကို မည်ကဲ့သို့ ရှာရမည်ကို ဆည်းပူးလေ့လာရန်အတွက် သိတင်းစာဆရာများ၊ ကျောင်းဆရာများ၊ 'ဝါ' တစ်စုံတစ်ယောက်သောသူ၏ အပေါ်တွင်မှ မှီခိုရလိမ့်မည်မဟုတ်ပေ။

**(၂) မှတ်စုစာအုပ်များ**

ကျောင်းသားများသည် အမျိုးမျိုးသော ဘာသာရပ်နှင့် ခေါင်းစဉ်များကို မှတ်စုစာအုပ်ထဲတွင် စုဆောင်းရေးသားချက် ပြုလုပ်ခြင်းသည် သူတို့၏ စိတ်ထဲတွင် အမှန်တရား သွတ်သွင်းခြင်းအတွက် အကောင်းဆုံးသော အချက်ဖြစ်သည်။ ကောင်းသော အဆင့်များ ရရှိနိုင်ရန် စာမျက်နှာတိုင်းတွင်ရှိသော အချက်အလက်များနှင့် ပြန်ကြားချက်များကို အလွတ်ကျက်မှတ်ရန်အတွက် နှစ်စကတည်းက ပုံနှိပ်စာအုပ်များကို ကျောင်းသားများ လက်ထဲသို့ပေးအပ်ခြင်းအစား ပုံနှိပ်စာအုပ်ထဲတွင် ပါဝင်သော သယံဇာတပစ္စည်းများကြောင်းကို သူကိုယ်တိုင်း ရေးမှတ်ခြင်း၊ သုတေသနပြုလုပ်ခြင်းများ၊ ဆရာမသင်ကြားပေးသော အချက်အလက်များကို ကိုယ်ပိုင်စာအုပ်ထဲတွင် မှတ်စုရေးသားခြင်းသည် ကျောင်းသားများ ဖွံ့ဖြိုးတိုးတက်ရေးကို ပို၍ဖြစ်စေ၏။ မှတ်စုရေးသားထားခြင်းနည်းစနစ်သည်ကျောင်းသား၏ အရည်အချင်းဖြင့်

ရယူသော ပညာဖြစ်သည်ကို အာမခံသည် သာမက ပညာရေး၏ အဓိကရည်ရွယ်ချက်ဖြစ်သော လူတစ်ဦးချင်းစီ၏ စိတ်နှလုံးထဲတွင်လည်းကောင်းသော အကျင့်စာရိတ္တများကို တည်ဆောက်စေ၏။ ကိုယ့်ကိုယ်ကို ချုပ်တည်းမှုကြိုးစားအားထုတ်မှု၊ အစီအစဉ်များကို စနစ်တကျ ထားရှိမှု၊ စည်းကမ်းရှိမှု၊ နှင့် အရည်အချင်းရှိမှုတို့သည် ပညာရေး၏ မှတ်စုပြုစုရေးသားသောနည်းစနစ်အားဖြင့် ထုတ်လုပ်သော အရည်အချင်းများနှင့် အကျင့်စာရိတ္တများ၏ အနည်းငယ်မျှသော ဆက်သွယ်ရေးနှင့် အကြောင်းပြချက် များဖြစ်၏။ အမေရိကတိုက်ကို တည်ထောင်မှုပြုလုပ်သူဖခင်ကြီးများသည် မှတ်စုရေးသားပြုစုခြင်းနည်းစနစ်အားဖြင့် ပညာတတ်သူများဖြစ်ကြ၏။

ဂျော့ဝါရှင်တန် ရေးသားခဲ့သော အစောပိုင်းကာလမှတ်စုစာအုပ်များသည် ယခုတိုင်အောင် ကွန်ကရက်လွှတ်တော်အဆောက်အဦး၏ စာကြည့်တိုက်တွင် ထိန်းသိမ်းထားခဲ့၏။ သူအသက်ထင်ရှားရှိစဉ်က သူ၏ အကျင့်ဖြစ်သော အစီအစဉ်များကို စနစ်တကျ ထားရှိတတ်ခြင်း၊ သန့်ရှင်းသေသပ်မှု၊ နှင့် တည်တည်ငြိမ်ငြိမ်ရှိခြင်းစသည့် အကြောင်းအရာများကို သူ့လက်ရေးမူ၏ စာမျက်နှာများတွင် အဆင်သင့်တွေ့မြင်နိုင ်ပါသည်။ ပညာသင်ကြားခဲ့သော ပထမနှစ်ကတည်းက ဤအကျင့်အမူများရရှိလာအောင် သူဖခင်ကြီးကလုပ်ခိုင်းသည်။ ဂျော့ဝါရှင်တန်သည် အသက် (၁၀) နှစ်ရောက်ချိန် ၁၇၇၇ ခုနှစ် ဖွန်လ ၂ ရက်နေ့တွင် ဖခင်ကြီးထံရေးသားပေးပို့ခဲ့သော စာတွင် အောက်ပါအတိုင်း ရေးခဲ့၏။ လူကြီးမင်းခင်ဗျာ ကျွန်ုပ်စိတ်ထဲတွင် ရှိတာက သူတို့ကို ကူညီထောက်ပံ့ရန် လုပ်ဆောင်ပေးနိုင်မည့် ကျွန်ုပ်ဖတ်ခဲ့သော မှတ်တမ်းတင်ထိုက်သော အစြိအပျက်များကို လက်ရေးဖြင့် ကူးယူဘို့ရန်အတွက် ဗလာစာအုပ်တအုပ်ကို ကျေးဇူးပြု၍ ပို့ခဲ့ပါ ဟု ရေးသားပေးပို့ခဲ့၏။ ဒါဟာ တော်တော်လေးကို အံ့သြစရာ ကောင်းသော ဆယ်နှစ်သားလေး၏ ပြောသောစကား ဖြစ်၍ သူသုံးခဲ့သော စာသားများသည်လည်း ယခုခေတ်ကောလိပ်ကျောင်းသား အတော်များ၏ အဆင့်အတန်း ထက်ပင် သာလွန်သည်သာမက သူ့ပညာရေးနှင့်ပတ်သက်သော ထိုးထွင်းသိမြင်နိုင်စွမ်းရှိသည်ကို ပေါ်လွင်စေခဲ့၏။ နောက်လာမည့် ခြောက်ယောက ်မြောက်သော အမေရိကန် သမ္မတအတွက် ပညာရေးကို ချဉ်းကပ်သော မှတ်စုစာအုပ် တစ်အုပ်၏ အရေးကြီးပုံကို

ဖေါ်ပြခြင်းဖြစ်၏။ 4-R's ကို ထိန်းသိမ်းရန် အသုံးပြုနိုင်သော အခြားလက်တွေ့ကျသော ပညာရေးဆိုင်ရာ နည်းစနစ်များ ရှိသေးသည်။
(၁) နှုတ်ဖြင့် သိတင်းပို့ခြင်းနှင့်စစ်ဆေးခြင်း။
(၂) အတန်းထဲတွင် မေးခွန်းများမေးခြင်းနှင့် စာကြောင်းပြည့်စုံစွာ ဖြေဆိုခြင်း။
(၃) ဆည်းပူးလေ့လာခဲ့သော အကြောင်းအရာအားလုံးကို ဖေါ်ပြရန်၊ လက်တွေ့ကျသော ခံစားမှုကို ထုတ်ဖော်ရန် နည်းလမ်း။
(၄) အစီစဉ်များ၏ အလုပ်သင်ဘဝ
(၅) ကွဲပြားခြားနားသော အမျိုးအစားများထဲတွင် အသုံးဝင်သော စီမံကိန်းများကို ရေးဆွဲခြင်း။

အခြေခံမူက ပညာရေးကို ချဉ်းကပ်ရာတွင် အလုပ်တော်တော်များများလုပ်ရန် လိုအပ်နေသည်ကို သင်သည် စတင်၍ နားလည်သဘောပေါက်နိုင်ပါသည်။ မှန်ကန်သော ပညာရေးကို ချဉ်းကပ်လာသောအခါ စိန်ခေါ်ခြင်းနှင့် စိတ်လှုပ်ရှားမှု ဖြစ်စေပြီး၊ ပျင်းရိခြင်းကို လုံးဝရှောင်ကြဉ်ရမည်။ (ယခုအခါ ကျောင်းသားများသည် ကျောင်းများတွင် စည်းကမ်းချိုးဖောက်ခြင်း ပြဿနာနှင့် ရင်ဆိုင်ရသည့်အကြောင်းမှာ အလွန်ပျင်းရိခြင်း ရှိကြသောကြောင့်ဖြစ်၏) ပြင်းထန်သော ကြိုးစားမှုကိုလည်း လိုအပ်ပါလိမ့်မည်။ အကယ်၍ နှစ်ပေါင်းများစွာ ကျန်းမာရေးလေ့ကျင့်ခန်းမလုပ်ဘဲ၊ လှုပ်ရှားမှုကို အားသွန်ခွန်စိုက်မပြုလုပ်ခဲ့ပါက ကိုယ်ခန္ဓာသည် ထိခိုက်လာလိမ့်မည်ဖြစ်၏။ ထိုနည်းတူ ကျန်းမာရေးလေ့ကျင့်ခန်းပြုလုပ်မှုမရှိ၊ အားသွန်ခွန်စိုက် လှုပ်ရှားမှု ပြုလုပ်ခြင်းမရှိပါက သင်၏ စိတ်ကို ထိခိုက်လာပါလိမ့်မည်။ သို့သော် စိတ်နှလုံးကို ပိုမို၍ အသုံးပြုလာခဲ့လျှင် ပိုမိုကောင်းမွန်စွာ စဉ်းစားတတ်ရမည်ဖြစ်၏။ သင်၏ စိတ်နှလုံးသည် ကွန်ပြူတာ၌ အမှိုက်သရိုက်ဝင်ခြင်း၊ ထွက်ခြင်းထက် ပို၍ တိကျမှုရှိ၏။ ဒါဟာ သားအိမ်နှင့် တူ၏။ အကြံဉာဏ်များကို စိတ်ထဲတွင် သွင်းထားသည်ထက် အပြင်ဘက်သို့ ထုတ်ထားသည်က ပို၍များ၏။ ဒါဟာ မှန်ကန်သော သုံးသပ်မှု၏ အစိတ်အပိုင်းဖြစ်သည်။

## ခရစ်ယာန်ပညာရေးအတွက် အရေးကြီးသောအချက် ၃ ချက်

ယခင်ကပြောဆိုခဲ့သမျှသော အကြောင်းအရာများကို အတိုချုပ်ပြောမည် ဆိုလျှင် ဤအချက်သုံးခုသည် မှန်ကန်သော ခရစ်ယာန် ကောင်းများဖြစ်လာဘို့ရန် ပညာပေးရေးအတွက် အရေးကြီးသော အရာများဖြစ်ကြ၏။

(၁) ကျောင်းဆရာ။ ဆရာသည် အသက်ရှင်သော မျက်မြင်သက်သေ 'ဝါ' ပုံနှိပ်စာအုပ်ကဲ့သို့ဖြစ်၍ ပညာရေး၏ အရေးကြီးဆုံးသော ရုပ်သွင်ပင်ဖြစ်၏။ ၂ကော ၃း၃) စာသင်ကြားပို့ချသောအခါ 'ဝါ' ဝေငှသောအခါ သင်မည့်မျှ တတ်ကျွမ်းသည်ထက် သင်မည်သူဖြစ်သည်ကို သင်ပိုမို၍ သင်ကြားပေးရပါမည်။ ကျောင်းသားများက သင့်ကို ဖတ်ရလိမ့်မည်။ ထို့ကြောင့် အကျိုးသက်ရောက်မှုရှိသော ဆရာတစ်ယောက်အနေနဲ့ သင်၏ အသက်ရှင်နေသော အပိုင်းဖြစ်ဘို့ရန် သင်ကြားပို့ချခဲ့သမျှသော အကြောင်းအရာများကို ကျွမ်းကျင်ပိုင်နိုင်စွာ ပြောပြတတ်ရန်လိုသည်။

(၂) ပါဝင်သောအကြောင်းအရာ။ ကျွန်ုပ်တို့သင်ကြားပို့ချသော အကြောင်းအရာများတွင် ကျွန်ုပ်တို့ လက်တိုင်ထားရမည့် အရာသည် ကျမ်းစာအုပ်ဖြစ်ရမည်ဖြစ်၏။ (ကျွန်ုပ်တို့ဆွေးနွေးခဲ့ပြီးသည့်အတိုင်း အပေါ်ယံမျှသာ မဟုတ်ဘဲ) ဘာသာရပ်အားလုံးတွင် သင်ကြားပို့ချသော အချက်အလက်အားလုံးသည် ကျမ်းစာထဲတွင်ပါဝင်ခြင်း မရှိသောအခါ ၎င်း ဘာသာရပ် အသီးသီးအတွက် ဘုရားသခင်၏ ရည်ရွယ်ချက်များကို ဖော်ပြ၍ အခြေခံမှုအားလုံးပါဝင်သည်။

(၃) နည်းစနစ်။ ဘာသာတရားကိုင်းရှိုင်းသောဆရာနှင့် သူတင်ပြခဲ့သော အချက်အလက်များအပြင် ပညာရေးနှင့် ပတ်သက်သော နည်းစနစ်များသည်လည်း ခရစ်ယာန် ဘာသာရေးဆိုင်ရာ နည်းစနစ်ဖြစ်ရမည်။ ဤသင်ကြားရေးနည်းစနစ်သည် လောကကို အုပ်စိုးရန် တစ်ဦးချင်းစီ၏ ပြင်ဆင်မှုနှင့် လေ့လာသင်ကြားခြင်းကို နှစ်သက်သဘောကျလာအောင် တိုက်တွန်း ဝေငှတတ်သော အကျင့်စာရိတ္တကောင်းများကို တည်ဆောက်ရလိမ့်မည်ဖြစ်သည်။ ဤအခန်းတွင် ဖော်ပြထားသော အကြောင်းအရာ များကို သေချာစွာ စဉ်းစားပြီးမှ ဆွေးနွေးခဲ့ကြရာတွင် လွန်ခဲ့သောအချိန်တွင် နိုင်ငံများစွာ အတွင်းရှိ အနည်းငယ်သော ဆွေစဉ်မျိုးဆက်များ၏ လူထုနှင့် ပတ်သက်သော ပညာရေးကို ရှေ့ရှုလေ့လာသောအခါ ကျွန်ုပ်တို့တွေ့မြင်ရ သည်မှာ – ၎င်းနည်းစနစ်များ ထဲတွင် လူနှင့်လောကီရေးရာ

အတတ်ပညာများ ထိုးဖေါက်စိမ့်ဝင်လာသည်ကို တွေ့ရပါသည်။ ဥပဒေများသည် ပို၍ ဘာသာတရားကိုင်းရှိုင်းမှုမရှိဖြစ်သည်ကို အံ့သြစရာမဟုတ်ပါ။ ယခုအချိန်တွင် လူ့သဘာဝနှင့် လောကီရေးရာများကို လေ့လာသူ၊ မတ်စ်ဝါဒီများနှင့် အခြားသော အတတ်ပညာရှင်များသည် သူတို့၏ ဘာသာရေး ပြန့်ပွားရေးအတွက် အစိုးရကျောင်းခန်းများကို သူတို့၏ တရားဟောစင်အဖြစ် အသုံးပြုခဲ့ကြသည်။ ဒါဟာ အထူးသဖြင့် သူတို့၏ အုပ်ချုပ်ပုံအခြေခံမှုအတွက် ကျမ်းစာနှင့်စပ်ဆိုင်သော ဥပဒေများကို အသုံးပြုသော အမေရိကန် နိုင်ငံအတွက် မှန်ကန်၏။ ဤသို့ဖြင့် လူသည်သာ အဓိကဗဟိုဖြစ်သည်ဟူသော အယူအဆသည် တဖြေးဖြေးတိုးတက်လာသော ဥပဒေသို့ပြောင်းလဲလာ၏။ အမေရိကတိုက်ကို တည်ထောင်သူ ဖခင်ကြီးများသည် အမေရိကသည် လွတ်လပ်ရေးတည်တံ့၍ ကြီးပွားချမ်းသာမှုရှိခဲ့လျှင် ဘာသာတရားကိုင်းရှိုင်းသောသူများ၏ ကောင်းသော စံပြုမှုနှင့် အကျင့်စာရိတ္တများကြောင့် မွေးဖွားပေးသော ၄င်းလူမျိုးများ၏ အိမ်များနှင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများကို ထာဝရတည်မြဲစေလိမ့်မည်ဟု အသိမှတ်ပြုကြ၏။ ခရစ်ယာန် ဘာသာရေးသည် ပညာရေးအားလုံးအတွက် အခြေခံဖြစ်သည်ကို သိမြင်လာခဲ့ကြသည်။ ရိုဆလီစလက်ရေးသားခဲ့သည်ကား – အမေရိကန်ခရစ်ယာန်ပညာရေးသည် ကျွန်ုပ်တို့ လူမျိုးများ၏ ကြီးမားသော ကြီးထွားခြင်း၊ တိုးတက်ခြင်းနှင့် အောင်မြင်ခြင်း၏ အခြေခံဖြစ်သည်။ ကျွန်ုပ်တို့ နိုင်ငံတွင် လူတစ်ဦးချင်းစီ၏ နိုးကြားထကြွခြင်းနှင့် သူ၏ လွတ်လပ်မှုကို ကြီးကြပ်ဆောင်ရွက်ရန်အတွက် သူကိုယ်တိုင် ရွေးချယ်ထားသော အကြောင်းအရာများသည် အပြင်ဘက်မှ အမေရိကန်လူမျိုးများ၏ ဘဝအသက်တာထဲ၌ ခရစ်ယာန် အယူအဆများရောက်ရှိလာခြင်းကို ဖေါ်ပြခြင်းဖြစ်၏။ ကိုလိုနီနယ်ချဲ့သမားများ သည် သူတို့နှင့်အတူ ကျမ်းစာနှင့် စပ်ဆိုင်သော အတတ်ပညာ၏ ဝေလေ့ထုံးစံများနှင့် ပြန်လည် ဖွဲ့စည်းခြင်း၏ အသီးအပွင့်ဖြစ်သော အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော ကျမ်းစာအုပ်များကို ယူဆောင်လာခဲ့ကြသည်။ သူတို့သည် ကျမ်းစာနှင့်အတူ တစ်ဦးချင်းစီတွင်ရှိသော ခရစ်ယာန်များ၏ မှန်ကန်သော သစ္စာတရားများကို လေ့လာခြင်းနှင့် လက်တွေ့လုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ရန်ဟူသော ဆုံးဖြတ်ချက်များကို ယူဆောင်လာခဲ့ကြသည်။

သူတို့သည် သူတို့၏ ကလေးများကို ကျမ်းစာများဖတ်နိုင်ရန် သင်ကြားပေးချင်သော ဆန္ဒရှိသောကြောင့် ကျောင်းများကို တည်ထောင်ခဲ့ကြသည်။ သူတို့၏ ကောလိပ်ကျောင်းများသည် အသိဉာဏ်ပွင့်လင်း စေသော လုပ်ငန်းများအတွက် လိုအပ်သော အမြင့်ဆုံးသို့ရောက်စေသော ကျောင်းဖြစ်သည်။ သမိုင်းအရ ပြောမည်ဆိုလျှင် အမေရိကန် ပညာရေးသည် မြော်မြင်တတ်သော ခရစ်ယာန် အခြေခံနှင့် သင်ရိုးညွှန်းတမ်းတွင် ပါဝင်သော အဆင့်မြင့် ကျောင်းနှင့် စာပေနှင့်ဆိုင်သော အဆင့်တန်းမြင့်မားခြင်း ဟူသော နှစ်ခုစလုံးသော အခြေခံများရှိ၏။

## ကျမ်းစာနှင့်စပ်ဆိုင်သော – ဆည်းပူးရရှိသောပညာ

ရာစုနှစ်ဝက်ကျော် ခေတ်ကာလတွင် အမေရိကတွင်ရှိသော ပညာရေးအားလုံး အတွက် အခြေခံဖွဲ့စည်းထားသော ဤကျမ်းစာနှင့် စပ်ဆိုင်သော ပညာရပ်သည် အဘယ်နည်း။ ရိုးရိုးရှင်းရှင်းပြောမည်ဆိုလျှင် ကျမ်းစာနှင့် စပ်ဆိုင်သော ဆည်းပူးရရှိသော ပညာသည် ကျမ်းစာနှင့်စပ်ဆိုင်သော အခြေခံမှုများကို ရှင်းပြနိုင်သော အရည်အချင်းနှင့် လူမျိုးများဆီသို့ ပြောပြတတ်သော အရည်အချင်းတို့ဖြစ်ကြသည်။ ရှေးကျသော အမေရိကန် ခရစ်ယာန်များသည် သာလျှင် ကျမ်းစာမှ အကြောင်းပြချက်ကို ပြုလုပ်သည်သာမက၊ ခရစ်ယာန်မဟုတ်သော သူများသည် ပင်လျှင် ကျမ်းစာနှင့် စပ်ဆိုင်သော ကမ္ဘာ့အမြင်ကို လက်ကိုင်ပြု၍ သင်တန်းများပေးခဲ့ကြ၏။ သို့သော် ယခုခေတ်တွင် လူကို ဗဟိုပြုသော လူ့ဘာသာဝနှင့် လောကီရေးရာများကို လေ့လာသော ကမ္ဘာ့အမြင်တွင် ခရစ်ယာန်များနှင့် ခရစ်ယာန်မဟုတ်သော သူနှစ်ခုစလုံးသည် အမြင်ချင်းမတူဘဲ လုံးဝဆန့်ကျင်နေကြပါသည်။ ဆယ်စုနှစ်များအတွင်းတွင် ဤလူ့သဘာဝနှင့် လောကီရေးရာ အကြောင်းများလေ့လာသော ပညာရပ်များကို ကျောင်းများတွင် သင်ကြားပို့ချခြင်းကို ပြုလုပ်၍၊ အမေရိကန်နိုင်ငံတစ်ခုလုံးတွင် ဤပညာရပ်များတိုးတက်ပျံ့ပွားလာရန် ကြိုးစားသည့် အနေဖြင့် သိတင်းစာ၊ ရေဒီယို၊ ရုံသံလွှင့်စက်များဖြင့် ထုတ်လွှင့်ပြသနေ ကြပါသည်။

ကမ္ဘာအမြင်ဆိုသည်မှာအဘယ်နည်း

စာရေးစရာဂယ်ရီဒေမား ရေးသားခဲ့သည်ကား ရိုးရိုးရှင်းရှင်းပြောမည်ဆိုလျှင် ကမ္ဘာ့အမြင်ဆိုသည်မှာ သင့်ပတ်လည်တွင် ရှိသော ကမ္ဘာ့အဖြစ်ပျက်များကို သင်ကိုယ်တိုင် မည်ကဲ့သို့ ရှုမြင်သုံးသပ်သည်ကို ဆိုလိုပါသည်။ ဤကမ္ဘာ့အမြင်ဆိုသည့် စကားလုံးတွင် ဘုရားသခင်အကြောင်း သင်၏ ယုံကြည်ချက်၊ သင်ကိုယ်တိုင်၊ သင်၏ အိမ်နီးချင်းများ၊ အရောင်းဝယ် လုပ်ငန်း၊ စီးပွားရေးလုပ်ငန်းများ၊ သင့်မိသားစု၊ လူထုအစိုးရ၊ အနုပညာ၊ အတီးအမှုတ်၊ သမိုင်း၊ အကျင့်သီလ၊ ပညာရေးနှင့် အခြားသောအသက်တာ နယ်ပယ်များပါဝင်ကြသည်။ ဂွန်ဂျင်ဆန်ပြောခဲ့သည်ကား သင်၏ ကမ္ဘာ့အမြင်ဆိုတဲ့ နေရာမှာ – သင်သည် ကမ္ဘာကို မည်ကဲ့သို့ ရှုမြင်သုံးသပ်သည်ကို ဆိုလိုပါသည်။ ဒါဟာ ကြိုတင်ယူဆထားခြင်း၏ အကြောင်းရင်းဖြစ်၍ ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်နှင့် လုပ်ရပ်များ၏ အခြေခံများဖြစ်သော ကြိုတင်ယူဆချက်များဖြစ်၏။ ဤကြိုတင် ယူဆချက်များ သည် (ကျွန်ုပ်တို့၏ ကမ္ဘာ့အမြင်) ကျွန်ုပ်တို့၏ လှုပ်ရှားမှုအပေါ်တွင် ပြန်လည်၍ လွှမ်းမိုးသော ကျွန်ုပ်တို့၏ စဉ်းစားခြင်း နမူနာပုံစံများကို ဆုံးဖြတ်ခဲ့သည်။ ကျွန်ုပ်တို့၏ ကမ္ဘာ့အမြင်သည် သိရှိခြင်း 'ဝါ' မသိရှိခြင်းဖြစ်နိုင်သည်။ သို့သော် ကျွန်ုပ်တို့၏ ကမ္ဘာ့အမြင်သည် ကျွန်ုပ်တို့ နေထိုင်သော အသင်းအဖွဲ့များ၏ ရည်မှန်းချက်ပန်းတိုင်နှင့် ကျွန်ုပ်တို့၏ ရည်မှန်းချက်ပန်းတိုင်များကို ဆုံးဖြတ်ခဲ့သည်။ ဒါဟာ အမေရိကန် ကိုလိုနီနယ်ပယ်များ၏ ဆည်းပူးရရှိသော ပညာဖြစ်ပြီး အမေရိက၏ ကြွယ်ဝချမ်းသာခြင်းနှင့် လွတ်လပ်ရေး၏ အခြေခံကို ထောက်ပံ့သော ကမ္ဘာ့အမြင်ဖြစ် သည်။ ရိုးရိုးအလုပ်သမားများနှင့် လယ်သမားများသာဖြစ် ကြသောဘုရားဖူး လူအုပ်စုသည် မည်ကဲ့သို့သော နည်းအားဖြင့် အရေးပါသော မေဖလာဝါစာအုပ်ချုပ်ကို သမိုင်းအရ ရေးသားနိုင်ခဲ့ကြ၍ ဆယ်စုနှစ် အထိတည်တံ့ ခိုင်မြဲသော ငြိမ်းချမ်းစာချုပ်ကို အင်းဒီယန်း လူမျိုးများနှင့် ရေးဆွဲချုပ်ဆိုနိုင်ပြီး သူတို့အကြားတွင် တစ်ဦးချင်း၏ စီးပွားရေးလုပ်ငန်းကို ဖွံ့ဖြိုးစည်းနိုင်ကြသနည်း။ သူတို့တတ်နိုင်ပါသည်။ အဘယ့်ကြောင့်ဆိုသော် ကျမ်းစာ၏ အမှန်တရားကို ဘုရားနှင့်ဆိုင်သော အရာများတွင် သာမက လူထုအရေးကိစ္စများအတွက်ပါ မည်ကဲ့သို့ အသုံးပြု ရမည်ကို သိရှိနားလည်သဘောပေါက်သောကြောင့်ဖြစ်၏။ မိသားစုများ၊ အသင်းတော်များနှင့်

ကျောင်းများသည် ကျမ်းစာကို ဆင်ခြင်သုံးသပ်ရန်နှင့် အသက်တာအားလုံးအတွက် အသုံးပြုရန် သိရှိနားလည်သဘောပေါက်နိုင်သော အရည်အချင်းများရှိကြ၏။ အစောပိုင်းကာလ အမေရိကတွင်ရှိသော ပညာရေး၏ ထူးခြားကောင်းမွန်သော အရည်အချင်းရရှိရေးအတွက် ကျမ်းစာကို အားကိုးအားထား ပြုသည်။ တစ်ခုလိုအပ်ချက်ကတော့ တရားဟောချက် 'ဝါ' သိတင်းစာများ၏ ကောက်နှုတ်ချက်များကို ဖတန်ရန်နှင့် သူတို့၏ စာပေတတ်မြောက်မှုအဆင့်အတန်းသည် ယနေ့ကောလိပ် ကျောင်းများမှ ဘွဲ့ရသူများထက် သာလွန်မြင့်မားကြောင်းကို သိရှိနားလည်သဘော ပေါက်ရန်လိုအပ်သည်။ စာပေတတ်မြောက်မှု အဆင့်အတန်းမြင့်မား သည်သာမက စာပေတတ်မြောက်သူ လူဦးရေ၏ ရာခိုင်နှုန်းသည်လည်း ပိုမိုမြင့်မား ကြောင်းကို သိရှိရန်လိုအပ်သည်။

## ကျွန်ုပ်တို့၏ ကျောင်းများတွင် ခရစ်ယာန်ဘာသာရေးအတွက် လိုအပ်သောအချက်များ

ဘာသာတရားကိုင်းရှိုင်းသော လူမျိုးများသည် ခရစ်ယာန်ပညာရေး၏ အတတ်ပညာအပေါ်တွင် မှီခိုရလိမ့်မည်။ အမေရိကန် သမိုင်းရေး ဆရာကြီး ဘီ-အက်ဖ်မိုရစ်က သူ့သမိုင်းတွင် ရေးသားခဲ့ရာတွင် ခရစ်ယာန် ဘာသာရေးပြီးရင် ဒုတိယအရေးကြီးဆုံးဖြစ်သော 'ပညာရေး' သည် သမ္မတနိုင်ငံတည်ထောင်ရာတွင် မရှိမဖြစ်လိုအပ်သော အရာဖြစ်၍ လွတ်လပ်သော အစိုးရအားလုံးသည် ၎င်းအပေါ်တွင် အခြေခံ၍ မှီခိုရလိမ့်မည်ဖြစ်၏။ နိုင်ငံတော်သည် ဘာသာရေး၏ အခြေခံမှုပေါ်တွင် တည်မှီနေရမည်ဖြစ်ပြီး ဤဘာသာရေးအခြေခံမှုမပျက်စီးရအောင် ကာကွယ်စောင့်ရှောက် ပေးရမည်။ သို့သော် ဘာသာရေးအားဖြင့် နိုင်ငံတော်ကို ထောက်ပံ့မှုပေးခြင်းသည် ထင်ပေါ်ကျော်ကြားချင်သော စိတ်ဓါတ်ကို စွဲကိုင်ခြင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့သော လောလောဆယ် ဘာသာရေးပြဿနာကို ထင်ရှားစွာ ငြိမ်းစေခဲ့သည်။ အဓိက အချက်ကတော့ နိုင်ငံတော်သည် သူ့မှာရှိသော အမိန့်အာဏာများကို ထောက်ခံရန် ဘာသာရေးကို ကိုးကွယ်ရမည်။ ကျောင်းများတွင် ဘာသာရေးကို ဂရုမစိုက်ဘဲနေခြင်းထက် အခြားသော ညွှန်ကြားချက်အားလုံးကို

စွန့်လွှတ်ခြင်းသည် သာ၍ ကောင်း၏။ အမေရိကတွင် အခြေခံကျသော ဘာသာရေးသည် ခရစ်ယာန် ဘာသာရေးစနစ်ဖြစ်သည်။ ကျမ်းစာနှင့်စပ်ဆိုင်သော ဘဝအသက်တာ၏ အဖြေရလဒ်သည် ထိုနိုင်ငံ၏ လွတ်လပ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်လာခြင်းနှင့် ကြွယ်ဝချမ်းသာခြင်း တို့ဖြစ်၏။ နိုင်ငံ၏ လွတ်လပ်ရေးနှင့် အောင်မြင်ခြင်း ဆက်လက်တည်တံ့နိုင်ရေးသည် ခရစ်ယာန် ဘာသာရေး၏ အခြေခံမူထဲ၌ သူတို့၏ ကလေးများကို ပညာသင်ကြားပေးခြင်းအပေါ်တွင် မူတည်သည်။ ဤခရစ်ယာန် အခြေခံမူများကို အသုံးချခြင်းသည် လူမျိုးအားလုံးသို့ လွတ်လပ်ကို ရရှိရန် ဆန္ဒရှိစေသည်။ နောဝေဗ်စ်တာက ဤသို့ ရေးသားခဲ့၏။ လွတ်လပ်သော အစိုးရအားလုံး၏ အခြေခံအုတ်မြစ်နှင့် လူမှုရေးဆိုင်ရာ အမိန့်အာဏာအားလုံးသည် မိသားစုများအတွင်းနှင့် လူငယ်များ၏ စည်းကမ်းရှိမှုအပေါ်တွင် တည်မှီနေသည်။ လူငယ်များ၏ ပညာရေးနှင့် အလုပ်ခန့်ထားရေးသည် ဥပဒေများပြုလုပ်ခြင်းနှင့် သိတင်းကောင်းကို ဝေငှခြင်းထက်ပို၍ နောက်ဆက်တွဲ အဖြစ်ပျက်များလာသည်။ အဘယ့်ကြောင့်ဆိုသော် အောင်မြင်ခြင်း အတွက် မှီခိုအားထားရသော ဥပဒေနှင့် သိတင်းကောင်းများအပေါ်တွင် အခြေခံအုတ်မြစ်ချထားရသောကြောင့်ဖြစ်၏။ ကျွန်ုပ်တို့ လူမျိုး၏ အနာဂတ်ရေးအတွက် တိုင်းတာ၍မရနိုင်သော နောက်ဆက်တွဲ ကောင်းများရရှိနိုင်ရန် ကျွန်ုပ်တို့၏ လူငယ်များကို မည်ကဲ့သို့ သင်ကြားပေးမည်နည်း။

အခန်း ၈

## ''အိမ်နှင့်ကျောင်း''

## မိသားစုအပေါ်တွင် မှီခိုနေသော လွတ်လပ်သော နိုင်ငံတော်၏

## အခြေခံအုတ်မြစ်

လူ့အဖွဲ့အစည်း၏ အခြေခံအဆောက်အဦးသည် မိသားစုများဖြစ်ကြသည်။ လူမျိုးတစ်မျိုးထဲတွင် မိသားစုစိတ်ဓာတ် ရှိနေပါက ၎င်းနိုင်ငံ၏ အသင်းတော်၊ နိုင်ငံတော်၊ ပညာရေး၊ လုပ်ငန်းများ၊ အနုပညာရပ်များနှင့် ဘဝအသက်တာသည် တိုးတက်မှု ရှိလာမည်ဖြစ်သည်။ အိမ်သည် လူ့အဖွဲ့အစည်း၏ ပထမဆုံးသော နယ်ပယ်ဖြစ်၍ ၎င်းလူ့အဖွဲ့စည်း၏ အစိတ်အပိုင်းများ၏ အခြေခံအုတ်မြစ်ကို ဆုံးဖြတ်သည်သာမက၊ သူတို့၏ ကြွယ်ဝချမ်းသာမှုအတိုင်းအတာကိုလည်း ဆုံးဖြတ်သည်။ ယနေ့လူမျိုးများကို ရောဂါဖြစ်စေသော အကျင့်သီလနှင့် ပတ်သက်သော ပြဿနာများသည် မိဘများအားဖြင့် လူငယ်များ၏ အကျင့်သီလလစ်လျူရှုခြင်းကို ဖြစ်စေနိုင်သည်ဟု မှတ်ယူသည်။ လူမျိုးများ၏ လွတ်လပ်ရေး၊ တရားမျှတမှုနှင့် ကြွယ်ဝချမ်းသာခြင်းကို ထောက်ပံ့ရန်အတွက် လိုအပ်သော အကျင့်စာရိတ္တနှင့် ကျမ်းစာနှင့် စပ်ဆိုင်သော ကမ္ဘာ့အမြင်နှစ်ခုစလုံးကို လူများ၏ စိတ်ထဲတွင် တဖြေးဖြေးချင် စိမ့်ဝင်လာသော နေရာသည် မိသားစုအထဲတွင် စတင်ခဲ့သည်။ သမ္မတနိုင်ငံတွင် ခရစ်ယာန် အိမ်ထောင် မိသားစု၏ ရည်မှန်းချက်ပန်းတိုင်သည် ကမ္ဘာကို အုပ်ချုပ်ရန် ဆွေစဉ်မျိုးဆက်များ၏ အနာဂတ်အတွက် လေ့ကျင့်သင်ကြားပေးခြင်းနှင့် တစ်ဦးချင်းစီ၏ အကျင့်စာရိတ္တများကိုတည်ဆောက်ရန်၊ လူငယ်များကို ပြုစုပျိုးထောင်ခြင်းနှင့် ချစ်ခြင်းများကို ပြုလုပ်ရန် တို့ဖြစ်သည်။ အခြေခံကျသော အခြေခံမှုများသည် မိသားစုထဲတွင်ရှိသော လူမျိုးတစ်မျိုး၏ နိုင်ငံသားများဆီသို့ အကျိုးသက်ရောက်မှုရှိစွာ ဝေငှခဲ့သည့်အကြောင်းကို အခန်းတစ်တွင် စစ်ဆေးမှုများပြုလုပ်ပြီးဖြစ်သည်။ ဤနေရာတွင် လွတ်လပ်သော လူမျိုးများကို ထောက်ပံ့သော ကျမ်းစာနှင့် စပ်ဆိုင်သော အခြေခံမှုများကို လက်တွေ့ပြုလုပ်ခြင်းနှင့် သူတို့ယုံကြည်ခြင်း၏ အကာအရံအကြောင်းကို တစ်ဦးချင်းစီက ပထမဦးဆုံး ဆည်းပူးလေ့လာရန် တို့ဖြစ်သည်။ လူမျိုးများဆီသို့ အမေရိက၏ အသုံးပြုခြင်းအကြောင်းကို ရှိဆလီစလက်တာက ရေးခဲ့သည်ကား သမ္မတနိုင်ငံတွင်းရှိ ခရစ်ယာန် မိသားစု၏ လုပ်ရန်ရှိသော တာဝန်များနှင့် အခွင့်အရေးအကြောင်းကို ယနေ့ အနည်းငယ်သာ

ပြောရန်ရှိသည်။ ခရစ်ယာန် ဖွဲ့စည်းပုံနှင့် ပတ်သက်သော အစိုးရ၏ အောင်မြင်ရေးကို ပို၍ အရေးပါစွာ ဝိုင်းဝန်းကူညီသော အရာတစ်ခုမျှ အမေရိကတွင် မရှိသေးပေ။ ခရစ်ယာန် အကျင့်စာရိတ္တများကို တည်ဆောက်ထားသော အခြေခံများရှိသော မိသားစုတွင်သာရှိ၏။ ကိုယ်ကိုယ်တိုင် အုပ်ချုပ်ရေးကို လေ့လာ၍ လက်တွေ့ပြုလုပ်မှုရှိသော ခရစ်ယာန် အိမ်ထောင်မိသားစုတွင်သာရှိ၏။ မိသားစုများ၏ အပြင်ဘက်နိုင်ငံရေးဆိုင်ရာ ပညာရေးကို ဦးစားပေးသော အစိုးရ၏ ဖွဲ့စည်းအုပ်ချုပ်ပုံနှင့် အမေရိကခရစ်ယာန်အကျင့် စာရိတ္တများသီးသန့်စိန်ခေါ်မှုကို သတိပြုမိသော အမေရိကန် ခရစ်ယာန်များရှိသေး၏။ ဤသို့ဖြင့် မိဘများသည် နိုင်ငံရေး၊ ပညာရေး၊ နှင့် ဘာသာရေးတွင် နိုးကြွားထကြွ လာသောအချိန်၌ သမ္မတနိုင်ငံတွင် အစိုးရသည် မိသားစုတည်ဆောက်ရေး လုပ်ငန်းများကို ပထမဦးဆုံး ဆောင်ရွက်၍ အခြားလိုအပ်သော ကိုယ်စားလှယ် လုပ်ငန်းများ ဖြစ်သော ကျောင်းများ အသင်းတော်များနှင့် လူထုများအတွက် လိုအပ်သော ကိစ္စအဝဝကို ဆောင်ရွက်ပေးရန်ဖြစ်၏။ မိသားစုသည် မလိုအပ်သော စကားပြောဆိုခြင်းကို အစားမထိုးနိုင်ဘဲ ပေးကမ်းခြင်းကိုသာပြုလုပ်၏။ လူမျိုးများကို ပြုပြင် ပြောင်းလဲရန် ခရစ်ယာန်များသည် ကြိုးစားလာသည်နှင့်အမျှ လူမျိုးများ၏ ဘဝအသက်တာတွင် မိသားစု၏ အရေးကြီးပုံကို ဘယ်သောအခါမျှ လျှော့တွက်၍ ရလိမ့်မည်မဟုတ်ပါ။ မည်သည့်နေရာတွင်မှ မိသားစုများ၏ လွှမ်းမိုးခြင်းနှင့် လုပ်ငန်းများ တာဝန်များနှင့် သဘာဝများထက်ပိုပြီး ကြီးမားသော အာရုံစူးစိုက်မှုကို မပေးသင့်ပေ။ ခရစ်တော်လမ်းသို့ လိုက်ရန် ပြင်ဆင်သောအခါ၌ နိုင်ငံတစ်နိုင်ငံတွင် သာလွန် ကောင်းမွန်ခြင်းတည်းဟူသော ''ဖခင်'' များ၏ စိတ်နှလုံးသည် သားသမီးများထံသို့ ပြန်လာ၍ သားသီးများ၏ စိတ်နှလုံးသည်လည်း ဖခင်များထံသို့ပြန်လာသည်။ (မလခီ ၄း၆။ လုကာ ၁း၁၇) ဟူသော ကောင်းမှုကို ရရှိ၏။ ဤကဲ့သို့ မိဘများနှင် သားသမီးများ သင့်မြတ်မှုမရှိသောအခါ နိုင်ငံအပေါ်တွင် ကျိန်ဆဲခြင်း ''ဝါ'' ပျက်စီးခြင်းရောက်ရှိတတ်၏။

## ''မိသားစု'' သို့မဟုတ် ''အိမ်'' ဆိုသည်မှာအဘယ်နည်း

မှန်ကန်သော အိမ်၏ အဓိပ္ပါယ်ကို ခရစ်ယာန်ဘာသာရေး၏ ရှေ့နောက်စကား အဆက်အစပ်များတွင် ဘာတွေ့ရှိနိုင်ပါ သည်။ မိသားစုဆိုသည်မှာ ဘုရားနှင့်ဆိုင်သော ဘုရားသခင်၏ အဖွဲ့အစည်းဖြစ်၍ မိသားစုအဖွဲ့ဝင်များက အိမ်တွင် သူတို့၏ အခြေမူများကို အသုံးပြုမှသာလျှင် အောင်မြင်မှုကို ရရှိလိမ့်မည်ဖြစ်၏။ အချို့ကျမ်းစာနှင့် စပ်ဆိုင်သော အခြေခံမူများသည် မိသားစု၏ ကြီးပွားတိုးတက်ခြင်းကိုဖြစ်စေသည်။ ပါဝင်သော အချက်များမှာ (၁) စည်းလုံးမှုရှိသော လက်ထပ်မင်္ဂလာဆောင် ခြင်းသည် မွန်မြတ်သော အရာဖြစ်၏။ တစ်ခါမင်္ဂလာဆောင်ခဲ့လျှင် ကွာရှင်းခြင်း 'ဝါ' သူတပါး၏ မယားလင်နှင့် ဖေါက်ပြန်ကျူးလွန်ခြင်းရှိလိမ့်မည်ဟု မယူဆကြပေ။ ထိုပြင် ထိုကဲ့သို့ အပြစ်ကျူးလွန်ခြင်းဖြင့် ၎င်းအိမ်ထောင်ပြုခြင်းကို ဖျက်စီးလိမ့်မည်ဟုလည်းမထင်ခဲ့ပေ။

(၂) အိမ်ရှင်မိန်းမများကို သူတို့ပိုင်ဆိုင်သောပစ္စည်းဟူသမျှကို အုပ်ထိန်းသူအဖြစ် တာဝန်ပေးရမည်

သမိုင်းအရ ဒုတိယတန်းစားဖြစ်သော နိုင်ငံသားများ 'ဝါ' အစေခံများ၏ အခန်းကဏ္ဍအထက်တွင် အမျိုးသမီးများကို မြှင့်တင်ပေးသော စနစ်သည် ခရစ်ယာန်ဘာသာရေး၏ လွှမ်းမှုပင်ဖြစ်သည်။ ခရစ်ယာန်မိသားစုများတွင် အိမ်ရှင်ယောကျ်ား များသည် အိမ်ရှင်အမျိုးသမီးများကို ခရစ်တော်သည် အသင်းတော်ကို ချစ်တော်မူသကဲ့သို့ ချစ်ရမည်။ (ဖေက် ၅း၂၅)

(၃) ခရစ်တော်၏ မေတ္တာတော်အားဖြင့် စစ်မှန်သော မိသားစုသည် စည်းလုံးမှုရှိ၏

ဤကဲ့သို့သော မိသားစုအတွင်းရှိသော ချစ်ခြင်းသည် ကိုယ့်ကိုကိုယ် ငြင်းပယ်ခြင်းဖြစ်သည်။ မိသားစုအတွင်းရှိ အဖွဲ့ဝင်များသည် သူတို့ကိုယ်တိုင်အတွက်ထက် အခြားသူများအတွက် ပို၍ တာဝန်ယူဆောင်ရွက်၍ သေခြင်းထက်ပို၍ အားကောင်းသော ချစ်ခြင်းကို ပိုင်ဆိုင်ရလိမ့်မည်ဖြစ်၏။ (ဖိလိပ္ပိ ၂း၃–၁၁) ၎င်းမိသားစုသည် ဘယ်သောအခါမှ ပျက်စီးခြင်းသို့ ရောက်ရလိမ့်မည်မဟုတ်ပါ။ ခရစ်တော်၏ မေတ္တာတော်မပါဘဲလျှက် မိသားစုကို စည်းရုံးခဲ့လျှင် 'ဝါ' သဘာဝနှင့်ဆိုင်သော ခင်မင်မှုကိုသာ ကိုင်စွဲလျှင် ၎င်းသည် စစ်မှန်သောမိသားစု စည်းလုံးခြင်းကို မပေးနိုင်ဘဲ ယနေ့များစွာသော လူမျိုးများထဲတွင် အကြင်လင်မယား

ကွားရှင်းပြတ်စဲခြင်းများတိုးပွားလာသည်ကို သက်သေနှင့်တကွ တွေ့မြင်နိုင်ပါသည်။ (၄) ခရစ်ယာန် မိဘများသည် သူတို့၏ သားသမီးများကို ဘုရားသခင် ပေးတော်မူသော လက်ဆောင်ဟု အသိအမှတ်ပြု၍ သူတို့ကိုယ်တိုင်ကိုလည်း ဘုရားသခင်၏ အစေခံမှုးများဖြစ်ကြသည်ဟု မှတ်ယူခဲ့ကြ၏။ သူတို့သည် သူတို့၏ ဘဝအသက်တာများအတွက် သူ့အလိုတော်ကို ပြည့်စုံစေရန်နှင့် သူအမိန့်ပေးတော်မူသည့် အတိုင်း အသက်ရှင်နေထိုင်ရန်နှင့် သူတို့၏ သားသမီးများသည် ဘုရားသခင်ကို ချစ်ရန်နှင့် နာခံရန်အတွက် ပြင်ဆင်မှုများပြုလုပ်ကြရသည်။ နေအိမ်သည် ပထမဆုံးသော အသင်းတော်၊ ကျောင်းလုပ်ငန်းများနှင့် ပထမဆုံးသော အစိုးရပင်ဖြစ်သည်။ ဤနေရာတွင် လူများသည် သူတို့၏ ဘဝအသက်တာများကို မည်ကဲ့သို့ အုပ်စိုး၍ အခြားသောသူများကို မည်သို့ ဦးဆောင်မှုပြုလုပ်ရမည်ကို လေ့လာပြီး အလုပ်သင်ခြင်း၊ အလုပ်ဌာနများဖွင့်လှစ်ခြင်း၊ အသိပညာဆည်းပူးရရှိခြင်းနှင့် အကျင့်စာရိတ္တဖွံ့ဖြိုး တိုးတက်ခြင်းတို့ကို ပြုလုပ်ကြသည်။ ဘုရားသခင်သည် မိသားစု၏ အရေးပါဆုံးသော အခန်းကဏ္ဍာဖြစ်ခဲ့လျှင် သူ၏ အခြေခံမှုများသည် မိသားစုအတွက် အခြေခံဖြစ်ရပါမည်။ မိဘများသည် အိမ်များကို နိုင်ငံရေးခိုလှုံရာနေရာ 'ဝါ' လွှတ်မြောက်ရန်နှင့် အနားယူရန် အတွက် အသုံးပြုသောနေရာဟု မယူဆသင့်ပေ။ ဘုရားသခင်သည် အံ့အားသင့်စွာ မိသားစုကို ထူထောင်၍ လူမျိုးများနှင့် သူတို့အတွက် သူ့အကြံစည်တော်၏ အစိတ်အပိုင်း အဖြစ် မိဘများသို့ သားသမီးများကို ပေးတော်မူ၏။ မဆာချူးဆက်စ်ပြည်နယ်ရှိ ပလိုင်းမောက်အရပ်ဒေသတါင် အထိမ်းအမှတ်အဖြစ် ကျောက်တိုင်ကို စိုက်ထူ၍ ''ဘုရားဖူးသွား မိခင်ကြီး'' ဟု ကမ္ပည်းစာတမ်းရေးထိုးခဲ့ကြ၏။ သူတို့သည် ၄င်းဒေသများ တွင် နေထိုင်ကြသော လူမျိုးများကို ပျက်စီးစေခြင်း မပြုဘဲ သူတို့၏ မိသားစုများကို အားကောင်း၍ သီလသမာဓိနှင့် ပြည့်စုံသော အသက်ရှင်သော ယုံကြည်ခြင်းကို ရရှိစေရန် ဘုရားသခင်ထံတော်သို့ ယူဆောင်လာခဲ့ကြ၏။ ဤမိသားစု အခန်းကဏ္ဍာကို ပြည့်စုံခြင်းမရှိပါက မည်သည့် လူမျိုးမဆို ကြာရှည်တည်တံ့နိုင်လိမ့်မည်မဟုတ်ပေ။

## ခရစ်ယာန် မိသားစု၏ သာသနာလုပ်ငန်း

ဘုရားသခင်သည်လူ့အဖွဲ့အစည်း၏ အခြေခံဖြစ်သော အဆောက်အဦး၏ သစ်စသစ်နများကို အတည်ပြုသည်နှင့်အညီ မိသားစုဝင်များ၏ ထာဝစဉ်ကိုယ်စိတ်နှစ်ဖြာ ချမ်းသာမှုနှင့် လောကီရေးရာနှင့် ပတ်သက်သော အရာများကို ပေးကမ်းရန်နှင့် သာသနာလုပ်ငန်းများအတွက် မိသားစုများကို တည်ဆောက်တော်မူခဲ့၏။ အစောပိုင်း ဘဝအသက်တာကာလတွင် ကလေးများသည် သူတို့၏ လိုအပ်ချက်ဟူသမျှတွင် မိဘများကို အပြည့်အဝအားကို မှီခိုကြ၏။ ဘုရားသခင်သည် သူတို့သားသမီးများ၏ ဝိညာဉ်ရေးဆိုင်ရာ လိုအပ်ချက်များနှင့် အကျင့်သီလ၊ စိတ်ခံတတ်ရေးရာနှင့် ရုပ်ပိုင်းဆိုင်ရာများကို ထောက်ပံ့ပေးရန်အတွက် မိဘများကို မျှော်လင့်တော်မူခဲ့၏။ ဤအမှုအရာများကို မပြုလုပ်မဆောင်ရွက်သော မိဘများသည် ဘုရားသခင်ကို မယုံကြည်သောသူများထက် ပိုဆိုး၏။ (၁တိမော ၅း၈) ကျွန်ုပ်တို့၏ သဘာဝနှင့်ဆိုင်သော တပ်မက်မှုသည် ဤအမှုအရာများကို လျင်မြန်စွာ ပြုလုပ်စေ၏။ သို့သော် ကျွန်ုပ်တို့သည် ဤအမှုကို မည်ကဲ့သို့ သင့်လျော်စွာနှင့် ပြည့်စုံစွာ ပြုလုပ်နိုင်ရန် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နားလည်သဘောပေါက်ရန်လိုအပ်သည်။ မိဘများသည် သူတို့သားသမီးများကို လေ့ကျင့်သင်ကြားပို့ချခြင်းများပြုလုပ်သည့်တိုင်အောင် သူတို့၏ လိုအပ်ချက်များဖြစ်သော (ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ဓါတ်ပိုင်းဆိုင်ရာ၊ အကျင့်သီလ စိတ်လှုပ်ရှား လွယ်ခြင်းနှင့် ဝိညာဉ်ရေးဆိုင်ရာများကို ကူညီထောက်ပံ့ပေးရန် တာဝန်ယူ ဆောင်ရွက်ပေးသင့်သည်။ မိဘများသည် သားသမီးများ၏ လိုအပ်ချက်များနှင့် အနာဂတ်မိသားစုများ၏ လိုအပ်ချက်များအတွက် ကူညီထောက်ပံ့ရန်အတွက် လေ့ကျင့် သင်ကြားပေးခြင်း 'ဝါ' သူတို့လိုအပ်သော တစ်စုံတစ်ခုကို ဖြည့်စွက်ပေးခြင်းမရှိပါက အမှားကြီး မှားနေပြီ ဖြစ်၍ အဖြေရလဒ်သည် ကလေး၏ နောက်ပိုင်းအသက်တာတွင် ပြဿနာနှင့်ရင်ဆိုင်ခြင်းသည် သာမက သူနေထိုင်သော အဖွဲ့အစည်းတွင်း၌လည်း ပြဿနာနှင့် ရင်ဆိုင်ရမည်ဖြစ်သည်။ ဥပမာတစ်ခုအနေနှင့် ပြောရရင် သက္ကရာဇ် ၁၉၅၉ ခုနှစ် တိုင်အောင် အမေရိကန်လူမည်းမိဘများသည် ကလေးအားလုံး၏ ၂ရာခိုင်နှုန်းကိုသာပြုစုပျိုးထောင်ကြ၍ ယနေ့ အချိန်တွင် မူ ကလေးအားလုံး ၅၀ ရာခိုင်နှုန်းကို ပြုစုပျိုးထောင်လာကြ၏။ ဘာကြောင့် အဲဒီလိုဖြစ်ရသလဲ။ ဤကဲ့သို့

ဖြစ်ခဲ့ရခြင်း၏ အခြားသော မေးခွန်းမှာ – လူတစ်ယောက်သည် မြို့ကြီးများ၏ အတွင်းပိုင်းကိုသာ ကြည့်၍ ထင်ရှားစွာ တွေ့မြင်နေရသည်မှာ ရာဇဝတ်ကျူးလွန်မှု တိုးတက်လာခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှုများပြားလာခြင်းနှင့် လူသတ်မှုများပြားလာခြင်း တို့ဖြစ်ကြ၏။ ဤကဲ့သို့ ဖြစ်ရခြင်းကို အမှန်တကယ် လေ့လာ၍ သုံးသပ်ခဲ့လျှင် ၎င်းမြို့တွင်း မိသားစုများ၏ တာဝန်မကျေပွန်ခြင်းကြောင့်ဖြစ်၏။ သားသမီးများကို ပြုစုခြင်းနှင့် ပတ်သက်၍ မိဘများသည် ဘုရားသခင်၏ ယုံကြည်စိတ်ချရသော အစေခံကောင်းများဖြစ်ရန် လိုအပ်သည်။ ဤသို့သော် မိဘများကို ဘုရားသခင်က မိန့်တော်မူသည်ကား သင်တို့သွား၍ ကောင်းကင်နိုင်ငံ၏ ရှင်ဘုရင်အတွက် သူတို့ကို ထိန်းသိမ်းပြုစုလော့သူသည် သင်တို့ကို ပြုစုထိန်းသိမ်းခပေးရလိမ့်မည်။ မိဘများသည် ထာဝရအသက်ရရှိရန်နှင့် ဤလောကတွင် အသက်ရှင်စဉ်အတွင်း ကြီးပွားတိုးတက်မှုကို ရရှိရန်အတွက် မိမိတို့၏ သားသမီးများကို တပ်ဆင်ပေးနေသော သူများဖြစ်ကြောင်းကို သိရှိနားလည်သဘောပေါက်ရလိမ့်မည်။ သင့်လျော်သော လေ့ကျင့် သင်ကြားပို့ချခြင်း မရှိခြင်းသည် ကလေးများ၏ လာမည့်ဘဝတွင် သူတို့လူငယ်ဘဝတုန်းက မိသားစုဆင်းဆင်းရဲရဲနေထိုင်ခဲ့ကြသည်ကို ပြန်လည်၍ သတိမရအောင်ဖြစ်စေခဲ့သည်။ သားသမီးများအပေါ် ခရစ်ယာန် အကျင့်စာရိတ္တတည်ဆောက်စေရန် စည်းကမ်းများ ဆက်လက်လိုက်နာရန်၊ ဘုရားသခင်ကို ဆုတောင်းခြင်းနှင့် ကိုးကွယ်ခြင်းဖြင့် ရှာရန်၊ ကျမ်းစာကိုသင်ကြားပို့ချရန်နှင့် ကျမ်းစာနှင့်စပ်ဆိုင်သော အသက်တာ၏ အမြင်များကို ဝေငှခြင်းစသည်တို့သည် ခရစ်ယာန် မိသားစုများ၏ အဓိကတာဝန်ဖြစ်၍၊ ကျွန်ုပ်တို့၏ သားသမီးများကို မှန်ကန်စွာ သင်ကြားပေးလျှင် ၎င်းမှခွဲခွာရတော့မည်မဟုတ်ပါ (သုတ္တံ ၂၂း၆)။ ခရစ်ယာန်မဟုတ်သော သူများသည် လောကီရေးနှင့်ဆိုင်သော စည်းစိမ်ဥစ္စာ၌ ပျော်မွေ့ခဲ့ကြသကဲ့သို့ ခရစ်ယာန် မိသားစုများသည်လည်း သူတို့ကဲ့သို့ပြုလုပ်ပါက ၎င်းနိုင်ငံလူမျိုးသည် မေးမှိန်လာ၍ ပျက်စီးခြင်းသို့ရောက်ရလိမ့်မည်ဖြစ်၏။ မိဘများသည် သားသမီးများကို ကစားစရာပစ္စည်း ‘ဝါ’ ဝန်ထုပ်ဝန်ပိုးအဖြစ် မြင်၍ အခြားသူမျာလက်သို့ ပြုစုပျိုးထောင်ရန် လွှဲပြောင်းခဲ့လျှင် မိဘနှင့် စပ်ဆိုင်သော တာဝန်သည် ပြည့်စုံခြင်းသို့ မရောက်နိုင်ပေ။ မိဘများကို အစားထိုးရန် မည်သည့်အရာကမှ အစားမထိုးနိုင်ပါ။ ကလေးငယ်များကို ကြည့်ရှုစောင့်ရှောက်သောဌာန၊ ကျောင်း၊ လူပုဂ္ဂိုလ် ‘ဝါ’ အဖွဲ့အစည်းများသည်

မိခင်သို့မဟုတ် ဖခင်၏ နေရာကို အစားမထိုးနိုင်ပါ။ ဥပုသ်နေ့၌ ဘုရားရှိခိုးကျောင်း မှန်မှန်တက်ခြင်းသည် အရေးကြီး၏ အဘယ့်ကြောင့်ဆိုသော် ဘုရားကျောင်းတက်သည်သာမကဘဲ မိသားစု၊ အသင်းတော်နှင့် လူမျိုးများကို ဘုရားသခင်သည် သမိုင်းတစ်လျှောက်လုံးကြည့်ရှုစောင်မတော်မူသည်ကို သတိရ အောက်မေ့ဘို့ရန်အတွက် အချိန်ရရှိရန်လိုအပ်သောကြောင့်ဖြစ်၏။ (တရားဟော ၆း၁၅)။ ဤအကြောင်းနှင့် ပတ်သက်၍ ထပ်ပြောမည်ဆိုလျှင် ခရစ်ယာန် စာပေများထဲမှ အကောင်းဆုံးသော စာအုပ်ကိုရွေး၍ ကျယ်လောင်စွာ ဖတ်ခြင်းနှင့် ကမ်းစာဖတ်ခြင်းကို မှန်မှန်ပြုလုပ်ရမည်ဖြစ် ပါသည်။

## မိသားစု၏ လွှမ်းမိုးမှု

မိသား၏ လွှမ်းမိုးမှုကို အကျဉ်းချုံး၍ နှစ်ပိုင်းခွဲခြားနိုင်သည်။
မိသားစုသည် လူ၏ ရည်မှန်းချက်ပန်းတိုင်ကို ပုံဖော်၍အကျင့်စာရိတ္တကိုပုံသွင်းသည်။ (၂ တိမော ၁း၅) တွင်ဖော်ပြခဲ့သည်ကား အကျင့်စာရိတ္တကောင်းမွန်၍ လူများအပေါ်၌ လွှမ်းမိုးနိုင်သော လူပုဂ္ဂိုလ်ကြီးများ အကြောင်းဖော်ပြခဲ့ပြီး ဩဝတ်စတင်းနှင့် ဂျွန်ဝေစ်လီမှ ဂျော့ဝါရှင်တန်နှင့် အဗရာဟမ်လင်ကွန်းစသော ပုဂ္ဂိုလ်ကြီးများသည် မည်သူများဖြစ်ကြ၍ မည်သည့်အရာကို အောင်မြင်ခဲ့ကြသလဲဆိုသည့်အကြောင်းရင်းသည် ကောင်းသော မိသားစုမှ မွေးဖွာလာကြသူများဖြစ်ကြောင်းကို ထပ်ခါတလဲလဲအသိအမှတ်ပြုခဲ့ကြသည်။

### **မိသားစုသည် လူမျိုးတစ်မျိုး၏ ဆက်တိုက်ဖြစ်ပွားသောအရေးကိစ္စများကို ဆုံးဖြတ်ခဲ့သည်။**

လူကိုပုံဖော်သောအရာသည် လူမျိုးကိုလည်း ပုံဖော်သည်။ အကျင့်စာရိတ္တ၏ လွှမ်းမိုးမှုထဲတွင် အယူအဆများ တဖြေးဖြေးစိမ့်ဝင်လာခြင်းသည် မိသားစုမှ တဆင့်ဖြစ်သည်ကို လူမျိုးများ၏ အစိုးရများ။ ကျောင်းများ၊ အသင်းတော်များ၊ သိတင်းစာများနှင့် အရောင်းအဝယ်လုပ်ငန်းများတွင် သက်သေပြနေပါသည်။ ကောင်းသော မိဘများဖြစ်လျှင် ကောင်းသော နိုင်ငံသားများရလိမ့်မည်။ ဤအချက်ကို စစ်ဘုရင် နပိုလီယံ နားလည်သဘောပေါက်၍ ဤသို့ပြောခဲ့ဘူး၏။ ပြင်သစ်နိုင်ငံ၏

လိုအပ်သောအရာသည် မိခင်ကောင်းများဖြစ်၍ ၄င်းမိခင်ကောင်းများကို ရရှိပါက သားကောင်းရတနာများ မွေးဖွားပေးလိမ့်မည်ဟု ဆိုခဲ့ဘူး၏။ ခရစ်ယာန်မိသားစုများသည် တစ်ကမ္ဘာလုံး၏ လွတ်လပ်ရေးကို ပြန်လည်၍ လွှမ်းမိုးလာသော လွတ်လပ်ရေးနှင့် ပထမဆုံးသော ခရစ်ယာန် သမ္မတနိုင်ငံကို တည်ထောင်သူနှင့် အမေရိကန်ပြည်ထောင်စု ထူထောင်သူများကို မွေးထုတ်ပေးခဲ့သည်။

## မိသားစုသည် ပညာရေး၏ အရေးပါဆုံးသော နေရာဌာနဖြစ်သည်။

သမ္မာကျမ်းစာက ဖော်ပြခဲ့သည်ကား မိသားစုသည် နောင်လာနောက်သားများလေ့ကျင့်သင်ကြားပေးရေးအတွက် အဓိကကျသော အဖွဲ့အစည်းဖြစ်သည်။ လူငယ်များ၏ ပညာရေးကို ဖခင်၊ မိခင်နှင့် အဘိုးအဘွားများ အားလုံးက တာဝန်ယူရမည်ဖြစ်၏။ အခန်းငယ် ၄ တွင် ဤသို့ဖော်ပြခဲ့၏။ ''အဘတို့ကိုယ့်သားမသီးများကို စိတ်ဆိုးစေခြင်းငှာမပြုကြနှင့်။ ဘုရားသခင်၏ အလိုတော်နှင့်ညီသော ဆုံးမသွန်သင်ခြင်းကို ပြုလျက်ကျွေးမွေးကြလော့'' ''nurture'' ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ သားသမီးများကို လေ့ကျင့်ပေးရန် ပညာပေးရန်၊ သီးသန့်ဆရာငှားရန် ပေး၍ သင်ကြားပေးရန်နှင့် သားသမီးများ၏ စိတ်နှလုံးထဲတွင် ကိုယ်တိုကိုယ်ကျ လိုအပ်သောအရာများကို ထည့်သွင်းဖြည့်စွက်ပေးရန်တို့ဖြစ်ကြသည်။ ဖခင်များသည် သားသမီးများ၏ ပညာရေးအတွက် ကိုယ်တိုင်ကိုယ်ကျလေ့ကျင့်သင်ကြားပို့ချခြင်းကို တာဝန်ယူရပါမည်။ ကျမ်းစာက မိန့်မှာတော်မူသည်ကား မိဘများသည် သူတို့၏ ကလေးများကို အမှန်တရားကိုဝီရိယရှိစွာသင်ကြားပေးသင့်ပါသည်။ (တရားဟော ၆း၄–၆) ဘုရားသခင်သည် အာဗြဟံကို လူမျိုးများ၏ ဖခင်ဖြစ်ဘို့ရန် အလို့ငှာ ရွေးချယ်တော်မူခဲ့၏။ အဘယ့်ကြောင့်ဆိုသော် အာဗြဟံသည် သူ့သားသမီးများကို လေ့ကျင့်သင်ကြားပေးရေးတွင် ယုံကြည်စိတ်ချရသော သူဖြစ်လိမ့်မည်ဟု ဘုရားသခင်သိတော်မူသောကြောင့်ဖြစ်၏။ (ကမ္ဘာဦးကျမ်း ၁၈း၁၉) သုတ္တံကျမ်းမှ တဆင့်သိရသည်မှာ ရှောလမုန်ဘုရင်ကြီးသည် သူ့သားသမီးများကို ညွှန်ကြားချက်ပေးသည်သာမက ရာစုနှစ်များကုန်ဆုံးသွားသောအချိန်တွင် များစွာသော လူငယ်များကိုလည်း ညွှန်ကြားချက်များပေးခဲ့၏။ ဒါဟာ ဤအမှုကို ပြုလုပ်နိုင် ခဲ့သည့်

အကြောင်းရင်းမှာ သူဖခင်ကြီး၏ ညွှန်ကြားချက်က တတ်စွမ်းနိုင်စေခဲ့သောကြောင့်ဖြစ်၏။ မိခင်များ၏ အဓိကတာဝန်သည် သားသမီးများကို သွန်သင်ဆုံးမခြင်းဖြစ်၏။ (သုတ္တံ ၁း၈) (တိတု ၂း၃)။ သုတ္တံကျမ်း အခန်းတွင် အကျင့်သီလကောင်းမွန်သော အမျိုးသမီး တစ်ဦး၏ ဂုဏ်အင်္ဂါရပ်များအကြောင်းကို သင်ကြားပေးခဲ့သည်ကို ကင်းလီမွာလ်က ရေးသားခဲ့သည်။ ဤအကြောင်းများကို သူ့မိခင်ကြီးထံမှ လေ့လာသိရှိခြင်းဖြစ်၏။ အမေရိကန်နိုင်ငံရေး ခေါင်းဆောင် ဒံယေလ ဝိဗ်စတာက ဤသို့ရေးသားခဲ့၏ မိသားစုစိတ်ဓါတ်ရှိ ခြင်းသည် ပထမဆုံးသော ကျောင်းတက်ခြင်းဖြစ်၍ အကောင်းဆုံးသော သင်ကြားပို့ချခြင်းဖြစ်ပြီး လူများ၏ စိတ်နှလုံးသည် အတူတကွ ပူးပေါင်း၍ ခင်မင်မှုများရှိကာဆင်ခြင်သုံးသပ်နိုင်သော တန်ခိုးပါဝါများရှိလာကြ၏။ ၎င်းသည် မိန်းမတစ်ယောက်၏ တိမ်းညွှတ်စေတတ်သော စိတ်ပပျောက်သွားစေရန် အတွက်မြင်ကွင်းဖြစ်၏။ သူတို့သည် စိုးရိမ်ပူပန်မှုမရှိဘဲ ပူပေါင်းဆောင်ရွက် မှုကို ကျင့်သုံးခြင်းသည် သူတို့၏ စူးစမ်းလေ့လာရေးကို လွတ်လပ်မှုပေးခဲ့သည်။ ယဉ်ကျေးလာသောလူမျိုး၏ မိခင်များသည် မပျက်စီးနိုင်သော စိတ်နှလုံးများ အမြဲတမ်း ကိန်းအောင်းလာစေရန် ပုံသွင်းခြင်းနှင့် ခေတ်မှီစေခြင်းစသည်တို့ကို ပြုလုပ်ပေးရန် ဖြစ်၏။ မိခင်များသည် ပျက်စီးနိုင်သော ရွက်ဖျင်တဲ ‘ဝါ’ အစိတ်စိတ်အမွှာအမွှာ ကွဲနိုင်သော စကျင်ကောက်အပေါ်တွင် အလုပ်မလုပ်ဘဲ၊ အစဉ်အမြဲတည်တံ့နိုင်သော စိတ်နှလုံးနှင့် ဝိညာဉ်အပေါ်တွင် အလုပ်လုပ်ရန် အရေးကြီး၏ ၎င်းသည် သူ့အသက်တာတစ်လျှောက်တွင်ကောင်းသော အသီးကို သီးနိုင်၍ ‘ဝါ’ ဆိုးဝါးသော အသီးကို သီးနိုင်၏။ လွတ်လပ်သော သမ္မတနိုင်ငံအများမြင်နိုင်သော လက်တွေ့ကျသော လုပ်ငန်းဖြစ်သည်။ ဤကဲ့သို့ အစိုးရ၏ ဖွဲ့စည်းမှုအောက်တွင်ရှိသော ဆရာများသည် မိခင်ဆရာများကို အမြင့်ဆုံးဂုဏ်ပြုခြင်းကို ပြုလုပ်သင့်သည်။ သူတို့သည် ဥပဒေပြုအဖွဲ့များ၏ မဟာမိတ်များ ဖြစ်ကြသည်။ သူတို့သည် ရာဇဝတ်မှုကျူးလွန်ခြင်းကို ကြိုတင်ကာကွယ်ရန် ကိုယ်စားလှယ်လုပ်ငန်းများကို လုပ်ကိုင်ကြသည်။ လူမျိုးများ၏ စိတ်နှလုံးထဲသို့ ကျန်းမာစေသော သန့်ရှင်းသော သွေးလည်ပတ်မှုကို အဆက်မပြတ် ဖြစ်စေသော ကမ္ဘာ့လေထုကို ထိန်းချုပ်ရန် အကူညီပေးသည်။ ရှက်စရာကောင်းသော စေ့ဆော်မှုများနှင့် ကိုယ်ကျိုးကို စွန့်လွှတ်ရန် သူမကိုတည်မြဲရေးကို မြှင့်တင် ပေးသောသူများ ဖြစ်နိုင်ဘို့ရန်

လှုံ့ဆော်မှုများပြုလုပ်ခဲ့သည်။ သူမသည် နောင်လာမည့် ဆွေစဉ်မျိုးဆက်များအတွက် ရှင်းလင်းချင်ပေးရန် တာဝန်ရှိသော သူဖြစ်သည်။ ကောင်းကင်တမန်များနှင့် လူများ၏ ရှေ့မှောက်တွင် သူမကို အရှိသေပေးရပါ မည်။ ဘုရားတရား ကြည်ညိုခြင်းနှင့် ပညာရေး၏ စစ်အင်္ကျီတခုလုံးကို ခါးတွင်ပတ်ပါစေ။ သူမသည် သူ၏ သားသမီးများ၊ သူနိုင်ငံနှင့် ဘုရားသခင်အပေါ်သို့ စိတ်ချယုံကြည် ထိုက်သော သူဖြစ်မဖြစ်ကိုမြင်ပါစေ။ လူမျိုးတစ်မျိုး၏ အင်အားအထူးသဖြင့် သမ္မတနိုင်ငံရှိ လူမျိုး၏ အင်အားသည် အသိဉာဏ်ရှိ၍ သေချာစွာလေ့ကျင့်ပေးထားသော လူများ၏ မိသားစုများထဲတွင် ရှိသည်။ အဘိုးအဘွားများသည်လည်း လူငယ်များ၏ ပညာရေးကို တာဝန်ယူသင့်ပါသည်။ (တရားဟော ၄း၉) တိမောသေသည် သူ၏ ခရစ်ယာန်ရေးအကြောင်းကို မိခင်နှင့် အဘွားထံသို့ အကြောင်းကြားခဲ့၏။ (၂တိမော ၁း၅၊ ၃း၁၄) အဘိုးအဘွားများ သည် သူတို့၏ မြေးများကို သင်ကြားပေးခြင်းဖြင့် အကျိုးအမြတ်ရရှိသည်သာမက သူတို့ကိုလည်း ကူညီခဲ့ကြသည်။ နှစ်အတန်ကြာ လာသောအခါ လူငယ်များအတွက် လိုအပ်သော ဗဟုသုတနှင့် ပညာများကို ဆည်းပူးရရှိခဲ့ကြသည်။ ထပ်လောင်း၍ ပြောမည်ဆိုလျှင် ပညာ၏ အသုံးဝင်မှုကို သိရှိနားလည်စေခဲ့၏။ မိဘများသည် သူတို့၏သားသမီးများကို ပညာသင်ကြားပေးရန် တာဝန်ယူရပါသည်။ အကယ်၍ ကလေးများ၏ ပညာရေးအတွက် အခြားသူများဆီ လွှဲအပ်လျှင် ကျူရှင်ဆရာခေါ်ပေး၍ သင်ကြားပို့ချခြင်းများကို ပြုလုပ်ခဲ့ပါကလည်း မိမိလုပ်ရမည့် အလုပ်နဲ့ အတူတူပင်ဖြစ်၏။

**အသင်းတော်သည် ကလေးများ၏ ပညာရေးအတွက် တာဝန်ယူသင့်ပေးသည်။**

မိသားစု၏ တာဝန်ဝတ္တရားများကို တိုးချဲ့သည့်အနေနှင့် အသင်းတော်သည် လည်း တာဝန်ယူမည်ဖြစ်၏။ အသင်းတော်သည် ကမ္ဘာအရပ်ရပ်သို့သွား၍ လူမျိုးများကို နောက်လိုက်ကောင်းများဖြစ်လာစေသည်နှင့်အမျှ ပြည့်စုံသော ပညာပေးရေးစနစ်ကို အသုံးပြုရလိမ့်မည်။ (မဿဲ ၂၈း၁၈–၂၀) ကျွန်ုပ်တို့သမိုင်းတွင် သိတင်းကောင်းများ ပျံ့နှံ့လာခြင်းသည် သာမန်လူတစ်ယောက်၏ ပညာရေးကယူဆောင်သွားခဲ့ခြင်း ကြောင့်ဖြစ်၏။

**နိုင်ငံတော်သည် လူငယ်များကို ပညာပေးလေ့ကျင့်ရေးအတွက် တာဝန်မယူပေ။**

နိုင်ငံတော်၏ ပညာရေးအကြောင်းဖေါ်ပြချက်သည် ဒံယေလကျမ်းစာအုပ်ထဲတွင်သာ တွေ့ရှိနိုင်ပါသည်။ ၄င်းကို ဘေဘီလိုနီးယားအစိုးရသည် ဟေဗြဲလူငယ်များ၏ အယူအဆများကို စာရင်းထဲတွင် သဘောတရားသွတ်သွင်းခြင်းတွင် တွေ့မြင်နိုင်ပါသည်။ ဤပညာရေးကို ဘုရားသခင်က အပြစ်တင်တော်မူခဲ့၏။ (ဒံယေလ ၁း၃-၆) နိုင်ငံတော်သည် ဤလုပ်ငန်းကို ဆောင်ရွက်ရန် တာဝန်ယူ၍ ကြိုးစားလေလေ၊ လူ့အဖွဲ့အစည်းထဲရှိ ပျော်ရွှင်မှုသည် ပျက်စီးလေလေဖြစ်၏။ ကျွန်ုပ်တို့ ပြောခဲ့သည့်အတိုင်း နိုင်ငံတော်သည် ဘယ်တော့မှ အမေ၊ အဖေကောင်းများစွာလာဘို့ရန် မပြုလုပ်ခဲ့ပေ။ ကျမ်းစာအရ ပြောရမည်ဆိုလျှင် နိုင်ငံတော်သည် မိမိနိုင်ငံသားများ၏ ကာကွယ်ရေးနှင့် လုံခြုံရေးကိုသာ တာဝန်ယူဆောင်ရွက်ရမည်ဖြစ်၏။ ဤလုပ်ရှားမှုများကို ပညာရေးအားဖြင့်သာ ဆက်သွယ်မှုပြုလုပ်လိုအပ်သည်ဖြစ်၍ လိုက်လျှောစွာ ကြိုဆိုပါ၏။

**ကျောင်း၏တာဝန်ယူရမည့်အခန်းကဏ္ဍ**

လူမျိုးတစ်မျိုးအတွင်း၌ ပညာရေးအတွက် ကျောင်း၏တာဝန်ယူမှုအခန်းကဏ္ဍသည် ရှင်းရှင်းပြောရမည်ဆိုလျှင် မိသားစုများ၏ ပညာရေးနှင့်ဆိုင်သော အခန်းကဏ္ဍကို အကျယ်ချဲ့ခြင်းဖြစ်သည်။ ခရစ်ယာန် မိသားစုများရှိသော နေရာတွင် ခရစ်ယာန်ကျောင်းများရှိသည်ဖြစ်၍ လွတ်လပ်သော ကျောင်းများကို တည်ထောင်ရန် တာဝန်ယူဆောင်ရွက်မှုကို ပြုလုပ်ကြသည်။ လွတ်လပ်မှုမရှိပါက ထကြွနိုးကြားနေသော ခရစ်ယာန်မိသားစုသည် ကျောင်းနှင့် အိမ်များတွင် ပညာရေးကို လွတ်လပ်စွာ ခွင့်ပြုသော အစိုးရနှင့် ဥပဒေများကို ပြောင်းလဲပစ်ရန် လုပ်ဆောင်ရပါလိမ့်မည်။

## သမိုင်းမှပညာရေးနှင့်စပ်ဆိုင်သော ဥပမာများ

**အစွဲရေးနှင့် ဘာသာတရားမရှိသော လူမျိုးများ၏ ပြိုင်ဆိုင်မှု**

ဂျူးလူမျိုးသားသမီးများကို အသက် ၈ နှစ်တိုင်အောင် အိမ်တွင် ပညာသင်ကြားပေးခဲ့သည်။ အချို့သော သူများမှာ အသက် ၁၃ နှစ်နီးပါးရောက်သည်အထိ အိမ်တွင် ပညာပေးလေ့ကျင့်သင်ကြားခြင်းများပြုလုပ်ပေး၍ လေဝီနှင့် ယဇ်ပရောဟိတ်များကို အလွတ်ဌားရမ်း၍ ကျူရှင်ပေးခဲ့ကြသည်။ (ဂလတိ ၄) (၂ရာဇဝင်ချုပ် ၁၇း၇-၉) ဂျူးလူမျိုးများသည် သူတို့၏ သားသမီးများကို ၅ နှစ်အရွယ်ရောက်လျှင် စာဖတ်တတ်ရန် သင်ကြားထားခဲ့ကြ၏။ ဘာသာတရားမရှိသော လူမျိုးများ၏ သားသမီးများသည် အပြင်ဘက်မှဖြစ်သော နိုင်ငံတော်အစိုးရထံမှ မိသားစုထံသို့ပေးသော အခွင့်အရေးရရှိမှ 'ဝါ' ဘုရင်ဆွေတော်မျိုးတော်များ၏ သားသမီးများဖြစ်မှသာလျှင် ပညာရေးသင်ကြားခြင်းအခွင့်ကို ရရှိခဲ့ကြ၏။

**ခရစ်ယာန်ပညာရေးသည် ဘာသာတရားမရှိသော လူမျိုးများ၏ ပညာရေးနှင့် ဆိုင်သော နည်းစနစ်များကို ပြုပြင်ပြောင်းလဲကြ၏။**

ခရစ်ယာန်များခေတ်၏ ပထမဆုံးသော ရာစုနှစ်အတွင်း၌ ဂျူးလူမျိုးများ၏ စံပြဖြစ်သော ပညာရေးကို ခရစ်ယာန် မိသားစုများက မွေးထုတ်ပေးခဲ့ကြ၏။ အသင်းတော်သည် ကောင်းမွန်နေရာမှ နောက်သို့ လျောကျသည်နှင့်အညီ ဘုန်းတော်ကြီးနှင့် လူနည်းစုများအတွက်သာဖြစ်သော ပညာရေးဖြစ်သော ဘာသာတရားမရှိသော လူမျိုးများ၏ ပညာရေးကို မွေးစားလာခဲ့ကြ၏။ ဒါဟာ အလယ်ခေတ်၏ လူများမသိရှိခြင်းနှင့် ကျွန်ဘဝသို့ ကျရောက်စေခြင်း၏ အကြောင်းတစ်ရပ်ဖြစ်၏။ ၁၃၈၂ ခုနှစ်တွင် ကက်သလစ် အင်္ဂလန်ဘုန်းတော်ကြီး ဝှုန်ဝိုင်ခလိဖ်သည် အင်္ဂလိပ် ဘာသာဖြင့် ကျမ်းစာများကို ဘာသာပြန်၍ လှည့်လည်သွားလာနေသောသူ့တရားဟောဆရာများ (လိုးလာဒ်များ) ကို စေလွှတ်၍ ပေးကမ်းဖြန့်ဝေစေခဲ့သည်။ ထို့နောက် ၄င်းတို့သည် လူများကို စာဖတ်တတ်ရန်နှင့် ကျမ်းစာကို ဆည်းပူးလေ့လာနိုင်ရန် သင်ကြားပေးခဲ့ကြ၏။ ပထမဦးစားပေးသည့်အနေနှင့် ယဇ်ပရောဟိတ်များနှင့် မှူးမတ်များသာလျှင် ကျမ်းစာကို ဖတ်နိုင်ခဲ့ကြ၏။

**ပြုပြင်ပြောင်းလဲရေးကာလအတွင်း၌ ပညာရေးပျံ့နှံ့လာခြင်း**

ပရိုတက်စတင့် ဘာသာရေးပြုပြင်ပြောင်းလဲခြင်း စတင်ချိန်တွင် ဥရောပတိုက်ရှိ နိုင်ငံအတော်များများ၏ ပညာရေးသည် ပျက်စီးယိုယွင်းလာချိန်ဖြစ်၏။ မာတင်လူသာနှင့် ဂျွန်ကာဗင်တို့သည် သူတို့၏ မြို့များ အသီးသီးတွင် တည်ထောင်ခဲ့ကြသော ကျောင်းသစ်များသည် နောက်ဆက်တွဲအားဖြင့် ပျက်စီးယိုယွင်းမှုများဖြစ်ပေါ်ခဲ့ကြ၏။ အမေရိကန်ပညာရေးနှင့်စပ်ဆိုင်သော အဖွဲ့အစည်းများတိုးတက်ဖွံ့ဖြိုးလာခြင်းနှင့် ပြူရီတန်များသည် အဘယ့်ကြောင့် ကမ္ဘာသစ်သို့ ရောက်ရှိလာခြင်း၏ အဓိက အကြောင်းရင်းတစ်ခုသည် ပညာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုကြောင့်ဖြစ်သည်။ ဆရာ ကော်တွန်မာသာက ဤပညာရေး အကြောင်းနှင့်ပတ်သက်၍ ရေးသားခဲ့ရာတွင် ကမ္ဘာဟောင်းတွင် ကျောင်းများ၏ ပညာသင်ကြားရေးနှင့် ဘာသာရေးသင်ကြား ပို့ချခြင်း စသော အကျင့်စာရိတ္တသည် အလွန်ပျက်စီးသည်ဖြစ်၍ များပြားလှစွာသော နမူနာဆိုးများနှင့် ဤပညာသင်ကျောင်းများ၏ ကာမဂုဏ်နှင့်ပတ်သက်သော အကျင့်ပျက်စီးမှုများသည် လူများ၏ ကောင်းသော မျှော်လင့်ချက် များကို ဖေါက်ပြန်ခြင်း၊ ဖျက်စီးခြင်းနှင့် လုံးလုံးလျားလျား ဖြတ်ချခြင်းတို့ကိုဖြစ်ပေါ်စေခဲ့၏။

## သာမန်လူတစ်ယောက်၏ပညာရေး

အမေရိကန် ကိုလိုနီစနစ်သည် နည်းလမ်းပေါင်းစုံအားဖြင့် တမူထားခြားခဲ့သည်။ ဤကိုလိုနီနယ်ပယ် အသီးသီးသည် လူတိုင်းပညာတတ်မြောက်ရေးလိုလားကြသည်။ လူချမ်းသာများ ‘ဝါ’ ရွေးချယ်ထားသော လူနည်းစုအတွက်သာမကဘဲ ဥရောပတိုက်နှင့် ကျန်သော အခြားကမ္ဘာများတွင်လည်း ပညာရေးကို တတ်စေချင်ကြသည်။ ဤသာမန်လူသားများအတွက် လိုအပ်သော ပညာရေးအယူအဆသည် ခရစ်ယာန် အခြေခံ ဇစ်မြစ်ဖြစ်သည်။ (တရားဟော ၆) တွင် ဖေါ်ပြခဲ့သည့်ကား သားသမီး၏ ပညာတတ်မြောက်ရေးသည် မိသားစု၏ တာဝန်ပင်ဖြစ်သည်။ ဘုရားသခင်သည် ရှေးကျသော ဣသရေလလူမျိုးများ၏ သားသမီးတိုင်း ပညာတတ်မြောက်ရေးကို လိုလားတော်မူ၏။ အဘယ့်ကြောင့်ဆိုသော် သူတို့ လူမျိုးများ၏ အောင်မြင်ရေးသည် လူတိုင်းသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သိရှိနားလည်မှုနှင့် နှုတ်ကပတ်တော် အတိုင်း အသက်ရှင်နေထိုင်ရေးအပေါ်တွင် တည်မှီနေသောကြောင့် ဖြစ်၏။

ဤသာမန်ပြည်သူသည် အမှန်တရားကို သိရှိနားလည်ခြင်း မရှိပါက၊ သူ့လူမျိုးများသည် လွတ်လပ်ရေးနှင့် တိုးတတ်ချမ်းသာခြင်းကို ဆုံးရှုံးရလိမ့်မည်ဖြစ်၏။

## အိမ်တွင်း ပညာရေး

ရှေးခေတ်အမေရိကတိုက်ရှိ လူများသည် အဓိကအားဖြင့် ကျောင်းများကို တည်ထောင်ခဲ့ကြသည်။ အဘယ့်ကြောင့် ဆိုသော် ကိုလိုနီနယ်သားများသည် သူတို့သားသမီးများကို ကျမ်းစာများ ဖတ်တတ်စေချင်ကြသောကြောင့် ဖြစ်၏။ ဤကဲ့သို့သော မိဘများသည် ဒါဟာ အစိုးရက တာဝန်ယူဆောင်ရွက်ရန် မဟုတ်ဘဲ ခရစ်ယာန် ပညာရေးကို ပေးကမ်းဘို့ရန် မိဘများ၏ တာဝန်သာဖြစ်သည်ကို သိရှိနားလည်သဘောပေါက်သောကြောင့်ဖြစ်၏။ ပထမနှစ်ပေါင်း ၁၅၀၅ မှ ၂၀၀ အတွင်းတွင် အမေရိက သမိုင်း၌ ပညာရေးသည် အဓိကကျသော အိမ်တွင်းပညာရေး ဖြစ်သည်။ အိမ်တွင်းပညာရေးကို တခါတရံ နောက်ဆက်တွဲ ဖြည့်စွက်ချက်အနေနှင့် ကျူရှင်ဆရာ 'ဝါ' ကျောင်းများမှ ဖြည့်စွက်ပေးသည်။ သို့သော် ဤနေရာတွင် ကလေးများ ပညာရေးအတွက် အရေးကြီးသော အပိုင်းသည် မိသားစုအပေါ်တွင် တည်မှီနေပါ၏။ ရှေးကျသော ဣသရေလလူမျိုးများ အသုံးပြုသော ပညာရေးစနစ်သည် အမေရိကတိုက်ရှိ ကိုလိုနီနယ်သားများအသုံးပြုသော ပညာရေးနည်းစနစ်နှင့် အလွန်ဆင်တူ ရိုးမှားဖြစ်၏။ ဤနှစ်နေရာစလုံး၏ ပညာရေးသည် မိသားစုအတွင်း၌သာ တည်မှီနေပါ၏။ ဒါဟာ ၈ နှစ် သို့မဟုတ် ၉ နှစ် အရွယ်တိုင်အောင် အိမ်တွင်း ပညာပေးရေးစနစ်ဖြစ်သည်။ ဤအရွယ်တွင် အချို့သော သားသမီးများသည် ကျူရှင်ဆရာ များကို ဌားခေါ်၍ ပညာပိုမိုရလာအောင် သင်ကြားပို့ချပြီး၊ အနည်းငယ်သော ကလေးများသည်သာ ကျောင်းတက်ခဲ့ကြသည်။ ဣသရေလလူမျိုး များတွင် လေဝီနှင့် ယဇ်ပရောဟိတ်များသည် သီးခြားဌားရမ်းပြသစေသော ဆရာများဖြစ်ကြသကဲ့သို့ အမေရိကန် ကိုလိုနီနယ်ပယ်များတွင် ခရစ်ယာန် ဘုန်းတော်ကြီးများသည် သီးခြားဌားရမ်းပြသစေသော ဆရာများဖြစ်ကြသည်။ ခရစ်ယာန် ဘုန်းတော်ကြီးသည် အိမ်တိုင်ရာရောက်သီးခြားပြသရန် ကလေးများ၊ များလွန်းပါက အုပ်စုလိုက်ခွဲ၍

ဘုန်းတော်ကြီး၏ နေအိမ်တွင် သွားရောက်သင်ကြားရမည်ဖြစ်၏။ ဒါဟာ ပထမဆုံးသော သဒ္ဒါသင်ကြားရာ ကျောင်းဖြစ်၍ လွန်ခဲ့သော ၁၆၀၀ ခုနှစ်တွင် စတင်ခဲ့သည်။ ဒါဟာ (၁၃) နှစ်ပတ်ဝန်းကျင်ရှိ ကလေးများ၏ ပညာသင်ကြားခြင်းဖြစ်၍ ကောလိပ်ကျောင်းတွင် ဝင်ရောက်ပညာသင်ရန် အလုပ်သင်ခြင်း၏ အဆင့်ဖြစ်သည်။

## ပထမဆုံးလွတ်လပ်သော လူထုနှင့်ဆိုင်သောကျောင်းများ

အမေရိကတိုက်တွင် ပထမဆုံးသော လူထုကျောင်းများကို ၁၆၃၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့၏။ ဤကျောင်းများသည် ဘော့စတွန်မြို့ကတွင် တည်ရှိ၍ အဓိကအားဖြင့် သိက္ခာတော်ရ ဆရာကြီး ဂျွန်ကော်တွန်၏ ကြိုးစားမှုများကြောင့် ဖြစ်ရာ သူပိုင်ဆိုင်သော ပစ္စည်းများ၏ ထက်ဝက်ကို ကျောင်းသို့ လှူဒါန်းခဲ့သည်။ ဒါဟာမိဘများမရှိတော့သော ကလေးများ၏ ပညာရေးဆုတ်ယုတ်မှုမှ ကာကွယ်ရန် ထောက်ပံ့ပေးကမ်းခြင်းဖြစ်၏။ အမေရိကန် ခရစ်ယာန်ကိုလိုနီနယ်သားများသည် အဓိက လူထုပညာတတ်မြောက်ရေးကို မိမိတို့တာဝန်ဖြစ်သည်ဟု သိမြင်ခဲ့ကြ၏ (မဿဲ ၂၈း၁၉–၂၀) တွင် ခရစ်တော်၏ ကြီးမားသော တာဝန်ပေးမှုဖြစ်သော ''လူမျိုးများကို နောက်လိုက်ကောင်းများဖြစ်စေရေး'' ဟူသော မိန့်မှာတော်မူချက်ကို ပြည့်စုံစေရန် ငါမိန့်မှာတော်မူသည့်အတိုင်း အရာအားလုံးကို လေ့လာစူးစမ်းမှုများပြုလုပ်ရန် ဟောပြောကြလော့ လွတ်လပ်ရေး၏ သံကြိုးကွင်းသည် ပညာရေးက သိတင်းကောင်းများပျံ့နှံ့မှုကို အမြဲတမ်းခေါ်ဆောင် လာသည်ကိုပြသခဲ့၏။ ခရစ်ယာန် ဘာသာရေးကို တိုးတက်ပျံ့နှံ့လာအောင် လှည့်လည်၍ ကျမ်းစာအုပ်များကို ဖြန့်ဖြူးဝေငှခဲ့ကြသော လိုးလာဒ်များသည် အကောင်းဆုံးသော ဥပမာဖြစ်ကြ၏။ သူတို့သည် သာမန်ပြည်သူများကို သူတို့ကိုယ်တိုင် ကျမ်းစာများ ဖတ်နိုင်ဘို့ရန် အလိုငှာ ပညာများကို ရရှိနိုင်ဘို့ရန် အသားရ် ၊ တင်ဒဲလ်၊ ဂျွန်ကာလ်ဗင် နှင့် အခြားသောပြုပြင်ပြောင်းလဲရေးတရားဟော ဆရာများ၏ ဟောပြောချက်များ ကိုလည်း လိုက်နာကြ၏။ လူတိုင်းကို ပညာတတ်မြောက်စေလိုသော ဆန္ဒသည် အမေရိကတိုက်သို့ရောက်ရှိ အခြေချသော သူများ၊ ဘုရားဖူးသွားသူများ၊ ပြူရီတန်များနှင့် ခရစ်ယာန်သဟာရအဖွဲ့ဝင်များကိုခေါ်ဆောင်လာခဲ့၏။ ကြာရာဇ် ၁၆၄၇

ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သော ''အိုလ်ဒီလျူဒါ ဥပဒေ'' သည် ပထမဆုံးသော လူထုလွတ်လပ်ရေး 'ဝါ' သာမန်ကျောင်းများကို အမေရိကတွင်တည်ထောင်ခဲ့ကြ၏။ သမိုင်းဆရာကြီး ဝွန်ဖီးစ်သည် ဤသို့ရေးသားခဲ့၏။ ၁၆၄၇ ခုနှစ်တွင် မဆာချူးဆက်ပြည်နယ်၏ ဥပဒေပြုအဖွဲ့သည် ဥပဒေပြဋ္ဌာန်း၍ အောက်ပါစကားချီးများကို ထုတ်ပြန်ခဲ့၏။ လှည့်စားတတ်သော စာတန်မာရ်နတ်၏ အကြီးမားဆုံးသော ရည်ရွယ်ချက်တစ်ခုမှာ – လူများကို ကျမ်းစာအသိတရားအကြောင်းသိရှိနားလည်ခြင်း မရှိအောင်ထိန်းသိမ်း ထားခြင်းဖြစ်၍ ၎င်းကို ကျော်လွှားနိုင်ဘို့ရန် မြို့နယ်တိုင်းတွင် မိသားစုငါးဆယ်စု ပါဝင်သော ကျောင်းများ တည်ထောင်ရန် သင်ကြားပို့ချခဲ့ကြသည်။ ၎င်းနောက် မြို့နယ်တိုင်းမြို့နယ်တိုင်းတွင် မိသားစုတစ်ရာစုပါဝင်သော ကျောင်းများကို တည်ဆောက်၍ သားသမီးများကို ဟားဗတ်ဒ် ကော်လိပ်ကျောင်းသို့ ဝင်ရောက်ပညာ သင်ကြားနိုင်ရန် သင့်တော်သော အရည်အချင်းရှိကြရန် သင်ကြားပို့ချခြင်းများကို ပြုလုပ်ခဲ့ကြ၏။ ဤကျောင်းများတွင် သားသမီးများကို ပညာသင်ကြားပေးနေသော ဆရာများအတွက် ပေးခဲ့ရသည့် အကုန်အကျငွေများကို မိဘများ 'ဝါ' ပါဝင်သော လူများက ပေးဆောင်ခဲ့ကြရသည်။ ဤလူထုကျောင်းများသည် နောက်နှစ်ပေါင်း ၂၀၀ ကြာမှ မာဆာချူးဆက်ပြည်နယ်တွင် ဟော်ရေးမန်း တည်ဆောက်ခဲ့သော ကျောင်းကဲ့သို့ အစိုးရဘုတ်အဖွဲ့မှ ကြီးကြပ်ထိန်းချုပ်ထားသော ကျောင်းမဟုတ်ပါ။ ဆရာများ၏ ရေးဆွဲထားသော သင်ရိုးညွှန်းတမ်းများ၊ ဖွဲ့စည်းလုပ်ဆောင်ပုံနည်းစနစ်များကို စိစစ်ဝေဖန်သော ပညာရပ်နှင့် အုပ်ချုပ်ရေးများကို ဒေသခံလူထု၏ ထိန်းချုပ်မှုအောက်တွင် ပြည့်စုံစွာ ဆောင်ရွက်ခဲ့ကြ၏။ လွတ်လပ်သော လူထုကျောင်းများကို ဆယ်စုနှစ် ကုန်လွန်သောအခါ ကျွန်းရှိ မြို့များနှင့် အခြားမြို့ကြီးများတွင်လည်း တည်ထောင်ခဲ့ကြ၏။ သို့သော်လည်း လူထုကို ပညာပေးရာတွင် ရာခိုင်နှုန်းအနည်းငယ်သာပါဝင်၏။ ပုဂ္ဂလိကအခန်းကဏ္ဍတွင် အိမ်နှင့် အသင်းတော်များက အဓိကျားပြားသော ကျောင်းသားများကို ပညာသင်ပေးခဲ့ကြ၏။ ဆင်ပြူယယ်အလူမင်ဖဲလ်က ရေးသား ခဲ့သည်မှာ ၁၈၂၀ ခုနှစ်တွင် ဘော့စတွန်မြို့တွင် တည်ဆောက်ခဲ့သော ပုဂ္ဂလိကကျောင်းများသည် လူထုက ကိုယ်ထူကိုယ်ထဖြင့် တည်ဆောက်ထားသော ကျောင်းများဖြစ်ပြီး အမေရိကန် တော်လှန်ရေးပြီးဆုံးချိန်တွင်

မြို့အတော်များများတွင် သာမန်ပြည်သူကျောင်းများလုံးဝမရှိခဲ့ပါ။ ပင်ဆယ်လ်ဘေးနီးယားနှင့် နယူးယော့ပြည်နယ်များတွင် နယူးအင်္ဂလန်ပြည်နယ်ကဲ့သို့ စောစီးစွာ ပြည်သူလူ ထုကျောင်းများတည်ဆောက် ခဲ့ကြ၏။ သို့သော် ကျေးလက်ဒေသတွင် မဟုတ်ဘဲ မြို့ကြီးများတွင်သာ တည်ဆောက်ထားကြ၏။ တောင်ပိုင်းကိုလိုနီနယ်များတွင် သက္ကရာဇ် ၁၇၃၀ တိုင်အောင် လူထုကျောင်းများမရှိခဲ့ပါ ၁၇ရ၆ ခုနှစ်ကျမှသာ လူထုကျောင်းများကို တည်ဆောက်ထားကြ၏။ လူထုကျောင်းများနှင့် ပုဂ္ဂလိက ကျောင်းများတည်ထောင် ထားခဲ့ကြသော်လည်း အမေရိကတိုက်ရှိ ကိုလိုနီမိသားစု ပညာပေးရေး သည် အမေရိကန်တော်လှန်ရေးဆင်နွှဲခဲ့သည့်တိုင်အောင် အဓိက အရေးပါအရာ ရောက်ဆုံးဖြစ်၏။ အမေရိကတိုက်၏ ထင်ရှားသော အချို့ခေါင်းဆောင်ကြီးများနှင့် တွေးခေါ်ရှင်များ (၄င်းခေတ်ကာလအတွက်သာမဟုတ်ဘဲ ယနေ့ခေတ်တိုင်) ထင်ရှားသော ခေါင်းဆောင်ကြီးများသည် အဓိကမိသားစုအတွင်းမှ ပညာရရှိခဲ့သောသူများဖြစ်ကြ၏။ ၄င်း ပုဂ္ဂိုလ်ကြီးများမှာ ဂျော့ဝါရှင်တန်၊ သောမတ်စ်ဂျက်ဖါဆင်၊ ဂျိမ်းစ်၊ အေဗရာ ဟမ်လင်းကွန်း၊ သောမတ်အက်ဒီဆင်၊ အလက်ဇင်းဒါး ဂျီ–ဘဲလ်၊ နှင့် အခြားသူများ အပါအဝင်တို့သည် မိသားစုအတွင်း ပညာပေးခြင်းမှ ပညာကို ဆည်းပူးရယူသူများ ဖြစ်ကြ၏။ ဆင်မြူယယ်အယ်လ်ဘလူမင်းဖဲလ် ရေးသားရာတွင် ထင်ရှားသော ပုဂ္ဂိုလ်ကြီးများ (၁၇) ဦးတို့သည် လွတ်လပ်ရေးကျေညာ ချက်စာတမ်းတွင် ကိုယ်ပိုင်အုပ်ချုပ်ရေးနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေများကို အတည်ပြုလက်မှတ်ရေးထိုးခဲ့ရာ လူသုံးယောက်တွင် တစ်ယောက်သာ ကျောင်းနေ၍၊ လူလေးယောက်လျှင် တစ်ယောက်သာ ကောလိပ်ကျောင်းတက်နိုင်သည်။ ဤပညာရှင်များသည် မိသားစုများ၊ အသင်းတော်များ၊ ကျောင်းများ၊ အလွတ်ဌာနရမ်း၍ သင်ပြစေသော ဆရာများ၊ အဆင့်မြင့် ပညာတတ်များ၊ အလုပ်သင်ခြင်းနှင့် သူတို့ကိုယ်တိုင် လေ့လာခြင်းများမှ ပညာရရှိခဲ့ကြခြင်းဖြစ်၏။ ဤအတုယူထိုက်သော စံပြပုံစံများကို အမေရိကန်နိုင်ငံတွင် ပြန်လည်ဖော်ထုတ်၍ အခြားနိုင်ငံများသည်လည်း အတုယူမွေးစား၍ လွတ်လပ်သော နိုင်ငံဖြစ်လာဘို့ရန် ကြိုးစားရပါမည်။

## အသင်းတော်

လူများက ဥပဒေများကို ပြုလုပ်၍ အသင်းတော်များက လူများကို ပြုလုပ်ဖန်တီးသည်။ ဤပြောဆိုချက်များက အသင်းတော်မှာရှိသော ခရစ်ယာန် လူမျိုးတစ်မျိုး၏ တာဝန်ကို ကောင်းမွန်စွာ ဖော်ပြခဲ့၏။ ခရစ်ယာန် ဘုန်းတော်ကြီးသည် တိုက်ရိုက်အာဏာကို ဆွဲကိုင်၍ ဥပဒေများပြုလုပ်သကဲ့သို့ အသင်းတော်သည် အစိုးရအပေါ်တွင် သြဇာလွှမ်းမိုးခြင်းကို မပြုလုပ်သင့်ပေ။ ဒါဟာ ခရစ်ယာန် ဘာသာရေးသည် သြဇာလွှမ်းမိုးရန်ဖြစ်၍ အစိုးရအပေါ်တွင် ရာထူးနေရာကို အမိန့်အာဏာဖြင့် လွှမ်းမိုးရန် မသင့်တော်ပါ။ ပြင်သစ်နိုင်ငံရေးပညာရှင်တစ်ဦးဖြစ်သော အလက်စစ်ဒေထောက်ကွီဗီးလ်သည် ၁၈၃၀ ခုနှစ်တွင် အမေရိကန်နိုင်ငံ၏ ကြီးကျယ်ခမ်းနားခြင်းကို စူးစမ်းလေ့လာရန် အမေရိကန် ပြည်ထောင်စုသို့ ရောက်ရှိခဲ့၏။ သူသည် အသေးစိတ်ကျစွာ လေ့လာစစ်ဆေးပြီးမှ နိဂုံးချုပ်ပြောခဲ့သည်ကား အမေရိကန် နိုင်ငံသို့ ကျွန်ုပ်ရောက်လာသောအခါ ဘာသာရေးကိုင်းရှိုင်းမှုရှိသော နိုင်ငံ၏ ရုပ်သွင်ပြင်ကို တွေ့မြင်ရသောအခါ ကျွန်ုပ်၏ အာရုံစူးစိုက်မှုကို ပထမဆုံး ထုရိုက်၍ ကြာကြာတည်းခိုလေ၊ ကြီးမားသော နိုင်ငံရေးနောက်ဆက်တွဲအဖြေများဖြစ်သော ဤသစ်မှ ထွက်ပေါ်လာသော အရာများ အကြောင်းကို ပိုမို၍ သိမြင်လေဖြစ်၏။ အစိုးရ၏ လူ့အဖွဲ့အစည်းတွင် ဤအမေရိကန်ခရစ်ယာန် ဘာသာရေးကနေရာယူခြင်း မရှိပါ။ သို့သော် ၎င်းကို သူတို့၏ ပထမဆုံးသော နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းအဖြစ် မှတ်ယူရလိမ့်မည်ဖြစ်၏။ တောက်ကွီဗီးလ်က ဆက်လက်ပြောကြားရာတွင် အမေရိကန်တို့သည် သူတို့၏ ဘာသာရေးတွင် စိတ်ချရသော ယုံကြည်မှုရှိမရှိကို ကျွန်ုပ်မသိခဲ့ပါ။ သို့သော် ကျွန်ုပ်သေချာသိတာကတော့ သူတို့သည် သမ္မတနိုင်ငံ၏ အဖွဲ့အစည်းများကို ဆက်လက်ထိန်းသိမ်းထားနိုင်ရန်မရှိမဖြစ်သော အရာသည် ဘာသာရေးကိုင်းရှိုင်းမှုအပေါ်တွင် မူတည်သည်ဟု မှတ်ယူကြ၏။ ဤအယူအဆသည် ပါတီတစ်ခု 'ဝါ' နိုင်ငံသားများအတွက် တမူထူးခြားသော အကြံဉာဏ်မဟုတ်ပါ။ တစ်မျိုးသားလုံးအတွက် နှင့်လူ့အဖွဲ့အစည်း၏ ရာထူးနေရာတိုင်းအတွက် အပိုင်ဖြစ်သည်။ အမေရိကန်များပူးပေါင်းခြင်းသည် ခရစ်ယာန် ဘာသာရေးနှင့်

လွတ်လပ်ရေး၏ အတွေးအမြင်ဖြစ်၍ သူတို့စိတ်နှလုံးထဲတွင် စွဲမြဲစွာတည်ရှိသော အရာသည် တစ်ဦးတစ်ယောက်တည်းအားဖြင့် စုပေါင်းလုပ်ငန်းများ မဖြစ်နိုင်ဘဲ အခြားသူများနှင့် ပူးပေါင်းမှသာလျှင် စည်းလုံးမှုရှိ၍ အောင်မြင်မှုရရှိနိုင်ကြောင်းကို စိတ်ကူးမှုများ ရှိလာကြ၏။ ကျွန်ုပ်သည် အမေရိကတိုက်၏ ကျယ်ဝန်းသောမြစ်ကြီးများ၊ ပင်လယ်ဆိပ်ကမ်းများ၊ ထူးခြားသော စွမ်းအားနှင့် ကြီးကျယ်ခမ်းနားမှုများကို လေ့လာ၍ ဤမျှထင်ရှားသောအရာများသည် သူတို့နိုင်ငံတွင်မရှိပါ။ အမေရိကတိုက်ရှိ မြေသြဇာကောင်းမွန်သော လယ်ကွင်းပြင်ကြီးများနှင့် မျက်စိတဆုံးကျယ်ပြန့်သော ပရေရီမြက်ခင်းပြင်ကြီးများကဲ့သို့သော လယ်မြေ၊ ကွင်းပြင်ကြီးများသည် ကျွန်ုပ်၏ ပြင်သစ်နိုင်ငံတွင် မရှိပေ။ သူ၏ ကျယ်ဝန်းသော ကမ္ဘာ့ကုန်သွယ်ရေးနှင့် ကြွယ်ဝချမ်းသာသော မြေအောက်သယံဇာတပစ္စည်းများလည်း သူတို့နိုင်ငံတွင်မရှိ။ အမေရိကရှိ အသင်းတော်များသို့ မရောက်သေးခင် သူ၏ ရဲရဲတောက်နီသော တရားဟောစင်မြင့်များ၏ လျှို့ဝှက်စွာ မွမ်းမံပြင်ဆင်မှုများ၊ သူ၏ ထူးခြားသော စွမ်းအားနှင့် တန်ခိုးပါဝါများအကြောင်းကို ကျွန်ုပ်လေ့လာသိရှိခဲ့ပါ၏။ အမေရိကသည် ကြီးကျယ်ခန်းနားပါသည်။ အဘယ့်ကြောင့်ဆိုသော် ဤနိုင်ငံသည် ကောင်းသော နိုင်ငံဖြစ်၍ ဆက်လက်ကြိုးစားမှုမရှိဘဲ အေးဆေးစွာ နေခဲ့လျှင် ကြီးကျယ်ခမ်းနားသော နိုင်ငံအဖြစ်မှ မေးမှိန်၍ လာပါလိမ့်မည်။ အခြားသော စကားလုံးနှင့် ပြောမည်ဆိုလျှင် တောက်ကွီဗီးလ် ဖော်ပြခဲ့သည့်အတိုင်း အသင်းတော်၏ ဘာသာရေး လွှမ်းမိုးမှုမှ ဖြစ်ပေါ်လာသော အကျင့်သီလကောင်းမွန်ခြင်းမရှိပါက ခရစ်ယာန်လူထု အုပ်ချုပ်ရေးသည် အလုပ်လုပ်နိုင်လိမ့်မည်မဟုတ်ပါ။

## ခရစ်ယာန်ဘုန်းတော်ကြီးတပါးသည် လွတ်လပ်ရေး၏ အခြေခံမှုများကို အသုံးပြု၍ လူမျိုးများကို နောက်လိုက်ကောင်းများ ဖြစ်လာစေရန် မည်ကဲ့သို့ ဆောင်ရွက်ရမည်နည်း။

အသင်းတော်နှင့်ခရစ်ယာန် ဘုန်းတော်ကြီးများသည် လူများကို ဝိညာဉ်ရေး ဆိုင်ရာ တာဝန်များကိုသာ သင်ကြားပေးရန် မဟုတ်ဘဲ။ လူထုအစိုးရ၊ လူထုပညာရေး၊ စီးပွားရေးလုပ်ငန်းများ၊ နှင့် ဥပဒေများကိုပါ လူတို့၏ အသက်တာနယ်ပယ်၌

ကျမ်းစာနှင့်စပ်ဆိုင်သော အမှန်တရားကို အသုံးပြု၍ လေ့ကျင့်သင်ကြားပေးရမည်ဖြစ်၏။ ဟောပြဲ သမ္မတနိုင်ငံတွင် ရှေးကျသော အသင်းတော်များခေတ်ကာလ၌ ဥရောပတိုက် သမိုင်းတွင် ခရစ်ယာန်ဘုန်းတော်ကြီးများသည် ဤအမှုတို့ကို ပြုလုပ်ခဲ့ပြီး လက်တွေ့ကျကျ လူမျိုးများကို ပြောင်းလဲစေခဲ့ကြ၏။ အချို့အကောင်းဆုံးဖြစ်သော ကျမ်းစာနှင့်ဆိုင်ရာ ဥပမာများမှာ –

၁။ လေဝီများ

၂။ ယေရှုနှင့် တမန်တော် ရှင်ပေါလု

၃။ အိုင်ယာလန်ရှိပက်ထရစ်နှင့် စကော့တလန်နှင့် အင်္ဂလန်နိုင်ငံရှိ သူ့နောက်လိုက်များ

၄။ အင်္ဂလန်ဘုရင်အကလ်ဖရက်နှင့် အာဆေး

၅။ အာလ်စွန်နှင့် ပြင်စသ်နိုင်ငံရောက် ချာလေမက်နီ

၆။ ခရစ်ယာန်တက္ကသိုလ်ကျောင်းများ

၇။ ဝိုင်ခလိဖ်နှင့် သူ့နောက်လိုက်လိုးလာရ်ဒ်များ

၈။ ဟာစ်နှင့် သူ့နောက်လိုက်များ

၉။ ဂျွန်ကာလ်ဗင်နှင့် ဂျီနီဗာမြို့ရှိ အဆင့်မြင့်ကျောင်း

၁၀။ ပရိုတက်စတင့်ပြုပြင်ပြောင်းလဲရေးသမားများ။

အမေရိက ကိုလိုနီနယ်ပယ်များတွင် သူတို့၏ ဘုရားကျောင်းအတွင်းရှိ တရားဟောစင်မြင့်သည် ကျမ်းစာနှင့်စပ်ဆိုင်သော ကမ္ဘာ့အမြင်နှင့် စပ်လျဉ်း၍ တောက်ပနီရဲနေပါသည်။ ခရစ်ယာန် ဘုန်းတော်ကြီးများသည် လူများကို ပညာတတ်စေရန်အတွက် လွတ်လပ်ရေး၏ အခြေခံမူများကို အသုံးပြု၍ အခွင့်အရေးရတိုင်း ပညာသင်ကြားပေးလေ့ရှိကြ၏။ လူမျိုးများကို လွှတ်မြောက်စေရန် အရေးကြီးသော အချက်တစ်ခုမှာ တရားစောကြားဘို့ရန် ရွေးချယ်ထားသော တရားဒေသနာဖြစ်၍ ၁၆၃၃ ခုနှစ်တွင် စတင်အသုံးပြုခဲ့ကြပြီးနောက် နှစ်ပေါင်း ၂၅၀ ကြာသည့်တိုင်အောင် မှန်ကန်စွာ ကျင့်သုံးခဲ့ကြ၏။ ဂျွန်ဝင်းဂိတ်ဘော်တွန်ရေးသား ခဲ့သည်ကား ဟောပြောရမည့် ''တရားဒေသနာ ရွေးချယ်ခြင်း'' ဖြင့် ဘုန်းတော်ကြီးများက အစောပိုင်းဆော်ကာလတွင် အမေရိကတိုက်ကို လွှမ်းမိုးခဲ့ကြ၏။ လူထုအာဏာပိုင်များ သည် များသောအားဖြင့် ရွေးချယ်တင်မြောက်ခြင်းပြုလုပ်သော

နေ့ရက်များတွင် ခရစ်ယာန်ဘုန်းတော်ကြီးများက တရားဟောစင်မြင့်ပေါ်မှ အကြံဉာဏ်များကို ပေးခြင်းမပြုလုပ်ဘဲ ဘုန်းတော်ကြီးများနှင့် တွေ့ဆုံ၍ နှီးနှောတိုင်ပင်ခဲ့ကြသည်များကို ဥပဒေအဖြစ် ပြဋ္ဌာန်းထားခဲ့ကြသည်။ လွှတ်တော်မှအတည်ပြုပြဋ္ဌာန်းထားသော ဥပဒေနှင့် အသက်အရွယ်၏ စိတ်ဆန္ဒမပါဘဲ အလိုအလျောက်ဖြစ်သော အမှုက ဤလွှမ်းမိုးမှုကို ပြသခဲ့၏။ နိုင်ငံတော်သည် အသင်းတော်ထဲက တိုးတက်ဖွံ့ဖြိုးလာခဲ့သည်။ ဟောရမည့် တရားဒေသနာကို သေချာစွာ ရွေးချယ်ခြင်းပြုလုပ်ပါက ပို၍ လုပလာ၏။ ၄င်းဟောပြောသော တရားဒေသနာကို အစမှ အဆုံးတိုင်အောင် ပုံနှိပ်ခဲ့သည်။ ပြည်သူ့ကိုယ်စားလှယ်တိုင်းသည် ၄င်းပုံနှိပ်ခဲ့သော တရားဒေသနာစာအုပ်ကိုယ်စီ ရှိကြသည်။ အဓိက အားဖြင့် ၄င်းမြို့၏ ဝန်ကြီးတစ်ဦးသည် တအုပ်ထက်ပို၍ ရှိသင့်သည်။ မျိုးချစ်ပုဂ္ဂိုလ်များသည် အောင်မြင်မှုရရှိကြသကဲ့သို့ တရားဒေသနာ အသီးသီးကို ဟောပြောသော တရားဟောဆရာများသည်လည်း လွတ်လပ်ရေးရရှိရေးအတွက် စိတ်အားထက်သန်သောသူငယ်ချင်းကောင်းများကို ရရှိပြီး ၄င်းနေ့၏ ဝတ်ပြုစည်းဝေးတွင် ဟောပြောသမျှသော စာပိုဒ်များကို နေရာအနှံ့ပျံ့နှံ့ရောက်သွားနိုင်ရန်အတွက် သိတင်းစာအားဖြင့် ဖြန့်ဝေခဲ့ကြ၏။ ဝန်ကြီးများသည် လူထုကို လမ်းညွှန်ရမည်ဖြစ်ပြီး လူတို့ရှေ့တွင် အကြောင်းပြရန်နှင့် သူတို့ကို တောင်းပန်ရန်ဖြစ်ပြီး လူထုသည် တရားသူကြီးကို ရွေးချယ်ခန့်အပ်ရမည်ဖြစ်၏။ တရားသူကြီးသည် အကြောင်း ကိစ္စတစ်ခုကို ဆုံးဖြတ်ရန် လူထုကို ခေါ်၍ လူထုသည်လည်း မိမိတို့၏ စိတ်ဆန္ဒများကို အကြောင်းပြချက်များပြုလုပ်ခြင်းဖြင့် အသင်းတော်အတွင်း အငြင်းခုန်ရှိသည်များကို ဖြေရှင်းပြီး ပျူရီတန်များ၏ မူထက်နိုင်ငံရေးကို ပို၍ ရှိသေလေးစားမှုရှိကြ၍ အထူးသဖြင့် နယူးအင်္ဂလန်နယ်သားများသည် အစကတည်းက သူ၏ အခြေခံမူများကြောင့် ပညာတတ်များဖြစ်ခဲ့ကြ၏။

သိက္ခာတော်ရဆရာကြီး ဂျွန်ဝိသာစပွန်သည် လူထုအရေးကိစ္စများကို တိုက်ရိုက်နှင့် သွယ်ဝိုက်သောနည်းအားဖြင့် ပုံစံသွင်းလောင်းသော အမေရိကန်နိုင်ငံ၏ ဝန်ကြီးတစ်ဦးဖြစ်သည်ကို ဥပမာပေးခြင်းခံရသူဖြစ်၏။ သူသည် လူမျိုးများကို ကျမ်းစာကဖေါ်ပြခဲ့သည့်အတိုင်း နောက်လိုက်ကောင်းများဖြစ်စေခဲ့သူ ကိုလိုနီခရစ်ယာန်

ဘုန်းတော်ကြီးတစ်ပါးဖြစ်သည်။ ဝိသာစပွန်သည် ဝန်ကြီးတစ်ဦးဖြစ်၍ ဖရင်းစတွန်ကောလိပ်ကျောင်းတွင် ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်ခဲ့သူဖြစ်ပြီး အမေရိကန် လွတ်လပ်ရေး ကြေညာချက်စာတမ်းကို လက်မှတ်ရေးထိုးသူတစ်ဦးဖြစ်သည်။ ကျွန်ုပ်တို့လွတ်လပ်ရေးရရှိရန် ရုန်းကန်နေသော အချိန်တွင် ကွန်ကရက်လွှတ်တော် အမတ်တရာကျော်တွင် တစ်ဦးအပါအဝင်ဖြစ်သည်။ သို့သော် သူ၏ ပညာရေးနှင့် ပတ်သက်သော ကြိုးစားမှုမှတဆင့် သူ၏ လွှမ်းမိုးမှုများသည် အလွန်ကြောက်စရာ ကောင်း၏။ ဖရင်းစတွန် ကောလိပ်ကျောင်းတွင် ဥက္ကဋ္ဌ တာဝန်ကို ထမ်းဆောင်နေစဉ် ဝန်ကြီးများအတွက် လေ့ကျင့်သင်ကြားပေးခဲ့သည်သာမက၊ ဘဝအသက်တာအားလုံး၏ ခေါင်းဆောင်များအတွက်ပါ လေ့ကျင့်သင်ကြားစေခဲ့၏။ လူတစ်ယောက်သည် ဘုရားသခင်၏ ဇစ်မြစ်အကြောင်းကို လေ့လာသောပညာရပ်ကို ဆည်းပူးရန် ဝိသာစပွန်ထံသို့ ရောက်လာ၏။ သို့သော် သူသည် ဘုရားသခင်အကြောင်းကို သင်ကြားရေးတွင် စိတ်ဝင်စားမှုမရှိဘဲ၊ ကျမ်းစာနှင့်စပ်ဆိုင်သော အစိုးရဥပဒေများ၏ အခြေခံမှုများက စတုတ္ထမြောက်အမေရိကန် သမ္မတ ဂျိမ်းစ်မက်ဒီဆင်လက်ထက်တွင် အမေရိကန် နိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ အကြီးဆုံးသော ပိသုကာဆရာကြီး ဖြစ်လာဘို့ရန် ဆက်လက်၍ သူ့အပေါ်တွင် လွှမ်းမိုးနေသည်။ ဝိသာစပွန် လေ့ကျင့်သင်ကြား ပို့ချခြင်းသည် သူကိုယ်တိုင်ကို အောက်ပါတို့ကို ပြည့်စုံစေရန် တတ်စွမ်းနိုင်စေ၏။ ဝိသာစပွန်ကိုယ်တိုင်ကလည်း လေ့ကျင့်မှုများပြုလုပ်ထားခဲ့သည်။

၁။ ဒုတိယသမ္မတ။

၃။ နိုင်ငံတော်၏ တရားသူကြီးချုပ်။

၁၀။ ဝန်ကြီးအဖွဲ့။

၁၂။ ပြည်နယ်မှူး။

၆၀။ ကွန်ဂရက်လွှတ်တော်အမတ် (၂)။ အထက်လွှတ်တော်အမတ်နှင့် (၃၉ ကွန်ဂရက်လွှတ်တော်အမတ်)

♛ ဖွဲ့စည်းပုံအခြေခံဥပဒေပြုအဖွဲ့ဝင်များ၏ ညီလာခံနှင့် နိုင်ငံတော် ကွန်ဂရက် လွှတ်တော်အမတ်များ စုပေါင်းခြင်း။

## လူထုနှင့်စပ်ဆိုင်သော အရေးကိစ္စများနှင့် ခရစ်ယာန်ဘုန်းတော်ကြီးများ (pastors)

ဥရောပသမိုင်းတွင် ခရစ်ယာန် ဘုန်းတော်ကြီး၏ လူထုကိစ္စအတွင်းပါဝင်မှုနှင့် နိုင်ငံရေးကိစ္စများတွင် ပါဝင်မှုကို သက်သေအထောက်အထားများစွာ တွေ့မြင်နိုင်ပါသည်။

၁။ ရောမအင်ပိုင်ယာ အတွင်းရှိ ခရစ်ယာန်ဘုန်းတော်ကြီးသည် တရားသူကြီးချုပ်လည်း ဖြစ်၏။

၂။ ပတ်ထရစ်နှင့် သူနောက်လိုက်များသည် ရှင်ဘုရင်များကို အကြံဉာဏ် ပေးခဲ့ကြ၏။

၃။ စတီဖင်လင်တန်သည် မဂ်နာချာတာစာချုပ်ကို ရေးဆွဲခဲ့သူဖြစ်၏။

၄။ ဖူးရစ်မြို့ရှိ ဘာသာရေးပြုပြင်ပြောင်းလဲရေးသမား ဇွန်လီ။

၅။ ဂျီနီဗာမြို့တော် ကောင်စီဝင်များနှင့် ဂျွန်ကာလ်ဗင်။

၆။ ဘုရင်မမေရီနှင့် ဂျွန်နော့စ်။

၇။ ပြင်သစ်အစိုးရနှင့် မောနီ။

၈။ ဟော်လန်နိုင်ငံရောက် ဂရိုတီယပ်စ်

၉။ ဟော်လန်နိုင်ငံရောက်ကွိုပါရ်။

အမေရိကတွင် လူမျိုး၏ လူထုအရေးကိစ္စများတွင် ဘာသာရေး ခေါင်းဆောင်များသည် တိုက်ရိုက်ပါဝင်ခဲ့ကြသည်။

(၁) နယ်မြေများကို သိမ်းယူကာ ကိုလိုနီပြုလုပ်ပြီး အမေရိကပြည်နယ်နများကို ဖွဲ့စည်းခြင်း (ဆရာကြီး ရောဂျာဝီလျံနှင့် ဂိုဒီးကျွန်းနိုင်ငံ၊ သောမတ်စ်ဟော်ကာနှင့် ကွန်းနက်တီကပ်ပြည်နယ်၊ ဝီလျံပင်နှင့် ပင်ဆေလ်ဗေးနီးယားပြည်နယ်၊ ဂျက်ဆင်လီနှင့် အိုရေဂွန်ပြည်နယ်၊ မာကပ်စ်ဝိုဒ်မင်းနှင့် ဝါရှင်တန်ပြည်နယ်)

(၂) အမေရိကတိုက်၏ ဥပဒေနှင့် ဖွဲ့စည်းပုံ အခြေခံမှုများကို ရေးဆွဲခဲ့ကြ၏။ ဥပမာ – သောမတ်စ်ဟော်ကာသည် အဓိက ကျသော ကွန်နက်တီကပ်စ်ပြည်နယ်၏ တရားဥပဒေစိုးမိုးရေးကို ပြဋ္ဌာန်းခဲ့၏။ နာသန် နီယယ်လ်ဝေါဒ်သည် – မာဆာချူးဆက်ပြည်နယ် လွတ်လပ်ရေးကို ရယူပေးခဲ့သူဖြစ်၏။

(၃) ခရစ်ယာန် ဘုန်းတော်ကြီးများသည် တရားသူကြီးများနှင့် ရှေ့နေများ၏ အလုပ်ကို

လုပ်ခဲ့ကြ၏။ သူတို့သည် အမေရိက၏ နိုင်ငံသားများလွတ်လပ်ရေးကို ကာကွယ်ခြင်းနှင့် တည်ထောင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ကြ၏။
(၄) ကျောင်းများကို တည်ထောင်ခဲ့ကြ၍ သူတို့၏ ကျမ်းစာနှင့် စပ်ဆိုင်သော လွတ်လပ်ရေး၏ အခြေခံမှုများကို ထာဝစဉ်တည်မြဲစေရန် ပညာတတ် ဘုန်းတော်ကြီးများ လွှမ်းမိုးခြင်း၏ အမိန့်အာဏာများကို ထာဝစဉ်တည်မြဲစေရန် တက္ကသိုလ် ကျောင်းတော်ကြီးများကို တည်ဆောက်ထားကြ၏။
(၅) သူတို့သည် အစိုးရအုပ်ချုပ်ရေးတွင်လည်း တိုက်ရိုက်အားဖြင့်ပါဝင်ကြသည်။

ဗာဂျီးနီးယားပြည်နယ်၏ ဘုန်းတော်ကြီးဖြစ်သူ ဆင်မြူယယ်ဒဝိဒ်သည် သူ့ခေတ်ကာလတွင် အခြားသော ခရစ်ယာန် ဘုန်းတော်ကြီးများ၏ စံနမူနာယူထိုက်သော ပုဂ္ဂိုလ်ကြီးဖြစ်၍ ဘုရားသခင်၏ နိုင်ငံတော်ကျယ်ပြန့်လာဘို့ရန်အတွက် ဤပြည်နယ်သို့ ရောက်ရှိလာခြင်းဖြစ်၏။ သူသည် အရာအားလုံးတွင် ပါဝင်ခဲ့သူဖြစ်၏။ သူသည် ခရစ်ယာန် ဘုန်းတော်ကြီးလည်း ဖြစ်၊ ဖရင်စတွန် ကောလိပ်ကျောင်း၏ ဥက္ကဋ္ဌ၊ ရှေ့နေတစ်ဦး၊ အင်္ဂလန်နိုင်ငံသို့ စေလွှတ်ခဲ့သော သံအမတ်ကြီးနှင့် ပတ်ထရစ် ဟင်နရီ၏ သူငယ်ချင်းလည်းဖြစ်၍ ကျေးရွာတာဝန်တွင် စံနမူနာယူထိုက်သော ပုဂ္ဂိုလ်ထူးဖြစ်သည်။ သူအင်္ဂလန်တွင်ရှိ နေစဉ်တွင် သူနေထိုင်သော ဗာဂျီးနီးယား ပြည်နယ်အတွက် လူထုလွတ်လပ်ရေးအကြောင်းကိစ္စများပေါ်တွင် မူတည်၍ သူ၏ ရဲရင့်မှုကို ဖော်ပြသော အကြောင်းဂုဏ်တရက်ပေါ်လာ၏။ ၄င်းမှာ သူသည် ရှင်ဘုရင်ဂျော့−−ဒုတိယနှင့် အခြားသော သူ့အရာရှိကြီး များ ရှေ့မှောက်တွင် တရားဒေသနာဟောပြောနေခဲ့၏။ သူသည် တရားဒေသနာဝေငှနေစဉ်တွင် ရှင်ဘုရင် ဂျော့−−ဒုတိယသည် မတ်တတ်ရပ်၍ သူ့ဘေးပတ်ဝန်းကျင်ရှိ လူများကို မိန့်ခွန်းရှည်ကြာစွာ ပြောဆိုခဲ့၏။ ထိုအချိန်တွင် ဒါဝိဒ်သည် ခဏနား၍ ဘုရင့်မိန့်ခွန်းကို နားထောင်နေ၏။ ထို့နောက်သူသည် ရှင်ဘုရင်ကြီးကို တင်းကြပ်စွာ ကြည့်၍ ဟစ်အော်ပြီး ပြောခဲ့သည်ကာ ခြင်္သေ့ကြီးဟိန်းဟောက်လာသောအခါ တောမှာရှိသော သားရဲတိရစ္ဆာန်များအားလုံးသည် တုန်လှုပ်၍ နေကြ၏။ ထိုနည်းတူ ရှင်ဘုရင် ယေရှုဟိန်းတော်မူသောအခါ တကမ္ဘာလုံးရှိ မင်းညီမင်းသားမျာ ငြိမ်သက်စွာနေသင့်သည်ဟု ပြောဆိုသောအခါ ရှင်ဘုရင် ဂျော−−−ဒုတိယသည်

ကျန်နေသေးသော သူ၏ တရားဒေသနာဟောပြောချိန်တွင် ငြိမ်သက်စွာ နေ၍ နားထောင်နေခဲ့၏။ အခြားသော ခရစ်ယာန် ဘုန်းတော်ကြီးများသည် သူတို့၏ နိုင်ငံရေး သို့မဟုတ် လူထုနှင့်ဆိုင်သော အရေးကိစ္စများအတွက် ပါဝင်လှုပ်ရှားမှုများတွင် ကျမ်းစာနှင့်စပ်ဆိုင်သော စံနမူနာများကို အသုံးပြုခဲ့ကြသည်။ ဓမ္မဟောင်းကျမ်းထဲတွင် နိုင်ငံရေးအားဖြင့် ထကြွနိုးကြားနေသော ဘုန်းတော်ကြီးများမှာ ရှမွေလ၊ ယေရမိ၊ ယေဇကျေလ၊ ရာခရိ နှင့် ဇေရတို့ဖြစ်ကြပြီး၊ ဓမ္မသစ်ကျမ်းတွင် ဗတ္တိဇံ ယောန်၊ တမန်တော်ရှင်ပေါလုနှင့် ရောတ်စ် တပ်စ်တို့ဖြစ်ကြသည်။ နိုင်ငံရေးဟူသော စကားလုံး၏ အဓိပ္ပါယ်မှာ – နိုင်ငံတော်သို့မဟုတ် လူမျိုးတစ်မျိုး၏ လုံခြုံရေး၊ ငြိမ်းချမ်းရေးနှင့် ကြီးပွားချမ်းသာရေးကို စောင့်ရှောက်ထိန်းသိမ်းပေးရန်အတွက် အစိုးရက စည်းကမ်းသတ်မှတ်၍ ထိန်းချုပ်ရန် စသည်တို့ ဖြစ်သည်။ ဘုရားသခင်၏ လူများသည် ဤအမှုအရာအမြဲတမ်းပါဝင်လှုပ်ရှားခဲ့ကြပြီး လူမျိုးများ၏ အရေးကိစ္စများကို ဆောင်ရွက်ရန် လမ်းညွှန်ချက်များကို အာရုံစူးစိုက်လုပ်ဆောင်ခဲ့ကြသည်။ ကျမ်းစာတွင် ဖော်ပြထားသော ပရောဖက် (ကြိုတင် နိမိတ်ဖတ်သူများ) သည် ရိုးရိုးစင်းစင်းပြော ရမည်ဆိုလျှင် နိုင်ငံရေးခေါင်းဆောင်များနှင့် လူမှုပြုပြင်ပြောင်းလဲရေးသမားများ ဖြစ်ကြပြီး သမိုင်းတွင် နိုင်ငံရေးလှုပ်ရှားမှုများ၏ခေါင်းဆောင်များဖြစ်ကြသည်။ ရှမွေလသည် ရှောလုဘုရင်အပေါ်တွင် လွှမ်းမိုး၍ လေဝိယသည် အာဟဗ် ဘုရင်ကို လွှမ်းမိုး၍ ယေရမိသည် ယောရှကို လွှမ်း၍ ဗတ္တိဇံ ယောဟန်သည် ဟေရုဒ်ဘုရင်ကြီးကို လွှမ်းမိုး၏။ ဘုရားသခင်၏ ခေါင်းဆောင်အတော်များများသည် တကယ်ပြောရမည်ဆိုလျှင် လူထုနှင့်ဆိုင်သော ရုံးများ ရှိကြ၏။ ဥပမာ – ယောသပ်၊ ဒံယေလ၊ သေတာ နှင့် မောဒကဲ၊ မောရှေ၊ ရှမွေလ နှင့် ဏရတ်စ်တပ်စ်တို့ဖြစ်ကြ၏။

## အသင်းတော်နှင့် နိုင်ငံတော်၏ ခွဲခြားမှုအပေါ်တွင် ခရစ်ယာန်ဘာသာ၏ အမြင်သည် အဘယ်နည်း။

ခရစ်ယာန်နိုင်ငံတစ်နိုင်ငံထူထောင်ရေးတွင် လူတိုင်းကို မည်ကဲ့သို့ ယုံကြည်၍ မည်ကဲ့သို့ ကိုးကွယ်ရမည်ဟု အမိန့်အာဏာကို သုံးသော လူထုအစိုးရခေါင်းဆောင်များ ရှိသော ရိုမန်ကက်သလစ်ခရစ်ယာန် ဘုန်းတော်ကြီး ဩဇာ အာဏာလွှမ်းမိုးသော နိုင်ငံတော်ကို တည်ထောင်ရမည်ဟု မဆိုလိုပေ။ ခရစ်ယာန်နိုင်ငံတစ်နိုင်ငံသည်

ဘုရားသခင်နှင့် သူ၏ ပညတ်တော်ကို နာခံ၍ ဂုဏ်ပြုမှုရှိသော ခရစ်ယာန် အခြေခံမူများအပေါ်တွင် တည်ထောင်ရမည်ဖြစ်၏။ မည်သည့် ခရစ်ယာန် လူမျိုးများထဲတွင် မဆို အသင်းတော်နှင့် နိုင်ငံတော် ကွဲပြားခြားနားခြင်းရှိသည်ကို တွေ့မြင်ရပါလိမ့်မည်ဖြစ်၏။ ကွဲပြားခြားနားခြင်းဟူသော စကားလုံး၏ ယူဆချက်ကို (မဿဲ ၂၂း၁၇–၂၁) တွင် ခရစ်တော်သည် ပထမဦးဆုံး အဆိုတင်ပြတော်မူခဲ့၏။ ဘာသာတရားမရှိသော ရှင်ဘုရင်များသည် ဘာသာရေးဆိုင်ရာ ကိစ္စများအပေါ်တွင် အခွင့်အာဏာများကို ရရှိရန် တောင်းဆိုထားကြ၏။ သို့သော် ယေရှုကမူ ကမ္ဘာကို ပြောင်းလဲစေသော ဘာသာရေး၏ အယူအဆသည် ဘုရားသခင်နှင့် အသင်းတော်၏ အမိန့်အာဏာအောက်တွင်သာရှိရမည်ဟု အဆိုပြုတင်ပြတော်မူခဲ့၏။ ယေရှုသည် ဘာသာရေးဆိုင်ရာ လွတ်လပ်ရေး သို့မဟုတ် လွတ်လပ်ရေး အသိစိတ်ဓာတ်၏ အယူအဆများကို အများသိစေရန် ထုတ်ပြန်ကြေညာတော်မူခဲ့၏။ ဓမ္မာဟောင်းကျမ်း ထဲမှာပင် ဘာသာရေးနှင့် အစိုးရလုပ်ဆောင်ချက်များအကြားတွင် ခွဲခြမ်းခြင်းများရှိသည်။ ဂျွန်အေးစ်မိုးက ဤသို့ရေးသားခဲ့၏။ အစ္စရေးနိုင်ငံသည် ဘာသာရေးကို ဦးစားပေးအုပ်ချုပ်သော နိုင်ငံဖြစ်၍ ဘုရားသခင်ကို အကြီးဆုံး ဖြစ်သော အုပ်ချုပ်သူဟု အသိအမှတ်ပြုကြပြီး အခွင့်အာဏာအားလုံးဟူသမျှသည် သူ့ထံမှ ရောက်ရှိလာခဲ့သည်။ သို့သော် ဘာသာရေးဆိုင်ရာ လုပ်ဆောင်ချက်များနှင့် အစိုးရ၏ လုပ်ဆောင်ချက်များသည် ကွဲပြားခြားနားမှုရှိကြ၏။ ယဇ်ပရောဟိတ်မင်းကြီးသည် လေဝီမျိုးနွယ်မှ လာသကဲ့သို့ အုပ်ချုပ်သူ ရှင်ဘုရင်များသည် ယုဒမျိုးနွယ်မှလာသော သူများဖြစ်ကြ၏။ ရှင်ဘုရင်ရှောလုပဟာ ပြင်းထန်စွာ အပြစ်ပေးခြင်းကို ခံခဲ့ရ၏။ အဘယ့်ကြောင့်ဆိုသော် သူ့တာဝန်မဟုတ်သော ယဇ်ပရောဟိတ်မင်းကြီး၏ အာဏာကို မတရားသိမ်းယူပြီး သူကိုယ်တိုင်က ယဇ်ပူဇော်ခြင်းကို ပြုသောကြောင့်ဖြစ်၏။ သူ၏ ရှင်ဘုရင်လိုင်းကို အစ္စရေးလူမျိုးများ၏ ရှင်ဘုရင်လိုင်းမှ ဘုရားသခင်က ထာဝစဉ်ဖြတ်တောက်တော်မူခဲ့၏။ (၁ရှမွေလ ၁၃) သြဇိရှင်ဘုရင်ကြီးသည် မြင့်မြတ်သော ယဇ်ပလ္လင်ပေါ်တွင် အမွှေးတိုင်မှ အငွေ့များထွက်လာရန် မီးတင်ရှို့၍ ယဇ်ပူဇော်ခြင်းကို လုပ်သောအခါ ဘုရားသခင်သည် မနှစ်မြို့တော်မူသဖြင့် သြဇာအပေါ်တွင် ဒူနာရောဂါစွဲကပ်လာ၏။ (ရာဇဝင်ချုပ် ဒု ၂၆း၁၆–၂၁) ဘုရားသခင်သည် အသင်းတော်ကို ထိန်းသိမ်းစောင့်ရှောက်ရန် ဤစာပိုဒ်များအားဖြင့်

လူထုအုပ်ချုပ်သူ ဘုရင်များကို မိန့်မှာတော်မူဟန်တူသည် ကွန်စတန်တင် ဘုရင်ကြီးသည် ခရစ်ယာန် ဘာသာရေးကို ရောမ အင်ပိုင်ယာတစ်ခုလုံး၏ တရားဝင်နိုင်ငံတော် ဘာသာအဖြစ် အေဒီ ၃၁၂ တွင် ပြုလုပ်သောအခါ လူထုတရားဝင် ဘာသာဖြစ်ရေးအတွက် စမ်းသပ်စစ်ဆေးမှုများကို ပြုလုပ်ခဲ့ကြပြီး နိုင်ငံတော်အသင်းတော်ကို တည်ထောင်ခဲ့ကြသည်။ ဤခရစ်ယာန် ဘုန်းတော်ကြီးနှင့်ဆိုင်သော အသင်းတော်ထူထောင်ခြင်းသည် အလွန်ကြောက်မက်ဖွယ် ကောင်းသော ညှင်းပန်းသတ်ဖြတ်မှုများကို ဖြစ်ပေါ်စေ၍ ၎င်းကို အမှောင်ခေတ်ဟု ခေါ်ဆိုကာ အမေရိက ဘိုးဘွားများသည် လွတ်လပ်စွာ ဘာသာရေးကို ကိုးကွယ်နိုင်ရန် အမေရိကသို့ ထွက်ပြေးတိမ်းရှောင်းနေသည့် အချိန်အထိ နှိပ်စက်ညှင်းပန်းမှုများကို ပြုလုပ်ခဲ့ကြသည်။

အမေရိကတိုက်ရှိ ကိုလိုနီနယ်ပယ်များအားလုံးနည်းပါးသည် သီးခြား ဘာသာရေး ဂိုဏ်းခွဲအမည်ကို ထူထောင်၍ သူတို့၏ တရားဝင်ဘာသာရေးအဖြစ် အသိမှတ်ပြုခဲ့ကြသည်။ သို့သော် အချိန်ကြာလာသောအခါ ကိုလိုနီနယ်များရှိ ခရစ်ယာန် အုပ်စုများသည် သဘောထားချင်းကွဲလွဲမှုများ စတင်လာခဲ့၏။ ဤကဲ့သို့ သဘောထား ကွဲလွဲသူများသည် ဥရောပတိုက်တွင် ဘာသာရေးညှင်းပန်းမှုများ ခံစားရသကဲ့သို့ ညှင်းပန်းသတ်ဖြတ်မှုများကို ခံစားရကြ၏။ အမေရိကနိုင်ငံသည် သူ့နိုင်ငံ လွတ်လပ်ရေးကို အောင်မြင်လာပြီးနောက်တွင် ဤကဲ့သို့သဘောထားကွဲလွဲသော သူများသည် ပြည်နယ်အသီးသီးရှိ ဂိုဏ်းခွဲ အမည်များကို ဖြိုဖျက်ခြင်း အလုပ်ကို စတင်လုပ်ကိုင်လာ ခဲ့ကြသည်။ ဤလုပ်ငန်းသည် နှစ်များလွန်လာသောအခါ တဖြေးဖြေး ပြည့်စုံခြင်းသို့ ရောက်လာခဲ့၏။ ဘာသာရေးလွတ်လပ်မှုသည် အမေရိက ပြည်ထောင်စု၏ ဖွဲ့စည်းအုပ်ချုပ်ပုံကို ပထမဆုံးပြင်ဆင်မှုပြုလုပ်သည့်အချိန်တွင် နိုင်ငံတော်အဆင့်နှင့် အညီ လုံခြုံရေးပြုလုပ်ခဲ့ကြ၏။ ဥပဒေတွင် ပါရှိသည့်အတိုင်း လွတ်လပ်စွာ လှုပ်ရှားမှုများကို ပိတ်ပင်တားမြစ်ခြင်း သို့မဟုတ် ဘာသာရေးအဖွဲ့အစည်းများတည်ထောင်ခြင်းများ၏ ဥပဒေများကို ကွန်ကရပ်က မလေးစားမှုများပြုလုပ်ခြင်းမရှိပေ။ မကြာသေးမီနှစ်များ အတွင်းတွင် တရားရုံးများက လွဲမှားစွာ ဘာသာပြန်ဆိုသည်ကို ရည်ရွယ်၍ ပြောသည်မဟုတ်ပါ။ အမေရိက အစိုးရသည် အဓိကအားဖြင့် ခရစ်ယာန်

ဘာသာရေးကို စိတ်ဝင်စားမှုမရှိဘဲ တစ်ခါတစ်ခါ ရန်လုပ်တတ်၏။ ရိုးရိုးစင်းစင်ပြောရမည်ဆိုလျှင် ခရစ်ယာန်ဘာသာရေးတွင် လူမျိုးနွယ်စုတစ်စု တည်းနဲ့ နိုင်ငံတော်ဘာသာရေးအဖြစ် ထူထောင်နိုင်ခဲ့ခြင်းမရှိပါ။

လူမျိုးတိုင်းသည် အချို့သော ဘာသာရေး၏ အခြေခံမှုများနှင့် အယူအဆများကို စီစစ်ဝေဖန်မှုများပြုလုပ်ခဲ့ကြ၏။ ၄င်းတို့မှာ ခရစ်ယာန် ဘာသာဝင်များ မွတ်ဆလင်များ၊ လူ့အကျိုးစိတ်ထားကိုသာ ပဓါနပြုသည့်အယူဝါဒများဖြစ်ကြ၏။ လွတ်လပ်မှုရှိ၍ ကြွယ်ဝချမ်းသာသော ခရစ်ယာန် လူမျိုးတစ်မျိုးသည် ခရစ်ယာန် အခြေခံမှုများကို စမ်းသပ်စစ်ဆေးရမည်ဖြစ်၏။ လူမျိုးတို့သည် သူတို့ စမ်းသပ်စစ်ဆေး ခဲ့သော အခြေခံမှုများ၏ အသီးအပွင့်များကို ခံစားရမည်ဖြစ်၏။

## ခရစ်ယာန် ဘာသာရေး၏ လွှမ်းမိုးမှုသည် အဘယ့်ကြောင့် တိုက်စားမှုရှိသနည်း

အမေရိကန် ပထဝီဝင်၏ ဖခင်ကြီး ဒေါက်တာ ဂျေဒီဒတ်မို့စ်သည် ခရစ်ယာန် ဘုန်းတော်ကြီးတစ်ပါးဖြစ်၏။ သူသည် ထိုးထွင်းသိမြင်နိုင်စွမ်းရည်ရှိသော တရားဒေသနာကို ကျမ်းစာနှင့် စပ်ဆိုင်သော စာအုပ်မှ ကိုးကား၍ ၁၇၉၉ ခုနှစ်တွင် ဟောပြောခဲ့၏။ အမှီတကဲတို့သည် ပျက်လျှင် ဖြောင့်မတ်သောသူသည် အဘယ်သို့ပြုနိုင်သနည်း (ဆာလံ ၁၁း၃)။ သူကပြောခဲ့သည်မှာ ခရစ်ယာန် ဘာသာရေး၏ ကြင်နာစွာ လွှမ်းမိုးခြင်းကြောင့် ဖြစ်ပေါ်လာသော ယခုအခါ လူများ ပျော်ရွှင်နေကြသော လူထုလွတ်လပ်ရေး၊ နိုင်ငံရေးနှင့် လူမှုပျော်ရွှင်ခြင်း စသည်တို့အပေါ်တွင် ကျေးဇူးတင်ရန် အကြွေးရှိသည်။ လူမျိုးများထဲတွင် ခရစ်ယာန် ဘာသာရေး၏ စစ်မှန်သော အကျိုးသက်ရောက်မှုအချို့အစားသည် ကျဆင်းလာရာ လူအဖွဲ့စည်းများကို လစ်လျူရှုခြင်း၊ သူ၏ အခြေခံသဘောတရားကို ဂရုမစိုက်ခြင်းစသည်တို့ဖြစ်ပေါ်လာ၏။ ဤကဲ့သို့ ခရစ်ယာန် ဘာသာရေး၏ စစ်မှန်သော အချို့အစားကျဆင်းနေမှုကြောင့် ၄င်းနိုင်ငံရှိ လူများသည် စစ်မှန်သော လွတ်လပ်ရေး၏ ကောင်းကြီးများမှ ဝေး၍ဝေး၍ ဆုတ်ခွာသွားကြကာ စိတ်ပျက်စရာ ကောင်းသော မတရားအုပ်ချုပ်မှုအဆင့် နီးပါးသို့ရောက်လာကြ၏။ ကျွန်ုပ်တို့သည်

ဤအတွေ့အကြုံများကို အသုံးပြုခြင်းအားဖြင့် အမှန်တရားကို အတည်ပြုလာနိုင်ခဲ့၏။ ဤသို့ ခရစ်ယာန် ဘာသာရေး၏ စစ်မှန်သော အချိုးအစားများကျဆင်းနေခဲ့လျှင် ကျွန်ုပ်တို့၏ ကြိုးစားမှု မှန်သမျှသည် သန့်ရှင်း မွန်မြတ်သော ဘာသာရေး၏ အခြေခံအုတ်မြစ်များကို ဖျက်ဆီးရာရောက်လိမ့်မည်။

မည်သည့်အချိန်အခါ၌မဆို ကျွန်ုပ်တို့၏ ခရစ်ယာန်ဘာသာရေး ကျော်ကြားသည် ဖြုတ်ချခြင်းခံရမည်ဖြစ်၍ ကျွန်ုပ်တို့၏ လက်ရှိ သမ္မတနိုင်ငံ အစိုးရ၏ ဖွဲ့စည်းပုံနှင့် နေရသော ကောင်းကြီးမင်္ဂလာများသည် ကျဆုံးရလိမ့်မည်ဖြစ်၏။ ဆရာကြီး မိုးရ်ဆက်လက်၍ ပြောခဲ့သည်မှာ စစ်မှန်သော ခရစ်ယာန် ဘာသာရေး၏ အကျိုးသက်ရောက်မှုများကို မည်သည့် နိုင်ငံတွင်မဆို ကျဆင်းစေသောအချက်များမှာ –

(၁) မယုံကြည်ခြင်းမှတဆင့်

(၂) ၎င်း၏မူဝါဒများပျက်စီးခြင်း၊

(၃) ၎င်း၏အဖွဲ့အစည်းများကို လစ်လျူရှုခြင်းတို့ဖြစ်၏။

၎င်းတို့ကို အတိုချုံး၍ ကြည့်ကြပါစို့။

## မယုံကြည်ခြင်း

သို့ရာတွင် မယုံကြည်လျှင် အဘယ်သို့ ပဌနာပြုနိုင်မည်နည်း။ သိတင်းမကြားလျှင် အဘယ်သို့ ယုံကြည်နိုင်မည်နည်း။ ဟောပြောသောသူမရှိလျှင် အဘယ်သို့ကြားနိုင်မည်နည်း။ (ရောမ ၁၀း၁၄) အသက်ရှင်သော ဘုရားသခင်သည် အမှန်တရား၏ ကျောက်တိုင်နှင့် ထောက်ပံ့သူဖြစ်၏။ (၁တိမောသေ ၃း၁၅) ခရစ်ယာန် ဘာသာရေးသည် တုန်ခါ၍ အားကောင်းသော အသင်းတော်များမပါရှိဘဲ လူ့အဖွဲ့အစည်းတွင် အောင်မြင်မှုမရရှိနိုင်ပါ။ ခရစ်ယာန် ဘာသာရေးသည် ဘုရားတရားကြည်ညိုေ တရားဟောဆရာများထံသို့ ဆက်ကပ်ခြင်းမရှိပါက အသက်မရှင်နိုင်ပါ။ ဘာသာတရားကိုင်းရှိုင်းသော နိုင်ငံတစ်နိုင်ငံ ဖြစ်လာဘို့ရန် အဓိကဖြစ်သော လူဦးရေသည် ပြောင်းလဲရန် လိုအပ်၏။ အမေရိကန်တော်လှန်ရေးကြောင့်

နိုင်ငံတစ်နိုင်ငံ လုံးရှိ လူဦးရေ၏ သုံးပုံတစ်ပုံခန့်သည် အသင်းတော်၏ တရားဝင်အသင်းသား များဖြစ်ကြ၏။ (သို့သော် လူပေါင်းများစွာတို့သည် ဘုရားရှိခိုးကျောင်းတက်ကြပါ၏) ဘုရားသခင်သည် လူမျိုးတမျိုး၏ အကျိုးတရားများကို ဖြစ်ပေါ်စေရန် မည်သည့် အချိန်ခါမှ လူများစုကို မခိုင်းစေဘဲ မိမိတို့၏ အသက်တာတစ်ခုလုံးတွင် သူတို့၏ တာဝန်များကို တကယ်နားလည်သော ဖြောင့်မတ်သော လူနည်းစုကိုသာ ခိုင်းစေတော် မူ၏။ သက္ကရာဇ် ၁၇၃၀–၁၇၅၀ ခုနှစ်တွင် ကြီးမားသော နိုးကြားထကြွမှုမရှိခဲ့ပါက ၁၇၆၀–၁၇၈၀ ခုနှစ်အတွင်တွင် ဖြစ်ပွားခဲ့သော အမေရိကန် တော်လှန်ရေးသည် ဖြစ်ပေါ်လာမည်မဟုတ်ပါ၊ ဘာသာရေးအုံကြွနိုးကြားလာခြင်းနှင့် နိုးကြားထကြွလာခြင်းတို့ ဆုံးရှုံးခဲ့ရခြင်း၏ အကြောင်းရင်းသည် မယုံကြည်ခြင်းကြောင့် ဖြစ်၏။

## စံနမူနာပျက်စီးခြင်း (corruption of Doctrine)

ယုံကြည်ခြင်းအကြောင်းကို ရှင်းပြရာ၌ ထူးခြားချက်များရှိသော ဤစံနမူနာကို ခရစ်ယာန် ဘာသာဝင်အများစုက အဓိကကျသော၊ အရေးကြီးသောအရာဖြစ်သည်ဟု လက်ခံထားခဲ့ကြ၏။ ဤစံနမူနာများကို ဘာသာရေးနှင့် ပတ်သက်သော မေးခွန်းများ၊ အထူးသဖြင့် ဘုရားသခင်၏ ဂုဏ်တော်နှင့် ကယ်တင်ခြင်းများအကြောင်း မေးခွန်းမေးရာတွင် ကန့်သတ်ထား၏။ စံနမူနာများပျက်စီးခြင်း 'ဝါ' လူများက စံနမူနာများကို လစ်လျူရှုခြင်းများပြုလုပ်လာသောအခါ အဖြေရလဒ်သည် လူ့အဖွဲ့စည်းတွင် ခရစ်ယာန် ဘာသာရေးဆုတ်ယုတ်လာခြင်းကို ဖြစ်စေခဲ့သည်ဟု နောက်လိုက်တမန်တော်များက ကောင်းစွာ သိမြင်ခဲ့ကြ၏။ ၄င်းအကြောင်းကို (တမန်တော် ၁၇း၂၄–၂၈) တွင် တမန်တော် ရှင်ပေါလုက ရှင်းလင်းပီပြင်စွာ ပြောဆိုခဲ့၏။ ဤကမ္ဘာ လောကနှင့် အထဲတွင်ရှိရှိသမျှသောအရာအားလုံးကို ဖန်ဆင်းတော်မူ၍ ကောင်းကင်နှင့် မြေကြီးကို အုပ်စိုးတော်မူသော ဘုရားသခင်သည် လူ၏ လက်ဖြင့် ဆောက်လုပ်ထားသော ဗိမာန်တော်ထဲတွင် နေတော်မမူ၊ လူ၏ လက်များဖြင့် အလုပ်အကျွေးအစေအပါး လုပ်ခြင်းကို နှစ်သက်တော်မမူပေ။ အစကနဦးက လူကို ဖန်ဆင်းရခြင်းသည် သူ၏ ဘုန်းကျက်သရေကို ထင်ရှားစေခြင်းငှာ

ဖန်ဆင်းတော်မူသည်ဖြစ်၍ ကမ္ဘာမျက်နှာ တပြင်လုံးကို ပြည့်အောင်လူတစ်ယောက်မှ လူမျိုးတိုင်းအထိ ပွားများလာအောင် ဖန်ဆင်းတော်မူခဲ့၏။ သူဖန်ဆင်းထားသော လူသားများသည် အုပ်စုလိုက်နေထိုင်၍ သူတို့အသီးသီး၏ နယ်မြေဒေရိယာများကို အုပ်စုလိုက်နေထိုင်၍ သူတို့အသီးသီး၏ နယ်မြေဒေရိယာများကို နယ်နိမိတ်များပိုင်းခြားခြင်း၊ အချိန် သတ်မှတ်ထားခြင်းများကို ပြုလုပ်ခြင်းဖြင့် ဘုရားသခင်၏ မျက်နှာတော်ကို ရှာရန်နှင့် ဘုရားသခင်သည် သူတို့နှင့် ဝေးဝေးမနေကြောင်း၊ သူ့အထဲတွင် ကျွန်ုပ်တို့ရှိနေကြ၍ အသက်ရှင် လှုပ်ရှားနေကြကြောင်းကို သိမြင်လာစေဘို့ရန် ဆုံးဖြတ်ချက်ရှိတော်မူ၏။ ကျွန်ုပ်တို့သည် ကမ္ဘာကို မည်ကဲ့သို့ ရှုမြင်သုံးသပ်သည်များကို ဖော်ပြထားသော လက်တွေ့ပါဝင်သော စံနမူနာ လေးခုရှိပါသည်။ ၄င်းတို့မှာ–

(၁) **ဖန်ဆင်းခြင်း။ ဘုရားသခင်သည် လောကကိုဖန်ဆင်းတော်မူခဲ့၏**

ဤကမ္ဘာမြေကြီးသည် မတော်တဆကံအားလျော်စွာ ဖြစ်ပေါ်လာခြင်းမဟုတ်ပါ။ သဘာဝကျသော နည်းလမ်းအားဖြင့် ဤစံနမူနာကို လေ့လာသင်ကြားခြင်းမရှိသောအခါ ခရစ်ယာန်များသည် သိပ္ပံပညာအတတ်ကို လေ့လာဆည်းပူးရန် လစ်လျူရှုခဲ့ကြ၏။ ဖန်ဆင်းခြင်းသည် အစေ့စပ်မရှိသော ဘာသာရေး၏ တယူသန်ဝါဒဖြစ်လာလိမ့်မည်။ ဤကဲ့သို့ သိပ္ပံပညာကို လစ်လျူရှုခြင်းကြောင့် ''တစတစတိုးတက်ပြောင်းလဲလာခြင်း'' ဟူသော အယူအဆကို ပြိုင်ဆိုင်မှုများဖြစ်ပေါ်လာစေခဲ့သည်။ ၁၈၅၉ ခုနှစ်တွင် ချားလ်ဒါဝင်သည် သူ၏ စာအုပ်ကို ရေးသားခဲ့၏။ သို့သော် လူထုပညာရေးတွင် ပို၍ သြဇာညောင်းခြင်း ဘယ်သောအခါမှမရှိခဲ့ပါ။ ယနေ့တွင် ဖန်တီးခြင်းကို သုတေသနပြုလုပ်၍ လေ့လာနေကြသော သိပ္ပံပညာရှင်များ၏ အယူအဆများသည် ပြောင်းလဲလာ၍ ခရစ်ယာန်များအတွက် လေ့လာသုံးသပ်မှုများပြုလုပ်ကာ ဘုရားသခင် သည် ကမ္ဘာမြေကြီးကို ဖန်ဆင်းတော်မူသည်ကို ထင်ထင်ရှားရှား ပြောဆိုလာကြသည်။

(၂) **သခင်ဖြစ်ခြင်း။ သူသည်ကောင်းကင်နှင့် မြေကြီး၏ အရှင်သခင် ဖြစ်တော်မူ၏**

ဤစာပိုဒ်က ဆိုလိုသည်မှာ ဘုရားသခင်သည် လုံးလုံးလျားလျား အရှင်သခင်နှင့် နောက်ဆုံးသော အမိန့်အာဏာကို ပိုင်ဆိုင်သူဖြစ်၍ အားလုံးတို့သည် သူ့ထံသို့ သစ္စာခံရလိမ့်မည်ဖြစ်၏။ ဤစံနမူနာကို လစ်လျူရှုသည်နှင့်အမျှ အပေါ်စီးရလိုသည့် အနေဖြင့် အခြားပြိုင်ဆိုင်မှုအယူအဆဖြစ်သော လူ့အကျိုး လူ့စိတ်နေထားကိုသာ ပဓာနပြုသည့်အယူဝါဒ ပေါ်ပေါက်လာခဲ့၏။ ဤအယူဝါဒ တွေးခေါ်ရှင်များသည် ''လူသည် သာလျှင် အရာအားလုံးကို တိုင်းတာ၍ အမှားနှင့် အမှန်ကို ဆုံးဖြတ်ခဲ့၏ဟု ပြောဆိုကြ၏။

(၃) **ဘုရားသခင်၏ ဂရုဏာတော်။ ''သူကိုယ်တိုင် ကျွန်ုပ်တို့၏ အသက်တာ တစ်ခုလုံးအသက်ရှူခြင်းနှင့် အရာအားလုံးကိုပေးသနားတော်မူ၏။ ကျွန်ုပ်တို့သည် ဘုရားသခင်၌ တည်၍ အသက်ရှင်လှုပ်ရှားကြရ၏။** အမှန်အကန် ပြောမည်ဆိုလျှင် ဘုရားသခင်သည် လူတိုင်းကို ထောက်ပံ့ကူညီသူဖြစ်၍ ယောက်ျား၊ မိန်းမဟူသမျှသည် သူ့ကိုသာ ကြည့်ရမည်ဖြစ်၏။ ဤစံနမူနာကို လူများလျစ်လျူရှုသည်နှင့်အမျှ ပြိုင်ဆိုင်မှု တစ်ခုဖြစ်သော ဆိုရှယ်လစ်စနစ်၏ အယူဝါဒ ပေါ်ပေါက်လာ၏ ၁၈၄၄ ခုနှစ်တွင် ကားလ်မတ်စ် စာအုပ်၌ ရေးသားထားခဲ့သော ဆိုရှယ်လစ်စနစ်နှင့် ကိုက်ညီသော အယူအဆများကို အများသိစေရန် ထုတ်ပြန်ကြေညာခဲ့သည်။ ဤဆိုရှယ်လစ်စနစ်သည် ခရစ်ယာန်များနေထိုင်ရာဒေသနှင့် ကျမ်းစာနှင့် စပ်ဆိုင်သော စီးပွားရေးလုပ်ငန်း အကြောင်း ဟောပြောနေရာများတွင် လွှမ်းမိုးနိုင်ခြင်းမရှိခဲ့ချေ။ ခရစ်ယာန်အကျင့် စာရိတ္တမရှိသော နေရာများတွင် လူ့အဖွဲ့စည်းနှင့် ဆင်းရဲသားများ၏ လိုအပ်ချက်များကို ဖြေရှင်းရန် သနားကြင်နာမှုရှိစွာ လုပ်ဆောင်ပေးရမည့် အစားတိုးပွားများပြားလာခြင်းနှင့် ချမ်းသာကြွယ်ဝမှုရရှိစေရန် ရုပ်ဝါဒနှင့် လောဘရမက်ထားရှိခြင်းများကိုပါ ခွင့်ပြုလာခဲ့ကြ၏။ လူထု၏ ကောင်းစားရေးကို တစ်ဦးချင်းစီ၏ စိတ်ဝင်စားမှုများက အစားထိုးလာခဲ့၏။ ဤကဲ့သို့အကူညီပေးရန်လိုအပ်နေသော ဆင်းရဲသားများအပေါ်တွင် မတ်ခ်စ် ဝါဒီများနှင့် ဆိုရှယ်လစ်စနစ်၏ ခေါင်းဆောင်များက သွေးခုတ်ချယ်လှယ်ခဲ့ကြ၏။

(၄) **အချုပ်အခြာအာဏာ။ လူမျိုးတိုင်း ဖန်ဆင်းတော်မူခဲ့၏ လူမျိုးများ၏ သူတို့**

**နေထိုင်ရန် နယ်မြေများကို နယ်နိမိတ်ပိုင်းခြားပေးခြင်းနှင့် အချိန်သတ်မှတပေးခြင်းများကို ပြုလုပ်ပေးတောမူ၏။**

ဘုရားသခင်၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအကြောင်းကို ကျောင်းများတွင် သင်ကြားပေးခြင်းမရှိသောအခါ၌ လူသားတစ်ဦးသည် မိမိဘဝကံကြမ္မာကို မိမိဘာသာ ဖန်တီးရမည်ဟူသော ဝါဒ၏ လက်တွေ့မဖြစ်မြောက်သော အတွေ့အခေါ်က အနိုင်ရလိမ့် မည်ဖြစ်၏။ လူသားတစ်ဦးသည် မိမိဘဝကံကြမ္မာကို မိမိဘာသာဖန်တီးရမည်ဟူသော တွေးခေါ်ရှင်များ၏ သမိုင်းသည် အဓိပ္ပါယ်မရှိသော ဘာသာရပ်ဖြစ်၍ လာမည့်အနာဂတ်အတွက် ကြိုတင်ဟောကိန်းထုတ်နိုင်ခြင်းမရှိပါ။ ထို့ကြောင့် မိမိတို့၏ ရည်မှန်းချက်ပန်းတိုင်သို့ရောက်နိုင်ရေးအတွက် စီမံကိန်းရေးဆွဲ၍ အလုပ်လုပ်ခြင်းသည် မျှော်လင့်ချက်မရှိပါဟု ယုံကြည်ကြ၏။ သူတို့၏ အတွေ့အခေါ်ပညာသည် 'စားပါ သောက်ပါ' 'ပျော်ပျော်နေပါ' အဘယ့်ကြောင့်ဆိုသော် ကျွန်ုပ်တို့သည် နက်ဖြန်တဘက်ခါ ဆိုသလို သေရမည့်လူများဖြစ်ကြ၏ဟု ယူဆထားကြ၏။ ဒါဟာ အပျော်အပါး လိုက်စားခြင်းသည် အကောင်းဆုံး ဖြစ်သည်ဟူသော အယူဝါဒပင်ဖြစ်၏။ မာရှယ်ဖေါ်စတာနှင့် မေရီအီလင်း ဆွန်စန်တို့က သတိပေးခဲ့သည်ကား – ခရစ်ယာန် အတော်များများသည် သမိုင်း၏ တည်ရှိခြင်း အမြင်ကို မသိစိတ်နှင့် ဆိုင်စွာ မွေးစားခဲ့ကြသည်။ သူတို့သည် အခုကောင်းကင်ကို စောင့်မျှော်နေသော သူများဖြစ်ကြ၍ ဘုရားသခင်သည် ဤဒုစရိုက်အပြစ်များနှင့် ပြည့်နှက်နေသော ဤကမ္ဘာလောကမှ နှုတ်ယူတော်မူမည့် သူများဖြစ်ကြောင်းကို လေးနက်စေ၏။ သူတို့၏ အနာဂတ် တည်ဆောက်ရေးအတွက် စီမံကိန်းများနှင့် မျှော်လင့်ချက်များနှင့် ကုန်လွန်ပြီးသော အချိန်များအတွက် တာဝန်ယူဆောင်ရွက်မှုများသည် ယခုခေတ်ကာလ မိမိတို့ကိုယ်ကျိုး တိုးတက်မှုကိုသာ အာရုံစူးစိုက်နေကြသော ဆွေစဉ်မျိုးဆက်သစ်များ၏ ခေတ်ကာလတွင် ပျောက်ဆုံးသွား၏။ ခရစ်ယာန် တစ်ယောက်သည် သမိုင်းပေးတာဝန်များကို မြဲမြဲဆုပ်ကိုင်သည့် တိုင်အောင် သူသည် သူ၏ အသက်ရှင်ခြင်းနှင့် ပတ်သက်သော ရှုဒေါင့်နှင့် ဘုရားသခင် စောင်မတော်မူခြင်းနှင့်ပတ်သက်သော သမိုင်း၏ အမြင်ကို ပြန်လည်၍ အတည်ပြုရန် ငြင်းပယ်နေခဲ့ပါက၊ အသစ်ပြန်လည်ပြုပြင်ထားသော ကျွန်ုပ်တို့၏ နိုင်ငံသည် တိုးတက်ဖွံ့ဖြိုးဘို့ရန်မဖြစ်နိုင်ပါ။

ပြုပြင်ပြောင်းလဲရေးများပြုလုပ်သော ဥရောပတိုက်နှင့် အမေရိကကိုလိုနီနယ်ပယ်များတွင် ဘုရားသခင်၏ ကျမ်းစာကို လူများနှင့် သူတို့၏ ပစ္စည်းဥစ္စာများအပေါ်တွင် တန်ခိုးအာဏာအတွက် အမြတ်ဖြစ်သော ဘုရားရှင်ဟု မြင်ခဲ့ကြ၏။ သို့သော် လွန်ခဲ့သော နှစ်ပေါင်းတစ်ရာခန့်တွင်း စာတန်ကို ဤလောက၏ အာဏာအတွက်အမြတ်ဖြစ်သည်ဟု လက်ခံယုံကြည်သော၊ လက်နက်မဲ့ဖြစ်သော စံနမူနာ (Doctrine) ကို ခရစ်ယာန် အတော်များများက လက်ခံယုံကြည်ခဲ့ကြသည်။ ယနေ့ ခေတ်ကျမ်းစာသင်ပေးသူဆရာ အတော်များများသည် ယေရှုကို သူ ဤလောကသို့ ကြွဆင်းလာတော်မူသည်အထိ အသင်းတော်ကို သူတစ်ယောက်တည်း တည်ဆောက်ခြင်း နှင့် ဆက်လက်ပြုပြင်ခြင်းများပြုလုပ်သွားမည်ဟု မိန့်တော်မူသည့်အတိုင်း မဆောင်ရွက်ဘဲ ပျက်ကွက်နေသူဟု မြင်နေကြ၏။ သူတို့သည် ယေရှုကို လူများကို အုပ်ချုပ်ရန် အမိန့်အာဏာနှင့် အခွင့်အရေးရှိသူဟု မြင်နေကြသော်လည်း ခဏဏအားဖြင့်သာ စာတန်မာရ်နတ်ကို အောင်မြင်၍ လောကကို အုပ်ချုပ်ရမည်ဟု မြင်ခဲ့ကြ၏။ သို့သော် ဤအမြင်သည် ပြုပြင်ပြောင်းလဲရေးသမားများ၏ ကမ္ဘာ့အမြင်နှင့် လုံးလုံးလျားလျား ဆန့်ကျင်နေပါ၏။ သူတို့သည် ယေရှုခရစ်ကို ဤလောကအုပ်ချုပ်သူဟု မြင်ကြ၍ စာတန်မာရ်နတ်ကို စစ်ရှုံးသူဟု မြင်ခဲ့ကြသည်။ (ယောဟန် ၁၂း၃) ဘုရားသခင်ထုတ်ပြန်တော်မူသော အမိန့်သည် အထူးအာဏာရှိ၏။ အဘယ့်ကြောင့် ဆိုသော် လူတိုင်း၏ အသက်တာ၌ ပြုပြင်ပြောင်းလဲခြင်းများကို ဖြစ်ပေါ်စေသောကြောင့် ဖြစ်၏။ ဘုရားသခင်သည် ဤလောကကို အုပ်စိုးနေသည်ကို သိလျှင် –

၁။ သင်၏တာဝန်သည် လောကကို အောင်မြင်၍ ဧဝံဂေလိလုပ်ငန်းနှင့် နောက်လိုက်ကောင်းများပြုလုပ်ခြင်းမှတဆင့် ဘာသာတရားကိုင်းရှိုင်းသောနိုင်ငံ ဖြစ်လာစေရန်ဖြစ်၏။

၂။ ခရစ်ယာန် ယဉ်ကျေးမှုသည် အသက်တာနယ်ပယ်အားလုံးကို တံဆေးထည့်နေသည်ကို သင်သိသလား။ ခရစ်ယာန် ယဉ်ကျေးမှုသည် ကမ္ဘာတစ်ခုလုံးကို ဖြည့်၍ လူသား အားလုံးကို ကောင်းကြီးပေးသည်။

၃။ ကမ္ဘာတစ်ခုလုံးသည် ဘုရားသခင်ဖန်ဆင်းတော်မူသော အရာဖြစ်၍ လုပ်ရှားမှုမှန်သမျှသည် ဘုရားသခင်၏ ဝိညာဉ်ရေးဆိုင်ရာ လုပ်ငန်းတစ်ခုအနေနှင့်

မြင်တွေ့ရန်ဖြစ်၏။

၄။ နိုင်ငံတစ်နိုင်ငံသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို နာခံလျှင် ၎င်းနိုင်ငံသည် ပြုပြင်ပြောင်းလဲမှုရှိရမည်ကို မျှော်လင့်ခဲ့ရ၏။ စာတန်မာရ်နတ်သည် ကမ္ဘာလောကကို အုပ်ချုပ်ခဲ့လျှင် (၁) သင်၏တာဝန်သည် ဤမကောင်းမှုဒုစရိုက်များဖြင့် ပြည့်နေသော ဤကမ္ဘာလောကမှ သင့်ဝိညာဉ်ကို ကယ်တင်ရန်ကိုသာ အာရုံစူးစိုက်ပါ။ (၂) ခရစ်ယာန် ယဉ်ကျေးမှုသည် တန်ပြန်တိုက်စစ်ဆင်သော ယဉ်ကျေးမှုအနေဖြင့် မြင်ရ၍ မကောင်းမှုဖြင့် ပြည့်နေသော ဤလောကတွင် လူနည်းစုကို ညှင်းပန်း နှိပ်စက်နေသည်ကို မြင်တွေ့ရပါမည်။ (၃) လူမျိုးများသည် လောကီရေးရာအကြောင်း များကိုသာ လိုက်စားကြ၍ သူတို့၏ လိုအပ်ချက်ရှိမှသာ အသင်းတော်ကို ဆက်သွယ်သည့်အချိန်ခါတွင် အသင်းတော်သည် ဝိညာဉ်ရေးဆိုင်ရာ လှုပ်ရှားမှုများကို ပြုလုပ်ခဲ့၏။ (၄) အခြေအနေများဆိုးရွားလာသောအခါ ပြုပြင်ပြောင်းလဲခြင်းများမပြုလုပ် နိုင်ပါ။ အဘယ့်ကြောင့် ဆိုသော် စာတန်မာရ်နတ်က အုပ်စိုးသောကြောင့်ဖြစ်၏။ အထက်ကဖော်ပြခဲ့သော နှိုင်းယှဉ်ချက်များသည် နောက်ဆက်တွဲ၏ အခြေအနေများကို ဆုံးဖြတ်ရာတွင် အရေးကြီးသော အယူအဆများဖြစ်ကြသည်ကို ပုံဖော်သည်။ အဘယ့်ကြောင့်ဆိုသော် ခရစ်ယာန်များသည် သူတို့၏ ခေါင်းဆောင်မှုတာဝန်များကို လစ်လျူရှု၍ ခရစ်တော်ယေရှု၏ သရဖူဆောင်းခြင်းကို ငြင်းပယ်ခဲ့ကြသောကြောင့်ဖြစ်၏။ ဤကဲ့သို့ဖြစ်လာရခြင်းသည် လူ့သဘာဝနှင့် လောကီရေးရာများကို လေ့လာသူများ၏ အယူအဆများကို လက်ခံကြသောကြောင့်ဖြစ်၏။ ဤအရေးကြီးသော အခြေခံမူများ 'ဝါ' စံနမူနာများကို လစ်လျူရှုခြင်းများနှင့် ပျက်စီးခြင်းများစွာလာရခြင်း၏ ရောဂါကို ပျောက်ကင်းစေသောအရာများသည် မည်သည့် အရာဖြစ်သနည်း။ ဤရောဂါသက်သာ ပျောက်ကင်းစေရန် အသက်တာတစ်ခုလုံးတွင် ကျမ်းစာနှင့်စပ်ဆိုင်သော လေ့လာသုံးသပ်ခြင်းနှင့် ဘုရားသခင်၏ အကြောင်းကို လက်တွေ့ကျကျသင်ကြားခြင်းနှင့် ကျမ်းစာနှင့် စပ်ဆိုင်သော ခရစ်ယာန် ဘာသာရေးကို မူလအခြေအနေအတိုင်း ပြန်လည်၍ လက်ခံကျင့်သုံးခြင်းဖြင့် ကုစားနိုင်မည်ဖြစ်၏။

## အဖွဲ့အစည်းများ၏ လစ်လျူရှုခြင်း

အသင်းတော်အတွင်းရှိ လူ့အဖွဲ့အစည်းတစ်ခုသည် ပညာရေး၊ စီးပွားရေး၊ လူမှုရေးနှင့် နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းများကို လစ်လျူရှုခဲ့ပါက ထိုခရစ်ယာန် အကျင့်စာရိတ္တနှင့် စဉ်းစားမှုရှိသော သူများသည် စာတန်မာရ်နတ်၏ အုပ်စိုးခြင်းနှင့် နယ်ပယ်တွင် ဆက်လက်၍ အသက်ရှင်နေထိုင်ရပါလိမ့်မည်။ ဤအဖွဲ့အစည်းများသည် ဤကမ္ဘာလောကမှ ဖြစ်သော အတွေးခေါ်ပညာရှင်များ၏ စမ်းသပ်ခွဲစိပ်ခြင်းကို ခံရသော သူများဖြစ်သည်နှင့်အညီ၊ လူမျိုးအားလုံး၏ တရားမျှတခြင်းနှင့် လွတ်လပ်ရေးရရှိရေးကို ပျက်စီးစေကြပြီး နိုင်ငံ၏ အကျိုးကို အကြီးအကျယ်ကျဆင်းစေခဲ့ကြ၏။ အဖွဲ့အစည်းများ၏ ဂရုမစိုက်လစ်လျူရှုခြင်းများကို ပျောက်ကင်းသွားစေရန်အတွက် လူ့အဖွဲ့အစည်းအားလုံး၏ ပြုပြင်ပြောင်းလဲရေးသည် အလွန်အရေးကြီးသော အရာဖြစ်၏။ ခရစ်ယာန်များသည် ဤလောက၏ ဆားများဖြစ်ကြသည်နှင့်အမျှ အကျင့်သီလပျက်စီးမှုများ ကျဆင်းလာပြီး ဖြောင့်မတ်ခြင်းတရားက ဩဇာအာဏာ ရရှိလာ၍ လူများသည် ပျော်ရွှင်မှုကို ရရှိလာမည်ဖြစ်၏။ (သုတ္တံ ၂၉း၂) ဖြောင့်မတ်ခြင်း တရားသည် ပြည်သားတို့ကို ချီးမြှောက်တတ်၏ (သုတ္တံ ၁၄း၃၄)။

## လုပ်ရှားမှုအဆင့်များ၏အတိုချုပ်

အသင်းတော်သည် သူတို့၏ အသင်းသူ/သားများအတွက် နောက်လိုက် ကောင်းများဖြစ်စေခြင်း၏ အစီအစဉ်ကို ပုံမှန်ပြုလုပ်ပေးရန် နောက်တစ်ကြိမ် စတင်ဆောင်ရွက်ရမည်ဖြစ်၏။ သို့မဟုတ် လူကြီးများအတွက် အပတ်စဉ် သင်ကြားပေးခြင်း 'ဝါ' အထူးလေ့လာသော အဖွဲ့များဖွဲ့စည်းခြင်းကို အသင်းတော် လူထုအတွင်းတွင် ပြုလုပ်ရမည်ဖြစ်၏။ အသင်းတော်ကို ဦးဆောင်သူများ ရွေးချယ်ရန် အချိန်နီးကပ်လာသောအချိန် 'ဝါ' လူထုအတွင်းအဖြစ်အပျက် တစ်စုံတစ်ခု ဖြစ်လာသောအခါ 'ဝါ' ရုံးပိတ်ရပ်များတွင် ခရစ်ယာန် ဘုန်းတော်ကြီးများသည် အထူးတရားဒေသနာဟောပြောခြင်းကို ပြုလုပ်ရပါမည်။ ဤရွေးချယ်ခြင်းနှင့် တရားဒေသနာဟောပြောခြင်းအထိမ်းအမှတ်များကို တနင်္ဂနွေနေ့များတွင် ဘုရားရှိခိုးကျောင်း သို့မဟုတ် အထူးပြုလုပ်ထားသော ကျမ်းစာကျောင်းများတွင် ကျင်းပပြုလုပ်ရမည်ဖြစ်၏။ ဤပုံနှိပ်စကားလုံးများဖြင့် ဖြန့်ဝေခဲ့သော တရားဒေသနာ

များသည် အမှန်တရားကို ဖြန့်ဖြူးရာတွင် အကူညီများပေးခဲ့၏။ ထပ်လောင်း၍ ပြောရမည်ဆိုလျှင် အသင်းတော်သည် သားသမီးများကို အိမ်တွင်း ပညာပေးသင်ကြားပို့ချခဲ့သော မိဘများအတွက် အရေးပါသော ဖြစ်ရပ်များနှင့် အတူတကွ ပူးပေါင်း၍ အထူးသီးခြားဆရာဌာနရမ်း၍ သင်ကြားစေခြင်း 'ဝါ' ကိုယ်ပိုင် ကျောင်းများ ဖွင့်လှစ်ပညာသင်ကြား စေသော မိဘများ၏ ပညာသင်ကြားရေးအတွက် ကြိုးစားမှုများကို နောက်ဆက်တွဲအားဖြင့် အကူညီပေးရန် ကြိုးစားခဲ့၏။ ခရစ်ယာန် ဘုန်းတော်ကြီး များသည်လည်း လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရခေါင်းဆောင်များ အရောင်းအဝယ်လုပ်ငန်း ရှင်ကြီးများ သိတင်းစာဆရာများနှင့် တွေ့ဆုံ၍ ကျမ်းစာရှုဒေါင့် အားဖြင့် ညှိနှိုင်းအကြံပေးဆွေးနွေးမှုများကို ကြိုးပမ်းဆောင်ရွက် ခဲ့သည်။ ဘုရားသခင်၏ လူများသည် ဆက်သွယ်ရေးအတွက် ဤပုံစံအားလုံးကို ကွဲပြားခြားနားသော အချိန်များတွင် အသုံးပြုကြကြောင်းကို ကျမ်းစာက ဖော်ပြခဲ့၏။ ဘာသာတရားမရှိသော လူမျိုးများသည်လည်း သူတို့ဘာသာတရား ကိုင်းရှိုင်းမှုမရှိခြင်း၏ ရည်ရွယ်ချက်များ အတွက် အချို့သော ဤပုံစံများကို အသုံးပြုကြောင်းကို ကျမ်းစာက ဖော်ပြခဲ့၏။ ကျွန်ုပ်တို့၏ ဆက်သွယ်ရေး၏ ပုံစံ အသီးသီးကို ဘုရားသခင်က စတင်တီထွင်တော် မူခဲ့သည်၊ မတီထွင်ခဲ့သည်ကို ကျမ်းစာအားဖြင့် မတွက်ဆနိုင်ပါ။ သို့မဟုတ် အချို့သော ဘာသာတရားမရှိသူများက စတင်ပြုလုပ်သည် မပြုလုပ်သည်ကိုလည်း ကျမ်းစာအရ မတွက်ဆနိုင်ပါ။

## အခန်း ၁၀

## အနုပညာ၊ သိတင်းစာ၊ နှင့် စာနယ်ဇင်း
## သမ္မာကျမ်းစာ၊ အနုပညာနှင့် သိတင်းစာများ

ဆက်သွယ်ရေးအတွက် ယနေ့အသုံးပြုနေကြသော တယ်လီဗွီးရှင်း၊ ရုပ်သံ၊ ရေဒီယို၊ စတေရီယို၊ နှင့် သိတင်းစာများသည် ကျမ်းစာထဲ၌ ဖေါ်ထားခြင်း အထောက်အထားမရှိပါ။ သို့သော် ထိုခေတ်ကာလ၌ ဆက်သွယ်ရေးလုပ်ငန်းတွင်

သိတင်းစာအသုံးပြုသည်ကို ကျမ်းစာက ဖေါ်ပြခဲ့သည်။ ဤသည်ကို လေ့လာခြင်းအားဖြင့် အခြေခံမှုများသည် ဆက်သွယ်ရေးအတွက် မည်သည့်ပုံစံဖြင့် မဆိုအသုံးပြုနိုင်သည်ကို တွက်ဆနိုင်ပါသည်။ ကျမ်းစာက ဖော်ပြထားသော ဆက်သွယ်ရေးအတွက် အသုံးပြုသော အရာများမှာ နှုတ်နှင့်ဆိုင်သော သမိုင်း၏ ပုံစံများ၊ ပုံဆွဲခြင်းများ၊ ပန်းပုထုခြင်း၊ ပြဇာတ်ကပြခြင်း၊ ကခုန်ခြင်း၊ ကဗျာလင်္ကာ၊ စကားပြေများ၊ အတီးအမှုတ်၊ ပုရပိုက်ပေါ်မှာရေးထားသော စာများ၊ သိုးရေပုရပိုက်များ၊ ပုံဥပမာများ ပုံပြင်များနှင့် တရားဒေသနာဟောပြောခြင်း စသည်တို့ဖြစ်ကြသည်။ သမိုင်းအရ၊ ကွန်ုပ်တို့သည် ပန်းပုရုပ်ထု၊ ပြဇာတ်နှင့် အတီးအမှုတ်များကို ရှေးကျသောအခါ ကာလများတွင် အသုံးပြုပြီး ဖြစ်ကြောင်းကို သိရှိကြပါသည်။ ရှေးဟောင်း အီဂျစ် လူမျိုးသည် ဘီစီ ၃၃၀၀ ခန့်တွင် ရုပ်ပုံများအသုံးပြုခြင်းကို သေချာစွာသိရှိခဲ့ကြ၍ တရုတ်နိုင်ငံတွင်လည်း ဘီစီ ၁၈၀၀ ခန့်တွင် သေချာစွာ အသုံးပြုတတ်ကြ၏။ အက္ခရာစကားလုံးများကို ဘီ ၁၆၀၀ ပတ်ဝန်းကျင်တွင် ဆီးပိုက် လူမျိုးများနှင့် ဂိနီရှန်း လူမျိုးများက တီထွင်အသုံး ပြုခဲ့ကြ၏။ ဘီစီ – ၁၀၀၀ ပတ်ဝန်းကျင်တွင် အီဂျစ်လူမျိုးများသည် ပုရပိုက် စာမူများကို ရေးသားအသုံးပြုခဲ့ကြ၏။ စက္ကူများကို ဘီစီ ၁၀၀ ခန့်တွင် တရုတ်လူမျိုး တီဆိုင်းလွန်းက တီထွင်ခဲ့ လေသည်။ သို့သော် ဥရောပတိုက်တွင်မူ အေ–ဒီ ၈၀၀ ကျမှသာ အသုံးပြုတတ်လာခဲ့ကြ၏။ ဘာသာတရားမရှိသော လူမျိုးသည် ရှေးဟောင်းသမိုင်းတွင် ဆက်သွယ်ရေးပစ္စည်းများ၏ ပုံစံမြောက်များစွာကို တီထွင်ခဲ့ကြသော်လည်း ဟေဗြဲ လူမျိုးများနှင့် အခြားခရစ်ယာန်များသည်လည်း ဆက်သွယ်ရေးအတွက် ဤတန်ဆာပလာများကို ပုံစံအမျိုးမျိုးဖြင့် အမှားအယွင်းမရှိဘဲ အသုံးပြုတတ်ကြ၏။ ခရစ်ယာန် ဘာသာရေးသည်ထင်ရှားစွာ ဖေါ်ပြထားခြင်းမရှိသော ဘာသာတရား မရှိသောသူများ၏ ကောက်ကျစ်စဉ်းလဲခြင်းနှင့် အာဏာလုယူတတ်ခြင်းစသော ဤကမ္ဘာလောက၏ အရာများကို သိမ်းယူ၍ ဘာသာတရားကိုင်းရှိုင်းသူများကို ဂုဏ်ကျက်သရေတက်စေ၏။ ခရစ်ယာန်များသည် ဝိညာဉ်ရေးဆိုင်ရာ အမှုတို့တွင် မြင့်မြတ်၍ တိုးတက်ကောင်းမွန်လာဘို့ရန် ဤရာစုနှစ်နောက်ပိုင်းတွင် အခြေအနေနှင့် ကိုက်ညီလာအောင်ပြုပြင်မှုများပြုလုပ်ခဲ့ကြ၏။ ၂၀ ရာစုနှစ်တိုင်အောင် လောကီနှင့်ဆိုင်သော အယူအဆများ အကြောင်းကို မကြားမသိခဲ့ကြပေ။

ခရစ်ယာန်များသည် အသက်တာများ၏ ရုပ်သွင်အားလုံးတွင် ပါဝင်၍ ဆားကဲ့သို့ အကျိုးကျေးဇူးများပေးရမည့်သူများဖြစ်ကြသည်ဟု မြင်နေကြ၍ ခရစ်ယာန်များသည် ဤလောက၏ ဆားနှင့် အလင်းများဖြစ်ကြသည်နှင့်အညီ လုပ်ရှားမှုဟူသမျှတွင်ပါဝင်ရန် ခေါ်သောသူများဖြစ်ကြကြောင်းကို သိမြင်လာပြီး ဘာသာရေး 'ဝါ' အသင်းတော်မှ ပြောဆိုချက်များကို တိကျစွာလိုက်နာမှုမရှိသော ယဉ်ကျေးမှုချင်းတူညီသော အုပ်စုများမှ ခွဲခြားဘာသာရေးလုပ်ငန်းအတွက် ပါဝင်ဆောင်ရွက်ရမည့်သူများဖြစ်ကြကြောင်းကို သိမြင်လာခဲ့ကြ၏။ ဤအကြောင်းများကြောင့် ဘုရားသခင်၏ လူများသည် အနုပညာများနှင့် အခြားသော ဆက်သွယ်ရေး၏ ဖွဲ့စည်းပုံများတွင် အခြားသူများထက် သာလွန်ကောင်းမွန်စွာ ဆောင်ရွက်ခဲ့ကြသည်။ ကဗျာလင်္ကာနှင့် ကျမ်းစာ၏ စကားပြေသည် တူညီမှုမရှိနိုင်ပေ။ ဒါဝိဒ်မင်းကြီး အားဖြင့် စတင်ခဲ့သော ဟေဗြဲ လူမျိုးများ၏ အတီးအမှုတ်ဆိုင်ရာ ယဉ်ကျေးမှုသည် အလွန်များပြားပါ၏။ ကျားကန်ဒေါက်အဖြစ် အသုံးပြုခဲ့သော ပရောဖက်များ၏ ပြဇာတ်ဆန်သော တရားဒေသနာများသည်လူပေါင်းမြောက်များစွာ၏ အာရုံစူးစိုက်မှုကို ဖမ်းနိုင်ရန် အကျိုးသက်ရောက်မှုရှိသော သီတင်းကောင်းသည် အလွန်အရေးကြီးသောအရာဖြစ်သည်။ ဟော်လ်နှင့် ဝုဒ်တို့က ရေးသားထားသော ''အသက်တာစာအုပ်'' (The Book of Life) ထဲတွင် ပရောဖက်များ ဟောပြောခဲ့သော တရားဒေသနာများကို ပျံ့နှံ့သွားစေရန် ရေဒီယို၊ ရုပ်မြင်သံကြား၊ သီတင်းစာစသည်တို့၏ အကျိုးသက်ရောက်မှုရှိသော အသုံးပြုခြင်းသည် အလွန်အရေးကြီးသော အချက်ပင်ဖြစ်၏။ ပရောဖက်များသည် သူတို့၏ အရေးကြီးသော သီတင်းကောင်းများကို အတင်းအကျပ်လိုက်နာစေရန် ပြဇာတ်ဆန်သော ကိုယ်စားပြုခြင်းကို အသုံးပြုခဲ့ကြသည်။ ပရောဖက် ယေရမိသည် အိုးထိန်းသည် ထံသို့သွား၍ မြေကြီးဖြင့် အသုံးပြုထားသော အိုးကို ဝယ်ခဲ့၏။ ထို့နောက် လူကြီးများဖြစ်သော ခေါင်းဆောင်များကို ခေါ်၍ ဟင်နွမ်တော်ကြားသို့အတူတကွစုရုံးစေခဲ့၏။ ယေရမိသည် မြေအိုးကို ကိုင်၍ ထိုမြို့ရှိ လူများ၏ အပြစ်များကျူးလွန်ခြင်းနှင့်ပတ်သက်သော ထိရောက်မှုရှိသော တရားဒေသနာကို ဟောပြောခဲ့၏။ ၎င်းနောက် မြေအိုးကို ပစ်ချ၍ အစိတ်စိတ်အမွှာမွှာ ဖြစ်အောင် ရိုက်ခွဲခဲ့၏။ သူသည် မြေအိုးကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် ရိုက်ခွဲပြီးမှ

ဤသို့ ပြောဆိုလေ၏။ ''ဗိုလ်ခြေသခင်ထာဝရဘုရားသခင်'' သည် ဤသို့ မိန့်တော်မူ၏။ ''ငါသည် အိုးလုပ်သူသည် အိုးကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် ရိုက်ခွဲပြီးမည်သို့မျှ ပြန်လည်၍ အကောင်းပကတိပြန်ဖြစ်လာအောင် မတတ်နိုင်တော့သကဲ့သို့ ငါ့စကားကို သင်တို့နာခံခြင်းမရှိကြလျှင် သင်တို့ကို ငါဖျက်စီးပစ်မည်'' ဟု ဘုရားရှင် မိန့်တော်မူ ခဲ့သည်ဟု ပြော၏။ ဒါဟာ ယေရမိ၏ ပြဇာတ်ဆန်ဆန်ဟောပြောသော တရားဒေသနာ ဖြစ်သည်။ ဘာသာရေးလူကြီးများသည် အိမ်သို့ ပြန်သွားကြသောအခါ သေချာစွာ စဉ်းစားလာကြကာ ဤသို့အစိတ်စိတ်အမွှာမွှာ ကွဲခဲ့သော မြေအိုးကဲ့သို့ ငါတို့သည်လည်း ပျက်စီးခြင်းသို့ရောက်ရှိကြလိမ့်မည်ဟု ဘုရားသခင်၏ နှုတ်ကပတ်တော်ကို သတိရလာကြပြီး၊ ဤပရောဖက်ဟောပြောသော တရားဒေသနာက သူတို့ကို ဘုရားသခင် အမျက်တော်မသင့်ရလေအောင် သံဝေဂ ရလာစေရန် ကူညီခဲ့ပေ၏။ ပရောဖက် ယေဇကျေလသည် ယေရုဆလင်မြို့၏ ပုံစံကို မြေစေး အနည်းငယ်ယူ၍ ပြုလုပ်ခဲ့၏။ ထို့နောက်၌ စေးကိုယူပြီး တဲထိုးထား၍ စစ်တပ်များဖြင့် စောင့်ကြပ်နေသည့် ပုံကို လုပ်ပြီး သူတို့၏ အပြင်ဘက်ရန်သူများက ဝိုင်းရံနေသည့်ပုံကို ပြုလုပ်ထား၏။ ၄င်းနောက်သံဒယ်အိုးကို ယူ၍ သူနှင့်ယေရုဆလင်မြို့ကအကြားတွင် ထား၏။ ဒါဟာ မြို့တော်ယေရုဆလင်ကို ရန်သူများ ဝိုင်းရံထားမည့်အကြောင်းကို ပြဇာတ်ဆန်ဆန် ဖော်ပြထားခြင်းဖြစ်၏။

ပသခါပွဲတော်သည် ယနေ့အိမ်တိုင်းတွင်ကြီးမားသော လွှမ်းမိုးမှုနှင့် ကျွန်ပြုမှုများမှ လွှတ်မြောက်ခြင်းကို ကိုယ်စားပြုသောထင်ရှားပြတ်သားသော ပြဇာတ်တစ်ခုဖြစ်၏။ သခင်ဘုရား၏ ပွဲတော်အရေးပါပုံ၏ အပိုင်းသည် သူ့တပည့်များ အတွက် ယေရှု၏ ချစ်ခြင်း၊ ယဇ်ပူဇော်ခြင်း၏ ကိုယ်စားပြုခြင်း အထိမ်းအမှတ်ကို ပြဇာတ်ပေါ်တိုင်တည်မှီ၍ နေပါ၏။ စာပေများဖွံ့ဖြိုးတိုးတက်ဖို့ အလို့ငှာ ဦးစားပေးသည့် အနေဖြင့် နှုတ်ဖြင့်ပြောသောသိတင်းကောင်း၏ သမိုင်းကို ကြယ်စင်စု၏ ဓါတ်ပုံကို ကြည့်ခြင်းအားဖြင့် ကာကွယ်စောင့်ရှောက်ခဲ့၏။ ထို့ကြောင့် ရှေးခေတ်ကြည်ညို လေးစားအပ်သော ပုဂ္ဂိုလ်ကြီးများသည် သူတို့၏ဆက်သွယ်ရေးလုပ်ငန်းကို ကြယ်စင်စုကို ကြည့်ခြင်းအားဖြင့် ပိုမို၍ တိုးတက်စေခဲ့ကြ၏။ ဤကြယ်စုများအကြောင်းကို အစောပိုင်းကာလ၏ ယောဘဝတ္ထုစာအုပ်ထဲတွင်

ဖော်ပြခဲ့၏။ ဘုရားသခင်သည် အာပြဟံထံသို့ ကတိပေးတော်မူသောအခါ ကြယ်များကို အသုံးပြုတော်မူခဲ့၏။ ဤကြယ်စုသည် ဒုက္ခတာရာ ပညာရှင်သုံးဦးကို မေရှိယကို တွေ့ရှိပြီး ဖူးမျှော်နိုင်ဘို့ရန် ဗက်လင်မြို့သို့ ပို့ဆောင်ဆက်သွယ်ပေးခဲ့ကြသည်။ ယေရှုသည် ပုံပြင်ပြောပြရာ၌ အလွန်တော်သော သခင်ဖြစ်တော်မူ၍ အလွန်အရေးကြီးသော အမှန်တရားကို လူထုဆီသို့ ဆက်သွယ်နိုင်ဘို့ရန် ပုံဥပမာများကို အသုံးပြုတော်မူ၏။ တမန်တော်ရှင်ပေါလု သည် သိတင်းကောင်းကို အခြားသောတမန်တော်များကဲ့သို့ နှုတ်ဖြင့် ဟောပြောသည် သာမက သိုးရေပုရပိုက်များကိုလည်း အသုံးပြု၍ရေးသားခဲ့၏။ (၂တိမောသဲ ၄း၁၃) ထိုခေတ်ကာလတွင် ဆက်သွယ်ရေးအတွက် သိုးရေပုရပိုက်များကို အသုံးပြုခဲ့ကြ၏။

## ခရစ်ယာန်ခေတ်ကာလတွင် ဆက်သွယ်ရေးအတွက် အသုံးပြုသော သိတင်းစာနှင့် အနုပညာများ

ခရစ်ယာန်များသည် တစ်နေရာမှတစ်နေရာသို့ စာပို့ခြင်း၊ သိတင်းကောင်းကို ရေးသားပေးပို့ခြင်းစသော ဆက်သွယ်ရေးလုပ်ငန်းများကို အလေးအနက်တန်ဖိုး ထားကြ၏။ ခရစ်ယာန်ဘာသာရေး၏ အစောပိုင်းရာစုနှစ်များတွင် ဤဆက်သွယ်ရေး လုပ်ငန်းကို မဖျက်စီးစေရန် စောင့်ရှောက်ထိန်းသိမ်းထားခဲ့ကြသည်။ ဟော်လ်နှင့်ဝိုဒ် တို့သည် ခရစ်ယာန် ဘာသာရေး၏ အထောက်အကူပေးခြင်း အကြောင်းအချို့ကို ရေးသားဖေါ်ပြခဲ့ကြပြီး ဤလုပ်ငန်းသည် ကွဲပြားခြားနားသော အနုပညာများကို တိုးတက်မှုကိုဖြစ်ပေါ်စေကြောင်း ရေးသားထားခဲ့၏။ နှိပ်စက်ညှဉ်းပန်းမှုခေတ် ကုန်လွန်လာသောအခါ ခရစ်ယာန် ဘာသာဝင်များသည် သူတို့၏ အသင်းတော်များကို တည်ဆောက်ရန် စတင်လာခဲ့ကြ၏။ ခရစ်ယာန်များသည် ဘာသာတရားမရှိသော လူမျိုးများ၏ ပျက်စီးနေသော ဘုရားဗလီများနေရာတွင် အသစ်သော အနုပညာ အဆောက်အဦးများကို အစားထိုးတည်ဆောက်ခဲ့ကြ၏။ ဤဘာသာတရားမရှိသော သူများသည် ပညာမတတ်သော သူများဖြစ်ကြ၏။ ဘုရားကျောင်းများ၏ နရံများပေါ်တွင် ပုံရေးဆွဲပြသခြင်းထက် ကျမ်းစာပုံပြင်များကို လူမျိုးများထံသို့ သင်ကြားပေးခြင်းသည် ပိုမိုကောင်းမွန်နေသလား၊ ဤအစောပိုင်းကာလ၏

ရေးဆွဲထားသော ပုံများသည် ရောင်စုံကျောက်ပြားငယ်များနှင့် ပုံဖော်ထားသော အနုပညာလက်ရာများဖြစ်ကြ၏။ ၄င်းတို့ကို ဘိုင်ဇင်တိုင်ဟုခေါ်၏။ အဘယ့်ကြောင့်ဆိုသော် ကွန်စတန်တင် နိပယ်မြို့တော် ဟောင်း၏ ဘိုင်ဇင်တီအွန်းအရပ်တွင် စတင်ပြုလုပ်ခဲ့ကြသောကြောင့်ဖြစ်၏။

ဤနှိပ်စက်ညှင်းပန်းမှုကာလုန်လွန်သောအခါ ဥရောပတိုက်သည် မြောက်ပိုင်းဒေသမှ ဘာဘေရီယန် လူမျိုးများ ဝင်ရောက်သိမ်းပိုက်ခြင်းကိုခံရပြီး အဖိုးထိုက်တန်သော ပစ္စည်းများနှင့် လှပသောအရာများကို ဖျက်စီးခဲ့ကြ၏။ ထိုနောက် ကြီးမားသော ဘုန်းကြီးများနှင့် ဆိုင်သော ဖွဲ့စည်းပုံများကို တည်ထောင်ခြင်းများ ပေါ်ပေါက်လာကာ ဘာသာရေးတွင် ကြိုးစား အားထုတ်သော ခရစ်ယာန်ဘုန်းတော်ကြီး များသည် ခရစ်ယာန်၏ အနုပညာရပ်များကို ကယ်တင်ခဲ့ကြ၏။ ဘုန်းတော်ကြီးများသည် လူများကို ပညာသင်ကြားပေးရာတွင် လက်တွေ့ကျသော အနုပညာရပ်များစိုက်ပျိုးရေး၊ သတ္တုလုပ်ငန်းနှင့် အဆောက်အဦးများဆောက်လုပ်ခြင်းအကြောင်းကိုသာ သင်ကြားပေး သည်မဟုတ်ဘဲ ကောင်းသော အနုပညာရပ်များနှင့် လက်မှုပညာ အတတ်ပညာများ ကိုလည်း သင်ကြားပေးခဲ့ကြ၏။ မည်သို့ပင်ဖြစ်စေကာမူ ဘုန်းတော်ကြီးနှင့် ပတ်သက်သော ဘဝအသက်တာသည် နောက်ပိုင်းတွင် ဆုတ်ယုတ် ကျဆင်းလာစေကာမူ ကမ္ဘာသည် ဤခေတ်ကာလရှိ ဘုန်းတော်ကြီးများ၏ ဗဟုသုတကြွယ်ဝပုံများနှင့် ဘာဘေရီယန်များ၏ ကျူးကျော်တိုက်ခိုက်မှုကြောင့် လုံးလုံးလျားလျား ပျက်စီးခြင်းမှ ကာကွယ်ခြင်းများအတွက် ဘုန်းတော်ကြီးများကို အကြွေးဆပ်ရန် တာဝန်များရှိနေပါ၏။ ဆရာကြီးဩဂတ်စတင် ပြောသွားခဲ့သည်မှာ ရုပ်ပုံများသည် မသိရှိသော သူများ၏ စာအုပ်ဖြစ်သည်ဟု ပြောခဲ့ဘူး၏။ ဒါဟာ စာအုပ်မရှိသောကြောင့် စာမဖတ်တတ်သောသူများကို ကျမ်းစာသင်ပေးရန်အတွက် ရုပ်ပုံများသည် အရေးကြီးသော အရာများဖြစ်ကြ၏။ ထို့ကြောင့် ကျမ်းစာ၏ ပုံပြင်များသည် ဘုရားရှိခိုးကျောင်းများ၏ နံရံများပေါ်တွင် တဖန်ပြန်ပေါ်လာခဲ့၏။ ရုပ်ပုံများနှင့်ပန်းပုထုခြင်းများသည် အစပိုင်းတွင် သဘာဝအတိုင်းဖြစ်၍ ချောမောပြေပြစ်မှုမရှိသော်လည်း နောက်ပိုင်းတွင် တဖြေးဖြေး ချောမွေ့၍ကောင်းမွန်လှပ လာ၏။ ထို့နောက် ဥရောပတိုက်တခွင်တွင် ကြီးမားသော အဆောက်အဦးကြီးများဆောက်လုပ်သောခေတ်ပေါ်ထွန်းလာခဲ့၏။

ဤအဆောက်အဦးကြီး များသည် နှစ်ပေါင်းလေးရာနီးပါကြာမျှတည်တံ့ခိုင်မြဲခဲ့၏။ အလွန်အံ့သြဘွယ်ကောင်းသော ဂေါသ်လူမျိုးများ၏ ဘုရားရှိခိုးကျောင်းကြီးများကို တည်ဆောက်ထားခဲ့ကြ၏။ ဤသို့ဂုဏ်ကျက်သရေနှင့် ပြည့်စုံသော အဆောက်အဦးများမှာ ပြင်သစ်နိုင်ငံရှိ အာမီးယန်းစ်ဘုရားရှိခိုးကျောင်း ချဒ်တားစ်နှင့် ရိမ်းဘုရားရှိခိုးကျောင်းနှင့် အင်္ဂလန် နိုင်ငံရှိ လင်ကွန်းဘုရားရှိခိုးကျောင်းနှင့် ဒူဟမ် ဘုရားကျောင်း၊ စပိန်နိုင်ငံရှိ ဗားကိုစ် ဘုရားရှိခိုးကျောင်းကြီးများသည် အလွန်ထင်ရှားသော အဆောက်အဦးကြီးများဖြစ်ကြ၏။ ဤကာလသည် လူများဘာသာရေးတွင် စိတ်အားထက်သန်နေသော အချိန်ကာလ ဖြစ်သည်။

ဥရောပတိုက် တဝှမ်းရှိ နေရာတိုင်းတွင် ဘုရားရှိခိုးကျောင်းကြီးများသာမက အခြားသော ဘုရားကျောင်းများကိုလည်း မြို့ ရွာတိုင်းတွင် တည်ဆောက်ထားခဲ့ကြ၏။ အလွန်ကြီးမားသော ချဒ်တာစ်း ဘုရားရှိခိုးကျောင်းကြီးနှင့် ၎င်း၏ ဆင်ယင်ခြင်းများ ပြတင်းပေါက်များနှင့် ပန်းပုထုခြင်းများက ကျမ်းစာ၏ သမိုင်းအကျဉ်းချုပ်ကို ကျောက်တိုင်ပေါ်တွင် ရေးသားခြင်းဖြင့် ဖော်ပြခဲ့၏။ ဤကဲ့သို့ကြီးမားသော အဆောက်အဦးများကို ဆောက်၍ အာမီးယန်းလူမျိုးများ၏ ကြီးမားသော အနောက်တံခါးပေါက်ကြီး များတွင် ပန်းပုရုပ်ထုများထဲတွင် ကျမ်းစာကို ပြည့်စုံစွာ ရေးသားဖော်ပြထား၏။ အာမီးယန်းစ်လူမျိုးများ၏ ကျမ်းစာသည် အရေးကြီးသော ကျမ်းစာနှင့် ပတ်သက်သော အချက်အလက်များကို သရုပ်ဖော် ရေးဆွဲခြယ်မှုန်ခဲ့ကြသည်။ ဤပန်းပုရုပ်ထုများ အချောအဖြစ်ပြုပြင်ထားခြင်းမရှိသေးသော အချိန်တွင် သူတို့သည် ကျန်းမာသန်စွမ်း၍ အတွင်းစိတ်ကို ပေါ်လွင်စေသော သူများဖြစ်ကြကာ ထိုခေတ်ကာလ၏ လူများကို ကျမ်းစာသင်ကြားပေးခြင်း၏ အကျိုးဖြစ်ထွန်းစေသော နည်းလမ်းများ မရှိတော့ပြီ။ အီတလီနိုင်ငံတွင် ကျမ်းစာသင်ကြားရာတွင် ပိုမိုကောင်းမွန်သောနည်းလမ်း များ၏ လိုအပ်ချက်များထက် အနုပညာ ပန်ချီးရေးဆွဲခြင်း၊ ပန်းပုထုလုပ်ခြင်းစသော လုပ်ငန်းများကို ပိုမို၍ အာရုံစူးစိုက်လာကြသည်။ ဂေါသ်လူမျိုးများ စိုးမိုးသော ခေတ်ကာလသည် သက္ကရာဇ် ၁၂၅၀ မှ ၁၄၀၀ အထိဖြစ်သည်။ ရှေးအကျဆုံးသော ပန်းချီဆရာများအနက် အထင်ရှားဆုံးသော သူများမှာ – စီဟာဗူနှင့် ကျူတို့ဖြစ်ကြသည်။ ရေးဆွဲထားသော ပန်းချီကားချပ်များသည် ဘုရားရှိခိုးကျောင်းများ၏ နံရံများ ပေါ်တွင်

ရေးဆွဲထားကြသော ပန်းချီကားများဖြစ်ကြပြီး လက်တွေ့အားဖြင့် ကျမ်းစာနှင့် စပ်ဆိုင်သော ပန်းချီကားများဖြစ်ကြ၏။ ထို့နောက် သက္ကရာဇ် ၁၄၀၀ မှ ၁၅၀၀ ခုနှစ်တွင် ရေနေးဆန်းခေတ်ပေါ်ပေါက်လာခဲ့ပြီး ၄င်းရေနေးဆန်းခေတ်သည် နောက်ပိုင်းတွင် သက္ကရာဇ် ၁၅၀၀ မှ ၁၆၀၀ အထိ အတွင်းပျက်စီးခဲ့၏။ ဤရေနေးဆန်း ခေတ်ကာလအတွင်းတွင် ထင်ရှားသော ပန်းချီဆရာများမှာ ရာဖာအာယ်လ်၊ လီယိုနာဒိုဒါးဗင်ချီ၊ ကိုရက်ဂျီယို၊ မိုက်ကယ်အိန်ဂျယ်လိုစသည်တို့ဖြစ်ကြသည်။ မြောက်များစွာသော ပန်းချီးကားချပ်များကို ယခုအခါတွင် အနုပညာပြတိုက်များတွင် ထားခဲ့၏။ သို့သော် မူလအစတွင်မူ ဘုရားရှိခိုးကျောင်းများ၏ ယဇ်ပူဇော်ရာစင်များနှင့် နံရံများတွင် ချိတ်ထားရန်အတွက် ရေးဆွဲထားခြင်းဖြစ်၏။ ကျမ်းစာများကို စာရွက်ပေါ်တွင် လက်ရေးဖြင့် အသေးစိတ်ကူးယူခြင်းများကို အချိန်ပေး၍ ဥရောပအလယ်ခေတ်နှင့် ဆိုင်သော အချိန်များတွင် ဘုန်းကြီးကျောင်းများကို စည်းရုံးကာ ပထမရာစုနှစ် အနည်းငယ်အတွင်း၌ ကျမ်းစာ၏ စည်းမျဉ်းများကို ပြီးပြည့်စုံစေသည်။ ဤသို့သော အချိန်အခါများတွင် ကျမ်းစာများကို သာမန်လူသားများထံမှ ဖုံးကွယ်၍ စောင့်ရှောက်ထိန်းသိမ်းခဲ့၏။ အမှန်တရားကို မသိနားမလည်ခြင်း၏ အဖြေရလဒ်သည် သမိုင်းတွင် တက်တက်ကြွကြွမရှိခြင်းကို ဖြစ်စေခဲ့၍ ၄င်းကာလကို အမှောင်ခေတ်ဟု ခေါ်၍ လူများ၏ ဘဝအသက်တာတွင် တိုးတက်မှုအနည်းငယ်သာရရှိခဲ့ကြ၏။ သမိုင်း၏ ဖော်ပြချက်အရ အနုပညာများ၊ အတီးအမှုတ်နှင့် လူထုဆက်သွယ်ရေးအပါအဝင် အသက်တာ၏ နယ်ပယ်အားလုံးတွင် တိုးတက်မှုများရရှိခြင်းသည် လူ့အဖွဲ့အစည်း များထဲတွင် ကျမ်းစာက ဝင်ရောက်နေရာယူသောကြောင့်ဖြစ်၏။

ဂျွန်ဝိုင်ခလစ်ဖ်သည် ၁၃၈၂ ခုနှစ်တွင် အင်္ဂလိပ်ဘာသာဖြင့် ကျမ်းစာကို ဘာသာပြန်ဆိုခြင်းကြောင့် အောက်ဖော်ပြပါရာစုနှစ်များအတွင်းတွင် လူများ၏ အသက်တာနယ်ပယ်တိုင်း၌ တိုးတက်မှုနှင့်ကြီးမားသော ပြောင်းလဲမှုအတွက် မျိုးစေ့များကို ကြဲချခဲ့သည်။ သက္ကရာဇ် ၁၄၅၅ ခုနှစ်တွင် တကမ္ဘာလုံးရှိ ကျမ်းစာအုပ်ပေါင်းသည် အုပ်ရေ ၅၀၀၀၀ ဖြစ်၏။ ၄င်းနှစ်အတွင်းတွင် ဂျိုဟန်ဂူတင်ဘာခ်သည် ပုံနှိပ်စက်ကို တီထွင်နိုင်ခဲ့သည်။ ၄င်းနောက် (၁၀) နှစ် ကြာလာသောအခါ ကျမ်းစာအုပ်အရေအတွက်သည် တိုးတက်လာခဲ့ရာ အုပ်ရေပေါင်း (၁၀) သန်းထိ ရရှိလာ၏။ လူထုဆက်သွယ်ရေးတွင် အောင်မြင်မှုရယူနိုင်ရန်

အဓိကကျသော အရာသည် ပုံနှိပ်စက်ဖြစ်သည်။ ပုံနှိပ်စက်ဖြင့် ထုတ်ဝေခဲ့သော စာအုပ်များတွင် ကျမ်းစာအုပ်သည် ပထမဆုံးသော စာအုပ်ဖြစ်သည်။ လူမျိုးများဆီသို့ ကျမ်းစာအုပ်များကို ဖြန့်ဝေခြင်းသည် ဥရောပတိုက်တွင် အမှောင်ခေတ်မှ လူများထကြွနိုးကြားလာစေခဲ့သည်ဖြစ်၏။ အကြောင်းမှာ အနုပညာရပ်က အရင်ခေတ်ကာလတွင်မရှိခဲ့ဘူးသော ပန်းချီကားချပ်များ၊ ပန်းပုထုခြင်း၊ အတီးအမှုတ်၊ ကဗျာနှင့် စကားပြောများကို မွေးထုတ်ခဲ့သောကြောင့်ဖြစ်၏။ မယုံကြည်သူများသည် ဤဆက်သွယ်ရေးလုပ်ငန်းတွင် ပါဝင်လာချိန်တွင် အနုပညာရပ်များတွင် အများဆုံးကူညီထောက်ပံ့သော သူများမှာ ဘုရားသခင်ကို ဂုဏ်ကျက်သရေတိုးစေသော ခရစ်ယာန်များဖြစ်ကြ၏။ အနုပညာလက်ရာများထုတ်လုပ်သော ဟော်လန်ကျောင်းတွင် လူများ နှစ်သက်ကြသောသူများ ရိမ်ဗရန့်ဖြစ်၍ ကျမ်းစာအကြောင်းအရာများကို ရေးဆွဲထားသော ပထမဆုံးသော ပန်းချီဆရာဖြစ်သည်။ ပရိုတက်စတင့် ဘာသာဝင်များပြုပြင်ပြောင်းလဲရေး၏ ခေါင်းဆောင် မာတင်လူးသားသည် ထင်ရှားကျော်ကြားသော အရက်ဆိုင်သီချင်းဖြစ်သော သီချင်းကို ယူ၍ ယနေ့ အကောင်းဆုံး လူကြိုက်များသော ဘုရားရှိခိုးကျောင်းသီချင်းဖြစ်သော ''A Mighty fortress is our God'' ''တန်ခိုးကြီးသော မြို့ရိုးသည် ကျွန်ုပ်တို့၏ ဘုရားသခင်ဖြစ်တော်မူ၏'' ဟူသော သီချင်းကို ရေးစပ်ယူလာခဲ့သည်။ အင်္ဂလန်ဘုန်းတော်ကြီး အိုင်ဇက်ဝေါတ်စ်သည် နှစ်ပေါင်းများစွာ အသုံးပြုခဲ့ကြသော သီချင်းကို စုဆောင်းပြုစုခဲ့သည်။ ၁၈ ရာစုနှစ် အစပိုင်းကာလတွင် အထင်ရှားဆုံးသော ကဗျာရေးစပ်သူနှစ်ဦးပေါ်ထွန်းခဲ့၏။ ၎င်းတို့နှစ်ဦးမှာ – ဂျာမဏီနိုင်ငံသား ဂျိုဟန်ဆေဗက်စတန်နှင့် ''မေရှိယ'' ဟူသော သီချင်းကို ရေးဖွဲ့သူဂျော–––ဖရေဗိရစ်ဟင်ဒါလ်စသော ကဗျာဆရာများ ဖြစ်ကြသည်။ သူတို့သည် သူတို့၏ အတီးအမှုတ် အတွက် ကျမ်းစာနှင့် စပ်ဆိုင်သောခေါင်းစဉ်ကို အသုံးပြု၍ ရေးစပ်ခဲ့ကြ၏။ ချားလ်ဝီစလီနှင့် မက်သဒစ် ဂိုဏ်းဝင်များသည် အမှန်တရားပျံ့ပွားရေး၏ ဆက်သွယ်ရေးအတွက် သီချင်းများကို အသုံးပြုနိုင်ရန်အတွက် များစွာ ပံ့ပိုးကူညီခဲ့ကြသည်။ ကမ္ဘာ့ပထမဆုံးသော သိတင်းစာသည် တရုတ်နိုင်ငံ၌ အေဒီ ၁၀၀၀ တွင် စတင်အသုံးပြုခဲ့ပြီး ဥရောပတိုက်တွင်မူ ဂျာမဏီနိုင်ငံ၌ စတင်ထုတ်လုပ်ခဲ့သည်။ ၎င်းသိတင်းစာ၏ အမည်မှာ – ဖရင့်ဖတ်တာဇီတုန်ဖြစ်၍ ၁၆၁၅ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့သည်။ အမေရိကတိုက်၏

ပထမဆုံးသော သိတင်းစာမှာ – ပဗ်ဘလစ်အိုကာရင်စ်ဖြစ်၍ ၁၆၉၀ ခုနှစ်တွင် ဘော်စတွန်မြို့၌ တည်ထောင်ခဲ့ကြသည်။ မည်သို့ပင်ဖြစ်စေ၊ လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ကျော်ကတည်ထောင်ခဲ့ကြသော အမေရိကသိတင်းစာသည် အဓိကအားဖြင့် ခရစ်ယာန်ဘုန်းတော်ကြီးများ၏ တနင်္ဂနွေနေ့များတွင် မှန်မှန်ဟောပြောသော တရားဒေသနာဟောပြောချက်များနှင့် အထူးစပါယ်ရှယ်ပြုလုပ်ထားသော အပတ်တိုင်း၌ နိုင်ငံရေးနှင့်ပတ်သက်သော တရားဒေသနာနှင့် သင်တန်းပို့ချချက်များမှလာသော သိတင်းများဖြစ်၏။ ယနေ့ခေတ်ကာလတွင် သိတင်းများကို ရုပ်မြင်သံကြားအစီစဉ်မှ ပြောရေးဆိုခွင့်ရှိသူက ကျေညာခြင်းဖြင့် အစားထိုးလာခဲ့၏။ ယနေ့ကမ္ဘာ့သိတင်းများတွင် ကျမ်းစာနှင့် ပတ်သက်သော သိတင်းများထက်လောကီရေးရာ အကြောင်းနှင့် ပတ်သက်သော သိတင်းများက ပို၍ နေရာယူလာ၏။ အခြားသော လူထုဆက်သွယ်ရေး၏ တိုးတက်မှု တစ်ခုမှာ မြို့တစ်မြို့နှင့်တစ်မြို့ အကြားတွင် စာတိုက်ဖြင့် ပေးပို့သော စာတိုက် နည်းစနစ်ကို တည်ထောင်ခြင်းကြောင့်ဖြစ်၏။ ဤလုပ်ငန်းသည် အမေရိကန် ကိုလိုနီနယ်သားများနိုင်ငံရေးနှင့် စပ်ဆိုင်သော အတွေးအခေါ်ပညာနှင့် နည်းဗျူဟာ များတွင် တစ်စည်းတစ်လုံးတည်းပေါင်းစည်းနိုင်ရန် ပြုလုပ်ပေးခဲ့သည်။ ၄င်းကို စာပေးစာယူကော်မတီဝင်များအားဖြင့် စာရွက်နှင့် ပို့စာများကို နေရာတကာပျံ့နှံ့ သွားစေခဲ့၏။ ဤစာပို့စနစ်ကို ခရစ်ယာန်နိုင်ငံရေးခေါင်းဆောင် ဆင်မြူယယ်အာ ဒမ်စ်က စတင်တည်ထောင်ခဲ့သည်။ ဤစာပေးပို့ရေးလုပ်ငန်းကို အမေရိကန် ခရစ်ယာန် တော်လှန်ရေး၏ ခရစ်ယာန် လူမှုပြုပြင်ပြောင်းလဲရေးသမားများက အများနှင့် မတူအောင် ထူးခြားစွာ အသုံးပြုသော စနစ်ဖြစ်သည်။

## လူတစ်ဦးချင်း၏လက်ထဲတွင်ရှိသော ကျမ်းစာသည် စာပုံနှိပ်စက်၏ လွတ်လပ်မှုကို မည်ကဲ့သို့ ဖြစ်ပေါ်စေသနည်း

နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာ အကြောင်းသိတင်းပေးပို့သူ ဒုတိယ အယ်ဒီတာ ဂျေလီ ဂရေဒီက ဤသို့ရေးသားခဲ့၏။ ကျမ်းစာ၏ စာမျက်နှာများပေါ်တွင် ရေးသားဖေါ်ပြခဲ့သော စာပုံနှိပ်စက်၏ လွတ်လပ်မှု၏ အယူအဆများကို ကမ္ဘာသို့

မိတ်ဆက်ပေးခဲ့၏။ ပရောဖက် နာသန်သည် ဒါဝိဒ်မင်းကြီး၏ ရှေ့တော်သို့ မတ်တတ်ရပ်၍ လက်ချိုးရေတွက်မှုပြုလုပ်ကာ သင်သည် ဣသရေလလူမျိုးများကို အုပ်စိုးသူများထဲတွင် အရေးကြီးဆုံးသော ရှင်ဘုရင်တစ်ပါးဖြစ်သည်ဟု ပြောဆိုခဲ့၏။ သူသည် ပြဇာတ်ဆန်စွာပြသခဲ့သည်မှာ လူသားအားလုံးသည် ကောင်းကင်ဘုံ၌ရှိတော်မူသော ဘုရားသခင်၏ အောက်ခံများဖြစ်ကြ၍ သူတို့၏ မကောင်းမှုပြုလုပ်ခြင်းအတွက် ရှင်လင်းချက်ပေးရန် တာဝန်ရှိသော သူများဖြစ်ကြ၏။ နာသန်၏ လက်ညှိုးထိုး ညွှန်ပြချက်သည် သိတင်းစာပညာ၏ အခန်းကဏ္ဍအတွက် အလွန်ကောင်းမွန်သော ဥပမာဖြစ်သည်။ ဤဥပမာသည် လူ့အဖွဲ့အစည်းထဲတွင် ပြုလုပ်ရမည့် ပရောဖက်များ၏ အခန်းကဏ္ဍများ၊ လူများ၏ မှောင်မိုက်နေသော စိတ်သဘောထားများကို ဖွင့်ပြခြင်းနှင့် အုပ်ချုပ်သူလူတန်းစားများသည် ဘုရားသခင်၏ ပေးထားသော အမိန့်တော်မြတ်ကို မည်သည့်နည်းနဲ့မျှ ကျော်လွှားနိုင်ခြင်းမရှိကြောင်းကို သတိရစေရန် ပြသထားခြင်း ဖြစ်သည်။ ဤသို့အားဖြင့် ယေရှုခရစ်၏ သိတင်းကောင်းသည် ရောမအင်ပိုင်ယာ၏ အခြေခံဖွဲ့စည်းပုံကို လှုပ်ခါသွားစေ၏။ ပထမရာစုနှစ်တစ်ခုလုံးကို ဘာသာတရားမရှိသော လူမျိုးများ၏ အယူအဆများက ဆုပ်ကိုင်ထား၏။ အုပ်စိုးသော ဘုရင်ဧကရာဇ်များသည် သူတို့အုပ်ချုပ်သော တိုင်းသူပြည်သားများ၏ စိတ်နှလုံးကို မိမိတို့ဘက်သို့ တိမ်ညွှတ်လာစေရန် ဆုပ်ကိုင်ထားပြီး၊ နတ်ဘုရားအဖြစ်ကို ခံယူကြရ၏။ ခရစ်တော်သည် ပီးလတ်ရှေ့တွင် ရောမအစိုးရ၏ အာဏာသည် စစ်မှန်ခြင်းမရှိကြောင်းကို ကျေညာတော်မူခဲ့၏။ ''အထက်ကပေးထားသော အမိန့်အာဏာမရှိလျှင် အပေါ်တွင် တရားစီရင်ပိုင်ခွင့်မရှိ'' ဟု ယေရှုကမိန့်တော်မူ၏။ (ယောဟန် ၁၉း၁၁) ဤခေတ်ကာလတွင် လူများ၏ အယူအဆသည် ဤလောက၏ ထီးနန်းနှင့် အမိန့်အာဏာများသည် ဘုရားသခင်၏ အုပ်စိုးမှုအောက်တွင်ရှိသည်ဟု ယူဆခဲ့ကြ၏။ ရာစုနှစ်အနည်းငယ်ကြာလာသောအခါ ဤအမှန်တရားသည် ကမ္ဘာတွင် အောင်မြင်မှုရရှိလာ၏။ ခရစ်တော်၏ သိတင်းစကား ပျံ့နှံ့လာသကဲ့သို့ သိတင်းကောင်း၏ မျိုးစေ့သည် ဥရောပတိုက်တစ်ခုလုံးတွင် ဆက်လက်၍ ပျံ့နှံ့လာ၏။ သာမန်လူများသည် နောက်ဆုံးတွင် ကျမ်းစာကို အသုံးပြုလာနိုင်သောအခါ ရဲရင့်သော ပရောဖက်များသည် ယနေ့ဘာသာရေးစနစ်နှင့် နိုင်ငံရေးဆိုင်ရာ စနစ်များကို ခဏခဏ ဝေဖန်ပြောဆို၍ စိန်ခေါ်လာခဲ့ကြ၏။

အိုလာစ်ကီက လက်ညှိုးထိုးဖော်ပြခဲ့သည်မှာ အင်္ဂလိပ်ဘာသာဖြင့် ပထမဆုံးအကြိမ် ထုတ်ဝေခဲ့သော သိတင်းစာဆရာဟု အသိမှတ်ပြုထားခြင်းခံရသော ဂျွန်ဖိုဒ်စ် အကြောင်းဖြစ်သည်။ ဂျွန်ဖိုဒ်စ်သည် ကက်သလစ် ဂိုဏ်းဝင်များ၏ အပြစ်များကိုလက်ညှိုးထိုးဖော်ထုတ်ရဲ၍ ပုပ်ရဟန်းမင်းကြီး ယဇ်ပရောဟိတ်များ၏ ဆဲရေးတိုင်းထွာမှုများကို ခံရ၍ မာတာ (Myrtyrs) သူရဲကောင်းအဖြစ် အသတ်ခံရသူများ စာအုပ်ထဲတွင် မှတ်တမ်းတင်ရေးသားခဲ့သည်ကို ပထမဆုံးနမူနာ မျက်မြင် သက်သေများဖြင့် ဖော်ပြခဲ့၏။

အင်္ဂလန်နိုင်ငံသည် စာပုံနှိပ်စက်၏ လွတ်လပ်မှုအယူအဆများကို ခေါင်းမာစွာ ခုခံကာကွယ်ခဲ့၏။ အင်္ဂလန်အစိုးရသည် လူထုလုံခြုံရေးနှင့် ငြိမ်းချမ်းရေးကို ထိန်းသိမ်းကာကွယ်သော အခြေခံမှုများကို သဘောတူညီမှုမရှိဘဲ နှိပ်ကွက်နှိမ်နင်းခဲ့သည်။ ခရစ်ယာန်ကဗျာဆရာ ဂျွန်မီလ်တန်သည် အစောပိုင်းတွင် လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေခြင်းကိုသူ့ အာရီယိုပါဂီတီကာ စာအုပ်ထဲတွင် အတိုချုံး၍ ရေးသားဖော်ပြ ခဲ့၏။ မူဝါဒတည်းဟူသော လေများသည် ဤလောကတွင် လွတ်လပ်စွာ တိုက်ခတ်နေသော်လည်း အမှန်တရားသည် ရဲရင့်စွာ ကွင်းပြင်၌ရှိနေ၍ ဤအမှန်တရားကို ယုံမှားသံသယရှိကာ ပိတ်ပင်တားမြစ်ခြင်း၊ ညှင်းပန်းနှိပ်စက်ခြင်းများ ပြုလုပ်ကြသဖြင့် ဒဏ်ရာအနာတရများ ကျွန်ုပ်တို့ခံစားရ၏။ အမှန်တရားကို သိရှိပြီးသားဖြစ်သော သူများသည် အမှန်တရားကို အမှန်ဟု ပြန်မြင်လာ၍ မုသားစကားနှင့် အမှန်တရားသည် တွေ့ဆုံသည့်နေရာတိုင်းတွင် နပမ်းလုံးနေကြ၏။ သုတ္တံကျမ်းကို ရေးသားခဲ့သောသူသည် အစောပိုင်းရာစုနှစ်များတွင် ဤအယူအဆကို မဖော်ပြဘဲ လျောင်ထားခဲ့ပါသည်။ ဤစာရေးသူသည် အမှန်တရားကို ဖော်ပြရာတွင် သူ့စကားနဲ့သူ ဒုက္ခရောက်နေသော အမျိုးသမီးတစ်ယောက်နှင့် ခိုင်းနှိုင်း၍ ဖော်ပြထားခဲ့သည်။ အမှန်တရားနှင့် မုသားစကားတို့သည် လောဟာပြင်စျေးတွင် ယှဉ်ပြိုင်မှု ပြုလုပ်နေသကဲ့သို့ သရုပ်ဖော်ခဲ့သည်။ အမေရိကတိုက်တွင် ခေါင်းဆောင်များ သည် လွတ်လပ်စွာ ပြောဆိုခွင့်နှင့် ပုံနှိပ်ထုတ်ဝေခွင့်ကို ပြုလုပ်နိုင်ရန် အကူညီပေးခဲ့ကြ သည်။ ၁၇၉၅ ခုနှစ်တွင် ဘော်စထွန်မြို့၌ ရွေးချယ်တင်မြှောက်သော တရားဒေသနာ ဟောပြောဝေငှရာ၌ ပီရက်စ် ဖိုသ်စ်ကလူများ၏ ကောက်ကျစ်စဉ်းလဲသော စိတ်ဓါတ်များကို ဖော်ထုတ်ရန် စာရေးဆရာ၏တာဝန်နှင့် အခွင့်အရေးများအတွက်

ကျမ်းစာနှင့် စပ်ဆိုင်သော အခြေခံမှုများကို ဘွင်းဘွင်းနှင့် ပွင့်ပွင့်လင်းလင်းပြောဆိုခဲ့၏။ ''အုပ်ချုပ်သူ များသည် ဘုရားသခင်အသိမှတ်ပြုသော ခေါင်းဆောင်များဖြစ်ကြ၍ ပြည်သူလူထု ကောင်းစားရေးအတွက် လုပ်ဆောင်ပေးရမည့်သူများသာဖြစ်ကြသည်။ လူများပေါ်သို့ စည်းကြပ်ရန် တာဝန်ပေးခြင်းခံရသော အုပ်ချုပ်သူများသည် နာခံခြင်းရှိရမည်ဖြစ်၏။ ပြည်သူလူထု၏ ဆန္ဒအရ အစိုးရအုပ်ချုပ်ရေးကို ဆန့်ကျင်ဘို့ရန် အတွေးအခေါ် သွတ်သွင်းခြင်းမျိုးကို မပြုလုပ်ရန် နာကြင်ခြင်းအပြစ်ပေးခံရသော တမန်တော် ရှင်ပေါလုက ဆော်ဩခဲ့သည်။ ဆင်ခြင်တုံတရားမရှိသော ဣသရေလ ရှင်ဘုရင် အာဟဗ်၊ နဗျုးခက်နက်ဇား၏ ကြောက်စရာကောင်းသော အမိန့်တော် ထုတ်ပြန်ခြင်းနှင့် အီဂျစ်ကေရာဇ်ရှင်ဘုရင်များ၏ အန္တရာယ်ရှိသော အမိန့်တော်နှင့် ဘာသာတရားကို လစ်လျူရှု၍ ဂရုမစိုက်ဘဲနေခြင်းတို့ကို အပြစ်မတင်ဘဲ ပြစ်ဒဏ်မှ ကင်းလွတ်ခွင့်ကို ပေးရမည်ဖြစ်၏။ အဟီသိုဖဲလ်၏ သူတပါးအပေါ်တွင် မကောင်းမှု ကြံစည်ခြင်း အပေါ်တွင် ဟူရှိုင်းသည် ရာဇဝတ်မှုကျူးလွန်သူဖြစ်ခဲ့သလား၊ သို့မဟုတ် လူယုတ်မာ ဟာမန်းသည် ဂျူးလူမျိုးတစ်မျိုးလုံးပြုတ်သွားအောင် မကောင်းကြံစည် နေသောအခါ ထိုအမှုကို ပေါ်လာအောင် မော်ဒယ်ကိုင်းပြောသော စကားသည် ယုတ်ညံ့သောစကားလား၊ ဤလောကတွင်ရှိသော မည်သည့်အစိုးရ၏ အမြင့်ဆုံးသော အရာရှိကြီးများမဆို ဖြောင်ဖြောင်တင်းတင်းယုတ်မာကောက်ကျစ်စွာ သူ့နေရာဌာနကို ဆဲရေးတိုင်းထွားမှု ပြုကြသလား၊ လူထုကောင်းစားရေးကို ပျက်စီးအောင် ရန်လုပ်နေသော သူများသည်ပင် ရာဇဝတ်ကောင်းများမဟုတ်ကြပါ။ သို့သော် လွတ်လပ်သော လူတစ်ယောက်၏ တာဝန်သည် လုံလောက်သော လွတ်လပ်မှုရရှိရန် သူတပါး၏ မကောင်းမှုလုပ်ရပ်များကို ဖော်ထုတ်၍ ပြောပြရမည်ဖြစ်၏။ ဤအမှုကိစ္စတွင် လျှာသည် သင့်လျှော်သော လက်နက်ဖြစ်ရမည်။ ၄င်းသည် လူထု၏ စိတ်နှလုံးကို နိုးကြားလာအောင် ထိန်းထား၍ စိတ်ဓာတ်တက်ကြွလာရန်နှင့် စိတ်ဓာတ်ပြင်းထန်လာစေရန် ဆက်လက်၍ ပြုလုပ်သင့်ပေသည်။

## ခရစ်ယာန်ဘာသာရေးနှင့်သက်ဆိုင်သော ယဉ်ကျေးမှုကို ဆန့်ကျင်ခြင်း

၂၀ ရာစုအတွင်း၌ ဆက်သွယ်ရေးပုံစံသစ်အများအပြားရတ်တရပ် အကြီးအကျယ် တိုးပွားလာသည်နှင့်အတူ ခရစ်ယာန်များသည် ဤလောက၏ ဆားနှင့် လင်းဖြစ်ကြရန် သမိုင်းတလျောက် အခွင့်အခါကောင်းကို ယူသင့်ပေသည်။ ဆိုလိုသည်မှာ ဘာသာရေးအကြောင်း ကိစ္စအတွက် ဇဝ်ဂေလိလုပ်ငန်းများနှင့် ဆက်သွယ်ရေး လုပ်ငန်းများ သာမကဘဲ ကျမ်းစာနှင့် စပ်ဆိုင်သောကမ္ဘာ့အမြင်ကို သိစေခြင်းဖြင့် လူမျိုးများ၏ အသက်တာနယ်ပယ်တိုင်းတွင် ခရစ်ယာန် ယဉ်ကျေးမှုလွှမ်းမိုးစေရန် ပညာပေးရမည်ဖြစ်၏။ ကံမကောင်းစွာ ၂၀ ရာစုနှစ်တွင် အမေရိကန် ယဉ်ကျေးမှုသည် လောကီရေးနှင့်ဆိုင်သော ယဉ်ကျေးမှုနှင့် ကိုးကွယ်သော ဘာသာကို စွန့်ခွါသော အချိန်အခါနှင့် ရင်ဆိုင်နေရသော အချိန်ဖြစ်၏။ ဘာသာတရားမရှိသော အတတ်ပညာရှင်များသည် ရုပ်မြင်သံကြား၊ ရေဒီယို၊ အတီးအမှုတ်၊ ရုပ်ရှင်ကားစသော စက်မှုလုပ်ငန်းများဌာနများကို ချုပ်ကိုင်ထားလာခဲ့ကြသည်။ ဝမ်းနည်းစရာကောင်းသော အချက်တစ်ခုကတော့ ဘာသာတရားမရှိသော စနစ်က ခရစ်ယာန် အယူအဆများကို အနိုင်ရရှိသောကြောင့်ဖြစ်၏။ ရိုးရိုးရှင်းရှင်းပြောမည်ဆိုလျှင် ခရစ်ယာန်များသည် မှားသော ဘာသာရေး အခြေခံယူဆချက်များကို စတင်၍ လက်ခံလာခဲ့ကြ၏။ လွန်ခဲ့သော ခရစ်သက္ကရာဇ် ၁၈၀၀ ခုနှစ်များတွင် ဝိညာဉ်ရေးနှင့် မပတ်သက်သော လောကီရေးရာများ ဖြစ်သော အရာများမှခွဲခြား၍ လောကီရေးအတွက် အချိန်ကို အလဟသမသုံးဖြုန်း တော့ဘဲ နေကြပါရန် တိုက်တွန်းခဲ့ကြ၏။ အဘယ့်ကြောင့်ဆိုသော် ခရစ်တော်မကြွလာခင် နောက်ဆုံးအချိန်ခါတွင် အရာခပ်သိမ်းသည် ပို၍ ဆိုးရွားလာမည်ဖြစ်သောကြောင့် မိမိတို့ရရှိသော အချိန်အခါကို ခရစ်တော်အတွက်သာ အသုံးပြုကြပါဟု ကြားပေးခဲ့ကြ၏။ ဤသို့ဖြင့် ဤယူဆချက်များသည် တဖြေးဖြေးတိုးတက်ဖြစ်ပေါ်လာရာ ၁၉၆၀ ခုနှစ် သို့ရောက်လာသောအခါ တကယ်တမ်းအားဖြင့် ဆက်သွယ်ရေးအားလုံးအပေါ်တွင် ဩဇာလွှမ်းမိုးသော ခရစ်ယာန်ဘာသာရေးသည် ပျောက်ကွယ်၍ ဘာသာတရားမရှိသော ကမ္ဘာ့အမြင်များနှင့် အတွေးအခေါ်အတတ်ပညာရပ်များလေ့လာရေးကိုသာ ခွင့်ပြုလာခဲ့ကြ၏။ ယနေ့ခေတ်တွင် ခရစ်ယာန်များသည် သူတို့ကိုယ်သူတို့ ခရစ်ယာန် ယဉ်ကျေးမှုနှင့် မသက်ဆိုင်သူဟု မြင်နေကြ၍ ဤကမ္ဘာလောကကလည်း ထိုသို့မြင် နေကြ၏။ စီးပွားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် သိတင်းကောင်းဆက်သွယ်ရေး၏

ဉက္ကဋ္ဌ တလိဒ် ဘောဟာက ဤသို့ရေးသားခဲ့၏။ ၁၉၃၃ ခုနှစ်မှ ၁၉၆၆ ခုနှစ်အတွင်းတွင် ဟောလီဝုဒ်မှ စီးဆင်းလာသော ဆက်သွယ်ရေးများကို အသင်းတော်က လွှမ်းမိုးခဲ့သည်။ နှစ်ပေါင်း ၃၃ နှစ်အတွင်းတွင် ကျမ်းစာများကို ရိုမန်ကက်သလစ် အသင်းတော်၏ ကိုယ်စားလှယ်များက ဖတ်ခဲ့ကြ၏။ ဤကျမ်းစာအုပ်များကို တောင်ပိုင်းနှစ်ခြင်း အသင်းတော်နှင့် ပရိုတက်စတင့် ရုပ်ရှင် ရုံးများကလည်း ဖတ်ရှုခဲ့ကြ၏။ ၎င်းခေတ်ကာလ တွင် ရုပ်ရှင်ပြပွဲ၌ လိင်ဆက်ဆံခြင်း၊ ကြမ်းတမ်းပြင်ထန်ခြင်း၊ ဘုရားတရားပြုမှားသော အပြောအဆိုနှင့် ဘုရားတရားကို မလေးမစားပြုမှားသော အမအမူအရာများဟူ၍မရှိချေ။ ရုပ်ရှင်ရုံတွင် ဇာတ်လမ်းများပြသောအခါ၌လည်း ဘာသာရေးခေါင်းဆောင်များ သို့မဟုတ် လူတစ်ယောက်၏ ယုံကြည်ခြင်းကို သရော်လှောင်ပြောင်ခြင်းများမပြုလုပ်ခဲ့ပေ။ ရုပ်ရှင်ဇာတ်လမ်းအပိုင်းများတွင် ဟုတ်မှန်သော အကြောင်းအရာများ၊ ကောင်းသော အရာများနှင့် လှပသော ရှုခင်းများကိုသာပြသကြခဲ့ကြ၏။ ၁၉၃၃ ခုနှစ်တွင် ဟောလီဝုဒ် ရုပ်ရှင်ရုံနှင့် ထုတ်လုပ်သူများသည် ဘာသာရေးခေါင်းဆောင်များ၏ စည်းရုံးမှုအောက်တွင် အစည်းဝေးကျင်းပ၍ အောက်ပါလိုက်နာရမည့်ဥပဒေသများကို ချမှတ်ထားခဲ့ကြ၏။

(၁) မည်သည့်ရုပ်ရှင်ဓါတ်ပုံဖလင်ကော်ပြား ‘ဝါ’ မည်သည့် စွန့်စားခန်းမျှ အခြားသူများ၏ ဘာသာရေးယုံကြည်ခြင်းကို မလှောင်ပြောင်ရ။

(၂) ဘာသာရေးခေါင်းဆောင်များ၏ ရုပ်ပုံကို ရေးဆွဲ၍ရယ်စရာဟာသ မြောက်အောင်လူဆိုးမင်းသားအဖြစ် ရေးဆွဲခြင်း မပြုလုပ်ရန်။

(၃) ဘာသာရေးပွဲများကို သတိထားစွာနှင့် လေးစားစွာ ကျင်းပပြုလုပ်ရန်။

ဥပဒေပြုအဖွဲ့များသည် ၁၉၆၀ ခုနှစ်အတွင်း ရိုက်ကူးထားသော ရုပ်ရှင်ကား များတွင် ပါဝင်သော ပြကွက်များအပေါ်တွင် လွှမ်းမိုးလာခဲ့သည်။ ရောမန် ကက်သလစ် ဂိုဏ်းဝင်များသည် ရှေးခေတ် ရောမစစ်တပ်များ ယဉ်ကျေးသိမ်မွေ့ခြင်း ရှိကြကြောင်းကို ပြသသောအခါ ပရိုတက်စတင့်ဂိုဏ်းဝင် ရုပ်ရှင်ရုံနှင့် တောင်ပိုင်း နှစ်ခြင်းခရစ်ယာန် အသင်းတော် ရုပ်ရှင်ရုံများသည် ဟောလီဝုဒ်ဇာတ်ညွှန်းနှင့် ရုပ်ရှင် ထုတ်လုပ်ခြင်းကို ထောက်ခံခြင်းကို ရပ်ဆိုင်းခဲ့ကြ၏။ ရှေးခေတ်ရောမစစ်တပ်၏ ယဉ်ကျေးသိမ်မွေ့ခြင်းကို

ပြသသော ရုပ်ရှင်ကားသည် ဟောလီဝိုဒ်ဇာတ်ညွှန်းကို ထောက်ခံခြင်းကို ပြောင်းလဲစေ၏။ တောင်ပိုင်းနှစ်ခြင်းခရစ်ယာန်အသင်းတော် ရုပ်ရှင်ရုံသည် ဟောလီဝုဒ်နယ်မြေမှ အပြီးပိုင်ဆုတ်ခွာခဲ့ကြသည်။ ပရိုတက်စတင့် ရုပ်ရှင်ရုံများကို အသင်းတော်များ၏ အမျိုးသားကောင်စီက သိမ်းပိုက်ပြီး သူတို့၏ ကျေရာတာဝန်များကို စွန့်ခွာသွားခဲ့ကြသည်။ ဤလွတ်လပ်နေသော နေရာများတွင် အမေရိက ရုပ်ရှင်အကဲဖြတ် အသင်းအဖွဲ့များ ဖြစ်သော (GPG, Rand x) က၁၉၆၈ ခုနှစ်တွင် ဝင်ရောက်နေရာယူ ဆောင်ရွက် ခဲ့ကြသည်။ သို့သော် အမှန်စင်စစ် ဤရုပ်ရှင်ဥပဒေသည် ပျက်စီး၍ ဆုံးခန်းတိုင်အောင် ရှိခဲ့။ ဤရုပ်မြင်သံကြားထုတ်လုပ်သော စက်မှုလုပ်ငန်းဥပဒေသည် NAB ဥပဒေနှင့် အတူတူပင်ဖြစ်၍ ၁၉၈၈ ခုနှစ်တွင် ကျဆင်ခဲ့သည်။ သို့သော် ဆင်ဆာလူကြီးများ၏ အိမ်တွင် လုပ်ငန်းသည် မည်သည့်နည်းဖြင့်မဆို လွန်ခဲ့သော နှစ်ပေါင်းများစွာက ထောက်ခံအားပေးခြင်းကို ရပ်စဲခဲ့သည်။ ယနေ့ PG နှင့် PG-13 ရုပ်ရှင်ကားများတွင် မိဘများစွာ တို့သည် သားသမီးများအတွက် လက်မခံနိုင်လောက်သော ရုပ်ရှင်ဇာတ်လမ်းများကို အောက်ပါအတိုင်း တွေ့မြင်နိုင်သည်။

- ၂၅ % သောကလေးများသည် ဤ PG - 13 ရုပ်ရှင်ကားကို ကြည့်ခြင်းကြောင့် စာမေးပွဲကျဆုံးကြသည်။
- လူဦးရေ ၆၁ % သည် ဘုရားသခင်၏ နာမတော်ကို အချည်းနှီး ဖြစ်စေကြသည်။
- ၇၁ % သည် ကာမဂုဏ်ဆက်ဆဆံရေးကို ကျူးလွန်ကြ၏။
- ၅၀ % ဖို–မဆက်ဆံရေးကို သဘောပေါက်စေသည်။
- ၁၃ % သည် ကာမဂုဏ်ဆက်ဆံရေးကို ပြသကြသည်။
- ၃၀ % သည် ကိုယ်တုံးလုံးနေခြင်းကို အတုယူပြုလုပ်ကြသည်။
- ၇၅ % သည် ပြင်းထန်သော သောင်းကျန်းမှုကို ပြုလုပ်ကြသည်။
- ၇၄ % သည် အရက်သောက်ခြင်းနှင့် မူးယစ်ဆေးဝါးသုံးစွဲမှုကို အတုယူကြသည်။

ယနေ့ခေတ်တွင် ဇာတ်ညွှန်းများကို လိင်ချင်းတူ ကာမစိတ်ရှိသောသူများ၊ မိန်းမရှာများနှင့် မာ်စ်ဝါဒီများက ဖတ်ရှုခဲ့ကြသည်။ သို့သော် ခရစ်ယာန်များကမူ မဖတ်ခဲ့ကြချေ။ ဤအုပ်စုအဖွဲ့များသည် သူတို့၏ ထင်မြင်ယူဆချက်နှင့် ဆက်သွယ်

ခဲ့သော ရုပ်ရှင်နှင့် ရုပ်မြင်သံကြားအစီစဉ်များကို ဆုပေးကြပြီး၊ သူတို့၏ ယူဆချက်နှင့် မကိုက်ညီသော ရုပ်ရှင်နှင့် ရုပ်မြင်သံကြားအစီစဉ်များကို ပြစ်တင် ဝေဖန်ခဲ့ကြသည်။ ဥပမာအားဖြင့် ရုပ်မြင်သံကြားအစီစဉ်တစ်ခုတွင် ရိုက်ကူးထားသော ရုပ်ရှင်ဇာတ်လမ်းကို ပြန်ရိုက်ရန်နှင့် ပြန်လည်၍ တည်းဖြတ်ရန်စသည်တို့အတွက် ဒေါ်လာမြောက်များစွာ အသုံးပြုရန် ဖြစ်ပြီး ထိုရုပ်ရှင်ဇာတ်ကားတွင် မိန်းမချင်းကာမစိတ်ရှိသော ပန်းချီကားများနှင့် အပျော်ကျူးသောဇာတ်လမ်းများကိုလည်း အပြစ်တင်ခြင်းမရှိကြပေ။

## လူထုဆက်သွယ်ရေးကို ပြုပြင်ပြောင်းလဲရေးအတွက် နည်းဗျူဟာများ

ခရစ်ယာန်များသည် ဝံဂေလိလုပ်ငန်းနှင့်စပ်ဆိုင်သော ရည်ရွယ်ချက်များနှင့် ကောင်းမွန်ချောမောစွာ ဆောင်ရွက်နိုင်ရန် အတွက် လူထုဆက်သွယ်ရေး၏ အသစ်သော ဖွဲ့စည်းပုံတိုင်းကို တောင်းဆိုရန် လုံ့လဝီရိယရှိရမည်။ သူတို့သည် စုပေါင်းအမျိုးသား ဘာသာရေးအသံလွှင့် သူများမှတဆင့် အရေးပါသော အဝင်ဝခန်းမကြီးလည်းရှိ၏။ သို့သော် ခရစ်ယာန်များ၏ အစီစဉ်ပြုလုပ်ခြင်းက အရေးကြီးဆုံးဖြစ်သော အချိန်များတွင် ရှားရှားပါးပါး ထူးခြားကောင်းမွန်စွာနေရာယူ၏။ အများစုကို ဘာသာရေးနှင့်ဆိုင်သော တနင်္ဂနွေနေ့မနက်ပိုင်းတွင် သင့်လျော်သော ရောဒ္ဓ နေရာယူသည်ကို တွေ့ခဲ့သည်။ အနည်းငယ်သော ခရစ်ယာန်များသည် ဆက်သွယ်ရေးပိုမိုကျယ်ပြန့်နိုင်စေရန် မီဒီယာများကို အသုံးပြုသည့်အတွက် သူတို့ရရှိသော အချိန်များကို အသုံးပြုကြခဲ့၏။ အချို့သော ခရစ်ယာန်များသည် ဆက်သွယ်ရေးလုပ်ငန်း၏ အဓိကဖြစ်သော သိတင်းစာများ၊ မဂ္ဂဇင်းများ၊ ရုပ်မြင်သံကြားလုပ်ငန်းများနှင့် ဟောလီဝုဒ် ရုပ်ရှင်ထုတ်လုပ်ရေးလုပ်ငန်းများကို ကျမ်းစာနှင့်စပ်ဆိုင်သော ကမ္ဘာ့အမြင်ကို ရရှိလာဖို့ရန် လုပ်ဆောင်လာကြခဲ့၏။ အကယ်၍ ခရစ်ယာန်များသည် ဤလုပ်ငန်းဌာန များသို့ သွားရောက်၍ အလုပ်လုပ်ကြမည်ဆိုလျှင် လူ၏ ဘဝဖြစ်စဉ်ကို ဆင်ခြင်၊ သုံးသပ်ရန်အတွက် များစွာအကျိုးပြုလိမ့်မည်ဖြစ်၏။ ဤသို့ဖြင့် မကြာသေးမီက ခရစ်ယာန်များပတ်သက်သော ဇာတ်လမ်းခေါင်းစဉ်ဖြင့် ရုပ်ရှင်ရိုက်ကူးခြင်းကို အောင်မြင်စွာ ထုတ်လုပ်နိုင်ခဲ့၏ (ဥပမာ မီးရထား) (chariots of ire) ဒါတွေ

အားလုံးဟာ ခရစ်ယာန်များအတွက်သာ ထုတ်လုပ်သည်မဟုတ်ပေ။ ဤရုပ်ရှင်ဖလင်ကော်ပြား ပေါ်တွင် အတီးအမှုတ်၊ ပြဇာတ်များနှင့် အကအခုန်များလည်း ပါဝင်သည်။ ခရစ်ယာန်များသည် ခရစ်တော်အတွက် သက်သေခံချက်များဖြစ်သော ဘာသာရေး အတီးအမှုတ်များရှိကြ၏။ ခရစ်ယာန်များသည် အနုပညာတိုးတက်ရေးအတွက် ဝင်ငွေရလာအောင် အစိုးရက ရံပုံငွေရှာဖွေ၍ နိုင်ငံတစ်ခုလုံးတွင် လှည့်လည်၍ အနုပညာပြတိုက်များတွင်က ပြဖျော်ဖြေပေးခြင်းစသော ညစ်ပတ်သောလုပ်အုပ်များကို အစဉ်သဖြင့် ညည်းတွား၍ ဝေဖန်ခဲ့ကြ၏။ ခရစ်ယာန်များသည် အစိုးရကိုယ်စားလှယ်များနှင့် အနုပညာပြတိုက်များ၏ ညွှန်ကြားရေးမှူးများဖြစ်လာ ဘို့ရန်နှင့် ကျမ်းစာနှင့် စပ်ဆိုင်သော ကမ္ဘာ့အမြင်ကို သိရှိနားလည်းသဘောပေါက်သူ ဖြစ်လာရန် လိုအပ်လာသည်။ သို့သော် သင်တို့အသင်းတော်မှ ဇာဝ်ဂေလိလုပ်ငန်း၌ ပါဝင်သော လူငယ်တစ်ယောက် 'ဝါ' ဘုရားဝတ်ပြုရာတွင် စိတ်အားထက်သန်သော သင်တို့၏ အသင်းတော်မှ လူငယ်တစ်ယေက်၏ ပြောပြခဲ့သော ဘဝဖြစ်စဉ်အကြောင်းကို ကြားကြသည်မဟုတ်လား။ သူပြောခဲ့သော အရာများသည် သူတို့အတွက် လောကီရေးရာ ဆန်လွန်းပါသည်။ သို့မဟုတ် ဘာသာရေးဆိုင်ရာ ပန်းတိုင်ရောက်ရှိဘို့ရန် အရေးမကြီးသော နှိုင်းယှဉ်ခြင်းသာဖြစ်၏။

မကြာသေးမီနှစ်များအတွင်းတွင် တက္ကသိုလ်ကို ကိုယ်စားပြုအုပ်ချုပ်သူသည် တက္ကသိုလ်ဘွဲ့ရရှိပြီးသော သူများကို ဤကဲ့သို့သော ဘဝဖြစ်စဉ်များအတွက် လေ့ကျင့်သင်ကြားပေးရန် စတင်ခဲ့ပြီးဒါဟာ သစ်လွင်ခြင်းကို စတင်ခဲ့ခြင်းဖြစ်သည်။ မိသားစုရေစီးကြောင်း၏ စုံစုံလင်လင်ပါဝင်သော အမျိုးအစားတစ်ခုဖြစ်လာရန် ခရစ်ယာန်များသည် ခရစ်ယာန်အသံလွှင့်လုပ်ငန်းကို ပို၍ ကြိုးစားလာကြ၏။ ကာလီဖိုးနီးယား ပြည်နယ်မှူး တယ်ရီဝဲလ်သည် ကျမ်းစာနှင့်စပ်ဆိုင်သော ကမ္ဘာ့အမြင်ပေါ်တွင် အခြေခံ၍ သည်နေ့ ယူအက်စ်အေ (USA) စသော အမျိုးသား သိတင်းစာထုတ်လုပ်ရေးအတွက် အကြံစည်တစ်ခုရှိ၏။ ချီးမွမ်းအံ့သြဖွယ်ကောင်းသော ကမ္ဘာအနှံ့ရောက်နေသော ဘီလီဂရာဟမ်ဓါတ်ပုံများနှင့် ရုပ်ရှင်ကားများသည် လူထုဆီသို့ မရောက်ရှိခဲ့ပေ။ အဘယ့်ကြောင့်ဆိုသော် ဇာဝ်ဂေလိလုပ်ငန်းနှင့်ပတ်သက်သော ရုပ်ရှင်ကားများဖြစ်သည်ဟု လူသိများသောကြောင့်ဖြစ်၏။ ထပ်ခါ၍ ပြောမည်ဆိုလျှင် ခရစ်ယာန်များအတွက်

ကြီးမားစွာ နမူနာပုံစံရေးဆွဲထားခဲ့သော သီတင်းစာများ စတင်ထုတ်ဝေခြင်းနှင့် ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ကျမ်းစာနှင့် စပ်ဆိုင်သော ကမ္ဘာ့အမြင်ဖြင့် လူအားလုံးအပေါ်တွင် ဩဇာသက်ရောက်စေမည့် ဆက်သွယ်ရေးနှင့် အနုပညာများအတွက် သယံဇာတပစ္စည်းများကိုလည်း ထောက်ပံ့ရမည်ဖြစ်၏။ ယနေ့လူသားများအတွက် ဩဂတ်စတင်းကပြောခဲ့သည်မှာ – ရုပ်မြင်သံကြား၊ ရုပ်ရှင်ကားများနှင့် ဗွီဒီယိုများသည် အသိဉာဏ်ပညာကင်းမဲ့သော သူများ၏ စာအုပ်များဖြစ်ကြသည်ဟု ပြောဆို၏။ ခရစ်ယာန်များသည် ယနေ့ ကမ္ဘာတွင် သန်းပေါင်းများစွာသော အသိဉာဏ်ပညာကမ်းမဲ့သော လူသားများထံသို့ အချက်အလက်ပြည့်စုံသော ခရစ်ယာန်များအသက်တာ၏ ထင်မြင်ယူဆပုံများကို ဝေမျှနိုင်ရန် ဤအနုပညာများ၏ သယံဇတပစ္စည်းများကို တန်ဖိုးရှိစွာ အသုံးပြု ရမည်ဖြစ်၏။ ခရစ်ယာန်စီးပွားရေးလုပ်ငန်းရှင်ကြီးများသည် နိုင်ငံအနှံ့ပြသလျက်ရှိသော ဇာတ်ရုံများနှင့် ရုပ်ရှင် ရိုက်ကူးသော အခန်းများနှင့် အဓိက ရုပ်မြင်သံကြား အစီစဉ်လုပ်ငန်းများကို ဝယ်ယူခြင်းနှင့် ရင်းနှီးမတည်ခြင်းတို့ကို လိုအပ်လျက်ရှိကြသည်။ သူတို့သည် မွန်နီးစ်၊ ဝါရှင်တန်ထမ်းစ်စသော သီတင်းစာတိုက်များကို ဝယ်ယူရန် လိုအပ်လာသည်။ သူတို့သည် အသံသွင်းဌာနနှင့် အတီးအမှုတ်ရုပ်ရှင်ရိုက်ခန်းများကို ဝယ်ယူရန်လိုအပ်၏။ သူတို့သည် ဟောလီဝုဒ် ရုပ်ရှင်ရုံနှင့် ဘာသာတရားကိုင်းရှိုင်းသော ရုပ်ရှင်ရုံများကို ပြန်လည်၍ တည်ထောင်ရန် လိုအပ်၏။ သူတို့သည် ဟောလီဝုဒ် ရုံတစ်ခုဖွင့်လှစ် တည်ထောင်၍ ၄င်းနေရာကို အသုံးပြု၍ သီတင်းကောင်း ဆက်သွယ်ရေးလုပ်ငန်းများကို လုပ်ကိုင်ခဲ့ကြသည်။ ကျွန်ုပ်တို့ခရစ်ယာန်များသည် ဘာသာတရားမရှိသောသူများ ထုတ်လုပ်သော အသုံးမကျတန်ဖိုးမရှိသော အရာများကို စောင့်မျှော်နေသော ခွေးကဲ့သို့ မဖြစ်ဘို့ရန် အရေးကြီးပါသည်။ သူတို့ထုတ်လုပ်သော အရာများကို ကျွန်ုပ်အဘယ့်ကြောင့် စောင့်မျှော်နေရမှာလဲ၊ ခရစ်ယာန်များသည် သူတို့ကို ကျော်လွှား၍ ကျွန်ုပ်တို့ကိုယ်တိုင် ထုတ်လုပ်သူများဖြစ်လာရန် လိုအပ်သည်။ သူတို့လုပ်တာကို စောင့်မျှော်နေသူများမဖြစ်သင့်ပေ။ ဤကဲ့သို့သော အရာများအတွက် ငွေကြေးအမြောက်အများသုံးစွဲခြင်း၏ အယူအဆသည် အကျိုးအကြောင်းကိုက်ညီစေရန် အခက်အခဲရှိပါလိမ့်မည်။ အထူးသဖြင့် ခရစ်ယာန်များ၏ ဆက်သွယ်ရေးဝန်ကြီးက သူတို့ပြသထားရမည့်

ရုပ်ရှင်ကားများအတွက် ရုံပုံငွေမြောက်များစွာ သုံးစွဲရန် ပြောဆိုခဲ့သောကြောင့် ဖြစ်၏။ သို့သော် ကျွန်ုပ်တို့ ပြန်လည်ဆုံတွေ့သည့်တိုင် ဒါဟာ မှန်ကန်သော မြင့်မြတ်သိမ့်မွေ့သော ဘာသာရေးစိတ်ဓာတ်ရှိခြင်း ဖြစ်၍ ဤလှုပ်ရှားမှုသည် ကျွန်ုပ်တို့၏ ယဉ်ကျေးမှုကို ကယ်တင်ရေးအတွက် အရေးကြီးသော အရာဖြစ်ရာ ဘယ်တော့မှဖြစ်ပျက်အုံးမှာမဟုတ်တော့ပါ။ ကျွန်ုပ်တို့သည် အမေရိကတွင် မဲအများဆုံးရရှိသော သူများဖြစ်သည်နှင့်အမျှ ဆက်လက်၍ လုပ်ဆောင်ရမည်ဖြစ်ပြီး ကျွန်ုပ်တို့နေထိုင်သော အခန်းများတွင် ညည်းတွားနေမည်ဆိုလျှင်၊ သားဖြတ်ခြင်းကို ဆန့်ကျင်ကန့်ကွက်လျှင် မိသားစုလုပ်ငန်းကို ဆန့်ကျင်ဘက်လုပ်မည်ဆိုလျှင်၊ အကျင့်သီလကောင်းမွန်ရေးကို မထီမဲ့မြင်ပြုလုပ်ခဲ့ပါက ဘယ်တော့မှ မှန်ကန်၍ တရားမျှတသော သိတင်းများကို ရယူနိုင်မည်မဟုတ်ပေ။ ကျွန်ုပ်တို့ခေတ်တွင် အကျိုးရလဒ်များအနေဖြင့် စကားရည်လုပွဲများကျင်းပ၍ ၄င်းကို သတ်မှတ်ထားသော ဘောင်ခတ်ပေးခြင်း၊ လူထုနှင့် ပတ်သက်သော အကြံဉာဏ်ပေးခြင်း၊ ရွေးချယ်တင်မြှောက်ခြင်းများကို ထိန်းချုပ်ခြင်းစသည်တို့ကို သိတင်းစာဆရာများက ဆက်လက်ဆောင်ရွက်နေကြပါသည်။ ဒေါသထွက်နေသော အချိန်တွင် သတိထားရမည့် အချက်များကို ဖရင့်ကီစကယ်ဖါက ဤသို့ပြောခဲ့၏။ ယခုအချိန်သည် ခရစ်ယာန်များ အတွက် အနုပညာများသည် လူထုဆက်သွယ်ရေးအတွက် အရေးကြီးလိုအပ်သော အရာဖြစ်သည်ဟု အခိုင်အမာပြန်ပြောရမည့် အချိန်ဖြစ်ပေသည်။ ယခုအချိန်သည် ခရစ်ယာန်များ အတွက် အချင်းချင်းထောက်ခံရမည့်အချိန်ဖြစ်သည်။ ကျွန်ုပ်တို့သည် လူများ၏ စိတ်ကူးများကို ခရစ်ယာန် ရှုပါရုံ၏ ပုံတူရုပ်တုမျှးဖြင့် ဖြည့်စွက်ရမည်ဖြစ်၏။ အနုပညာနှင့် သတင်းစာများသည် ကျွန်ုပ်တို့ခရစ်ယာန်များသည် မြင့်မြတ်သိမ်မွေ့သော စိတ်ဓာတ်ရှိခြင်းတည်းဟူသော သဲထဲတွင် နစ်နေသော ဘာသာတရားမသိသော သူများ၏ ကမ္ဘာကို ဆန့်ကျင်ကန့်ကွက်ရေး အတွက်အလယ်ဗဟိုကျသော ရောတွင် ရှိနေကြသည်။ ယေရှုနှင့် ပရောဖက်များသည် သူတို့၏ ခေတ်တွင် ပုံပြင်ပြောကောင်းသူများဖြစ်ကြ၏။ လူထုဆက်သွယ်ရေး ရေဒီယို၊ ရုပ်မြင်သံကြား၊ သိတင်းစာ မဂ္ဂဇင်းသည် ရိုးရိုးစင်းစင်း ပြောမည်ဆိုလျှင် ပုံပြင်ပြောခြင်း၏ လက်နက်ကရိယာတန်ဆာပလာများဗြိကြ၏။ ကျွန်ုပ်တို့သည် သခင်ယေရှုကို

အတုယူရန်ဖြစ်၍ ကျွန်ုပ်တို့၏ တိုက်ပွဲအတွက် လက်နက်များကို ယူဆောင်ရန် လိုအပ်လာကာ ၎င်းလက်နက်များမှာ –

အဘယ်ကြောင့်နည်းဟူမူကား ငါတို့သည် လူ့ဇာတိ၌ ကျင်လည်သော်လည်း၊ ဇာတိပကတိအလိုသို့လိုက်၍ စစ်တိုက်ကြသည်မဟုတ် ငါတို့စစ်တိုက်၍ သုံးစွဲသော လက်နက်သည် ဇာတိပကတိလက်နက်မဟုတ်။ ဘုရားသခင်၏ တန်ခိုးတော်အားဖြင့် မြို့ရိုးမြို့ပြတို့ကို ဖြိုဖျက်နိုင်သော လက်နက်ဖြစ်၏။ ထိုလက်နက်အားဖြင့် လူတို့၏ အကြံစည်တို့ကို၎င်း၊ ဘုရားသခင်ကို သိသောပညာကို ဆီးတားသောမာန်မာနရှိသမျှ တို့ကို၎င်း၊ နှိမ့်ချမှောက်လှန်၍၊ ခပ်သိမ်းသောစိတ်တို့ကို ဘမ်းသွားချုပ်ထားလျက်၊ ခရစ်တော်၏ စကားကို နားထောင်စေကြ၏။ (၂ကော ၁၀း၃–၅)။ လီဂရေဒီက ဤသို့ ရေးသားခဲ့၏။ ‘‘ဘာသာရေးလွတ်လပ်မှု၊ လွတ်လပ်စွာပြောဆိုခြင်းနှင့် လွတ်လပ်စွာ ပုံနှိပ်ထုတ်ဝေခြင်းရှိသောအခါ သိတင်းကောင်းသည် အတားဆီးမရှိ၊ ကျယ်ပျံ့စွာ ပျံ့နှံ့သွားနိုင်၏ အမေရိကန်ပြည်ထောင်စုသည် အသစ်စတင်တွေ့ရှိခြင်းဖြစ်သော ရေဒီယို၊ ရုပ်မြင်သံကြား၊ တယ်လီဖုန်းများနှင့် ဂြိုဟ်တုဆက်သွယ်ရေးစသော စက်မှုဆက်သွယ်ရေး လုပ်ငန်းများကို တီထွင်နိုင်ခဲ့သဖြင့် ဖွံ့ဖြိုးတိုးတက်သော နိုင်ငံဖြစ်လာ၏။ ဤလက်နက် တန်ဆာပလာများသည် နိုင်ငံကိုမတရားအုပ်ချုပ်သောသူများကိုပင်လျှင် သိတင်းကောင်း၏ အခြေခံမှုများကို လက်ခံကျင့်သုံးလာစေ၍ လူထုဆီသို့ ပြုခဲ့သမျှသော အမှု၏ အကျိုးအကြောင်းများကို လူထုဆီသို့ အသေးစိတ်ရှင်းပြစေခဲ့၏။ ခရစ်တော် မိန့်မှာတော်မူသော သိတင်း၏ မျိုးစေ့များကို လေလှိုင်းမှတဆင့် ‘ဝါ’ ဗွီဒီယိုကက်ဆက်မှ တဆင့် ‘ဝါ’ ရေဒီယိုအသံလှိုင်းမှတဆင့် သယ်ဆောင်လာပြီး အခြားသောနိုင်ငံ၏ လွှမ်းမိုးမှုကို မလိုလားသော ကမ္ဘာ့နိုင်ငံများသို့ထိုးဖေါက်ဝင်ရောက်လာခဲ့၏။ ကမ္ဘာ့နေရာ ဒေသတိုင်းတွင် အစေ့များကို စိုက်ပျိုးကြပြီး အုပ်ချုပ်သူများ၏ စိတ်နှလုံးများ ထဲတွင် ခရစ်ယာန်အယူအဆများသည် မြစ်တွယ်လျက်နေ၏။ ဒါဟာ အမေရိကတိုက်အတွင်း၌ ဖြစ်ပျက်ခဲ့၍ ယခုအချိန်တွင် မော်စကို၊ ဘူခါရက်နှင့် ပရပ်ဂ်မြို့ကြီးတွင်လည်း ဖြစ်ပျက်ခဲ့၏။ ဤခရစ်တော်ကြဲတော်မူသောမျိုးစေ့များသည် ပေကျင်းမြို့နှင့် ဘဂ္ဂဒတ်မြို့နှင့် ဟီရန်မြို့ကြီးများတွင်လည်း အမြစ်တွယ်ရန် သေချာသလောက်ရှိနေပါ၏။

လူမျိုးများကို လွတ်မြောက်စေခြင်း

အခန်း ၁၁

# ဘာသာတရားကိုင်းရှိုင်းသောအစိုးရ၏ ဖွဲ့စည်းမှုအခြေခံ ဒီမိုကရေစီတောင်းဆိုခြင်း

လွန်ခဲ့သော နှစ်အနည်းငယ်အတွင်းတွင် သန်းပေါင်းများစွာသော ဥရောပသားများနှင့် ရုရှား၊ တရုတ်နှင့် အခြားသော လူမျိုးများသည် လွတ်လပ်ရေးရရှိရန် အတွက် ဆန္ဒပြတောင်းဆိုလာခဲ့ကြ၏။ သူတို့သည် လွတ်လပ်ခြင်းနှင့် ဒီမိုကရေစီကို တန်းတူထားသည်။ သူတို့နိုင်ငံအတွင်းရှိ ပြဿနာများကို ဖြေရှင်းရန် ဒီမိုကရေစီ စနစ်သည် လိုအပ်သည်ဟု မှတ်ယူကြသည်။ သို့သော် များစွာသော လူတို့သည် ဒီမိုကရေစီကို အမှန်တကယ် နားလည်သဘောပေါက်ခြင်းမရှိကြဘဲ၊ ဤလုပ်ငန်းသည် ဘာကို လုပ်ခဲ့လို့လဲဟု ပြောကြ၏။ ထင်ရှားသော အခြေခံမှုများရှိ၍ ဤအခြေခံမှုများသည် သမ္မာကျမ်းစာမှ ဒီမိုကရေစီရရှိရေးအတွက် ကြိုးပမ်းရာမှလာသော အခြေခံမှုမျာဖြစ်ကြ၍ ကျွန်ုပ်တို့သည် သေချာစွာ လေ့လာရမည်ဖြစ်ပြီး သို့မဟုတ်ပါက ကြောက်စရာ ကောင်းသော အမှားများကို ခံစားရမည်ဖြစ်၍ အခြားသူများက တွေ့ကြုံခံစားရပြီးဖြစ်၍ လွတ်လပ်သော အစိုးရကို တည်ထောင်ရန် ကြိုးစားခဲ့ကြရသည်။ ယနေ့ကမ္ဘာတွင် နိုင်ငံပေါင်းမြောက်များစွာ၌ ဒီမိုကရေစီ ရရှိရေးတောင်းဆိုချက်များသည် သာမန်လုပ်ငန်း ဖြစ်ပေါ်သည်။ သန်းပေါင်းများစွာသော လူမျိုးတို့သည် သူတို့၏ လူ့အဖွဲ့စည်း အသီးသီးတွင် ပြုပြင်ပြောင်းလဲခြင်းများလိုအပ်နေသည်ကို အသိအမှတ်ပြုလာကြ၏။ ကမ္ဘာ့လူဦးရေ၏ ထက်ဝက်နီးပါးသည် (၂.၁ ဘီလီယံ) သည် ဆင်းရဲချို့တဲ့စွာနေထိုင် ခဲ့ကြ၏။ သန်းပေါင်း ငါးရာသောလူတို့သည် ငတ်မွတ်ခြင်းတံခါးဝသို့ရပ်နေကြ၏။ နိုင်ငံပေါင်း (၁၁၀) မှ လူတို့သည် အခြေခံလူ့အခွင့်အရေးများကို ချိုးဖောက်ခြင်းများ ပြုလုပ်၍ နှိပ်စက်ညှင်းပန်းခြင်းခံနေရကြောင်း သက်သေခံအချက်အလက်များဖြင့် သိရသည်။ ၂၀ ရာစုနှစ်အတွင်း၌ လူပေါင်းမြောက်များစွာကို သူတို့၏ တစ်ပါတီ အာဏာရှင်များက သတ်ဖြတ်ခဲ့ကြောင်း သိရ၏။ စစ်ပွဲများတိုက်ခိုက်ခြင်းကြောင့် လူလေးယောက်လျှင် တစ်ယောက်သေဆုံးကြရ၏။ ကမ္ဘာပေါ်တွင် နှစ်စဉ် စစ်တမ်း ကောက်ယူချက်အရ

တစ်နှစ်လျှင် နိုင်ငံရေးခိုလှုံသူဦးရေသည် ၂၈ သိန်းအထိ ဖြစ်လာသည်။ ဤအကြင်နာမဲ့သော နှိပ်စက်ညှင်းပန်းသတ်ဖြတ်ခြင်းသည် အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်မှု၊ အကြွေးမြီတင်ခြင်း၊ ရာဇဝတ်မှု ကျူးလွန်ခြင်း၊ အနုမြူစစ်ပွဲဖြင့် ခြိမ်းခြောက်ခြင်းနှင့် အစိုးရအာဏာကို ရုတ်တရက် သိမ်းယူခြင်း တို့ကြောင့် ဖြစ်သည်။ ဤကဲ့သို့သော ကမ္ဘာ့ပြဿနာများကြောင့် ကမ္ဘာတစ်ဝှမ်းလုံးတွင် ဒီမိုကရေစီရရှိရေးလှုပ်ရှားမှုများ ရှိလာ၏။ ကမ္ဘာပေါ်ရှိ တိုက်ကြီးတိုင်းတွင် ဒီမိုကရေစီရရှိရေးသည် သူတို့လိုအင်ဆန္ဒဖြစ်ကြောင်းကို ပြောဆိုနေကြကုန်၏။ မည်သို့ပင်ဖြစ်စေ ဒီမိုကရေစီသည် ကွဲပြားခြားနားသော လူများအတွက် ကွဲပြားခြားနားသော အဓိပ္ပါယ်ရှိ၏။ ထိုကြောင့် အဓိပ္ပါယ်ဖွင့်ဆိုခြင်းနှင့် ရှင်းလင်းချက်များ ပေးရန်လိုအပ်လေသည်။ လူများ၏ ယူဆချက်တွင် လွတ်လပ်ခြင်းနှင့် ဒီမိုကရေစီသည် တူညီသော အဓိပ္ပါယ်ရှိသည်ဟု ယူဆကြသည်။ သို့သော် အမှန်တကယ်ပြောမည်ဆိုလျှင် ဒီမိုကရေစီသည် လွတ်လပ်ရေးကို ကာကွယ်ရန်အတွက် ဖွဲ့စည်းထားခြင်းဖြစ်သည်။ တစ်ဦးချင်းစီ၏ အခွင့်အရေးများနှင့် လွတ်လပ်ရေးအတွက် ကာကွယ်ရေး၏ ပန်းတိုင်သည် ဒီမိုကရေစီပင်ဖြစ်သည်။ ထင်ရှားသော အခွင့်အရေးများကို လူသားအားလုံးက ငြင်းပယ်၍မရသော အရာဖြစ်သည်ဟု အသိမှတ်ပြုကြသည်။ ဤအခွင့်အရေးများကို လူတိုင်းက ဘယ်သောအခါမျှ မတရားသဖြင့် ငြင်းပယ်၍ မရနိုင်ပါ။ ဘာသာရေးလွတ်လပ်ခွင့်၊ လွတ်လပ်စွာပြောဆိုပိုင်ခွင့်၊ လွတ်လပ်စွာ စုံရုံးပိုင်ခွင့်၊ လွတ်လပ်စွာ ပုံနှိပ်ထုတ် ဝေခွင့်၊ လွတ်လပ်စွာ တောင်းပန်နိုင်ခွင့်နှင့် လွတ်လပ်စွာ ကိုယ့်ကိုယ်ကို ကာကွယ်ပိုင်ခွင့် စသော အခွင့်အရေးများသည် လူ့သဘာဝအခွင့်အရေး များဖြစ်ကြသည်။ ဤသို့ ငြင်းပယ်၍မရသော အခွင့်အရေးအားလုံးကို အမျိုးအစား သုံးမျိုးခွဲခြား၍ အတိုချုပ်ဖော်ပြခဲ့သည်။ ၎င်းတို့မှာ အသက်တာအတွက် အခွင့်အရေး၊ လွတ်လပ်ရေးအတွက် အခွင့်အရေး၊ ပိုင်ဆိုင်သော ပစ္စည်းများအတွက် အခွင့်အရေး စသည်တို့ဖြစ်ကြ၏။ လူသားအားလုံးက လူသတ်ရန်၊ ခိုးရန်နှင့် အခြားသူများအပေါ်သို့ ဖိနှိပ်ချုပ်ချယ်မှုများကို အသိမှတ်ပြုခြင်းသည် မှား၏။ သို့သော် ဤအမှုများကို တစ်ဦးချင်း သို့မဟုတ် အစိုးရက အမိန့်အာဏာကို သုံး၍ ပြုလုပ်လေ့ရှိ၏။ ထင်ရှား ကျော်ကြားသော အမေရိကန် သမ္မတ အေဗရာဟမ်လင်ကွန်းသည် ဤသို့ပြောခဲ့ဘူး၏။

''ကျွန်ုပ်တို့အားလုံးအတွက် လွတ်လပ်ရေးကို ကြေညာခဲ့ကြပါပြီ'' သို့သော် တူညီသော စကားလုံးများကို အသုံးပြုကြပေမဲ့ တူညီသော အရာကို ဆိုလိုသည်မဟုတ်ပါ။ သိုးထိန်းတစ်ယောက်သည် သိုးဆီမှ ဝံပုလွေကို မောင်းထုတ်ခဲ့သဖြင့် သိုးသည် မိမိ၏ သိုးထိန်းကို လွတ်မြောက်စေသူအဖြစ် ကျေးဇူးတင်သော အချိန်တွင် ဝံပုလွေသည် သိုးထိန်းကို သူ့လုပ်ရပ်အတွက် အပြစ်တင်ရှုတ်ချ၏။ ရှင်းရှင်းပြောမည်ဆိုရင် သိုးနှင့် ဝံပုလွေတို့သည် လွတ်လပ်ရေး၏ အဓိပ္ပာယ်ရှင်းပြချက်အပေါ်တွင် သဘောမတူနိုင်ကြပေ။ သမ္မတလင်ကွန်းပြောခဲ့သည်မှာ အချို့လူများသည် လွတ်လပ်ရေးကို ဤသို့ ထင်မြင်ယူဆကြ၏။ လူ့အဖွဲ့အစည်းအတွင်း၌ရှိသော အသီးသီးသော တစ်ဦးချင်းစီသည် သူ့အလုပ်သမားဘဝတွင် သူလုပ်ကိုင်ရှာဖွေနိုင်သည့် အတိုင်းတာအရ၊ သင့်တင့်မှုရှိမရှိ ပေါ်မူတည်၍ အကျိုးခံစားရမည်ဟု ထင်မှတ်ကြ၏။ စစ်မှန်သော လွတ်လပ်ရေးဆိုသည်မှာ ထိန်းချုပ်ကွပ်ကဲမှုမရှိသော လိုင်စင်မဟုတ်ပါ။ အစိုးရသည် လူ့အဖွဲ့အစည်းထဲတွင် ပါဝင်သော လူတစ်ဦးချင်း၏ ငြင်းပယ်၍မရသော အခွင့်အရေးများကို ကာကွယ်နေသော အချိန်တွင် နစ်နာချက်များကို တင်ပြရန် တရားမျှတရေး၏ နည်းစနစ်ကို ထောက်ပံ့ ပေးကမ်းရမည်ဖြစ်၏။ ထို့ကြောင့် လူများကို အုပ်ချုပ်သော တူညီသော အခွင့်အာဏာတည်ဆောက်ထားပုံကိုလည်း အစိုးရကိုယ်တိုင်က ထိန်းချုပ်ရမည်ဖြစ်၏။ ဒီမိုကရေစီဆိုသည်မှာ စာသားအရပြောရမည်ဆိုလျှင် လူများက အုပ်ချုပ်သော စနစ်ဟု အဓိပ္ပါယ်ရ၏။ ကမ္ဘာ့သမိုင်းကဖော်ပြခဲ့သည်ကား – လူများက သူတို့၏ နိုင်ငံကို အုပ်ချုပ်သောအခါ သူတို့၏ ရရှိခားသော အခွင့်အရေးများသည် လူတစ်ဦးတစ်ယောက် သို့မဟုတ် လူနည်းစုက အုပ်ချုပ်သော အချိန်ခါထက်ပို၍ လုံခြုံမှုရှိခဲ့၏။ လူနည်းစု လက်ထဲတွင် ရှိသော ဗဟိုမှအုပ်ချုပ်ရေးစနစ်သည် လွယ်ကူစွာပျက်စီးနိုင်သည်။ ရှေးခေတ်ဂရိနိုင်ငံတွင် ကျင့်သုံးခဲ့သော စစ်မှန်သော ဒီမိုကရေစီနှင့် လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ခန့်တွင် ပြင်သစ်နိုင်ငံ၌ ကျင့်သုံးခဲ့သော ဒီမိုကရေစီသည် လက်တွေ့မကျသည့် အပြင် ကြောက်စရာလည်းကောင်းသည်ကို သက်သေပြခဲ့၏။ လူများသည် နိုင်ငံကို တိုက်ရိုက်အုပ်ချုပ်မှုရှိသောနေရာတွင် အများစု၏ အလိုဆန္ဒအရ ဦးစားပေးအုပ်ချုပ်၍ လူနည်းစု၏ အခွင့်အရေးများနှင့် တစ်ဦးချင်း၏ အသုံးစရိတ်များကို ကြည့်ရှုပြုစုပေး၏။

မတရားမင်း၏ အုပ်ချုပ်မှုများကို စစ်မှန်သောဒီမိုကရေစီတွင် တွေ့မြင်နိုင်သည်။

ထို့ကြောင့် ရုန်းရင်းဆန်ခတ်အုပ်ချုပ်ရေး ဖြစ်လာနိုင်ပြီး ခြိမ်းခြောက်မှုခံစား ရသည်အထိသာတည့်တံ့နိုင်၍ နောက်ဆုံးတွင် သူတို့ကိုယ်တိုင်ကာကွယ်ရေးအတွက် စစ်တပ်ကို အသုံးပြုပြီး အများစု၏ အလိုဆန္ဒကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြ၏။ ဤအုပ်ချုပ်ရေး၏ အဖြေရလဒ်သည် နိုင်ငံကို ကမောက်ကမဖြစ်စေ၍ မင်းမဲ့စိုးမဲ့ အခြေအနေသို့ရောက်စေ၏။ ဤကဲ့သို့ အခြေအနေဆိုးများကို ပြင်သစ်နိုင်ငံတါင် ပြင်သစ်တော်လှန်ရေးပြီးဆုံးချိန် ကြောက်စရာကောင်းသော အုပ်ချုပ်ရေးခေတ်တွင် တွေ့မြင်နိုင်သည်။ ဤကြောက်စရာကောင်းသောအုပ်ချုပ်ရေး၏ အဖြေရလဒ်သည် တစ်ပါတီအာဏာရှင်စနစ်ကို ကျင့်သုံးခဲ့သော ပြင်သစ်စစ်ဘုရင် နပိုလီယံ ဘိုနာပတ် အုပ်စိုးသော ခေတ်တွင်ဖြစ်ပေါ်လာခဲ့သည်။ ဤကဲ့သို့ ဖြစ်လိုက်ပျက်လိုက်နှင့် ဆက်တိုက်ထပ်တလဲလဲ ဖြစ်သော အဖြစ်ပျက်များသည် ဒီမိုကရေစီ ရရှိရေးကို ကြိုးပမ်းခဲ့သော ဂရိနိုင်ငံနှင့် ရောမနိုင်ငံတို့တွင် တွေ့မြင်နိုင်သည်။ အမေရိကန်ဖွဲ့စည်း အုပ်ချုပ်ပုံ၏ ဖခင်ကြီးဖြစ်သော ဂျိမ်းစ်မစ်ဒီဆင်သည် ဤသို့မှတ်ချက်ချခဲ့၏။ ဒီမိုကရက်တစ်များသည် ထိန်းမနိုင်သိမ်းမနိုင်ဖြစ်ရခြင်းနှင့် စစ်တိုက်ခြင်း၏ မျက်မှန်များဖြစ်ကြပြီး ပိုင်ဆိုင်သော ပစ္စည်း၏ အခွင့်အရေးများ 'ဝါ' လူကိုယ်တိုင် လုံခြုံရေးနှင့် ဆီလျော်သော စနစ်များဖြစ်ကြ၏။ ကျွန်ုပ်တို့သည် စစ်မှန်သော ဒီမိုကရေစီကို ရှောင်ကြဉ်ရပါမည်။ မည်ကဲ့သို့ နည်းဟူမူကား သမ္မတနိုင်ငံ၏ သက်တမ်းတစ်လျှောက်လုံးနှင့် ဆက်စပ်ပူးပေါင်းကာ ကြီးလေးသော ဥပဒေများကို ပြန်ဌာန်းသတ်မှတ်ပြီး ကိုယ်စားပြုခြင်း၏ အယူအဆအားဖြင့် ဖွဲ့စည်းထားသော စနစ်ဖြစ်သောကြောင့်ဖြစ်၏။ ကျမ်းစာနှင့် စပ်ဆိုင်သော အစိုးရ၏။ ဖွဲ့စည်းပုံသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်စပ်ဆိုင်သော ဒီမိုကရေစီ 'ဝါ' ဒီမိုကရက်တစ် သမ္မတနိုင်ငံဟု သတ်မှတ်ခေါ်ဝေါ်သော အုပ်ချုပ်ပုံစနစ်ထက် ပိုမိုကောင်းသည် ယခုအချိန်မှစ၍ ကျွန်ုပ်တို့သည် ဒီမိုကရေစီစနစ်ကို ကျင့်သုံးနေသော အချိန်ကာလ တစ်လျှောက်တွင် ကျွန်ုပ်တို့၏ စိတ်နှလုံးထဲတွင် ထားရှိသင့်သော အချက်များအနက် ဒီမိုကရက်တစ် သမ္မတနိုင်ငံသည် ပို၍ ကောင်း၏ 'ဝါ' ပြည်သူလူထုက ရွေးကောက် တင်မြှောက်ထားသော ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသော ဒီမိုကရေစီသည် ပိုမို၍ ကောင်း၏ 'ဝါ' ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းထားသော ဒီမိုကရေစီသည် သာ၍ ကောင်း၏ဟု လူတိုင်း၏ စိတ်ထဲတွင် ထားရှိသင့်ပါသည်။

ကျွန်ုပ်တို့သည် သမိုင်းတလျှောက်တွင် အခြားသော ဒီမိုကရေစီလှုပ်ရှားမှုများ၏ အမှားများကို ရှောင်ရှား လိုပါက လက်တွေ့ကျသော ဒီမိုကရေစီ ရုပ်သွင်ပြင်များ၏ အဓိပ္ပါယ်ကို ထုတ်ဖော်ရှင်းပြရန်လိုအပ်၏။ အောက်ပါတို့သည် အခြေခံကျသော အစိုးရဖွဲ့စည်းပုံ ၇ ချက်များဖြစ်၍ ၄င်းတို့ကို ကျမ်းစာထဲတွင် တွေ့မြင်၍ လူတစ်ဦးချင်းစီ၏ အခွင့်အရေးများနှင့် လွတ်လပ်ရေးကို လုံခြုံမှုရှိစေရန် အကာအကွယ်ပေးရေးအတွက် လိုအပ်သော အရာများဖြစ်ကြ၏။

## သမ္မတနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံ၏ ဖွဲ့စည်းမှုအခြေခံ သီးခြားလွတ်လပ်သောပြည်နယ်စနစ်ကို လိုလားသော အစိုးရ၏ ဗဟိုမှ အာဏာ များခွဲဝေပေးခြင်းစနစ်။

ကျွန်ုပ်တို့အခန်း ၃ တွင် တွေ့မြင်ခဲ့သည့်အတိုင်း ဘာသာတရားမရှိသော လူမျိုးများသည် ဗဟိုမှ အမိန့်အာဏာကို သုံး၍ ကြိုးကိုင်အုပ်ချုပ်သောစနစ်ကို ကျင့်သုံးခဲ့ကြသည်။ ဤစနစ်သည် (ကမ္ဘာဦးကျမ်း ၁၁) တွင် ဖော်ပြခဲ့သည့်အတိုင်း ဘုရားသခင်အပြစ်တင်တော်မူခဲ့သော ဘာဘေရဲတိုက်တည်ဆောက်ခြင်းမှ စတင်ဖြစ်ပေါ် လာခဲ့၏။ လူများအတွင်း၌ အမိန့်အာဏာတည်ရှိသည့် အချိန်ကတည်းက ဒီမိုကရက်တစ် အစိးရ၏ အခြေခံယူဆချက်များ စတင်အခြေခံခဲ့၏။ အစိုးရသည် အုပ်ချုပ်ခံလူများနှင့် အနီးကပ်ဆုံးနေထိုင်သင့်သည်။ ဒါဟာ အားကောင်းသော ဒေသခံအစိုးရများနှင့် သေးငယ်သော နိုင်ငံအစိုးရများထူထောင်ပေးခြင်းအားဖြင့် ပြည့်စုံစေနိုင်မည်ဖြစ်၏။ ဟေဗြဲသမ္မတနိုင်ငံသည် ဗဟိုမှအာဏာများခွဲဝေပေးသည် အစိုးရစနစ်ကို ကျင့်သုံးခဲ့သည်။ ဒါဟာ မိသားစုကို အခြေခံသောစနစ်မှဖြစ်ပေါ်လာခဲ့သည်။ ဟေဗြဲသမ္မတနိုင်ငံတွင် နိုင်ငံတော် အစိုးရထံမှသီးခြားလွတ်လပ်သော မြို့နှင့် လူမျိုးနွယ်စုအစိုးရများရှိပြီး ကိုယ်ပိုင်အုပ်ချုပ်ရေးရရှိကြ၏။ သူတို့ကို မြို့ကြီးများ၏ လူကြီးအရာ၌ ထားခြင်း ခံရသူများဖြစ်ကြ၏။ တဲတော်၏ တံခါးဝတွင် တွေ့ဆုံခဲ့ကြ၏။ (တောလည် ၁၁း၁၆–၁၇) ဤသို့ဖြင့် အမိန့်အာဏာများခွဲဝေခြင်းသည် ဗဟိုအုပ်ချုပ်ရေးစနစ်ကို စွဲကိုင်သော

မတရားအုပ်ချုပ်သူများကို ဆန့်ကျင်ရာ၌ အာကာအကွယ်ပေးလိမ့်မည်ဖြစ်ပြီး လူများကို အုပ်ချုပ်ရေးတွင် အပြည့်အဝပါဝင်ခွင့်ပေး၍ ဗဟိုအစိုးရရုံးတော်မှ စီးဆင်း လာသော အမိန့်အာဏာကို စောင့်ကြပ်ထိန်းသိမ်းစေခဲ့သည်။ (ဥပမာ – ဓမ္မရာဇဝင် တတိယ ၁၂း၁–၁၆) တွင် ယောဗေရင်သည် သူ၏ အကြံပေးပုဂ္ဂိုလ်များ၏ စကားကို နားထောင်သလား၊ နားမထောင်ခဲ့ပါ။ နားထောင်ခဲ့ပါက ဣသရေလနိုင်ငံသည် နှစ်ခြမ်းကွဲသွားမည်မဟုတ်ပေ။ သမိုင်းက ဖော်ပြခဲ့သည်မှာ အစိုးရ၏ ဗဟိုမှအာဏာကို သုံး၍ အုပ်ချုပ်ခြင်းသည် လူတစ်ဦး၏ အခွင့်အရေးများနှင့် လွတ်လပ်မှုကို ဖျက်စီးခဲ့သည်။ ကောင်းသော အစိုးရကို ရရှိနိုင်သော နည်းလမ်းသည် လူတစ်ယောက်တည်းကို အားကိုးယုံကြည်ခြင်းအစားလူများအကြားတွင် အာဏာများကို ခွဲဝေပေးခြင်းဖြစ်၏။ နိုင်ငံတစ်နိုင်ငံ တွင် လူထုအစိုးရသည် (ဒေသတစ်ခု၊ နယ်ပယ်ဒေသနှင့်ဆိုင်သော နိုင်ငံတော်နှင့်ဆိုင်သော) အုပ်ချုပ်ရေးကို ထပ်မံ၍ ခွဲခြမ်းသင့်ပေသည်။ ဤအဆင့် အသီးသီး၏ အမိန့်အာဏာကို သေချာစွာ ရှင်းပြ၍ ဤဒေသအသီးသီး၏ အုပ်ချုပ်ရေး အာဏာသည် တန်ခိုးကြီးမားကြောင်းကို ရှင်းပြခဲ့၏။ အဆင့်တန်းမရှိသော အစိုးရသည် အခြားသူများ၏ နယ်ပယ်အားလုံးကို မတရားသိမ်းယူတတ်၏။ ကြီးမားသော အမိန့် အာဏာသည် ဒေသခံအဆင့်ပေါ်တွင် မူတည်၏။ နိုင်ငံတော်အစိုးရ၏ ကန့်သတ်သောအမိန့်အာဏာများအကြောင်းကို အသင်းအဖွဲ့များထဲတွင် ထင်ရှား သေချာစွာ ရှင်းပြသင့်ပါသည်။ ဤအမိန့်အာဏာများအကြောင်းကို အသင်းအဖွဲ့ များထဲတွင် ထင်ရှားသေချာစွာ ရှင်းပြသင့်ပါသည်။ ဤအမိန့်အာဏာများသည် နိုင်ငံတော်အုပ်ချုပ်ရေးတွင်ပါဝင်ကြပြီး ၎င်းတို့မှာ ကာကွယ်ရေးနိုင်ငံခြားပေါ်လစီ၊ လိုက်နာရမည့် စည်းမျဉ်းစည်းကမ်းများနှင့် နိုင်ငံခြားကုန်သွယ်ရေး၊ နိုင်ငံသားများ လိုက်နာရမည့်စည်းမျဉ်းစည်းကမ်းများနှင့် နိုင်ငံခြားကုန်သွယ်ရေး၊ နိုင်ငံသားများ လိုက်နာရမည့် ဥပဒေများ ငွေဒင်္ဂါးသွန်းလုပ်ခြင်းနှင့် (စာ) မူပိုင်ခွင့်များဖြစ်ကြသည်။ အခြားသော အမိန့်အာဏာ အားလုံးသည် အုပ်ချုပ်ခံလူများရရှိသော အာဏာဖြစ်သည်။

သို့မဟုတ် ဒေသခံပြည်သူများနှင့် ဒေသဆိုင်ရာ အစိုးရများအတွက် ဖြစ်သည်။ ဒေသတစ်ခုတွင် နေထိုင်သောလူများနှင့် ဒေသဆိုင်ရာ အစိုးရ၏ အမိန့်အာဏာများကို ဒေသဆိုင်ရာ အဖွဲ့စည်းအတွက် ပြဋ္ဌာန်း၍ ယာဉ်ထိန်းသိမ်းရေးစည်းမျဉ်း၊

အရောင်းအဝယ် စည်းကမ်းများ၊ လူထုနှင့်ဆိုင်သော လုပ်ငန်းများ၊ မဲပေးခြင်းလုပ်ငန်း အဆင့်ဆင့်များနှင့် ဥပဒေနှင့် အမိန့် စသည်တို့အတွက် ပြဋ္ဌာန်းခဲ့သည်။ (မဿဲ ၂၂း၃၆–၄၀) တွင် ယေရှုက ဤသို့မိန့်မှာတော်မူခဲ့၏။ ''သင်၏ ဘုရားသခင်ထာဝရ ဘုရားကို စိတ်နှလုံး အကြွင်းမဲ့ညဏ်ရှိသမျှနှင့်သင့် ချစ်လော့ ဟူသော ပညတ်သည် ပထမပညတ်ဖြစ်၏။ ကြီးမြတ်သော ပညတ်လည်းဖြစ်၏။ ထိုမှတပါး ကိုယ်နှင့်စပ်ဆိုင်သော သူကို ကိုယ်နှင့်အမျှ ချစ်လော့ဟူသော ဒုတိယပညတ်သည် ပထမပညတ်နှင့် သဘောတူ၏။ ဤပညတ်နှစ်ပါး တို့ကား ပညတ္တိကျမ်းနှင့် အနာဂတ္တိကျမ်းရှိသမျှတို့၏ အချုပ်အခြာပင်ဖြစ် သတည်းဟု မိန့်တော်မူ၏။ ယေရှုက ဤသို့မိန့်တော်မူခဲ့၏။ ''ကဲသာဘုရင်'' သည် ထင်ရှားစွာပြဋ္ဌာန်းထားခဲ့သော အရာများနှင့် အခြားအဖွဲ့ကစည်းများဖြစ်ကြသော အသင်းတော်နှင့် မိသားစုများ၏ လုပ်ရန်ရှိသော တာဝန်ဝတ္တရားများနှင့် တရားစီရင် ပိုင်သော နယ်ပယ်၏ ကြီးမြတ်သော အခွင့်အရေးများကိုသာပြုလုပ် နိုင်ပါ လိမ့်မည်။ ဒါဟာ ဒေသန္တရအစိုးရများနှင့် နိုင်ငံတော်အစိုးရများ အကြားတွင်လည်း မှန်ကန်မှုရှိခဲ့၏။

## ဖွဲ့စည်းပုံအခြေခံဥပဒေအရတိုင်းပြည်အုပ်ချုပ်မှုကိုသာ ယုံကြည်သောဝါဒ

ဤဝါဒ၏ အယူအဆသည် ဟေဗြဲသမ္မတနိုင်ငံဖွဲ့စည်းခဲ့သော အချိန် မောရှေက ဆိုင်းနိုင်းတောင်ထိပ်တွင် သူ့လူများကို ပဋိညာဉ်စာချုပ်ကို ပေးခဲ့ကြသောအချိန်တွင် စတင်ခဲ့သည်။ ဤပဋိညာဉ်စာအုပ်ထဲတွင် မောရှေ၏ ပညတ်တော် (၁၀) ပါးနှင့် ဥပဒေ၏ အပေါင်းအဖော်များပါဝင်ကြသည်။ စင်စစ်အားဖြင့် ပညတ်တော်များကို ဘုရားသခင် ရေးပေးတော်မူသည်ဖြစ်၍ ၎င်းကို လူများလိုက်နာရန်အတွက် လူထုဆီသို့ အပ်နှံခဲ့ကြ၏။ လူများသည် အကျိုးကျေးဇူးများခံစားဘို့ရန်အတွက် ပညတ်တော်အတိုင်း အသက်ရှင်ရမည်ဖြစ်၏။ လူများသည် ဥပဒေပြဋ္ဌာန်းခြင်းမရှိမီအချိန်တွင် သူတို့ သဘောတူရမည်ဖြစ်သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ 'ဝါ' တိုင်းရင်းသား ပဋိညာဉ်စာချုပ်၏ အယူအဆများရှိခဲ့ပြီးဖြစ်၏။ နောက်ပိုင်းတွင် ဣသရေလ လူမျိုးတို့သည် ရှင်ဘုရင်ရှိလာသောအခါ သူတို့၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ ဖြစ်သော ပညတ်တော်စာအုပ်အတိုင်း အုပ်ချုပ်ရမည်ဟု ဂတိပေးခဲ့သော နေရာပဋိညာဉ်

ရှိသောနေရာသို့ လူများနှင့်အတူ ဝင်လာမည်ဖြစ်၏။ (တရားဟော ၁၇း၁၄–၂၀) ဒါဝိဒ်အတွက် ဒါဟာအကြောင်းမဟုတ်ပါဘူး။ အဘယ့်ကြောင့်ဆိုသော်သူသည် ဘုရားသခင် စေခိုင်းတော်မူသော ပရောဖတ်တစ်ပါးက ဆီသုတ်လိမ်း၍ ဘိသိတ်သွင်းသောသူဖြစ်သောကြောင့် ပဋိညာဉ်ရှိရာသို့ လူများ၏ ကိုယ်စားလှယ်များနှင့်အတူ ဝင်လာရမည်ဖြစ်၏။ ဤအယူအဆသည် အမိန့်အာဏာသည် အုပ်ချုပ်ရေး၏ သဘောတူခွင့်ပြုချက်မှလာသည်ဟူသော အမေရိကန်ပြည်ထောင်စု၏ လွတ်လပ်ရေးကြေညာချက်တွင် ပြောဆိုသောစကားနှင့် ကောင်းစွာ ချိတ်ဆက်မှုရှိ၏။ ဤအယူအဆသည် သီးခြားပြည်နယ်လွတ်လပ်ရေး၏ အကြံအစည်၏ အစိတ်အပိုင်းဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် ၎င်းသည် လက်တင်စကား "ဖိုးဒပ်စ်" မှ လာ၍ အဓိပ္ပါယ်မှာ ပဋိညာဉ်ဟု အဓိပ္ပါယ်ရသည်။ ဗဟိုမှ ကြိုးကိုင်၍ အုပ်ချုပ်သော အစိုးရသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးသားပြဋ္ဌာန်းခြင်း 'ဝါ' စာချုပ်များ ချုပ်ဆိုထားခြင်း စသည်တို့ကို ပြုလုပ်ခြင်းဖြင့် လူများကို နိုင်ငံတော်အစိုးရသည် မိမိ၏ အခွင့်အာဏာကို ကျော်တက်၊ မကျော်တက်ကို သိလာနိုင်စေရန် လူများကို သဘောပေါက်သိမြင်နိုင်စေလိမ့်မည်ဖြစ်၏။ ဤသို့ အမိန့်အာဏာကို အသုံးပြု၍ မတရားအာဏာသိမ်းယူခြင်းကို ဒေသန္တရအစိုးရနှင့် ဒေသဆိုင်ရာ အစိုးရများသည် အတူတကွ စုစည်း၍ ခုခံတော်လှန်နိုင်ပါသည်။

ဤဗဟိုမှကြိုးကိုင်၍ အုပ်ချုပ်သော အစိုးရတွင် နိုင်ငံတော်အုပ်ချုပ်ရေးပါတီ မဟုတ်သော ဖွဲ့စည်းအုပ်ချုပ်ပုံသည် အထွက်အထိက်ဖြစ်၏။ ၎င်းသည် ဒေသန္တရနှင့် ဒေသဆိုင်ရာ အစိုးရများနှင့် လူများ၏ သဘောတူခွင့်ပြုချက်ဖြင့် ပိုမိုကောင်းမွန်လာအောင်ပြုပြင်ဘို့ရန်အတွက်သာဖြစ်သင့်၏။ လွတ်လပ်ရေး၏ အစိုးရသည် ဥပဒေများ၏ အစိုးရဖြစ်ရမည်။ အုပ်ချုပ်သူများ၏ အစိုးရမဖြစ်သင့်ပေ။ စစ်မှန်သော ဒီမိုကရေစီတွင် လူများစုပါဝင်သောအဖွဲ့စည်းက အုပ်ချုပ်ရေးအာဏာကို ရယူမည်ဖြစ်၏။ လူနည်းစု၏ အခွင့်ရေးများသည် ဤကဲ့သို့သော အစိုးရအောက်တွင် အန္တရယ်ကျရောက် စေနိုင်သည်။ ထိုကြောင့် အကောင်းဆုံးသော ဒီမိုကရေစီ၏ ဖွဲ့စည်းပုံသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်စပ်ဆိုင်သော ဒီမိုကရေစီ ဖြစ်ရမည်။

ဤနေရာတွင် ဥပဒေသည် အကြီးဆုံးနှင့် အရေးကြီးဆုံးစွဲ၍ လူများ၏ အခွင့်ရေးများကို အကာအကွယ်ပေးသည်။ သမိုင်းတလျောက်လူများကို ဥပဒေများက

လူမျိုးများကို လွှတ်မြောက်စေခြင်း

အုပ်ချုပ်၍ သူတို့၏ အုပ်ချုပ်သူများက စည်းကြပ်ဆောင်ရွက်ကြသည်။ ဤနေရာတွင် အုပ်ချုပ်သူခေါင်းဆောင်များသည် ရွေးချယ်စရာ ဘာမှမရှိပါ။ ဒီမိုကရေစီ အုပ်ချုပ်ရေးစနစ်တွင် လူများသည် သူတို့၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ဖွဲ့စည်း၍ သဘောတူညီမှုရှိရမည်။ ဤနေရာတွင် လူများသည် ဥပဒေ၏ အစိုးရကို ဖွဲ့စည်းတည်ထောင်ခဲ့ကြ၏။ အုပ်ချုပ်သူများ၏ ဥပဒေ၏ အစိုးရမဟုတ်ပါ။ လူများနှင့် အုပ်ချုပ်သူများ နှစ်ခုစလုံးသည် ဥပဒေအောက်တွင် ရှိနေကြ၏။ ဒါဟာ လူတစ်ဦးချင်း၏ ကိုယ်ပိုင်ပစ္စည်းများနှင့် လွတ်လပ်ရေးနှင့် အသက်တာအတွက် အခွင့်အရေးများကို ကာကွယ်ရန်အတွက်သာမကဘဲ၊ သူတို့၏ အစိုးရထံမှ ဆဲရေးတိုင်းထွာခြင်းများမှလည်း ကာကွယ်ရန်ဖြစ်၏။ ဥပဒေသည် အထွက်အထိပ်ဖြစ်လာကတည်းက လူများကို မတရားအုပ်ချုပ်သော သူများထံမှ ကာကွယ်ရန်ဖြစ်၏။

Constitutional
Republic ဖွဲ့စည်းအုပ်ချုပ်
ပုံ အခြေခံဥပဒေဆိုင်ရာ သမ္မတနိုင်ငံ
------
Decemtralization
ဗဟိုမှ အာဏာများခွဲဝေပေးခြင်း
constitutionalism
ဖွဲ့စည်းပုံအရတိုင်ပြည်အုပ်ချုပ်သောဝါဒ
separation
ခွဲခွာခြင်း
Jury Trial ဂျူရီလူကြီးများ
civilian control
နိုင်ငံသားများကို ထိန်းချုပ်ခြင်း
Bicameralism
ဥပဒေပြု အထက်အောက်လွှတ်တော်
eRepresentatives

လူမျိုးများကို လွတ်မြောက်စေခြင်း

ပြည်သူ့ကိုယ်စားလှယ်များ

----

Self- Government

ကိုယ်ကိုယ်ကိုအုပ်ချုပ်ခြင်း

Union (စည်းလုံးခြင်း)

Individuality (သီးခြားရပ်တည်မှု)

Property (ပစ္စည်းဥစ္စာ)

Education (ပညာရေး)

Morality (အကျင့်သိက္ခာ)

Faith (ယုံကြည်ခြင်း)

------

## The power and form of a free Government
## (လွတ်လပ်သော အစိုးရ၏ ဖွဲ့စည်းပုံနှင့် ဩဇာအာဏာ)

ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသည် အစိုးရ၏ အမိန့်အာဏာကို ကန့်သတ်၍ အဓိပ္ပါယ်ရှင်းပြသည်။ ဤအဖွဲ့စည်း အုပ်ချုပ်ပုံ အခြေခံဥပဒေသည် အုပ်ချုပ်သူများကို အမိန့်အာဏာများလွဲမှားစွာ အသုံးမပြုနိုင်အောင် သံကြိုးကွင်းခတ်သကဲ့သို့ ချည်နှောင်ထားခဲ့သည်။ ဥပဒေများကို စာဖြင့် ရေးသား၍ ပြဋ္ဌာန်းထားသဖြင့် မေ့ပျောက်နိုင်ရန် မလွယ်ကူပေ။ ဤဥပဒေအောက်တွင် မည်သည့် အစိုးရလက်ထက်တွင် မဆို လူများသည် လွတ်လပ်မှုရှိကြ၏။ မည်သို့သော ဖွဲ့စည်းမှုဖြစ်ပါစေ ဥပဒေစိုးမိုးသော နေရာတွင် လူများသည် ထိုဥပဒေများဘက်တွင် ရှိနေကြသဖြင့် စိုးရိမ်စရာမရှိခဲ့ပါ။ မည်သည့် အစိုးရအစိုးရမဆို ဤဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ဆန့်ကျင်ဘက် ပြုလုပ်ပါက မတရားအုပ်ချုပ်သူဖြစ်ပါလိမ့်မည်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ဖွဲ့စည်းခဲ့ကြသော ပြည်သူလူထုသည် အခြားသူများ၏ ရရှိသော အခွင့်အရေးများကို မငြင်းဆိုသင့်ပေ။ အခြေခံဥပဒေသည် လူအားလုံးကို နိုင်ငံရေးအခြေအနေ၊ ဘာသာရေး၊ လူမျိုးရေး၊ ချမ်းသာခြင်း၊

လူမှုရေးအခြေအနေ 'ဝါ' ယုံကြည်ခြင်းစသည်တို့တွင် ပမာမထားဘဲ ညီတူညီမျှ အသုံးချခဲ့သည်။ လူအားလုံးသည် ပစ္စည်းဥစ္စာများကို ရယူပိုင်ဆိုင်ခြင်းနှင့် လွတ်မြောက်ရေး၊ သူတို့၏ အသက်တာများကို ကာကွယ်ပေးရေးတွင် ဥပဒေရှေ့မှောက်တွင် ညီတူညီမျှ ခံစားကြရ၏။ ပါလီမန်လွှတ်တော် အုပ်ချုပ်ရေးနှင့် ပတ်သက်၍ တရားဥပဒေ၏ အရေးပါဆုံးသော ဇစ်မြစ်သည် ပါလီမန် လွှတ်တော်ဖြစ်၍ ဤပါလီမန်လွှတ်တော်သည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေထက်သာ၍ အရေးကြီး၏။ ပါလီမန်လွှတ်တော်သည် အများစုဖြစ်သော ပေါင်းအဖွဲ့များ၏ အကျိုးအမြတ်ရရှိရေးကို ဦးစားပေးလာကာ လူနည်းစုနှင့် တစ်ဦးချင်းစီ၏ အခွင့်အရေးများကို ဖိနှိပ်ချုပ်ချယ်လာနိုင်၏။ လူမျိုးနွယ်စု 'ဝါ' စပါယ်ရှယ်အုပ်စုများ၏ အခွင့်အရေးများပေါ်တွင် အခြေခံ၍ မည်သည့်ချဉ်းကပ်နည်းမဆိုနောက်ဆုံးတွင် အန္တရာယ်ရှိတတ်၏။ ပထဝီဝင်နှင့် ပတ်သက်သော ကိုယ်စားပြုသည့်အရာသည် ကျမ်းစာဖြစ်၍ လူမျိုးများဆိုင်ရာ 'ဝါ' လူမျိုးစုဆိုင်ရာများသည် ကျမ်းစာနှင့်ဆိုင်သော အရာမဟုတ်ပေ။ (ထွက်မြောက် ၂၄း၁)

## အမိန့်အာဏာများခွဲခွာနေရခြင်း

မည်သည့်အစိုးရဖွဲ့စည်းရေးတွင်မဆို၊ အခက်အခဲတစ်ခုကတော့ အုပ်ချုပ်သော လူများကို ထိန်းချုပ်နိုင်စွမ်းဆောင် နိုင်စေ၍ အစိုးရကိုယ်တိုင်သည်လည်း သူ့ကိုယ်သူ အုပ်ချုပ်နိုင်ရန် အာမခံထားသည်။ လူများသည် အမိန့်အာဏာရရှိလာသောအခါ မဟုတ်မတရားပြုလုပ်တတ်ကြ၏။ အမိန့်အာဏာကို အလွန်အကျွံသုံးလျှင် ပျက်စီးတတ်၏။ အာဏာကို အကြွင်းမဲ့သုံးလျှင် အကြွင်းမဲ့ပျက်စီး၏ဟု ဆိုရိုးစကားရှိ၏။ မဟုတ်မတရားပြုလုပ်ခြင်းဘက်သို့ တိမ်းညွှတ်သော ကြောင့် ကျွန်ုပ်တို့၏ လူထုအုပ်ချုပ်သူများထဲတွင် အာဏာကို ကန့်သတ်ပေးရမည်ဖြစ်၏။ ကျွန်ုပ်တို့တွေ့မြင်ခဲ့သည်မှာ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် တိကျသော အမိန့်ပေးခြင်းသည် တနည်းတလမ်းအားဖြင့် ဤအချက်ကို ပြည့်စုံစေရန် ဖြစ်သည်။ အခြားသောနည်းလမ်းတစ်ခုသည် အစိုးရနှင့်စပ်ဆိုင်သော အမိန့်အာဏာများကို ကွဲပြားခြားနားသော အကိုင်းအခက်များအဖြစ် ကွဲပြားခြားနားသော အမှုထမ်းအရာထမ်းများ၏ အကိုင်းအသီးသီးသို့ ခွဲပေးကြရပါမည်။ အစိုးရတိုင်းသည် ဤလုပ်ဆောင်ချက်သုံးရပ်ကို

ကျင့်သုံးကြရသည်။
– တရားဥပဒေပြဋ္ဌာန်းခြင်းနှင့် လိုက်နာခြင်း၊
– ဥပဒေများကို လိုက်နာရန်နှင့် တရားရေးရာနှင့်ဆိုင်သော ဥပဒေများကို ဘာသာပြန်ခြင်းစသည်တို့ကို ပြုလုပ်ကြသည်။ ဟေဗြဲသမ္မတနိုင်ငံတွင် ဤလုပ်ဆောင်ချက် ၃ ရပ်ကို အသိမှတ်ပြုကြ၏။ (ဟေရှာယ ၃၃း၂၂)တွင် ဤသို့ဖော်ပြ၏။ ''ဘုရားသခင်သည် ကျွန်ုပ်တို့၏ ရှင်ဘုရင်ဖြစ်တော်မူသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ပညတ်တော်ကိုပေးသောသူ ဖြစ်တော်မူ၏။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ တရားသူကြီးဖြစ်တော်မူ၏။'' ဘုရားသခင်သည် ပြည့်စုံတော်မူသော ဘုရားဖြစ်၍ ခပ်သိမ်းသောအရာအားလုံးကို သူ၏ အသိဉာဏ်ဖြင့် ဖြောင့်မတ်စွာ စီရင်တော်မူ၏။ သို့သော် အပြစ်သားများဖြစ်ကြသော လူသားများ၏ အသိပညာသည် ကန့်သတ်ချက် ရှိ၏။ ဥပဒေပြဋ္ဌာန်းရေး၊ စီမံဆောင်ရွက်ရေးနှင့် တရားရေးဌာနများအကြားတွင် အမှုထမ်းအရာထမ်းများနှင့် ဆောင်ရွက်ချက်များ၏ ခွဲခြားမှုရှိ၏။ အဖွဲ့အစည်းတစ်ခုတွင် ခွဲခြမ်းသောလုပ်ဆောင်ချက်များကို ပြဋ္ဌာန်းခြင်းဖြင့် ခွဲခြားသော အကိုင်းအခက် ၃ ခုကို တည်ထောင်ခဲ့ကြ၏။ ၄င်းသည် အစိုးရနှင့်စပ်ဆိုင်သော အမိန့်အာဏာများ၏ မဟုတ်မတရားပြုခြင်းကို အတွင်းပိုင်းအားဖြင့် ဆောင်ရွက်ခြင်းဖြစ်၏။ လူသားများသည် ကောင်းကင်တမန်များမဟုတ်သဖြင့် ကိုယ့်ကိုယ်ကို ထိန်းချုပ်မှုမပြုနိုင်သောအခါတွင် အမိန့်အာဏာများခွဲခြမ်းခြင်းက မတရားအုပ်ချုပ်သော အုပ်ချုပ်သူများထံမှ ကာကွယ်ပေးလိမ့်မည်ဖြစ်၏။ ၁၇၄၈ ခုနှစ်တွင် ပြင်သစ်နိုင်ငံရေးဆရာ မွန်တက်စ်ကျိုက ဝိညာဉ်ဥပဒေများကို ရေးသားထုတ်ဝေခဲ့၏။ လူတစ်ယောက်၏ စိတ်နှလုံးထဲတွင် ဥပဒေပြဋ္ဌာန်းသော အဖွဲ့၊ စီမံဆောင်ရွက်ခြင်းအဖွဲ့နှင့် တရားသူကြီးများ အဖွဲ့တို့ ပေါင်းစည်း လာသောအခါ ၄င်းလူသည် လွတ်လပ်မှုလုံးဝမရရှိခဲ့ပေ။ အဘယ့်ကြောင့် ဆိုသော် စိုးရိမ်ကြောင့်ကြမှုဖြစ်ပေါ်စေပြီး သို့မဟုတ် သက်ဦးဆိုင်ပိုင ဘုရင်ကေရာဇ် 'ဝ်' အထက်လွှတ်တော်အမတ်က မတရားအုပ်ချုပ်သော ဥပဒေများကို ပြဋ္ဌာန်းပြီး လိုက်နာဆောင်ရွက်စေသောကြောင့်ဖြစ်၏။ နောက်တဖန် နိုင်ငံတော် တရားသူကြီးများ၏ အမိန့်အာဏာများသည် ဥပဒေပြဋ္ဌာန်းရေးနှင့် စီမံဆောင်ရွက်ခြင်းမှ ခွဲခြားခြင်းမရှိပါက လွတ်လပ်မှုမရှိနိုင်ပါ။ နိုင်ငံတော်တရားသူကြီးများနှင့်

စီမံဆောင်ရွက်မှုများသည် တရားဥပဒေပြဋ္ဌာန်းခြင်းအဖွဲ့နှင့် ပူးပေါင်းလာသောအခါ လူ့အသက်တာ၏ လွတ်လပ်ရေးသည် ကျိုးကြောင်းဆင်ခြင်းမှုမရှိသော ထိန်းချုပ်မှုအောက်တွင် ကျရောက်လာမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် တရားသူကြီးသည် တရားဥပဒေပြဋ္ဌာန်းသူဖြစ်သောကြောင့် ဖြစ်၏။ တရားဥပဒေပြဋ္ဌာန်းထားသော သူများသည် စီမံဆောင်ရွက်သူများနှင့် ပူးပေါင်းမိပါက အပြုအမူဆိုးသော မတရားပြုမှုနှင့် ဖိနှိပ်ချုပ်ချယ်မှုများကို ပြုလုပ်လာတတ်သည်။ လူတစ်ယောက် 'ဝါ' အနည်းငယ်သော လူများ၏ လက်ထဲတွင် ဥပဒေပြဋ္ဌာန်းခြင်း၊ စီမံဆောင်ရွက်ခြင်း၊ တရားစီရင်ခြင်းစသော အမိန့်အာဏာများစုပုံလာပါက မတရားအုပ်ချုပ်သော စနစ်၏ အကျိုးသက်ရောက်မှုရှိ ပါ၏။ ဒါဟာ မှန်ကန်ပါသည်။ မျိုးရိုးလိုက်ဖြစ်သော သူ့ကိုယ်ကို ရွေးချယ်ထားသော 'ဝါ' အမှုုးပြည်သူလူထုက ရွေးချယ်ထားသော အုပ်ချုပ်သူများသည် ပင်လျှင် ဥပဒေပြဋ္ဌာန်းခြင်း၊ စီမံဆောင်ရွက်ခြင်းနှင့် တရားစီရင်ခြင်းစသော အမိန့်အာဏာများကို ရရှိလာပါက မတရားအုပ်ချုပ်သော စနစ်ကို ကျင့်သုံး လာတတ် ကြ၏။ လူများသို့လွယ်လင့်တကူ အုပ်ချုပ်ရေးအမိန့်အာဏာများကိုပေး၍ ခေါင်းဆောင်ရမည့်သူများကို ရွေးချယ်ပိုင်ခွင့်ပေးခြင်းသည် လူအားလုံးအတွက် လွတ်လပ်ရေး လုံခြုံမှု၏ အာမခံချက်ကို ပေးနိုင်မည်မဟုတ်ပါ။ ထောင်ပေါင်းများစွာသော မတရားအုပ်စိုးသူများသည် မတရားဖိနှိပ်ချုပ်ချယ်ရာ၌ လူတစ်ဦးကဲ့သို့ တူညီမှုရှိကြ၏။ မတရားအုပ်ချုပ်ရေးအတွက် မဲပေးရွေးချယ်ခြင်းစနစ်တည်ထောင်ခြင်းကို ကျွန်ုပ်တို့အလိုမရှိပါ။ အစိုးရနှင့်စပ်ဆိုင်သော အမိန့်အာဏာများကို အကိုင်းအခက်များ ၃ ခုခွဲခြမ်းထားခြင်းသည် လူများ၏ အခွင့်အရေးများနှင့် လွတ်လပ်ရေးများကို အန္တရာယ်ပေးခြင်းမှ ကာကွယ်ထိန်းသိမ်းရန် အစိုးရအပေါ်တွင် ထိန်းချုပ်ခြင်းများ လိုအပ်ခဲ့သည်။ ဤအကိုင်းအခတ် ၃ ခုသည် တစ်ဦးကိုတစ်ဦး လွတ်လပ်မှုရှိကြ၍ အခြားအကိုင်းများ၏ ထိန်းချုပ်ခြင်းကို မခံရပါ။ ဥပမာအားဖြင့် ဥပဒေပြဋ္ဌာန်းသော အကိုင်းများသည် စီမံဆောင်ရွက်ရေး 'ဝါ' တရားစီရင်ခြင်းကို အလွယ်တကူ ရွှေ့ပြောင်းနိုင်လိမ့်မည်မဟုတ်ပါ။ ထိုနည်းတူ စီမံဆောင်ရွက်ရေးအကိုင်းသည် တရားဥပဒေပြဋ္ဌာန်း 'ဝါ' တရားစီရင်ခြင်းကို ဖျက်သိမ်းရန် တတ်နိုင်လိမ့်မည်မဟုတ်ပါ။ လွတ်လပ်ရေးရနေသော အချိန်တွင် ဤအကိုင်းများသည် လုံးလုံးလျားလျား

မခွဲခြားသင့်ပေ။ သို့သော် တည်ငြိမ်သော အခြေအနေနှင့် စစ်ဆေးခြင်းများ၏ နည်းစနစ်မှ တဆင့် အတူတကွ စုစုစည်းစည်းနေသင့်သည်။ ဤသို့ဖြင့် စုစုစည်းစည်း နေခြင်းသည် အကိုင်းအခက်အသီးသီးကို ဌာနတစ်ခုက အခြားဌာန တစ်ခုသို့ ဝင်ရောက်ကျူးကျော်ခြင်းကို ဆန့်ကျင်ခြင်းပြုလုပ်ရန် ခွင့်ပြုခဲ့သည်။ ဤကဲ့သို့ ဌာနတစ်ခုသည် အခြားဌာနတစ်ခုသို့ ဝင်ရောက်ကျူးကျော်ခြင်းပြုသည်ကို မတရားအုပ်စိုးသောစနစ်၏ အမြေရလဒ်ဖြစ်ကြောင်း သိရှိနိုင်သည်။

ချိန်ခွင်လျှာတူညီခြင်းနှင့် မှန်မမှန်စစ်ဆေးခြင်းများ၏ ဥပမာတစ်ခုသည် ဗီတိုအာဏာကို အသုံးပြုခွင့်ရှိသော စီမံဆောင်ရွက်ရေးဆိုင်ရာ အဖွဲ့ဖြစ်၍ ဥပဒေပြုအဖွဲ့က ဗီတိုအာဏာသုံးခွင့်ပြုပြီး၊ ဗီတိုအာဏာကို အသုံးပြုနိုင်ရန် မဲပေးသော လူဦးရေရာခိုင်နှုန်းပိုမိုများပြားလာမှ သုံးပိုင်ခွင့်ရရှိခဲ့ကြသည်။ ချိန်ခွင်လျှာတူညီချင်းနှင့် မှန်မမှန်စစ်ဆေးခြင်း၏ နည်းစနစ်ကို သေချာစွာ ရှင်းပြခြင်းသည် အမိန့်အာဏာများ သုံးကိုင်းခွဲခြားခြင်း၏ ဆက်လက်တည်တံ့ရေးကို အကူအညီပေးမည်ဖြစ်ပါသည်။ အမိန့်အာဏာများခွဲခြမ်းခြင်းသည် အစိုးရ၏ ဌာနများအကြားတွင် ပဋိပက္ခများ ဖြစ်ပေါ်လာစေသောအခါ ဤအမိန့်အာဏာများ ခွဲခြမ်းခြင်းသည် ချိန်ခွင်လျှာ တူညီခြင်းနှင့် မှန်မမှန်စစ်ဆေးခြင်း၏ နည်းစနစ်နှင့် အစိုးရ၏ အကိုင်းသုံးကိုင် (ဌာန သုံးခု) ကိုစောင့်ရှောက်ထိန်းသိမ်းရေးအတွက် အကူညီပေးမည်ဖြစ်၏။ ဤဌာန ၃ ခုကို စောင့်ရှောက်ထိန်းသိမ်းခြင်းသည် သူတို့ကို ဖွဲ့စည်းခြင်းကဲ့သို့ အရေးကြီးလိုအပ်၏။

## ဂျူရီလူကြီးများ၏ တရားစီရင်ခြင်းနှင့် လွတ်လပ်သောနိုင်ငံတော်တရားရုံးများ

အခြားသော အစိုးရနှင့်စပ်ဆိုင်သော အမိန့်အာဏာများကို အလွဲ သုံးစားပြုသောသူများကို မှန်မမှန် စစ်ဆေးနိုင်ရေးအတွက် ဂျူရီလူကြီးများ၏ အမှုစစ်ဆေးခြင်းနှင့် စီမံဆောင်ရွက်ရေး ‘ဝါ’ ဥပဒေပြုဌာန်းသော ဌာန၏ လွတ်လပ်သော တရားသူကြီးများနှင့် တရားရုံးများထားရှိရေးစနစ်ရှိရန်လိုအပ်သည်။ ဥပဒေစိုးမိုးမှုရှိသော နိုင်ငံတစ်နိုင်ငံတွင် မည်သည့်ဥပဒေချိုးဖောက်မှုမဆို စစ်ဆေးမှုများပြုလုပ်ရန် တရားသူကြီးထားရှိရန် လိုအပ်လာ၏။ အမှားပြုလုပ်သော

သူများကို အပြစ်ဒဏ် ချမှတ်ရပြီး၊ သူ့ထံမှလျော်ကြေးများ တောင်းခံရန်နှင့် ဤသို့ရာဇဝတ်မှုများကို နောက်ထပ်မကျူးလွန်ရန် ဟန့်တားမှုပြုလုပ်ပြီး၊ အပြစ်ရှိသူနှင့် အပြစ်ကင်းစင်သူများကို ခွဲခြားရန် စနစ်တကျတရားစီရင်ခြင်းကိုလည်း ပြုလုပ်မည်ဖြစ်၏။ တရားသူကြီးများသည် တရားစီရင်ရာတွင် ဥပဒေ၏ ဗဟုသုတများကို သိကျွမ်းသူဖြစ်သည်သာမက ရိုးသားဖြောင့်မတ်သော သူလည်းဖြစ်ရမည့်အပြင် လာဒ်ပေးလာဒ်ယူခြင်းများကိုလည်း ငြင်းပယ်၍ မျက်နှာလိုက်ဦးစားပေးခြင်းကို မပြုလုပ်ရန် သတိထားရပါမည်။ ဟေဗြဲသမ္မတနိုင်ငံသည် အမှုများကို စစ်ဆေးရာတွင် မျက်နှာလိုက်မှုရှိခြင်းနှင့် လွတ်လပ်သောတရားစီရင်ဆုံးဖြတ်ခြင်းရှိသည်ကို အလေးအနက်ပြုလုပ်ထားသည်။ (၂ရာဇဝင်ချုပ် ၁၉း၅–၁၀) (ထွက်မြောက် ၂၃း၁–၃) (တရားဟော ၁၇း၆) ၄င်းကို (တရားဟောကျမ်း ၁၉း၁၅–၁၉) တါင် အခိုင်အမာဖော်ပြခဲ့၏။

(၁) လူသည် ပြုမိသောဒုစရိုက်ပြစ်မှားမိသော အပြစ်ကို စစ်ကြောသောအခါ သက်သေခံတစ်ဦးတည်ရှိလျှင် သူ၏စကားမတည်ရ။ (၂) ဥပဒေ၏ လုပ်နည်းအစဉ်ကို ပေးဆပ်ရန် အခွင့်အရေးရှိသည်။

(၃) လူတစ်ယောက်ကို အခြားလူတစ်ယောက်၌ အပြစ်ရှိကြောင်းကို သက်သေခံရန် အတင်းမခိုင်းသင့်ပါ။

(၄) စွပ်စွဲသူလူကိုယ်တိုင်က သင့်ကို ရင်ဆိုင်ရန် ရောက်လာမည်ဖြစ်၏။ သို့မှသာ အပြန်ပြန်အလှန်လှန်စစ်မေးလို့ ရမည်ဖြစ်၏။

(၅) ပို၍ မြင့်သော တရားရုံးသို့ အမှုကို အယူခံနိုင်ရန် အခွင့်အရေးရှိသည်။ (တရားဟော ၁း၁၉) သမိုင်းသည် သူတို့၏ နိုင်ငံရေးဆိုင်ရာ အစီစဉ်များ တိုးတက်ဖြစ်မြောက်စေရန်အတွက် အစိုးရအာဏာပိုင်များက ကျင်လည်စွာ ကိုင်တွယ်သော တရားသူကြီးများ၏ ဥပမာများနှင့် ပြည့်လျှံ၍နေပါသည်။ လွတ်လပ်သော နိုင်ငံတော်တရားစီရင်ခြင်းသည် အခြေခံဖွဲ့စည်းပုံအရ တည်ထောင်ခဲ့သော နယ်နိမိတ်ပိုင်း ခြားသတ်မှတ်ခြင်းကို ဆက်လက်တည်တံ့စေရေးအတွက် အာမခံရန် အရေးကြီးသော ကဏ္ဍာဖြစ်ပါသည်။ နိုင်ငံရေးနှင့်ပတ်သက်သော ဖိအားပေးမှုဘက်သို့ စိတ်ဓါတ် တိမ်းညွှတ်မည် မဟုတ်သော ရွေးချယ်ခြင်းမခံရသော လူတစ်ဦးချင်းစီ၏ တရားစီရင် ရေးစနစ်ကို

ပြုလုပ်သင့်ပေသည်။

တရားရုံးဝန်ထမ်းများသည် အစိုးရ ဥပဒေပြဋ္ဌာန်းရေးနှင့် စီမံဆောင်ရွက်ရေး၏ အကိုင်းများပေါ်တွင် အာရုံစူးစိုက်မှုရှိသော သူများဖြစ်ကြပြီး ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေနှင့်ပတ်သက်သော အဆင့်များပေါ်တွင် သူတို့၏ ယုံကြည်စိတ်ချမှုကို ထားရန် ဆုံးဖြတ်ချက်ချသော သူများဖြစ်ကြ၏။ ရွေးချယ်ခန့်ထားခြင်းမပြုသော လူတစ်ဦးချင်း၏ တရားသူကြီးများသည်ပင်လျှင် တစ်ချိန်ချိန်တွင် အခြားသော အစိုးရခေါင်းဆောင်များ၏ အကူညီပေးခြင်းဖြင့် အစိုးရ၏ နိုင်ငံရေးနှင့် ပတ်သက်သော ပြိုင်ဘက်များ၏ မတရားဆုံးဖြတ်ချက်ချသည်များကို ဆန့်ကျင်သော အချိန်အခါ ရောက်ရှိပါလိမ့်မည်။ ထို့ကြောင့် တစ်ဦးချင်းစီ၏ လွတ်လပ်ရေးကို ကာကွယ်ရန်နှင့် မှန်ကန်သော တရားစီရင်ခြင်းအတွက် အာမခံရန် လူ့အဖွဲ့စည်းမှ ကြုံတွေ့သလို ရေးဆွဲထားသော ဂျူရီလူကြီးက အသုံးပြုသော တရားစီရင်ရေးနည်းစနစ်ကို လိုအပ်လျှက် ရှိပါသည်။ ဤဂျူရီ အဖွဲ့ဝင်များသည် အများအားဖြင့် တရားခံကဲ့သို့ တူညီသော ဖေါ်ရွေမှုအဆင့်တွင်ရှိသင့်သည်။ ဤဂျူရီအဖွဲ့ဝင်များသည် တရားခံနှင့် အတူတမြို့တည်းတွင်နေသင့်သည်။ အဘယ့်ကြောင့်ဆိုသော် မှုခင်း၏ အချက်အလက်များကို မသိရှိသည့်တိုင်အောင် သူတို့၏ အကြောင်းအရာတရပ်နှင့် ပတ်သက်၍ အဘက်ဘက်မှ ခြုံ၍ မြင်ခြင်းစသည် တိုးတက်မှုကိုဖြစ်စေသည်။ ဂျူရီလူကြီးများသည် လွတ်လပ်စွာ နေနိုင်ရန် အစိုးရ၏ ဆန့်ကျင်ရေးလက်စားချေခြင်းမှ သူတို့ကိုယ်တိုင် ကာကွယ်မှုပြုလုပ်ရပါမည်။ တန်းတူရည်တူရှိသော ဂျူရီလူကြီးများသည် ထိရောက်မှုရှိသော သူဖြစ်ရမည်။ သို့မှသာလျှင် သက်သေများ၏ ယုံကြည်ထိုက်ခြင်းနှင့် တရားခံ၏ အကျင့်စာရိတ္တများကို တရားစီရင်နိုင်မည်ဖြစ်၏။ လူ့အဖွဲ့အစည်းထဲတွင် လွတ်လပ်မှုရှိ၏။ ၄င်းသည် အသက်တာ၊ လွတ်လပ်ရေးနှင့် ဥစ္စာပစ္စည်းများကို ပိုင်ရှင်ထံမှ လုယူခွင့်မရှိဟု အာမခံထား၍ တစ်ဆယ့်နှစ်ယောက်သော နိုင်ငံသားများက သူ့အပေါ်တွင် ပြစ်ဒဏ်စီရင်ချက်ပေးရန် ကျမ်းကျိန်းခြင်းမပြုလုပ်မချင်း၊ သူ့ဥစ္စာပစ္စည်းများ၊ လွတ်လပ်ရေးနှင့် အသက်တာများကို လုယူခွင့်မရှိပါ။ ဤကဲ့သို့သော တရားစီရင်ခြင်းမရှိပါက အစိုးရသည် ကျိုးကြောင်းဆင်ခြင်မှုမပြုဘဲ စိတ်ထင်ရာပြုလုပ်သော အစိုးရဖြစ်လာပါလိမ့်မည်။ ဥပဒေပြုအဖွဲ့များသည် ဖိနှိပ်ချုပ်ချယ်ခြင်း ဥပဒေများကို ပေးကမ်း၍ သို့မဟုတ် တရားသူကြီးသည် ဥပဒေကို

တမင်လွဲမှားစွာ ဘာသာပြန်ခြင်းကို ပြုလုပ်ခဲ့ကြ၏။ ဟေဗြဲ သမ္မတနိုင်ငံတွင် ဂျူရီလူကြီးများ၏ တရားစီရင်ရေးကို တင်ကြို၍ အရိပ်ပြခဲ့ (တရားဟော ၁၉း၁၅–၂၁) ပြီး ခရစ်တော်၏ သွန်သင်ဆုံးမခြင်းနှင့် လူများ၏ အရေးကိစ္စများကို ဖြေရှင်းပေးတော်မူခြင်းနှင့် ဝတ်သက်သော အကြောင်းအရာများကို တင်ကြို၍ အရိပ်ပြခဲ့၏ (မဿဲ ၁၈း၁၅–၁၇) ဒါဟာ ခရစ်သက္ကရာဇ် ၁၀၀၀ ကျော်ခန့်တွင် ဗြိတိသျှ ဥပဒေတွင် ပြည့်စုံစွာ တိုးတက်မှုရှိခဲ့၏။ ဖက်ဆစ်အစိုးရသို့မဟုတ် ကွန်မြူနစ်အစိုးရတွင် ဤဂျူရီလူကြီးများစနစ်ကို ပိတ်ပင်တားမြစ်ခဲ့၏။ အမေရိကန်ပြည်ထောင်စုတွင် မတူညီသော အကြောင်းနှိုင်းယှဉ်ချက်အနေဖြင့် တစ်နှစ်လျှင် ဂျူရီလူကြီးများ စစ်ဆေးခဲ့သော အမှုပေါင်း ၁၂၀၀၀၀ အထိ ကြီးကြပ်ဆောင်ရွက်ခဲ့သည်ကို သိရှိနိုင်သည်။

## ''အရပ်သား ရဲတပ်ဖွဲ့နှင့်'' ပြည်သူ့စစ်

အစိုးရအုပ်ချုပ်ရေးတွင် အမိန့်အာဏာများကို မြင်းဇက်မြို့ဖြင့် ထိန်းသိမ်းချုပ်သော အခြားအရေးကြီးသော အချက်တစ်ခုမှာ အရပ်သားများသည် ရဲတပ်နှင့် ပြည်သူ့စစ်အပေါ်တွင် ထိန်းချုပ်ခြင်းနှင့် သြဇာ လွှမ်းမိုးခြင်းတို့ဖြစ်ကြသည်။ ဟေဗြဲသမ္မတနိုင်ငံသည် စစ်တပ်၏ ဦးဆောင်မှုကို စီမံဆောင်ရွက်ရေးအဖွဲ့မှ ထင်ရှားဖြတ်သားစွာ ခွဲခြားထားကြ၏။ မောရှေသည် စီမံဆောင်ရွက်ရေးရာမှူးဖြစ်၍ ယောရှုသည် စစ်တပ်၏ ကွပ်ကဲမှူးဖြစ်၏။ ဒါဝိဒ်သည် ရှင်ဘုရင်ဖြစ်၍ ယောဘသည် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်ဖြစ်၏။ ဤကာကွယ်ရေးဦးစီးချုပ်များသည် ငြိမ်းချမ်းသော ကာလတွင် စစ်တပ်အပေါ်၌ သြဇာအာဏာရှိကြပြီး ဒါဝိဒ်မင်းကြီး၏ စစ်တပ်မဖွဲ့ခင် အချိန်၌ အရေးပေါ်အသုံးပြုသော ကိုယ်ရံတော် ခြောက်ရာနှင့်တူ၏။ (ဓမ္မရာဇဝင် ပစောင် ၂၃း၁၃)။ ဤဗိုလ်ချုပ်ကြီးများသည် စစ်တပ်တခုလုံးကို ဦးဆောင်၍ စစ်တိုက်ခိုက်ဘို့ရန် ဆင့်ခေါ်သော အခါ ချီတက်လာပြီး ဒေသအလိုက် စစ်ကဲများကို ရွေးချယ်ခန့်ထား၍ တိုက်ခိုက်မှုများပြုလုပ်ကြ၏။ (တရားဟော ၂၀း၉၊ တောလည် ၃၁း၁၄) ပြည်သူ့စစ်အဖွဲ့ဝင်များသည် ကြိုတင်ယူဆထားသည့်အတိုင်း ကိုယ်တိုင် လက်နက်တပ်ဆင်ရန် မိမိတို့၏ လက်နက်များကို ထောက်ပံ့ခဲ့ကြသည်။ (ဓမ္မရာဇဝင်

ပစောင် ၂၅း၁၃) လူတစ်ဦးချင်းတွင် လက်နက်များ ပိုင်ဆိုင်ခွင့် ပိတ်ပင်ထားရန် ကြိုးစားမှုများသည် ကျမ်းစာနှင့် စပ်ဆိုင်သော ဘာသာတရားမရှိသော သူများ၏ ကြိုးစားမှုများပင်ဖြစ်သည်။ ဒေသခံပြည်သူ့စစ်ခေါင်းဆောင်များသည် တိုက်ပွဲသည် သူတို့၏ လူမျိုးကို ပြုန်းတီးစေ၍ မတရားသော စစ်ပွဲဖြစ်ပါက စစ်တပ်တွင် ဝင်ရောက်အမှုထမ်းရန် ငြင်းဆန်ရမည်ဖြစ်သည်။ (ဓမ္မရာဇဝင် ဒုတိယစောင် ၂၀း၁) (ဓမ္မရာဇဝင် တ–၁၂း၁၆)။ ပြည်တွင်းနှင့် နိုင်ငံခြားနှစ်ခုစလုံးမှ ရန်သူများနှင့် ရာဇဝတ်မှုများ ကျူးလွန်ခြင်းမှ ကာကွယ်ရန် စစ်တပ်နှင့် ရဲတပ်၏ အမိန့်အာဏာသည် လူ့အဖွဲ့စည်းတွင် လိုအပ်သောအရာဖြစ်၏။ လိမ်မာပါးနပ်၍ သတိထား မြော်မြင်တတ်သောလူများသည် ဤအမိန့်အာဏာများအပေါ်တွင် မနာလိုသော မျက်စိနှင့် သတိဖြင့် စောင့်ကြည့်တတ်သောသူများဖြစ်ကြ၏။ အမေရိကန် နိုင်ငံခေါင်းဆောင် သောမတ်ဂျက်ဖါဆင်က ဤသို့ပြောခဲ့ဘူး၏။ ပြည်သူလူထု၏ စစ်တပ်အာဏာပိုင်များအပေါ်တွင် သြဇာအာဏာလွှမ်းမိုးခြင်းသည် ဒီမိုကရေစီ၏ အရေးကြီးသော အခြေခံမှုတစ်ခုပင်ဖြစ်၏။ သူ၏ လွတ်လပ်ရေးကြေညာစာတမ်းတွင် လက်တုံ့ပြန်သည့်အနေနှင့် စစ်တပ်၏ လွတ်လပ်ရေးနှင့် ပြည်သူလူထုအာဏာပိုင်များ အတွက် သာလွန်ကောင်းမွန်သော အုပ်ချုပ်ရေးနှင့် ကျွန်ုပ်တို့ပြည်သူလူထု၏ သဘောတူညီချက်မပါဘဲ စစ်တပ်များကို လက်ဝယ်ထိန်းသိမ်းရေးအတွက် ဗြိတိသျှဘုရင်ကိုအပြစ်တင်ခဲ့သည်။ ကမ္ဘာ့သမိုင်းကထပ်ခါတလဲလဲ သက်သေပြခဲ့သည်ကာ စစ်တပ်များသည် အမှန်စင်စစ်ပြည်သူလူထု၏ လုံခြုံရေးအကာကွယ်ပေးသော သူများဖြစ်ကြ၏။ သို့ဖြစ်၍ ပြည်သူလူထု၏ စိတ်ဝင်စားသောအရာများကို ကာကွယ်ပေးရမည်ဖြစ်ပြီး ၎င်းစစ်တပ်ကို အစိုးရခေါင်းဆောင်များက သူတို့၏ ရည်မှန်းချက်တိုးတက်ဖြစ်မြောက်စေရန် အမှန်တကယ် အသုံးပြုခဲ့ကြသည်။ နိုင်ငံပေါင်းမြောက်များစွာတွင် စစ်တပ်က အာဏာသိမ်းခြင်းများကို မှန်မှန်တွေ့ကြုံခံစား၍ စစ်တပ်၏ ခေါင်းဆောင် ဗိုလ်ချုပ်ကြီးက သမ္မတနှင့် အဖွဲ့အစည်းများထက် နိုင်ငံကို ပို၍ဦးဆောင်အုပ်ချုပ်လာခဲ့၏။ ပြည်သူလူထု၏ စစ်တပ်အပေါ် ထိန်းချုပ်မှုကို အာမခံစေရန် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ အဖွဲ့စည်းတစ်ခုသည် စစ်ပွဲဖြစ်ပွားချိန်တွင် တပ်မတော်ကာကွယ်ရေး၏ စစ်ဦးစီးချုပ်ကဲ့သို့ ပြည်သူလူထုက

ရွေးချယ်တင်မြှောက်သော နိုင်ငံခေါင်းဆောင်သမ္မတကို ခန့်အပ်ထားရမည်ဖြစ်၏။ မည်သို့ပင်ဖြစ်စေ၊ စစ်တပ်ကို အုပ်ချုပ်ရေးအတွက် ပါလီမန်ကိုယ်စားလှယ်များက စီမံခန့်ခွဲရပါမည်။ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသည် စစ်တပ်အတွက် ဘဏ္ဍာငွေများသုံးစွဲခွင့်မရှိပေ။ ဤအချက်သည် ပြည်သူ့ကိုယ်စားလှယ်များက စစ်တပ်အတွက် ထောက်ပံ့မှုပေးခြင်းများကို ထိန်းထား သည်။ တပ်မတော်အရာရှိကြီးများကို နိုင်ငံတော်သမ္မတက ရွေးချယ်ခန့်ထားခြင်း မပြုသင့်ပေ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက သူတို့၏ ပထဝီဝင်ဆိုင်ရာ နယ်ပယ်ဒေသများမှ ရွေးချယ်ခန့်ထားရပါမည်။ နိုင်ငံတော်၏ အဓိကဖြစ်ခဲ့သော တပ်မတော်သည် လွယ်လင့်တကူ ဆင့်ခေါ်၍ လျင်မြန်စွာ စုစည်းနိုင်သော၊ ကိုယ်ပိုင်လက်နက်များရှိကြသော ပြည်သူလူထုအတွက် လေ့ကျင့်သင်ကြား ပေးရမည် ဖြစ်၏။ ဒါကို ပြုလုပ်ခြင်းအားဖြင့် နိုင်ငံရေးခေါင်းဆောင်များ၏ ထိန်းချုပ်ထားသော တည်မြဲသော တပ်မတော်ဟူ၍ မရှိနိုင်ပါ။ ဤစနစ်သည် မည်သည့် နိုင်ငံသား မဆိုသူကိုယ်တိုင်အတွက် ကာကွယ်နိုင်ရန် အရည်အချင်းနှင့် ပထဝီဝင်ဆိုင်ရာ နယ်ပယ်ဒေသရှိ လူများကို အကာအကွယ်ပေးနိုင်ရန် အရည်အချင်းများရှိ၍ တပ်မတော်မှ အနှောက်ယှက်ပေးသည် များကို ကာကွယ်နိုင်ရန် ကိုယ်ပိုင်လက်နက်များ ထားရှိနိုင်ရေးနှင့် အစိုးရ၏ စစ်တုရင် နယ်ရုပ်နှင့်တူသော စစ်သားများဖြစ်လာရေးအတွက် အခွင့်အရေးပေးခဲ့သည်။ ပြည်သူ့ ရဲတပ်ဖွဲ့သည် ဒေသတစ်ခုအတွင်းနှင့် နယ်ပယ်ဒေသနှင့်ဆိုင်သော ထိန်းချုပ်ရေးကို ပြည့်စုံစွာ ဆောင်ရွက်၍ တပ်မတော်ကဏ္ဍနှင့် သီးခြားခွဲထားသည်။ ပြည်သူ့ရဲတပ်ဖွဲ့၏ အကြီးအကဲများကို ဒေသခံအစိုးရက ရွေးချယ်တင်မြောက်၍ အုပ်ချုပ်ရပါမည်။ ကျန်သော ပြည်သူ့ရဲတပ်သားများကို အစိုးရကငှားထားသော သာမန်အလုပ်သမား များဖြစ်ကြသည်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ခြင်း

လွတ်လပ်သောအစိုးရ၏ ဖွဲ့စည်းမှုအခြေခံ၏ အခြားအရေးကြီးသော အစိတ်အပိုင်းသည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ရွေးကောက်တင်မြှောက်ခြင်း

ဖြစ်သည်။ ၎င်းအစိုးရနှင့်ဆိုင်သော အမိန့်အာဏာများနှင့် ရုံးများကို ပြင်းထန်စွာ ကန့်သတ်၍ စစ်ဆေးခဲ့ကြသော်လည်း ၎င်းကိုယ်စားလှယ်အမျတ်နေရာများကို ပြည့်စွက်မည့်သူများပြည်သူလူထုက ရွေးချယ်တင်မြောက်သောသူဖြစ်ရမည်ဖြစ်ပြီး မဲဆန္ဒရှင်များကို ပြန်လည်၍ ရွေးချယ်ခြင်းခံရအောင် အကြိမ်ကြိမ်တွေ့ဆုံရန် ဖိအားပေးခဲ့ကြသည်။ ၎င်းသည် အဆိုပြုချက်များကို အခိုင်အခံ့ပြုသည်။ ဟေဗြဲသမ္မတနိုင်ငံ၏ နိုင်ငံတော်ဥပဒေပြုအဖွဲ့၏ ထက်ဝက်သည် တရားသူကြီးများစိုကြ၍ လူဦးရေ၏ အခြေခံပေါ်တွင် မူတည်၍ ရွေးချယ်ထားသောသူများဖြစ်ကြပြီး နေရာဒေသနှင့်ဆိုင်သော 'ဝါ' လူမျိုးနွယ်အလိုက် ကိုယ်စားပြုခြင်းမဟုတ် (တရား ၁း၁၃–၁၇) (ထွက်မြောက် ၁၈း၂၁–၂၆) ဥပဒေပြုအဖွဲ့၏ အခြားသော အဆောက်အဦး တစ်ခုတွင် မျိုးရိုးဒေသအသီးသီးအလိုက် ရွေးချယ်ထားသော ကိုယ်စားလှယ် များမှာ – အတွေ့အကြုံရင့်ကျက်သော လူကြီးနှစ်ဦး၊ ကျမ်းတတ်ပုဂ္ဂိုလ်နှစ်ဦး 'ဝါ' ရှေ့နေနှစ်ဦး ထိုနောက် ယဇ်ပုရောဟိတ် နှစ်ဆယ့်လေးပါးစသည်ဖြင့် စုစုပေါင်း (၇၀) ဦးပါဝင်သော အဆောက်အဦးဖြစ်သည်။ ဤလူစုအဖွဲ့ကို ဆန်ဟေဒရင် ဟုခေါ်ကြသည်။ ပြည်သူလူထုက ရွေးချယ်ထားသောပြည်သူ့ကိုယ်စားလှယ်များကို လူတစ်ထောင်အုပ်၊ တရာအုပ်၊ ငါးဆယ်အုပ်၊ တစ်ဆယ်အုပ်အရာ၌ ခန့်ထား၏။ ဤလူများကို ပြည်သူလူထုက ရွေးချယ်ပြီးမှသာလျှင် မောရှေက ခန့်ထားခြင်းဖြစ်၏ (တရားဟော ၁း၁၃)။ အကြိမ်ကြိမ် ရွေးချယ်ခြင်းပြုလုပ်ခြင်းသည် အရေးကြီးပါ၏။ သို့သော် လွတ်လပ်သော ရွေးချယ်ခြင်း ဖြစ်ဘို့ရန် အရေးကြီး၏။ ဆိုလိုသည်မှာ ရုံးဌာနတစ်ခုကို တာဝန်ယူကိုင်တွယ်ထားသော အရာရှိသည် အခြားသော ပါတီမှ စည်းကမ်းသတ်မှတ်၍ ကန့်သတ်ချုပ်ချယ်ထားခြင်း မရှိဘဲ မိမိလုပ်ငန်းများကို ဆောင်ရွက်နိုင်သောကြောင့်ဖြစ်၏။ လွတ်လပ်စွာ ရောင်းဝယ်ဖေါက်ကားမှုပြုလုပ်ခြင်း၏ အယူအဆကိုအောင်မြင်သော ပါတီသည် ရွေးချယ်တင်မြောက်ခြင်းကို ဩဇာလွှမ်းမိုးနိုင်သည်။ မည်သည့်နိုင်ငံသားမဆို ပါတီဖွဲ့စည်းရန်နှင့် ရွေးကောက်တင်မြှောက်ရေးအတွက် အရွေးချယ်ခံနိုင်ဘို့ ပါဝင်လှုပ်ရှားမှုစသော အခွင့်အရေးများရှိကြရန် အရေးကြီးလိုအပ်၏။ နိုင်ငံတစ်နိုင်ငံတွင် လွတ်လပ်သော ရွေးကောက်ပွဲ ဖြစ်စေချင်ရင် မဖြစ်မနေသူ့ကို မဲပေးရမည်ဟူသော စနစ်ကို မကျင့်သုံးသင့်ပါ။ မိမိစိတ်ဆန္ဒအလျောက် မဲပေးရမည်ဖြစ်ပြီး ဘာသာရေး 'ဝါ' ဖိုမ

မခွဲခြားဘဲ လူမှုရေးအခြေအနေ၊ အရောင်အမျိုးမျိုးနှင့် လူစသည်တို့ကို ပမာမထားဘဲ နိုင်ငံသားအားလုံး အခွင့်အရေးညီတူညီမျှမဲပေးရမည်ဖြစ်၏။ မဲပေးသော အခါ၌ အပြင်ပမှ လွှမ်းမိုးခြင်းလက်စားချေတုံ့ပြန်ခြင်းမရှိရလေအောင် ကြောက်စရာ၊ ဖိအားပေးခြင်းမျိုးမရှိအောင် လျှို့ဝှက်စွာ မဲပေးရမည်ဖြစ်၏။ ရွေးချယ်တင်မြှောက်ပွဲ ကော်မီတီက အနိုင်ရရှိသူကို ချက်ချင်းဆုံးဖြတ်ကာ သခင်အစိုးရဌာနအကြီးအကဲများက ငြိမ်းချမ်းသော ပြောင်းလဲခြင်းနှင့် အမိန့်အာဏာများ စွန့်လွှတ်ခြင်း စသည့်အားလုံး အတွက် တာဝန်ယူအာမခံခြင်းပြုလုပ်ရ၍ ဂတိဝန်ခံချုပ်များ ပြုလုပ်စေကြသည်။ လူမျိုးများ၏ အများကောင်းစားရေး အတွက် ညီညွတ်စွာ စုပေါင်းဆောင်ရွက်ရန် ယှဉ်ပြိုင်အရွေးခံရသော သူများနှင့် ပါတီများ၏ လုပ်ငန်းသည်လည်း အရေးကြီးပေသည်။ အစိုးရဌာနများအားလုံးတွင် ထင်ရှား လူသိများသော ရွေးချယ်ခြင်းမျိုးမပြုလုပ်ရန် အရေးကြီးပါတယ်။ အဘယ့်ကြောင့်ဆိုသော် တရားစီရင်သူများ၏ နိုင်ငံရေးရာလုပ်ငန်း များမှ ကာကွယ်ရန် ဖြစ်သောကြောင့်ဖြစ်၏။ ဥပမာ ပြည်သူလူထုက ရွေးချယ် ထားသောပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ခန့်ထားသောတရားသူကြီး များသည် အသင့်တော်ဆုံးဖြစ်၏။ အခြားလုံခြုံစိတ်ချရသော လိုအပ်ချက်တစ်ခုမှာ ခြားနားသောနှစ်များအပေါ်တွင် ရွေးကောက်ပွဲများကျင်းပရန် နိုင်ငံတော်နှင့်ဒေသဆိုင်ရာ နှစ်ခုစလုံးပေါ်တွင် ဥပဒေရအဖွဲ့နှင့် စီမံဆောင်ရွက်ရေးနှင့် ဆိုင်သော အကိုင်းအခက် များ၏ ခြားနားသော အချိုးအစားများအတွက် လူမျိုးများထဲတွင် ကျန်းမာသော ပြောင်လဲမှုပို၍ သေချာစေရန်နှင့် မတရားအုပ်ချုပ်သောသူများထံမှ ကာကွယ်ရန်ဖြစ်၏။ ၄င်းသည် နောက်ဆက်တွဲတွင် သက်ဝင်လှုပ်ရှားလာနိုင်ဖွယ်ရှိသော အဖြစ်အပျက်များကို ပြည့်စုံစွာ ချိန်ဆလာနိုင်ရန် မဲဆန္ဒရှင်များအတွက် အချိန်မရှိဘဲ အစွန်းရောက်ပြောင်းလဲ နေရာယူခြင်းမှ ကာကွယ်ဘို့ရန်ဖြစ်သည်။

## ''ဥပဒေပြုအထက်လွှတ်တော်နှင့် အောက်လွှတ်တော်''

နိုင်ငံတော်နှင့်ဆိုင်သော ဥပဒေပြုအထက်လွှတ်တော်နှင့် အောက်လွှတ်တော်သည် တစ်ခုတည်းဖြစ်ပါသည်။ သူတို့၏ လုပ်ငန်းတာဝန်သည် ဥပဒေပြုခြင်းဖြစ်၍

အုပ်စုနှစ်ခုခွဲထားသည်။ သို့မဟုတ် အထောက်အဦးနှစ်ခုဖြင့် ခွဲထားပါသည်။ ဤကဲ့သို့ ဥပဒေပြုအထက်လွှတ်တော်နှင့် အောက်လွှတ်တော်ဟူ၍ ခွဲခြားရခြင်းအကြောင်းတစ်ခုမှာ – မှန်မမှန် စစ်ဆေးခြင်း ''ဝါ'' အကာအကွယ်များပြုလုပ်ခြင်းဖြစ်ရာ ဥပဒေမပြခင် စီမံဆောင်ရွက်ရေး အကြီးအကဲက ထောက်ခံချက်ပေးပြီးနောက် အဆောက်အဦး နှစ်ခုစလုံး၏ မဲပေးအတည်ပြုခြင်းဖြင့် ဥပဒေပြဋ္ဌာန်းခဲ့သည်။ ဤဖွဲ့စည်းပုံသည် ကျမ်းစာနှင့် စပ်ဆိုင်သော လူ၏ အမြင်အပေါ်တွင် အခြေခံခဲ့သည်။ သောမတ်စ် ဂျက်ဖါဆင် ပြောခဲ့သည်ကား ကမ္ဘာပေါ်၌ရှိသော အစိုးရတိုင်းတွင် လူ၏ အခွင့်အရေး များနှင့် လွတ်လပ်ရေးများကို မည်သည့်အရာက ဖျက်စီးပစ်သနည်း၊ လူတစ်ယောက် တည်းတွင် အမိန့်အာဏာများနှင့် တာဝန်ယူထိန်းသိမ်းမှုအားလုံးကို အာရုံစူးစိုက်ခြင်းနှင့် ခြုံငုံ၍ ကောက်ချက်ချခြင်းရှိသောကြောင့် ဖြစ်၏။ ကောင်းကျိုးများရရှိခြင်းနှင့် စိတ်ချရသော အုပ်ချုပ်မှုရရှိရန် နည်းလမ်းသည် လူတစ်ယောက်အပေါ်တွင် ယုံကြည်မှု အားလုံးတားရှိခြင်းမဟုတ်ဘဲ၊ ခွဲဝေ၍အုပ်ချုပ်ခြင်းသည် အကောင်းဆုံးဖြစ်၏။ အဆောက်အဦးနှစ်ခုတွင် ဥပဒေပြုအဖွဲ့အတွင်း၌ လူတစ်ဦးချင်းစီတွင် စတင်ပြုလုပ်သော ဥပဒေများနှင့် ပတ်သက်သော သြဇာအာဏာ၏ ကိုယ်စားလှယ် လွှတ်ခြင်းကို ထင်ရှားရှင်းလင်းစွာရှိသည်။ ဥပမာ အဆောက်အဦးတစ်ခုသည် အခွန်ကောက်ခံခြင်းနှင့် အသုံးပြုခြင်းနှင့်ပတ်သက်သော ဥပဒေများပြုလုပ်ရန် သာလွန်ကောင်းမွန်သော အမိန့်အာဏာရှိ၍ အခြားဒုတိယလူစုသည် ဗီတိုအာဏာကို အသုံးပြုနိုင်ရန် အမိန့်အာဏာရှိ၏။ ဒုတိယလူစုသည် စစ်တိုက်ခြင်း၊ ကာကွယ်ရေးနှင့် နိုင်ငံခြားရေးရာနှင့် ပတ်သက်သော ဥပဒေများကို ပြုလုပ်သောအခါ ပထမလူစုသည် ၎င်းတို့အပေါ်တွင် ဗီတိုအာဏာကို အသုံးပြုရန် အမိန့်အာဏာရှိ၏။ ဤအိမ်နှစ်ဖြစ်သော လူစုနှစ်ခုကို မည်ကဲ့သို့ ဖွဲ့စည်းခဲ့သည်ကို ဆုံးဖြတ်ချက်ချရာ၌ ကျမ်းစာက ဖော်ပြသည့်အတိုင်း အိမ်တစ်အိမ် (ပထမလူစု) သည် ဒေသဆိုင်ရာ အကြောင်းအရာများ 'ဝါ' နိုင်ငံတော်နှင့် ဆိုင်သော အကြောင်းအရာများကို ကိုယ်စားပြု၍အခြားလူစုသည် လူတစ်ဦးချင်းစီ၏ လူဦးရေ၊ အရေအတွက်နှင့်ဆိုင်သော အကြောင်းအရာများကို ကိုယ်စားပြုခဲ့သည်။ ပထမအိမ် (ပထမလူစု) ကိုလူများစုက မဲပေးရွေးချယ်ခြင်းမပြုဘဲ နိုင်ငံတော် သို့မဟုတ် ဒေသဆိုင်ရာ ဥပဒေပြုအဖွဲ့များက

ရွေးချယ်တင်မြှောက်ခြင်း ကြောင့်ငှင်း၊ ဒေသရှိလူများ အားလုံးသည် စိတ်အားထက်သန်စွာ စိတ်ဝင်စားမှုရှိ၍ ဗဟိုမှ ကြိုးကိုင်၍ အုပ်ချုပ်သော စနစ်ကို ဟန့်တားနိုင်သည်။ နိုင်ငံတော် 'ဝါ' ဒေသဆိုင်ရာ ဥပဒေပြုအဖွဲ့ များသည် သူတို့၏ နိုင်ငံတော် 'ဝါ' ဒေသဆိုင်ရာ အကြောင်းအရာနှင့် ပတ်သက်သော လူထု ကောင်းစားရေးအတွက် အလုပ်လုပ်ကိုင်ရန် အရည်အချင်းပြည့်မီ၍ ပညာတတ်သော သူများကို အကောင်းဆုံးရွေးချယ်နိုင်ရန် သိရှိနားလည်သူဖြစ်ရမည်။ အခြားသော လူစုသည် အခြားသော အိမ် (လူစုတွင် စည်းရုံးရန်လိုအပ်သည်ဖြစ်၍ အမျိုးမျိုးသော ထုတ်ပြန်ချက်များအပေါ်တွင် သူတို့၏ ကိုယ်စားစကားပြောရန် ပြည်သူလူထုက သူတို့၏ ကိုယ်စားလှယ်များကို တိုက်ရိုက် ရွေးချယ်ခဲ့ကြသည်။ ပြည်သူလူထုသို့ တိုက်ရိုက်တာဝန်ရှိသော သူသည် ဘဏ္ဍာတော်ငွေအုပ်ချုပ်သူနှင့် အခွန်ငွေကောက်ခံခြင်းနှင့် အသုံးပြုရေးအတွက် အကြီးဆုံးသော အမိန့်အာဏာကိုပေးသင့်သောသူဖြစ်ရမည်။ ဤကဲ့သို့သော အုပ်ချုပ်ရေး အမျိုးအစားကို ဟေဗြဲသမ္မတနိုင်ငံတွင် အစောပိုင်းကာလ၌ တည်ထောင်ဖွဲ့စည်းခဲ့ပြီးဖြစ်သည်။ လူဦးရေးအပေါ်တွင် အခြေခံ၍ အုပ်စုတစ်အုပ်စု အတွင်းရှိခေါင်းဆောင်များကို ပြည်သူလူထုက ရွေးချယ်တင်မြှောက်ခဲ့သည်။ ၎င်းသည် (ထွက်မြောက်ကျမ်း ၁၈) တွင်ဖေါ်ပြခဲ့သည့် အတိုင်း မီးဒီးယန်း ယဇ်ပရောဟိတ်မင်းကြီး ဂျက်သရိက အုပ်ချုပ်ရေးတိုးတက်ကောင်းမွန်းလာရန် မောရှေကို အကြံဉာဏ်ပေးခဲ့သော အချိန်မှ စတင်ခဲ့ခြင်းဖြစ်၏။ မောရှေသည် ဤအကြောင်းကို (တရားဟော ၁း၃–၁၅) တွင် ပြန်လည်၍ ပြောပြခဲ့သည်။ မောရှေသည် လူများကို သူတို့ အမျိုးအသီးသီးအလိုက် လိမ်မာရေးခြားရှိသူ၊ အစစအရာကို နားလည်သဘောပေါက်တတ်သူနှင့် ပညာတတ်များကို ရွေးချယ်၍ ငါသည် သူတို့ကို သင်တို့၏ ခေါင်းဆောင်အဖြစ် ခန့်ထား၍ သင်တို့အမျိုးအတွက် အရာရှိကြီးများနှင့် လူတစ်ဆယ်အုပ်၊ ငါးဆယ်အုပ်၊ လူတစ်ရာအုပ်၊ လူတစ်ထောင်အုပ် စသည်ဖြင့် ခန့်ထားပေးမည်ဟု ပြော၏။ ဤလူများကို ''တရားသူကြီးများ'' 'ဝါ' အရာရှိကြီးမျာႈဟု ခေါ်၏။ ဤအရာရှိကြီးများ သည် (ထွက်မြောက် ၁၈း၁၂) တွင် ဂျက်သရိုနှင့် မောရှေတို့က ပထမဆုံး ရှင်းပြခဲ့သော အချိုးအလိုက် ရွေးချယ်ခြင်းမပြုသော အသက်အရွယ်ကြီးရင့်၍ အတွေ့အကြုံ ရင့်ကျက်သောလူကြီးများနှင့် မတူဘဲ

ကွဲပြားခြားနားသော ပြည်သူ့ကိုယ်စားလှယ်များ ဖြစ်ကြ၏။ ဤဝါရင့်နိုင်ငံရေးခေါင်းဆောင်များ (elders) သည် လူဦးရေအားဖြင့် အယောက်ခုနှစ်ဆယ် (၇၀) ရှိသည်။ (ထွက်မြောက် ၂၄း၁) (တောလည်ကျမ်း ၁၁း၁၆၊ ၁၇)။ ဤ (၇၀) ဦးသော သက်ကြီးဝါရင့် ခေါင်းဆောင်များကို နောက်ပိုင်းတါင် ဆင်ဟေဒရင်ဟု ထင်ရှားကျော်ကြားလာ၏။ ရာစုနှစ်များကုန်လွန်လာသောအခါ ဆင်ဟေဒရင်များသည် ယဇ်ပရောဟိတ်များနှင့် ကျမ်းတတ် ပုဂ္ဂိုလ်များအဖြစ် ပြောင်းလဲသွားသည်။ ဤအုပ်ချုပ်ရေးပုံစံကို အမေရိကန်ပြည်ထောင်စုတွင် ဆိုင်နယ်မြေဒေသ၌ လူဦးရေ၏ အဆုံးအဖြတ်ဖြင့် လူထုက တိုက်ရိုက်အားဖြင့် ရွေးချယ် တင်မြှောက်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အဖွဲ့အစည်းများနှင့် နိုင်ငံတော်ဥပဒေပြုအဖွဲ့က ရွေးချယ်ထားသော ဆီနိတ်တာ အမတ်များကဖွဲ့စည်းအုပ်ချုပ်ပုံဥပဒေထဲတွင် ပေါင်းစပ် သွတ်သွင်းထားသည်။ မည်သို့ပင်ဖြစ်စေ၊ ၁၉၁၃ ခုနှစ်တွင် အမေရိကန် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ပြင်ဆင်ငြမ်းပြုလုပ်ခြင်းကြောင့် ကျမ်းစာနှင့် စပ်ဆိုင်သော ဖွဲ့စည်းပုံမှ လမ်းကြောင်းလွဲသော လူသိများသော မဲပေးခြင်းဖြင့် ဆီနိတ်တာအမတ် ရွေးချယ်ခြင်း စနစ်ကို ဖြစ်ပေါ်စေ၏။ ဤသို့ ကျမ်းစာနှင့်စပ်ဆိုင်သော ပုံစံနှင့် ကျမ်းစာနှင့် စပ်ဆိုင်သော အယူအဆများအပေါ်တွင် အခြေခံသော အုပ်ချုပ်ရေးတည်ဆောက်ပုံ (၇) ချက်သည် ဘုရားသခင်ပေးတော်မူသော တစ်ဦးချင်း၏ အသက်တာအတွက် အခွင့်အရေးများ၊ လွတ်လပ်ရေးနှင့် ဥစ္စာပစ္စည်းများကို ကာကွယ်ရန်အတွက် အကာအကွယ်များကို ပေးလိမ့်မည်ဖြစ်၏။ ကျွန်ုပ်တို့သတိရမှာကတော့ လူထုအစိုးရ၏ ရည်ရွယ်ချက်သည် ရာဇဝတ်ကောင်းများကို အပြစ်ပေးရန်နှင့် နိုင်ငံသားများ အတွင်း၌ရှိသော ဥပဒေများကို ကာကွယ်ရန် ဖြစ်၏။ ၎င်းသည် လူ၏စိတ်နှလုံးကို တရားစီရင်ပိုင်ခွင့်မရှိပါ။ ထို့ကြောင့် အစိုးရသည် အသင်းတော်၊ ပုံနှိပ်ခြင်း၊ ကျောင်းနှင့် ဈေးကွက်များအားဖြင့် ဝင်ရောက်အနှောင့်ယှက်ပေးခြင်းမှ တားမြစ်သင့်သည်။ အမေရိကန်အခြေခံဖွဲ့စည်းပုံသည် ဤစနစ်ကို ကျင့်သုံးခဲ့သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေက ဤသို့ဆို၏။ ကွန်ကရက်သည် ပုံနှိပ်ထုတ်ခြင်း 'ဝါ' လွတ်လပ်စွာ ပြောဆိုခြင်း 'ဝါ' လွတ်လပ်စွာ လှုပ်ရှားသွားလာခြင်း 'ဝါ' ဘာသာရေးထူထောင်ခြင်း၊ ဥပဒေမလေးစားခြင်း စသည်တို့ကို မပြုလုပ်ရပါ။ အစိုးရ၏

ကျမ်းစာနှင့် စပ်ဆိုင်သော တည်ဆောက်ရေးများကို ထူထောင်ရေးသည် အရေးကြီးသော အချက်တခုဖြစ်သော်လည်း နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားများအတွက် ပို၍ အရေးကြီးတာကတော့ အစိုးရ၏ စံပြပုံစံတောင်မပါဘဲ၊ တရားမျှတမှုကို ထူထောင်နိုင်သော ဘာသာတရားကိုင်းရှိုင်းသူကို ရုံးလုပ်ငန်းတွင် နေရာချထားပေး၍ အလုပ်ကို အစဉ်သဖြင့် လုပ်နိုင်သော သူသည် ပို၍အရေးကြီးပါ၏။ ပင်ဆယ်ဗေးနီးယား ပြည်နယ်မှူးဝီလျံပင်း၏ ၁၆၈၂ ခုနှစ်တွင် ရေးသားထားခဲ့သော ပင်ဆယ်လ်ဗေးနီးယား ပြည်နယ်အတွက် အစိုးရ၏ မူကို သတိရ၍ မမေ့သင့်ပါ။ သူ၏ ရေးသားဖော်ပြချက်တွင် ကောင်းသော ဥပဒေများသည် ကောင်းစွာ အလုပ်လုပ်လျှင် လူကောင်းသည် ပို၍ ကောင်းအောင်အလုပ်လုပ်၏။

အခန်း ၁၂

## ခရစ်ယာန် စီးပွားပညာ၏ အခြေခံမူများ ခရစ်ယာန် စီးပွားရေးပညာ၏ အဓိပ္ပါယ်ဖွင့်ဆိုချက်

စီးပွားရေးပညာရပ်သည် သိပ္ပံပညာရပ်ဖြစ်ကတည်းက အမှုထမ်းဖြစ်ခြင်းနှင့် ကုန်ပစ္စည်းများထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် စားသုံးခြင်းနှင့်ပတ်သက်ပြီး ခရစ်ယာန် စီးပွားရေးပညာသည် အမှုထမ်းဖြစ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ဖြန့်ဖြူးခြင်းနှင့် ကုန်ပစ္စည်းများစားသုံးခြင်းများပြုလုပ်ရန် ဥပဒေများ 'ဝါ' ကျမ်းစာနှင့်စပ်ဆိုင်သော အခြေခံမူများကို အသုံးပြုခြင်းနှင့် လောလာခြင်းကို စည်းကမ်းကြပ်မတ်သည်။ ဤစည်းကမ်းကြပ်မတ်ခြင်းသည် ဘုရားသခင်ကို ဂုဏ်ပြုချီးကျူးခြင်းနှင့် လူသား၏ လိုအပ်ချက်များကို ဖြေရှင်းရန် ဘုရားသခင်ပေးတော်မူသော သဘာဝသယံဇာတ ပစ္စည်းများ၊ အယူအဆများနှင့် စွမ်းအင်များကို လူများက မည်ကဲ့သို့ အသုံးပြုရမည်ကို အကျိုးဆက်ဖြစ်စေသည်။

### ခရစ်ယာန်တစ်ယောက်၏ ချွေတာရေးသည် လူ၏စိတ်နှလုံးပြင်ပမှဖြစ်ပေါ်လာသည်

ခရစ်ယာန်ဘာသာရေးသည် ခရစ်ယာန်တစ်ယောက်၏ ချွေတာရေးအတွက် အခြေခံဖြစ်သော လူ၌ အတွင်းပိုင်း လွတ်လပ်ရေးကို ဖြစ်ပေါ်စေသည်။ ခရစ်တော် ယူဆောင်လာသော လူစိတ်နှလုံး၏ အတွင်းဘက်ပိုင်းပြောင်းလဲမှုသည် ကြီးပွား တိုးတက်မှုရှိလာရန် ချွေတာရေးအတွက် လိုအပ်သောကိုယ့်ကိုယ်ကို ချုပ်တည်းနိုင်မှုနှင့် ခရစ်ယာန်အကျင့်စာရိတ္တများကို ပေါ်ပေါက်စေသည်။ ခရစ်ယာန် အကျင့်စာရိတ္တနှင့် ကိုယ့်ကိုယ်ကို အုပ်ချုပ်နိုင်မှုသည် အောက်ပါတို့ကို ဖြစ်ပေါ်စေသည်။

♛ လူများခိုးခြင်းမှတားမြစ်သည်။ နှစ်စဉ်နှစ်တိုင်း အမေရိကန်အရောင်းအဝယ် လုပ်ငန်းများတွင် အလုပ်လက်မဲ့များဖြစ်သော အလုပ်သမားများ၏ ခိုးယူမှုကြောင့် ဒေါ်လာဘီလျံများစွာ ဆုံးရှုံးခဲ့ကြ၏။

♛ လူများကိုကုန်ပစ္စည်းများထုတ်လုပ်ရေးအတွက် အလုပ်ကြိုးစားလိုသော အကျင့်ပြင်းပြလာစေသည်။ ၄င်းသည် ချွေတာရေးစိတ်ကြီးထွားလာစေရန် အထောက်အကူ ပြုခဲ့သည်။

♛ ရင်းနှီးမြှုပ်နှံ၍ ငွေကြေးစုဆောင်းထားသောသူသည် နောက်ပိုင်းတွင် ပို၍ ကြီးမားသော အောင်မြင်မှုကို ရလိမ့်မည်။

♛ သူတို့၏သားစဉ်မြေးဆက်များအတွက် စိတ်ပါလက်ပါ တာဝန်ယူ ဆောင်ရွက်သောသူသည် ယခုလက်ရှိ ပိုင်ဆိုင်ထားသော ပစ္စည်းပစ္စယထက် သာလွန် များပြားသော အိမ်ယာလယ်မြေများကို ပိုင်ဆိုင်ရလိမ့်မည်။ သိတင်းကောင်း၏ အမှန်တရားသည် လူ၏ သက်သာချောင်းချိရေးအတွက် အထောက်အကူပြုသော အယူအဆသစ်များနှင့် တီထွင်ဖန်တီးတတ်ခြင်းတို့ကို ဝေငှသည်။ ၄င်းသည် လူက ပိုမိုကောင်းမွန်သော ကရိယာတန်ဆာပလာများနှင့် အသစ်ဖြစ်သော အရာများကို ဖန်တီးလာသည်နှင့်အမျှ ဖြစ်ပေါ်တတ်သည်။ ထပ်လောင်း၍ ပြောမည်ဆိုလျှင် လူသည် ဤလောကတပြည်လုံးကို အုပ်ချုပ်နိုင်ရန် ပြည့်စုံလုံလောက်သောအမိန့်အာဏာများကို ဘုရားသခင်ကပေးတော်မူသည်ဖြစ်ကြောင်းနှင့် ဘုရားသခင်၏ ထောက်ပံ့မစခြင်း အကြောင်းကို ဆုတောင်းခြင်းဖြင့် ရှာလျှင် ရလိမ့်မည်ဖြစ်ကြောင်းကို နားလည် သဘောပေါက်လာ၏။ ထို့ပြင် သိတင်းကောင်းသည် လူ၏ စိတ်နှလုံးထဲတွင် လွတ်လပ်ရေးကို ယူဆောင်လာ၏။ ခရစ်ယာန်ဘာသာရေး၏ မိတ်ဆက် စကားချီးတွင်

ဖေါ်ပြခဲ့သည့်အတိုင်း လူမျိုးတစ်မျိုးတွင် သူ၏ အပြင်ဘက်ပိုင်းမှ ဖြစ်သော နိုင်ငံရေးဆိုင်ရာ လွတ်လပ်ရေးကို သိတင်းကောင်းမှတဆင့် ရရှိခဲ့ကြောင်းကို ထင်ရှားစွာ ဖေါ်ပြခဲ့၏။ ကျမ်းစာနှင့် ပတ်သက်သော အခြေခံမူများအပေါ်တွင် အခြေခံ၍ အစိုးရ၏ ပြုမူဆောင်ရွက်ချက်များသည် ခရစ်ယာန်တစ်ယောက်၏ ချွေတာရေးအတွက် လိုအပ်သောအရာဖြစ်၏။ ဆရာကြီး ဗားနားဟောလ် ပြောခဲ့သည့်အတိုင်း အစိုးရသည် အသက်တာဘဝတွင် ခြိုးခြံချွေတာရေး၏ အိမ်ဖြစ်သည်။ သူ၏ နိုင်ငံရေးသည် လွတ်လပ်သော စီးပွားရေးလုပ်ငန်းကို ကာကွယ်ရန်နှင့် မြှင့်တင်ပေးရန်ဖြစ်၏။ လွတ်လပ်သော စီးပွားရေးလုပ်ငန်းသည် အစိုးရနှင့်ဆိုင်သော လွတ်လပ်မှုနှင့် လူတစ်ဦးတစ်ယောက်နှင့်ဆိုင်သော လွတ်လပ်ရေးမှတဆင့် စီးဆင်းဝင်ရောက်လာ၏။ ဤအကြောင်းကို ချားလ်ဝုလ်ဖ်က ဤသို့ပြောခဲ့၏။ ဤလွတ်လပ်ရေးတွင် အပါဝင်ဖြစ်သောလူများသည် သူတို့ပိုင်ဆိုင်သော ပစ္စည်းပစ္စယများကို လွတ်လပ်စွာ ပိုင်ဆိုင်နိုင်ရန် သူတို့၏ အလုပ်အကိုင်းများကို ရွေးချယ်နိုင်ရန် သူတို့အလုပ်သမားများ၏ ကြိုးပမ်းအားထုတ်မှုမှရလဒ်များကို ထိန်းသိမ်းပေးရန်၊ လွတ်လပ်သော ဈေးကွက်တွင် လွတ်လပ်စါ ရောင်းဝယ်နိုင်ရန်နှင့် အစိုးရက ဈေးနှုန်းမသတ်မှတ်ပေးဘဲ၊ သူတို့၏ ဆန္ဒအရ ဈေးနှုန်းများကို ဆုံးဖြတ်သတ်မှတ်ကာ လွတ်လပ်စွာ ငွေများလဲလှယ်ခြင်းများကို ပြုလုပ်ရန်ဖြစ်သည်။

## အသင်းအဖွဲ့တစ်ခုအတွင်းထုတ်လုပ်ရေး၏ အစိတ်အပိုင်းများ

ဖေါ်ပြပြီးဖြစ်သည့်အတိုင်း ရိုးသားသော အမှုအရာအားဖြင့် လူတစ်ယောက်၏ သက်သာချောင်ချိရေးအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများသည် ကရိယာ တန်ဆာပလာများနှင့် လူ၏ ခွန်အားကို စုံတွဲရောစပ်အသုံးပြုခြင်းဖြင့် ထုတ်လုပ်သော သဘာဝ၏ သယံဇာတပစ္စည်းများဖြစ်သည်။ ဤအကြောင်းနှင့်ပတ်သက်၍ ပစ္စတာဝုလ်ဖ်က အောက်ပါ ပုံသေနည်းအတိုင်းတင်ပြခဲ့၏။

N.R. + H.E. XT = M.M.W.

Natural Resources + Human Energy + Tools = Man's

Material Welfare (သဘာဝ၏ သယံဇာတပစ္စည်းများ + လူသားများ၏ စွမ်အား x ကရိယာတန်ဆပလာများ = လူသား၏ သက်သာချောင်းချိရေးအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများလည်း ပိုမို၍ ရရှိ၏။ လူသည် ခွန်အားကို သုံး၍ ကြိုးပမ်းလာပါက၊ လူ၏သက်သာချောင်ချိရေးသည် တိုးတက်မှုရှိလာမည်ဖြစ်၏။ လူသည် ပို၍ ကောင်းသော ကရိယာတန်ဆာပလာများကို တီထွင်လာပါက လူ၏ သက်သာချောင်ချိမှုသည်လည်း တိုးတက်လာမည်ဖြစ်၏။ လူ၏သက်သာချောင်ချိရေး ကုန်ကြမ်းပစ္စည်းများရရှိရေးအတွက် ဤညီမျှခြင်းသည် ကမ္ဘာပေါ်တွင်ရှိသော လူမျိုးများအတွက် အသုံးပြုရန် သင့်လျော်သော ပုံသေနည်းဖြစ်သည့်တိုင်အောင် ခရစ်ယာန် လူ့အဖွဲ့စည်းထဲတွင်ရှိသော လူများသည် ကမ္ဘာကို မည်ကဲ့သို့မြင်၍ မိမိတို့၏ ရုပ်ပိုင်းနှင့်စိတ်ပိုင်ဆိုင်ရာ အင်အားများကို မည်ကဲ့သို့ အသုံးပြုသည်ကို လောကီရေးနှင့်ပတ်သက်သော လူ့စည်းမျဉ်းထဲတွင်ရှိသော လူများနှင့် နှိုင်းယှဉ်ရာ၌ ကြီးမားသော ကွဲပြားခြားနားမှုရှိသည်ကို တွေ့ရှိနိုင်ပါသည်။ ကျွန်ုပ်တို့သည် ခရစ်ယာန်လူ့အဖွဲ့စည်းနှင့် လောကီရေးရာ လူ့အဖွဲ့အစည်းနှစ်ခုစလုံးတွင် ထုတ်လုပ်ရေး၏ အစိတ်အပိုင်းများကို စစ်ဆေးရမည်ဖြစ်၏။

## ခရစ်ယာန်လူ့အဖွဲ့အစည်းနှင့်လွတ်လပ်သော စီးပွားရေးလုပ်ငန်း သဘာဝသယံဇာတ ပစ္စည်းများ။

ဘုရားသခင်သည် လူကို ဖန်ဆင်းတော်မူ၍ အဝတ်အစား၊ အစားအစာနှင့် ခိုခံ့ရာနေအိမ်စသော အဓိကလိုအပ်ချက်များကို ရရှိနိုင်ရန် ကြိုးစားအားထုတ်ရ လိမ့်မည်ဟု သိတော်မူခဲ့၏။ ဘုရားသခင်သည် လူများ၏ လိုအပ်ချက်များဖြစ်သော အရာအားလုံးကို ဖန်ဆင်းတော်မူခဲ့၏။ တခါက ဘုရားသခင်သည် သဘာဝသယံဇတ ပစ္စည်းများကို ဖန်ဆင်းတော်မူခဲ့၏။ ခရစ်ယာန်တစ်ယောက်၏ ကမ္ဘာ့အမြင်တွင် ဘုရားသခင်သည် သူတို့လိုအပ်သမျှသောအရာအားလုံးကို ထောက်ပံ့ပေးတော်မူသည်ဟု ယုံကြည်ကာ နောက်ဆက်တွဲအနေဖြင့် ပြည့်စုံလုံလောက်သော သဘာဝသယံဇာ တပစ္စည်းများကို ရှာဖွေတွေ့ရှိရန်နှင့် ထုတ်လုပ်နည်းအစဉ်ကိုလည်း သိရှိနားလည် လာလိမ့်မည်ဟု ယုံကြည်မှုရှိကြ၏။

သဘာဝသယံဇာတပစ္စည်း များကို လူသည် အသုံးပြုမှု တိုးတက်လာသည်နှင့်အမျှ သူ၏သက်သာချောင်ချိရေး ကုန်ကြမ်းပစ္စည်းများ သည်လည်း တိုးတက်မှုရှိလာ၏။

## လူ၏စွမ်းအင်

ဘုရားသခင်သည် သဘာဝသယံဇာတပစ္စည်းများကိုသာ ဖန်ဆင်းတော်မူ ခဲ့သည် မဟုတ်ပေ။ သို့သော် လူသားကိုလည်း စွမ်းအင်အပြည့်နှင့် ဖန်ဆင်းတော်မူ၏။ ဘုရားသခင်သည် လူသားကို လောကတစ်ခုလုံးကို စိုးမိုးရန် 'ဝါ' အုပ်ချုပ်ရမည်ဟု မိန့်တော်မူခဲ့၏။ (ကမ္ဘာဦး ၁း၂၆) ဘုရားသခင်သည် လူကိုယူ၍ ဒေင်ဥယျာဉ်ကို ပြုစုစောင့်ရှောက်နေစေခြင်းငှာ ထားတော်မူ၏။ (ကမ္ဘာဦး ၂း၁၅) ဒေင်ဥယျာဉ်ထဲမှ မောင်းထုတ်ခြင်းခံရသောအခါ ဘုရားသခင်သည် သင်ထွက်ရာမြေသို့ မပြန်မီတိုင်အောင် သူ၏ မျက်နှာမှ ချွေးထွက်လျက်အစာကိုစားရမည်။ အကြောင်းမူကား သင်သည် မြေမှုန့်ဖြစ်၍ မြေမှုန့်သို့ပြန်ရမည်ဟု မိန့်တော်မူ၏။ ခရစ်ယာန် လူ့အဖွဲ့အစည်းတွင် လူသားများကို အလုပ်လုပ်ရန် ဘုရားသခင်က လှုံ့ဆော်တော်မူ ခဲ့သည်။ ထပ်လောင်း၍ ပြောမည်ဆိုလျှင်၊ စီးပွားရေးလုပ်ငန်း၊ စွမ်းအင်များကို ပိုမိုအားစိုက်ထုတ်သုံးရန် သူတို့ကို အားပေးသော သူတို့၏ အလုပ်သမားများ၏ ရရှိခံစားရသော အသီးအပွင့်များကို နိုင်ငံတွင်းရှိ လူများကလည်း စပ်တူပူးပေါင်းပါ ဝင်ခံစားရလိမ့်မည်ဖြစ်၏။ လူသည် သူ၏ စွမ်းအင်ကို ပိုမိုစိုက်ထုတ်သုံး၍ အလုပ်ကို ပိုမိုကြိုးစားလာပါက သူ၏ သက်သာချောင်ချိရေးကုန်ပစ္စည်းများသည်လည်း ပိုမိုတိုးတက်လာမည်ဖြစ်၏။

## ကိရိယာတန်ဆာပလာများ

အစကနဦးတွင်လူသည် ကိရိယာတန်ဆာပလာများ မရှိခြင်းကြောင့် သူ၏ အခြေခံလိုအပ်ချက်များကိုတောင်မှ 'ဝါ' ဤလောကတစ်ခုလုံးကို အုပ်စိုးရန်နှင့် မြေကြီးကို တောင်ယာခုတ်၍ စိုက်ပျိုးလုပ်ကိုင်ရန် မတတ်နိုင်ချေ။ မစ္စတာဝုလ်ဖ် ရေးသားခဲ့သည်ကား သဘာဝ၏ သယံဇာတပစ္စည်းများကို ထုတ်ယူရန်

ဘုရားသခင်သည် ဖန်ဆင်းတော်မူခဲ့၍ လူများ၏ လိုအပ်ချက်များကို ဖြေရှင်းပေးရန် ခိုလှုံရာနေအိမ်နှင့် အဝတ်အစားများ၊ အစားအစာများအဖြစ်သို့ ပြောင်းစေရန် သယံဇာတပစ္စည်းများကို ဖန်ဆင်းတော်မူခဲ့၏။ မြေကြီးကိုစိုက်ပျိုးရန် ယစ်ပင်များကို ခုတ်လှဲ၍ သစ်တုံးများကို လွှဖြင့်ဖြတ်ရန်၊ သတ္တုမိုင်းများတူးဖော်ရန်နှင့် သိုးများကို ထိန်းကျောင်း၍ သိုးမွေးများယက်လုပ်ရန်အတွက် ကိရိယာတန်ဆာပလာများလိုအပ်လာ၏။ ဒီအချက်များကို ဘုရားသခင်သိတော်မူသဖြင့် ကိရိယာတန်ဆာပလာများပြုလုပ်ခြင်းနှင့် တီထွင်ခြင်းအတွက် အကြံဉာဏ် ယူဆချက်များကို ပေးသနားတော်မူ၏။ ဘုရားသခင်သည် လူကို သူ၏လိုအပ်ချက်များကို ဖြေရှင်းရန် ကရိယာတန်ဆာပလာများ တီထွင်းဖန်တီးနိုင်ခြင်းနှင့် သဘာဝ၏ သယံဇာတပစ္စည်းများကို ထုတ်လုပ်အသုံးပြုနိုင်ရန် ဖွံ့ဖြိုးသန်မာသော စွမ်းအင်နှင့် စိတ်နှင့်ပတ်သက်သော စိတ်ပိုင်းဆိုင်ရာ စွန်အားနှင့် သိရှိနားလည်နိုင်စွမ်း အသိပညာကို ပေးတော်မူ၏။ လူသည် အစပိုင်းကာလမှစ၍ ကရိယာတန်ဆာပလာများကို အသုံးပြု ခဲ့ကြ၏။ အာဒမ်နှင့် ကာဣနတို့သည် လယ်သမားများဖြစ်ကြ၍ ကရိယာ တန်ဆာပလာများကို အသုံးပြုခဲ့ကြ၏။ သူတို့အသုံးပြုကြသော ကရိယာ တန်ဆာပလာများသည် မြေထူးတုတ်ချောင်း 'ဝါ' ရိုးသားသော လယ်ထွန်ခြင်းကရိယာကို အသုံးပြုဖွယ်ရှိ၏။ အာဗေလသည် သိုးထိန်းတစ်ယောက်ဖြစ်၍ ဆုံးမသည့်တုတ် (ကြိမ်လုံး) နှင့် တောင်ဝှေးကို အသုံးပြု ဟန်တူသည်။ ကျမ်းစာက ဤကရိယာတန်ဆာပလာများကို အထောက်အထားများစွာ ဖော်ပြ၏။ မစ္စတာ ဝုလ်ဖ် ဖေါ်ပြချက်တွင်တူများ၊ ပုဆိန်များပါဝင်၍ နွားများကို လယ်ထွန်ရန်နှင့် စပါးကြိတ်စက်များကို ဆွဲရန် အသုံးပြုကြသည်။ မီးဖိုများကို ငွေနှင့် ရွှေများ ကြေးချွတ်သန့်စင်စေရန်နှင့် မုံ့ဖုတ်ရန် အသုံးပြုကြသည်။ ဝုလ်ဖ်က ဆက်လက်၍ ရေးသားခဲ့ရာမှာ ဤကရိယာ တန်ဆာပလာများ၏ အသုံးပြုခြင်းကို ၄င်းကိုအသုံးပြုခြင်းမှတဆင့် ထုတ်လုပ်နိုင်သော အမှုထမ်းခြင်းနှင့် ကုန်ပစ္စည်းများ၏ အရည်အချင်းနှင့် အရေးအတွက်၌ တိုးတက်ခြင်း အားဖြင့် စွမ်းအင်ကို လုံခြုံအောင်ကာကွယ်၍ အချိန်၏ အရေးအတွက်အားဖြင့် ကရိယာတန်ဆာပလာများကို တိုင်းတာခဲ့သည်။ အောက်ဖော်ပြပါ ရုပ်ပုံကားချက်သည် စိုက်ပျိုးရေးနှင့် ဆိုင်သော ကရိယာတန်ဆာပလာများမည်ကဲ့သို့ တိုးတက်မှုရှိ၍

စီးပွားရေးလုပ်ငန်းတိုးတက်ရေးအတွက် ထုတ်လုပ်မှုရှိသည်ကို ဖော်ပြခဲ့သည်။

| **အချိန်ကာလ** | **ကရိယာတန်ဆာပလာ** | **လူတစ်ယောက်၏ ထုတ်လုပ်မှု** |
|---|---|---|
| အာဒမ် | သာမန်ကရိယာကို အသုံးပြု | သူနှင့် ဧဝအတွက် လုံလောက်ရုံရှိ၏ |
| အာဗြဟံ | နွားများဖြင့် ဆွဲသော သစ်သား လယ်ထွန်စက် | ကြီးမားသော မိသားစုအတွက်လုံလောက် |
| ၁၈–ရာစုနှစ် | မြင်းများဖြင့်ဆွဲသောသံလယ် ထွန်စက် | မိသားစု သုံးခုအတွက် လုံလောက် |
| ၁၉၄၀ ခုနှစ် | လယ်ထွန်စက် | မိသားစု (၁၄) ခုအတွက် လုံလောက်၏ |
| ယနေ့ | တိုးတက်သောလယ်ထွန်စက် နှင့်ကရိယာများ | မိသားစု (၆၀) အတွက် လုံလောက်၏ |

အဓိကအားဖြင့် ပို၍ကောင်းမွန်သော ကရိယာတန်ဆာပလာများနှင့် အသစ်သော တီထွင်ခြင်းများပြုလုပ်နိုင်ရန် အတွက် အယူအဆများရရှိစေရန် တတ်စွမ်းနိုင်သော ကျမ်းစာ၏ အမှန်တရားကို လက်ခံသော နိုင်ငံများတွင် ပို၍ ကောင်းမွန်သော ကရိယာတန်ဆာပလာများတိုးတက်ထုတ်လုပ်မှုရှိ၏။ ကျွန်ုပ်တို့ တွေ့မြင်ခဲ့သည်နှင့်အညီ ဤကရိယာတန်ဆာပလများတိုးတက် ထုတ်လုပ်ခြင်းသည် လူ၏သက်သာချောင်ချိရေးကို တိုးတက်စေခဲ့၏။ ကျွန်ုပ်တို့သိတားရမျာက လူ၏ ကုန်ပစ္စည်းထုတ်လုပ်ရေးတွင် ကရိယာတန်ဆာပလာများ ပို၍ ကောင်းမွန်သည်သာမက ထိုကရိယာတန်ဆာပလာများကို ပို၍ အသုံးပြုခြင်းသည် သာ၍ အခြေရလဒ်ဖြစ်သည်။

ဒါဟာ ကျွန်ုပ်တို့သည် အလုပ်လုပ်ရာတွင် လုံ့လဝီရိယရှိရမည်ဖြစ်ကြောင်းကို ဆိုလိုပါသည်။ ဘုရားသခင်သည် လူ၏ သက်သာချောင်ချိရေးအတွက် လိုအပ်သော အရာအားလုံးကို ပေးသနားတော်မူ၏။ သဘာဝသယံဇာတပစ္စည်းများ၊ လူ၏ စွမ်းအင်နှင့် ကရိယာတန်ဆာပလာများ တီထွင်ဖန်တီးနိုင်ရန် ယူဆချက်နှင့် အကြံဉာဏ်များကို ပေးတော်မူ၏။ သို့သော် လူသည် သူ၏ လိုအပ်ချက်များကို ဖြေရှင်းနိုင်ရန် အစားအစာ၊ အဝတ်အစားများအခြားသော အရာများအဖြစ်သို့ ပြောင်းလဲနိုင်ရန် ဘုရားသခင်သည် ဤအရာများကို ပေးသနားတော်မူသည်ဟု မှတ်ယူ၍ ကြိုးစားအားထုတ်ကာ အလုပ်လုပ် ရမည်ဖြစ်၏။ အလုပ်လုပ်ခြင်းသည် ဥစ္စာပစ္စည်းများရရှိရန်အတွက် ဘွဲ့ထူးဖြစ်၏။

## သတ်မှတ်ထားသော လွတ်လပ်သော စီးပွားရေးလုပ်ငန်းနှင့် လောကီရေးရာလူ့အဖွဲ့အစည်း

ထုတ်လုပ်ရေး၏အစိတ်အပိုင်းများဖြစ်သောများကို လောကီရေးရာ လူ့အဖွဲ့အစည်းများက ကွဲပြားခြားနားစွာ ရှုမြင်သုံးသပ်ခဲ့ကြသည်။ ၎င်းသည် ခရစ်ယာန်မဟုတ်သော သူများ၏ အဖွဲ့အစည်းအတွင်းရှိ လူများ၏ ကမ္ဘာ့အမြင်သည် ခရစ်ယာန်လူ့အဖွဲ့အစည်းအတွင်းရှိ လူများ၏ ကမ္ဘာ့အမြင်ထက်ပိုမို၍ ကွဲပြားခြားနားမှုရှိ၏။

## သဘာဝသယံဇာတပစ္စည်းများ

လောကီရေးရာ လူ့အဖွဲ့အစည်းများသည် ဘုရားသခင်၏ မစတော်မူခြင်းကို ယုံကြည်မှုချို့တဲ့လာသဖြင့် နောက်ဆက်တွဲအနေဖြင့် လူများသည် သဘာဝသယံဇာတ ပစ္စည်းများကို အနည်းငယ်သာ ထုတ်ယူရရှိကြ၏။ လောကီရေးရာနှင့်ဆိုင်သော ‘သို့မဟုတ်’ ဆိုရှယ်လစ်စနစ်သည် ကန့်သတ်ထားသော သဘာဝသယံဇာတပစ္စည်း များရှိ၍ အစာသွတ်ဖုတ်မုန့်ကဲ့သို့ ရှုမြင်သုံးသပ်ကြ၍ လူတိုင်းသည် အစအနများ ရရှိကြရန် ဖြတ်ခွဲဘို့လိုသည်ဟု ရှုမြင်ကြသည်။ မတူညီသော အချက်များကို

နိူင်းယှဉ်သည့်အနေဖြင့် ခရစ်ယာန်များသည် ဘုရားသခင်၌ ဘာမဆိုဖြစ်နိုင်စွမ်းရှိ၍ ကန့်သတ်ချက်မပြုလုပ်နိုင်ကြောင်းကို သိရှိနားလည်ပြီး ဘုရားသခင် ဖန်ဆင်းထားတော်မူသော ဤလောကတွင် သယံဇာတပစ္စည်းများ လုံလုံလောက်လောက် မရှိဘူးဆိုတာမဖြစ်နိုင်ပါဟု သိမြင်ကြခဲ့ကြ၏။ သယံဇာတပစ္စည်းများကို လက်ဖြင့် ပုတ်ရန် စောင့်နေကြသည်။ ကျွန်ုပ်တို့သည် သယံဇာတကုန်ခမ်းလွယ်သော ကမ္ဘာမြေကြီးပေါ်တွင် နေထိုင်ကြသည်မဟုတ်ပေ။ ယနေ့အစားထိုးဖို့ရန် ကမ္ဘာပေါ်ရှိ သယံဇာတပစ္စည်းများသည် ၁၉၅၀ ခုနှစ်တွင် ထုတ်လုပ်သုံးစွဲသော သယံဇာတပစ္စည်း များထက် များစွာပေါများနေသည်ကို တွေ့ရှိရသည်။ အကြံဉာဏ်အယူအဆများသည် အသုံးမပြုသေးသော (မထုတ်ရသေးသော) သယံဇာတပစ္စည်းများ မရေမတွက်နိုင်အောင် ရှိနေသေးကြောင်းကို လက်ဖြင့်ပုတ်၏။ (အသိပေး၏) ဥပမာ လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ ခန့်တွင် အမေရိကန် ရပ်အင်းဒီးယန်းများသည် ရေနံဆီဖြင့် မျက်နှာကို သုတ်ကြ သည်။ ယနေ့ခေတ်တွင် လူတိုင်း၏ အသက်ရှင်ရေးအတွက် အဆင့်အတန်း ပိုမိုမြင့်မားလာစေရန် သယံဇာတပစ္စည်းများကို ခြိုးခြံချွေတာစွာ အသုံးပြုလာကြ၏။ မကြာသေးမီနှစ်များအတွင်းတွင် သယံဇာတပစ္စည်းဖြင့်ပြုလုပ်ထားသော အောက်ဆီဂျင်နှင့် ရောနေသည့် ဓာတ်စင်အစအနများဖြင့်ပြုလုပ်ထားသော ကွန်ပျူတာ ကမ္ဘာကို တော်လှန်သော ခေတ်စတင်ဖြစ်ပေါ်ခဲ့၏။ လောကီရေးရာနှင့် စပ်ဆိုင်သော ပညာရှင်များသည် ကမ္ဘာသည် လူဦးရေပေါက်ကွဲမှုရှိနေသည်ဟု ရှုမြင်နေသော အချိန်တွင် ခရစ်ယာန်များသည် ဘုရားသခင်သည် ကမ္ဘာကို လူများဖြင့် ပြည့်စေ၍ များပြားသော သယံဇာတပစ္စည်းများကို လူများလိုက်လိုက်လျောလျော အသုံးပြုနိုင်ရန် တည်ရှိစေခြင်းဖြစ်သည်။ ယနေ့ကမ္ဘာပေါ်ရှိ လူအားလုံးအတွက် များပြားသော အခန်းနေရာများနှင့် လုံလောက်သော အစားအစာများရှိပါ၏။ ယနေ့ ငါးဘီလျံရှိသော ကမ္ဘာ့လူဦးရေအတွက် နေထိုင်နိုင်ရန် တက်ကစပ်စ် (Texas) ပြည်နယ်တစ်ခုတည်းတွင် လုံလောက်စွာ နေရာရှိ၍ မိသားစုတစ်ခုချင်းအတွက် အိမ်ရှေ့အိမ်နောက်နေရာမြေကွက် လုံလောက်စွာရှိကာ ကျန်သောအမေရိကန်ပြည်ထောင်စုက အစားအစာများကို ကျွေးမွေးနိုင်ပါသည်။ ယခုလက်ရှိ ကမ္ဘာ၏ စိုက်ပျိုးနိုင်သော မြေဧရိယာများစွာရှိ၍

စက်မှုလယ်ယာသုံးကရိယာတန်ဆာပလာများကို တွင်ကျယ်စွာ အသုံးပြု၍ စိုက်ပျိုးနိုင်ပါက ကမ္ဘာ့လူဦးရေ (၃) ဘီလျံကို ကောင်းစွာ ကျွေးမွေးနိုင်ပါသည်။ ကျွန်ုပ်တို့နေထိုင်သော ကမ္ဘာကြီးသည် များပြားသော အခန်းနေရာများနှင့် များပြားသော သဘာဝသယံဇာတ ပစ္စည်းများစွာရှိပါသေး၏။

## လူ၏စွမ်းအင် (Human Energy)

လောကီရေးရာနှင့်ဆိုင်သော ကမ္ဘာ့အမြင်ရှိသူများသည် ဘုရားသခင်လှူ့ဆော်ပေးခဲ့သော ခွန်အားနှင့် အလုပ်၏ ကိုယ်ကျင့်တရားများကို ပျက်ကွက်သော သူများဖြစ်ကြပါသည်။ ဤသို့သော ခွန်အားနှင့် အကျင့်စာရိတ္တများသည် နောင်လာမည့် အနာဂတ်အတွက် ရင်းနှီးမြှုပ်နှံခြင်း၊ ရိုးသားဖြောင့်မတ်ခြင်း၊ အလုပ်ကို ကြိုးစားလုပ်ကိုင်ခြင်း မှတဆင့် ပိုမိုထုတ်လုပ်နိုင်သော သူများဖြစ်စေသည်။ ထပ်လောင်း၍ ပြောမည်ဆိုလျှင် လွတ်လပ်ရေး၏ မက်လုံးများမရှိသည်ကို လောကီရေးရာနှင့်ဆိုင်သော လူမျိုးများထဲတွင် တွေ့ရ၍ လွတ်လပ်စွာ ကန့်သတ်သော စီးပွားရေးလုပ်ငန်းများသည် သူတို့ ကြိုးစားပြီး အလုပ်လုပ်သလောက် အသီးအပွင့်မခံစားရသဖြင့် လူများ၏ ကြိုးစားအားထုတ်မှုကို လျော့နည်းစေခဲ့သည်။ ထို့ကြောင့် အဖြေရလဒ်သည် လူ၏ သက်သာချောင်ချိရေး ပစ္စည်းများကို လျော့နည်းစေသည်။

## ကရိယာတန်ဆာပလာများ (Tools)

လောကီရေးရာသက်သက်ကိုသာ ယုံကြည်သူများကို ခရစ်တော်ယ်၏ စိတ်နှလုံးနှင့် ကျမ်းစာမှ ဖြတ်ပစ်ခဲ့သည်။ ထို့ကြောင့် သူတို့သည် ပိုမိုကောင်းမွန်သော ကရိယာတန်ဆာပလာများနှင့် အသစ်သော တီထွင်ခြင်းများအတွက် အကြံဉာဏ် အယူအဆအနည်းငယ်သာရရှိခဲ့ကြသည်။ အသစ်ဖြစ်၍ ပိုကောင်းသော ကရိယာတန်ဆာပလာများမရှိခြင်းသည် လူ၏ သက်သာချောင်ချိရေးကုန်ပစ္စည်းများနှင့် ထုတ်လုပ်ရေးတိုးတက်ခြင်းကို ထိန်းချုပ်ထားသည်။ ခရစ်ယာန် လူ့အဖွဲ့အစည်းတို့တွင် ကုန်ပစ္စည်းများထုတ်လုပ်ခြင်း၏ အစိတ်အပိုင်းများကို နှိုင်းယှဉ်သောအခါ

အဘယ့်ကြောင့် အချို့သော နိုင်ငံများသည် ကြီးပွားတိုးတက်၍ အချို့နိုင်ငံများသည် မတိုးတက်သနည်း ဆိုသည်ကို ဖေါ်ပြ၏။ မစ္စတာဝုလ်သည် ဤကဲ့သို့ရေးသားခဲ့၏။ နိုင်ငံတိုင်းတွင်ရှိသော ယောကျာ်းနှင့် မိန်းမများသည် သဘာဝသယံဇာတပစ္စည်းများကို အသုံးဝင်သော လူသုံးကုန်ပစ္စည်းများ အဖြစ်ပြောင်းလဲဘို့ရန် ကရိယာတန်ဆာပလာများ၏ အကူအညီဖြင့် သူတို့၏ လူ့စွမ်းအင်ကို ပွားများစေရန် ကြိုးစားနေကြသော အချိန်တွင် လွတ်လပ်သော ခရစ်ယာန် လူ့အဖွဲ့အစည်းများသည် အများအားဖြင့် အခြားသူများထက် ပိုမိုအကျိုးဖြစ်ထွန်းစွာ ဆောင်ရွက်ခဲ့ကြ၏။ ကွဲပြားခြားနားသော နိုင်ငံနှင့် လူများအုပ်စုများ၏ ဝင်ငွေများအကြောင်းကို လေ့လာသူ ဒေါက်တာ ဘရောင်းနင်းသည် ဤလေ့လာမှုကို အတည်ပြုခဲ့၏။ သူ၏ လေ့လာတွေ့ရှိချက်အရ ပရိုတက်စတင့် ဂိုဏ်းဝင်များနှင့် ကက်သလစ် ဂိုဏ်းဝင်အုပ်စုများ၏ ဝင်ငွေများကို အစဉ်မပြတ်မှတ်စု ရေးသားခဲ့ရာတွင် ပရိုတက်စတင့်နိုင်ငံများ၏ ဝင်ငွေများသည် ကက်သလစ်နိုင်ငံများ၏ ဝင်ငွေမျှထက်ပိုမိုမြင့်မားသည်ကို တွေ့ရှိရ၏။ သို့သော် ခရစ်ယာန်မဟုတ်သော သူများသည် ဝင်ငွေမရှိကြချေ 'ဝါ' အနည်းငယ်သာ ဝင်ငွေများ 'ဝါ' သူတို့သည် သေလုမတတ်ငတ်ပြတ်ကြ၏။ ဤတွေ့ရှိချက်သည် အနည်းငယ်ခြွင်းချက်ရှိ၏။ ဂျပန်သည် မှတ်တမ်းတင်ထိုက်သုံးသော နိုင်ငံဖြစ်၏။ မည်သို့ပင်ဖြစ်စေ၊ ဂျပန်နိုင်ငံသည် ဤကဲ့သို့ တိုးတက်ရခြင်း၏အကြောင်းရင်းသည် သူတို့သည် ရိုးရိုးနဲ့ရှင်းရှင်းပြောမည်ဆိုလျှင် အမေရိကန်ပြည်ထောင်စု၏ ကြီးပွားတိုးတက်ခြင်း၏ ဇစ်မြစ်ဖြစ်သော အခြေခံမူများနှင့် စနစ်တကျလုပ်ကိုင်နည်းများကို အတုခိုးသောကြောင့်ဖြစ်၏။ မစ္စတာဝုလ်ဖ်ဖေါ်ပြခဲ့သည့် အတိုင်း ဂျပန်လူမျိုးများသည် အမေရိကန်ပြုရိတန်များ၏ ကိုယ်ကျင့်တရားလုပ်ငန်းများ၊ အမေရိကန် နိုင်ငံသားများ၏ ထိုးထွင်းဖန်တီးတတ်ခြင်း၊ ဆိုလိုသည်မှာ ပိုက်ဆံပဲနိကိုစုဆောင်းခြင်းသည် ပဲနိကိုရရှိခြင်းဖြစ်၏။ အမေရိကန် နိုင်ငံတွင် အရောင်းအဝယ်လုပ်ငန်းများ၏ လုပ်ငန်းအစဉ်အရ အလုပ်သမားများ၏ အော်သံကို နားထောင်၍ ဆုံးဖြတ်၏။ အလုပ်သမားများနှင့် မန်နေဂျာများကို အတူတကွ ပူးပေါင်း၍ စံပြလုပ်သားများဖြစ်ဘို့ရန်အားပေးကြ၏။ ဤအချက်များကို ဂျပန်လူမျိုးများသည် အတုခိုးကြ၏။ ဤအခြေခံမူများကို အတုယူ၍ အသုံးပြုခြင်းကြောင့် ဂျပန်လူမျိုးများ၏

သက်သာချောင်ချိရေးပစ္စည်းများကို ကြီးမားစွာတိုးတက်မှုရှိစေခဲ့၏။ ဤတိုးတက်မှုသည် အခြားသောနယ်ပယ်ဒေသများတွင် လွတ်လပ်ရေးကြီးကျယ်သော အသက်တာ၏ ကုန်ကျစရိတ်ဖြစ်လာ၏။ သက်သာချောင်ချိရေး ကုန်ကြမ်းပစ္စည်းများသည် ခရစ်ယာန်ခြိုးခြံချွေတာရေး၏ ရုပ်သွင်သာလျှင် မဟုတ်ပါ။ ယနေ့ခေတ်ကာလတွင် များစွာသော ဂျပန်လူငယ်များအပေါ်တွင် ဖိအားပေးမှုကို အောင်မြင်နိုင်ရေးသည် အလွန်ခက်ခဲသည်ဖြစ်၍ ဤဖိစီးမှုအောက်တွင် လူများသည် ပိတ်ဆို့ထားခြင်းမရှိကြပေ။ ထို့ကြောင့် လူအတော်များများသည် လုပ်ငန်းများတွင် မိမိတို့ပိုင်ရှယ်ယာများကို ရောင်းချပစ်ပြီး အလုပ်ကို ပင်ပန်းစွာ လုပ်ကိုင်ကြသဖြင့် တစ်စုံတစ်ခုသောကိစ္စအတွက် အလုပ်လုပ်ရန် အချိန်မရှိကြချေ။ ခရစ်ယာန်စီးပွားရေးလုပ်ငန်းတွင် လူများသည် အလုပ်နည်းနည်းလုပ်၍ ငွေကြေးများများရရှိသည်။ ၄င်းဆိုလိုသည်မှာ –

♛ လူများသည် ဘုရားသခင်ကို ကိုးကွယ်ဘို့ရန်အတွက် လွတ်လပ်သော အချိန်ပိုမိုရရှိပြီး အခြားသူများထံသို့ ညွှန်ကြားခြင်း၊ အပန်းဖြေရာနှင့် အမှုထမ်းရန် လွတ်လပ်စွာ အချိန်ရရှိခြင်းကြောင့်ဖြစ်၏။

♛ လူများသည် အသင်းတော်များဆင်းရဲဒုက္ခရောက်နေသူများအား ထောက်ပံ့လျှုဒါန်းခြင်းနှင့် နိုင်ငံခြားသို့သာသနာပြုသူများအတွက် ပေးရန် ငွေကြေးများပိုမိုရရှိ၏။

♛ ဖိမ်ခံပစ္စည်းများကို ပိုမို၍ ရှာဖွေနိုင်ပေသည်။

## နိုင်ငံတစ်နိုင်ငံ၏ စစ်မှန်သောချမ်းသာကြွယ်ဝမှု

အမေရိကန်နိုင်ငံသည် မကြေသေးမီနှစ်များတွင် ကျွန်ုပ်တို့၏ ချမ်းသာ ကြွယ်ဝမှုကို ဖြစ်ပေါ်စေသော အချို့သော အခြေခံမှုများကို စွန့်ပစ်သော်လည်း ကမ္ဘာပေါ်တွင် အချမ်းသာဆုံးနိုင်ငံတစ်နိုင်ငံဖြစ်ပါသေး၏။ ဆရာကြီး ဂုလ်ဖ်က ရေးသား ဖော်ပြရာတွင် နိုင်ငံတစ်နိုင်ငံရှိ လူများ၏ စစ်မှန်သော ကြွယ်ဝချမ်းသာမှုနှင့် အခြားသော နိုင်ငံတစ်နိုင်ငံရှိ လူများ၏ စစ်မှန်သော ကြွယ်ဝချမ်းသာမှုကို နှိုင်းယှဉ်ရန် အကောင်းဆုံးသောနည်းလမ်းသည် စက်ရုံအလုပ်သမားတစ်ယောက်သည် အခြေခံရောင်းကုန်ပစ္စည်းများကို လက်လီဝယ်ယူရန်လိုအပ်သော ငွေကြေးများကို ရှာဖွေရာ၌ နာရီပေါင်းမည်၍ မည်မျှအလုပ်လုပ်သည်ကို ကြည့်ခြင်းဖြင့်သိရှိနိုင်ပါသည်။

မော်စကိုမြို့တွင် တစ်ကီလိုဂရမ်လေးသော ပေါင်မုန့်တစ်လုံးကို ဝယ်ရန် စက်ရုံအလုပ်သမားတစ်ယောက်သည် (၁၈) မိနစ် အလုပ်လုပ်၍ လန်ဒန်မြို့တွင် (၁၂) မိနစ်အလုပ်လုပ်ပြီး ဝါရှင်တန်မြို့တွင် (၈) မိနစ်သာကြာလုပ်သည်။ ဗောလ်ဂါ ‘ဝါ ဖိုဒ်မော်တော်ကားတစ်စီးကိုဝယ်နိုင်ရန် မော်စကိုမြို့တွင် (၃၅) လ အလုပ်လုပ်၍ လန်ဒန်မြို့တွင် (၈.၅) လကြာပြီး၊ ဝါရှင်တန်မြို့တွင် (၄.၁)လသာကြာသည်။ ဖိလစ်ပိုင်သို့ အလည် သွားရောက်ခဲ့ပြီး အဝတ်အထည်များကို ဝယ်လျှင် အမေရိကန်နိုင်ငံရှိ ပစ္စည်းများတနိုး၏ ၁/၃ ‘ဝါ ၁/၄ သာဖြစ်သည်ကို တွေ့ရှိရသည်။ ဤသည်ကို ကြည့်ခြင်း အားဖြင့် အမေရိကန်တစ်ယောက်၏ အဝတ်အစားများအတွက် သုံးသော ငွေသည် ဖိလစ်ပိုင်လူမျိုးတစ်ယောက်၏ တစ်နှစ်ဝင်ငွေထက်ပိုမိုများပြားကြောင်းကို သိရှိနိုင်သည်။ အမေရိကန်တစ်ယောက်၏ ပျမ်းမျှ ဝင်ငွေသည် ဖိလစ်ပိုင်တစ်ယောက်၏ ပျမ်းမျှဝင်ငွေထက် ဆယ်ဆများပြားကြောင်းကို သိရှိနိုင်ပါသည်။ ဖိလစ်ပိုင်လူမျိုး တစ်ယောက်သည် ဖိလစ်ပိုင်နိုင်ငံတွင် မထုတ်လုပ်သော လက်နက်ကရိယာများ မော်တော်ကားများနှင့် အခြားသောအချက်အလက်များ အတွက် အသုံးပြုသော ငွေကြေးသည် အမေရိကန်တစ်ယောက်အသုံးပြုသော ငွေကြေးထက် ပိုမိုများပြား၏။ အဘယ့်ကြောင့်ဆိုသော် ဖိလစ်ပိုင်နိုင်ငံလုပ်မဟုတ်ဘဲ၊ အမေရိကန်နိုင်ငံမှ ထုတ်လုပ်သော ပစ္စည်းများဖြစ်၍ ဈေးကြီးကြီးဖြင့် ပေးဝယ်ရသောကြောင့်ဖြစ်၏။

## အဘယ့်ကြောင့် အချို့သောနိုင်ငံများတွင် ဆင်းရဲခြင်းနှင့်ရင်ဆိုင်ရသနည်း

ကျွန်ုပ်တို့သည် N.R + H.E. XT. = M.M.W. ညီမျှခြင်းကို မြင်တွေ့ခဲ့ကြသည်နှင့်အညီ ဤသင်္ကေတပုံသေနည်းကို ကမ္ဘာပေါ်ရှိနိုင်ငံတိုင်းတွင် အသုံးပြုခဲ့ကြသည်။ ခရစ်ယာန်အခြေခံမူများအပေါ်တွင် တည်ဆောက်ထားသော ထိုအသင်းအဖွဲ့များသည် လူ၏သက်သာချောင်ချိရေး ကုန်ကြမ်းပစ္စည်းများ တိုးတက်ထုတ်လုပ်ရန်ဖြစ်စေသော ပိုမိုကောင်းမွန်သော ကရိယာတန်ဆာပလာများကို အသုံးပြုနိုင်ရန် ဘုရားသခင်လမ်းပြတော်မူခြင်းဖြင့် ဖန်တီးတီထွင်တတ်ခြင်းသို့ ရောက်နိုင်သော လမ်းနှင့် လူ၏ စွမ်းအင်ကို စိုက်ထုတ်သုံးရန် အကျင့်စာရိတ္တ

သဘာဝသယံဇာတပစ္စည်း၏ သင့်တော်သော ရှုမြင်ခြင်းကို သိရှိကြလိမ့်မည်ဖြစ်၏။ နိုင်ငံများစွာတွင် လူအတော်များများဆင်းရဲဒုက္ခခံနေရသော အချိန်၌ ဤညီမျှခြင်းပုံသေနည်းကို ထောက်ခံသောမည်သည့် နိုင်ငံမဆို သူတို့နိုင်ငံများ၏ သက်သာချောင်ချိရေး ကုန်ကြမ်းပစ္စည်းများသည် တိုးတက်မှုရှိလာမည် ဖြစ်၏။ အမှန်စင်စစ် ယနေ့ ၄၆ % သော ကမ္ဘာ့လူဦးရေသည် ဆင်းရဲသော သူများဖြစ်ကြ၏။ ဘာကြောင့်လဲဆိုရင် အချို့ကပြောကြတယ်၊ များစွာသော နိုင်ငံများတွင် သဘာဝသယံဇာတ ပစ္စည်းများမရှိသောကြောင့်ဖြစ်၏ဟုဆိုကြ၏။ သို့သော် အချို့သောနိုင်ငံများ ဥပမာ ဂျပန်နိုင်ငံသည် သဘာဝသယံဇာတပစ္စည်းများ အလွန်နည်းပါးသော်လည်း အလွန်ချမ်းသာကြွယ်ဝသော နိုင်ငံဖြစ်၏။ သဘာဝသယံဇာတပစ္စည်းများပေါကြွယ်ဝသော နိုင်ငံအတော်များများရှိသော်လည်း သဘာဝသယံပစ္စည်းအလွန်နည်းပါးသော နိုင်ငံများထက်ပို၍ ဆင်းရဲကြပ်တည်းကြ၏။ နိုင်ငံအတော်များများတွင် ဆင်းရဲဒုက္ခနှင့် ရင်ဆိုင်ကြရသည့် အဓိကအကြောင်းရင်း ကတော့ အမှန်တရားနှင့် ဝိညာဉ်ရေးဆိုင်ရာ သယံဇာတပစ္စည်းများ မရှိခြင်းကြောင့် ဖြစ်၏။ လောကီရေး သက်သက်ကိုသာ ယုံကြည်သူတစ်ယောက်၏ ကမ္ဘာ့အမြင်သည် ထုတ်လုပ်ရေး၏ အစိတ်အပိုင်းများ အသီးသီး၏ တိုးတက်ခြင်းကို အဟန့်အတားဖြစ်စေ၏။ အန္ဒိယနိုင်ငံသည် လူများ၏ ဘာသာရေးများကမည်ကဲ့သို့ တိုက်ရိုက်သူတို့၏ စီးပွားရေးတိုးတက်ခြင်းကို ထိခိုက်စေခဲ့သည်ကို ပြသောကောင်းသော ဥပမာတစ်ခု ဖြစ်သည်။ ယခုခေတ်ကာလတွင် အိန္ဒိယနိုင်ငံသည် အငတ်ပြဿနာကို ကျယ်ပြန့်စွာ ခံစားနေရသောနိုင်ငံဖြစ်သည်မှာ – အစာရေစာမရှိသောကြောင့် မဟုတ်ဘဲ၊ လူများ၏ ဘာသာရေး၊ ယုံကြည်ချက်များ၏ ရလဒ်ကြောင့်ဖြစ်၏။ အဓိကအိန္ဒိယလူမျိုးများသည် ဟိန္ဒူဘာသာဝင်များဖြစ်ကြ၏။ ဟိန္ဒူဘာသာရေးသည် သေသောသူသည် တိရစ္ဆာန်ကဲ့သို့ လူဝင်စားများဖြစ်ကြသည်ဟု သင်ကြားပေး၏။ ထိုသို့ဖြစ်သောကြောင့် သူတို့၏ ဘာသာရေးနှင့် ဥပဒေများက ကြွက်များ၊ နွားများ 'ဝါ' အခြားသော တိရစ္ဆာန် သတ်ဖြတ်ခြင်းကို ပိတ်ပင်တားမြစ် ခဲ့၏။ အိန္ဒိယနိုင်ငံတွင် ဘာသာရေးအရ အထွက်အမြတ် ထားသော နွားကောင်ရေ သန်းပေါင်း (၂၀၀) ရှိ၏။ နွားတစ်ကောင်သည် လူ (၇) ယောက်လုံလုံလောက်လောက်စားသော အစားအစာနှင့်ညီမျှသော အစားအစာကို စား၏။ ဤနွားများကို ကျွေးမွေးသော

အစားအစာသည် လူဦးရေး ၁.၄ ဘီလျံစားသော အစားအစာနှင့်ညီမျှ၏။ ၎င်းသည် ကမ္ဘာ့လူဦးရေ၏ ၁/၄ နှင့်ညီမျှ၏။ သူတို့မဟုတ်ခဲ့သော ကြွက်များသည် သူတို့၏ စပါးစေ့၊ ပြောင်းစေ့များကို တော်တော်များများ စားပစ်ကြ၏။ ကြွက်များနှင့် နွားများက စားသုံးပစ်သော စပါးစေ့၊ ပြောင်းစေ့များကို စုပေါင်းလျှင် အိန္ဒိယနိုင်ငံရှိ ငတ်ပြတ်သော လူများကို ကောင်းစွာ ထောက်ပံ့နိုင်မည်ဖြစ်၏။ နိုင်ငံ တစ်နိုင်ငံ၏ စီးပွားရေးလုပ်ငန်းသည် ထိုနိုင်ငံ၏ ဘာသာရေးအပေါ်တွင် များစွာ တည်မှီနေ၏။

## အကျိုးအမြတ်ရရှိရေးအတွက် လှုပ်ရှားစေသောအကြောင်းရင်းများ

ခရစ်ယာန်လူ့အဖွဲ့စည်းတွင် လူ၏ သက်သာချောင်ချိရေးများတိုးတက်မှု ရှိသည်ကို ကျွန်ုပ်တို့သိရှိနိုင်ပါသည်။ အကြောင်းမူကား ထုတ်လုပ်ခြင်း၏ အပိုင်း သုံးပိုင်းဖြစ်သော ကြီးမားလာစေခြင်း ပေါ့ပါးသွက်လက်စေခြင်းနှင့် တိုးတက်စေခြင်း စသည်တို့ကို ခရစ်ယာန် ယုံကြည်ခြင်းနှင့် အကျင့်စာရိတ္တများက အကူညီပေးသောကြောင့် ဖြစ်၏။ သို့သော် ချားလ်ဝုလ်ဖ်က ရေးသားခဲ့သည်နှင့်အညီ စီးပွားရေးလုပ်ငန်းနှင့် ဆိုင်သော လွတ်လပ်ရေး၏ မက်လုံးများသည်လည်း အရေးကြီး၏ သဘာဝသယံဇာတပစ္စည်းများဖြစ်သော ရေနံနှင့် ဓါတ်သတ္တုစသည်တို့ကို ရှာဖွေတူးဖေါ်ရာတွင် အကုန်အကျများလွန်နေသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် သယံဇာတပစ္စည်းများ ရှာဖွေတွေ့ရှိရေးအတွက် သုတေသနပြုလုပ်ခြင်း၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ထုတ်လုပ်ရေးအတွက် စွမ်းဆောင်နိုင်ခြင်းရှိသော အသစ်သော ကရိယာတန်ဆာပလာများလိုအပ်၏။ ထို့ကြောင့် အမြတ်ရရှိရေး၏ အကြောင်းရင်းများသည် တစ်ဦးချင်း၏ စီးပွားရေးလုပ်ငန်းအပေါ်တွင် အခြေခံသော လွတ်လပ်သော ခရစ်ယာန် စီးပွားရေးလုပ်ငန်းတွင် မက်လုံးများရှိလာစေရန် ထောက်ပံ့မှုပြုလုပ် ခဲ့သည်။ သမိုင်းကဖော်ပြခဲ့သည်မှာ လွတ်လပ်သော ခရစ်ယာန်စီးပွားရေးလုပ်ငန်းလူများသည် ပို၍ ကောင်းသော ကရိယာတန်ဆာပလာ များနှင့် ၎င်း ကရိယာတန်ဆာပလာများကို ထုတ်လုပ်ရေးတွင် ပို၍ ရင်းနှီးမြှုပ်နှံရန်အတွက် အာရုံစိုက်လာကြပြီး ၎င်းကရိယာ တန်ဆာပလာများကို လွတ်လပ်သော စီးပွားရေးလုပ်ငန်းများကို ကန့်သတ်ထားသော လောကီရေးရာနှင့်ဆိုင်သော လူ့အဖွဲ့အစည်းထက် ပိုမို၍ စွမ်းဆောင်နိုင်ခြင်း

ရှိလာအောင် အသုံးပြုလာကြ၏။ မကြာသေးမီ နှစ်များအတွင်းတွင် ကွန်မြူနစ်စီးပွားရေးနှင့်ဆိုင်သော အခြေခံမှုများကို အသုံးပြု၍ အမြတ်အစွန်းရရှိရေးစေ့ဆော်မှုများကို စွန့်ပစ်သော နိုင်ငံများစွာတို့သည် တစ်ဦးချင်း၏ စီးပွားရေးလုပ်ငန်းများ ပိုမိုလုပ်ကိုင်နိုင်ရန် ခွင့်ပြုခဲ့သဖြင့် ၄င်းသည် လူများကို ကုန်ပစ္စည်းများ ပိုမိုထုတ်လုပ်နိုင်ရန်အားပေးခဲ့သည်။ အတူနေလူမျိုးနွယ်စုနှင့်ပတ်သက်သော လယ်ယာလုပ်ငန်းတွင် လူတစ်ဦးချင်း၏ မက်လုံးမပါရှိပါက အများနှင့်ဆိုင်သော ရူပါရုံ ရည်မှန်းချက်များ ရည်ရွယ်ချက်များရှိသော ခရစ်ယာန်များနှင့်အတူ အလုပ်မလုပ်နိုင်ပါ။ လွန်ခဲ့သော (၂) နှစ်ခန့်တွင် အမေရိကတိုက်သို့ ပထမဆုံးအကြိမ် ဘုရားဖူးသွားခရီးသည်များသည် ကျွန်ုပ်တို့ကို ဤဥပဒေကိုပေးခဲ့ကြ၏။ ဘုရားဖူးသွားခရီးသည်ဖြစ်သော အတူနေလူမျိုးနွယ်စုများကို စိုက်ပျိုးမွေးမြူရေးများလုပ်ကိုင်ကြရန် ကူညီထောက်ပံ့သူများသည် စာချုပ်အားဖြင့် အတင်းလုပ်ဆောင်စေကြသည်။ အတူနေလူမျိုးနွယ်စုများသည် လယ်ယာစိုက်ပျိုးခြင်းကို မက်လုံးမရှိခြင်း၏ အဖြေရလဒ်သည် သီးနှံအထွက် နည်းပါးခြင်းဖြစ်စေကာ ဘုရားဖူးသွားခရီးသည်များသည် ၂ နှစ်အတွင်း ငတ်ပြတ်၍ သေလုမတတ်ဖြစ်ကြ၏။ ဤပြဿနာ၏ ဝေဒနာမှ သက်သာစေရန် ခေါင်းဆောင်များသည် မိသားစုတိုင်း စိုက်ပျိုးမွေးမြူရေး ပြုလုပ်သော နေရာတွင် တစ်ဦးချင်းစီးပွားရေးစနစ်သို့ ပြောင်းလဲစေခဲ့၍ သူတို့ပိုင်မြေကွက်၏ အသီးပွင့်များကို စားသုံးခဲ့ကြ၏။ ပြည်နယ်မှူးဘရပ်ဖိုဒ်က ရေးသားခဲ့သည်ကား ဤအစီစဉ်သည် အလွန်ကောင်းမွန်သော အောင်မြင်မှုဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် လူတိုင်း၏ လက်များသည် အလုပ်ကိုကြိုးပမ်းအားထုတ်၍ လုပ်ကိုင်ကြသောကြောင့်ဖြစ်၏။ အမျိုးသမီးများသည် ယခင်က မတရားဖိနှိပ်အုပ်ချုပ်၍ ခိုင်းစေခဲ့ကြသည်ဟု ထင်မှတ်သော အလုပ်ကို ယခုအခါတွင် လိုလားစွာ သူတို့၏ သားသမီးများကိုခေါ်ဆောင်၍ လယ်ယာသို့သွားရောက်ကာ ပြောင်းဖူးစိုက်ပျိုးခြင်းများ ပြုလုပ်လာခဲ့ကြ၏။ ဤသို့ဖြင့် လိုလားစွာ အလုပ်ကိုလုပ်ကြသောကြောင့် ပြည့်စုံလုံလောက်သော ကောက်ပဲသီးနှံများကို ထုတ်လုပ်လာခဲ့ကြသဖြင့် အစားအစာ ပြတ်လပ်မှုနှင့် နောက်ထပ်မကြုံတွေ့ရတော့ပေ။ သူတို့၏ ဥပမာကဖော်ပြခဲ့သည်မှာ ဥစ္စာပစ္စည်းများကို ယူ၍ စီနသဟာရအဖွဲ့သို့အပ်နှံလာခြင်းသည် လူ၏ပျော်ရွှင်မှုကို

မပြုလုပ်နိုင်ပေ။

## ခရစ်ယာန်စီးပွားရေးလုပ်ငန်းတွင် တိုးတက်မှု၏ဘီးများ

ရှေ့လာမည့် စာမျက်နှာတွင် တွေ့မြင်ရမည့် ချားလ်စ် ဝုလ်ဖ်က ရေးသားဖော်ပြခဲ့သော ခရစ်ယာန် စီးပွားရေး တိုးတက်မှု၏ ဘီး ပုံစံသည် စီးပွားရေး ကြီးထွားရေးနှင့် ကြီးပွားတိုးတက်ခြင်း၏ အရေးကြီးလိုအပ်သော အထူးကောင်းမွန်သော သရုပ်ဖော်ခြင်းတစ်ခုဖြစ်သည်။ ကျွန်ုပ်တို့သည် ဘီး၏အစိတ်အပိုင်းများ တစ်ခုချင်းစီကိုလေ့လာရပါမည်။

## ဘုရားသခင်ပေးတော်မူသော လွတ်လပ်ရေး၏အချက်အချာ

ကျွန်ုပ်တို့သည် ခရစ်တော်ယူဆောင်လာသောလူ၏ အတွင်းပိုင်းလွတ်လပ်ရေးမှ ခရစ်ယာန် စီးပွားရေးမည်ကဲ့သို့ လည်ပတ်၍ စီးဆင်းလာသည်ကို အစောပိုင်းတွင် ဖော်ပြခဲ့ပြီးဖြစ်၏။ ဤဘုရားသခင်ပေးတော်မူသော အတွင်းပိုင်းမှစတင်၍ အပြင်ဘက်ပိုင်းသို့ ထင်ရှားစွာဖော်ပြသော လွတ်လပ်ရေးသည် ခရစ်ယာန်စီးပွားရေး တိုးတက်ခြင်းကို ပြသသော ဘီး၏ အချက်အချာဖြစ်သည်။ ဤလွတ်လပ်ရေးကို နိုင်ငံတော်သို့မဟုတ် လူကပေးသည်မဟုတ်ဘဲ ဘုရားသခင်က ပေးတော်မူခဲ့သည်ဟု အသိအမှန်ပြုရန် အလွန်အရေးကြီးသည် မစ္စတာ ဝုလ်ဖ်ကရေးသားဖော်ပြသည်ကား – ဤဘီး၏ အချက်အချာဖြစ်သော လွတ်လပ်ရေးကို နိုင်ငံတော် သို့မဟုတ် လူကပေးသည်ဟု ထင်မြင်ယူဆမှုရှိခဲ့လျှင်

-----------------------------------

ခရစ်ယာန်စီးပွားရေးတိုးတက်မှု၏ဘီး

ပုံ--------------ဆွဲရန်

တရားဥပဒေစိုးမိုးသော ကုမ္ပဏီလုပ်ငန်း (အစိုးရ၏ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ဆိုင်သော ခရစ်ယာန်ဖွဲ့စည်းပုံ

------------------------------

၎င်းလွတ်လပ်ရေးသည် အစိတ်အပိုင်းအားဖြင့်ဖြစ်စေ၊ တစ်ခုလုံးအားဖြင့်ဖြစ်စေ ဆုံးရှုံးခြင်းခံရမည်ဖြစ်ပြီး၊ ဆက်လက်၍ လွတ်လပ်သော စီးပွားရေးလုပ်ငန်းအတွက် မှီခိုအားထားရသော အခြေခံမရှိဖြစ်နေပေလိမ့်မည်။ ဘုရားသခင်ပေးတော်မူသော လွတ်လပ်ရေးအချက်အချာသည် အဓိက အရေးကြီးဆုံးသော အချက်ဖြစ်၍ ဤအချက်အချာနှင့် ဆက်သွယ်နေကြသော ဘီး၏ စပုတ်တံများနှင့်တူသော ကျမ်းစာနှင့်စပ်ဆိုင်သော စီးပွားရေးအခြေခံမှုများသည် လုံခြုံစွာ ပူးတွဲ၍နေကြသည်။ အမှန်စင်စစ် ဘုရားသခင်ပေးတော်မူသော လွတ်လပ်ရေးအချက်အချာသည်သာလျှင် အမျိုးမျိုးသော စပုတ်တံများကို အသက်ရှင်စေနိုင်သည်။ ဤစပုတ်တံများနှင့်တူသော လူတစ်ဦးချင်းစီသည် ဘုရားသခင်၏ ကရုဏာတော်အောက်တွင် စီးပွားရေးလုပ်ငန်းကို လုပ်ကိုင်ပါက အောင်မြင်တိုးတက်မှုရရှိလိမ့်မည်ဖြစ်ကြောင်းကို ပုံသရုပ်ဖော်ခြင်းဖြစ်သည်။

## ဥပဒေနှင့်ပစ္စည်းထိန်း၏အနားသတ်

ခရစ်ယာန်စီးပွားရေးလုပ်ငန်းတစ်ခုတွင်တိုးတက်ရေး၏ ဘီးတွင်တပ်ဆင်ထားသော စပုတ်တံများသည် အတူတကွ ထိန်းချုပ်ထားကြလျှင် ခရစ်ယာန်ပစ္စည်းထိန်း၏ လက်တွေ့လုပ်ဆောင်ခြင်းနှင့် ဘုရားသခင်၏ ဥပဒေနှင့်စည်းကမ်းကို လိုက်နာခြင်းအားဖြင့် ဘီးသည် ချောမောစွာ လည်ပတ်လိမ့်မည်ဖြစ်၏။ ၎င်းတို့သည် ဘုရားသခင်၏ ထိန်းချုပ်မှုအောက်တွင် လွတ်လပ်စွာ စီးပွားရေးလုပ်ငန်းကို လုပ်ရန် ထိန်းသိမ်းပေးထားသော တာဝန်၏ အနားသတ်ကိုပြုလုပ်သည်။ လူ့အဖွဲ့အစည်း

အားလုံးတွင် စီးပွားရေးလုပ်ငန်းများလုပ်ကိုင်ကြသည်နှင့်အမျှ ကြီးမားသော စိန်ခေါ်မှုသည် လွတ်လပ်ရေးကို ဆက်လက်တည်တံ့နိုင်ရန်အတွက်မဟုတ်ဘဲ၊ စည်းကမ်းတကျရှိသော လွတ်လပ်ရေးကို ဆက်လက်၍ တည်တံ့စေရန်ဖြစ်သည်။ ဤသို့ပြုလုပ်ခြင်းဖြင့် လူများသည် စည်းကမ်းရှိမည်ဖြစ်၍ သူတပါး၏ အခွင့်အရေးများကို ကျူးကျော်ချိုးဖေါက်မည်မဟုတ်ပေ။ ထို့ကြောင့် လူများသည် ခရစ်ယာန်စီးပွားရေးတွင် ခြိုးခြံချွေတာမှုရှိရန် ဘုရားသခင်၏ ပညတ်တော်များကို နာခံခြင်းနှင့် နားလည် သဘောပေါက်မှုရှိမည်ဖြစ်၏။ ဤကဲ့သို့ပြုလုပ်သည့်အတွက် လူများသည် အောက်ပါရလဒ်များကို ရရှိလိမ့်မည်ဖြစ်၏။

♛ လူများသည် အချင်းချင်း၏ဥစ္စာပစ္စည်းများကို ရိုသေအလေးထားမှုရှိလိမ့်မည်ဖြစ်၏။ ယနေ့များစွာသော တိုင်းနိုင်ငံတို့တွင် ဒါဇင်ဝက်ရှိသောလူတို့သည် သူတို့ပိုင် ပစ္စည်းဥစ္စာများအခိုးမခံရလေအောင် သူတို့၏ အိမ်များနှင့် အရောင်းအဝယ် လုပ်ငန်းများကို ကာကွယ်သည့်အနေဖြင့် သူတို့၏ ကားများ၊ နံရံများနှင့် ခြံစည်းရိုးများကို သော့ခတ်ထားကြရ၏။ ဤကဲ့သို့သော ပတ်ဝန်းကျင်အခြေအနေဆိုးများကြောင့် စီးပွားရေးလုပ်ငန်းတိုးတက်ခြင်းကို ကြီးမားစွာ အတားအဆီးပြုလုပ် ခဲ့၏။

♛ တစ်ယောက်နှင့်တစ်ယောက် လိမ်လည်လှည့်ဖြားခြင်း၊ သို့မဟုတ် ခိုးခြင်းများမပြုလုပ်ကြပေ။ မကြာသေးမီအချိန်တွင် နိုင်ငံခြားမှ အမေရိကန်နိုင်ငံသို့ အလည်အပတ်ရောက်ရှိလာခဲ့သူ လူတစ်ယောက်သည် အမေရိကန်နိုင်ငံတွင် သူတွေ့မြင်ခဲ့ရသောအရာများအပေါ်တွင် အံ့ဩနေမိကြောင်းကို သက်သေခံခဲ့ရ၏။ အထူးသဖြင့် သူမှတ်တမ်းတင်ခဲ့ရသော အချက်တစ်ခုမှာ ''သီတင်းစာထုတ်ဝေရေး'' ဖြစ်၏။ သူအလွန်အံ့အားသင့်ခဲ့သည်ကား– ရပ်ကွက်တစ်ခုတွင်ရှိသော လူများအတွက် သီတင်းစာတစ်စောင်တည်းကိုသာ ယူခဲ့သည်။ ဤအကျင့်မျိုးသည် သူ၏နိုင်ငံတွင် မရှိခဲ့ဘူးပေ။ အကြောင်းမူကား သူ့နိုင်ငံတွင် ရပ်ကွက်တစ်ခုအတွင်းရှိ လူတစ်ယောက်သည် ရပ်ကွက်တစ်ခုလုံးအတွက် သီတင်းစာတစ်စောင်တည်းသာမယူဘဲ ရသမျှသော သီတင်းစာများအားလုံးကို မနက်ပိုင်းအစောကြီးထ၍ ယူသွားကာ မိမိအတွက် မြတ်ရရှိရန် လမ်းမပေါ်သို့ ရောင်းချခဲ့၏။

ဒါဟာမရိုးသားမှုသည် လွတ်လပ်သော စီးပွားရေးလုပ်ငန်းကို မည်ကဲ့သို့ အတားအဆီးပြုလုပ်သည်ကို ဥပမာပြ၍ ဖော်ပြခြင်းဖြစ်၏။ အမေရိကန်နိုင်ငံတွင် စီးပွားရေးကျဆင်းခြင်းသည် အပြင်ဘက်မှလာသော ဓမ္မပြုလုပ်ခြင်းထက် အလုပ်သမားများက ငွေများခိုးယူခြင်းကြောင့် ဖြစ်သည်ကို ဖော်ပြခဲ့ပြီးဖြစ်၏။ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးတိုးတက်လာဘို့ရန် အတွက် လူများသည် ဖြောင့်မတ်ကြရမည်ဖြစ်၏။

♛ စာချုပ်ကို သစ္စာရှိရမည်။ နိုင်ငံသားများကို အစိုးရဌာနများတွင် အလုပ်ခန့်ထားကြသောအခါ သူတို့သည် ငွေကြေးဖောင်းပွခြင်းမှတဆင့် ပြည်သူလူထု၏ ငွေကြေးများကို အမိန့်အာဏာကိုသုံး၍ လျှို့ဝှက်စွာ အလွဲသုံးစာပြုလုပ်လိမ့်မည်မဟုတ်ပေ။ သို့မဟုတ် စည်းမျဉ်းစည်းကမ်းများကို အလွန်အကျွံသတ်မှတ်ထားခြင်းမှတဆင့် ပြည်သူလူထု၏ လွတ်လပ်သော စီးပွားရေးလုပ်ငန်းများကို တဖြေးဖြေးထိန်းချုပ် လိမ့်မည်မဟုတ်ပေ။ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတစ်နိုင်ငံတွင် ခရစ်ယာန် စီးပွားရေးသမားတစ်ယောက်သည် ဝယ်ယူအားပေးမှုများမှတဆင့် ကုန်ကြမ်းပစ္စည်းများကို ရရှိရန် လိုအပ်ခဲ့သည်။ ထိုသို့ဖြစ်သောကြောင့် အမျိုးမျိုးသော ဖေါက်သည်များအတွက် အလုပ်လုပ်ဆောင်နိုင်မှု အခြေအနေများကို ထုတ်ပြန်နိုင်မည်ဖြစ်၏။ ခရစ်ယာန် စီးပွားရေးသမား တစ်ယောက်သည် ဤကုန်ကြမ်းပစ္စည်းများကို ထုတ်ယူခွင့်မပြုမီ၊ အစိုးရအရာရှိကြီးများ၏ ကွဲပြားခြားနားသော ၄၆ ယောက် လက်မှတ်များကိုရေးထိုးရန် လိုအပ်ခဲ့သည်။ ဤ ၄၆ ယောက်သော အစိုးရအရာရှိကြီးများအားလုံးလိုလိုသည် လက်မှတ်မရေးထိုးခင် လာဒ်ပေးလာဒ်ယူမှုမှာျုးပြုလုပ်ရန် လိုလားကြသောအခါ စီးပွားရေးသမားက ငြင်းဆန်နေခဲ့လျှင် ကုန်ကြမ်းပစ္စည်းများထုတ်လုပ်ရေးသည် ကြန့်ကြာသည်ဖြစ်၍ သူ့လုပ်ငန်းများကို အချိန်မီဆောင်ရွက်နိုင်ခြင်းမရှိပေ။ ထိုကြောင့် ဒေါ်လာ သန်းပေါင်းများစွာ ဆုံးရှုံးခဲ့ရ၏။ စည်းကမ်းများ အလွန်အကျွံသတ်မှတ်ထားခြင်းနှင့် မရိုးသားခြင်းသည် စီးပွားရေးကြီးထွားမှုကို နှောင့်နှေးစေခဲ့သည်။ လွတ်လပ်သော စီးပွားရေးလုပ်ငန်းကို ဆက်လက်တည်ရှိစေရန် တစ်ဦးချင်းစီသည် ခရစ်ယာန်ပစ္စည်းထိန်းလုပ်ငန်းကိုလည်း လက်တွေ့ဆောင်ရွက်ခြင်း ပြုလုပ်ရမည်။ မစ္စတာဝုလ်ဖ်က ပြောခဲ့သည်ကား သူတို့သည် –

♛ ငွေကြေးရှာဖွေစုဆောင်ခြင်းကို ကြိုးပမ်းရမည်ဖြစ်၏။
♛ ငွေကြေးစုဆောင်းခြင်းတွင် စည်းကမ်းရှိရပါမည်။
♛ ငွေကြေးရင်းနှီးရာ၌ လိမ်မာပါးနပ်သူဖြစ်ရမည်။
♛ ဆင်းရဲသားများနှင့် အသင်းတော်အကြားတွင်ရရှိသော အမြတ်ငွေခွဲဝေရာတွင် ဘုရားသခင်၏ ပညတ်တော်ကို နာခံရပါမည်။
♛ ခဏလေးအတွက်သာ နှစ်သိမ့်ကျေနပ်စေသော ပစ္စည်းများကို ဝယ်ယူခြင်းမှ မိမိကိုယ်ကို ထိန်းချုပ်၍ အရေးပေါ် ကိစ္စများအတွက် လုံလောက်သော ထောက်ပံ့မှုများ ပြုလုပ်နိုင်ရန်နှင့် အစိုးရထံသို့လှည့်၍ အကူညီတောင်းခံခြင်းမပြုလုပ်ရန် မတည်ငွေများကို ရင်းနှီးမြှုပ်နှံ၍ စုဆောင်းကြရန် လေ့ကျင့်ထားရပါမည်။ အခြားသော စကားလုံးနှင့် ပြောရလျှင် လူများသည် တတ်နိုင်သရွေ့အလုပ်လုပ်ခြင်း၊ တတ်နိုင်သရွေ့ ငွေရှာခြင်းနှင့် တတ်နိုင်သရွေ့ငွေကြေးစုစောင်းခြင်းတို့ကိုပြုလုပ်ရမည်။

## ဥစ္စာပစ္စည်းများတိုတက်ရရှိရန်အတွက် လုပ်ဆောင်ချက်၏ဘွဲ့ထူးသည်ကာယ–ဉာဏအလုပ်ပင်ဖြစ်သည်

ဂျွန်လောက်ရေးသားခဲ့သည်မှာ ဤကမ္ဘာမြေကြီးနှင့် သူ့အထဲတွင်ရှိသော ဖန်တီးခဲ့သော အရာအားလုံးသည် လူသားအားလုံစုပေါင်းပိုင်ဆိုင်သောအရာများ ဖြစ်ကြသော်လည်း လူတိုင်းသည် သူကိုယ်တိုင်ပိုင်ဆိုင်သော ဥစ္စာပစ္စည်းများကိုယ်စီရှိကြ၏။ ထိုပစ္စည်းများကို မိမိတစ်ဦးတည်းသာလျှင်ပိုင်ဆိုင်ခွင့်ရှိ၍ အခြားသူများက ပိုင်ဆိုင်ခွင့်မရှိပေ။ သူ့ကိုယ်ခန္ဓာ၏ ကာယ–ဉာဏအလုပ်နှင့် သူ့လက်များဖြင့်လုပ်၍ရသော ပစ္စည်းများကို သူ၏ ဥစ္စာပစ္စည်းများဟုခေါ်၏။ အကယ်၍ သူသည် မိမိနေထိုင်သော တိုင်းပြည်မှ အခြားသော နိုင်ငံသို့ ပြောင်းရွှေ့သွားပါက မိမိကာယ–ဉာဏဖြင့် လုပ်၍ရသော သူ့ပစ္စည်းဟူသမျှကို ထားပစ်ခဲ့ရမည်ဖြစ်၏။ လူတစ်ယောက်သည် သူနေထိုင်သော နိုင်ငံအတွင်းရှိ သဘာဝသယံဇာတပစ္စည်းများမှရရှိသော သူပိုင်ပစ္စည်းများကို သိမ်းကြုံး၍ အခြားတိုင်းနိုင်ငံသို့ ယူဆောင်သွားပါက အခြားသူများ၏ ခံစားရမည့် အခွင့်အရေးများကို နစ်နာဆုံးရှုံးစေရမည်ဖြစ်၏။ သင်ပိုင်ဆိုင်သော ပစ္စည်းအားလုံးသည်

တစ်စုံတစ်ယောက်သောသူ ‘ဝါ’ သင်၏လုပ်ဆောင်ချက် ကြောင့်ရရှိသော ပစ္စည်းများဖြစ်ကြသည်။ သင်သည် ပစ္စည်းများအမျိုးအစား ခွဲခြားသောအခါ၌ သင့်ပိုင်ဥစ္စာပစ္စည်းများ ‘ဝါ’ တစ်ဦးချင်းစီးပွားရေးလုပ်ငန်းပိုင် ပစ္စည်းဟူ၍ နာမည်များပေးရမည်ဖြစ်၏။ ဒါဟာ အပြင်ဘက်ပိုင်းမှလာသော ပစ္စည်းများသာမဟုတ်ဘဲ အတွင်းဘက်ပိုင်းမှလာသော ပစ္စည်းများလည်းဖြစ်သောကြောင့် မှန်ကန်မှုရှိ၏။ ရိုဆလီစလိတ်တာက ဤသို့ရေးသားခဲ့၏။ ဆရာကြီးလောခ့်၏ ရှင်းလင်းတင်ပြခဲ့သော ဤအခြေခံမူ၏ သရုပ်ဖေါ်ပုံကာချပ်ကို ကျောင်းများတွင် ဘာသာရပ်သင်ကြားရေး၏ ဥပမာများတွင် သုံးရမည်ဖြစ်၏။ ဘုရားသခင်သည် ကျွန်ုပ်တို့အားလုံးအတွက် ဤဘာသာရပ်တွင်ပါဝင်သော ပညာများကို ပေးတော်မူသော ကြောင့် ဒါဟာ ကျွန်ုပ်တို့၏ ဘုံပိုင်ပစ္စည်းဖြစ်သည်ဟု သင်ပြောဆိုသည်။ ဤဘာသာရပ်တွင် ဘွဲ့ထူးဂုဏ်ထူးကို မည်သူမျှ မရရှိနိုင်သည့်တိုင်အောင် ဤဘုရားသခင် ပေးတော်မူခဲ့သော ပညာများကို ရယူပိုင်ဆိုင်သည်ဟု သက်သေပြနိုင် ပါသည်။ တစ်စုံတစ်ယောက်သော ကျောင်းသားသည် ဤဘာသာရပ်ကို ကြိုးစား လေ့လာခဲ့လျှင် သူလေ့လာခဲ့သော ဘာသာရပ်တွင် ဂုဏ်ထူးရယူခဲ့၏။ သူ၏ ကြိုးစား အားထုတ်မှုသည် ကျွန်ုပ်တို့အားလုံးတွင် ရှိနေသေးသည့်အများနှင့်ဆိုင်သော ဘာသာရပ်၏ အရေးအတွက်ကို လျော့ပါးစေခြင်းမရှိခဲ့ပေ။ ရှိနေပါသေး၏။ သို့သော် ကျောင်းသားတစ်ယောက်သည် သူ၏ ကြိုးစားမှုကို အရင်းနှီးပြုလုပ်၍ ဘာသာရပ်ကို လေ့လာရာတွင် ကြိုးစားမှုရှိပါက မည်သူကမျှမလုယူနိုင်သော ဂုဏ်ထူးဘွဲ့ကို ရယူခဲ့၏။ ဤဘာသာရပ်တွင် သူသည် ဥစ္စာပစ္စည်းအခွင့်အရေးများကို ရရှိခဲ့၏။

## ပစ္စည်းဥစ္စာ၏အတိုင်းအတာ

လူများသည် အလုပ်လုပ်ခြင်းမှပစ္စည်းများကို ပိုမိုရရှိခဲ့သည်ဟုဆိုပါက လူတစ်ယောက်၏ ကြီးပွားတိုးတက်ရေးကို မည်ကဲ့သို့တိုင်းတာသိရှိရမည်နည်း။ ဆရာကြီး ဂျွန်လောခ်ပြောပြခဲ့သည်ကား ပစ္စည်းဥစ္စာ၏အတိုင်းအတာသည် လူတစ်ယောက်က မည်၍မည်မျှအလိုရှိစေသည်ကို

မဆိုလိုဘဲမည်၍မည်မျှလိုအပ်သည်ကို အဓိကထား တွက်ရမည်ဖြစ်ပြီး လူတစ်ဦးချင်းစီ၏ အသက်တာတွင် ဘုရားသခင်၏ အလိုတော်ကို ပြည့်စုံစေခြင်းငှာ လုံလောက်သော လိုအပ်ချက်ကို ရရှိမည်ဖြစ်၏။

**အတွင်းဘက်၌ဖြစ်သော ပစ္စည်းဥစ္စာများ၏ ဘွဲ့ထူးများကို သဘောတူခွင့်ပြုခြင်းမှ ရရှိ၏**

ဤအယူအဆကို ပစ်စလိတ်တာက ကောင်းစွာရှင်းပြခဲ့၏။ ခရစ်ယာန်တစ်ယောက်သည် ဘုရားသခင်ချထားပေးတော်မူသော ပင်ကိုယ်စွမ်းရည်များကို ယုံကြည်ခြင်းအောက်တွင် တန်ဖိုးဖြတ်ထားသည်နှင့်အမျှ သူ့ပစ္စည်းများကို စီမံခန့်ခွဲမှုနှင့် အသုံးချမှုများကို သတိထားစွာ စောင့်ရှောက်၍ ကျွန်ုပ်တို့ အရှင်သခင်၏ အမှုတော်မြတ်၌ သူတို့၏ အကျိုးဖြစ်ထွန်းသော အသီးပွင့်များရရှိရေးအတွက် အလုပ်လုပ်ခဲ့သည်။ ယနေ့ခေတ်ကာလတွင် ပုဂ္ဂလိကစီးပွားရေးလုပ်ငန်း ‘ဝါ’ တစ်ဦးချင်း၏ စီးပွားရေး လုပ်ငန်းအပေါ်တွင် စည်းကမ်းဖောက်ခြင်းနှင့် ပစ္စည်းဥစ္စာများ၏ အခွင့်အရေးများ အကြောင်းကို အတော်များများဖော်ပြထားခဲ့၏။ သို့သော် ပထမဆုံးပစ္စည်းဥစ္စာများ၏ အခွင့်အရေးများကို ဝင်ရောက်ကျူးကျော်ခြင်းသည် လူတစ်ဦးချင်းစီ၏ စီမံခန့်ခွဲမှုကို သဘောတူခွင့်ပြုခြင်း ‘ဝါ’ သူ့အကြံဉာဏ်များ၏ ဘာသာရေးအပြစ်တင်ခြင်းများနှင့် သူ၏ လုပ်နိုင်စွမ်းရည်များကို အလွဲသုံးစားပြုလုပ်သောအခါတွင် ဖြစ်ပေါ်တတ်သည်။ သို့သော် ဤသဘောတူခွင့်ပြုချက်သည် မကြခဏဖွင့်မပြောဘဲ နားလည်မှုရှိသော သဘောတူခွင့်ပြုခြင်းဖြစ်၏။ ဂျွန်လောခ်သည် သဘောတူခွင့်ပြုချက်နှင့် ဖွင့်မပြောဘဲ နားလည်မှုရှိသော သဘောတူညီချက်ကွဲပြားခြားနားသည်ကို ရှင်းလင်းဖော်ပြထားခဲ့၏။ Tacit ဆိုသည်မှာ – နှုတ်ဖြင့်ဖွင့်မပြောဘဲ နားလည်မှုဖြင့် သဘောတူညီခြင်းဖြစ်၏။ Tacit - ဖော်ပြခြင်းမရှိဘဲ ငြိမ်သက်စွာနေခြင်းဖြင့် အဓိပ္ပါယ်ပေါက်စေသည်။ Tacit - သဘောတူညီခြင်းသည် ငြိမ်သက်ခြင်း ‘ဝါ’ ကန့်ကွက်ခြင်းမပြုဘဲနေခြင်းဖြစ်၏။ ကျွန်ုပ်တို့သည် အစိုးရအုပ်ချုပ်မှုအောက်တွင် နေထိုင်ကြသောအခါ ဆန့်ကျင်ခြင်း ‘ဝါ’ ကန့်ကွက်ခြင်းမပြုဘဲ နှုတ်ဖြင့် မပြောမဆိုဘဲ ငြိမ်သက်စွာ နေခြင်းဖြင့် သဘောတူခွင့်ပြုခြင်းသည် ကျွန်ုပ်တို့၏ သဘာဝကပေးသော အခွင့်အရေး အစိတ်အပိုင်း

တစ်ခုဖြစ်၏။ ဤသို့ဖြင့် လူတစ်ဦးချင်း 'ဝါ' နိုင်ငံတစ်နိုင်ငံသည် ငြိမ်သက်စွာ နေခြင်းဖြင့် လက်လျော့အရှုံးပေးခြင်းကိုဖြစ်ပေါ်စေနိုင်သည်။ 'ဝါ' ကန့်ကွက်ခြင်းကို အသုံးမပြုခြင်းဖြင့်လည်း အရှုံးပေးခြင်းကို ဖြစ်စေနိုင်၏။ အခြားဘာသာရေးမတူသော ခရစ်ယာန်ဘာသာရေးသည် ယေရှုခရစ်တော်ကို အရှင်သခင်နှင့် ကယ်တင်ရှင်အဖြစ် ထိရောက်သောလက်ခံခြင်းနှင့် ထိရောက်သောယုံကြည်ခြင်းရှိစေရန် တောင်းဆိုထားသည်။ ထို့ကြောင့် ခရစ်ယာန်တစ်ယောက်သည် ဘုရားသခင်၏ ပညတ်တော်နှင့်အညီ မှန်ကန်၍ ကောင်းမွန်စေရန် သူသိသမျှသောအကြောင်းအရာများကို အသုံးပြုလျက် ပင်ကိုယ်စွမ်းရည်နှင့် ဉာဏ်စွမ်းအား 'ဝါ' သူ၏ ခိုင်ခိုင်မာမာယုံကြည်ချက်နှင့် သူ၏ အပြတ်ရှင်းပစ်ခြင်းဖြင့် ဆန့်ကျင်ရေးသမားများကို ငြင်းဆန်ရမည်ဖြစ်၏။ consent ခေါ် သဘောတူခွင့်ပြုချက်သည် အသိစိတ်၏ ပစ္စည်းဥစ္စာများအတွက် တစ်ခုသောဘွဲ့နာမဖြစ်သည်။

## စပုတ်ချောင်းများ (the spokes)

### ၁။ တစ်ဦးချင်း၏တာဝန်ယူစွန့်စားရသောလုပ်ငန်း

အထက်ကဖော်ပြခဲ့ပြီးဖြစ်သည့်အတိုင်း တစ်ဦးချင်းတာဝန်ယူသော စီးပွားရေးလုပ်ငန်း၏ အယူအဆသည် တစ်ဦးချင်းသီးခြားရပ်တည်မှု ဘုရားသခင်၏ အခြေခံမူမှ ရောက်ရှိလာခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင်ရှိသော လူသားတိုင်းသည် ကွဲပြားခြားနားကြ၏။ မတူညီသော အရည်အချင်းများရှိကြ၍ စီးပွားရေးလုပ်ငန်းများတွင် အရေးကြီးသော အသိဉာဏ် ပညာများလည်းရှိကြ၏။ ၄င်းတို့ကို အောက်တွင် ဖော်ပြထား၏။

♛ ဤလူအသီးသီးသည် ထုတ်လုပ်သူအဖြစ် ဘုရားသခင် စပ္ပါယ်ရှယ်ပေးတော်မူသော ပင်ကိုယ်အရည်အချင်းများရှိ ကြ၏။ ဤအရည်အချင်းများသည် နိုင်ငံတစ်နိုင်ငံတွင် ပိုမိုချမ်းသာမှုကိုဖြစ်စေ၍ အလုပ်ကို အရည်အချင်းအလိုက် ခွဲခြားခြင်းနှင့် အထူးကျွမ်းကျင်လုပ်ကိုင်ခြင်းများကို ဖြစ်ပေါ်စေသည်။

♛ ဤလူအသီးသီးသည် ဝယ်ယူစားသုံးသူဖေါက်သည်များကဲ့သို့ တစ်ဦးချင်း

ဆန္ဒရှိကြသည်။
♛ ဤလူအသီးသီးသည် ကုန်ပစ္စည်းများကို ရွေးချယ်၍ ဝယ်ယူပိုင်ခွင့်၊ လူတစ်ဦး၏ ပိုင်ဆိုင်သော အရောင်အဝယ် လုပ်ငန်းများကို စတင်ပိုင်ခွင့်နှင့် ကုန်ပစ္စည်းထုတ်လုပ်ရေးကို ပိုမိုတိုးတက်လာစေရန် မိမိကြိုက်နှစ်သက်ရာ အလုပ်အကိုင်များကို ရွေးချယ်၍ လုပ်ကိုင်နိုင်သော အခွင့်အရေးများရှိကြ၏။
♛ ဤလူအသီးသီးသည် တစ်ဦးချင်းစီးပွားရေးလုပ်ငန်းများရှိကြ၏။ နိုင်ငံသားအသီးသီးသည် သူတို့၏ ပြဿနာများကို ဖြေရှင်းရန် လူထုအစိုးရကို မှီခိုအားထားသည်ထက် သူတို့ကိုယ်တိုင်နှင့် သူတို့မိသားစုအတွက် ထောက်ပံ့ပေးသင့်သည်။ သူတို့သည် တကယ်လိုအပ်သောသူများနှင့် ဆင်းရဲသားများကို ရှေ့ဆောင်သူအဖြစ်ပါဝင်ကူညီပေးသင့်သည်။ ကျမ်းစာအရ အသင်းတော်နှင့် တစ်ဦးချင်းစီ၏ လုပ်ငန်းတာဝန်ဝတ္တရားသည်မရှိဆင်းရဲသားများကို ကူညီထောက်ပံ့ခြင်း ပင်ဖြစ်၏။ တစ်ဦးချင်းစီနှင့် အသင်းတော်များသည် အရှုံးခံသောအခါတွင် နိုင်ငံတော်သည် နိုင်ငံများစွာတွင် ဤမရှိဆင်းရဲသားများကူညီထောက်ပံ့ခြင်းများကို ဆက်လက်၍ လုပ်ဆောင်ခဲ့၏။

## ဆင်းရဲသားများကိုကြည့်ရှုစောင့်ရှောက်ခြင်း

သာယာတိုးတက်ခြင်းကို နိုင်ငံတော်က တာဝန်ယူသောတိုင်းပြည်သည် ကျမ်းစာနှင့်စပ်ဆိုင်သော လုပ်ငန်းများကို ဆောင်ရွက်ခြင်းမရှိကြပေ။ ဤအချက် မှန်ကန်ကြောင်းကို အမေရိကန်နိုင်ငံတွင် မကြာသေးမီဆယ်စုနှစ်အတွင်းတွင် ပြသခဲ့၏။ အစိုးရသည် တိုင်းပြည်သာယာတိုးတက်ရေးအတွက် ငွေကြေးများစွာကို တိုးမြှင့်၍ သုံးစွဲနေသော အချိန်တွင် နိုင်ငံတွင်းရှိ လူမျိုးများသည် ဆင်းရဲခြင်းဒဏ်ကိုခံနေကြရ၏။ ယနေ့တွင် အမေရိကန်နိုင်ငံ၌ ဆင်းရဲသားများအတွက် (cent) ဆင့် ၃၀ ကို အသုံးပြုသောအချိန်တွင် နိုင်ငံတော်အစိုးရသည် ဗျူရိုကရေစီစနစ်အုပ်ချုပ်ရေးအတွက် (cent) ၇၀ ကိုသုံးစွဲခဲ့၏။ ၁၉၆၀ ခုနှစ်တွင် သမ္မတ ဂျွန်ဆင်သည် စစ်ကျေညာ၍ တိုက်ခိုက်ခဲ့ရာတွင် အမေရိကန်ဒေါ်လာ ဘီလျံ တစ်ရာခန့်ကို အသုံးပြုခြင်းကြောင့် ပြည်သူလူထု၏ ဆင်းရဲခြင်းသည် ပို၍ ဆိုးရွားလာ၏။ အစိုးရပိုက်ဆံမျာကို

ဆင်းရဲသားများ၏ ပြဿနာကို ဖြေရှင်းပေးရန် အသုံးမပြုခဲ့ပေ။ အောက်ပါပုံစံများကို နှိုင်းယှဉ်ကြည့်ပါ။

♛ ၁၉၅၀ ခုနှစ်တွင် အမေရိကန်လူဦးရေ၏ ၁၂ ယောက်တွင် တစ်ယောက်သည် ဆင်းရဲခြင်းလိုင်းအောက်တွင် ရောက်နေကြ၏။

♛ ၁၉၅၁ ခုနှစ်တွင် အစိုးရသည် လူမှုသက်သာချောင်ချိရေးအတွက် ဒေါ်လာ ၄ ဘီလျံကို အသုံးပြုခဲ့၏။

♛ ၁၉၇၉ ခုနှစ်တွင် အမေရိကန်လူဦးရေ ၉ ယောက်တွင် တစ်ယောက်သည် ဆင်းရဲခြင်းလိုင်းအောက်တွင် ရောက်နေကြ၏။

♛ ၁၉၈၁ ခုနှစ်တွင်အစိုးရသည် လူမှုသက်သာချောင်ချိရေးအစီစဉ်အတွက် ဒေါ်လာဘီလျံ ၃၁၆.၆ ကိုသုံးပြုခဲ့၏။ ကျမ်းစာကဖော်ပြခဲ့သည်ကား ကျန်းမာရေး၊ ပညာရေးနှင့် သက်သာချောင်ချိရေး၏ အဓိကအဖွဲ့စည်းများသည် အသင်းတော်နှင့် မိသားစုများဖြစ်ကြ၏။ ကျွန်ုပ်တို့၏ လုပ်ငန်းတာဝန်များကို ဆက်လက် ဆောင်ရွက်သည်နှင့်အမျှ ကျွန်ုပ်တို့သည် လူထုအစိုးရအတွက် လိုအပ်သော သာယာတိုးတက်ရေးအတွက် သုံးစွဲခဲ့သော ဒေါ်လာ သန်းပေါင်းများစွာကို ပယ်ရှာပစ်နိုင်မည်ဖြစ်၏။ တစ်ဦးချင်း၏ စီးပွားရေးလုပ်ငန်းသည် စုပေါင်းပိုင်ဆိုင်သော ထုတ်လုပ်ခြင်းကို အတင်းအဓမ္မပြုလုပ်၍ အဖွဲ့စည်းများအပေါ်တွင် အသားပေးသောစုပေါင်း ပိုင်ဆိုင်မှုစနစ်ကို ဆန့်ကျင်ကန့်ကွက်ခဲ့သည်။ တစ်ဦးချင်တာဝန်ယူစွန့်စားရသော လုပ်ငန်းသည် ကျမ်းစာ၏ အခြေခံမှုကို အသုံးပြုခဲ့သည့်အတိုင်း ''မျိုးစေ့ကိုကြဲသည့် အတိုင်း ရိတ်သိမ်းရမည်'' ဟူသောကျမ်းချက်သည် သူတို့၏ ထုတ်လုပ်ရေးကို အားပေးခဲ့လေသည်။

## ၂။ ကိုယ်တိုင်အုပ်ချုပ်သော စီးပွားရေးလုပ်ငန်း (လွတ်လပ်သော စီးပွားရေးလုပ်ငန်း)

တစ်ဦးချင်း၏ လုပ်ငန်းတွင် သူ့ကိုယ်သူ အုပ်ချုပ်နိုင်သောသူသည် သူ၏ စီးပွားရေးလုပ်ငန်းတွင် ထိန်းချုပ်မှုကို ပြုလုပ်နိုင်မည်ဖြစ်၏။ သူသည် သူ့ကိုယ်သူ ချုပ်တီးနိုင်သော ထုတ်လုပ်သူဖြစ်လိမ့်မည်။ သူသည် သူ့လုပ်ငန်း၏ အရေးအတွက်နှင့် အရည်အချင်းကို အာမခံရန် ကြီးကြပ်ကွပ်ကဲခြင်းကို အစဉ်သဖြင့်

လိုလိမ့်မည်မဟုတ်ပေ။
♛ သူ့ကိုသူအုပ်ချုပ်နိုင်သောစားသုံးသူတစ်ယောက်ဖြစ်ရမည်။ သူလိုအပ်သော အရာများကိုသာ ဝယ်ယူပြီး သူဝင်ငွေကို မလိုအပ်သောနေရာတွင် အပိုမသုံးခဲ့ပါ။
♛ ကိုယ့်ကိုယ်ကို အုပ်ချုပ်နိုင်သောသူသည် ငွေကြေးစုဆောင်ထားသူဖြစ်၏။ အနာဂတ်တွင် အားကောင်းသော ငွေကြေးများကို မှန်မှန်စုဆောင်းခြင်းပြုလုပ်သူဖြစ်၏။
♛ ကိုယ့်ကိုယ်ကိုအုပ်ချုပ်နိုင်သောသူသည် စက်ရုံမှ ကုန်ပစ္စည်းများ ထုတ်လုပ်သူနှင့် တူ၏။ သူသည် ဖေါက်သည်များနှင့် အလုပ်သမားများ၏ လိုအပ်ချက်များနှင့် အခွင့်အရေး ရရှိရေးအတွက် အမှုထမ်းခြင်းနှင့် အရည်အသွေးကောင်းမွန်သော ကုန်ပစ္စည်းများကို ရောင်းချခြင်းနှင့် ထုတ်လုပ်ခြင်းများကို ပြုလုပ်ခဲ့၏။ ကိုယ့်ကိုယ်ကို ချုပ်တည်းနိုင်သော လူမျိုး တစ်မျိုးသည် မိမိတို့လွတ်လပ်ရေးတည်တံ့ခိုင်မြဲရေးနှင့် စီးပွားရေး ကြီးထွားရေးကိုဖြစ်စေခဲ့သည်။

## ၃။ ခရစ်ယာန်တစ်ယောက်၏ အကျင့်စာရိတ္တ သို့မဟုတ် ရိုးသား ဖြောင့်မတ်သော စီးပွားရေးလုပ်ငန်း

အသင်းအဖွဲ့၏ ကြီးပွားချမ်းသာခြင်းနှင့် လွတ်လပ်စွာနေထိုင်ရေးအတွက် အခြေခံအုတ်မြစ်သည် ခရစ်ယာန် အကျင့်စာရိတ္တဖြစ်ကြောင်းကို ကျွန်ုပ်တို့သိရှိကြပြီး ဖြစ်၏။ ကောင်းမွန်သောအကျင့်စာရိတ္တရှိခြင်းသည် လူမျိုးတစ်မျိုး၏ စီးပွားရေး တိုးတက်မှုကိုဖြစ်ပေါ်စေ၏။
♛ လုံ့လဝီရိယရှိခြင်းနှင့် ကြိုးပမ်းမှု။ ဝီရိယရှိခြင်းနှင့် ကြိုးစားအားထုတ်မှု သည် ကုန်ပစ္စည်းထုတ်လုပ်ရေး တိုးတက်မှုကိုပြုလုပ်သည်။
♛ ဘုရားသခင်၏ ဂရုဏာတော်တွင် ယုံကြည်မှုရှိခြင်း။ ကြိုးစား၍ အလုပ်လုပ်ခြင်း သည် သာလျှင်ကြီးပွားချမ်းသာခြင်းရရှိရေးကို အာမမခံနိုင်ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာများကို ခံစားနိုင်ရန် လူမျိုးတစ်မျိုးလုံးနှင့် တစ်ဦးချင်းစီက ဘုရားသခင်ကို ယုံကြည်ကိုးစားရမည်ဖြစ်၏။
♛ အိမ်နီးချင်းကိုချစ်ပါ။ ခရစ်ယာန်၌ရှိသော ချစ်ခြင်းမေတ္တာကို ဖော်ပြသော အားဖြင့် နိုင်ငံအတွင်းရှိ ဆင်းရဲသားများကို ကရုစိုက်ကူညီရပါမည်။
♛ ရိုးသားဖြောင့်မတ်ခြင်း။ ရိုးသားဖြောင့်မတ်သောအလုပ်သမားများသည်

အလုပ်ရှင်၏ ပစ္စည်းဥစ္စာကို မစိုးရပါ။ ရိုးသားဖြောင့်မတ်သောလူထုအစိုးရသည် အမိန့်ပြန်တမ်းထုတ်၍ နိုင်ငံသားများ ပိုင်ဖြစ်သော အစိုးရဘဏ္ဍာငွေကိုမခိုးယူရပါ။

## ၄။ ကိုယ်ပိုင်ပစ္စည်းဥစ္စည်းများ (Private Property)

အခန်း ၁ နှင့် ၂ တွင် ပစ္စည်းဥစ္စာများ၏ အခြေခံမူကို စစ်ဆေးခဲ့ပြီးဖြစ်၏။ လွတ်လပ်မှုရှိ၍ ကြီးပွားချမ်းသာခြင်းကို ရရှိရန်မည်သည့်လူ့အဖွဲ့အစည်းအတွက်မဆို အခြေခံလိုအပ်ချက်သည် ကိုယ်ပိုင်ပစ္စည်းဥစ္စာပိုင်ဆိုင်ရေးအခွင့်အရေးများ ရရှိခြင်းသည် အဓိကပထမအချက်ဖြစ်ကြောင်းကို ကျွန်ုပ်တို့သိရှိခဲ့ပါသည်။ နောဧ ဝိဗ်စတားက ဤသို့ရေးသားဖော်ပြခဲ့၏။ လူမျိုးအသီးသီးထဲတွင် စစ်မှန်သော ပစ္စည်းဥစ္စာများ၏ အဓိက ဖြန့်ဝေခြင်းနှင့် နိုင်းယှဉ်လျှင် ပုံနှိပ်ခြင်းလုပ်ငန်း၏ လွတ်လပ်မှု၊ ဂျူရီလူကြီးများ၏ တရားစီရင်ခြင်း၊ ချုပ်နှောင်သောသူသည် တရားသဖြင့် ချုပ်သည်မချုပ်သည်ကို သိရလေအောင် ရုံးတော်သို့ ပို့သော စာချွန်တော်၊ ပြည်သူ/သားများလွတ်လပ်စွာ နေထိုင်နိုင်ရန် ဂွန်ဘုရင်က ထုတ်ပြန်သော ပြန်တမ်းနှင့် ပြည်သူလူထု၏ လွတ်လပ်ရေးကို တရားမျှတစွာ စဉ်းစားပေးသည့်သေးငယ်၍ အဆင့်အတန်းနိမ့်သော ထောက်ထားညှာတာခြင်းမျှသာဖြစ်၏။ လူများသည်ပစ္စည်းဥစ္စာကြွယ်ဝကြပါစေ။ ဒါမှသာလျှင် တန်ခိုးပါဝါရှိမည်ဖြစ်၍ စာပုံနှိပ်ခြင်း၏ စည်းကမ်းကန့်သတ်ခြင်းကို အမြဲတစေသြဇာသက်ရောက်စေမည်ဖြစ်ပြီး ဂျူရီလူကြီးများ၏ တရားစီရင်ရာ၌ အကျင့်ပျက်စီးခြင်း 'ဝါ' အခြားသောသူများ၏ အခွင့်အရေးများကို အတိုချုံး ဖျက်စီးခြင်းများ ပြုလုပ်ခြင်းမှကာကွယ်ပေးနိုင်မည်ဖြစ်၏။ ခရစ်ယာန်နိုင်ငံတစ်နိုင်ငံသည် သူတို့နိုင်ငံအတွင်းရှိ လူများကို ပစ္စည်းဥစ္စာတိုးတက်ချမ်းသာစေ၍ သြဇာအာဏာ ရှိလာကြ၏။

## ၅။ ဒေသတစ်ခုနှင့်ဆိုင်သော အရောင်းအဝယ်လုပ်ငန်း

စီးပွားရေးလုပ်ငန်းကြီးထွားလာခြင်းသည် ကြီးမားသော အရောင်းအဝယ် လုပ်ငန်းအဖြစ် တိုးတက်လာနိုင်သော စီးပွားရေးလုပ်ငန်းငယ်မှ စတင်၍ အခြားသူများကို အလုပ်ခန့်၍ ဖေါက်သည်များရရှိနိုင်သော ကိုယ့်ဟာကိုယ် အလုပ်ခန့်ထားနိုင်သူဖြစ်ပြီး အခြားသူများကို ကျွေးမွေးနိုင်ရေးအတွက် အကြံဉာဏ်

ရရှိသောသူ၊ ငွေကြေးရှာဖွေ စုဆောင်းတတ်သူ ဖြစ်ပြီး၊ သူတို့ကို အလုပ်ခန့်ထားမည့် တစ်စုံတစ်ယောက်သော သူအပေါ်တွင် မှီခိုအားထားခြင်းမရှိသော သူ၊ သူတို့ကိုယ်တိုင် ပြင်ဆင်ခဲ့ကြ၍ တစ်ဦးချင်းတာဝန်သိသောသူများရှိသောနေရာတွင် စီးပွားရေး ကြီးထွားမှုသည် စတင်၍ ဖြစ်ပေါ်ခဲ့၏။ ဒါဟာ အလုပ်အကိုင်သစ်ကို ရှာဖွေရရှိနိုင်ခြင်း ဖြစ်၏။ ဒါကို ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းမည်ကဲ့သို့ ကြီးထွားလာခြင်းကို ဖော်ပြခြင်းဖြစ်၏။ ခရစ်ယာန် ပညာရေးသည် ကျွန်ုပ်တို့နိုင်ငံအတွင်းရှိ လူတစ်ဦးချင်းစီကို တိုက်တွန်းလှုံ့ဆော်၍ ဗဟုသုတအကြားအမြင်များပြား သောသူများကို မွေးထုတ် ပေးမည်ဖြစ်၏။ ဤဗဟုသုတအကြားအမြင်များပြားသောသူများသည် အစိုးရ၏ အလုပ်ရှာဖွေခန့်ထားခြင်းကို အားမကိုးဘဲ စီးပွားရေးလုပ်ငန်းရှင်များဖြစ်လိမ့်မည်ဖြစ်ပြီး သူတို့ ကိုယ်တိုင် ၄င်းတာဝန်များကို ဆက်လက်၍ လုပ်ဆောင်ရမည်ဖြစ်၏။

## ၆။ မိမိတို့ဆန္ဒအရစည်းလုံးညီညွတ်ခြင်း

နိုင်ငံတစ်နိုင်ငံအတွင်းရှိ လူများအားလုံးသည် မိမိတို့ဆန္ဒအလျောက်အတူတကွ အလုပ်လုပ်ခြင်းသည် စီးပွားရေးကြီးထွားမှုကိုအားပေးသည်။ ၄င်းသည် နိုင်ငံအတွင်းတွင် ဟိုတယ်စားသောက်ခန့်ရှိပစ္စည်းတန်ဖိုးစာရင်း၏ အတားအဆီးကို ပိတ်ပင်တားမြစ် လိမ့်မည်ဖြစ်ပြီး အများပိုင်ဈေးကွက်များကို ဖြစ်ပေါ်ဖန်တီးခဲ့သည်။ ၄င်းသည် နိုင်ငံတစ်ခုတွင်းရှိ နယ်ပယ်များ 'ဝါ' ခရိုင်များ အသီးသီးရှိလူအသီးသီးသည် အကောင်းဆုံးသော လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်နှင့် အခြားသူများ၏ ထုတ်လုပ်သော ကုန်ပစ္စည်းများနှင့် အလဲအလှယ်ပြုလုပ်နိုင်ရန် မှန်ကန်သော ငွေကြေးများကို အသုံးပြုရေးအတွက် ခွင့်ပြုခဲ့သည်။ လူအသီးသီးသည် ဘာဘဲဖြစ်ဖြစ် သူတို့က ကမ်းလှမ်းထားသော ဈေးနှုန်းအတိုင်း ရောင်းနိုင်/မရောင်း နိုင်ဟူသော လွတ်လပ်သော အခွင့်အရေးများရှိကြသည်။ သို့သော် သူတို့သည် မည်သူ့ကိုမှ သူတို့၏ ပစ္စည်းများကို ဝယ်ဘို့ရန်အတင်းအဓမ္မမလုပ်နိုင်ပါ။ အမှုထမ်းခြင်းနှင့် ကုန်ပစ္စည်းများ လဲလှယ်ခြင်းသည် မိမိတို့ဆန္ဒအရ ပြုလုပ်ခြင်းဖြစ်ရာ သူတို့အားလုံးပါဝင်ကြသည်နှင့် အညီ ဤကုန်ပစ္စည်းလဲလှယ်ခြင်းမှ အမြတ်အစွန်းများရရှိကြလိမ့်မည်ဟု သူတို့၏ ယုံကြည်ခြင်းကိုဖြစ်ပေါ်စေ၏။ အမှုထမ်းခြင်းနှင့် ကုန်ပစ္စည်းများ၏ တန်ဖိုးများကို ထောက်ပံ့ခြင်းနှင့် တောင်းဆိုချက်

များဖြင့် ဆုံးဖြတ်ရမည်ဖြစ်၏။ လွတ်လပ်သော ဈေးကွက်တစ်ခုတွင် အမှုထမ်းခြင်းနှင့် ကုန်ပစ္စည်းများ၏ ထောက်ပံ့မှုသည် ကုန်ပစ္စည်းရောင်းသူများနှင့် ဝယ်သူများအကြားတွင် ဈေးနှုန်းများကို ချိန်ကိုက်ညှိနှိုင်း ကြရမည်ဖြစ်၏။ မည်သည့်ကုန်ပစ္စည်းအမျိုးအစား မဆိုထောက်ပံ့မှုကြီးမားလေလေ၊ ကုန်ပစ္စည်းများ၏ ဈေးနှုန်းသည် ကျဆင်းလေလေဖြစ်၏။ မည်သည့်ကုန်ပစ္စည်း အမျိုးအစား မဆိုတောင်းဆိုမှုပို၍ ကြီးမားလေလေ၊ ကုန်ပစ္စည်းများ၏ ဈေးနှုန်းသည် မြင့်တတ်လေလေဖြစ်၏။

**လမ်းအောက်ခံအခင်း အစိုးရ၏ခရစ်ယာန်တစ်ယောက်၏ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပုံစံများ (ဥပဒေနှင့်ကိုက်ညီသော စီးပွားရေးလုပ်ငန်း၏ အခြေခံဖွဲ့စည်း အုပ်ချုပ်ဥပဒေ**

ကျမ်းစာနှင့်စပ်ဆိုင်သော အခြေခံမှုများပေါ်တွင်တည်ဆောက်ထားသော အစိုးရသည် နိုင်ငံ၏ စီးပွားရေးလုပ်ငန်းတိုးတက်ရေးကို ကြီးမားစွာ ဆောင်ရွက်နိုင်၏။ ဤကဲ့သို့ လူ၏ခရစ်ယာန်အယူအပေါ်တွင် အခြေခံ၍ ဥပဒေနှင့် သိတင်းကောင်းတို့တွင် အမြစ်တွယ်နေသော အစိုးရသည် စီးပွားရေးတိုးတက်ရေးကို ပြည်သူများ၏ စီးပွားရေးလိုအပ်ချက်များအတွက် ထောက်ပံ့ခြင်းမရှိဘဲ လိမ်လည်လှည့်ဖြား၍ ခိုးယူမှုများကို အပြစ်ဒဏ်ပေးခြင်း၊ ပုဂ္ဂလိကပစ္စည်းဥစ္စာများကို ကာကွယ်ပေးခြင်း၊ ကုန်ထုတ်လုပ်ခြင်းနှင့် လဲလှယ်ခြင်းကို အောင်မြင်စေနိုင်၍ အမိန့်အာဏာဖြင့် ပတန်ဝန်းကျင် လွတ်လပ်ရေးကိုပေးကမ်းခြင်းဖြင့် အထောက်အကူပေးလိမ့်မည်ဖြစ်၏။ ဤကဲ့သို့သော အစိုးရသည် ရိုးသားဖြောင့်မတ်သော စီးပွားရေးလုပ်ငန်းများကို ဝင်ရောက် စွက်ဖက်ရန် အာဏာကို မသုံးဘဲ နိုင်ငံသားများ၏ အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်ပေးရန်အတွက် လုံလောက်သောအမိန့်အာဏာရရှိရန် သူ၏ လုပ်ငန်းများနှင့် အသုံးစရိတ်များကို ကန့်သတ်ရမည်ဖြစ်၏။

## အခွန်အကောက်များကို ကောက်ခံသည့်စနစ် (Taxatcon)

ယေရှုက၊ ကဲသာဘုရင်၏ ဥစ္စာကို ကဲသာ ဘုရင်အားဆက်ပေးကြလော့။

ဘုရားသခင်၏ ဥစ္စာကို ဘုရားသခင်အား ဆက်ပေးကြလော့ဟု မိန့်တော်မူ၏ (လုကာ ၂၀း၂၅) လူထုအစိုးရသည် သူတို့၏ လုပ်ငန်းများဖြစ်သော ကာကွယ်ရေးအတွက် ပေးကမ်းခြင်း၊ ဒုစရိုက်ကျူးလွန်သူများကို အပြစ်ဒဏ်ပေးခြင်းနှင့် ငြိမ်ချမ်းရေးကို ထိန်းသိမ်းရန်အတွက် ငွေကြေးများလိုအပ် လာသည်။ ဂယ်ရီဒီမားက ဤသို့ရေးသားခဲ့၏။ အမေရိကန်ပြည်ထောင်စုတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ကျွန်ုပ်တို့၏ ကဲသာဘုရင်ဖြစ်သည်။ ကျွန်ုပ်တို့သည် နိုင်ငံတော်အတွက် စည်းကမ်းချက်အဖြစ် သတ်မှတ်ထားသော ငွေကြေးများကို နိုင်ငံတော်သို့ပေးရန် သတ်မှတ်ထားခြင်းကို ခံရသည်။ သို့သော် အခွန်များကောက်ခံခြင်း၏ နယ်ပယ်တွင် ငွေထုတ်ယူသူက ငွေပမာဏကို မိမိဘာသာပြည့်သွင်းထုတ်ယူနိုင်ရန် ငွေပမာရေးသွင်းမထားသောချက် လက်မှတ်တစ်စောင်ကို ယေရှုက အုပ်ချုပ်သူ များကို ပေးတော်မူသည်ကို နိုင်ငံသားများ 'ဝါ' ပြည်သူလူထုက ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များကလည်း ယုံရလိမ့်မည်မဟုတ်ပါ။ ရှင်ပေါလုညွှန်ကြားခဲ့သည်မှာ လူထုအာဏာပိုင်းများ ထံသို့အခွန်အထုတ်များကို မှန်မှန်ပေးဆောင်ကြရ် ညွှန်ကြား ခဲ့သည် (ရောမ ၁၃း၇)။ သတိပြုရမှာကတော့ သူတို့ ကြိုက်သလို နေကြရန်ညွှန်ကြားသည် မဟုတ်ပါ။ နိုင်ငံတော်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်က အသေးစိတ် ဖော်ပြသောထိုနေရာဒေသများအတွက် အခွန်ကောက်ခံခြင်းအမိန့်အာဏာကို ကန့်သတ်မှုပြုလုပ်ရလိမ့်မည်ဖြစ်၏။ ဝင်ငွေအပေါ်တွင် အခွန်ကောက်ခံခြင်း တိုးမြှင့်လာခြင်းသည် လူတစ်ဦးချင်း၏ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့် အခွင့်အရေးများကို ဖျက်စီးခဲ့သော ကျမ်းစာနှင့်မညီညွတ်သောအခွန်ကောက်ခံခြင်းပင်ဖြစ်၏။ ဤအခွန် ကောက်ခံခြင်း၏ ဖိနှိပ်ခြင်းပုံစံများသည် ဘုရားသခင်က ကျွန်ုပ်တို့ကို ရည်ရွယ် သကဲ့သို့ ကိုယ့်ကိုယ်ကို အုပ်ချုပ်နိုင်သောသူများဖြစ်၍ ကျွန်ုပ်တို့ကို ထောက်ပံ့ရန်နှင့် အုပ်ချုပ်ရန် ကျွန်ုပ်တို့က ငြင်းဆန်သည်နှင့်အမျှ ကျွန်ုပ်တို့၏ လူမျိုးအပေါ်တွင် ကျရောက်လာသော အခွန်ကောက်ခံခြင်းဖြစ် သည်။ ဣသရေလလူမျိုးတို့သည် ကိုယ့်ကိုယ်ကို ချုပ်တည်းမှုကို ရပ်တန့်၍ သူတို့ကို အုပ်ချုပ်ရန် ရှင်ဘုရင်တစ်ပါးကို တောင်လာသောအခါ၊ ပို၍ ဗဟိုမှအမိန့်အာဏာများကို ကြိုးကိုင်၍ အုပ်ချုပ်သူရှင်ဘုရင်တစ်ပါးကို ရရှိခဲ့ကြ၏။ ဤလုပ်ရပ်၏ နောက်ဆက်တွဲရလဒ်သည်

အခွန်များကောက်ခံခြင်းမှတဆင့် သူတို့၏ ပစ္စည်းဥစ္စာများကို အကောက်ခွန်အာဏာပိုင်များက မတရားသိမ်းယူခြင်းကိုခံရကြ၏။

**အခွန်အမျိုးအစား**

(၁) ''ဝင်ငွေအပေါ်ကောက်ခံရသောအခွန်'' (Income tax)

အခွန်များ၏ အခြားသော စကားလုံးမှာ ရှင်ဘုရင်က သူ့ထက်ကြီးသော ကေရာဇထံသို့ ဆက်သသော လက်ဆောင်ပဏ္ဏာဘုရားသခင်သည် ၁၀ % (tithe) သာအုပ်ချုပ်သူအစိုးရထံသို့ ဆက်သရန် မိန့်တော်မူခဲ့သော်လည်း သူတို့သည် သစ္စာခံခြင်းအတွက် အခွန်များကို ပို၍ တိုးမြှင့်ကာကောက်ခံကြရ၏။ ဒါဟာ ရုပ်တုကိုးကွယ်ခြင်းနှင့်တူ၏။

(၂) ''ပစ္စည်းဥစ္စာများအပေါ်တွင်ကောက်ခံရသောအခွန်''

အမေရိကန်ပြည်ထောင်စုတွင် အစိုးရသည် သွယ်ဝိုက်သော နည်းဖြင့် ကျမ်းစာနှင့်စပ်ဆိုင်သော ဥပဒေများကို ချိုးဖောက်ခြင်းများပြုလုပ်၍ နိုင်ငံတွင်းရှိ မြေယာအားလုံးကို ပိုင်ဆိုင်ပြီး အချို့ကို သူ့နိုင်ငံသားများထံသို့ အခကြေးငွေဖြင့် ငှားရမ်းခဲ့ကြရသည်။ အကယ်၍ ပစ္စည်းဥစ္စာများ၏ အခွန်ငွေကို မဆောင်ပါက ''ဝါ'' အိမ်၊ မြေ ငှားရမ်းခမပေးပါက မောင်းထုတ်ခြင်းခံရမည်ဖြစ်၏။ ဒါဟာခိုးသည်နှင့်တူ၏။ အစိုးရသည် ပစ္စည်း ဥစ္စာများအပေါ်တွင် အခွန်ကောက်ခံရန်အတွက် မည်သည့်အခွင့်မျှ မရှိဖြစ်ပြီးထင်ရှားသော အစိုးရပိုင်နယ်ပယ်များ၏ အခြေခံမူသည် နတ်ဘုရားအတွက် တောင်းဆိုမှုဖြစ်သည်။ ၎င်းကို (ဝမ္မရာဇဝင်ပစောင် ၈း၁၄) (ယေဇကျေလ ၄၆း၁၈) တို့တွင် အသေးစိတ်တားမြစ်ခဲ့သည်။

(၃) ''အမွေအနှစ်များအပေါ်တွင် အခွန်များကောက်ခံခြင်း''

လူတစ်ယောက်၏ အလုပ်လုပ်ခြင်းမှရရှိခံစားရမည်ဖြစ်သော အသီးအပွင့်များကို သူသေသွားပြီးသည့်နောက်ပိုင်း၌ သားသမီးများမခံစားရသေးခင်မှာ နှုတ်ယူသွားခြင်းမျိုးကို မည်သည့်ရောတွင် မဆိုကျမ်းစာက ခွင့်ပြုခြင်းမရှိခဲ့ပါ။ ဒါဟာ နိုင်ငံတော်ကို ဆက်လက်၍ တည်ထောင်ခြင်း၏ နည်းလမ်းတစ်ခုဖြစ်သည်။ ဘာသာတရားကိုင်းရှိုင်းသော သားသမီးများသည် လုပ်ငန်းစတင်သောအခါ အောက်ခြေမှ စတင်ရန် မလုပ်သင့်ပေ။ ၎င်းသည် ဘုရားသခင်၏ နိုင်ငံတော်တွင် ကြွယ်ဝချမ်းသာခြင်းကို

တိုးတက် စေ၏။ ခရစ်ယာန်တစ်ယောက်၏ စီးပွားရေးလုပ်ငန်းတွင် သားသမီးများသည် သူတို့၏ မိဘများထက် ပိုမိုကြွယ်ဝချမ်းသာကြ၏။ အကြောင်းမူကား အသီးသီးသော ဆွေစဉ်မျိုးဆက်များ၏ ကြီးထွားတိုးတက်ခြင်းကို တည်ဆောက်ဘို့ရန် ဤပစ္စည်းဥစ္စာများက အကျိုးဖြစ်ထွန်းစေမှာဖြစ်သောကြောင့် ဖြစ်၏။

## ကျမ်းစာနှင့်စပ်ဆိုင်သော အခွန်အတုတ်များ

ကျမ်းစာက အခွန်အတုတ်နှစ်မျိုးရှိကြောင်းဖော်ပြခဲ့သည်။
၁။ လူခွန်တော် (Head Tax) (Exodus ၃၀း၁၁-၁၆) ဤလူခွန်တော်သည် နိုင်ငံ၏ တာဝန်အရပ်ရပ်တွင် ထောက်ပံ့ပေးကမ်းသည် ဤတူညီဝတ်စုံ (ယူနီဖေါင်း) သည် အမျိုးသားများအသက် ၂၀ ပြည့်ပြီး သူတိုင်းပေးဆောင်ရမည့် အခွန်အတုတ်ဖြစ်သည်။ ဤအခွန်များကိုပေးဆောင်ရာ၌ ဆင်းရဲသားများကို ဖိနှိပ်ချုပ်ချယ်ခြင်းမရှိသဖြင့် အရေးကြီးသောအရာဖြစ်သည်။
၂။ Tithe ဆယ်ဖို့တစ်ဖို့။ ဤဆယ်ဖို့တစ်ဖို့ကို လူ့အဖွဲ့အစည်း၏ လူမှုလုပ်ငန်းများနှင့် ခရစ်ယာန်ဘုန်းတော်ကြီး နှင့်ဆိုင်သော လုပ်ငန်းများအတွက် လိုအပ်သောအရာများကို အဆင်ပြေစေရန်အတွက် လေဝီများနှင့် ယဇပုရောဟိတ်များအတွက် ပေးလှူသောအခွန်ဖြစ်သည်။ ဤပေးကမ်းခဲ့သော ဆယ်ဖို့တစ်ဖို့သည် အခြားဘာသာတရားကိုင်းရှိုင်းသောသူများ၏ လူမှုရေးလိုအပ်ချက်များ၊ ပညာရေးနှင့် လူမှုသက်သက်ချောင်ချိရေး၏ ပုံစံအမျိုးမျိုးနှင့် အသင်းတော်အတွက် ထောက်ပံ့ပေးကမ်းခဲ့သည်။ ဤဆယ်ဖို့တစ်ဖို့ကို လူများ၏ ဝင်ငွေပေါ်တွင် ကောက်ခံထားသော အခွန်ဟုလည်းပြောဆိုနိုင် ပါသည်။ အကယ်၍လူများသည် ခရစ်ယာန်ဘုန်းတော်ကြီးများ အတွက် ဆယ်ပုံတစ်ပုံကို ပေးဆက်မည်ဆိုလျှင် အစိုးရက လုပ်ငန်းအတွက် လိုအပ်သော ကောက်ခံရရှိမည့် ငွေကြေးပမာဏ၏ အရေအတွက်သည် သိသာစွာနည်းသွားလိမ့်မည် ဖြစ်၏။

## မှန်ကန်သောငွေကြေး

ကျမ်းစာနှင့်စပ်ဆိုင်သော စီးပွားရေးလုပ်ငန်းသည် မှန်ကန်သောငွေကြေးစနစ်ကို ကျင့်သုံးရမည်ဖြစ်၏။ (ဝတ်ပြုရာကျမ်း ၁၉း၃၅–၃၇) တွင်ဖော်ပြရာ၌ တိုင်းထွာသောအမှု၊ ချိန်တွယ်သောအမှု၊ ခြင်တွက်သောအမှု၌ မတရားစွာမပြုရ၊ မှန်ကန်သော ချိန်ခွင်၊ မှန်သောအလေး၊ မှန်သောဖေါ၊ မှန်သောဟိန်တို့ကို သုံးရမည်။ ငါသည် သင်တို့ကို အဲရုတ္တုပြည်မှ နုတ်ဆောင်သော သင်တို့၏ ဘုရားသခင်ထာဝရဘုရားဖြစ်၏။ သင်တို့သည် ငါစီရင်ထုံးဖွဲ့ချက်အလုံးစုံတို့ စောင့်ရှောက်ကြရမည်။ ငါသည် ထာဝရဘုရား ဖြစ်သည်ဟု မိန့်တော်မူ၏။ ငွေကြေးသည် ရောင်းကုန်ပစ္စည်းဖြစ်၏။ ဈေးကွက်များတွင် အချိုးသောအရာများ၏ စစ်မှန်သော တန်ဖိုးများဖြစ်ကြ၏။ ၎င်းတို့သည် ငွေကြေးကဲ့သို့ အသုံးပြုသော ကျွဲ၊ နွားများ၊ အုန်းသီးများ၊ ခရု၊ ပုဇွန်၊ ဂဏန်းများ၊ ငွေ 'ဝါ' ရွှေစသည်တို့ဖြစ်ကြသည်။ သမိုင်းအရ ကုန်ပစ္စည်း လဲလှယ်ခြင်းသည် ကုန်ချင်း လဲလှယ်ခြင်းမှ စတင်ခဲ့ခြင်းဖြစ်သည်။ ကုန်ပစ္စည်းများလဲလှယ်ရာတွင် ပိုက်ဆံသည် အကောင်းဆုံးနှင့် အလွယ်ကူဆုံးဖြစ်သည်။ အကြောင်းမူကား လူများသည် ပိုက်ဆံရရှိရန်အတွက် ကုန်သွယ်မှုပြုလုပ်ကာ ထိုရရှိသော ငွေကြေးများဖြင့် သူတို့ လိုချင်သော အခြားသော အရာများကိုဝယ်ယူကြသည်။ ကျမ်းစာထဲတွင် ဖေါ်ပြချက်အရ ပိုက်ဆံသည် တန်ဖိုးကြီးသော သတ္တုဖြစ်သော ငွေ 'ဝါ' ရွှေဖြစ်သည်။ ဒါဟာ ပိုက်ဆံသည် အခြေခံစည်းမျဉ်းပေါ်တွင် အခြေခံခြင်းဖြစ်သည်။ စက္ကူဖြင့် စတင်ပြုလုပ်သော ငွေကြေးသည် ပိုက်ဆံမဟုတ်ပါ။ ၎င်းသည် ပိုက်ဆံကို အစားထိုးခြင်းသာဖြစ်သော်လည်း ပိုက်ဆံအိတ်ထဲတွင် ထည့်ရန် ငွေအကြွေစေ့များကို ခေါက်ရန် အခက်အခဲရှိသဖြင့် ငွေစက္ကူသည် အသုံးဝင်ခြင်းဖြစ်၏။ သို့သော် ငွေစက္ကူသည် ရိုးသားဖြောင့်မတ်ခြင်းရှိပါက မည်သည့်အချိန်တွင် မဆို ပြန်ရွေးနိုင်သော စစ်မှန်သော ပိုက်ဆံ၏တိကျသော အရေအတွက်အဖြစ် အမြဲတမ်းထောက်ခံအတည် ပြုရမည်ဖြစ်၏။ အမေရိကန်သည် သူ့သမိုင်းတစ်လျှောက်လုံးတွင် ရွှေစံချိန်အခြေပြုငွေကြေးစနစ်ကို ကျင့်သုံးသော နိုင်ငံတစ်နိုင်ငံ ဖြစ်သည်။ ၁၉၃၃ ခုနှစ်တွင် အမေရိကန်သည် ငွေစံချိန်အခြေပြု ငွေကြေးစနစ်ကို ကျင့်သုံးသောနိုင်ငံအဖြစ်သို့ ပြောင်းလဲလာခဲ့ သည်။ ၁၉၆၈ ခုနှစ်တွင် ငွေစံချိန်အခြေပြုငွေကြေးစနစ်ကို သီးခြားလွတ်လပ်သော ပြည်နယ်အုပ်ချုပ်ရေးအတွက်

သိုမှီးသိမ်းဆည်းထားသော ငွေစက္ကူဖြင့် အစားထိုး၍ ဖြောင့်မတ်မှန်ကန်သော ငွေကြေးကို နိုင်ငံမှ ဖယ်ရှားခဲ့သည်။ အမေရိကန်နိုင်ငံသည် ဖြောင့်မတ်မှန်ကန်သော ငွေကြေးကို အသုံးပြုခဲ့သောအချိန်တွင် ငွေဖေါင်းပွခြင်းရှည်ကြာခြင်း ဘယ်တော့မှ မရှိခဲ့ပါ။ ယနေ့အချိန်တွင် ငွေစက္ကူများကို အစိုးရ၏ ဂတိပေးထောက်ခံခြင်းမှ လွဲ၍ မည်သူကမျှ မထောက်ခံခဲ့ကြချေ။ ၁၉၃၂ ခုနှစ်တွင် အသုံးပြုသော အမေရိကန်ဒေါ်လာနှင့် ယနေ့ အမေရိကန်နိုင်ငံတွင် အသုံးပြုသော ဒေါ်လာ၏ တန်ဖိုးကို နှိုင်းယှဉ်လျှင်၊ ယနေ့သုံးသော ဒေါ်လာတန်ဖိုးသည် ငါးစင့် (5 cents) မျှတန်ဖိုးကြီး၏။ တစ်ခုစိတ်ဝင်စားစရာ ကောင်းတာကတော့ ယနေ့ ရွှေတစ်အောင်စ၏ ဝယ်ယူနိုင်သောကုန်ပစ္စည်းများ၏ ပမာဏသည် လွန်ခဲ့သောနှစ်ပေါင်း ၆၀ က ရွှေတစ်အောင်စ၏ ဝယ်ယူနိုင်သော ကုန်ပစ္စည်းပမာဏနှင့်အတူတူပင်ဖြစ်သည်။ တန်ဖိုးမရှိ၍ ထောက်ခံခြင်းမရှိသော အမိန့်တော်အားဖြင့် ထုတ်လုပ်သော ငွေကြေးများကို အသုံးပြုရန် အစိုးရကခွင့်ပြုသဖြင့် နိုင်ငံသားများထံမှ ကောက်ခံရရှိသော အခွန်များထက် ပိုမိုများပြားလာသဖြင့် မည်သည့်အချိန်တွင်မဆို လိုအပ်သောနေရာ၌ အသုံးပြုနိုင်ရန် ငွေကြေးများကို ပိုမိုထုတ်လုပ်ခြင်းဖြင့် ငွေဖေါင်းပွမှုဖြစ်ပေါ်လာ၏။

## ငွေဖေါင်းပွမှု (Inflation)

ဂရက်အန်တိုနီ ရေးသားခဲ့သည်ကား လူမျိုးတစ်မျိုး၏ ကောင်းမွန်နေရာမှပြန်၍ လျော့ကျသွားခြင်း၏ နိမိတ်လက္ခဏာတစ်ခုမှာ သူ့နိုင်ငံ၏ ပြည်တွင်း၌ လည်ပတ်သုံးစွဲနေသည့် ငွေကြေး၏ အခြေအနေနှင့် ဖြောင့်မတ်ခြင်း၏ အဆင့်အတန်းမည်၍မည်မျှ အလေးချိန်ရှိသည်ကို တိုင်းတာခြင်းဖြင့်သိရှိနိုင်ပါသည်။ သမိုင်းတွင် တွေ့မြင်နိုင်သည့် အတိုင်း လူမျိုးများသည် နောက်သို့လျှောကျသွားခြင်း စတင်ခဲ့သောအခါ သူတို့၏ ဒင်္ဂါးအကြေွသွန်းလုပ်ခြင်းတွင် အမြှုပ်–ချော်များ စတင်၍ ထွက်လာသည်ကို တွေ့မြင်နိုင်၏။ ဣသရေလလူမျိုးတို့သည် ဘုရားသခင်ထံမှ ခွဲခွာခြင်းအပေါ်တွင် ပရောဖက် ဟေရှာယက ဤသို့ပြစ်တင်ကြိမ်းမောင်းခဲ့သည်။ သင်၏ငွေသည်လည်း ချော်ဖြစ်လေပြီ။ သင်၏ စပျစ်ရည်သည်လည်း ရေနှင့်ရောလျက်ရှိ၏ (ယေရှာယ ၁း၂၂) ယနေ့များစွာသော လူများအတွက်

ငွေဖေါင်းပွခြင်းဆိုသည်မှာ ကုန်ပစ္စည်းဈေးနှုန်း မြင့်တက်လာခြင်းကို ဆိုလိုပါသည်။ ဒါဟာ လိုငွေပြနေသော အစိုးရ၏ ရသုံးမှန်းခြေ ငွေစာရင်းအတွက် ထောက်ပံ့ရန် အခွန်ငွေတိုး၍ ကောက်ခံခြင်း၏ နိမိတ်လက္ခဏာ ပင်ဖြစ်သည်။ အစိုးရသည် ငွေကြေးသုံးစွဲခြင်းကို တိုးမြှင့်လာသောအခါ အရောင်းအဝယ် လုပ်ငန်းရှင်များသည် သူတို့၏ မြင့်မားသော အကုန်အကျများကို ကာမိစေရန် ကုန်ပစ္စည်းများ၏ ဈေးနှုန်းကို မြှင့်တင်ခြင်းကြောင့် ဒေါ်လာ၏ ဝယ်အားကျဆင်း လာခြင်းကြောင့် အစိုးရသည် ကြီးမားစွာ ဘဏ်မှငွေချေးယူခြင်း ‘ဝါ’ ပိုမိုများပြားသော ငွေကြေးများကို စက်ရုံမှထုတ်လုပ်ခြင်းကို ပြုလုပ်လာကြ၏။ ဆရာကြီး အန်တိုနီက ဤသို့ရေးသားခဲ့၏။ ငွေဖေါင်းပွခြင်းမှ အမြတ်ထုတ်ယူနိုင်သော အချက်တစ်ခုသည် ငွေကို များများသုံးစွဲခြင်းဖြစ်၏။ (e.g အစိုးရ) ဒါဟာ မတရားသော အုပ်ချုပ်သူများ၏ လျှို့ဝှက်ချက်ဖြစ်သည်။ အခွန်ကောက်ခံခြင်းဖြစ်၏။ အဘယ့်ကြောင့်ဆိုသော် အစိုးရသည် မမြင်နိုင်သော အရာမှ ငွေကြေးများကို ထုတ်လုပ်၍ များပြားစွာသုံးစွဲခြင်းကြောင့် နိုင်ငံသားများ၏ ဘဏ်ငွေဝယ်အားသည် ကျဆင်းခြင်းသို့ရောက်လာ၏။ ငွေဖေါင်းပွခြင်း သည် ခိုးခြင်းနှင့်တူ၏။ သမ္မာကျမ်းစာ၏ ဖော်ပြချက်ကို မှတ်ထားပါ။ သူ့ဥစ္စာကို မခိုးရ'' (Exo ၂၀း၁၅) နိုင်ငံသားတစ်ယောက်သည် မိမိကိုယ်တိုင်အတွက် ငွေစက္ကူ ထုတ်လုပ်သော ပုံနှိပ်စက်ကို တီထွင်၍ ငွေကြေးများကို တိတ်တခိုးထုတ်လုပ်ပါက၊ ထိုသူကို ရာဇဝတ်ကောင်ဟုခေါ်၏။ (ငွေအတုထုတ်လုပ်သူ) အစိုးရသည်လည်း ဤကဲ့သို့ပြုလုပ်လာလျှင် ထိုအစိုးရကို အကြွေးများဆက်ရန် ငွေကြေးအဖြစ် အသိမှတ်ပြုခြင်း ‘ဝါ’ စီးပွားရေးလုပ်ငန်းအတွက် အားတက်စေခြင်းဟုခေါ်၏။ ဤအချက်နှစ်ခုကွာခြားချက်ကဘာလဲ၊ ငွေဖေါင်းပွခြင်းသည် ''အခုသုံးဖြုန်းပါ'' ဟူသော စိတ်ဓာတ်ဖြင့် ငွေကြေးစုဆောင်းခြင်းကို အားနည်းစေသည်။ ၄င်းသည် အကြွေးတင်ခြင်း ကို အားပေးသည်။ လူများကို အကြွေးတိုး၍ တင်စေပြီးအနာဂတ် ကာလ၏ တိုးပွားချမ်းသာခြင်းအတွက် ရင်းနှီးမြှုပ်နှံပြီး အကျိုးရှိအောင် အသုံးချခြင်းကို လျော့နည်းလာစေရေးအတွက် အခွန်များကို ခိုး၍ ကောက်ခံခြင်းဖြစ်၏။ ငွေပေါင်းပွခြင်းကို အဆုံးသတ်ချင်ရင်ဗဟိုဘဏ်ကိုဖျက်စီး၍ အသေးအမွှားဖြစ်သောဥပဒေများကို ရုပ်သိမ်းပြီး အဆင့်အတန်းလက်ခံနိုင်သော

ရွှေကုန်လျောင်ရုံသို့ပြန်လှည့်ရတော့မည် ဖြစ်၏။ ထပ်လောင်း၍ပြောရမည်ဆိုလျှင်၊ နောင်အသုံးပြုရန် ဘဏ်လုပ်ငန်းငွေကြေးများ အပိုင်းအစသိုမှီးထားခြင်းများကိုလည်း ပြီးဆုံးစေရမည်ဖြစ်၏။

## ဘဏ်လုပ်ငန်း၏ အခြေခံအချက်များ

ဘဏ်များကို ငွေကြေးများလုံခြုံရေးအတွက် ဖွင့်လှစ်ထားခြင်းဖြစ်သည်။ ဘဏ်တွင် ငွေကြေးများစုဆောင်းထားသော သူများသည် အခကြေးငွေ ပေးဆောင်ရမည်ဖြစ်၏။ ဘဏ်လုပ်ငန်းသည် တဖြေးဖြေးတိုးတက်လာသည်နှင့် အမျှ ငွေကြေးသိုလှောင်ရုံများသာမကဘဲ ငွေကြေးများကိုပေးကမ်းငှားရမ်းသူနှင့် ချေးငှားသူများ၏ အကြားတွင် ဆက်သွယ်ပေးသော ဘဏ်များဖြစ်လာကြ၏။ ဘဏ်များသည် နောင်တွင် အသုံးပြုရန် သိုမှီးထားသော ငွေကြေးများကိုသာ ချေးငှားခဲ့သည်။ အကယ်၍ ဘဏ်တွင်ငွေချေးယူလိုပါက အရင်ဘဏ်မှ ငွေကြေးများ ချေးငှားသောသူကပြန်လည်၍ မသွင်းမချင်းပိုက်ဆံထုတ်ယူနိုင် မည်မဟုတ်ပါ။ သင်သည် သင်၏ ရင်းနှီးမြှုပ်နှံမှုအတွက် အလုပ်လုပ်၍ ငွေရှာခြင်းကို စိတ်ဝင်စားမှုရှိရမည်။ ယခုခေတ်တွင် ဘဏ်အတော်များများသည် ဘဏ်လုပ်ငန်းစနစ်အတွက် အဓိကအပိုင်း မျှသာဖြစ်သော သိုမှီးထားသော ငွေကြေးများရှိကြ၏။ ဘဏ်များသည် သူတို့၏ ဘဏ်တိုက်တွင် စုဆောင်းထားသောငွေများကို ထိန်းသိမ်းပေးရန် ၁၀ % သာ ကောက်ယူ၍ လက်ခံထား၍ ကျန်ငွေချေးငှားနိုင်သည်။ ဒါဟာ ငွေဖေါင်းပွခြင်း ဖြစ်သည်။ အကြောင်းမူကား ချေးငှားခြင်းလုပ်ရိုးအစဉ်မှတဆင့် ငွေကြေးများ ပုံနှိပ်ထုတ်လုပ်ခြင်း ဖြစ်၏။ လူမျိုးများကို ပြန်လည်ပြုပြင်ရန်အတွက် ဘာသာရေး ကိုင်းရှိုင်းသော စီးပွားရေးပညာရှင်ကို ခေါ်ဆောင်လာရန်လိုအပ်လာသည်။ ခရစ်ယာန်စီးပွားရေး လုပ်ငန်း၏ အခြေခံမူများတွင် ဗဟုသုတအကြားအမြင်များပြားသော သူဖြစ်လာရန် အတွက် ဤပြန်လည်ပြုပြင်ခြင်းသည် အစဖြစ်၏။ နောက်ထပ် ဆောင်ရွက်မှု တစ်ခုကတော့ နိုင်ငံတစ်နိုင်ငံ၏ ခေါင်းဆောင်များနှင့် နိုင်ငံသားများကို ဤအခြေခံမူများ အပေါ်တွင် ဆောင်ရွက်မှုမှားစတင်ပြုလုပ်ရန် ညွှန်ကြားချက်ပေးရန် ဖြစ်သည်။

ဤကဲ့သို့ပြုလုပ်ဆောင်ရွက်ခြင်းဖြင့် ထွက်လာသော အဖြေရလဒ်သည် နိုင်ငံတစ်ခုလုံး အတွက် တိုးပွားချမ်းသာခြင်း သည်တဖြေးဖြေးတိုးတက်လာမည်ဖြစ်၏။

အခန်း ၁၃

## ကျမ်းစာနှင့်စပ်ဆိုင်သော အပြည်ပြည်ဆိုင်ရာဆက်သွယ်ရေးနှင့် စစ်ပွဲများ၏အခြေခံမှုများ

နိုင်ငံတစ်နိုင်ငံအတွင်းရှိ လူများနှင့် အခြားသောနိုင်ငံ၏ လူများသည် မည်ကဲ့သို့ဆက်သွယ်မှုပြုလုပ်သည်ကို နိုင်ငံခြားရေးပေါ်လစီဟုခေါ်၏။ ယနေ့ခေတ်ကာလတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှအစိုးရခေါင်းဆောင်များသည် နိုင်ငံခြား ဆက်သွယ်ရေး အတွက် သူများထက်ဦးစွာ ပြီးအောင်အမြန်လုပ်ခြင်းကို အထူး တာဝန်ပေးခြင်း ခံရသော အစိုးရအရာရှိကြီးများမှတဆင့် ဆက်လက်ဆောင်ရွက်၍ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးများ၏ အခြေခံမှုများကို ချမှတ်ခဲ့ကြ သည်။ နိုင်ငံအသီးသီးမှ အပြည်ပြည်ဆိုင်ရာထူးအဆင့်အတန်းရှိသူများအချင်းချင်း အကြားတွင် ဆက်ဆံရေး၏ အခြေခံသည် မည်သည့်အရာများဖြစ်သင့်၍ ဤဆက်သွယ်ရေးများကို ဘယ်နေရာမှာသင်ယူရမည်နည်း။ နိုင်ငံတစ်နိုင်ငံသည် အခြားသော နိုင်ငံတစ်နိုင်ငံသို့ ကိုယ်စားလှယ်များစေလွှတ်ရန်အတွက် အကောင်းဆုံးသောနည်းလမ်းသည် အစိုးရ အရာရှိကြီးများ ဖြစ်ကြပါသလား။

### နိုင်ငံခြားဆက်ဆံရေးကို အိမ်တွင်သင်ယူရရှိခြင်း

အခန်း '၈' တွင်ဖော်ပြခဲ့သည့်အတိုင်း လူ့အဖွဲ့အစည်း၏ ပထမဆုံးသော နယ်ပယ်သည် နေအိမ်ဖြစ်၍ ၄င်းသည် လူများထဲ၌အယူအဆများကို သွတ်သွင်းသော ပထမဆုံးသောနေရာဖြစ်သည်။ အိမ်များတွင် သင်ယူလေ့လာခဲ့သော လူများအကြား ဆက်ဆံရေးများသည် လူတစ်ယောက်ကို အရောင်းအဝယ်လုပ်ငန်း၊ အသင်းတော်၊ အဖွဲ့အစည်းများနှင့် မည်ကဲ့သို့ဆက်စပ်မှုရှိသည်ကို အကျိုးသက်ရောက်မှုရှိစေလိမ့်မည်

ဖြစ်၏။ နေအိမ်သည် နိုင်ငံခြားပေါ်လစီကို သင်ယူလေ့လာသောနေရာဖြစ်သည်။ နေအိမ်သည် သားသမီးများတစ်ယောက်နှင့်တစ်ယောက်ရန်ဖြစ်နိုင်သော ပထမဆုံးသော စစ်တိုက်ရာဇုံနယ်ဖြစ်သည်။ သူတို့သည် ရန်ပွဲများပြေလည်စေရန်အတွက် သင်ယူထား ကြသည်။ သားသမီးများသည် မည်ကဲ့သို့ အတူတကွစုပေါင်း၍ အလုပ်လုပ် ရမည်ကို အိမ်တွင်သင်ယူခဲ့ကြ၏။ မည်ကဲ့သို့ငြိမ်းချမ်းရေးပြုလုပ်ရမည်ကိုလည်း အိမ်တွင် သင်ယူကြ၏။ သားသမီးများသည် ငြိမ်းချမ်းရေးပြုလုပ်သူမိဘများ၏ ပြောစကားများကို မည်ကဲ့သို့နားထောင်ရမည်ကိုလည်း သင်ယူခဲ့ကြ၏။ ဒေသဆိုင်ရာ အသင်းတော်နှင့် အပြည်ပြည်ဆိုင်ရာအသင်းတော်များသည်လည်း နိုင်ငံများ၏ စစ်ပွဲများကို မည်ကဲ့သို့ ပြေလည်နိုင်ရေးအတွက် အရေးကြီးသောဥပမာများကို ပေးကမ်းခဲ့ကြ၏။ ဒေသဆိုင်ရာ အသင်းတော်များအတွင်း၌ လူများသည် မည်ကဲ့သို့ အတူတကွ အလုပ်လုပ်ရမည်ကို သင်ယူလေ့လာကြပြီး သင့်လျော်သောအမူအရာအားဖြင့် ရန်ပွဲများကို မည်ကဲ့သို့ ပြေလည်အောင်ဆောင်ရွက်ရမည်ကိုလည်း သင်ယူခဲ့လေသည်။ အပြည်ပြည်ဆိုင်ရာ အသင်းတော်သည် သဘောချင်းမတိုက်ဆိုင်မှုများနှင့် အငြင်းအခုန်များကို ငြိမ်းချမ်းစွာ ဖြေရှင်းနိုင်ရန်အတူတကွ ဆောင်ရွက်ရေးအတွက် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများကို ဖွဲ့စည်းရေးအတွက် ဖြစ်နိုင်ကြောင်းကို ပြသရမည်ဖြစ်၏။ နိုင်ငံတစ်နိုင်ငံ၏ စိတ်နေသဘောထားများနှင့် အယူအဆများကို အိမ်များ၊ ဘုရားကျောင်းများနှင့် နိုင်ငံတော်ကျောင်းများတွင် သင်ယူလေ့လာခဲ့ကြသည်။ ဘုရားသခင်၏ နှုတ်ကပတ်တော် သည် ဘုရားသခင်နှင့် လူသားအကြားတွင်သာ သင့်တော်သော ဆက်ဆံမှုများ ရရှိရေးအတွက် အခြေခံကို ထောက်ပံ့ပေးခဲ့သည်မဟုတ်၊ လူသားအချင်းချင်းနှင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ အကြားတွင်လည်း သင့်တော်သော ဆက်ဆံမှု ရရှိရေးအတွက်ပါ ထောက်ပံ့ပေးခဲ့သည်။

## နိုင်ငံခြားဆက်ဆံရေးနှင့် အမိန့်ပေးချက်များ

ယေရှုသည်ပညတ်တော်ဆယ်ပါးကို အတိုချုံး၍ မိန့်တော်မူသည်ကား ကျွန်ုပ်တို့သည် ထာဝရဘုရားသခင်ကို စိတ်နှလုံးအကြွင်းမဲ့ဉာဏ်စွမ်းရှိသမျှနှင့်

စွမ်းအားရှိသမျှချစ်၍ အိမ်နီးနားချင်းကို ကိုယ့်ကိုယ်ကို ချစ်သကဲ့သို့ ချစ်ရမည်ဟု မိန့်တော်မူ၏။ ပထမပညတ်တော်လေးပါးသည် ဘုရားသခင်နှင့် ဆက်ဆံခြင်းကို ဖော်ပြ၍ နောက်ဆုံးပညတ်တော် ၆ ပါးသည် ကျွန်ုပ်တို့၏ မိတ်ဆွေသူငယ်ချင်းများနှင့် ဆက်ဆံခြင်းကို ဖော်ပြခဲ့ပါသည်။ ''ကျွန်ုပ်တို့ကို ကျွန်ုပ်တို့ချစ်သကဲ့သို့ အိမ်နီးချင်းများကို ချစ်ပါ'' ဟူသောစကား၏ ဆိုလိုချက်သည် အိမ်နီးချင်းနိုင်ငံများကို မည်ကဲ့သို့ ပြုမူဆက်ဆံရမည်ကို ဖော်ပြခြင်းဖြစ်၏။ ပညတ်တော် ၁၀ပါး၏ နောက်ဆုံးဖြစ်သော ပညတ်တော် ၆ ပါးကို စမ်းစစ်ခြင်းသည် နိုင်ငံခြားဆက်ဆံရေးတွင် ဆက်လက်တည်တံ့ နိုင်စေရန် ကျွန်ုပ်တို့၏ စိတ်နေသဘောထားများနှင့် အခြေခံမူများထဲသို့ ထိုးတွင်း သိမြင်နိုင်စွမ်းရည်ကို ပေးလိမ့်မည်ဖြစ်၏။ ကျွန်ုပ်တို့သည် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးများအကြောင်းကို ပြောပြခဲ့သည်အတိုင်း၊ ပညတ်တော် ဆယ်ပါးမှ စီးဆင်းလာသော အချို့သော အယူအဆများကို အကျဉ်းချုံး၍သာဖော်ပြပါလိမ့်မည်။

♛ ငါးခုမြောက်သော ပညတ်တော် ၁၀ပါး ''သင်၏ မိဘကို ရိုသေစွာပြုလော့'' ဤပညတ်တော်သည် မိသားစု၏ အခွင့်အာဏာများကို အခိုင်အမာ အတည်ပြု ပြောဆိုသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် လူမျိုးများ၊ အုပ်စုများနှင့် နိုင်ငံများတည်ဆောက်ခြင်း၏ သစ်တုံးအစအနများဖြစ်၍ အခြားမိသားစုများကို အရိုအသေပြုရမည်ဖြစ်ပြီး၊ အခြားသော လူမျိုးများနှင့် နိုင်ငံများကို အရိုအသေပြုရမည်ဖြစ်၏။ မည်သည့် နိုင်ငံခြားဆက်ဆံရေးပေါ်လစီ၏ လုပ်ရပ်များမဆို၊ လူ့အဖွဲ့စည်း ဆောက်လုပ်ရေး၏သစ်စသစ်နများဖြစ်သည်နှင့်အညီ မိသားစု၏ သစ်စသစ်နများဖြစ်သည်နှင့်အညီ မိသားစု၏ ဖွဲ့စည်းမှုအတိုင်း အတာကို ဘယ်တော့မှအောက်ခြေက လိုက်စားလိမ့်မည်မဟုတ်ပါ။

♛ ခြောက်ခုမြောက်သောပညတ်တော် ၁၀ ပါး ''သူ့အသက်ကိုမသတ်ရ'' ဤပညတ်တော်က ဖော်ပြခဲ့သည်ကား ကျွန်ုပ်တို့သည် အခြားသော နိုင်ငံများနှင့် ဆက်ဆံရာတွင် အခြားသော လူမျိုးများ၏ အသက်တာကို ရိုသေလေးစားရပါမည်။ ထာဝရဘုရားသခင်သည် အသက်တာအားလုံးကို ဖန်ဆင်းတော်မူသောကြောင့် အသက်တာသည် ဘုရားသခင်၏ ကာလအပိုင်းအခြားအပေါ်တွင်သာရယူနိုင်သည်။ စစ်ပွဲ၏ အခြေခံမူများနှင့် အသက်တာကိုမည်သည့်နေရာတွင် ရယူနိုင်သည်ကို နောက်ပိုင်းတွင် ဆွေးနွေးမှုများပြုလုပ်ပါလိမ့်မည်။

♛ ခုနစ်ခုမြောက်သော ပညတ်တော် ၁၀ ပါး ''သူမယားကိုမပြစ်မှားရ'' ဤပညတ်တော်သည် ပဋိညာဉ်များ၏ သန့်ရှင်းမွန်မြတ်ခြင်းကို အခိုင်အမာအတည်ပြုပြောဆို၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် အခြားသော နိုင်ငံများနှင့် ချိန်းဆိုသော သဘောတူစာချုပ်နှင့် သဘောတူညီမှုများကို အရိုအသေပြုလုပ်သင့်ပါသည်။
♛ ရှစ်ခုမြောက်သောပညတ်တော် ၁၀ ပါး ''သူ့ပစ္စည်းဥစ္စာကိုခိုးရ'' ဤပညတ်တော်သည် ကိုယ်ပိုင်ပစ္စည်းဥစ္စာများ၏ အခွင့်အရေးအကြောင်းကို အခိုင်အမာအတည်ပြုပြောဆို၏။ ကျွန်ုပ်တို့သည် အခြားသော နိုင်ငံသားများ၏ ပစ္စည်းဥစ္စာပိုင်ဆိုင်ခွင့်၊ အခွင့်အရေးများကို အရိုအသေပြုလုပ်သင့်ပေသည်။
♛ ကိုးခုမြောက်သောပညတ်တော် ၁၀ ပါး ''သင်၏အိမ်နီးချင်းကို ဆန့်ကျင်၍ မမှန်သောသက်သေကို မခံပါနှင့်'' ဤပညတ်တော်သည် ဂုဏ်ကျက်သရေရှိသော 'ဝါ' အမှန်တရား၏ သန့်ရှင်းမွန်မြတ်ခြင်းကို အတည်ပြုပြောဆို၏။ ထိုသို့ဖြစ်သောကြောင့် ကျွန်ုပ်တို့သည် အခြားသော နိုင်ငံများ၏ ဂုဏ်ကျက်သရေများကို လေးစားရမည်ဖြစ်ပြီး သူတို့ကို မှားယွင်းစွာ စွတ်စွဲမှုများပြုလုပ်ပြီး၊ သူတို့အပေါ်တွင် အသာရအမြတ်ရှာခြင်းမျိုး မပြုလုပ်သင့်ပါ။
♛ ဆယ်ခုမြောက်သော ပညတ်တော် ၁၀ ပါး။ အိမ်နီးချင်းပိုင်သော ပစ္စည်းများကို လိုချင်တပ်မက်ခြင်းမရှိရ။ ဤပညတ်တော်သည် အသိစိတ်၏ သန့်ရှင်းမွန်မြက်ခြင်းကို အတည်ပြုပြောဆို၏။ တပ်မက်ခြင်းဆိုသော စကားလုံးသည် လူ၏ အသိစိတ် 'ဝါ' စိတ်ခံစားမှုများကိုသာ အကျုံးဝင်သည်မဟုတ်၊ သူ၏ လုပ်ဆောင်ချက်များသည်လည်း အကျုံးဝင်၏။ တပ်မက်ခြင်းစိတ်ရှိသောသူသည် မရိုးသားသောနည်းအားဖြင့် သူငယ်ချင်း 'ဝါ' သူ့အိမ်နီးချင်၏ ပစ္စည်းဥစ္စာများနှင့် ကုန်ပစ္စည်းများအပေါ်တွင် အမိန့်အာဏာကို သုံး၍ သိမ်းပိုက်ရန် ကြိုးစားရမည်ဖြစ်၏။ ကျွန်ုပ်တို့၏ နိုင်ငံခြားဆက်ဆံရေးတွင် ထိုနိုင်ငံသားများ၏ ကုန်ပစ္စည်းများထုတ်လုပ်ရေး 'ဝါ' သယံဇာတပစ္စည်းများ၊ ပစ္စည်းဥစ္စာများ၏ ပိုင်ဆိုင်မှု 'ဝါ' ထိန်းချုပ်မှု မရိုးသားသော နည်းအားဖြင့် အမြတ်ရှာခြင်းများကို မပြုလုပ်ရန်နှင့် အခြားသော နိုင်ငံများ၏ ကုန်ထုတ်စွမ်းရည်များကိုလည်း လေးစားရမည်ဖြစ်၏။

## နိုင်ငံများ၏ဥပဒေ

နိုင်ငံရှိလူမျိုးများသည် သူတို့၏ ဥပဒေက ခွင့်မပြုခဲ့လျှင် သူတို့လုပ်ချင်သောမည်သည့် အရာကိုမျှ မပြုလုပ်နိုင်ပါ။ လူတိုင်းကို ဘုရားသခင်၏ပညတ်တော်ဟုခေါ်သော ဖန်ဆင်းခြင်း ဥပဒေ 'ဝါ' သဘာဝ၏ ဥပဒေများကထိန်းချုပ်သည်။ ထို့ကြောင့် ခရစ်ယာန်နိုင်ငံများသည် ဘုရားသခင်ပေးတော်မူသောသူတို့၏ အခွင့်အရေးများကို ချိုးဖောက်စေရန် အခြားသော နိုင်ငံများကိုအခွင့်ပြုလိမ့်မည်မဟုတ်ပါ။ ၁၅၇၉ ခုနှစ်တွင် ရေးသားခဲ့သော ''မတရားအုပ်ချုပ်သူများကို ဆန့်ကျင်၍ လွတ်လပ်ရေးကိုကာကွယ်ခြင်း'' ဟူသော ခေါင်းစဉ်ကိုပေး၍ ပြင်သစ် ပရိုတက်စတင့်များ၏ မှတ်တမ်းထဲတွင် ကျမ်းစာနှင့် စပ်ဆိုင်သောအင်အားကို အသုံးပြုခြင်း၏ အယူအဆနှင့် အပြည်ပြည်ဆိုင်ရာ ဥပဒေများကိုရှင်းလင်းပီသစွာ ဖော်ပြထားခဲ့သည်။ သို့သော် လူမျိုးများအတွက်ဘုရားသခင်ပေးတော်မူသော ပညတ်တော်နှင့် ပတ်သက်၍အပြည့်စုံဆုံးသောဆင်ခြင်သုံးသပ်မှုများကို ၁၆၂၅ ခုနှစ်တွင် ဟတ်ရိုဂရိုတီယပ်စ်ရေးသားထားသော ငြိမ်းချမ်းရေးနှင့် စစ်၏ အခွင့်အရေးများ (The Rights of war and Peace) စာအုပ်ထဲတွင် တွေ့မြင်နိုင်သည်။ ဒါ့ချ် လူမျိုး ရှေ့နေ၊ကျမ်းတတ်ပုဂ္ဂိုလ် နိုင်ငံခေါင်းဆောင်နှင့် ကဗျာဆရာကြီး ဂရိုတီယပစ်ကို နိုင်ငံများ၏စနစ်တကျစီစဉ်ထားသော ဥပဒေသစု၏ ဖခင်ကြီးဟုခေါ်တွင်လေ၏။ ''နိုင်ငံများနှင့်သဘာဝ၏ ဥပဒေ'' ကို ရေးသားထားခဲ့သော ဂျာမန်တွေးခေါ်ပညာရှင် ဆင်မြူယယ်ဝါဖင်ဒေါ်စ်နှင့် ၁၇၅၈ ခုနှစ်တွင် ''နိုင်ငံများ၏ ဥပဒေ'' ကို ရေးသားခဲ့သော တွေးခေါ်ရှင်အီမေရိချင်ဒီဗာတဲလ် တို့သည်လည်း ဆင်တူသော ကျမ်းစာနှင့် စပ်ဆိုင်သောဆင်ခြင်သုံးသပ်မှုကို ပြုလုပ် ခဲ့ကြသူများဖြစ်ကြ၏။ အမေရိကန်ပြည်ထောင်စု၏ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် နိုင်ငံတော်၏ ဥပဒေကို ဆန့်ကျင်၍ပင်လယ်ဓါးပြတိုက်ခြင်းနှင့် ရာဇဝတ်ပြစ်မှုကြီး ကျူးလွန်သူများကို အပြစ်ပေးခြင်းနှင့်စစ်ကြေညာခြင်းများကို ကွန်ဂရက်လွှတ်တော်သို့အခွင့်အာဏာပေးခြင်းအကြောင်းများကို အပိုင်း ၈ ခေါင်းကြီးပိုင် '၁' တွင် ဖော်ပြ၍နိုင်ငံများ၏ ဥပဒေများကို ပြောပြရန်အတွက် ပထမဦးဆုံးသောမှတ်တမ်းတစ်ခုဖြစ်သည်။ ဤအကြောင်းနှင့်ပတ်သက်၍ ဂျွန်အေဒ်စ်က

ဤသို့ရေးသားခဲ့၏ အမေရိကန် ပြည်ထောင်စုသည် ဖွဲ့စည်းပုံ အခြေခံဥပဒေ၏ စာပိုဒ်အပေါ်တွင် အခြေခံ၍ နိုင်ငံများ၏ ဥပဒေများ 'ဝါ' အပြည်ပြည်ဆိုင်ရာ ဥပဒေများကို ချိုးဖေါက်၍ ရက်စက်ကြမ်းကြုတ်မှုများကို ကျူးလွန်ခဲ့ကြသော နိုင်ငံခြားအရာရှိကြီးများကို တရားစွဲဆိုရန် စစ်ခုံရုံးကို ဖွင့်လှစ်ခဲ့သည်။ အကြောင်းမူကား ဘုရားသခင်၏ ပညတ်တော်က လူများကို ထိန်းချုပ်ရေး၏ ဥပဒေများကို ပိုမို၍ အသိမှတ်ပြုရန် ညွှန်ကြားမှုကို ပြုလုပ်သော အပြည်ပြည်ဆိုင်ရာဥပဒေကို ချိုးဖေါက်ခြင်းအတွက် စွပ်စွဲခြင်းခံရသောအရာရှိကြီးများသည် ပိုမို၍ အဆင့်အတန်းမြင့်သော လမ်းပြမှုကို ကျင့်သုံးလာနိုင်ရန်နှင့် ချမှတ်ထားသော အမိန့်အာဏာများကို နာခံမှုရှိရန် တရားစွဲဆိုစစ်ဆေးခြင်းဖြစ်၏။

ယနေ့အချိန်သည် ဥရောပတိုက်သားလူ့အဖွဲ့စည်းများနှင့် ကုလသမဂ္ဂအတွင်းရှိ နိုင်ငံများသည် အပြည်ပြည်ဆိုင်ရာ ရာဇဝတ်မှုကျူးလွန်သူများနှင့် ကျူးကျော်ရန်စသူများကို အပြစ်ပေးရန် ပူးပေါင်းဆောင်ရွက်နေကြပါသည်။ မှန်ကန်မှုရှိ၍ ကျမ်းစာနှင့်စပ်ဆိုင်သော ဥပဒေ၏ အယူအဆပေါ်တွင် အခြေခံ၍ ဖွဲ့စည်းထားသော ကမ္ဘာသစ်တွင် လူ၊ အစိုးရနှင့်၊ စီးပွားရေးလုပ်ငန်းများသည် ကောင်းသောရည်မှန်းချက်ဖြင့် လုပ်ဆောင်ခဲ့ကြသဖြင့်အလို အလျောက်အားဖြင့် မငြင်းပယ်သင့်ပါ။ မည်သို့ပင်ဖြစ်စေ၊ မတရားအုပ်ချုပ်သော စနစ်သို့ တိမ်းညွတ်၍အရာအားလုံးကို ဗဟိုမှ ကြိုးကိုင်၍ အုပ်ချုပ်သော ဘာသာတရားမရှိသောသူများ၏ အုပ်ချုပ်ရေးပုံစံအမျိုးမျိုး ရှောင်ရှားရမည်ဖြစ်၏။ လူမျိုးများ၏ ဥပဒေအတွက် အရေးကြီးသော လိုအပ်ချက်သည် အစိုးရ၏ ကျမ်းစာနှင့် စပ်ဆိုင်သော အယူအဆများအပေါ်တွင် နှစ်ဖက်စလုံး အလျှော့ပေး၍ ကျေအေးခြင်းသည် အဓိကအချက်ဖြစ်၏။

## စစ်တိုက်ခြင်း အကြောင်းကို ကျမ်းစာကမည်သို့ဖေါ်ပြသနည်း

ကျွန်ုပ်တို့သည် ဤခေါင်းစဉ်ကို အတိုချုံး၍ လေ့လာကြည့်မည်ဆိုလျှင် ကျမ်းစာနှင့် စပ်ဆိုင်သော အယူအဆများကို ကမ်းလှမ်းရမည်ဖြစ်ပြီး၊ ခရစ်ယာန်တိုင်း၏ ယူဆချက်နှင့် အကြံဉာဏ်များကို တောင်းရန်မလိုအပ်ပေ။ ကျမ်းစာနှင့် စပ်ဆိုင်သော

စစ်ပွဲ အမျိုးမျိုး အကြောင်းကို ဘာသာပြန်ခြင်းပြုလုပ်သောအခါ ကျမ်းစာကို အမှီပြုသော အဖက်ဖက်မှခြုံ၍ မြင်ခြင်းစသော အချက်အလက်များကို အဓိကအားဖြင့် (Orthodox) ခေါ်အများ လက်ခံထားသော အယူဝါဒကို လက်ခံကျင့်သုံးသော သမိုင်းတွင်သော ခရစ်ယာန် ဓလေ့ထုံးစံများမှ ထောက်ပံ့ကူညီခဲ့ခြင်းဖြစ်သည်။

## လူသား၏ အရေးကိစ္စများအတွက် ဘုရားသခင်၏ အခြေခံကျသောရည်ရွယ်ချက်

အစကနဦးတွင် ဘုရားသခင်သည် ဤကမ္ဘာလောကကြီးကို အဓမ္မပြုခြင်းနှင့် အပြစ်တရားမရှိဘဲ ဖန်ဆင်းတော်မူခဲ့၏။ ယနေ့ ကျွန်ုပ်တို့တွေ့မြင်နေရသော လူထုအစိုးရ အုပ်ချုပ်ရေးမျိုးကို မလိုအပ်ဘဲ အပြစ်ကင်းစင်စွာ ဖန်ဆင်းတော်မူခဲ့၏ (ကမ္ဘာဦး ၁း၂၆၊၃၁)။ ဘုရားသခင်သည် ဤကမ္ဘာမြေကြီးကို အပြစ်ကင်းစင်စွာ ဖန်ဆင်းတော်မူခဲ့သည်ဟု ဆိုရာ၌ ရာဇဝတ်မှုကျူးလွန်ခြင်း၊ အပြစ်ဒဏ်ပေးခြင်း၊ ပြည်သူ့ရဲကို အသုံးပြုခြင်း၊ စစ်တပ်ကို အသုံးပြုခြင်း 'ဝါ' စစ်တိုက်ခြင်းမရှိခြင်းကို ဆိုလိုပါသည်။

## အပြစ်တရားသည် ဘုရားသခင်၏ အခြေခံရည်ရွယ်ချက်ကို မည်ကဲ့သို့ ပြောင်းလဲစေခဲ့သနည်း

ပထမဦးဆုံးသောလူသား အာဒမ်သည် ဘုရားသခင်ကို တော်လှန်ပုန်ကန်သော အချိန်မှစ၍ အပြစ်တရားသည် တစ်ယောက်သော သူအားဖြင့် ဤလောကသို့ဝင်၍ လူအပေါင်းတို့သည် အပြစ်ရှိသောကြောင့် သေခြင်းသို့ရောက်ရကြ၏။ (ရောမ ၅း၁၂) ပထမဆုံးသော အဓမ္မပြုကျင့်ခြင်းအမှုသည် ကာဣနကညီအာ ဗေလကို သတ်ခြင်းဖြစ်၏။ ''ကာဣနကလည်း လယ်သို့သွားကြကုန်အံ့ဟု ညီအာဗေလကိုခေါ်၍၊ လယ်သို့ရောက်သောအခါ ညီအာဗေလကိုရန်ဘက်ပြု၍ သတ်လေ၏။ (ကမ္ဘာဦး ၄း၈) လူသား၏ အပြစ်တရားသည် ဘုရားသခင်၏ ရှေ့မှာ ပုပ်စပ်လျက်ရှိ၏။ မြေကြီးသည် အဓမ္မအမှုနှင့် ပြည့်စုံလေ၏။ ဘုရားသခင်သည် မြေကြီးကို ကြည့်ရှုတော်မူသောအခါ

ပုပ်စပ်လျက်ရှိသည်ကိုမြင်တော်မူ၏။ အကြောင်းမူကား မြေကြီးပေါ်မှာ လူအပေါင်းတို့သည် ဖေါက်ပြန်ခြင်းသို့ရောက်ကြပြီ (ကမ္ဘာဦး ၁၁–၁၂)။ ဤအပိုင်းသည် ဒုစရိုက်နှင့်ပြည့်နေသော ဤလောကတွင် အသက်ရှင်နေထိုင်ကြသောလူသားများကို ချိန်ရွယ်ထားခြင်းဖြစ်ပြီး၊ ကျွန်ုပ်တို့လူသားများကို စစ်တိုက်ခြင်းမရှိတော့သော နောင်ကာလအပေါ်တွင် အာရုံစူးစိုက်ရန် ကျမ်းစာက တိုက်တွန်းခဲ့ခြင်းဖြစ်၏ (ဟေရှာယ ၂း၄၊ ၆၀း၁၈) ဗျာဒိတ် ၂၁း၄) ဘုရားသခင်သည် ကမ္ဘာလောကကြီးကို ဖန်ဆင်းတော်မူခဲ့ပြီးသည့်နောက် လူထုအစိုးရ အုပ်ချုပ်ရေးစနစ်ကို တည်ထောင်ကာ ကမ္ဘာမြေကြီးကို အုပ်ချုပ်ရန် လူသားများကို အမိန့်အာဏာများလွှဲအပ်တော်မူခဲ့၏။ ဘုရားသခင်၏ ရည်ရွယ်ချက်သည် နှစ်ခုရှိပါသည်။

(၁) အပြစ်မရှိသော သူများနှင့် အားကိုးရာမဲ့ဖြစ်သော သူများကို သူတပါး၏ ရန်ရှာခြိမ်းခြောက်ခြင်းမှ ကာကွယ်ရန် (ရောမ ၁၃း၃–၄)။

(၂) မတရားသဖြင့် အခြားသောသူများကို ဆန့်ကျင်သောသူ၊ မကောင်းမှုကို ကျူးလွန်သူများနှင့် သူတို့ကို သူတို့ မထိန်းချုပ်နိုင်သူများကို အပြစ်ပေးရန် တို့ဖြစ်သည်။ အစိုးရအုပ်ချုပ်ရေးစနစ်၊ သေဒဏ်ပေးခြင်းနှင့် စစ်တားဆီးရေးအတွက် အခြေခံကျသော အကြောင်းပြချက်သည် အပြစ်မဲ့သော ပြည်သူ၊ သားများ၏ အသက်တာအပေါ်တွင် ဘုရားသခင်ထားရှိတော်မူသော ဂရုဏာတော်မှရောက်ရှိလာခြင်းဖြစ်၏။ လူသား၏ မွန်မြတ်သန့်ရှင်းသော အသက်ကို သတ်ဖြတ်ခြင်းမှတဆင့် ရာဇဝတ်မှုကျူးလွန်သော သူများသည် မိမိတို့ပိုင်သော ကာကွယ်ရေးကို အသိမ်းယူခံရသောသူများဖြစ်ကြ၏။

## လူသတ်ခြင်းနှစ်မျိုးနှစ်စား

လူသတ်ခြင်းနှစ်မျိုးရှိသည်။ ၄င်းတို့မှာ –

(၁) အပြစ်မဲ့ပြည်သူပြည်သားများကို သတ်ဖြတ်ခြင်း၊ ဒါဟာ မတရားသော ဥပဒေမရှိသော လုပ်နိုင်ခွင့်မရှိသော အမိန့်ဖြစ်သည် (Exo ၂၀း၁၃)

(၂) သူများအပေါ်တွင် ရာဇဝတ်မှုကျူးလွန်ခြင်းအပြစ်ကြောင့် သူ့ကိုသတ်ဖြတ်ခြင်း။ (သေဒဏ်အပြစ်ပေးခြင်း)။

ဤလုပ်ရပ်သည် ဘုရားသခင် အမြင်အားဖြင့် တရားသော ဥပဒေနှင့်

ကိုက်ညီသော လုပ်နိုင်ခွင့်ရှိသော လူသတ်ခြင်းဖြစ်၏။ (ကမ္ဘာဦး ၂၁း၁၂) ဒါဟာ ဆက်လက်၍ ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်၍ မှန်ကန်စွာ လူသတ်မှုကိုပြုလုပ်နိုင်ရန် နည်းလမ်းနှစ်ခုသာရှိ ပါသည်။ ပထမလူသတ်ခြင်းသည် အစိုးရအာဏာပိုင်းများနှင့် စပ်ဆိုင်၍ ဥပဒေ၏လုပ်နည်းအစဉ်အတိုင်း ပြုလုပ်ရမည်ဖြစ်၏။ ဒါဟာ ယေရှုက ခွင့်မလွှတ်နိုင်သော သေဒဏ်ပေးခြင်းဖြစ်၍ ကာမဆက်ဆံရေး စွတ်စွဲခြင်းခံနေရသော အမျိုးသမီးတစ်ယောက်ကို ဆန့်ကျင်၍ အပြစ်ပေးသော သေဒဏ်ဖြစ်သည်။ (တရားဟော ၁၇း၄–၇) (ယောဟန် ၈း၄၊၅၊၇)။ ကျမ်းစာအရ၊ သူမသည် စကားတခွန်းမျှ ပြန်မပြောခဲ့သည်ကိုသိရှိရသည်။ တရားမျှတမှုရှိသော ဒုတိယလူသတ်မှုကတော့ လူတစ်ဦးချင်းစီနှင့် စပ်ဆိုင်သော အချက်ဖြစ်၍ အကြမ်းဖက်သမားသည် လူတစ်ယောက်ကို ပြင်းထန်စွာ တိုက်ခိုက်လာပါက၊ တိုက်ခိုက်ခြင်း ခံရသောလူသည် မိမိ၏ အသက်လွတ်မြောက်ရေးအတွက် ကာကွယ်ရာ၌ လူသတ်မှုဖြစ်ခြင်း ဖြစ်သည်။ ဤလူသတ်မှုအတွက် ခိုင်လုံသော အကြောင်းပြချက်ကို ဆုံးဖြတ်နိုင်ရန် အစိုးရအာဏာပိုင်များက လေ့လာစစ်ဆေးရမည်ဖြစ်သည်။ (Exo ၂၂း၂) ဤဥပဒေသည် စစ်ထဲဝင်ရန် အခွင့်အရေးလိုအပ်ချက်များကို ဖြစ်စေသည်။

## စစ်ပွဲအမျိုးအစား

စစ်အမျိုးအစားနှစ်မျိုးရှိသည်။ ပထမစစ်ပွဲသည် ဘဝင်မြင့်ခြင်း၊ တဏှာရမက်တက်ခြင်း လောဘရမက်ပြင်းပြခြင်းများကြောင့် ကျူးကျော်ရန်စခြင်းဖြစ်ပေါ်လာ၏။ ၄င်းသည် ဘုရားသခင်အမြင်တော်အားဖြင့် တရားမျှတမှုမရှိခြင်း၊ ဥပဒေကို ချိုးဖောက်ခြင်း၊ လုပ်နိုင်ခွင့်မရှိခြင်းဖြစ်၏။ (ရှင်ယာကုပ် ၄း၁–၂) ဒုတိယစစ်ပွဲဖြစ်ပေါ်လာရခြင်းအကြောင်းမှာ ရန်စကျူးကျော်သူကို ဆန့်ကျင်ခုခံရန်အတွက် လိုအပ်သော အကာအကွယ်ပေးရေးအတွက် တိုက်ခိုက်သော စစ်ပွဲဖြစ်သည်။ ဤစစ်ပွဲသည် ဘုရားသခင် အမြင်တော်၌ တရားမျှတသော ဥပဒေနှင့်ကိုက်ညီသော လုပ်ပိုင်နိုင်ခွင့်ရှိသော စစ်တိုက်ခြင်းဖြစ်သည်။ (တောလည်ရာ ၃၁း၁–၃) (နေဟမိ ၄း၁၄) (ရောမ ၁၃း၄)

## ကျမ်းစာနှင့်စပ်ဆိုင်သော စစ်ဆင်နွှဲမှု၏ အခြေခံမှုများ

စစ်ပွဲသည် ကျမ်းစာနှင့်စပ်ဆိုင်သော အခြေခံမှုပေါ်တွင်သာ အခြေခံလိမ့်မည်မဟုတ်၊ သို့သော် ကျမ်းစာနှင့်စပ်ဆိုင်သော လမ်းညွှန်ချက်ထဲတွင်လည်း လမ်းပြရလိမ့်မည်ဖြစ်၏။ ကျမ်းစာ စစ်ဆင်နွှဲမှု၏ အခြေခံမှုကို (တရားဟော ၂၀) တွင် အသေးစိတ်ဖော်ပြခဲ့သည်။ အချို့သောအခြေခံအချက်များမှာ –

(၁) ခေါင်းဆောင်မှုကို ရည်ရွယ်ခြင်း

လူမှုရေးနှင့်ဆိုင်သော ဆုံးဖြတ်ချက်များအတွက် အဓိကအားဖြင့် တာဝန်ရှိသော အသင်းအဖွဲ့၏ ခေါင်းဆောင်များကို ကျမ်းစာက ထိန်းချုပ်သည်။ ဤသို့အားဖြင့် ကျူးကျော်မှုကို ပြုလုပ်နေသော စစ်တပ်အပေါ်တွင် အောင်မြင်မှုကို နိုင်ရန် အရေးကြီးဆုံးသောအရာသည် သင်း၏ခေါင်းဆောင်မှုကို ဖျက်ဆီးခြင်းဖြစ်၏။ ရန်သူနိုင်ငံ၏ ခေါင်းဆောင်များကို လုပ်ကြံသတ်ဖြတ်ခြင်းသည် ကျမ်းစာနှင့်စပ်ဆိုင်သော စစ်ပွဲ၏ အခြေခံမူဝါဒတစ်ခုဖြစ်သည်။ ဓမ္မရာဇဝင်ပ–စောင် (၁၅း၈၊၉) တွင်ဖော်ပြသည့်အတိုင်း ရှင်ဘုရင်ရှောလုသည် ထီးနန်းမှဖြတ်ချခြင်းခံရသော အကြောင်းရင်းသည် ရန်သူနိုင်ငံ၏ ရှင်ဘုရင်အာဂါကို မသတ်ဘဲနေခြင်းကြောင့်ဖြစ်သည်။ အုပ်ချုပ်သူမင်းကို သတ်ဖြတ်ခြင်းသည် သူ့လက်အောက်ခံတပ်သား မြောက်များစွာကို သတ်ဖြတ်ခြင်းထက်ပိုမို များပြား၏ အဘယ်ကြောင့် ဆိုသော် ရှင်ဘုရင်သည် နိုင်ငံအရေးတွင် တာဝန်အရှိဆုံးသောကြောင့် ဖြစ်သည်။

(၂) စေ့စပ်ဆွေးနွေးခြင်းဖြင့် ငြိမ်းချမ်းရေးကို အဆက်မပြတ်ကမ်းလှမ်းပါ။

တစ်စုံတစ်ယောက်သော ရှင်ဘုရင်သည် အခြားသော ရှင်ဘုရင်နှင့် စစ်ပြိုင်မည်ဟု အကြံရှိလျှင် လူနှစ်သောင်းနှင့် စစ်ချီလာသော ရှင်ဘုရင်ကို လူတစ်သောင်းနှင့် ခံနိုင်မည် မခံနိုင်မည်ကို မဆင်ခြင်ဘဲနေမည်လော။ မခံနိုင်သည်မှန်လျှင် အခြားသော ရှင်ဘုရင် ဝေးသေးသောအခါ သံတမန်ကို စေလွှတ်၍ စစ်ပြေငြိမ်းမည့်အကြောင်း တောင်းပန် တတ်သည်မဟုတ်လော။ (ရှင်လုကာ ၁၄း၃၁–၃၂)

(၃) နိုင်ငံနှင့်အပြစ်မဲ့သော ပြည်သူပြည်သားများကို မဖျက်စီးသင့်ပါ။

စစ်ပွဲဆိုသည်မှာ ရန်သူနိုင်ငံတွင်းရှိ အရာအားလုံးနှင့် လူအားလုံးကို ဆန့်ကျင်၍

ဖျက်စီးရန်မဟုတ်ပါ။ မြို့တစ်မြို့ကို ဝိုင်းရံထားသောအခါ လူများအတွက် အသီးသီးသော သစ်ပင်များကို မခုတ်လှဲရ။ (တရားဟော ၂၀း၁၉–၂၀)။

(၄) စစ်တိုက်ရာတွင် အသက်နှစ်ဆယ် အထက်ရှိသော ယောက်ျားအားလုံးပါဝင်ခြင်း

ဣသရေလလူမျိုးတို့သည် စစ်တိုက်ရာတွင် အသက်နှစ်ဆယ်အထက်ယောက်ျားအားလုံး ပါဝင်ရမည်ဖြစ်ပြီး လေဝီအမျိုးနွယ်ကိုတော့ ချန်လှပ်ထားရမည်ဖြစ်၏။ အိမ်ထောင်ဘက်ပြု စရှိသော သူနှင့် အိမ်သစ်ကိုဆောက်၍ ဘုရားသခင်၌ မအပ်ရသေးသောသူသည် မိမိအိမ်သို့ ပြန်၍ အပ်ပါလေစေ။ တဖန်ဗိုလ်တို့က ကြောက်တတ်သော သဘောရှိ၍ စိတ်ပျက်သော သူရှိလျှင် မိမိအိမ်သို့ပြန်သွားပါလေစေ (တရားဟော ၂၀း၈)။

(၅) အမျိုးသားစစ်တပ်မဟုတ်ဘဲ ဒေသစွဲစိတ်ဓာတ်ရှိသူများကို စစ်ချီစေခြင်း

စစ်တိုက်ရာတွင်ပါဝင်သူများသည် စစ်သည်လူသူများကို ပို၍တပ်ပို့လာရန်နှင့် စစ်အရှိန်ကို တိုးမြင့်ရန်မျှော်လင့်နေကြသည်ဖြစ်၏။ အချို့သောထောက်ပံ့ရေးအထိမ်းအမှတ်များသည်လည်း နေရာတကာမှ ရောက်ရှိလာသင့်သည်။

(၆) စစ်ပွဲမတိုက်ခင်သေရလောက်အောင် ကြောက်တတ်သောသူများကို ဆော်ဩရန်နှင့် နှစ်သိမ့်ရန် ခရစ်ယာန်ဘုန်းတော်ကြီးများက အားပေးစကားပြောကြားရန် လိုအပ်သည်။ **အစ္စရေးတို့သည် သေးငယ်သောကြေးစားလက်နက်ကိုင်တပ်ဖွဲ့များကိုသာ ထားရှိရန် ခွင့်ပြု၍ များသောအားဖြင့် ပြည်သူ့စစ်ကိုဒေသခံခေါင်းဆောင်များက ဦးဆောင်ခဲ့ကြသည်။** အစ္စရေးနိုင်ငံသည် ကြီးမားသော အမျိုးသားကြေးစား စစ်တပ် မရှိကြပေ။ အစ္စရေးနိုင်ငံသည် ပြည်သူ့စစ်ကို ဖွဲ့စည်းသည့်တိုင်အောင် သက်တော်စောင့်နှင့် အရေးပေါ်စစ်တပ်အတွက် အသုံးပြုရန် သေးငယ်သော ကြေးစားလက်နက်ကိုင်တပ်ကို ဖွဲ့စည်းထားကြသည်။ (၁ ဆာလံ ၈း၁၁)။

(၇) အစ္စရေးနိုင်ငံတွင် ပြည်သူ့စစ်အဖွဲ့ဝင်များသည် မိမိတို့ပိုင်စစ်လက်နက်များကို ရိုးရိုးတပ်သားများက အသုံးပြုနိုင်ရန် ထောက်ပံ့ခဲ့ကြသည်။ ရှင်ဘုရင်နှင့် သူ၏ ကြေးစားတပ်သားများကသာ စစ်လက်နက်များကို ရရှိကြပါက၊ ဒါဟာ ကျမ်းစာနှင့် မကိုက်ညီသော မတရားအုပ်ချုပ်သောစနစ်သို့ တိမ်းညွှတ်ခြင်းဖြစ်၏။ (၁ ဆာလံ

၁၃း၁၉)
(၈) ပြည်သူ့စစ်တပ်ကို ကျမ်းစာနှင့် မစပ်ဆိုင်သော စစ်ပွဲဖြစ်ခဲ့လျှင် အမှုထမ်းရန် ငြင်းဆန်နိုင်ရန် အခွင့်အရေးရှိသော ပြည်သူလူထုက ရွေးချယ်ထားသော ဒေသခံခေါင်းဆောင်များက ဦးဆောင်ရန်ဖြစ်သည်။ (တရားဟော ၂၀း၉)
(၉) မည်သည့်ကျူးကျော်မှုကိုမျှ ခွင့်မပြုပါ။ (တရားဟော ၁၉း၁၆)

## လက်နက်ကိုင်တပ်ဖွဲ့ကို အသုံးပြုခြင်းနှင့်ပတ်သက်၍ ယေရှုခရစ်၏ သဘာဝဖြစ်စဉ်

ကျွန်ုပ်တို့သည် ခရစ်တော်ပေးတော်မူခဲ့သော ခွင့်လွှတ်ခြင်း၊ ငြိမ်သက်ခြင်းနှင့် ချစ်ခြင်း၏ ဥပမာများကို တင်ပြရန် ကြိုးစားရလိမ့်မည်မဟုတ်ပါ။ သို့သော်လည်း ခရစ်သဘာဝ၏ ရုပ်သွင်ကို လူတော်တော်များများသိရှိကြပြီဟု ထင်ပါသည်။ ယေရှုခရစ်၏ တိကျမှန်ကန်သော သိမြင်နိုင်စွမ်းကို ပိုင်ဆိုင်နိုင်ရန် အောက်ပါဥပမာများကို သင်ဆန်းစစ်သည်နှင့်အမျှ စိတ်ထဲတွင် သိမ်းဆည်းထားပါ။
၁။ ယေရှုက မိန့်တော်မူသည်ကား သူသည် သုံးပါးတစ်ဆူတည်းသော ဘုရားသခင်၏ အပိုင်းအစိတ်တဒေသဖြစ်သည်။ တစ်ခုကခမည်းတော်ဖြစ်၍ ဓမ္မဟောင်းကျမ်းတွင် ဘုရားသခင်က လုပ်ပိုင်ခွင့်ပေးတော်မူသော စစ်ပွဲနှင့် အပြစ်ပေးခြင်း၏ ဥပမာအားလုံး၊

(၁) ယေရှုက မိန့်တော်မူသည်ကား သူသည် သုံးပါးတစ်ဆူတည်းသော ဘုရားဖြစ်၍ ခမ်းတော်နေရာ၌လည်းရှိတော်မူသောကြောင့် ဓမ္မဟောင်းကျမ်းတွင်စစ်ပွဲနှင့် အပြစ်ပေးခြင်း၏ နမူနာအားလုံးကို တူညီစွာ ဘုရားသခင်ကလုပ်ပိုင်ခွင့်ပေးတော်မူခဲ့သည်။ (ဟေဗြဲ ၁း၃)

(၂) ယေရှုသည် ဗိမာန်တော်ထဲတွင် အရောင်းအဝယ်ပြုလုပ်ခြင်းကို မောင်းထုတ်ရန် အတွက် စားပွဲ၊ ကုလားထိုင်အားလုံးကို တွန်းပစ်မှောက်ထားတော်မူ၏။ ထို့နောက် ဗိမာန်တော်၏ အဝင်လမ်းကို အတင်းအဓမ္မပိတ်ဆို့ထားတော်မူခဲ့သည်။ (ယောဟန် ၂း၁၅)

(၃) တခါက ယေရှုက မိန့်တော်မူသည်ကား ''ငါသည် ငြိမ်သက်ခြင်းကိုပေးရန်အတွက် လာသည်မဟုတ်၊ ကိုပေးရန်ငါလာသည်။ (မဿဲ

၁၀း၃၄)

(၄) ယေရှုသည် အစဉ်မပြတ်သောတရားစီရင်ခြင်းကို ယူဆောင်လာခဲ့သည်ဟု (တမန်တော် ၅း၉–၁၀) တွင် အာနနိနှင့် စဖိရ လင်မယားနှစ်ယောက်က ဘုရားသခင်၏ ဝိညာဉ်တော်ကို စုံစမ်းမှုနှင့်ပတ်သက်၍ ပြောဆိုသော ပေတရု၏စကားအားဖြင့် သိရှိနိုင်သည်။

(၅) ယေရှုကိုယ်တော်တိုင်နှင့် ဓမ္မသစ်ကဖော်ပြခဲ့သည်ကား နောက်ဆုံးနေ့တွင် ယေရှုသည် ဘဘုရားသခင်ကို မသိရှိသောသူများကို ကလဲ့စားချေခြင်းပြုလုပ်၍ ဘာသာရေး ကိုင်းရှိုင်းမှုမရှိသောသူများကို သတ်ဖြတ်လိမ့်မည်ဟုဖော်ပြထား၏ (သက်သာလေနိတ် ၁း၇–၉)

## စစ်ပွဲနှင့်လက်နက်များအကြောင်းကို ယေရှုကမည်သို့အသေးစိတ်တိကျစွာ သွန်သင်တော်မူခဲ့သနည်း

(၁) ယေရှုသည် သူနောက်လိုက်တပည့်တော်များကို လက်နက်များတပ်ဆင်ကြရန် တိုက်ရိုက် မိန့်တော်မူခဲ့သည်။ (လုကာ ၂၂း၃၆၊ ၃၈)။ အထက်က ယေရှုမိန့်တော်မူခဲ့သည်ကား သူတို့၏ လွတ်လပ်မှုကို ပထမ ကာကွယ်၍ ခုခံရမည်ဖြစ်ပြီးနောက်တွင်ထွက်ပြေးခြင်းကို ပြုလုပ်ရမည် ဖြစ်ကြောင်း မိန့်တော်မူခဲ့၏ (မဿဲ ၁၀း၂၃)။ တတိယအဆင့်အနေဖြင့် အင်အားကို အသုံးပြုရမည်ဟူသော အခြေခံမှုကို ယေရှုက ယူဆောင်လာတော်မူခဲ့သည်။ ဓမ္မဟောင်းကျမ်း၏ ဥပဒေအရ စစ်တိုက်မှုပြင်ဆင်ရာတွင် စစ်မတိုက်မီ အချိန်တွင် စေ့စပ်ဆွေးနွေးခြင်းကိုပြုလုပ်ရန် လိုအပ်သည်။ (တရားဟော ၂၀း၁၀)

(၂) ယေရှုသည် ကျူးကျော်ရန်စမှုကို တွန်းလှန်ရာတွင် အသုံးပြုရမည့်လက်နက်များနှင့် ကိုယ့်ကိုယ်ကို ကာကွယ်ရန်အသုံးပြုရမည့်လက်နက်များဟူခွဲခြားထားသည်။ (မဿဲ ၂၆း၅၁–၅၂) ကျူးလွန်တိုက်ခိုက်မှုပြုလုပ်လာသောအခါ၌သာလျှင် ဓါးကို အသုံးပြုရမည်ဟုယေရှုက ပေတရုကို ပြစ်တင်တော်မူခဲ့၏။ နေရာတကာတွင် ဓါးကို အသုံးပြုရန် ယေရှုက မိန့်တော်မူခဲ့ပေ။ နေရာတိုင်းတွင် ဓါးကို အသုံးပြုခြင်းသည် မတရားသောအရာဖြစ်၏။ ဓါးကို ကိုယ့်ကိုယ်ကို ကာကွယ်ရန်အတွက်သာဖြစ်သော်လည်း မတရားကျူးကျော်လာသူကို

ခုခံကာကွယ်ရာ၌ ဓါးကိုမတရားအသုံးပြုခြင်းသည် ဘုရားသခင်၌ တရားပါ၏။
(၃) လက်နက်ကိုအသုံးပြု၍ အန္တရာယ်ကို ခြိမ်းခြောက်ခြင်းနှင့် စောကားမှုမျှသာဖြစ်သော အရာတို့၌ အသုံးပြုရမည့်လက်နက်များကို ယေရှုသည် ခွဲခြား၍ ဖေါ်ပြတော်မူ၏ (မဿဲ ၅း၃၉)။ ''သင်၏ ပါးတစ်ဖက်ကို သူတပါးပုတ်လျှင်၊ ပါးတဖက်ကို လှည့်၍ပေးဦးလော့'' ထို့နောက် သင်တို့၏ ရန်သူတို့ကို ချစ်ကြလော့။ သို့သော်ခရစ်တော်သည် လက်သီးကို ဆုပ်၍ ပြန်လည်တုံ့ပြန်ခြင်း 'ဝါ' သေစေနိုင်သောလက်ကို အသုံးပြု၍ ပြန်လည်ခုခံရမည်ဟု ခိုင်းဆိုချက်မပြုလုပ်ခဲ့ဘူးပါ။ မကောင်းမှုကို မကောင်းမှုဖြင့် ခုခံကာကွယ်ရန် စိတ်၏ စေ့ဆော်မှုမရှိသင့်ပေ။ သို့သော် မိမိကိုယ်ကို မိမိကာကွယ်ရန်အတွက်သာဖြစ်သင့်သည်။
(၄) ကောင်းကင်ဘုံနှင့် လောကီရေးရာနှင့်ဆိုင်သော အရာများအတွက် လက်နက်များ အသုံးပြုမှုကို ယေရှုက ခွဲခြားတော်မူ၏။ ယေရှုသည် ကမ္ဘာပေါ်တွင် သူ့အဆင့်နှင့်သူ လက်နက်များ အသုံးပြုခြင်းကို ဘယ်သောအခါမှ အပြစ်တင်တော်မူခြင်းမပြုခဲ့ပေ။ သို့သော် နိုင်ငံများစွာအတွက် သူတို့၏ လွတ်လပ်ရေးကို ကာကွယ်စောင့်ရှောက်ရန် တရားဝင် အခွင့်အရေးကို ပိုမိုထောင်ခံတော်မူခဲ့သည်။ သို့သော် ယေရှုသည် ထင်ရှားပြတ်သားစွာ အတည်ပြုခဲ့သည်ကား ဘုရားသခင်၏ နိုင်ငံတော်သည် ဝိညာဉ်တော်၏ ခွန်အားဖြင့်သာ ကွဲပြားခြားနားစွာ တိုးတက်မှုရှိစေခဲ့၏ဟု (ဖေက်သြဝါဒ ၆း၁၇) တွင် ဘုရားသခင်၏ နှုတ်ကပတ်တော်အကြောင်းဟောပြောရာတွင် ဖေါ်ပြတော်မူ၏။ တမန်တော် ရှင်ပေါလု သည်လည်း သူ၏ အမှုတော်ဆောင်လုပ်ငန်းအတွက် သူ့ကို သတ်ရန်လိုလား၍ ဆန့်ကျင်နေကြသောလူများထံမှ သူ့ကိုကယ်တင်ရန် စစ်တပ်ကို အသုံးပြု၍ အကူညီပေးခြင်းကို အပြစ်မမြင်ခဲ့ပေ။ သို့သော် ပေါလုသည်မည်သည့်အခါမျှ လူများကို သီတင်းကောင်းကို ယုံကြည်၍ လက်ခံနိုင်ဘို့ရန် အတင်းအဓမ္မခိုင်းရန်အတွက် စစ်တပ်၏ အကူအညီကို မတောင်းခဲ့ဘူးပါ။ (တမန်တော် ၂၁း၃၁၊၃၂၊၃၅)။
(၅) ယေရှုသည် စစ်သားများကို သူတို့၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းဖြစ်သော စစ်တပ်၏ လုပ်ငန်းကို စွန့်လွှတ်သွားကြရန် မည်သည့်အခါကမျှ သင်ပေးတော်မူခြင်းမပြုခဲ့ပါ။ ဘုရားသခင်ကို ချီးမွမ်းရန်ကိုသာသင်ကြားပေးတော်မူ၏။ သူတို့၏ အမှုတော်ဆောင်လုပ်ငန်း၌ ယေရှု၊ ဗတ္တိဇံယောဟန်နှင့်

အခြားသောတမန်တော်အားလုံးသည် ဘုရားသခင်၏ အလိုတော်အတွက် ဘာလုပ်ရမည်နည်းဟု မေးလျှောက်လာသောသူများကို တုံ့ပြန်၍ ဖြေကြားပေးခဲ့ကြ၏။ တခါတရံတွင် သူတို့ကို အခွန်ကောက်ခံသူများကို ပြန်လည်၍ ပေးအပ်ရန်နှင့် အခြားသူများကို နောက်ထပ်အပြစ်မကျူးလွန်ကြရန် ဆုံးမပဲ့ပြင်ခြင်းကို ပြုတော်မူ၏။ သို့သော် စစ်သားတစ်ယောက်ကို မည်သည့်နည်းနှင့်မဆို၊ စစ်လက်နက်များကို အသုံးမပြုရန် မည်သည့်အခါမှ ပြောဆိုသွန်သင်တော်မူခြင်းမပြုလုပ်ခဲ့ပါ။ အမှန်စင်စစ် ကျမ်းစာကဖော်ပြခဲ့သည်ကား ကော်နိလိယပ်စ် သည် စစ်တပ်တွင် အသက်မွေးဝမ်းကျောင်း ပြုလုပ်သော စစ်ကဲတစ်ဦးဖြစ်၍ ရိုးသားဖြောင့်မတ်သောသူ၊ ဘုရားသခင်ကို ကြောက်ရွံ့ရိုသေသောလူတစ်ယောက်ဖြစ်ကြောင်းကို ဖော်ပြထားခဲ့၏။ (ရှင်လုကာ ၃း၁၄၊ တမန်တော် ၁၀း၂၂) ယုံကြည်ခြင်း၏ သူရဲကောင်းများသည် ရဲစွမ်းသတ္တိနှင့် ပြည့်စုံ၍ တိုင်းတပါးမှလာသော ရန်သူများကို တိုက်ခိုက်သော စစ်သားများအကြောင်းကို (ဟေဗြဲ ၁၁း၃၄) တွင် မှတ်တမ်းတင်ရေးသားခဲ့ကြ၏။ ဒါဝိဒ်သည် ရဲစွမ်းသတ္တိနှင့်ပြည့်စုံသော စစ်သားတစ်ယောက်ဖြစ်၍ ဘုရားသခင်၏ နှလုံးတော်ကို ထိတွေ့နိုင်သောသူလည်းဖြစ်၏။

(၆) ယေရှုသည် ကဲသာဘုရင်၏ ဥစ္စာပစ္စည်းများကို ကဲသာဘုရင်ထံသို့ပေးအပ်ရန် မိန့်တော်မူ၏ (မဿဲ ၂၂း၂၁) ကဲသာဘုရင်သည် နိုင်ငံသားများကို အခွန်တော်ပေးဆောင်ရန်နှင့် စစ်တပ်ထဲတွင် အမှုထမ်းရန်ဟူသော အချက်နှစ်ချက်ကို တောင်းဆိုသည်။ ယေရှုသည် ထင်ရှားပြတ်သားစွာ အခွန်ငွေကောက်ခံခြင်းကို မည်သည့်အခါကမျှ ငြင်းပယ်တော်မူခြင်းကို မပြုခဲ့ပေ။

(၇) ယေရှုက ''ငြိမ်သက်ခြင်းသည် စစ်တပ်၏အင်အားမှတဆင့်လာသည်'' ဟု သွန်သင်တော်မူ၏ (လုကာ ၁၁း၂၁-၂၂)။ ကျူးကျော်တိုက်ခိုက်မှုသည် များသောအားဖြင့် ကျူးကျော်သူရှင်ဘုရင်သည် ''ငါသည် အင်အားအကောင်းဆုံးသော စစ်တပ်ကို ပိုင်ဆိုင်သည်'' ဟု သိမြင်လာသောအခါ ကျူးကျော်မှုကို ပြုလုပ်လာတော့၏။ ထိုသို့ဖြစ်သောကြောင့် အကောင်းဆုံးသောနည်းလမ်းသည် အင်အားပြည့်စုံသော စစ်တပ်ကို ထားရှိရန်လိုအပ်သည်။ နမူနာအားဖြင့် အစ္စရေးနိုင်ငံကို ကြည့်မည်ဆိုလျှင်၊ သမိုင်းအရ လူမျိုးတမျိုး၏ လွတ်လပ်ရေးနှင့် ငြိမ်းချမ်းရေးသည် စစ်တပ်အင်အားမှသာလျှင် ရရှိနိုင်သည်ဟုဖော်ပြခဲ့သည်။ ဤအဆိုကို

အမေရိကတိုက်တည်ထောင်သူများက သဘောတူလက်ခံခဲ့ကြသည်။ အမေရိကန်ပြည်ထောင်စု၏ ပထမဦးဆုံးသမ္မတဖြစ်သော ဂျော့ဝါရှင်တန်သည် ဤသို့ပြောဆိုခဲ့၏။ ကျွန်ုပ်တို့သည် စော်ကားမှုကိုမခံရလေအောင် ရှောင်ရှားလိုလျှင်၊ ၄င်းစောကားသူများကို ပြန်လည်မောင်းထုတ်ရမည်ဖြစ်၏။ ကျွန်ုပ်တို့သည် ငြိမ်းချမ်းရေးကို လိုလားလျှင် စစ်တိုက်ဘို့ရန်အမြဲတမ်း အဆင်သင့်ရှိနေရမည်ကို သိထားရမည်။ သူက ဆက်လက်၍ပြောခဲ့သည်မှာ စစ်တိုက်ဘို့ရန် ပြင်ဆင်ခြင်းသည် ငြိမ်းချမ်းရေးကို ထိန်းသိမ်းရန် အတွက် လိုအပ်သည့်အတိုင်း ပြီးမြောက်စေသောနည်းလမ်းတစ်ခုဖြစ်သည်။ သောမတ်စ် ဂျက်ဖါဆင်က ဤသို့ရေးသားခဲ့သည်ကား မည်သည့်အရာမဆို ကျွန်ုပ်တို့ကို စစ်တိုက်ရန်ဖြစ်နိုင်စေ၍ ကျွန်ုပ်တို့၏ ''ငြိမ်းချမ်းရေးကို လုံခြုံစေရမည်'' ဟု ပြောဆိုခဲ့၏။

## ခရစ်ယာန်တစ်ယောက်၏ နိုင်ငံခြားပေါ်လစီ

သမ္မာကျမ်းစာသည် ကောက်ကျစ်စဥ်းလဲသော ဤကမ္ဘာတွင် မကောင်းမှုများကို ဟန့်တားသည့်အနေဖြင့် စစ်တပ်ကို အသုံးပြုရန် ဆက်လက်၍ ထောက်ပံ့ခဲ့သော်လည်း၊ စစ်တိုက်ခိုက်ခြင်းမရှိသော ဤလောက၏ ဂုဏ်ကျက်သရေရှိသော ဂတိတော်ကိုလည်း ပေးခဲ့၏။ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ဟောကိန်းထုတ်ခြင်းများလည်း ရှိ၏။ အချို့သောလူများသည် ဤဟောကိန်းထုတ်ခြင်းသည် ခရစ်တော်ပြန်လည်၍ ကြွတော်မူခြင်းမပြုမီ အချိန်တွင် ပြည့်စုံခြင်းသို့ရောက်လိမ့်မည်မဟုတ်ဟု ခံစားကြရသည်။ အမချို့လူများက လူ့သမိုင်းအတွင်း၌ ပြည့်စုံနိုင်သည်ဟု ယုံကြည်ကြသည်။ ဤငြိမ်းချမ်းရေးယူဆချက်၏ ဖြစ်ပေါ်လာနိုင်ရန် နည်းလမ်းတစ်ခုသာရှိ၍ အပြစ်နှင့် လောဘရမ္မက်ပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်သော လူသားများ၏ စိတ်နှလုံး ပြောင်းလဲခြင်းမှ တဆင့်ရောက်ရှိလာမည်ဖြစ်၏။ ဒါဟာ လူများသည် မိမိတို့ စိတ်ဓာတ်ကို ပြင်ဆင်၍ ခရစ်တော်၌ ယုံကြည်ခြင်းမှတဆင့် ဖြစ်လာနိုင်သည် (Tit 3.1-6)။ ဒုတိယအနေဖြင့် ကျမ်းစာနှင့် စပ်ဆိုင်သော ငြိမ်းချမ်းရေးနှင့်စစ်ပွဲ၏ အခြေခံမှုများထဲတွင် ပါဝင်သောပညာရေးပေးခြင်းမှတဆင့် လူများ၏ စိတ်ဓာတ်သည် ပြောင်းလဲရမှသာ ဖြစ်လာနိုင်၏။ လူနှင့် အစိုးရအပေါ်တွင်

လွှမ်းမိုးမှုရှိသော ခရစ်ယာန်အယူအဆများသည် နိုင်ငံများအကြားတွင် ကျူးကျော်ရန်စခြင်းနှင့် နိုင်ငံရေးနှင့်ဆိုင်သော အာဏာကို ဗဟိုမှစွဲကိုင်အုပ်ချုပ်သောဘာသာတရား မရှိသောသူများ၏ အုပ်ချုပ်ရေးစနစ်ကို ယိုယွင်းလာစေရန် ကူညီပေးစွမ်းနိုင်သည်။ (မဿဲ ၂၈း၁၉၊ ၂၀။ ရောမ ၁၂း၂။ မိက္ခာ ၄း၂–၃) ကာကွယ်ရေးစစ်ပွဲသည် အထက်ကဖော်ပြခဲ့သော အချက်အလက်များနှင့် ပြည့်စုံခြင်းသို့မရောက်မချင်း ဤလောကတွင် မရှိမဖြစ်လိုအပ်သော ယာယီ ထားရှိသည့်အရာ ပင်ဖြစ်သည်။ ကမ္ဘာ့ငြိမ်းချမ်းရေး၏ အဓိက မျှော်လင့်ချက်နှင့် ရည်မှန်းချက်သည် ကျွန်ုပ်တို့၏ အင်အားနှင့် အလုပ်ကို လမ်းညွှန်သော ရောတွင် ရှိသင့်သည်။ ခရစ်ယာန်နိုင်ငံတစ်နိုင်ငံသည် ဤအကြောင်းကို အခြားသော နိုင်ငံခြားတိုင်းပြည်များသို့ပြောပြသင့်၍ ထိုနည်းတူခရစ်ယာန်တစ်ယောက်သည် မယုံကြည်သူတစ်ယောက်ကို ပြန်ပြောပြသင့်သည်။ ကျွန်ုပ်တို့သည် ဖိနှိပ်ချုပ်ခြယ်ခြင်း ခံရသူများနှင့် အကူညီမဲ့သူများကို ငြိမ်းချမ်းရေးရအောင် ဆောင်ရွက်သူများ၊ သက်ညှာမှုကိုပေးသူများ၊ ဆရာများနှင့်၊ ကာကွယ်ပေးသူများ ဖြစ်သင့်သည်။ ကျွန်ုပ်တို့သည် အခြားသော နိုင်ငံများအပေါ်သို့ ကျွန်ုပ်တို့၏ ဆန္ဒကို လိုက်နာရန် အတင်းအကျပ်မပြုလုပ်သင့်ပေ။ သို့သော် ကျွန်ုပ်တို့သည် နိုင်ငံတစ်နိုင်ငံ၏ လူထုအရေးကိစ္စများကို ထိခိုက်စေမည့်အတွင်းဘက်ပိုင်းပြောင်းလဲမှုကို သိလျက်၊ နိုင်ငံတစ်နိုင်ငံအတွင်းရှိ လူများ၏ စိတ်နှလုံးထဲတွင် အမှန်တရား၏ မျိုးစေ့ကို ကြဲရမည်ဖြစ်သည်။ ၁၇၉၆ ခုနှစ် ဂျော့ဝါရှင်တန်၏ ဂုဏ်ပြုနှုတ်ဆက်ပွဲတွင် သူသည် သင့်လျော်သော နိုင်ငံခြားဆက်ဆံရေးပေါ်လစီ၏ အချို့သော အခြေခံမှုများကို ချမှတ်ခဲ့၏။ ပါဝင်သော အချက်များမှာ –

## (၁) နိုင်ငံအားလုံးနှင့်တကွ ငြိမ်းချမ်းရေးကို ပြုစုပျိုးထောင်၍ ဖက်လိုက်ခြင်းမရှိဘဲ တည်တံ့စေပါ

လူမျိုးအားလုံးဆီသို့ ကောင်းသောယုံကြည်ခြင်းနှင့်တရားမျှတရေးကို လေ့လာပါ။ ထိုလူမျိုးအားလုံးနှင့် လိုက်လျောညီထွေဖြစ်အောင် ငြိမ်းချမ်းရေးကို ပြုစုပျိုးထောင်ပါ။ ဘာသာရေးနှင့် အကျင့်သီလကောင်းမွန်ခြင်းက ဤအပြုအမူကို တိုက်တွန်းခဲ့ကြသည်။

၎င်းသည် စိတ်ကောင်းစေတရာကောင်းနှင့် တရားမျှတရေးအားဖြင့် လူများ၏ ဝတ္တုတိုနမူနာများကို အမြဲတမ်းလမ်းညွှန်မှုကို ပေးရန်နှင့် အသိဉာဏ် ပွင့်လင်းစေရေးနှင့် လွတ်လပ်ရေးရရှိစေရန် ထိုက်တန်ကောင်းမွန်သောအရာဖြစ်ပါ လိမ့်မည်။ နိုင်ငံရေး၊ လူ၏ သဘာဝနှင့် စိတ်ဝင်စားခြင်းများက လူမျိုးအားလုံးနှင့် ကိုက်ညီစွာ ကူးလူးဆက်ဆံရေး ပြုလုပ်ခြင်းကို ကောင်းမွန်သင့်လျော်ကြောင်း ထောက်ခံ ခဲ့ကြသည်။

ဤကဲ့သို့သော ဆောင်ရွက်ခြင်းသည် နိုင်ငံအသီးသီး၏ အကျင့်ပါသော စိတ်မဝင်စားမှုကို ဆန့်ကျင်သောကြောင့် အခြားသော ဆောင်ရွက်ခြင်းများထက်ပိုမို၍ ကောင်းမွန်၏။ ဤသို့ငြိမ်းချမ်းရေးရရှိရန် ဆောင်ရွက်ရာ၌ အခြားသူများနှင့် ဆက်ဆံရာတွင် သင့်မြတ်ချစ်ကြည်စိတ်ထားများရှိရန် ပြုစုပျိုးထောင်သင့်ပါသည်။ ငြိမ်းချမ်းရေးရရှိရန်အတွက် ဆောင်ရွက်ရာ၌ တခါတရံတွင် လူမျိုးများ၏ လွတ်လပ်ရေးကို ထိခိုက်စေသည်။ ထို့ကြောင့် လူမျိုးတစ်မျိုး၏ ပြင်းပြသော သံယောဇဉ်သည် အခြားသော နိုင်ငံအတွက် မကောင်းမှုများ၏ အပြောင်းအလဲများကို ဖြစ်စေတတ်၏။ မျက်နှာသာ ပေးခြင်းခံရသော နိုင်ငံများကို စာနာထောက်ထားမှုပြုလုပ်ခြင်းသည် ဖြောင့်မှန်ကြောင်း ရှင်းပြခြင်းလုံလောက်စွာမရှိသောနောက်ပိုင်းတွင် စစ်ပွဲများနှင့် ရန်ပွဲများ သစ္စာပေါက်ခြင်းများဖြစ်ပေါ်စေ၍ အခြားသူများ၏ ရန်ငြိုးဖွဲ့ခြင်းသို့ လောင်းထည့်ခြင်းနှင့် အကယ်၍ အများ၏ စိတ်ဝင်စားခြင်းမရှိသော နေရာတွင် စိတ်ကူးယဉ်၏ အထင်မှားခြင်းကို လွယ်ကူစွာဖြစ်ပေါ်စေသည်။ ဤမျက်နှာသာပေးခြင်း ခံရသော လူမျိုးများအပေါ်တွင်သာ၊ စာနာထောက်ထားမှုရှိနေခြင်းသည် ပါတီများအတွင်း၌ တူညီသော အခွင့်အရေးများကို မပေးဘဲရှိနေခြင်းကြောင့် လက်စားချေရန် မနာလိုစိတ်ပြင်းပခြင်း၊ မကောင်းသော စိတ်ထားနှင့် စိတ်ဓာတ်ထိမ်းညွှတ်မှုဖြစ်ပေါ်စေပြီး၊ မျက်နှာသာပေးခြင်းခံရသောနိုင်ငံ၏ အခွင့်အရေးများရရှိခြင်းသည် အခြားသော နိုင်ငံများကို မထီမဲ့မြင်ပြုကြရန် ခွင့်ပြုရာရောက်သဖြင့် ပိုမို၍ အနာတရ – ရစေရာရောက်သည်။

## သေးငယ်သော နိုင်ငံများနှင့် ကုန်သွယ်ရေးအားဖြင့် နိုင်ငံရေးဆက်သွယ်ခြင်းကို ထိန်းထားခြင်း

ကျွန်ုပ်တို့အတွက် ကြီးမားသော လမ်းပြမှုသည် တတ်နိုင်သမျှသူတို့နှင့် နိုင်ငံရေးဆက်သွယ်ခြင်းရှိရန် ကျွန်ုပ်တို့၏ ကုန်သွယ်ရေးအားဖြင့် ဆက်သွယ်ရေး တိုးချဲ့ခြင်းကို နိုင်ငံခြားတိုင်းပြည်များသို့ ဂရုစိုက်မှုရှိရန်လိုအပ်သည်။ ကျွန်ုပ်တို့၏ ကြီးမားသော အုပ်ချုပ်ရေးအတွက် ကြီးကြပ်ကွက်ကဲဆောင်ရွက်ရာ၌ နိုင်ငံခြား တိုင်းပြည်များနှင့် တတ်နိုင်သမျှနိုင်ငံရေး အဆက်အသွယ်ပြုလုပ်နိုင်ရန် ကျွန်ုပ်တို့၏ ကုန်သွယ်ရေးလုပ်ငန်းကို တိုးချဲ့ရန်လိုအပ်သည်။ သို့ရာတွင် ကျွန်ုပ်တို့၏ ကုန်သွယ်ရေး ပေါ်လစီသည် ဖက်လိုက်ခြင်းမရှိဘဲ တူညီသော အကျိုးခံစားခွင့် စနစ်ကိုလက်ကိုင် ထားရမည်ဖြစ်ပြီး ဦးစားပေးခြင်း၊ မျက်နှာသာပေးခြင်းများကို ထည့်မတွက်ရန် လိုအပ်သည်။ ဤအပြုအမူများကို လုံးလုံးလျားလျားနောက်ချန်ထားရမည်ဖြစ်ပြီး ပုဂ္ဂလိကအခန်းကဏ္ဍအဖြစ်ထားရှိကာ မည်သူမည်ဝါနှင့် ကုန်သွယ်မှုပြုလုပ်ရမည်ကို ဆုံးဖြတ်ရန်ဖြစ်သည်။ အစိုးရနှင့် ကုန်သွယ်ရေးကို မဆိုလိုပါ။ သို့သော် ကျွန်ုပ်တို့၏ အမျိုးသားလုံခြုံရေးကို ခြိမ်းခြောက်လာပါက ၄င်းကုန်သွယ်ရေးကို ကန့်သတ်ရမည်ဖြစ်၏။

## တိုတောင်းသောအချိန်အတွင်း မဟာမိတ်ဖွဲ့ခြင်းကို ရှုပ်ထွေးစေခြင်း

ဒါဟာ ကမ္ဘာ့နိုင်ငံများ၏ မည်သည့် အစိတ်အပိုင်းနှင့်မဆိုတည်မြဲသော မဟာမိတ်ဖွဲ့ခြင်းကို ထင်ရှားပြတ်သားစွာ ပဲ့ကိုင်ရေးသည် ကျွန်ုပ်တို့၏ စစ်မှန်သော နိုင်ငံရေးဖြစ်သည်။ သာမန်အရေးပေါ်ဖြစ်သောအရာများအတါက် ယာယီ မဟာမိတ်ဖွဲ့ခြင်းကို လုံခြုံစွာ ယုံကြည်၍ ရိုသေလေးစားထိုက်သော ကာကွယ်ရေး အနေအထား ပေါ်တွင် သင့်လျော်စွာ တည်ထောင်ခြင်းများအားဖြင့် ကျွန်ုပ်တို့ကို အမြဲတမ်း ဂရုစိုက်ထိန်းသိမ်းထားရမည်ဖြစ်၏။ ဂယ်ရီနေဘသ်က နောင်အနာဂတ်အရေးကို တိကျသေချာစွာ ဖော်ပြမှုအောက်တွင် စစ်တပ်၏ အရေးယူဆောင်ရွက်ခြင်းအတွက် ထင်ရှားပြတ်သားစွာ ဆောင်ရွက်မှုကို ပြုလုပ်ရန် မှုရှိသော ဝါရှင်တန်က သတိပေးသော အပြည်ပြည်ဆိုင်ရာ ငြိမ်းချမ်းရေး စာချုပ်နှင့် ပတ်သက်သော တည်မြဲသော မဟာမိတ်ဖွဲ့ခြင်း အကြောင်းကို ရေးသားခဲ့၏။

အဓိကအချက်အလက်များကို ဂျက်ဖါဆင်က သူ၏ ပထမဆုံးသမတရာထူးအတွက် ကျမ်းသစ္စာကျိန်ဆိုပွဲ အခမ်းအနားဖွင့်ပွဲတွင် ပြောဆိုခဲ့၏။ နိုင်ငံအားလုံးနှင့်အတူတကွ ငြိမ်းချမ်းရေး၊ ကုန်သွယ်ရေး၊ ချစ်ကြည်ရေးပြုလုပ်ရာတွင် ရှုထွေးသော မဟာမိတ်ဖွဲ့ခြင်းမရှိကြပါစေ နှင့်။ နိုင်ငံအားလုံးဆီသို့ ဖက်လိုက်ခြင်းမပြုသသော၊ အချိန်ကြာမြင့်သော မဟာမိတ် ဖွဲ့ခြင်းကို ရှုပ်ထွေးစေခြင်းမပြုလုပ်သော နိုင်ငံတစ်နိုင်ငံ သည် အခြားနိုင်ငံများအတွက် စံနမူနာယူထိုက်သော နိုင်ငံဖြစ်၍ ဤနည်းအားဖြင့် သူတို့ကို အကောင်းဘက်က အကျိုးသက်ရောက်မှုဖြစ်စေခဲ့သည်။ ခရစ်ယာန်နိုင်ငံ တစ်နိုင်ငံသည် အခြားသော နိုင်ငံအားလုံးအပေါ်တွင် ဘက်လိုက်မှုမရှိဘဲ၊ ညီတူညီမျှပြုမူ ဆက်ဆံခဲ့လျှင်၊ ရဲတပ်ဖွဲ့ဝင်များကဲ့သို့ ကြမ်းတမ်းစွာပြုမူ ဆက်ဆံခြင်းမပြုလုပ်ခဲ့လျှင်၊ ထိုနိုင်ငံများသည် သူတို့၏ အကြံဉာဏ်ပေးခြင်းနှင့် တရားစီရင်ခြင်းကို နာခံကြပြီး၊ သူတို့အထဲတွင် ခရစ်ယာန် အမှန်တရားမျိုးစေ့ကို ကြဲရာရောက်သည်။ **ကြားဝင်ဖြန်ဖြေမှုသည် တရားမျှတမှုရှိသော အခြေခံမှုပေါ်တွင် အခြေခံရမည်ဖြစ်၏။** အခြားသောနိုင်ငံအားဖြင့် ထိုနိုင်ငံများ၏ အရေးအခင်းကို ပြေလည်စေရန် ကြားဝင်ဖြန်ဖြေမှုကို ရှာသောအခါ လူနှင့် အစိုးရ၏ ခရစ်ယာန် အယူအဆပေါ်တွင် မူတည်၍ အခြေခံသင့်သည်။ ကျွန်ုပ်တို့သိရမှာကတော့ မည်သည့်နိုင်ငံမဆို၊ ဤအခြေခံမှုများကို ပြည့်စုံစွာ ထောက်ခံသော နိုင်ငံမရှိခဲ့ပေ။ သို့သော် ၄င်းအခြေခံမှုသည် သူတို့၏ ဆန္ဒဖြစ်သင့်သည်။ ထို့ကြောင့် နိုင်ငံတစ်နိုင်ငံအတွက် အခြေခံသည်အခြားသော နိုင်ငံ၏ အရေးကိစ္စများတွင် ပါဝင်၍ ကူညီရမည်ဖြစ်၏။

ထိုသို့အကူအညီပေးရာတွင် ပါဝင်သော အချက်များမှာ –

(၁) တရားဝင်အကူညီတောင်းခံခြင်း၊

(၂) အခြားနိုင်ငံက လူပ်ရှားမှုအမျိုးမျိုးဖြင့် နိုင်ငံ၏ လုံခြုံရေးကို ခြိမ်းခြောက် လာခဲ့လျှင်၊

(၃) သူတို့၏ အရေးကိစ္စများသည် တရားမျှတမှုရှိသော အခြေခံမှုပေါ်တွင် အခြေခံခြင်း။

ဤသို့ဖြင့် နိုင်ငံတစ်နိုင်ငံကို အကူအညီပေးရန် ဆုံးဖြတ်ခဲ့လျှင် အကူအညီ ပေးရမည့် အမျိုးအစားကို ဆုံးဖြတ်ရတော့မည်ဖြစ်၏။ အကူအညီပေးရာတွင် ငွေကြေးများ 'ဝါ' ပစ္စည်းများ 'ဝါ' လက်နက်များ 'ဝါ' စစ်သားများ စသည်တို့အားဖြင့်

အကူညီပေးရန် ဆုံးဖြတ်ရမည်၏။ အကူညီလိုအပ်သော နိုင်ငံများသို့ ထောက်ပံ့မှုပေးရာတွင် ကျွန်ုပ်တို့သည် သူတို့၏ ဆိုးရွားသောပြဿနာများကို ဖြေရှင်းရန် ငွေကြေးမျှကိုသာ အသုံးပြုခြင်းကို မပြုလုပ်သင့်ပေ။ အထူးသဖြင့် ဤနိုင်ငံများတွင် ကိုယ့်ကိုယ်ကို အုပ်ချုပ်ခြင်းကို အနည်းငယ်နားလည်သဘောပေါက်ခြင်းရှိခဲ့ပါက ငွေကြေးများကိုသာ ထောက်ပံ့ခြင်းကို မပြုလုပ်သင့်ပါ။ နိုင်ငံများသို့ အကူညီပေးရာတွင် ကျွန်ုပ်တို့၏ အစိုးရသည် ကြီးကြပ်မှုကိုပြုလုပ်၍ အားပေးရမည်ဖြစ်၏။ သို့သော် ပြည်သူလူထုပိုင် ဖြစ်သော ငွေကြေးများကို အသုံးမပြုသင့်ပေ။ အပြည်ပြည်ဆိုင်ရာ အကူအညီများကို မေတ္တာဂရုဏာထားသော ခရစ်ယာန်သာသနာပြုလုပ်ငန်းနှင့် အခြားသော နိုင်ငံများတွင် ရင်းနှီးမြှုပ်နှံကြသော ပုဂ္ဂလိက စီးပွားရေးလုပ်ငန်းရှင်များက ပေးကမ်းသင့်ပေသည်။ ခရစ်ယာန် စီးပွားရေးလုပ်ငန်းရှင်ကြီးများသည် လွတ်လပ်စွာ ဖေါက်ကား ရောင်းဝယ်ခြင်းက မည်ကဲ့သို့ အလုပ်လုပ်နိုင်သည်ကို သူတို့၏ လုပ်ဆောင်ခြင်းမှ တဆင့်ပြသသည့်အနေဖြင့် ကမ္ဘာနိုင်ငံအားလုံး၏ ကြီးပွားချမ်းသာခြင်းကို ရွှေပြောင်း စိုက်ပျိုးသူများဖြစ်သင့်သည်။ ဤလုပ်ဆောင်ချက်များကို ဆင်းရဲခြင်း ဖိစီးမှုဒဏ်ကို ခံနေရသော နိုင်ငံများတွင် ပို၍ ပြုလုပ်သင့်သည်။ ၄င်းသည် နိုင်ငံများအကြားတွင် လွှမ်းမိုးချုပ်ကိုင်ခြင်း၏ သဘောထားဖြစ်သော၊ အစိုးရနှင့်ဆိုင်သော နယ်ချဲ့ဝါဒမှလည်း ကာကွယ်ရမည်ဖြစ်၍ တစ်ယောက်နှင့်တစ်ယောက် ဆက်ဆံရာတွင် ရိုသေလေးစားမှု ရှိကြရန် အစိုးရများကို အကူညီပေးခဲ့သည်။ အစိုးရ၏ အစိတ်အပိုင်းတစ်ခုဖြစ်သော သယံဇတပစ္စည်းများ အခုခေတ်တွင် အသုံးပြုနေသော စစ်သုံးယဉ်များသည် အခြားနိုင်ငံ များတွင် ကိုယ့်ကိုယ်ကို အုပ်ချုပ်နိုင်ရေးနှင့် လွတ်လပ်မှု၏ တိုးတက်ရေးအတွက် သင့်လျော်သော အခြေခံအုတ်မြစ်ချရန် အသုံးပြုသော ကျမ်းစာ၏ ကိုလိုနီနယ်ပယ်ချဲ့ထွင် ရေးအတွက် အသုံးပြုခဲ့သည်။

## သာသနာပြုပုဂ္ဂိုလ်များနှင့် ခရစ်ယာန် စီးပွားရေးလုပ်ငန်းရှင်ကြီးများသည် ခရစ်ယာန်နိုင်ငံများ၏ သံတမန်များဖြစ်သင့်သည်။

ယနေ့ နိုင်ငံခြားတိုင်းပြည်များသို့ အမှုထမ်းဆောင်ရန်တရားဝင်အစိုးရနှင့်

ဆိုင်သော နိုင်ငံရေးသင်တန်းဆင်း၍ အရည်အချင်းနှင့် ပြည့်စုံသော ကြေးစား သံတမန်များသည်သာလျှင် စေလွှတ်ရမည်ဟု မှားယွင်းစွာ ယုံကြည်နေကြသည်။ ဤအကြောင်းနှင့်ပတ်သက်၍ ဂယ်ရီနေသော်က ဤသို့ရေးသားခဲ့၏။ အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးတွင် ဤ ၂၀ ရာစုနှစ်မတိုင်ခင် ကာလများတွင် အမေရိကန်ပြည်ထောင်စု အတွက် နိုင်ငံတိုင်းနိုင်ငံတိုင်းနှင့် ပြင်ဆင်မှု၊ သဘောတူညီမှုနှင့် မဟာမိတ်ဖွဲ့ရေးအတွက် နိုင်ငံတိုင်းဆီသို့ တရားဝင်ကိုယ်စားလှယ်များ စေလွှတ်ရန် လိုအပ်ကြောင်းကို မည်သူမျှ မသိရှိခဲ့ကြပေ။ လူများသည် ဤမျှကြီးမားကျယ်ပြန့်သော အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးလုပ်ငန်းတွင် လူတစ်ဦးချင်း၏ စိတ်ဝင်စားမှုသည် အခြေခံဖြစ်သည်ဟု ထင်မြင်ယူဆကြသည်။ ဒါဟာ ယနေ့တွေ့ကြုံနေရသော နိုင်ငံခြားဆက်ဆံရေတွင် ပြဿနာ၏ အဓိကဖြစ်သည်။ နောသ်က ဆက်လက်၍ ဖော်ပြခဲ့သည်မှာ အနောက်နိုင်ငံများတွင် မဲပေးသူများသည် ကြေးစားသံတမန်များ၏ နိုင်ငံရေးပေါ်လစီကို အနုနည်းအားဖြင့် တော်လှန်ခဲ့ကြသည်။ ယခုသင်သည် မေးခွန်းထုတ်နိုင်ပါ၏။ အကယ်၍ နိုင်ငံခြားပေါ်လစီလမ်းပြမှုတွင် ကြေးစားသံတမန်များကို သဘောတူခြင်းမရှိပါက မည်သူကို သံတမန်အဖြစ် ခန့်ထားရမည်နည်း။ လီဂရက်ဒီကရေးသားဖော်ပြခဲ့သည်ကား ''လက်တွေ့အားဖြင့် ဤခရစ်ယာန် ကမ္ဘာတွင် နိုင်ငံခြားပေါ်လစီအစီအစဉ်များကို ခရစ်တော်၏အကြောင်းကို ကမ္ဘာ့နိုင်ငံအသီးသီးသို့ မည်ကဲ့သို့ ရှင်းလင်းတင်ပြရန် အတွက် နားလည်သဘောပေါက်သော ကုန်သွယ်ရေးလူစုနှင့် ခရစ်ယာန် စီးပွားရေး လုပ်ငန်များ၏ အဖွဲ့ဝင်များနှင့် သာသနာပြု လူကြီးများအားဖြင့် ဦးစီးဆောင်ရွက်မှုကို ပြုလုပ်ရလိမ့်မည် ဖြစ်၏။ သူတို့၏ စီးပွားရေးလုပ်ငန်းသည် ခရစ်တော်၏ သံတမန်လုပ်ငန်းဖြစ်သကဲ့သို့ နှစ်ဖက်စလုံးအလျှော့အတင်းလုပ်၍ ကြည်အေးခြင်းမျိုး မဟုတ်ပါ။ ခရစ်တော်၏ နိုင်ငံတော်အတွက် အရှုံးခံရန် လူနှင့် အစိုးရကိုတိုက်တွန်း သွေးဆောင်ရန်ဖြစ်သည်။ တိုးတက်မှုရရှိရန်အတွက် ပရောဖက် ဟေရှာယ ပြောဆိုသည်ကား ကမ္ဘာနှင့် အဝှမ်းသိတင်းကောင်းအတွက် အရှုံးခံလက်လျှော့ရန် တိုက်တွန်းခဲ့သည်မှာ ''ထာဝရဘုရားသည် လူမျိုးတို့တွင် တရားစီရင်၍၊ များသောလူတို့ကို ဆုံးမတော်မူသဖြင့်၊ သူတို့၏ ဓားလက်နက်မျာကို ထွန်သွားဖြစ်စေခြင်းငှာ၄င်း၊

လုံများကို တံစဉ်ဖြစ်စေခြင်းငှာ၎င်း၊ ထုလုပ်ကြလိမ့်မည်။ တပြည်ကိုတပြည် စစ်မတိုက်၊ စစ်အတတ်ကိုလည်း နောက်တဖန် မသင်ရကြ။ (ဟေရှာယ ၂း၄)။ ဒါဟာ ကမ္ဘာပေါ်ရှိ လူသားများသည် မိမိဆန္ဒအလျှောက် ဝန်ခံချက်ပေးပြီးနောက် ဓားလက်နက်များကို ထွန်သွားအဖြစ် ပြောင်းပစ်ခြင်းလုပ်ဆောင်မှုသည် လူသားများအတွက် သတိပြုမိကြရန် အလွန်အရေးကြီးပါ၏။ ''လာကြလော့၊ ထာဝရဘုရား၏ တောင်တော်၊ ယာကုပ်အမျိုး၏ ဘုရားသခင် အိမ်တော်သို့ တက်သွားကြကုန်အံ့၊ လမ်းခရီးတော်တို့ကို ပြသသွန်သင်တော်မူ၍၊ ငါတို့သည် ခြေတော်ရာသို့ လိုက်သွားကြမည်ဟု ခရီးသွားလျက် ပြောဆိုကြလိမ့်မည် (ဟေရှာယ ၂း၃)။ ဘုရားသခင်သည် အပြည်ပြည်ဆိုင်ရာ စစ်တိုက်ခြင်းကို သန္နိဋ္ဌာန် မချထားမီ အချိန်တွင် လူများသည် သူ့ရှေ့တော်မှောက်တွင် ဒူးထောက်၍ အရှုံးခံခြင်းကို စောင့်ဆိုင်း တော်မူသည်၊ ဒါဟာ သူ၏ ငြိမ်းချမ်းရေးအတွက် စီမံကိန်းဖြစ်တော်မူ၏။ ဆရာကြီး နောသ်က ဤအယူအဆကို အတိုချုံး၍ ရေးသားခဲ့သည်ကား – ခရစ်တော်မပါလျှင် သမိုင်းတစ်လျှောက်တွင် ဘယ်တော့မှ ငြိမ်းချမ်းရေးမရှိနိုင်ပါ။

စစ်ပြေငြိမ်းရေးသဘောတူညီချက်တော့ရှိနိုင်ပါသည်။ သို့သော်ကြာရှည် တည်တံ့နိုင်သော ငြိမ်းချမ်းရေးမရှိနိုင်ပါ။ ခရစ်ယာန်ဘာသာဝင်များက နားလည် သဘောပေါက်ရမှာက ငြိမ်းချမ်းရေးသည် ကမ္ဘာနိုင်ငံများသို့ ခရစ်တော်၏ နောက်လိုက် ဖြစ်စေရေးနှင့် သိတင်းကောင်းကို ဟောပြောဝေငှခြင်းမှတဆင့် ရောက်ရှိခြင်းမှ ရရှိနိုင်သည်။ အခြားသော နည်းလမ်းမရှိနိုင်ပါ။ သိတင်းကောင်း ဟောပြောဝေငှခြင်း မရှိသော နည်းလမ်းအားဖြင့် ဘုရားသခင်သည် မည်သည့်ကာလအပိုင်း အခြားတွင်မှ ငြိမ်းချမ်းရေးကို ခွင့်ပြုတော်မူလိမ့်မည်မဟုတ်ပါ။ သူ့သဘာဝနှင့် လောကီရေးရာများကို လေ့လာသူများအတွက် ငြိမ်းချမ်းရေးဆိုသည်မှာ အမှန်တကယ် စစ်တားဆီးရေးဝါဒ ဖြစ်သည်။ စစ်တားဆီးရေးဝါဒဆိုသည်မှာ ခုံရုံးဖွဲ့၍ စီရင်ဆုံးဖြတ် ခြင်းအားဖြင့် နိုင်ငံတကားအငြင်းအခုန်များကို ဖြေရှင်းပြေလည် သွားရေးအတွက် ရှေ့နေလိုက်ခြင်းနှင့် စစ်တိုက်ခိုက်ခြင်းအားလုံးကို ဆန့်ကျင်ခြင်းအတွက် စစ်တပ်အင်အားကို အသုံးပြုရန်ဖြစ်သည်။ မျက်မှောက်ခေတ်ကာလ၏ ငြိမ်းချမ်းရေးကို လေ့လာရေး အစီစဉ်များကို အမေရိကန်ပြည်ထောင်စုရှိ ကောလိပ်ကျောင်းများတွင် အဓိက ဘာသာရပ် အဖြစ် သင်ကြားခဲ့ပါသည်။ ဤတက္ကသိုလ်ကျောင်းများ

ရှိမည်သည့်ပါမောက္ခမဆို မှန်ကန်သော ရှင်းပြချက်အရ ငြိမ်းချမ်းရေးကို ယူဆောင်လာရန် မည်သည့် နည်းလမ်းကိုမျှပေးကမ်းခြင်းမရှိပေ။ ဤစစ်တားဆီးရေးဝါဒမျိုးသည် အချို့သော ခရစ်ယာန်များက ရိုးသားဖြောင့်မတ်စွာ လက်ကိုင်ထားသော အသိဉာဏ်ရှိရှိ လုပ်ကိုင်တတ်သော စစ်တားဆီးရေးဝါဒထဲတွင် အမြစ်တောင်မတွယ်ခဲ့ပေ။ ဤစစ်တားရေးဝါဒအကြောင်းကို ဤအခန်းတွင် သင်ကြားပေးသော်လည်း ဤအခန်းကဏ္ဍက သင်ကြားပို့ချခဲ့သော စစ်တားဆီးရေးဝါဒသည် ကျမ်းစာနှင့် စပ်ဆိုင်သော လေ့လာချက်မဟုတ်သော်လည်း တစ်စုံတစ်ယောက်သောသူသည် စစ်ထဲတွင် ပါဝင်ရန် သူတို့၏ စိတ်ထဲတွင် ဆန့်ကျင်မှုရှိနေပါက ထိုသူကိုအပြစ်မပေးဘဲ စစ်မှုထမ်းခြင်းကို ငြင်းဆန်လိုပါက၊ ငြင်းဆန်နိုင်ကြောင်းကို ခွင့်ပြုခဲ့သည်။ (တရားဟော ၂၀း၁–၈) ဤစနစ်ကို ဟေဗြဲသမ္မတနိုင်ငံတွင် ကျင့်သုံးခဲ့၏။ ထို့ကြောင့် ဤစနစ်သည် ကျမ်းစာနှင့် စပ်ဆိုင်သော ဤနည်းဖြင့် ခံစားသောသူများအတွက် တုံ့ပြန်ခြင်းဖြစ်၏။ ထင်ရှားပြတ်သားစွာ ဖေါ်ပြမည်ဆိုလျှင် ခရစ်ယာန်စစ်တားဆီးရေးဝါဒီများသည် ကမ္ဘာပေါ်တွင် အကြမ်းဖက်မှုမရှိစေရန် ကျွန်ုပ်တို့၏ ပန်းတိုင်ဖြစ်၍ ဤရည်မှန်းချက်ကို ပြည့်စုံစေရန် ကျွန်ုပ်တို့သည် အလုပ်လုပ်၍ ဆုတောင်းရမည်ဖြစ်ကြောင်းကို လေးနက်စေကြပါသည်။ မည်သို့ပင်ဖြစ်စေကာမူ၊ အပြစ်နှင့် ပြည့်နှက်နေသော ဤကမ္ဘာတွင် ဒါဟာ မအောင်မြင်နိုင်ခဲ့ပါ။ ခရစ်တော်ဆင်းသက်ကြွလာတော်မူသည့် အချိန်တွင် ဤလောကမှုစာတန်မာရ်နတ်၏ စုံစမ်းနှောင့်ယှက်ခြင်းပြီးဆုံးသော အချိန်တွင်သာ လူများသည် ကျူးကျော်ရန်စမှုဟူသမျှကို ပြင်းထန်စွာ ထိန်းချုပ်ပြုမူနိုင်ရန် ဓားလက်နက်ကို အသုံးပြုရန် လိုအပ်လာပါလိမ့်မည်။ ကျမ်းစာက ဤသို့လက်နက် အသုံးပြုခြင်းကို တရားဝင်အတည်ပြုခဲ့သည်။

အခန်း ၁၄

## လူမျိုးတစ်မျိုးကို ခရစ်တော်၏ နောက်လိုက်များဖြစ်စေရေးအတွက် လက်တွေ့ကျသော လုပ်ငန်းအစီစဉ်များ

ဤအခန်းကဏ္ဍသည် လူမျိုးများကို အကျိုးသက်ရောက်မှုရှိစွာ လွတ်မြောက်စေရေးအတွက် လိုအပ်သော နည်းဗျူဟာနှင့် ကျမ်းစာနှင့်စပ်ဆိုင်သော အတွေးအခေါ် အတတ်ပညာရပ်များအကြောင်းရေးသားထားသော ဤစာအုပ်ထဲတွင် ဖော်ပြထားသော အဓိကအချက်များကို အတိုချုံး၍ ဖော်ပြရပါမည်။ ဤအခန်းကဏ္ဍသည် မဖော်ခဲ့သေးဘူးသော လူမှုပြောင်းလဲရေး၏ လက်တွေ့ကျပြီး အပြုသဘောဆောင်သော ကျမ်းစာနှင့်ပတ်သက်သော နည်းလမ်းများလည်းပါဝင် လိမ့်မည်ဖြစ်၏။ အခန်း '၆' တွင် ကျွန်ုပ်တို့ ဆွေးနွေးခဲ့ပြီးသည်နှင့်အမျှ ယေရှုခရစ်သည် ကျမ်းစာနှင့် စပ်ဆိုင်သော ကိုယ့်ကိုယ်ကို ကာကွယ်ရေးတွင် အင်အားသည် အရေးကြီးပုံ၊ အခြားနိုင်ငံသို့သွားရောက် အခြေစိုက်ခြင်းထွက်ပြေးသွားခြင်းနှင့် ဆန့်ကျင်ကန့်ကွက်ခြင်းကို အသုံးပြုရန်နှင့် မကောင်းမှုဟူသမျှကို ခုခံကာကွယ်ရေးအတွက် လိုအပ်ကြောင်းကို အသားပေးမိန့်တော်မူခဲ့ သည်။ သို့သော် ယေရှုသည် ထိုထက်မက သူ့နောက်လိုက်တော်များကို ကောင်းသောအမှုဖြင့် မကောင်းမှုကို အောင်မြင်ရန် မိန့်မှာတော်မူခဲ့သည်။ အခြားစကားလုံးနှင့် ပြောမည်ဆိုလျှင် ကောင်းမှုကိုပြုလုပ်ခြင်း မရှိပါက မည်သည့်အရာကိုမျှ အောင်မြင်လိမ့်မည်မဟုတ်ပေ။ တစ်စုံတစ်ယောက်သော သူသည် ကျွန်ုပ်တို့ကို ဝေဖန်နိုင်ပါသည်။ သို့သော် ကျွန်ုပ်တို့၏ ယဉ်ကျေးမှုသည် လူများ၏ ဝေဒနာခံစားချက်များကို သက်သာပျောက်ကင်းစေရန်၊ သွန်သင်ဆုံးမခြင်းဖြင့် အရေးယူဆောင်ရွက်သော ကျမ်းစာ၏ ပရောဖက်များကဲ့သို့ လူမှုပြုပြင်ပြောင်းလဲရေး သမားများနှင့် ခရစ်ယာန်ခေါင်းဆောင်များကို လိုအပ်နေပါသည်။ ယေရှုမိန့်တော်မူသည်ကား မတရားသောအပြုအမူများကို အာရုံစူးစိုက်နိုင်ရန်နှင့် တစ်ယောက်၏ အခွင့်အရေးများကို ကာကွယ်နိုင်ရန်၊ နိုင်ငံရေးဆိုင်ရာ နည်းစနစ်များနှင့် ဥပဒေနှင့် ညီညွတ်သော ပါဝင်ဆောင်ရွက်မှုများကို ပြုလုပ်ရန် အချိန်ရှိသေးကြောင်း မိန့်ကြားတော်မူ ခဲ့၏။ (ရှင်လုကာ ၁၈း၂–၅) တွင် ကျွန်ုပ်တို့ကို သင်ကြားခဲ့သော အဓိကအချက်မှာ ခရစ်တော်က ထင်ရှားစွာ အတည်ပြုတော်မူသော ''တရားမျှတခြင်း'' ကို လူများက ရရှိနိုင်ရန်အတွက် ဆုတောင်းပဌနာ ပြုလုပ်ရန် အတင်းအဓမ္မတောင်းဆိုထားကြောင်း ဖော်ပြပါရှိ၏။ ဒါဟာ ကျမ်းစာနှင့်မကိုက်ညီသော သိမ်းပိုက်နေထိုင်ခြင်း 'ဝါ' တရားရုံးများမှတဆင့် တရားဝင်ဖြင့် လူမှုရေးကိစ္စများတွင် လွှမ်းမိုးခြယ်လှယ်ခြင်းကို ပြုလုပ်ရန် ဖေါ်ပြထားခြင်းမဟုတ်ပေ။ (ရှင်လုကာ ၁၉း၁၁–၁၇) ကျမ်းစာနှင့်စပ်ဆိုင်သော

လူမှုပြောင်းလဲရေးအတွက် တိကျသေ နည်းလမ်းများမှာ –

**(၁) ပညာရေး (ရှင်မသဲ ၂၈း၁၉)**

ယေရှုသည် လူမျိုးများကို ခရစ်တော်၏ နောက်လိုက်များဖြစ်စေရန် ခရစ်ယာန်များကို အဓိက နည်းလမ်းများပေးတော်မူ၏။ ယေရှုသည် သူတပည့်တော်များကို ကမ္ဘာအရပ်ရပ်သို့ သွား၍ သိတင်းကောင်းကို ဝေငှရန် မိန့်တော်မူခဲ့သည်ကို (မဿဲ ၂၈း၁၉) တွင် ဖော်ပြထားပါသည်။ အသင်းတော်ကိုသွား၍ တရားဒေသနာ ဟောပြောကြရန် အမိန့်အားလုံးကို ငါပေးခဲ့ပြီးပြီဟု ဆိုရာ၌ ဘာကိုခရစ်တော်က ဆိုလိုသနည်း။ လူမျိုးများ၏ အရေးကိစ္စနှင့်ပတ်သက်၍ ယေရှုက မည်ကဲ့သို့ မိန့်တော်မူသည်ကို အတိအကျ လေ့လာသုံးသပ်ကြပါစို့။

(၁) ဒီမိုကရေစီစနစ်သည် အတွင်းဘက်ပိုင်းမှ အပြင်ဘက်ပိုင်းသို့ တဖြေးဖြေး ပြောင်းလဲလာခြင်း၊

(၂) လူထုအစိုးရသည် ဘုရားသခင်အမိန့်ပေးတော်မူသော အဖွဲ့အစည်းတစ်ခု ဖြစ်သည်။

(၃) အစိုးရ၏တရားစီရင်ပိုင်နက် ဧရိယာနယ်မြေကို ပိုင်းခြားသတ်မှတ် ပေးတော်မူခဲ့သည်။

(၄) အမျိုးအမည်ကွဲပြားခြားနားသောလူတစ်ဦးချင်းစီ၏ မွေးရာပါ အရည်အသွေး များကို တန်ဖိုးထားခြင်း၊

(၅) အစိုးရသည် လူများအားလုံးကို ညီတူညီမျှပြုစုစောင့်ရှောက်ရန်ဖြစ်သည်။

(၆) မောရှေ၏ အရေးပါသော လူထုပညတ်တရားများ။

(၇) ကျမ်းစာနှင့်စပ်ဆိုင်သော နိုင်ငံရေးကို အသုံးပြုခြင်းဆိုသည်မှာ လူမှုရေးတရား မျှတခြင်းကို အောင်မြင်မှုရရှိခြင်းဖြစ်၏။

**ကျမ်းစာနှင့်စပ်ဆိုင်သောကမ္ဘာ့အမြင်အားဖြင့် လူထုကိုပညာပေးရေးအတွက်**

**အိမ်းမျာ။** မိသားစုသည်အဓိကကျသော ပညာရေးကို ပေးကမ်းသူဖြစ်သည်ဟု ကျမ်းစာက ဖော်ပြခဲ့သည်။ မိဘများသည် သူတို့၏ မိသားစု၊

အသင်းတော်နှင့် နိုင်ငံတော်အတွက် ခရစ်ယာန် သမိုင်းတွင် သူတို့၏ သားသမီးများကို တိကျမှန်ကန်စွာ ညွှန်ကြားချက်ပေးရန်အတွက် တနင်္ဂနွေနေ့ဝတ်ပြုကျောင်းများကို တည်ထောင် ပေးသင့်သည်။ မိဘများသည် ခရစ်ယာန် စာပေလောကကို တည်ထောင်၍ အသုံးကျယ်စွာ အော်ဖတ်ခြင်း၊ နေ့တိုင်းအချိန်မှန်မှန် ကျမ်းစာကို ဖတ်၍ ဆက်ကပ်ခြင်း အစီစဉ်များကို ပြုလုပ်ပေးသည် မိဘများသည် သူတို့သားသမီးများ၏ ပညာရေးကို များသောအားဖြင့် အိမ်များတွင် ပြုလုပ်ပေးရန်နှင့် သူတို့သည် မတတ်နိုင်သော အရာများရှိခဲ့ပါက အခြားသောအိမ်တွင် ပညာရေးမိဘများ၊ အသင်းတော် လူကြီးများနှင့် ပူးပေါင်းမှု ပြုလုပ်ပြီး ခရစ်ယာန် ကျောင်းများတည်ထောင်ခြင်း 'ဝါ' သီးခြားဆရာများ ငှားရမ်း သင်ကြားပို့ချခြင်း စသည်တို့ကို ပြုလုပ်သင့်ပါသည်။

**အသင်းတော်များ။** ဟေဗြဲသမ္မတနိုင်ငံရှိ လေဝီများ၊ အင်္ဂလန်နိုင်ငံနှင့် အမေရိကန်နိုင်ငံရှိ ခရစ်ယာန် ဘုန်းတော်ကြီးများကဲ့သို့ ယနေ့သင်းအုပ်ဆရာကြီးများ ခရစ်ယာန် ဘုန်းတော်ကြီးများနှင့် ပရောဟိတ်များသည် သူတို့၏ အသင်းသားများကို နောက်လိုက်ကောင်းများဖြစ်စေရေးအတွက် တိကျမှန်ကန်သော အစီစဉ်များကို ရေးဆွဲပြုလုပ်ရမည်ဖြစ်ပြီး၊ လူထုထဲတွင် ဤရည်ရွယ်ချက်အတွက် အထူးလေ့လာရေး အဖွဲ့များ 'ဝါ' မိသားစုအဖွဲ့နှင့် အသက်ကြီးသူများအဖွဲ့ကို ဖွဲ့စည်း၍ အပတ်စဉ်သင်တန်း များပြုလုပ်ပေးရမည်ဖြစ်၏။ အမျိုးသားရုံးပိတ်ရပ်များ လူထုပွဲတော်များနှင့် ပြည်သူလူထုကိုယ်စားလှယ်များ ရွေးကောက်တင်မြှောက်ပွဲနီးသော အချိန်များတွင် အထူးတရားဒေသနာဟောပြောပွဲများကို ကျင်းပပြုလုပ်သင့်ပေသည်။ ဤရွေးကောက်တင် မြှောက်ပွဲနှင့် အမှတ်တရဖြစ်စေသော တရားဒေသနာများကို လူများအားလုံးအတွက် အထူးနှီးနှောဖလှယ်ပွဲကို တနင်္ဂနွေနေ့တွင် ဘုရားကျောင်းထဲတွင် ဟောပြောပို့ချ ရမည်ဖြစ်၏။ ဤပုံနှိပ်ရေးသားထားသော တရားဒေသနာများကို ဖြန့်ဝေခြင်းသည် အမှန်တရားကို ဖြန့်ဖြူးရာတွင် အကူညီများစွာပေးခဲ့၏။ ထပ်လောင်း၍ပြောရမည်ဆိုလျှင် အသင်းတော်သည် နောက်ဆက်တွဲအနေဖြင့် အိမ်တွင်းပညာပေးရေ မိဘများအတွက် အဖြစ်အပျက်များနှင့် ပူးပေါင်းသီးခြား ဆရာငှားရမ်း၍ သင်ကြားစေသောနည်း 'ဝါ' ကိုယ်ပိုင်ကျောင်းများ

စတင် တည်ထောင်ခြင်းအားဖြင့် မိဘများ၏ ကျောင်းပညာသင်ကြားရေးကြိုးစားမှုများကို အသင်းတော်က ကူညီပေးသင့်သည်။ ခရစ်ယာန်ဘုန်းတော်ကြီးများသည်လည်း ကျမ်းစာနှင့်စပ်ဆိုင်သော ရှုဒေါင့်မှနေ၍ အကြံဉာဏ်များနှင့် ဆွေးနွေး နှီးနှော ဖလှယ်ခြင်းကို ပြုလုပ်နိုင်ရန် အစိုးရအဖွဲ့ စီးပွားရေးလုပ်ငန်းဌာနများနှင့် လူထုဆက်သွယ်ရေး နယ်ပယ်တွင်းရှိ လူထုခေါင်းဆောင်များနှင့် တွေ့ဆုံ၍ ဆွေးနွေးတိုင်ပင် သင့်ပေသည်။

## လူထုဆက်သွယ်ရေးနှင့် အတတ်ပညာများ

ခရစ်ယာန်များနှင့် ကျမ်းစာ၏ ပရောဖက်များသည် ရာစုနှစ်များမှတဆင့် လူသားများကို သိတင်းပေးပို့ချမှုများဖြင့် လမ်းပြဦးဆောင်ခဲ့ကြသည်။ သူတို့သည် ကျမ်းစာနှင့် စပ်ဆိုင်သော ကမ္ဘာ့အမြင်မှနေ၍ သိတင်းစာများနှင့် စာအုပ်များကို ပုံနှိပ်ထုတ်ဝေရန် မိမိတို့ဆန္ဒအရ စည်းရုံး၍ အတူတကွအလုပ်လုပ်ခဲ့ကြသည်။ ရေဒီယို၊ ရုပ်မြင်သံကြားနှင့် ရုပ်ရှင်များကိုလည်း ရှိနှင့်ပြီးဖြစ်သော အဖွဲ့အစည်းများတွင် မပြောင်းလဲသော အမှုထမ်းခြင်းဖြင့် ပြန်လည်၍ ဖမ်းယူသင့်သည်။ သို့သော် အသစ်သော ရုပ်မြင်သံကြား အစီစဉ်နှင့် ရုပ်ရှင်ထုတ်လုပ်ရေး ကုမ္ပဏီများ၏ တီထွင်ခြင်းအားဖြင့်လည်း ဘာသာရေးအစီစဉ်များ ရေးဆွဲခြင်းကို ပိုမို၍ ပြုလုပ်လာခဲ့ကြသည်။ သူတို့သည် ခရစ်ယာန်ရှုဒေါင့်မှ နေ့စဉ်ပြုလုပ်သော အမှန်ကိစ္စများအတွက် ရှင်းလင်းချက်များကို ပေးရန် ရုပ်မြင်သံကြားနှင့် ရေဒီယိုများပေါ်တွင် အသစ်သောလုပ်ငန်းအစီစဉ်များကို စတင်ထုတ်လွှင့်သင့်ပေသည်။

## ကျောင်းများနှင့် ကောလိပ်များ

မိသားစုအိမ်တွင်းပညာပေးရေးအပြင် လူအားလုံးအသုံးပြုနိုင်သော ကိုယ်ပိုင်ကျောင်းများကိုလည်း စတင်ဖွင့်လှစ်သင့် ပေသည်။ ဤသို့ပြုလုပ်ခြင်းအားဖြင့် အစိုးရသည် ပညာရေးကို ထိန်းသိမ်းရမည်ဖြစ်၍။ ဤသို့ ကိုယ်ပိုင်ကျောင်းများကို တည်ဆောက်ခြင်းအားဖြင့် ကိုယ်ပိုင်ကျောင်း 'ဝါ' အိမ်တွင်းကျောင်းများမဖွင့်နိုင်သော

မယုံကြည်သူမိသားစုများနှင့်ဆင်းရဲသော မိသားစုများ၏ သားသမီးများအပါအဝင် လူတိုင်း၏ ပြဿနာများကို ဖြေရှင်းပေးနိုင်ရန် အဆင့်အတန်းမြင့်သော ကျောင်းများကို ဖွင့်လှစ်ပေးသင့်ပါသည်။ ထပ်လောင်း၍ ပြောမည်ဆိုလျှင် ခရစ်ယာန်များသည် သူတို့၏ မပြောင်းလဲသော အမှုထမ်းခြင်း မှတဆင့် စတင်တည်ထောင်ခဲ့သော တက္ကသိုလ်နှင့် ကောလိပ်ကျောင်းများကို ပြန်လည်၍ သိမ်းယူသင့်ပေသည်။ ခရစ်ယာန်များသည် အသစ်သော ကောလိပ်ကျောင်းများနှင့် တက္ကသိုလ်များကို ပရောဖက် ရှင်မွေလ၏ ကျောင်းကဲ့သို့ စတင်၍ ဖွင့်လှစ်သင့်၏ (2King 14:14)။

## ၂။ ဘာသာတရားကိုင်းရှိုင်းသောကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန် စီမံကိန်းများမှတ်၍ လှုပ်ရှားမှုများပြု လုပ်ခြင်း။

တမန်တော်ရှင်ပေါလုသည် ဂရိနိုင်ငံတွင် ရောက်ရှိနေစဉ်အတွင်း ကောရိန္သုမြို့ရှိ ခရစ်ယာန်များကို ပြစ်တင်ပြောဆိုခဲ့၏။ အဘယ်ကြောင့်ဆိုသော် ဘာသာတရား မရှိသောသူများက လူထုတရားရုံးများနှင့် အစိုးရဌာနများကို ထိန်းချုပ်ရန် ခွင့်ပြုခဲ့ကြသော ကြောင့်ဖြစ်၏။ (၁ကော ၆း၂–၅)။ ဤပြစ်တင်ပြောဆိုခြင်းသည် မှန်ကန်၏။ အဘယ့်ကြောင့်ဆိုသော် ဂရိနိုင်ငံအတွင်းရှိ နိုင်ငံသူ/သားများသည် လူထုအရာရှိကြီးများ အချို့ကို ရွေးချယ်ခန့်ထားနိုင်သောကြောင့်ဖြစ်၏။ ဒီမိုကရေစီစနစ်၏ အစိုးရတွင် ခေါင်းဆောင်များ၏ နေရာ၌ ခရစ်ယာန်များကို ထည့်ရန် လစ်လျူရှုခြင်းသည် အပြစ်ဖြစ်၍ (ရှင်မဿဲ ၂၅း၁၄–၃၀) တွင် ယေရှုက မိန့်တော်မူခဲ့သော ကျွန်ပ်တို့၏ ပင်ကိုယ်စွမ်းရည်များကို ဖုံးကွယ်ရာရောက်လိမ့်မည်ဖြစ်သောကြောင့်ဖြစ်၏။ ဒါဟာ ကျမ်းစာနှင့်စပ်ဆိုင်သော ဒီမိုကရေစီစနစ်အစိုးရအုပ်ချုပ်ရေးတွင် နိုင်ငံများ၏ အခြေခံကျသောတာဝန်အစိတ်အပိုင်တစ်ခုဖြစ်၏။ (Exo. ၁၈၊ Deut ၁)၊ ဘာသာတရားကိုင်းရှိုင်းသော ပြည်သူ့ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရန် ခရစ်ယာန်တိုင်းကို ခေါ်ဖိတ်ပါ၏။ လူနည်းစုအတွက်သာမဟုတ်ပါ။ ခရစ်ယာန်တိုင်း အတွက် စဉ်းစားရန်ဖြစ်နိုင်သော အရာနှစ်ခုရှိသည်။

လူထုအုပ်ချုပ်ရေးတွင် ရာထူးရရှိရေးအတွက် ‘ဝါ’ ရာထူးကြီးကြီးမားမား ရရှိရေးအတွက် ကြိုးစားသူများကို ထောက်ပံ့အကူညီပေးခြင်း၊ ကျမ်းစာနှင့်စပ်ဆိုင်သော

အမိန့်ပေးချက်များကို နားမထောင်လစ်လျူရှုသော ခရစ်ယာန်များကို ဘုရားသခင်ထံတော်သို့ သူ့အကြောင်းရှင်းပြရန် အခွင့်အရေးပေးလိမ့်မည်မဟုတ်ပါ။ အကယ်၍ခရစ်ယာန်များသည် ရာထူးရရှိရေးတွင် စိတ်ဝင်စားခြင်းမရှိ၍ ပါဝင်မှု မပြုလုပ်ပါက 'ဝါ' ရိုးသားဖြောင့်မတ်သော လူများက ကျမ်းစာနှင့်စပ်ဆိုင်သော ကမ္ဘာ့အမြင်ဖြင့် အုပ်ချုပ်ရေးရာထူးကိုရရှိရန် ကြိုးစားမှုမရှိပါ ကောင်းသောအစိုးရကို ရရှိနိုင်ရန် မည်သူက မျှော်လင့်နိုင်မည်နည်း။ အနည်းငယ်မျှသော ခရစ်ယာန်များသည် သာလျှင် အကြောင်းပြချက်အမျိုးမျိုးကိုပြ၍ နိုင်ငံရေးပါတီကို စွန့်လွှတ်သွားခဲ့ကြသည်။ ထိုသူတို့သည် ကျွန်ုပ်တို့၏ တာဝန်ဝတ္တရာများကို လစ်လျူရှုသူများဖြစ်ကြ၍ လိမ်လည်လှည့်ဖြားခြင်းကို ပြုလုပ်ခဲ့ကြ၏။ အမှန်စင်စစ်၊ စစ်မှန်၍ အနည်းငယ်မျှသော ခရစ်ယာန်များကိုသာ လူထုရုံးများတွင် အုပ်ချုပ်သူရာထူးနေရာအတွက် ဘုရားသခင် ခေါ်တော်မူ၏။ သို့သော် သူတို့ကို ကူညီရန် ခရစ်ယာန်တိုင်းကို ခေါ်ဖိတ်ပါ၏။ ကျမ်းစာနှင့် စပ်ဆိုင်သော တာဝန်ဝတ္တရားများကို လစ်လျူရှုခြင်းသည် ဘာသာတရားကိုင်းရှိုင်းမှု မရှိသော သူများကို အစိုးရ၏ ထိန်းချုပ်မှုအခွင့်အာဏာကို ချုပ်ကိုင်ရန် ခွင့်ပြုခြင်း ဖြစ်သဖြင့် လွတ်လပ်သောနိုင်ငံများတွင် အကျင့်စာရိတ္တပျက်စီးခြင်းကို ယူဆောင်လာ၍ ကျွန်ုပ်တို့၏ သားသမီးများကို အမျိုးသားတရားစီရင်ရာရုံးသို့ ပို့ဆောင်လာကာ ဝမ်းနည်းခြင်းကို ဖြစ်ပေါ်စေခဲ့သည်။ ကျမ်းစာသည် ဘုရားသခင်၏ လူများက သူတို့၏ ညီရင်းအကိုများကို လူထုရုံးများတွင် ရာထူးအာဏာရလာရန် အကူညီပေးခြင်း၏ ဥပမာ နမူနာများနှင့် ပြည့်နေ၏။ ရှမွေလသည် ရှောလုကို ရှင်ဘုရင်ဖြစ်လာစေရန်နှင့် နောက်ပိုင်းတွင် ဒါဝိဒ်ကိုလည်း ရှင်ဘုရင်ဖြစ်လာစေဘို့ရန် ကြိုးစားဆောင်ရွက်ကာ ဆီသုတ်လိမ်းခြင်းဖြင့် ဘိသိတ်သွန်း၍ ရှင်ဘုရင်ခန့်ထားခဲ့ကြ၏ (1Sam ၁၆း၁၂) ပရောဖက် နာသန်သည်လည်း ထိုနည်းတူ ရှောလမုန်ဘုရင်ကြီးအပေါ်တွင် ဤသို့ပြုလုပ် ခဲ့၏။ အဟိသသည်လည်း ယေရောဗောင် ရှင်ဘုရင်ကြီးပေါ်တွင် ဤကဲ့သို့ပြုလုပ်ခဲ့၏။ (ဓမ္မရာဇဝင် တ–တိယ ၁၁း၂၆–၃၉) ဧလိရှဲသည်လည်း အာဟပ် ရှင်ဘုရင်နှင့် မိဘုရား ယေဇဗေလကို ရာထူးဖြုတ်ချရန် အားပေးခဲ့လေ၏။ (2King ၉း၁၊၆၊၇၊၁၀၊၂၁း၃၀၊၃၃) ကျမ်းစာ၏ ပရောဖက်များသည် သူတို့၏ နိုင်ငံရေးနှင့်လူမှုရေးလှုပ်ရှားမှုအပိုင်းမှ နေ၍ သူတို့၏နိုင်ငံတွင်း၌

ပြုပြင်ပြောင်းလဲမှုများရှိလာစေရန် နားလည်သဘောပေါက်ခြင်း မရှိကြပေ။ သူတို့၏ သိတင်းပေးပို့ချက်နှင့် အာရုံစူးစိုက်ခြင်းကိုအဓိကလွှမ်းမိုးသော အရာသည် အစိုးရခေါင်းဆောင်များနှင့် လူမှုရေးပြဿနာများဖြစ်သည်။ ရိုးရိုးနှင့် ရှင်းရှင်းပြောမည်ဆိုလျှင် ပရောဖက်များသည် ကောင်းသည်ဖြစ်စေ၊ ဆိုးသည်ဖြစ်စေ၊ နိုင်ငံ၏ ခေါင်းဆောင်များ ‘ဝါ’ လူမှုပြုပြင်ရေးသမားများ၊ နိုင်ငံရေးလှုပ်ရှားသူများ ဖြစ်ကြ၏။ ရှင်းရှင်းပြောမည်ဆိုလျှင် (false prophets) မှားသော ပရောဖက်များသည် လူမှုပြုပြင်ပြောင်းလဲရေးအတွက် အလုပ်လုပ်ကိုင်ရာတွင် ဘာသာတရားမရှိသော သူများ၏ အတွေးအခေါ် အတတ်ပညာရပ်များအပေါ်တွင် အခြေခံသည်။ စစ်မှန်သော ပရောဖက်သည် ကျမ်းစာနှင့်စပ်ဆိုင်သော ကမ္ဘာ့အမြင်အပေါ်တွင် နိုင်ငံရေးလှုပ်ရှားမှု များနှင့် သူ၏ အယူအဆများကို အခြေခံသောသူဖြစ်သည်။ ခရစ်ယာန် ခေတ်ကာလ တစ်လျှောက်လုံးတွင် ပရောဖက်မြောက်များစွာပေါ်ထွန်းခဲ့ကြ၏။ သူတို့သည် ဓမ္မဟောင်းကျမ်းနှင့် အဆက်မပြတ်သူများဖြစ်ကြသည်။ သူတို့၏ အကြောင်းများကို ဤစာအုပ်၏ အစောပိုင်းအခန်းများတွင် ဖော်ပြထားပြီးဖြစ်၏။ ရိုးသားဖြောင့်မတ်သော ခေါင်းဆောင်များသည် လူထုရုံးများတွင် အုပ်ချုပ်သူအဖြစ် ရာထူးများရရှိရန် ကြိုးစား၍ အကူညီပေးသူများမှာ စတီဖင်လင်တန်ဖြစ်၍ အင်္ဂလန်နိုင်ငံမှူးမတ်ဘွဲ့ရရှိရန် အကူညီပေးခဲ့သည်။ အင်္ဂလန်နိုင်ငံတွင် ဂျွန်ဝိုင်ခလစ်ဖ် နှင့် ဂျင်ဟပ်စ် နှင့် အမေရိကန်နိုင်ငံတွင် ဂျွန်ဝိသာစပွန်း၊ ချားလ် ဖင်နီ နှင့် ဂျွန်ဝိစလီတို့ဖြစ်ကြသည်။ သမိုင်းအရ ကျမ်းစာထဲတွင် ဖော်ပြထားသောဘုရားသခင်၏ လူများသည် အမှန်တကယ်လူထုရုံးများတွင် အာဏာရရှိဘို့ရန် ကြိုးစားအားထုတ်ခဲ့ကြ၏။ ဘုရားသခင်က အမိန့်ပေးတော်မူသော အမှုတော်ဆောင်လုပ်ငန်းနှစ်မျိုးရှိသည်။ ၎င်းတို့မှာ သိတင်းကောင်းအမှုတော်ဆောင်လုပ်ငန်းနှင့် လူထုအကျိုးဆောင်လုပ်ငန်းတို့ ဖြစ်ကြသည်။ (ရောမ ၁၃း၄) သူတို့နှစ်ဦးစလုံးသည် ဘုရားသခင်၏ အမှုတော်ဆောင်များ ဖြစ်လာကတည်းက တမန်တော် ရှင်ပေါလုကို အချိန်ပြည့် အမှုတော်ဆောင်လုပ်ငန်း၌ အကူညီပေးခဲ့သူ ရေတ္တုသည် ခရစ်ယာန်များသည် လူထုအုပ်ချုပ်ရေးတွင် ရာထူးရလာနိုင်ဘို့ရန် အလွန်ဆန္ဒပြင်းပြသူဖြစ်ကြောင်းကို နမူနာတစ်ခုကိုပေးရန် ရှင်ပေါလုက ကောရိန္တုမြို့တွင် အစိုးရလုပ်ငန်းများ၌

ထိပ်တန်းအရာရှိ တစ်ဦးဖြစ်လာရန် လမ်းပြောင်းလွဲစေခဲ့သည်။ (တမန်တော် ၁၉း၂၂။ ရောမ ၁၆း၂၃) ဓမ္မဟောင်းကျမ်းတွင် ခရစ်ယာန်ဘုန်းတော်ကြီးများသည်လည်း လူထုရုံးများတွင် ခရစ်ယာန်များ ရာထူးနေရာ ရရှိရေးကို ကြိုးစားခဲ့ကြသည်။ ဤနည်းအားဖြင့် လူထုကို အုပ်ချုပ်သော အရာရှိကြီးများ အဖြစ် အမှုထမ်းဆောင်နေခဲ့ကြရသော လေဝီများ၏ ဗိုလ်ခြေများ၊ ဖေဖနီ၊ ဇေရနှင့် ရှမွေလအရေးကိစ္စတို့တွင် တွေ့မြင်နိုင်သည် (တရားဟော ၁၇း၈–၁၃) သို့သော် အသက်မွေးဝမ်းကျောင်း အလုပ်လုပ်ကိုင်စရာမလိုအပ်သော ခရစ်ယာန် ဘုန်းတော်ကြီးများ သည်လည်း အစိုးရရာထူးများတွင် အမှုထမ်းဆောင်ခဲ့ကြရသည်။ နောဧ၊ အာဗြဟံ၊ ဣဇက် နှင့် ယာကုတို့သည် လေးစားကြည်ညိုခြင်းခံရသောသူများ ဖြစ်ကြသည်။ ယောသပ်သည် အဲဂုတ္တုပြည်၏ ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။ မောရှေ၊ ဒေဗောရ၊ ဒါဝိဒ်၊ ဇေရိဗာဗေးလ်၊ နေဟမိ၊ သေတာ၊ (ပါရှား ဘုရင်မ) မော်ဒကဲနှင့် ဒံယေလတို့သည်လည်း အခြားသော ဥပမာများဖြစ်ကြ၏။ ၁၉ ရာစုနှစ်တွင် အမေရိကန်တရားဟောဆရာ ချားလ်ဖင်နီက ''ဘာသာရေးအံ့ကြွနိုးကြားလာခြင်း'' စာအုပ်ကို ရေးသားခဲ့သည်။ ထိုစာအုပ်တွင် အသင်းတော်သည် နိုင်ငံရေးကို အကြောင်းပြု၍ မှန်ကန်သောအနေအထားတွင် နေရာယူရမည်ဖြစ်၏။ ခရစ်ယာန်များ သည် ရိုးသားဖြောင့်မတ်သော လူများကို ရွေးကောက်တင်မြှောက်ရန် အချိန်ကျရောက် လာပြီဖြစ်သည်။ ထိုသို့မပြုလုပ်ခဲ့ပါလျှင် ဘုရားသခင်သည် သူတို့ကို ကျိန်ဆဲတော်မူ လိမ့်မည်ဖြစ်၏။ ကျွန်ုပ်တို့ချစ်မြတ်နိုး၍ ဆုတောင်းပေးသော လွတ်လပ်၍ ကောင်းကြီး ခံစားရသော ကျွန်ုပ်တို့၏ နိုင်ငံတော်ကြီး သည် ဘုရားသခင်အလိုတော်ကျ မှန်ကန်သော အနေအထားတွင် မရပ်တည်ပါက ဘုရားသခင်ပံ့ပိုးကူညီတော်မူလိမ့်မည် မဟုတ်ပါ။ ဤကဲ့သို့သော နိုင်ငံများတွင် နိုင်ငံရေးသည် ဘာသာရေး၏ အစိတ်အပိုင်း တစ်ခု ဖြစ်သည်နှင့်အမျှ ခရစ်ယာန်များသည်လည်း နိုင်ငံတော်အတွက် တာဝန် ဝတ္တရားများ ကျေပွန်ရမည်ဖြစ်၏။ ဘုရားသခင်၏ ကောင်းကြီးပေးတော်မူခြင်း 'ဝါ' ကျိန်ဆဲတော်မူခြင်း သည် ခရစ်ယာန်များ၏ နိုင်ငံရေးတွင် တာဝန်ကျေပွန်မှု ရှိမရှိပေါ်တွင် မူတည်နေပါသည်။

## ၃။ ခေါင်းဆောင်များကို ဩဇာလွှမ်းမိုးခြင်း

ခရစ်ယာန်များသည် ကျမ်းစာနှင့်စပ်ဆိုင်သော အမှန်တရား၌ သူတို့၏ ခေါင်းဆောင်များကို ပညာပေးရန် တာဝန်ဝတ္တရာများရှိကြ၏။ အုပ်ချုပ်သူ၏ သြဇာအာဏာသည် ခရစ်ယာန်တစ်ယောက်ဖြစ်၍ သူ၏ ဆုံးဖြတ်ချက်များသည် ကျမ်းစာနှင့်စပ်ဆိုင်သော ကမ္ဘာ့အမြင်ဘက်သို့တိမ်းညွတ်မှုရှိစေရန် ခရစ်ယာန်များက ကြိုးစား၍ ပညာပေးသင့်သည်။ ၎င်းကို နည်းလမ်းနှစ်ခုအားဖြင့် ပြုလုပ်နိုင်သည်။ ပထမအချက်သည် အစိုးရဌာနအတွင်းရှိ အကြံပေးတစ်ဦးထံမှ တိုက်ရိုက်အဝင်လမ်းအားဖြင့်ဖြစ်စေ၊ ဒုတိယအချက်က သင့်ကိုအစိုးရပြောရေးဆိုခွင့်ရှိသူတစ်ဦးအဖြစ် ရွေးချယ်ခန့်ထားသော အထူးအဖွဲ့စည်း၏ လိုအပ်ချက်များကို ဆောင်ရွက်ပေးခြင်း စသည်တို့ဖြင့် ကျမ်းစာနှင့်စပ်ဆိုင်သော ကမ္ဘာ့အမြင်ဘက်သို့ စိတ်ဓာတ်တိမ်းညွတ်စေရန် ပညာပေးသင့်ပေသည်။

ကျွန်ုပ်တို့အားလုံးလိုလိုသည် အုပ်ချုပ်သူ ရှင်ဘုရင်၏ အကြံပေးအရာရှိ ရာထူးကို မတတ်နိုင်ပါ။ ထို့ကြောင့် ပထမဦးစွာ လူအုပ်စုများအတွင်း၌ အကူအညီ လိုအပ်သော သူများအတွက် အထူးရှေ့နေလိုက်ပေးရန်ခေါ်ပေးခြင်းကို ကြည့်ကြပါစို့။ ဤအချက်အတွက် လေဝိရဲသည် အကောင်းဆုံးသော နမူနာတစ်ခုဖြစ်သည်။ သူသည် အစိုးရအပေါ်တွင် သြဇာလွှမ်းမိုးနိုင်သော လူတစ်ယောက်ဖြစ်လာခြင်းမှာ ဣသရေလနိုင်ငံ တစ်ခုလုံးရှိ လူများ၏ လိုအပ်ချက်များကို တရားဝင်ဆောင်ရွက်ပေးခဲ့သောကြောင့် ဖြစ်၏။ အစိုးရအုပ်ချုပ်သူများကို တိုက်ရိုက်အနီးစပ်ဆုံး အကြံပေးအရာရှိဖြစ်လာသူ မြောက်များစွာရှိသည်ကို ကျမ်းစာထဲ၌ တွေ့ရှိနိုင်ပါသည်။ (1King 1:5,11-14) ၎င်းတို့မှာ ရှမွေလ၊ နာသန်၊ ဂဒ်၊ ဂျေဒူသွန်၊ အဟိရ၊ လေဝိရဲ၊ အဇာရိယ၊ ယာဟာဇီလ်၊ ဇေဖနိ၊ ဟုလ်ဒ၊ ဒံယေလ၊ ဟဂ္ဂဲ၊ ဇေခရိယ၊ သေတာ၊ အက်ဇာရာ နှင့် မလခီးတို့ ဖြစ်ကြသည်။ ဓမ္မသစ်ကျမ်းတွင် ရှင်ပေါလုသည်လည်း (တမန်တော် ၁၃း၆–၇) တွင် တွေ့ရသည့်အတိုင်း ရောမဘုရင်ခံ ဆာဂျီယပ်စ်ကဲ့သို့သော၊ သူ့ကို ဝိုင်းရံလျက်ရှိသော အစိုးရအုပ်ချုပ်သူများကို အကြံဉာဏ်ပေးခဲ့သည်။ ဟေရှာယသည် အုပ်ချုပ်သူများကို အကြံဉာဏ်ပေးသော အခန်းကဏ္ဍတွင် ကျမ်းစာ၏ အကြီးဆုံးသော နမူနာ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ အခန်း ၂၉–၃၅ နှင့် ၃၆–၃၉ တို့တွင် ဟေရှာယသည် ဘုရင် ဟေဇကိကို ပြဇာတ်ဆန်သော အကြံဉာဏ်ပေးခြင်းသည် နိုင်ငံ၏ စစ်ရေးနှင့်ပတ်သတ်သော

အကြံအစည်၊ မဟာမိတ်ဖွဲ့ခြင်းနှင့် အခြားသော အရေးကိစ္စများအပေါ်တွင် သြဇာလွှမ်းမိုးသည်ကို တွေ့မြင်နိုင်သည်။ ပရောဖက် ယေရမိနှင့် ဗတ္တိဇံယောဟန်နှစ်ပါးတို့သည်လည်း နမူနာများစွာအနက် နှစ်ခု အပါအဝင်ဖြစ်ကြသည်။

**၄။ အလှည့်ကျအမှုထမ်းခြင်းကို ပြုလုပ်ပေးခြင်း**

တတိယမြောက်လူမှုရေးပြောင်းလဲရေး၏ အပြုသဘောဆောင်သော နည်းလမ်းသည် ပြဿနာများကို ဖြေရှင်းရန် ကျမ်းစာနှင့်စပ်ဆိုင်သော ချဉ်းကပ်မှုများ အပေါ်တွင် ခွဲစိတ်မှုပြုလုပ်သော ပုဂ္ဂလိက အခန်းကဏ္ဍဖြစ်သော မိသားစု၊ စီးပွားရေးလုပ်ငန်းနှင့် အသင်းတော်၏ လူမှုရေးဆိုင်ရာ အမှုထမ်းခြင်း၏ ပုံစံများ၏ အဆောက်အဦးဖြစ်သည်။ ဤမိသားစု စီးပွားရေးလုပ်ငန်းနှင့် အသင်းတော်၏ လူမှုရေးဆိုင်ရာ အမှုထမ်းခြင်းတို့သည် လူများ၏ ပြဿနာများကို ဖြေရှင်းပေးရန် ပိုမိုကောင်းမွန်၏။ ခရစ်ယာန်များ စည်းရုံးမှုရှိ၍ မိမိတို့ဆန္ဒအလျှောက် အလုပ်လုပ်ခြင်းဖြစ်သော လူမှုရေးဆိုင်ရာအမှုထမ်းခြင်းသည် အကူညီလိုအပ်သော သူများနှင့် ဆင်းရဲသားများအတွက် အကောင်းဆုံးသော စံပြဖြစ်သည် (တမန်တော် ၁၅း၂၊ ၄၊ ၆၊ ၅း၁၄)။

**ကျမ်းစာနှင့်စပ်ဆိုင်မှုမရှိသော နိုင်ငံရေးလှုပ်ရှားမှုများ**

(၁) အခွန်ပေးဆောင်ခြင်းမှ ရှောင်တိမ်းခြင်း၊ (ဖွဲ့စည်းပုံဥပဒေကို ပြောင်းလဲရန် လွတ်လပ်စွာ ရွေးကောက်တင်မြှောက်ပိုင်ခွင့် မရှိသောနိုင်ငံများမှအပ)
(၂) ဆန္ဒခံယူပွဲ (Referendum)
(၃) နေရာမှားထားမိသော ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြင်ဆင်ခြင်း (အတွင်းဘက်ပိုင်းအားဖြင့် ဘာသာရေးအုံကြွနိုးကြားမှုနှင့် စာရိတ္တပညာရေးကို အသုံးပြုမည့် အစားအပြင်ဘက်ပိုင်းမှ ဖြစ်သောနည်းလမ်းများဖြင့်သာ လူမှုပြောင်းလဲရေးကို ယူဆောင်လာရန် ကြိုးစားခြင်း)
(၄) အစိုးရရံပုံငွေများကို အသုံးပြုခြင်း (လူထုကောင်းကျိုးအတွက် အထူးစုဆောင်းထားသော လူမှုသက်သာချောင်ချိရေး ရံပုံငွေများကို ခွင့်ပြုချက် မပါဘဲ

အသုံးပြုခြင်းသည် ကျမ်းစာနှင့် မကိုက်ညီသောလုပ်ရပ်ဖြစ်သည်။
(၅) ဆင်ဆာလုပ်ငန်း (အစိုးရကစာအုပ်များနှင့် အနုပညာလုပ်ငန်းများကို အတင်းအကြပ်စည်းကမ်းနှင့် ကန့်သတ်ထားခြင်း)
(၆) လိမ်လည်လှည့်ဖြားခြင်း (deception)
(၇) သူတပါးအကြောင်းအတင်းပြောဆိုခြင်း (အခြားအုပ်စုများသည် ကျမ်းစာနှင့် မစပ်ဆိုင်သော အဖွဲ့အစည်းများဖြစ်ကြသည်ဟု ပွင့်လင်းစွာမမှန်ကန်သော စကားများစွတ်စွဲပြောဆိုခြင်း)
(၈) အစိုးရ၏ အမိန့်ပေးခြင်းမရှိဘဲ အဓမ္မခိုင်းခြင်း)
(၉) အစိုးရ၏ ချမ်းသာကြွယ်ဝမှုအတွက် ပြန်လည်ဖြန့်ဝေခြင်း)
(၁၀)အသစ်သောနိုင်ငံရေးပါတီများ စတင်ဖွဲ့စည်းခြင်းသည် ကျမ်းစာနှင့် စပ်ဆိုင်သော အဖွဲ့စည်းမဟုတ်ပါ။ သို့သော် ကြာရှည်တည့်တံ့သော ပါတီများသည် သင့်တင့်လျောက်ပတ်သောဂုဏ်သိတင်းကျော်ကြားမှုရှိ၍ တစ်စုံတစ်ယောက်သောသူ ပါဝင်လာရန် ဖွင့်ပေးခြင်းသည် မလိုအပ်သော အရာဖြစ်နိုင်သည်။

(သို့သော် ကြာရှည်တည်ရှိသော ပါတီများသည် ရုပ်သိမ်းခြင်းခံရပါက၊ ခရစ်ယာန်များသည် အသစ်သော ပါတီများကို စတင်၍ ဖွဲ့စည်းသင့်ပေသည်။)

## **ဩဇာနယ်ပယ်အခြေအနေအရ လှုပ်ရှားမှုအတွက် လက်တွေ့ကျသောခြေလှမ်းများ**

**တစ်ဦးချင်း။**

(၁) ဘုရားရှိခိုးကျောင်းမှန်မှန်တက်၍၊ မယုံကြည်သောမိတ်ဆွေသူငယ်ချင်း များဆီသို့ သတင်းကောင်းကို ထုတ်ပြန်ကြေညာခြင်းနှင့် သင်၏ သယံဇာတ ပစ္စည်းများနှင့်အတူ ထောက်ပံ့ကူညီမှုများကို ပြုလုပ်ရန်။
(၂) ကောင်းသောအလုပ်အကိုင်ကို ရှာဖွေ၍ ဘုရားသခင်၏ နိုင်ငံတော်အကြောင်းကို သိမြင်လာစေရန် တာဝန်သိတတ်စွာ အလုပ်လုပ်ရန်။
(၃) ကိုယ်စားလှယ်အဖွဲ့များနှင့် တစ်ဦးချင်းစီ၏ လိုအပ်ချက်များအတွက် သင့်ဝင်ငွေ၏ အစိတ်အပိုင်းကို ယူ၍ ဖြန့်ဝေပါ။

(၄) သင့်ကိုယ်တိုင် ကာကွယ်ရေးအတွက် လိုအပ်ပါက လက်နက်ကရိယာများ စုဆောင်းထားပါ။

(၅) မတရားသဖြင့် ပြုလုပ်ခြင်းကို သစ္စာရှိစွာ ဆန့်ကျင်ကန့်ကွက်ပါ။

(၆) ဖြောင့်မတ်၍ ဘာသာရေးတွင် အုံကြွခိုးကြားမှုရှိသော အစိုးရကိုရရှိနိုင်ရန် ဆုတောင်းပါ။

(၇) အနီးအနားပတ်ဝန်းကျင်ဒေသတွင် နိုင်ငံရေးအဖွဲ့အစည်းဖွဲ့စည်းရန် စတင်ဆောင်ရွက်ပါ။

(၈) စားသုံးသူများ၏ အကြွေးဝယ်ယူခြင်းကို ရှောင်ရှား၍ ငွေကြေး ချေးငှားခြင်းအစား၊ စီးပွားရေးလုပ်ငန်းအတွက် စွန့်စား၍ ရင်းနှီးမြှုပ်နှံသူ ဖြစ်အောင် ကြိုးစားပါ။

(၉) ငွေကြေးစုဆောင်းရေးအစီစဉ်ရှိပါ။

## မိသားစုများ

(၁) သားသမီးများထွန်းကား၍ ပွားများပြီး အကျိုးဖြစ်ထွန်းသောသူဖြစ်ကြပါ။

(၂) ကိုယ်ပိုင်ကျောင်းများ ဖွင့်ခြင်းမှတဆင့် 'ဝါ' နောက်ဆက်တွဲသီးခြား ဆရာငှားရမ်း၍ သင်ကြားပို့ချခြင်းနှင့် အိမ်တွင်း ပညာသင်ကြားပေးခြင်းမှ တဆင့် သင်တို့၏ ကလေးများပညာပေးရေးအတွက် တာဝန်ယူဆောင်ရွက်ပါ။

(၃) ဘုရားရှိခိုးဆုတောင်းခြင်းကို မှန်မှန်လုပ်၍ ခရစ်ယာန် စာပေမှ အကောင်းဆုံးစာအုပ်ဖြစ်သော ကျမ်းစာအုပ်ကို သင့်သားသမီးများကို ကျယ်ကျယ်ဖတ်ပြပါ။

(၄) သင်နှင့် သင့်မိသားစု၏ ကျန်းမာရေးကို ဂရုစိုက်နိုင်ရေးအတွက် ငွေကြေးစုဆောင်း၍ ရင်းနှီးမြှုပ်နှံမှုကိုပြုလုပ်ပါ။ သင်၏ အဘိုးအဘွားများနှင့် ဆွေမျိုးများကို သင့်အိမ်တွင် ကြိုဆိုလက်ခံပါ။

(၅) သင်၏ အငြိမ်းစားယူမှုအတွက် သင့်ကို စောင့်ရှောက်ကြည့်ရှုရမည် ကလေးတစ်ယောက်ကို သင့်အိမ်ယာခြံမြေ၏ အပိုဝေစုအတွက် အလုပ်ခန့်ထားခြင်း၏ ကျမ်းစာနှင့် စပ်ဆိုင်သော နမူနာများကို စဉ်းစားဆင်ခြင်ပါ။

(၆) သင်မကွယ်လွန်မီအချိန်တွင်၊ သင့်သားသမီးများအတွက် အမွေတစ်ခုကို ပေးရန် ယုံကြည်စိတ်ချရသော ချစ်ခြင်းကို တည်ဆောက်ပါ။

(၇) သင့်မိသားစု၊ အသင်းတော်နှင့် လူမျိုး၏ သမိုင်းတစ်လျှောက်တွင် ဘုရားသခင်၏

လက်တော်သည် သင်တို့ကို လမ်းပြပို့ဆောင်တော်မူသည်ကို သတိရအောက်မေ့စေရန်အတွက် ဥပုသ်နေ့စောင့်စည်းခြင်းကိုပြုလုပ်ပါ။
(၈) ဘာသာတရားကိုင်းရှိုင်းသောသူများ၏ အခြေခံအုတ်မြစ်ချခြင်းနှင့်အတူ အနုပညာရပ်များကို အားပေး၍ လူထုဆက်သွယ်ရေးလွှဲပေါက်နှင့် အသစ်သော တက္ကသိုလ်ကျောင်းများကို စတင်ဖွင့်လှစ်ပါ။

## အစိုးရများ

(၁) အစိုးရပညာရေးဌာနများနှင့် လူထုကျောင်းများကို ပိတ်ထားပါ။ (ဤသို့ပြုလုပ်ခြင်းသည် မိဘများ၊ အသင်းတော်များ၊ နှင့် ကိုယ်ပိုင်လုပ်ငန်း၏ အခန်းကဏ္ဍများကို တဖြေးဖြေးဆက်လက်၍ ဆောင်ရွက်သွားနိုင်မည်ဖြစ်၏။
(၂) ကျန်းမာရေးနှင့်သက်သာချောင်ချိရေးအတွက် ရှာဖွေစုဆောင်းထားသော ငွေကြေးများကို သုံးစွဲလိုစိတ်ကိုရပ်စဲလိုက်ပါ။
(၃) အရေအတွက် အနည်းငယ်မျှသာဖြစ်သော ကြေးစားစစ်သားများဖြင့်သာ ပြည်သူ့ရဲတပ်နှင့် လူထုစစ်တပ်ကို တည်ထောင်ပါ။
(၄) အကြင်လင်မယား ကွာရှင်းပြတ်စဲခြင်းကို အပြစ်မမြင်သော၊ လိင်တူချင်းကာမစိတ်ရှိသော၊ သားပြတ်ခြင်းနှင့် ညစ်ညမ်းသော စာပေရုပ်ပုံများကို ဆန့်ကျင်တိုက်ဖျက်၍ လူထုဥပဒေများကိုဖွဲ့စည်းပေးပါ။
(၅) လူထုဘောင်အတွင်းတွင် ဘာသာရေးဂိုဏ်းခွဲအမည်မရှိသောသူများကို ခွင့်ပြုခြင်း။
(၆) အစိုးရကို ကျမ်းစာနှင့်မကိုက်ညီစွာ အခွန်ကောက်ခံခြင်း၊ သုံးသင့်သည်ထက် ပိုမို၍ သုံးဖြုန်းခြင်း၊ လုပ်ခများနှင့် ကုန်ဈေးနှုန်းများထိန်းချုပ်ခြင်းများမှ တားမြစ်ရန်။
(၇) အစိုးရကို နိုင်ငံခြားအရေးကိစ္စများတွင် နယ်ချဲ့ဝါဒလိုလားသောကြောင့် နှစ်ရှည်လများငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုခြင်းမှ တားမြစ်ရန်။ သံအမတ်ကြီးများအတွက် သာသနာပြုဆရာများနှင့် စီးပွားရေးလုပ်ငန်းရှင်ကြီး များကို ကိုယ်စားပြုဆောင်ရွက်စေရန်၊ စသည်တို့ဖြစ်ကြသည်။

## အသင်းတော်များ (Churches)

(၁) တစ်ဦးချင်း၊ မိသားစုများ၊ နိုင်ငံသားများနှင့် အုပ်ချုပ်သူများ၏ တာဝန်များ အပေါ်တွင် သင်ကြားပို့ချခြင်း၊ နောက်ကိုက်ကောင်းများဖြစ်စေခြင်းစသော အစီစဉ်များကို အချိန်မှန်မှန်ပြုလုပ်ရန်။
(၂) ညှာတာထောက်ထားတတ်သော ပေးကမ်းခြင်း၊ လှူပ်ရှားမှုနှင့် ဝေံဂေလိ လုပ်ငန်းများနှင့် ပညာရေးလှုပ်ရှားမှုများတွင် အညီအညွတ်ဖြစ်အောင်လှုပ်ရှား စေရမည်။
(၃) နှစ်ရှည်လများ စီမံကိန်းကို ချမှတ်ဆောင်ရွက်ရာတွင် အသင်းတော်များသည် စည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်နိုင်ရန် မြို့မလှုပ်ရှားမှုကောင်စီကို စတင်၍ ဖွဲ့စည်းရန်တို့ဖြစ်ကြသည်။
(၄) ခရစ်ယာန်သာသနာရေးဆိုင်ရာ လုပ်ဆောင်ချက်များကို အချိန်မှန်စွာ ပြီးပြည့်စုံ စေပါ (ဥပမာရေနှစ်ခြင်းမင်္ဂလာပေးခြင်း နှင့် သခင်ယေရှု၏ နောက်ဆုံး ညစာစားပွဲများကို ကြီးကြပ်ဆောင်ရွက်ခြင်း)
(၅) စာပေဖြန့်ဝေခြင်းနှင့် ဆွေးနွေးတိုင်ပင်ခြင်းမှတဆင့် လူထုကို ကျမ်းစာနှင့် စပ်ဆိုင်သော အယူအဆများကို ပညာပေးဆွေးနွေးပါ။
(၆) အကျင့်သီလနှင့်ညီမျှခြင်း (equal) ၏ စံနမူနာဖြစ်ပါ။
(၇) လူထုဆက်သွယ်ရေးလုပ်ငန်း၊ စီးပွားရေးလုပ်ငန်းနှင့် အစိုးရလုပ်ငန်းများတွင် အသုံးပြုနိုင်သော သူဖြစ်အောင် ကြိုးစားပါ။

## အဖွဲ့စည်းများနှင့် တစ်ဦးချင်းစီတို့သည် ကျမ်းစာနှင့်စပ်ဆိုင်သော အစိုးရ၏ ဖွဲ့စည်းပုံ (၇) ချက်ကို တည်ထောင်ရန် ကြိုးစားဆောင်ရွက်သင့်ပေသည်။

(၁) အစိုးရ၏ အမိန့်အာဏာများကို ဗဟိုမှ အာဏာခွဲဝေပေးသည့်စနစ်။
(၂) အစိုးရ၏ ဆောင်ရွက်ချက်များ 'ဝါ' အကိုင်း သုံးကိုင်း။
(၃) စာဖြင့်ရေး၍ ထုတ်ပြန်သောဖွဲ့စည်းပုံအခြေခံဥပဒေများ။
(၄) ဂျူရီလူကြီးများ၏ တရားစီရင်ခြင်းနှင့် တရားစီရင်သူများထံမှ လွတ်လပ် လာခြင်း။
(၅) လူထုရဲတပ်ဖွဲ့နှင့် ပြည်သူ့စစ်များကို လက်နက်များဝယ်ယူခွင့် အခွင့်အရေး

ပေးခြင်း။
(၆) ပြည်သူ့ကိုယ်စားလှယ်များရွေးကောက်တင်မြှောက်ခြင်း။
(၇) အစိုးရအုပ်ချုပ်ရေးကို ဘာသာရေး၊ ဈေးကွက်၊ ပုံနှိပ်တိုက်နှင့် ကျောင်းများမှ သီးခြားခွဲခြားရန် စသည်တို့ဖြစ်ကြသည်။

ပို၍အရေးကြီးသည်မှာ ကျွန်ုပ်တို့သည် လူများအားလုံး၏ စိတ်နှလုံးထဲတွင် အဓိကကျသော အခြေခံမှု '၇' ချက်ကို ထည့်သွင်းရန်အလုပ်လုပ်ရမည်ဖြစ်၏။
(၁) ခရစ်ယာန်များသည် ကိုယ့်ကိုယ်ကို အုပ်ချုပ်နိုင်ရန်
(၂) ခရစ်ယာန်များစည်းလုံးညီညွတ်ရန်
(၃) သီးခြားရပ်တည်မှု
(၄) ပစ္စည်းဥစ္စာနှင့် အသိစိတ်ဓာတ်
(၅) ခရစ်ယာန်ပညာရေး
(၆) ခရစ်ယာန်များ၏ အကျင့်စာရိတ္တ
(၇) ဘုရားသခင်နှင့် သူ့နှုတ်ကပတ်တော်၌ ယုံကြည်မှုရှိခြင်း။

## စာမျက်နှာအောက်ခြေရှိ ရှင်းလင်းချက်များ
## (Footnotes)

### အခန်း '၁'

၁။ ဖရင်းစစ် အေစခီဖါ၊ ကျွန်ုပ်တို့မည်ကဲ့သို့ အသက်ရှင်သင့်သနည်း (နယူး ဂျာစီ ၁၉၇၆) စာမျက်နှာ ၂၃
၂။ ရိုစလီဂျေ၊ စလိတ်တာ၊ အမေရိက၏ ခရစ်ယာန်သမိုင်းကို လေ့လာခြင်းနှင့် သင်ကြားပို့ချခြင်း (ဆန်ဖရန်စစ်ကို ၁၉၈၀) စာမျက်နှာ ၁၁၉။
၃။ ရိုစ်ဝေါလ်တန်၊ ဘုရားသခင်၏ လက်တော်အောက်တွင်ရှိသော နိုင်ငံတစ်နိုင်ငံ (နာစ်ဗီးလ်၊ ၁၉၈၇) စာမျက်နှာ ၉။
၄။ ဗားနားအမ်ဟောလ်က စုစောင်းပြုစုထားသော အမေရိကန်ပြည်ထောင်စု၏

ဖွံ့စည်းပုံ အခြေခံဥပဒေ၏ ခရစ်ယာန်သမိုင်း (ဆန်ဖရန်စစ်ကို၊ ၁၉၈၀) စာမျက်နှာ ၁၆–၁၇ (အနာဂတ်ကာလတွင် အကိုးအကားစာအုပ်များအတွက် အသုံးပြုရန်ချော့ (CHOC) ဟု အမည်ပေးခဲ့သည်။

၅။ ဂျွန်လောခ်၏ CHOC, စာအုပ် စာမျက်နှာ ၅၈ တွင် ကိုးကားခဲ့သော လူထုအစိုးရ၏။

၆။ စလိတ်တာ၊ စာမျက်နှာ ၂၅၁။

၇။ နောဧ ဝိဗ်စတား၊ ''အမေရိကန်ပြည်ထောင်စု၏ သမိုင်း'' (နယူးဟေဗင်၊ ၁၈၃၃) စာမျက်နှာ ၂၇၃–၂၇၄။

## အခန်း '၂'

၁။ ပီတာ မာဆေးလ်နှင့် ဒါဝိဒ် မာနူအယ်လ်၊ အလင်းရောင်နှင့် လှပခမ်းနားသော ဂုဏ်အင်္ဂါ (နယူးဂျာစီ၊ ၁၉၇၇)၊ စာမျက်နှာ ၃၇၀။

၂။ ဒါဝိဒ်ဘာရက်၏ အာကာသ စကြာဝဠာ၊ ဖရိုဖရဲ ကမောက်ကမဖြစ်ခြင်းနှင့် သိတင်းကောင်း၊ ဖန်ဆင်းခြင်းမှ အသစ်ဖန်ဆင်းခြင်းသို့ ကမ္ဘာ့ဧဝံဂေလိ လုပ်ငန်းများဆောင်ရွက်ခြင်းအကြောင်းကို သက္ကရာဇ် အစဉ်အလိုက် အဖြစ်အပျက်များ အားရေးမှတ်ထားသော စာရင် (ဘာမင်ဂစ်၊ အယ်လ်၊ ၁၉၈၇)

၃။ ချားလ် ရိုလင်ရေးသားထားသော ''ရှေးဟောင်း အီဂျစ်လူမျိုးများ၏ သမိုင်း၊ ကာသေ့လူမျိုးများ၊ အဆီးရီးယန်း လူမျိုးများ၊ ဘေဘီလိုးနီးယား လူမျိုးများ၊ မီးဒီးစ် လူမျိုးများနှင့် ပါးရှန်းလူမျိုးများ၊ ဂရီရှန်း လူမျိုးများနှင့် မက်ဆီဒိုးနီးယန်း လူမျိုးများ (ရှေးဟောင်း လူမျိုးများ၏ ဝိဇ္ဇာနှင့် သိပ္ပံသမိုင်း) အတွဲ ၂၊ (နယူးယော့၊ ၁၈၃၆)

၄။ Rev. အက်စ်–ဒဗ်လျူ၊ ဖိုလ်ဂျမ်ဘီ ''အမေရိကန်သမိုင်းတွင် ဘုရားသခင်၏ လက်တော်'' နှစ်စဉ်ကျရောက်သော ရွေးကောက်ပွဲတရားဒေသနာ၊ ဘော်ထွန်၊ လူထုမိန့်ခွန်း၊ ဇနဝါရီ ၅၊ ၁၈၇၆၊ အမေရိကန်တော်လှန်ရေး၏ ခရစ်ယာန် သမိုင်းစာအုပ်၊ စဉ်းစားဆင်ခြင်ခြင်းနှင့် လေးလေးနက်နက် စဉ်းစားခြင်း၊ စုစောင်းပြုစုသူ ဗားနားအမ်ဟောလ် (ဆန်ဖရန်စစ္စကို၊ ၁၉၇၆) စာမျက်နှာ ၄၇။

၅။ ဖော်ပြပြီးသည့်စာအုပ်၊ စာမျက်နှာ ၄၆။

၆။ ခရစ်ယာန် ဘာသာရေး သံကြိုး၏ ထင်မြင်ယူဆချက်အတွက် CHOC ကိုကြည့်ပါ။

## အခန်း '၃'

၁။ ရစ်ချသ် ဖရိုသင်းဂစ်၊ ရေးသားထားသော ''အမေရိကန်ပြည်ထောင်စု သမ္မတနိုင်ငံ၏ နိုးကြားမှု 'CHOC' စာမျက်နှာ ၁ တွင် ကိုးကားခဲ့သည်။
၂။ ဖော်ပြပြီးသည့်စာအုပ်၏ စာမျက်နှာ ၂။
၃။ ဒါဝိဒ် ဘားရက်ထံမှ လူပုံပန်းသဏ္ဍာန်များ။
၄။ ဒါဝိဒ် အလက်ဇန္ဒားနှင့် ပါတ် အလက်ဇန္ဒားကတည်းဖြတ်သော ''အဲရ်မန်း၏ ကျမ်းစာလက်ကိုင်စာအုပ်'' (ဂရင်းရေး ပိဒ်စ်၊ ၁၉၇၃) စာမျက်နှာ ၅၈၈။
၅။ လိစ်လီဟာဒင်း၏ ရေးသားထားသော ဆဲလ်တစ်အသင်းတော်က ပိုမို၍ မြင်လာနိုင်ရေးအတွက် ''ဗြိတိန်နိုင်ငံရှိ ဆဲလ်တစ်အသင်းတော်'' လန်ဒန် အသင်းတော်သမိုင်းနှင့်ဆိုင်သော လူ့အဖွဲ့အစည်း ၁၉၇၃။
၆။ ဒါဝိဒ် ချာလ်တန်ရေးသားထားသော ''ကြီးကျယ်သော အာလ်ဖရက်'' တရားမျှတခြင်း၊ ခရစ်ယာန်လူထုနိုင်ငံရေး ကောင်စီဇန္ဒဝါရီလ ၁၉၈၉၊ စာမျက်နှာ ၃။
၇။ ဒဗ်လျူ ခလီအွန် စကာဆင်၊ အမေရိကကို ပြုလုပ်ဖန်တီးခြင်း (ဝါရှင်တန် ဒီစီ၊ ၁၉၈၅) စာမျက်နှာ ၃၂။
၈။ ဂျီဗွီလိချ်လာ ရေးသားထားသော ''ဂျွန်ဝိုင်စလိဖ်နှင့် သူ၏ အင်္ဂလိပ် ရှေ့ပြေးများ'' စလိတ်တား စာအုပ် စာမျက်နှာ ၁၆၇ တွင် ကိုးကားခဲ့သည်။
၉။ ဖော်ပြပြီးသည့်စာအုပ်၏ စာမျက်နှာ ၁၆၈။

## အခန်း '၄'

၁။ ချားလ်စ် ကာလေတန်ကော်ဖင်၊ ရေးသားခဲ့သော ''လွတ်လပ်ခြင်း၏ ဇာတ်လမ်းပုံပြင် (နယူးယော့၊ ၁၈၇၈) စာမျက်နှာ ၇၉။

၂။ ခရစ်တိုဖါ ကိုလံဘတ်စ် ရေးသားထားသော ဟဟနမိတ်ဖတ်ခြင်းစာအုပ်'' ကေဗရင်ဂမ်က အင်္ဂလိပ် ဘာသာဖြင့် ဘာသာပြန်ဆိုသည် (ဘာစီလိုနာ၊ ၁၉၉၁)
၃။ ဒံယေလ ဒေါ်ချစ်တာ၊ ရေးသားခဲ့သော ''အမေရိကန်ပြည်ထောင်စုအတွင်းရှိ ခရစ်ယာန် ဘာသာသာသနာ'' (နယူးယော့၊ ၁၈၉၅) စာမျက်နှာ ၂၄။
၄။ ဘီ–အေဖ်–မောရစ် ''အမေရိကန်ပြည်ထောင်စုရှိ လူထုအဖွဲ့အစည်းများ၏ အကျင့်စာရိတ္တနှင့် ခရစ်ယာန်အသက်တာ (ဖီလာဒေးလ်ဖီးယား၊ ၁၈၆၄) စာမျက်နှာ ၄၁–၄၂။
၅။ ဟင်နရီစီ ရှဲလ်ဒန်၏ ''ခရစ်ယာန် အသင်းတော်၏ သမိုင်း'' စလိတ်တာ စာအုပ်၏ စာမျက်နှာ ၁၆၉ တွင် ကိုးကားခဲ့သည်။
၆။ ဂျေ အိပ်ချ် မေလီဒီ အော်ဗိုင် ရေးသားထားသော ''ဥရောပတိုက်တွင် ပြုပြင်ပြောင်းလဲရေး၏ သမိုင်း'' စလိတ်တား စာအုပ်၏ စာမျက်နှာ ၁၇၄ တွင် ကိုးကားခဲ့သည်။
၇။ ဖော်ပြပြီးသည့်စာအုပ်၏ စာမျက်နှာ ၁၇၀–၁၇၁။
၈။ ဖော်ပြပြီးသည့်စာအုပ်၏ စာမျက်နှာ ၁၇၃။
၉။ ဤအရာနှင့် အောက်ပါ တင်ဒဲလ် စာအုပ်အပေါ်တွင် ကိုးကားထားသော အချက်များကို စလိတ်တာ စာအုပ်၏ စာမျက်နှာ ၃၃၄–၃၃၆ တွင် ကိုးကားခဲ့သည်။
၁၀။ ဝွန်အိုဗာတန် ခေါလစ် ရေးသားထားသော စာအုပ်ကို ၁၈၄၄ ခုနှစ်တွင် ပြန်လည်ပုံနှိပ်ထုတ်ဝေခဲ့သော နေးလ် စာအုပ်၏ စကားချီးတွင် ''ပြူရီတန်များ၏ သမိုင်း'' ဟုနိဒါန်းပျိုးခဲ့သည်။ CHOC စာအုပ်ထဲတွင် စာမျက်နှာ ၁၈၃ ကို ကိုးကားခဲ့သည်။
၁၁။ ''ရစ်ချတ်ဟက်လွိုက် ကရေးသားခဲ့သော ၁၅၅၂–၁၆၁၆ ခုနှစ်တွင် အင်္ဂလန်နိုင်ငံ၏ အရေးကြီးဆုံးဖြစ်သော ရေကြောင်း သွားလာရေးနှင့် စတင်တွေ့ရှိခြင်း'' လော်ရင် အိုင်ဗင်း (နယူးယော့ ၁၉၂၆) စာမျက်နှာ ၂၈၅–၂၉၁ တို့တွင် ကိုးကားခဲ့သည်။
၁၂။ ဟက်လွိုက်၊ စာအုပ်၏ စာမျက်နှာ ၂၉၁။
၁၃။ ဤအရာနှင့် ပေါက်ပါကိုးကားချက်များကို ကော်ဖင်စာအုပ်၏ စာမျက်နှာ ၃၃၀၊ ၃၃၅ တွင် ကိုးကားသည်။ ဝွန်မွတ်လီ၏ ''ဒါချ်သမ္မတနိုင်ငံနိုးကြားပါ''

စာအုပ်တွင်လည်းတွေ့ရှိနိုင်သည်။

## အခန်း '၅'

၁။ ရိုစက်စ်ဂျွန် ရာစ်ဒွန်နီရေးသားထားသော ''ကျမ်းစာနှင့်စပ်ဆိုင်သော ဥပဒေ၏ အဖွဲ့အစည်းများ'' အင်္ဂလန်ရှိ အသက်အရွယ်ကြီးသူများက ကြီးကြပ် အုပ်ချုပ်သော ခရစ်ယာန်ဘာသာရေး ဂိုဏ်းဝင်များနှင့် ပြုပြင်ပြောင်းလဲရေး ပုံနှိပ်ထုတ်ဝေခြင်းကုမ္ပဏီ၊ ၁၉၇၃ စာမျက်နှာ ၁။

၂။ ဝီလျံဘရက်ဖိုဒ်ရေးသားထားသော ''ပလီမွတ်၏စိုက်ခင်း'' (ဘော်စတွန် ၁၉၂၈) စာမျက်နှာ ၁၂–၁၃။

၃။ ဘရက်ဖိုဒ် စာအုပ်၏ စာမျက်နှာ ၃၂။

၄။ ဘရက်ပိုဒ် စာမျက်နှာ ၁၁၀။

၅။ ရောဘတ်ဝင်ထရောဗ်၊ ''စံနမူနာယူထိုက်သော ခရစ်ယာန်များ၏ လျှုဒါန်းပေးကမ်းခြင်း'' အိုလ်ဆောသ် လီဖဲလက်စ် အိုလ်ဆောသ် အစည်းဝေးဆောင်၊ ဘောစတွန်။

၆။ ဂျွန်ဖီစ်၏ နယူး အင်္ဂလန်စတင်ခြင်း စာအုပ် (ဘော်စတွန်၊ ၁၈၉၈) စာမျက်နှာ ၁၃၇။

၇။ ဖီစ်ခ်၊ စာမျက်နှာ ၁၃၇၊ ၁၄၀။

၈။ မော်ရစ် စာမျက်နှာ ၆၉။

၉။ မောရစ်၊ စာမျက်နှာ ၉၈–၁၀၁။

၁၀။ မာစ်အေ ဘီလိုင်းစ်နှင့် စတီဗင်ကေမက် ဒေါ်ဝဲလ် ရေးသားထားသော ''ဘုရားသခင်စောင်မတော်မူသော အမေရိက၏ သမိုင်း'' (ချာလ်လေ့ာတက်စ် ဗီးလ်၊ ၁၉၈၉) စာမျက်နှာ ၈၈–၈၉။

၁၁။ ဖေါ်ပြပြီးသည့် စာအုပ်၏ စာမျက်နှာ ၉၀။

၁၂။ မော်ရစ်၊ စာမျက်နှာ ၅၆။

၁၃။ မာဆေးလ်နှင့် မာနူအယ်လ်၊ စာမျက်နှာ ၃၀၉။

၁၄။ ဂျွန်ဝင်းဂိတ်ဘော်တန် ရေးထားသော ''အမေရိကန်တော်လှန်ရေး၏

တရားဟောစင်မြင့် (ဘောစတွန်၊ ၁၈၆၀)။
၁၅။ ဘီလိုင်းနှင့် မက်ဒေါ်ဝဲလ် စာမျက်နှာ ၁၇၈။

## အခန်း '၆'

၁။ ဩဂတ်စတပ် နင်းဒါရေးထားသော ''ခရစ်ယာန်ဘာသာရေးနှင့် အသင်းတော်၏ အားလုံးနှင့် သက်ဆိုင်သော သမိုင်း'' စလိတ်တား စာအုပ်၏ စာမျက်နှာ ၂၁၃ တွင် ကိုးကားခဲ့၏။
၂။ ဖော်ပြပြီးသည့် စာအုပ်၏ စာမျက်နှာ ၂၁၄။
၃။ နော်မန်ကိုစင် စာအုပ်ထဲတွင် ကိုးကားခဲ့သော ''ကျွန်ုပ်တို့ ဘုရားသခင်ကို ယုံကြည်အားကိုးပါသည် (နယူးယော့၊ ၁၉၅၈) စာမျက်နှာ ၃၆၈။

## အခန်း '၇'

၁။ ဝီလျံဗ္ဗိဝဲလ်စ်၊ ''ဆေမွာလ်အာဒမ်၏ အမှုထမ်းခြင်းနှင့်အသက်တာ''၊ အတွဲ ၃ (ဘော်စတွန်၊ ၁၈၆၅) စာမျက်နှာ ၃၀၁။
၂။ နေဇဝိဗ်စတား၏ ''အင်္ဂလိပ်ဘာသာစကားကို အမေရိကန် အဘိဓာန်က အနက်ဖွင့်ခြင်း'' အမေရိကန် ခရစ်ယာန်ပညာရေးအတွက် အခြေခံအုတ်မြစ်က မိတ္တူပုံတူထုတ်ဝေခြင်းတွင် မူလအစဖြစ်သော ဘာသာပြန်ခြင်း ၁၈၂၈ ကို ပြန်လည်၍ ပုံနှိပ်ထုတ်ဝေခဲ့သည် (ဆန်ဖရန်စစ်ကို၊ ၁၉၈၀)။
၃။ စလိတ်တား၊ စာမျက်နှာ ၈၈။
၄။ ''စဉ်းစား၍ ဆင်ခြင်ပါ'' စာမျက်နှာ ၆၀၅–၆၀၆။
၅။ စလိတ်တား စာမျက်နှာ ၂၇၈–၂၇၉။
၆။ မော်ရစ်၊ စာမျက်နှာ ၇၂။
၇။ နောဇဝိဗ်စတား ''အမေရိကန်နိုင်ငံရှိ လူငယ်များ၏ ပညာရေး'' အမေရိကန် မဂ္ဂဇင်း (မတ် ၁၇၈၈) ၂၁၂။
ကေ–အလန်စနိုက်ဒါး ကရေးသားခဲ့သော ''အစောပိုင်းကာလသမ္မတနိုင်ငံတွင်

လူများ၏ စိတ်နှလုံးနှင့် အကျင့် သီလများ'' စာအုပ်ကို နော၀ီဗ်စတားက အဓိပ္ပါယ်ဖွင့်ဆိုချက်ကို ကိုးကားခဲ့သည် (နယူးယော့တက္ကသိုလ်ပုံနှိပ်တိုက် ၁၉၉၀၊ စာမျက်နှာ ၁၁၄။

## အခန်း '၈'

၁။ စလိတ်တား၊ စာမျက်နှာ ၃။
၂။ သိက္ခာတော်ရဆရာ၊ အက်စ်ဖီလစ်၊ ရေးသားခဲ့သော ''အသင်းတော်နှင့် သဘာဝ၏ နယ်ပယ်ထဲတွင်ရှိသော ခရစ်ယာန်မိသားစုများ'' စလိတ်တာ စာအုပ်၏ စာမျက်နှာ ၇ တွင် ကိုးကားခဲ့သည်။
၃။ ဖိလစ်၊ စလိတ်တားစာအုပ်၏ စာမျက်နှာ ၁၁ တွင် ကိုးကားသည်။
၄။ ''ဒယ်နီယယ်လ် ဝိဗ်စတား၏ အလုပ်များ'' အတွဲ ၂၊ ဘော်စတွန်း လစ်တယ်လ်ဘရောင်း နှင့်ကုမ္ပဏီ၊ ၁၈၅၄၊ စာမျက်နှာ ၁၀၇–၁၈၀။
၅။ လစ်ဒီးယား အိပ်ချ် ဆစ်ရှာရ်နီ ရေးသားထားသော ''နုပျိုငယ်ရွယ်သော အမျိုးသမီးဆီသို့ပေးစာ'' (၁၈၅၂) CHOC စာအုပ် စာမျက်နှာ ၄၀၇–၄၁၀ တွင် ကိုးကားသည်။
၆။ မော်ရစ်
၇။ CHOC စာအုပ်၊ စာမှက်နှာ ၂၇၃။
၈။ ဆယ်မွာလ် ဘလူမင်ဖဲလ် ရေးထားသော ''လူထုပညာရေးသည် လိုအပ် ပါသလား (ဘွဲစ် ၁၉၈၅) စာမျက်နှာ ၁၉–၂၀။
၉။ ဆယ်မွာလ် ဘာလူမင်ဖဲလ်၊ အင်အီအေ ''အမေရိကန် ပညာရေးတွင် ထရိုဂျန်ပြင်း'' (ဘွဲစ်၊ ၁၉၈၅)။

## အခန်း '၉'

၁။ အေလက်စစ် ဒီတုတ်ကွေဗီးလ်ရေးသားထားသော ''အမေရိကန် ဒီမိုကရေစီ စနစ် ဂျေ၀ီမေယာ က တည်းဖြတ်ခဲ့သည် (ကာဒင်းစီးတီး၊ နယူးယော့၊ ၁၉၆၉)

၂။ စကာစင် စာမျက်နှာ ၆၇၉။
၃။ သော်တန်၏ ''စဉ်းစား၍ဆင်ခြင်ပါ'' စာအုပ်၏ စာမျက်နှာ ၁၉၁–၁၉၂ တွင် ကိုးကားသည်။
၄။ မျိုးချစ်စိတ်ဓာတ်ရှိ၍ နည်းပေးလမ်းပြသူဝန်ကြီး နော်မန်ဗွီပုပ်ရေးသားထားသော ''ဘုရားသခင်လက်အောက်တွင်ရှိသော နိုင်ငံများ'' အက်ဒ် ဖရင်းစက်စ် ဘရင်တနို (ဂရိတ်နက်ခ်၊ နယူးယော့ စာမျက်နှာ ၄၁–၄၂။)
၅။ အီး–အယ်လ် မေဂွန်း ရေးသားထားသော ''အမေရိကန်တော်လှန်ရေး၏ စကားပြောကောင်းသူများ'' (နယူးယော့ ၁၈၅၇) ကလီဖိုးနီးယားပြည်နယ် အယ်လ်စိဂန်ဒိုရှိ ဆိုက်တက်စ် ကယ်လီဖိုးနီးယား ၁၉၆၉၊ စာမျက်နှာ ၂၀၈။
၆။ ဂွန်အိတ်စ်မိုး၏ စာအုပ် ''ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ခရစ်ယာန်များ'' (ဂရင်းရေပံစစ်၊ ၁၉၈၇) စာမျက်နှာ ၃၇၆။
၇။ CHOC စာအုပ်၏ စာမျက်နှာ ၄–၅။
၈။ ဖိုစတာနှင့် ဆွမ်ဆန်၊ စာမျက်နှာ ၃၇။
၉။ ပိုစတာနှင့် ဆွမ်ဆန်၊ စာမျက်နှာ ၁၀၆–၁၀၇။

## အခန်း '၁၀'

၁။ နယူတန်ဟောလ်နှင့် အိုင်ဗင်ဝုဒ်ရေးသားထားသော ''အသက်စာအုပ်'' (ရှီကာကို ၁၉၅၆)။
၂။ ''အသက်တာစာအုပ်'' အတွဲ ၈၊ စာမျက်နှာ ၉၈–၁၀၅။
၃။ ဂျေလီဂရေဒီ ''ရေးသားထားသော သိတင်းစာပညာနှင့် သိတင်းကောင်း'' မှ ဘုရားသခင်စောင်မတော်မူခြင်း၏ ရှုဒေါင့်'' အတွဲ ၆ နံပါတ် ၇ (ချာလောဒ်တက်စ် ဗီးလ်၊ ဗာဂျီးနီးယား၊ ၁၉၉၁)။
၄။ တက်ဒ်ဘေယာရ် ရေးထားသော ''ဗွီဒီယိုနှင့် ရုပ်ရှင်များသို့ ခရစ်ယာန်မိသားစု များကို လမ်းပြခြင်း'' အတွဲ ၂ (နက်စ်ဗီးလ်၊ ၁၉၉၉)။
၅။ ဖရင့်ကီစကီဖါ၏ စာအုပ် ''ဒေါသအမျက်ထွက်ခြင်း'' ဝိစ်ချက်စတာ၊ အိုင်အယ်လ်၊ ၁၉၈၂) စာမျက်နှာ ၁၄၉။

၆။ ဂရေဒီ ''သီတင်းစာပညာနှင့် သိတင်းကောင်း''

## အခန်း ''၁၁''

၁။ မွန်တက်စ်ကီယို ရေးသားထားသော ''ဥပဒေများ၏ ဝိညာဉ်တော်'' CHOC စာအုပ် စာမျက်နှာ ၁၃၄–၁၃၅။

## အခန်း ''၁၂''

၁။ ချားလ်ဟာလ်ဝူဖ် အမေရိကန်ခရစ်ယာန် စီးပွားရေးလုပ်ငန်းများသို့ ချဉ်းကပ်ခြင်းတွင် အဓိက ချဉ်းကပ်နည်းသည် ကျောင်းနှင့် အိမ်များတွင် ခရစ်ယာန် ပညာရေးကို တတ်မြောက်နိုင်ရန် နည်းလမ်းပြခြင်းဖြစ်သည်။ (ပါလိုစီဒရို၊ ကာလီဖိုးနီးယား၊ ၁၉၉၀)။
၂။ ဂရက်ခ်အန်တိုနီ၊ ''ကျမ်းစာနှင့်စပ်ဆိုင်သော စီးပွားရေးလုပ်ငန်း'' (ချာလိုတေသ်ဗီးလ်၊ ၁၉၈၈၊ စာမျက်နှာ ၁၃)။
၃။ ''လူ့အကျိုးလူ့စိတ်နေ စိတ်ထားကိုသာ ပဓါနပြုသည့် အယူဝါဒ နောက်ကွယ် တွင် ရည်ရွယ်ချက်ကို မည်ကဲ့သို့ နားလည်ရမည်နည်း'' လူငယ်များ သဘောထားကွဲလွဲခြင်း၏ အခြေခံစာအုပ် ၁၉၈၃၊ စာမျက်နှာ ၇။
၄။ ဝီလျံဘရက်ဖိုဒ် ရေးသားထားသော ''ပလိုင်းမောက်စိုက်ခင်း'' စာမျက်နှာ ၁၆၂– ၁၆၃။
၅။ ဂွန်လောခ် ''လူထုအစိုးရ၏'' CHOC စာအုပ်၊ စာမျက်နှာ ၆၄ တွင် ကိုးကားသည်။
၆။ စလိတ်တား စာအုပ် စာမျက်နှာ ၂၃၄။
၇။ စလိတ်တာ၊ စာမျက်နှာ ၂၂၈–၂၂၉။
၈။ ဂျောဂျ်ကရင့်တ် စာအုပ် ''ပေါကြွယ်ဝခြင်း၏ အရိပ်အောက်တွင်'' (ပိုဒ်ဝေါသ်၊ ၁၉၈၆) စာမျက်နှာ ၄။
၉။ ရိုဆလီဂျေ စလိတ်တားက အမေရိကန်နိုင်ငံ၏ ပညာတော်သင်ဆုကြေးငွေနှင့်

ပညာရေးကို စတင်တည်ထောင်သူ ဖခင်ကြီး နောဇ၏ ၁၈၂၈ ခုနှစ်တွင် ပြုလုပ်ခဲ့သော အဘိဓာန်စာအုပ်ကို မိတ္တူကူး၍ ပြန်လည်ထုတ်ဝေခဲ့သော စာအုပ်၏ စာမျက်နှာ ၁၄။

၁၀။ ဂယ်ရီဒီမားရ် ''ဘုရားသခင်နှင့် အစိုးရ'' အတွဲ ၂၊ ကျမ်းစာနှင့် စပ်ဆိုင်သော ရှုဒေါင့်စာအုပ်ထဲတွင် ထုတ်ပြန်ခဲ့သည် (အတ္တလန်တာ၊ ၁၉၈၄၊ စာမျက်နှာ ၁၃၁-၁၂၁)

၁၁။ အန်တိုနီ၊ စာမျက်နှာ ၃၄။

၁၂။ ချာလ်တန် ကအန်တိုနီ စာအုပ် စာမျက်နှာ ၃၄ တွင်ကိုးကားသည်။

၁၃။ အန်တိုနီ၊ စာမျက်နှာ ၃၄။

၁၄။ ဒါဝိဒ် ချာလ်တန် ရေးသားထားသော ''အပြစ်ရှိသောသူကို ကျင်လည်စွာ ကိုင်တွယ်သူများ၏ ခေတ်တစ်ခေတ်တွင် ကုန်ထုတ်စွမ်းအားကောင်းသော ခရစ်ယာန်များ'' အန်တိုနီစာအုပ်၏ စာမျက်နှာ ၂၇ တွင် ကိုးကားခဲ့သည်။

၁၅။ အန်တိုနီ စာမျက်နှာ ၂၈။

၁၆။ အန်တိုနီ စာမျက်နှာ ၂၈-၂၉။

## အခန်း ''၁၃''

၁။ အိတ်စ်မိုး စာအုပ် - စာမျက်နှာ ၃၆၄။

၂။ ''ကျွန်ုပ်တို့၏ အစွန်ရှည်စွာတည်တံ့သော ဖွဲ့စည်းပုံအခြေခံဥပဒေ'' ဒဗ်လျူ ဒါဝိဒ်စတက်မင်း နှင့် လာဗောင်ဂျီ လျူးဝစ် (အရှိုဗိုရို၊ အင်စီ၊ ၁၉၈၇) စာမျက်နှာ ၃၉။

၃။ ဖော်ပြပြီးသည့်စာအုပ်၏ စာမျက်နှာ။

၄။ ဂယ်ရီနောသ်ရေးသားခဲ့သော ''အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးအတွက် ကျမ်းစာနှင့် စပ်ဆိုင်သော အခြေခံ မူများနှင့် လူမျိုးများ၏ အနာကိုပျောက်ကင်းစေသူ (ဖိုဒ်ဝေါသ်၊ ၁၉၈၇) စာမျက်နှာ ၁၁။

၅။ နောသ်။

၆။ နောသ်။

၇။ လီဂရေဒီ ''ကျွန်ုပ်တို့သည် ငြိမ်းချမ်းရေးအတွက် ဆက်ဆံရေးကိုပြုလုပ်နိုင်မည်လား'' ရှေ့ပြေးနိမိတ် အတွဲ ၈၊ နံပါတ် ၈၊ ဒီဇင်ဘာ ၁၉၈၇၊ စာမျက်နှာ ၁၅–၁၇။

## ကျမ်းကိုးစာရင်း
## (Bibliography)


၁။ အယ်ဒီတာများဖြစ်ကြသော အလက်ကန္ဒား၊ ဒါဝိဒ်နှင့် ပါတ်အလက်ဇန္ဒားတို့ပြုစုရေးသားခဲ့သော ''အဲရ်မန်၏ လက်ကိုင်ကျမ်းစာအုပ်'' ဂရင်းရေပိဒစ်း ဝီလျံဘီ အဲရ်မန်းစ် ပုံနှိပ်ခြင်း ကုပ္မဏီ၊ ၁၉၇၃။
၂။ အာမောစ့်၊ ဂယ်ရီတီ၊ ကျေညာခြင်းကိုကာကွယ်ခြင်း၊ ဘရင်ဝုဒ်၊ တင်နက်စီ၊ ဝုလ်ဂျီမတ်နှင့် ဟိုင်းအတ်၊ ၁၉၈၉။
၃။ အန်တိုနီ၊ ဂရက်စ်၊ ''ကျမ်းစာနှင့်စပ်ဆိုင်သော စီးပွားရေးလုပ်ငန်းများ'' ချာလ်လိုတက်ဗီးလ် ဗာဂျီးနီးယား ဖရိုဗီးဒင်းဖေါင် ဒေးရှင်၊ ၁၉၈၈။
၄။ ဘောလ်ဝင်း၊ အေလစ် ''အမေရိကန်တော်လှန်ရေးနှင့် နယူးအင်္ဂလန်ဘုန်းတော်ကြီးများ၊ ဖရေဒိခ်အန်ဂါပုပ်၊ ကုပ္မဏီ၊ ၁၉၂၈။
၅။ ဘန်ခရော့တ် ဂျောဂျ် ''အမေရိကန်ပြည်ထောင်စု၏ သမိုင်း အတွဲ ၁၀ ဒီအယ်ပယ်ဟန်နှင့် ကုပ္မဏီ ၁၈၉၁။
၆။ ဘာရက်တ် ဒါဝိဒ် ''ဖန်ဆင်းခြင်းမှ အသစ်ဖန်ဆင်းခြင်းသို့ ကမ္ဘာ့ဧဝံဂေလိလုပ်ငန်း၏ သက္ကရာဇ် အစဉ်လိုက် အဖြစ်အပျက်များအား ရေးမှတ်ထားသောစာရင်း၊ ဘမင်ဂမ်းအာလ်၊ နယူးဟောဗ်၊ ၁၉၈၇။
၇။ ဘာတန် ဒါဝိဒ် ရေးသားထားသော ''ဒဏ္ဍာရီဆန်သော ခွဲခြမ်းခြင်း'' အေလီဒို တက္ကဆပ် ဝေါလ်ဗီးလ်ဒါး ပုံနှိပ်စက် ၁၉၈၉။
၈။ ဘီလိုင်းစ် မာစ်အေနှင့် မက်ဒေါ်ဝဲလ်၊ စတီဗင်ကေ ''အမေရိကန်၏ ဘုရင်းသခင်စောင်မတော်မူသော သမိုင်း'' ချာလ်လိုတက်ဗီးလ်၊ ဖရိုဗီးဒင်းဖေါင်ဒေးရှင်း၊ ၁၉၈၉။
၁၀။ ဘလူမင်းဖီးလ်၊ ရှမွေလအယ်လ်၊ အင်အီးအေ ''လူထုပညာရေးသည်

လိုအပ်ပါသလား'' ဘွိုင်းစ် အီဒါဟို ပါရာဒိမ်ဂျဲမ်ကုပ္ပဏီ၊ ၁၉၈၅။

၁၁။ ဘလူမင်ဖီလ်၊ ရှမွေလအယ်လ် အင်ဒီးအေ ''ထရိုဂျန်မြင်းနှင့် အမေရိကန်ပညာရေး'' ဘွိုင်း၊ အီဒါဟိုပါရာဒိစ်ဂျဲမ် ကုပ္ပဏီ၊ ၁၉၈၅။

၁၂။ ဘရက်ပိုဒ် ဝီလျံ ''ပလိုင်းမောက်၏ စိုက်ခင်း'' ဘော်စတွန်၊ ရိုက် + ပေါ်တာဖရင့်တိမ်း ကုပ္ပဏီ ၁၉၀၁။

၁၃။ ဘရူတပ်စ်ကျီးနီးယပ်စ် ''မတရားအုပ်ချုပ်သူများကို ဆန့်ကျင်၍ လွတ်လပ်ရေးကို ကာကွယ်ခြင်း'' (ဗင်ဒီစီယာ ကွန်ထရာတိုင်ရင်းနော်စ်) အက်မန်တွန်၊ အေဘီကနေဒါ။ စတီးလ်ဝါးတားနိုးကြားထကြွခြင်းစာအုပ်များ ၁၆၈၉ စာအုပ်များကို ၁၉၈၉ ခုနှစ်တွင် ပြန်လည်၍ ဘာသာပြန်ခြင်း။

၁၄။ ကဒလ်ဗင်၊ ဝွန် ''ခရစ်ယာန်ဘာသာရေးအဖွဲ့အစည်းများ'' ဖီလ်ဒဲလ်ဖီးယား။ ဖရပ်စ်ဘီးတေးရီးယမ်း ပုံနှိပ်ထုတ်ဝေခြင်း၏ ဘုတ်အဖွဲ့များ။

၁၅။ ချာလ်တန်၊ ဒါဝိဒ် ''ကျွမ်းကျင်သူများ၏ ခေတ်ကာလတွင် ခရစ်ယာန်များ၏ ကုန်ထုပ်လုပ်မှု'' ကျမ်းစာနှင့်စပ်ဆိုင်သော ရိုနယ်လ်ဂျေ၊ ဆိုက်ဒါးတက္ကထပ်။ ခရစ်ယာန်စီးပွားရေးလုပ်ငန်းအတွက် အဖွဲ့အစည်း၊ ၁၉၈၂။

၁၆။ ချာလ်တန်၊ ဒါဝိဒ် ''ကြီးကျယ်သော အာလ်ရက်၏ တရားမျှတစွာစီရင်ဆုံးဖြတ်ခြင်း'' ခရစ်ယာန်နိုင်ငံခြားဆက်ဆံရေးကောင်စီ၏ သိတင်းပေးပို့စာ၊ ဇန္နဝါရီ၊ ၁၉၈၉။

၁၇။ ''ခရစ္စတိုဖါကိုလံဘတ်၏ ကြိုတင်နိမိတ်ဖတ်ခြင်းစာအုပ်'' ကောဂရစ်ကမ်က အင်္ဂလိပ်ဘာသာဖြင့် ဘာသာပြန်ဆိုခဲ့သော မူရင်းလက်ရေးစာမူကို ပြန်လည်ထုတ်လုပ်ခြင်း။ ကွိုင်စင်တင်နရီ ပုံနှိပ်ထုတ်ဝေခြင်း၊ ဘာစီလိုနာ စပိန်၊ ခလိုင်း ပုံနှိပ်ထုတ်ဝေသူများ။

၁၈။ ကော်ဖင်၊ ချားလ်စ်ကာလေတန်၊ ''လွတ်လပ်ရေး၏ သမိုင်း'' နယူးယော့ ဟားပါး + ဘရားသား ၁၈၇၈။

၁၉။ ကောဒ်၊ ရောဘတ်အယ်လ် ''နိုင်ငံတော်နှင့် အသင်းတော်၏ ခွဲခြားခြင်း'' နယူးယော့ လမ်းဘက်သ်ဖရကစ် ၁၉၈၂။

၂၀။ ဒီအော်ဘိုင်း၊ ဂျေ အိပ်ချ် မေရ်လီ။ ''၁၆ ရာစုနှစ်၏ ပြုပြင်ပြောင်းလဲရေး၏ သမိုင်း'' အိပ်ချ်ဝိုက်က ဘာသာပြန်ဆိုရေးသားခဲ့သည်။ နယူးယော့၊ ဟာစ် + ကုပ္ပဏီ။

၂၁။ ဒေမား၏၊ ဂယ်ရီ ''ဘုရားသခင်နှင့် အစိုးရ'' အတွဲ '၁' ''ကျမ်းစာနှင့် စပ်ဆိုင်သော သမိုင်း၏ လေ့လာချက်'' အတ္တလန်တာ။ အမေရိကန် ဗွီးရှင်းဖရက်စ်၊ ၁၉၈၄။
၂၂။ ဒေမာ၏၊ ဂယ်ရီ၊ ဘုရားသခင်နှင့်အစိုးရ အတွဲ ၂။ ကျမ်းစာနှင့် စပ်ဆိုင်သော ရှုဒေါင့်မှ ထုတ်ဝေခြင်း။ အတ္တလန်တာ။ အမေရိကန် ဗွီးရှင်းပုံနှိပ်တိုက်၊ ၁၉၈၄။
၂၃။ ဒေမား၏၊ ဂယ်ရီ၊ ''ပြောခဲ့တာတွေကိုသင်ကြားပြီးပြီ ဘရင်ဝုဒ်၊ တီအင်ဝူလ်ဂျီမာဒ်နှင့် ဟီးအပ် ၁၉၉၁။
၂၄။ ဒေါ်ချက်စတာ၊ အယ်နီယယ်လ်။ ''အမေရိကန်ပြည်ထောင်စုတွင် ခရစ်ယာန် ဘာသာရေး''၊ နယူးယော့၊ ဟန့်တ်နှင့် အီတန်၊ ၁၈၉၅။
၂၅။ ဒရေးဘက်ချ်၊ ဒယ်နီယယ်လ်။ ''ပထမဆုံးပြင်ဆင်ချက်နှင့် ဘာသာရေး လွတ်လပ်မှုကို အမှန်တကယ်ခြိမ်းခြောက်ခြင်း နှင့် အရိပ်မျှသာဖြစ်ခြင်း'' ဝီစ်ချက်စတာ၊ ဘီလီနွိုက်။ ခရိုစ်ဝိုင်းစာအုပ် ၁၉၈၇။
၂၆။ အက်ဒွတ်၊ ဘရိုင်း၊ ''ဘုရားသခင်၏ ရာဇဝတ်ကောင်'' ဝှီတန်၊ အီလီနွိုက်။ တင်ဒေးလ်ဟောင်းစ် ပုံနှိပ်ထုတ်ဝေသူများ၊ အင့်ချ်၊ ၁၉၈၁။
၂၇။ အေးစ် မိုး၊ ဂျွန် ''ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ခရစ်ယာန်ဘာသာရေး'' ဂရင်းရယ်ပစ်ဒ်၊ မစ်စီဂန်၊ ဘေကာစာအုပ်ဆိုင်၊ ၁၉၈၇။
၂၈။ အေးစ်မိုး၊ ဂျွန် ''ဘုရားသခင်နှင့် ဆီဇာဘုရင်၊ နိုင်ငံရေးဆောင်ရွက်ချက်နှင့် ခရစ်ယာန် ယုံကြည်ခြင်း၊ ဝီစ်ချက်စတာ၊ အိုင်အယ်လ်၊ ခရောစ်ဝိုင်စာအုပ်ဆိုင်၊ ၁၉၈၇။
၂၉။ ဖင်နီ ချားလ်ဂျီ ''ဘာသာရေးအုံကြွနိုးကြားမှု'' ဗာဂျီးနီးယား ဘီချ်၊ ဗွီအေ စီဟီအင်တက္ကသိုလ် ပုံနှိပ်တိုက်၊ ၁၉၇၈။
၃၀။ ဖီးစ်ကေး ဂျွန် ''နယူးအင်္ဂလန်စတင်ခြင်း'' နယူးယော့။ ဟောက်တွန် မိဖ်လင်နှင့် ကုပ္ပဏီ၊ ၁၈၉၈။
၃၁။ ဖေါ်စတာ မာဆေးလ်နှင့် မေရီအေလန်ဆွန် ''မရေတွက်နိုင်သော အမေရိကန်နိုင်ငံ၏ ပဋိညဉ် စာချုပ်သမိုင်း'' ကာလီဖိုးနီးယား မေဖလာဝါ အသင်းအဖွဲ့၊ ၁၉၈၃။
၃၂။ ဖရိုသင်ဂမ် ရီချာဒ်။ ''အမေရိကန်ပြည်ထောင်စု၏ ထကြွနိုးကြားလာခြင်း'' ဘောစတွန်၊ လီတဲလ် ဘရောင်းနှင့် ကုပ္ပဏီ ၁၈၉၅။
၃၃။ ဂေါ်စတက် အက်ဒဝင်စကောဒ်။ ''အမေရိကန်၏ ဘာသာရေးသမိုင်း'' နယူးယော့၊

ဟားပါးရ်ခရိုး၊ ၁၉၇၄။
၃၄။ ဂရေဒီ ဂျေလီ ''သိတင်းစာပညာနှင့်သိတင်းကောင်း ဘုရားသခင်၏ စောင်မတော်မူခြင်းနှင့်ပတ်သက်သော ရှုဒေါင့်'' အတွဲ ၆ အမှန် 'ဂ' ချာလိုတက်စ်ဗီးလ်၊ ဗွီအေ၊ ဘုရားသခင်၏ ဂရုဏာတော်အခြေခံ အုတ်မြစ် ၁၉၉၁။
၃၅။ ဂရေဒီ ဂျေလီ။ ငြိမ်းချမ်းရေးအတွက် ဆက်ဆံရေးလုပ်နိုင်မလား ''ရှေ့ပြေးနိမိတ်''အတွဲ ၈ အမှတ် ၈၊ ဒီဇင်ဘာ ၁၉၈၇။
၃၆။ ဂရင့်ဂျောဂျ် ''မြောက်များစွာ၏ အရိပ်အောက်မှာ'' ပိုဒ်ဝေါသ်၊ တက္ကဆယ် ဒိုမီနီယံ ပုံနှိပ်တိုက် ၁၉၈၆။
၃၇။ ဂါယွတ်၊ အာနိုး ''ကမ္ဘာမြေကြီးနှင့် လူသား'' ဘော်စတွန် ဂွတ်နှင့်လင်ကွန်း၊ ၁၈၆၃။
၃၈။ ဂါယွတ်၊ အာနိုး ''ရူပ ပထဝီဝင်'' နယူးယော့ အိုင်ဗီဆန်၊ သလိတ်မင်း ကုပ္ပဏီ ၁၈၈၅။
၃၉။ ဟက်လွိုဒ်၊ ရစ်ချတ် (၁၅၅၂–၁၆၁၆) ရေကြောင်းသွားလာရေး၏ အဓိက အကျဆုံးကို ရွေးချယ်ခြင်း။ အင်္ဂလန်နိုင်ငံ၏ ပထမဆုံးလေ့လာတွေ့ရှိချက်နှင့် ယာဉ်အသွားအလာ ''လော်ရင်အိုင်ဗင်၏ အမှာစာနှင့်တကွ နယူးယော့ အာလ်ဖရက်အေ။ နော့ဖ်၊ ၁၉၂၆။
၄၀။ ဟောလ် ဘရုန်၊ စတီဗင်ပီ ''ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေဆိုင်ရာ အခွင့်အရေး၏ တစတစ်တိုးတက်ပြောင်းလဲ လာခြင်းအတွက် လူတိုင်းသည် လက်နက်တပ်ဆင်ရမည်'' အော့ကလန်၊ စီကော။ လွတ်လပ်သော အဖွဲ့အစည်း၊ ၁၉၈၄။
၄၁။ ဟောလ်၊ နယူတန်မာဆေးလ် အဝုဒ်၊ အိုင်ဗင်း ဖရင်စစ်၊ တည်းဖြတ်သူများ။ အသက်စာစောင်၊ အတွဲ ၈ ရှီကာရို၊ ဝွန်ရှုဒင် ကုပ္ပဏီ၊ ၁၉၅၆။
၄၂။ ဟောလ်၊ ဗားနားအမ် ရိုစလီဂျေ စလိတ်တား။ အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံ ဥပဒေနှင့် ကျမ်းစာ။ ဆန်ဖရန်စွကို၊ အမေရိကန်ခရစ်ယာန် ပညာရေးအတွက် အခြေခံအုတ်မြစ်၊ ၁၉၈၃။
၄၃။ ဟောလ် ဗာနာအမ်၊ စုဆောင်းရေးသားပြုစုသူ၊ ''အမေရိကန်တော်လှန်ရေး၏ ခရစ်ယာန် သမိုင်း၊ ဆန်ဖရန်စစ်စတို၊ အမေရိကန် ခရစ်ယာန် ပညာရေးအတွက်

အခြေခံအုတ်မြစ်၊ ၁၉၇၆။
၄၄။ ဟောလ်ဗားနားအမ်း စုဆောင်းရေးသားပြုစုသူ ''အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ ခရစ်ယာန် သမိုင်း။ ဆန်ဖရန်စစ္စကို၊ အမေရိကန် ခရစ်ယာန်ပညာရေးအတွက် အခြေခံအုတ်မြစ်၊ ၁၉၈၀။
၄၅။ ဟောလ်ဗားနားအမ်၊ စုဆောင်းရေးသားပြုစုသူ။ ''အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေ၏ ခရစ်ယာန် သမိုင်း။ ဆန်ဖရန်စစ္စကို။ အမေရိကန် ခရစ်ယာန် ပညာရေးအတွက် အခြေခံအုတ်မြစ်၊ ၁၉၇၉။
၄၆။ ဟာမီလ်တန်၊ အလက်ဇနား၊ ဂျိမ်းစ်မတ် ဒီဆင်။ ဂျွန်းဂျေး ''သီးခြား လွတ်လပ်သော ပြည်နယ်များဖြင့် ဖွဲ့စည်းသည့် ပြည်ထောင်စု စနစ်ကို လိုလားသူများ၏ သိတင်းစာများ (၁၇၈၇–၁၇၈၈)။
၄၇။ ဟဒ်ဒင်းဂျီ၊ လက်စလီ ''ဗြိတိန်နိုင်ငံအတွင်းရှိ ဆဲလ်တစ်အသင်းတော်'' လန်ဒန် ''သမိုင်းဆိုင်ရာ အသင်းတော်အဖွဲ့အစည်း၊ ၁၉၇၃။
၄၈။ အခြေခံကျသော လူငယ်များ ယှဉ်ပြိုင်တိုက်ခိုက်ခြင်း အသင်းအဖွဲ့တွင် လူ့အကျိုး လူ့စိတ်နေထားကိုသာ ပဓါနပြုသည့် အယူဝါဒ၏ နောက်ကွယ် တွင်ရှိသော ရည်ရွယ်ချက်များကို မည်ကဲ့သို့နာလည်သဘောပေါက်ရန်၊ ၁၉၈၃။
၄၉။ ဂျွန်ဆင်၊ ဝီလျံ ဂျေ ''ခရစ်ယာန် ဘာသာဝင် ဂျော့ဂျ် ဝါရှင်တန်'' မော့တ်မီဒီယာမှ ပြန်လည်၍ ပုံနှိပ်ထုတ်ဝေခဲ့သည်။ မီလ်ဖိုဒ်၊ အမ်အိုင်း ၁၉၇၆။
၅၀။ လူဇ်၊ ဒေါ်နယ်အက်စ် ''မကြာမီ ၁၈ ရာစုနှစ်က အမေရိကန်နိုင်ငံရေး အတွေးအခေါ် ပေါ်တွင် ဥရောပတိုက်စာရေးဆရာများ၏ လွှမ်းမိုးခြင်း အဆက်စပ် အမေရိကန် နိုင်ငံရေးဆိုင်ရာ သိပ္ပံပညာကို သုံးသပ်ခြင်း'' အတွဲ ၇၈၊ ၁၉၈၄။
၅၁။ မတ်ဒီဆင်၊ ဂျိမ်းစ်။ ဂျိမ်းစ်မတ်ဒီဆင်က ၁၇၈၇ ခုနှစ်တွင် သိတင်းပေးပို့ချက် အရ ''သီးခြားလွတ်လပ်သော ပြည်နယ်စနစ်နှင့်ဆိုင်သော အစည်းအဝေး ညီလာခံ'' နယူးယော့ဒဗ်လျူ၊ ဒဗလျူ နော်ထွန် ကုပ္ပဏီ ၁၉၈၇။
၅၂။ မဂွန်း အီးအယ်လ် ''အမေရိကန်တော်လှန်ရေးတွင် စကားပြောကောင်းသူများ၊ နယူးယော့၊ စီစခရိဗ်နား၊ ၁၈၅၇။ဆိုက်တက်စ် ပုံနှိပ်လုပ်ငန်းမှပြန်လည်၍ ပုံနှိပ်ထုတ်ဝေခဲ့သည်။ ကာလီဖိုးနီးယား၊ ၁၉၆၉။
၅၃။ မာဆေးလ် ပီတာ ဒါဝိဒ် မာနူအယ်လ် ''ဘုန်းကျက်သရေနှင့် အလင်းရောင်''

အိုလ်တက်ပန်၊ နယူးဂျာစီ။ ဖလေမင်အိပ်ချ်၊ ရိဗဲလ်၊ ၁၉၇၇။
၅၄။ မာဆေးလ်ပီတာ ဒါဝိဒ် မာနွယ်လ် ''ပင်လယ်မှတောက်ပသော ပင်လယ်သို့''
အိုးလ်တက်ပင်၊ နယူးယော့ ဖလေမင်း အိပ်ချ် ရီဗဲလ် ၁၉၈၆။
၅၅။ မက်လောခ်လင်၊ အင်ဒရူးစီ ''အမေရိကန်ပြည်ထောင်စု၏ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ တိုင်းပြည်အုပ်ချုပ်မှုကိုသာ ယုံကြည်သောဝါဒ၏ အခြေခံ အုတ်မြစ်များ။ ဂရင်းဝိချ် ကွန်းဖိုဆက်တ် ပုံနှိပ်တိုက် အင့်ချ် ၁၉၆၆။
၅၆။ မွန်တက်စကျူ ဘာဂွန်ဒီ။ ''ဥပဒေ၏ ဝိညာဉ်တော်'' သောမတ်စ် ဂျန်က ဘာသာပြန်ဆိုခဲ့သည်။ နယူးယော့ ကိုလိုနီယယ်လ် ပုံနှိပ်တိုက် ၁၈၉၉။
၅၇။ မိုရစ်၊ ဘီအဲဖ်။ ''အမေရိကန်ပြည်ထောင်စု၏ လူထုအဖွဲ့အစည်း၏ အကျင့်စ ာရိတ္တနှင့် ခရစ်ယာန်အသက်တာ'' ဖီလဒဲလ်ဖီးယား ဂျော့ဂျ် ဒဗ်လျူများ၊ ချားလ်၊ ၁၈၆၄။
၅၈။ မော့တ်လီ၊ ဂျွန်လိုသရိုပ်။ ''ဒတ်ချ်သမ္မတနိုင်ငံ၏ ထကြွနိုးကြားခြင်း'' အတွဲ ၃၊ နယူးယော့၊ ဟားပါးရ်ညီကိုများ ၁၈၅၅။
၅၉။ နင်းဒါး ဒေါက်တာသြဂတ်စတပ်စ် ''ခရစ်ယာန် ဘာသာရေးနှင့် အသင်းတော်၏ အဓိကသမိုင်း'' ဂျာမန် လူမျိုး ဂျိုးဆက်တိုရီက ဘာသာပြန် ခဲ့သည်။ လန်ဒန် ဟင်နရီဂျီဘွန်း၊ ၁၈၅၁။
၆၀။ နော့သ်၊ ဂယ်ရီ ''အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးအတွက် ကျမ်းစာနှင့် စပ်ဆိုင်သော အခြေခံမှုနှင့် လူမျိုးများ၏ အနာရောဂါ ပျောက်ကင်းစေသူ'' ဖိုဒ်ဝေါသ်၊ တက္ကဆပ် ဒိုမီနီယန် ဖရက်စ်၊ ၁၉၈၇။
၆၁။ နောသ် ဂယ်ရီ ''ရိုးသားဖြောင့်မတ်သော ပိုက်ဆံ'' ကျမ်းစာနှင့်စပ်ဆိုင်သော ပိုက်ဆံနှင့် ဘဏ်လုပ်ငန်း၏ အခြေခံမှုများ။ အဲဖ်တီ ဝေါသ်၊ တက္ကဆပ်။ ဒိုမီးနီးယန်း ဖရက်စ်၊ ၁၉၈၆။
၆၂။ နောဗားလ် မော်ဂန် တည်းဖြတ်သူ။ ''၂၀ရာစုနှစ်တွင် ဖွဲ့စည်းထားသော အမေရိကန်ပြည်သူစစ်နှင့် ဘာသာရပ်တစ်ခုနှင့် ပတ်သက်၍ ပညာရှင်များ၏ ရှုဒေါင့်အမျိုးမျိုး'' ဖေါလ်စ် အသင်းတော်၊ ဗွီအေ ဂန်အွန်နားဖေါင်ဒေးရှင်း၊ ၁၉၈၅။
၆၃။ အိုးလ်ဆော့သ် လိဖ်တ်လတ်တစ် အိုးလ်ဆော့လ် အသင်းအဖွဲ့စည်းက ပုံနှိပ် ထုတ်ဝေခဲ့သည်။ ဘော်စတွန်၊ မားစ်။

၆၄။ ပက်ခ်၊ ဂျေစီတီ ''ခရစ်ယာန်တစ်ယောက်၏ ရှုဒေါင့်မှဆင်ခြင်သုံးသပ်သော ကြီးကျယ်သော သမ္မတနိုင်ငံ၏ သမိုင်း'' နယူးယော့၊ ဘရော့တွန် ဝိုင်မင်း၊ ၁၈၆၈။

၆၅။ ပုပ် နော်မန်ဗွီ ''မျိုးချစ်စိတ်ရှိ၍ နည်းပေးလမ်းပြသူဝန်ကြီး'' ရေးသား ထားသော ''ဘုရားသခင်လက်တော်အောက်တွင် ရှိသော လူမျိုးများ'' ဖရင်းစ်ဘရင်တနို၊ တည်းဖြတ်သူ၊ ဂရိတ်၊ နက်ခ်၊ နယူးယော့၊ ချာနယ်ဖရက်စ် ၁၉၅၇။

၆၆။ ပါဝဲလ်၊ အက်ဒွတ်အေ ရိုစပ်စ် ဂျွန်ရုစ်ဒိုနီ ''စိုးမိုးအုပ်ချုပ်ပိုင်ခွင့် အာဏာနှင့် ဆယ်ဖို့တစ်ဖို့ပေးဆက်ခြင်း'' ဗယ်လက်စီတို၊ စီအေ ရော့စ် စာအုပ်ဆိုင်၊ ၁၉၈၂။

၆၇။ နှစ်သုံးရာပြည့်အထိမ်းအမှတ်တွင် ၁၆၄၄–၁၉၄၄ ခုနှစ်အတွင်း ထင်ရှား ကျော်ကြားသော ဝီလျံပင်းကို သတိရအောက်မေ့ခြင်း၊ ၎င်းကို ဝီလျံပင်းနှစ်သုံးရာပြည့် အထိမ်းအမှတ်ကော်မီတီမှ စုဆောင်းပြုစုရေးသား ခဲ့သည်။ ဟာရီစ်ခ်၊ ပီအေ။ ပင်ဆဲလ်ဗေးနီးယားပြည်နယ်၏ ဓနသဟာယအဖွဲ၊ ၁၉၄၅။

၆၈။ ရိုလင် ချားလ်စ် ''ရှေးဟောင်း ဝိဇ္ဇာနှင့် သိပ္ပံအတတ်ပညာများ၏ သမိုင်း အပါအဝင်း ရှေးဟောင်းအီဂျစ်လူမျိုးများ၏ သမိုင်း၊ ကာသိတ်ချ် လူမျိုး၊ အဆီးရီးယမ်းလူမျိုး၊ ဘေဘီလိုးနီးယမ်း ဂျော့ဂျ် ဒီယာရ်ဘွန်း ၁၈၃၆။

၆၉။ ရိုးခ်၊ ဂျိမ်းစ်ဘီ။ အိမ်နှင့်ကျောင်းများတွင် အခြေခံမူချဉ်းကပ်ခြင်းအတွက် အမေရိကန်ခရစ်ယာန် ပညာရေးအတွက် ရှေ့ဆောင်လမ်းပြခြင်း'' ပါလိုစီဒရိုစီအေ အမေရိကန်ခရစ်ယာန် သမိုင်း အသင်းအဖွဲ့။

၇၀။ ရာစ်ဒွန်နီ ရိုစတ်စ်ဂျွန် ''ကျမ်းစာနှင့်စပ်ဆိုင်သောဥပဒေ၏ အဖွဲ့အစည်း'' ဖရက်စ် ဘိုင်တေးရီးယမ်း + ပြုပြင်ပြောင်းလဲရေး ပုံနှိပ်ထုတ်ဝေရေးကုမ္ပဏီ၊ ၁၉၇၃။

၇၁။ ရိုသာဖိုဒ်၊ ဆေမွာလ် ''ဘုရင့်သားတော်နှင့် ဥပဒေ'' ၁၆၄၄ ခုနှစ်တွင် ပထမဆုံး ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဟာရီဆန်ဘာခ်တွင် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ဗွီအေ စပရင့်ကယ်လ်ပုံနှိပ်ထုတ်ဝေခြင်းလုပ်ငန်း ၁၉၈၂။

၇၂။ ဆန်းဒေါ်စ်၊ အဲလီးစ်တည်းဖြတ်သူ ''အမေရိကန်ပြည်ထောင်စုထူထောင်ရေး ကာလ၏ နိုင်ငံရေးဆိုင်ရာ တရားဒေသနာများ'' (၁၇၃၀–၁၈၀၅) အင်ဒီယာနာပိုလစ်။ လီဘာတီဖရက်စ်၊ ၁၉၉၁။

၇၃။ စခီဖါ၊ ရင်စစ်အေ ''ကျွန်ုပ်တို့မည်ကဲ့သို့ အသက်ရှင်သင့်သနည်း'' အိုးလ်တက်ပင် နယူးဂျာစီ ဖလေမင်း အိပ်ချ် ရေဗဲလ် ကုမ္ပဏီ၊ ၁၉၇၆။

၇၄။ စစီဖါ၊ ဖရင်စစ်အေ။ ‘‘ခရစ်ယာန် ကျေညာချက်စာတမ်း’’ စိစ်ချက်စတာ အီလီဗွိုက်၊ ခရိုစ်ဝဲ စာအုပ်ဆိုင် ၁၉၈၂။
၇၅။ ဆစ်ဒနီ၊ အာဂျေရ်ဒွန်း ‘‘အစိုးရနှင့်ပတ်သက်သော ဟောပြောချက်’’ သောမတ်စ်ဂျီဝီခ် ကတည်းဖြတ်ခဲ့သည်။ အင်ဒီးယားနားပိုလစ်၊ လီဘာတီခဏစ်စစ် ၁၉၉၀။
၇၆။ စကာစင်၊ ဒဗ်လျူ ခလီအွန် ‘‘အမေရိကကို တည်ဆောက်ခြင်း’’ ဝါရှင်တန်ဒီစီ၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပတ်သက်သော လေ့လာရေးအတွက် အမျိုးသားရေးရာဌာန၊ ၁၉၈၅။
၇၇။ စလိတ်တား၊ ရိုစလီဂျေ ‘‘အမေရိက၏ ခရစ်ယာန် သမိုင်းကို ချဉ်းကပ်ခြင်း အခြေခံမူများကို သင်ကြားခြင်းနှင့် လေ့လာခြင်း’’ ဆန်ဖရင့်စစ္စကို အမေရိကန် ခရစ်ယာန် ပညာရေးအတွက် အခြေခံအုတ်မြစ်၊ ၁၉၈၀။
၇၈။ စလိတ်တား၊ ရိုစလီဂျေ နောဝေ့ဗ်စတာက ပြုလုပ်ခဲ့သော အင်္ဂလိပ် ဘာသာဖြင့် ရေးသားခဲ့သော အမေရိကန် အဘိဓာန်’’ စာအုပ်၏ ပြန်လည်ပုံနှိပ်ထုတ်ဝေခြင်းကို နောဧ ဝိဗ်စတားစာအုပ်၏ အမှာစာတွင် စကားချီးအဖြစ် စီကုံးရေးသားခြင်း ၁၈၂၈။ ဆန်ဖရန်စစ်စကို အမေရိကန်ခရစ်ယာန် ပညာရေးအတွက် အခြေအုတ်မြစ်၊ ၁၉၈၀။
၇၉။ စတက်ဒမင် ဒဗ်လျူ ဒါဝိဒ် + လာဝေါင်ဂျီလျူစိစ်၊ အယ်ဒီတာများ ရေးသားခဲ့ကြသော ‘‘ကျွန်ုပ်တို့၏ အစွန့်ရှည်စွာတည်တံ့သော ဖွဲ့စည်းပုံအခြေခံ ဥပဒေများ’’ အက်စ်ရှည်ဗိုဂို၊ အင်စီဒဗ်လျူ ဒါဝိဒ်စတက်မင်း အဖွဲ့အစည်း ၁၉၈၇။
၈၀။ စတွာလ်၊ ကယ်ရိုလင်ပီ + အန်းဘီခလာ ‘‘မက်နာကာတာ’’ ဥပဒေအောက်တွင် လွတ်လပ်ရေး’’ ပိုဒ့်လန် အောရ်ကွန်း ပုံဆွဲခြင်း အတတ်နှင့်ဆိုင်သော ဗဟိုပုံနှိပ် ထုတ်ဝေခြင်းကုပ္ပဏီနှင့် အမေရိကတွင် မက်နာကာတာက အဆစ်အပိုင်း များဖြင့် ဆက်စပ်ခဲ့သည်။ ၁၉၈၆။
၈၁။ သွန်တန်၊ ဂျွန်ဝင်းဂိတ်၏ ‘‘အမေရိကန်တော်လှန်ရေး၏ တရားဟောစင်မြင့်’’ ဘော်စတွန်း ဂွတ်လင်ကွန်း၊ ၁၈၆၀။
၈၂။ တော်ဂ်ကွီးဗီးလ် အလက်စစ်ဒီ။ ‘‘အမေရိကတွင် ဒီမိုကရေစီစနစ်’’ ဂျေပီမေယာ ကတည်းဖြတ်ခဲ့သည်။ ဂါဒင်းစီးတီး အင်ဝိုင် ဒါဘာလ်ဒေး/ကုပ္ပ၊ အင့်ချ်၊ ၁၉၆၉။
၈၃။ ဝေါလ်တန်၊ ရာစ် ‘‘ဘုရားသခင်လက်တော်အောက်ရှိ လူမျိုးတစ်မျိုး’’ နက်စ်ဗီးလ်

သောမတ်စ်နေးလ်ဆင်၊ ၁၉၈၇
၈၄။ ဝေလ်တန်၊ ရာစ်ရေးသားထားသော ''တခေတ်တည်းတပြိုင်တည်း အတူနေထိုင်သူများ၏ ပြဿနာများကို ကျမ်းစာနှင့်စပ်ဆိုင်သော ဖြေရှင်းချက်များ ပေးရန်'' ဘရင့်ဝုဒ်၊ တင်းနေစီ၊ ဝေါ်ဂျီမာသ် + ဟီအက်ဒ်၊ ၁၉၈၈။
၈၅။ ဝိဗ်စတာ နောဇ၏ ''အမေရိကန်ပြည်ထောင်စု၏ သမိုင်း'' နယူးဟယ်ဗင်။ ဒါရီ + ပက်စ်၊ ၁၈၃၃။
၈၆။ ဝေးလ်စ်၊ ဝီလျံဗွီ၊ ''ဆေမွာလ် အာဒမ်စ်၏ လူထုအတွက် အမှုထမ်းခြင်းနှင့် အသက်တာ'' အတွဲ ၃၊ ဘော်စတွန်၊ လီတယ်လ်၊ ဘရောင်း + ကုပ္ပဏီ၊ ၁၈၆၅။
၈၇။ ဝိုက်ဟယ်ဒ် ဂျွန်ဒဗ်လျူ ''ဒုတိယမြောက်အမေရိကန်တော်လှန်ရေး'' အယ်လ်ဂျင်၊ အီလီနွိုက်စ်။ ဒါဝိဒ်စီးခုတ် ပုံနှိပ်ခြင်းလုပ်ငန်း ကုပ္ပဏီ ၁၉၈၂။
၈၇။ ဝီလ်လာရ်ဒ်၊ အမ်မာ။ ''ရှုဒေါင့်တစ်ခုတွင် တလောကလုံးနှင့်ဆိုင်သော သမိုင်း၏ နည်းစနစ်'' ဟာဒ်ဖိုဒ်။ အဲဖ်းဂျေ၊ ဟန့်တင်းတန်၊ ၁၈၃၅။

## ဘုရားသခင်ဂရုဏာတော်၏ အခြေခံအုတ်မြစ်

ဘုရားသခင် ဂရုဏာတော်၏ အခြေခံအုတ်မြစ်၏ ရည်ရွယ်ချက်မှာ ကျမ်းစာနှင့်စပ်ဆိုင်သော အသက်တာ၏ အတွေးအခေါ် ပညာရပ်များတွင် လူသားများ၏ ကြီးပွားချမ်းသာခြင်း၊ တရားမျှတခြင်းနှင့် လွတ်လပ်မှုတို့သည် လူမျိုးများအကြားတွင် ပျံ့နှံ့ရောက်ရှိလာရေးကို အကူညီပေးရန် သင်ကြားပို့ချခြင်းနှင့် တပ်ဆင်ခြင်းများကို ပြုလုပ်ပေးရန် ဖြစ်၏။ သမိုင်းတွင် သရုပ်ဖော်ပုံကားချပ်များအတွက် နမူနာများအပေါ်တွင် ပညာပေးခြင်းကို ပိုမို၍ အလေးနက်ဖော်ပြထား၏။ ဘုရားသခင်နှင့် သမိုင်းအကြားတွင် တည်ထောင်သူများ၏ ထင်မြင်ယူဆချက်၌ အခြေခံကျသော အဆက်စပ်ကို ဖော်ပြရာတွင် ဆင်တူသော ပညာရပ်ဝေါဟာရနှင့် ဘုရားသခင် ဂရုဏာတော်၏ အကြံအစည်တော်များကို အထူးသဖြင့် လေးနက်စေခဲ့သော အချက်သည် အမေရိကသမိုင်းကို စတင်တည်ထောင်သော ဆော်ကာလဖြစ်သည်။ ဘုရားသခင်၏ သူဖန်ဆင်းတော်မူခဲ့သော အရာအားလုံးအပေါ်တွင် ထားရှိသော ဂရုဏာတော်အကြောင်း ရှင်းပြချက်သည်

လူသားများ၏ အရေးကိစ္စများအပါအဝင် ဖန်ဆင်းတော်မူသောအရာအားလုံးအပေါ်တွင် ကျင့်သုံးခဲ့သော ကာကွယ်စောင့်ရှောက်ခြင်း အုပ်ချုပ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ညွှန်ကြားချက်စသည်တို့ဖြင့် ရှင်ပြနိုင်သည်။ မိသားစု၊ အသင်းတော်နှင့် နိုင်ငံတော်၏ ဘုရားသခင်အကြောင်း လေ့လာသော ဘာသာရေးများကို ကျမ်းစာထဲတွင် တွေ့ရှိနိုင်သည်။ ယနေ့ကမ္ဘာပေါ်တွင်ရှိသော မည်သည့်လူမျိုးမဆို ယဉ်ကျေးမှု၏ အကျိုးအမြတ်ရရှိဘို့ရန် အားလုံးအတွက် အကျုံးဝင်၍ အချိန်မကုန်ဆုံးနိုင်သော ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေးနှင့် အုပ်ချုပ်ရေးတို့တွင် ဘုရားသခင်၏ နှုတ်ကပတ်တော် သည် ဆက်သွယ်၍နေပါသည်။ ကျွန်ုပ်တို့၏ ရည်ရွယ်ချက်များကို ပြည့်စုံစေခြင်းငှာ အောက်ပါအရာများအားဖြင့် ကြိုးစားနေကြပါသည်။

(၁) လူများကိုသင်တန်းပေးခြင်း၊ သရုပ်ဖေါ်တင်ဆက်ခြင်းနှင့် ဆွေးနွေးတိုင်ပင်ခြင်းမှတဆင့် မိသားစု၏ အသက်တာနှင့် ပညာရေး၊ ဝိဇ္ဇာ–သိပ္ပံအတတ်ပညာ၊ စီးပွားရေးလုပ်ငန်း၊ နိုင်ငံရေး၊ အုပ်ချုပ်ရေးနှင့် ဥပဒေ၏ ခရစ်ယာန် အခြေခံမူများထဲတွင် လူများကို သင်ကြားပို့ချခြင်းပြုလုပ်ပေးရန်။

(၂) လှုပ်ရှားမှုအုပ်စုများဖွဲ့စည်းခြင်း၊ လေ့လာရေးအဖွဲ့များကို ဦးဆောင်ခြင်း၊ စာသင်ခန်းများတွင် သင်ကြားပို့ချခြင်းမှတဆင့် အခြားသူများကို လေ့ကျင့်သင်ကြားပေးမည့် ကိုယ်စားလှယ်နှင့် ခေါင်းဆောင်များကို လေ့ကျင့် ပေး၍ တပ်ဆင်ပေးရန်။

(၃) စာအုပ်များ၊ တိတ်ခွေများ၊ ဗွီဒီယိုများနှင့် အခြားသယံဇာတပစ္စည်းများကို ပေးကမ်းထောက်ပံ့ရန် စသည်တို့ဖြစ်ကြသည်။ လူမှုရေးလှုပ်ရှားသူများနှင့် အစိုးရအရာရှိများ၊ သင်းအုပ်ဆရာကြီးများနှင့် အသင်းတော်လူကြီးများ ဆရာများနှင့် ပညာရှင်များ၊ မိဘများနှင့် အခြားသူများကို ကူညီရန် ဆန္ဒရှိသူများကို အလုပ်လုပ်ရန် ရှာဖွေနေကြပါသည်။ လူမျိုးအားလုံး၏ ဖွဲ့စည်းပုံထဲတွင် ဤတူညီသော အယူအဆများကို ဖြည့်စွက်ပေးရန် လွတ်လပ်မှု၏ အခြေခံကိုချပေးသောအယူအဆများ၊ ကျောင်းများ၊ အသင်းတော်များနှင့် အိမ်များသို့ မူလအခြေနေအတိုင်း ပြန်လည်၍ ရောက်ရှိ စေရေးသည် ကျွန်ုပ်တို့၏ ရေရှည်ရည်မှန်းချက်ပန်းတိုင်ဖြစ်သည်။ အသက်တာ၏ နယ်ပယ်အားလုံးတွင် ဘာသာတရားကိုင်းရှိုင်းသောသူများ၏ ပြုပြင်ပြောင်းလဲရေးနှင့် သူတို့၏ သင်ယူလေ့လာသောအခြေခံမူများကို တစ်ဦးချင်းစီက အသုံးပြုခြင်း၏ ရည်မှန်းချက်ပန်းတိုင် သို့ရောက်ရှိနိုင်ဘို့ရန် သင်ကြားပို့ချခြင်းများကို ပြုလုပ်ပေးလျက်ရှိနေပါသည်။

## စာရေးဆရာများ၏ အကြောင်း

**စတီဖင် မက်ဒေါ်ဝဲလ်။** စတီဖင်မက်ဒေါ်ဝဲလ်သည် ဖရိုဒင်းစ်ဖေါင်ဒေးရှင်း၏ သမ္မတဖြစ်၍ အမေရိကန်ပြည်ထောင်စုနှင့် အာရှနိုင်ငံများ၊ တောင်အမေရိကတိုက်၊ ဥရောပတိုက်၊ ဩစတြေးလျတိုက်နှင့် အာဖရိကတိုက်များမှတဆင့် သင်တန်းများပေးခြင်းဖြင့် လုံ့ဆော်မှုများပြုလုပ်ပေးခဲ့သူဖြစ်သည်။ သူသည် နိုင်ငံပေါင်း (၁၀၀)

လူမျိုးများကို လွတ်မြောက်စေခြင်း

လူမျိုးများကို လွှတ်မြောက်စေခြင်း

လူမျိုးများကို လွတ်မြောက်စေခြင်း

လူမျိုးများကို လွတ်မြောက်စေခြင်း

လူမျိုးများကို လွှတ်မြောက်စေခြင်း

လူမျိုးများကို လွှတ်မြောက်စေခြင်း

လူမျိုးများကို လွှတ်မြောက်စေခြင်း

လူမျိုးများကို လွှတ်မြောက်စေခြင်း

လူမျိုးများကို လွတ်မြောက်စေခြင်း

လူမျိုးများကို လွတ်မြောက်စေခြင်း

လူမျိုးများကို လွှတ်မြောက်စေခြင်း

လူမျိုးများကို လွှတ်မြောက်စေခြင်း

လူမျိုးများကို လွတ်မြောက်စေခြင်း